www.burmeseclassic.com



www.burmeseclassic.com

၁၉၅၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည်
ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည့်

# ရွှေအမြုတေ

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၁ ဖေဖော်ဝါရီ ၂၀၁၄



အစဝန်ခံစာတည်း
မျိုးမြင့်ညိမ်း
စာတည်း
လင်းနိုင်ဦး
အနုဆောင် စာတည်း
ဆီတာ၀ပ်ရွှေဂျင်း
သတင်း စာတည်း
ခင်လေးမြင့်
ရွှေနှန်းချို
ဇော်ဝင်း
(ငှက်ပျောသီး)
ဆန်နီညိမ်း
ဇေညွန့်ဝေ
မှတ်သုံ
မြင့်မောင်ကျော်
မျိုးမြင့်
လှမြင့်ဆွေ
ခင်းဝဏ္ဏ
ဇော်မောင်
ဝင်းတင့်
မောင်နိုး၊
စိုးအောင်
အောင်ကျော်
ဖေသစ်တည်
ရန်နိုင်ဦး၊ ထွန်းအဲ့
Win Iszudia
မျက်နှာဖုံးဓာတ်ပုံ
ကိုလင်း(Studio-K)
ရွှေဒင်္ဂါး ခိုင်ဇင်ထွန်း၊
ဖြိုးဦးစိုင်
ရှေ့ဓာတ်ပုံ
အောင်ဖြိုးသွင်၊ ကိုလင်း(Studio-K)၊ လင်းနိုင်ဦး၊ ခင်လေးမြင့်
ရှေ့စီစာပြု - နိုင်ခွန်အား၊ စိမ်းလဲ့စံ၊ မိုးမိုးမြင့် ဓာပြင် - ကျော်စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com


သူတို့အရေး

၄။ အောင်သန်းထွန်း
ရွှေချစ်သူမှ ရွှေချစ်သူသို့

၁၀။ ဝင်းငြိမ်း
အကာယ်ဒမီမှတ်တမ်း

၁၈။ ဝင်းငြိမ်း
၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင်
ထူးချွန်ဆုပေးပွဲ

One Minute Interview

၄၂။ ခင်လေးမြင့်
ကိုဇော်(အရဏ်ဦး)၊ ဖွေးဖွေး၊
အောင်ကိုလတ်၊ ပြေတီဦး

လူမှုဝန်းကျင်

၅၀။ လင်းနိုင်ဦး
City FM နှစ်ပတ်လည်ပွဲမှာ
ချီးမြှင့်ပေးခဲ့တဲ့
ဂီတအမှတ်တရဆု

ရွှေရုပ်ရှင်

၅၆။ မိုးကျော်ထွန်း
ရွှေဝတ်မှုံ(သို့မဟုတ်)
သနပ်ခါး

၆၂။ ခင်လေးမြင့်
အလွမ်းပြန်တမ်း

၇၄။ မိုးကျော်ထွန်း
ဆဌမမြောက်အခန်း

နိုင်ငံတကာစာမျက်နှာ

၆၆။ ဇိုမာအောင်၊ NY၊
ကောင်းသော
ပြောင်းလဲခြင်းတွေနဲ့
ဘရစ်တ်နီစပီးယားစ်

၈၀။ ဝင်းငြိမ်း
ရမ္မက်ဇော

၈၈။ ရာပြည့်
၂၀၁၃ ခုနှစ်
ဂီတလမ်းကြောင်း
အပြောင်းအလဲများ











ရွှေဝတ္ထု

ကြူးနှစ် ၁၅၀။
အမှိုက်

မြစ်ကျိုးအင်း ၁၅၈။
ဗိုင်းရပ်(စ)

အသင်ကော ၁၆၂။
မာမာရဲ့အမေ

ဖြူသုပန်၊ သားသင်းပြုံး၊ ၁၆၈။
အကာထဲကအလှ

ကျော်မိုးမြင့် ၁၇၄။
ဝတ္ထုတိုအမှတ် ၄၉၃

အောင်ပြုံးမှူး ၁၈၀။
အယူ

ဇေဦးပျော ၁၈၈။
နွေတဲ့လား
ငါ အခု မိုးရေချိုးနေတယ်

မောင်မောင်မောင် ၁၉၆။
ကူးစက်ရောဂါ

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း

၁၀၄။ မမနှာ
ရှုံးသူ နိုင်သူ

ရွှေဝတ္ထုရှည်
စ / ဆုံး

၁၁၆။ မောင်သာရ
ဒို့ဗမာ
သာကီဝင်မျိုးပေမို့

၂၀၂။ နိုင်မြင့်
စင်ကာပူ
သစ်ကိုင်းထက်မှာ

ရွှေနှလုံးသား

၉၈။ မြတ်ချိုင်းချင်
သံယောဇဉ်
ကြိုးပေါ်မှာ
မျက်ရည်ငှက်တွေနဲ့


www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၁၊ ဖေဖော်ဝါရီ၊ ၂၀၁၄

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်

## ရသစာတမ်း

**မြေလတ်မောင်မြင့်သူ** ၁၄၄။
စာတစ်သိုက်
ငှက်တစ်သင်းနှင့်
အလင်းဖွဲ့ကဗျာ

## ရွှေအခန်းဆက် ဝတ္ထုရှည်

**ခင်ခင်ထူး** ၂၄၈။
တောမင်းသမီး

## ရွှေသုတ

**မေဗ္ဗာဦး** ၉၄။
ရေခြားမြေခြား
အတွေ့အကြုံ

**မောင်ခင်မင်(ဓနုဖြူ)** ၁၁၂။
မြန်မာပြော
အင်္ဂလိပ်ပြော(၅)

**မောင်သန်းဆွေ** ၁၂၆။
(ထားဝယ်)
မဟာဥပရာဇာနှင့် ဖြနရစ်
ဆင်စီးချင်းတိုက်ပွဲနှင့်
ပတ်သက်၍

**မင်္ဂလာရှုမောင်** ၁၃၂။
စာကောင်းကင်က
လင်းလက်ကြယ်


**နေဇင်လတ်** ၁၃၈။
တစ်ကိုင်းတည်းနားဖို့
လိုက်သွားသည်လား

## ရွှေအသစ်

................... ၂၁၈။
................... ၂၂၄။
................... ၂၃၀။
................... ၂၃၆။
................... ၂၄၂။

အယ်ဒီတာအဖွဲ့ -
တိုက် (၂၁/၂၃)၊
အခန်း (၃-၀၃)၊
၅၂ လမ်း
(အောက်ဘလောက်)၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။
ဖုန်း-၀၁-၉၀၁၀၁၁၅
**Email :**
**nyeinfamily**
**@gmail.com**
မျက်နှာဖုံး၊
မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ
ဦးညာဏ်လှိုင် (၀၅၂၃၃)၊
ငွေမျှော်လှုပုံနှိပ်တိုက်
အမှတ် ၁၁၁၀၊
ရွှေတောင်ကြား ၅ လမ်း
၆၃ ရပ်ကွက်၊
တက်မှုဇုန် တောင်ဒဂုံ
ရန်ကုန်မြို့။
ရွှေထုတ်ဝေသူ -
ဦးညာဏ်လှိုင် (၃၇၁၀)၊
အမှတ် ၁၃၃၊
လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ရွှေဖြန့်ချိရေး -
ငွေမျှော်လှုစာပေ၊
အမှတ် ၁၃၃၊
လမ်း ၄၀၊
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၈၂၂၉
စာတိုက်
သေတ္တာအမှတ်
၁၂၈၅
**E-mail :**
**zabutalu@gmail.com**

**Available at : iTune Store**




www.burmeseclassic.com

www.burmeseclassic.com

# သူတို့အရေး

ငွေအမြုတေ ရုပ်ရှင်မဂ္ဂဇင်း အမှတ် ၂၂၅၊ ဖေဖော်ဝါရီ ၂၀၁၃



၂၀၁၂ ခုနှစ် အကယ်ဒမီ ရရှိသူများဖြစ်တဲ့ ချောရတနာ၊ ပြေတီဦး၊ ဖွေးဖွေး၊ ဗွန်းယွန်း၊ ကိုဇော်(အရုဏ်ဦး)နဲ့ ဇော်မင်း(ဟံသာခြေ)



အကယ်ဒမီ ဖွေးဖွေး၊ အကယ်ဒမီ ပြေတီဦးတို့နဲ့အတူ ကိုလူချောအဖွဲ့သားများ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com





အကောင်းဆုံး တေးဂီတထူးချွန်ဆုရ ဝင်းကို ကို ဒါရိုက်တာ မောင်နှင်းမိုးက ဂုဏ်ပြုငွေ ချီးမြှင့်ခဲ့ပါတယ်



အကောင်းဆုံး အသံထူးချွန်ဆုရ တိုနီ(လင်း)ကို ဦးအောင်လွင်က ဂုဏ်ပြုငွေ ချီးမြှင့်ခဲ့ပါတယ်

# အကယ်ဒမီဆုရှင်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဂုဏ်ပြု

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ ဆုချီးမြှင့်ခံရသူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုညစာစားပွဲ ကျင်းပခဲ့ပါတယ်။ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်မှာ ဇန်နဝါရီလ ၂ ရက်နေ့ညက ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဦးပိုက်ထွေးက အမှာစကား ပြောကြားပေးပါတယ်။ အကယ်ဒမီဆုရှင်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျပ် ၅ သိန်းစီ၊ မင်္ဂလာကုမ္ပဏီလီမိတက်က ကျပ် ၃ သိန်းစီ၊ ရွှေတောင်ကုမ္ပဏီလီမိတက်က ကျပ် ၄ သိန်းစီ၊ ဆင်ကိုးကောင် ဖိနပ် လုပ်ငန်းက ကျပ် ၂ သိန်းစီ၊ Clover Solution ကုမ္ပဏီမှ တစ်ဦးလျှင် ကျပ် ၃ သိန်းစီ စုစုပေါင်း တစ်ဦးလျှင် ကျပ် ၁၇ သိန်းစီ ဂုဏ်ပြုခဲ့ကြပါတယ်။ ❑




အကောင်းဆုံး ဓာတ်ပုံထူးချွန်ဆုရ အောင်ကိုလတ်နဲ့ ဒါရိုက်တာ အောင်မြင့်မြတ်

www.burmeseclassic.com

www.burmeseclassic.com



အကယ်ဒမီ ပြေတီဦးနဲ့
အကယ်ဒမီ ဖွေးဖွေး



အကယ်ဒမီ ပြေတီဦးနဲ့ အကယ်ဒမီ ဖွေးဖွေးတို့က 'လက်ပံ' ရုပ်ရှင်ဇာတ်ကား ရိုက်ကူးပေးခဲ့ကြတဲ့ စက်အဖွဲ့သားများကို အလှူငွေ ၁၀ သိန်းပေးအပ်ရာ 'လက်ပံ' စက်အဖွဲ့သားများကိုယ်စား ဒါရိုက်တာ ....... က လက်ခံရယူခဲ့ပါတယ်

# အကယ်ဒမီဆုရ သရုပ်ဆောင်နှစ်ဦး လူမှုရေးအသင်းအဖွဲ့များသို့ ကျပ် သိန်း ၁၁၀ လှူဒါန်း

၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု ဆွတ်ခူးရရှိခဲ့ကြတဲ့ ပြေတီဦးနဲ့ ဖွေးဖွေးတို့က ဇန်နဝါရီလ ၂ ရက်နေ့မှာ လူမှုရေးအသင်းအဖွဲ့ ၁၁ ဖွဲ့သို့ တစ်ဖွဲ့လျှင် ကျပ် ၁၀ သိန်းစီ ပေးအပ်လှူဒါန်းခဲ့ပါတယ်။ လက်ခံရယူတဲ့ အဖွဲ့အစည်းများကတော့ ရုပ်ရှင်သက်ကြီးရန်ပုံငွေ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ၊ သုခရိပ်မြုံ၊ အမျိုးသမီးအသက်မွေးအတတ်ပညာသင်တန်းကျောင်း၊ ဝိသာခါသီလရှင်သင်အမျိုးသမီးကလေးများပညာသင်ကျောင်း၊ မေရီချက်မင်ကျောင်း၊ ထိန်လင်းအခမဲ့ဆေးခန်း၊ **လက်ပံ** ရုပ်ရှင်ဇာတ်ကား ရိုက်ကူးပေးခဲ့ကြတဲ့ စက်အဖွဲ့၊ ပြေတီဦးပညာရေးဖောင်ဒေးရှင်း၊ ပုဂ္ဂလိကစာနယ်ဇင်းများနာမကျန်းရန်ပုံငွေတို့ ဖြစ်ပါတယ်။ ❑



www.burmeseclassic.com






အကယ်ဒမီ ပြေတီဦးနဲ့ အကယ်ဒမီ ဖွေးဖွေးတို့က နာရေးကူညီမှုအသင်း(ရန်ကုန်)ကို ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူခဲ့ပါတယ်

အကယ်ဒမီ
နေတိုး




## မတ်လမှာ အမေရိကသွားမယ့် နေတိုး

၂၀၁၄ ခုနှစ်အတွင်း ရုပ်ရှင်ကားကြီးများ ရိုက်ဖို့ လက်ခံထားတဲ့ နေတိုးက မတ်လ ၁ ရက်နေ့ကစပြီး တစ်လလုံး ကားရိုက်နားကာ နှင်းဆီအဖွဲ့သားများနဲ့အတူ အမေရိကန်ပြည်ထောင်စုသို့ ဖျော်ဖြေရေးခရီး သွားရောက်မယ်လို့ သိရပါတယ်။

❑

www.burmeseclassic.com




ဒါရိုက်တာ သီဟကျော်စိုး

## ပြန်လည်ဆန်းသစ်မယ့် "မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်"

တစ်ခေတ်တစ်ခါက စာရေးဆရာ ခွေလှိုင်ဦးရဲ့ **ရင်သိမ့်တုန်** ဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ "မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်" ဝတ္ထုကို ဒါရိုက်တာ သီဟကျော်စိုးက နေအောင်၊ ခင်သီတာထွန်းတို့နဲ့ အဖြူအမည်း ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ကူးခဲ့ဖူးပါတယ်။ ကွန်ပျူတာဆန်းသစ်ချက်များနဲ့ လိုသလို ဖန်တီးနိုင်တဲ့ခေတ်ကိုရောက်လာပြီမို့ ဒါရိုက်တာ သီဟကျော်စိုးက ဒီဝတ္ထုကို ရုပ်ရှင်ကားကြီးအဖြစ် မတ်လမှာ ရိုက်ကူးတော့မယ်လို့ ဆိုပါတယ်။ အဓိကသရုပ်ဆောင်များအဖြစ် နေမင်းနဲ့ အေးမြတ်သူတို့ ပါဝင်သရုပ်ဆောင်ကြမှာပါ။ ဒီကားအတွက် အသတ်အပုတ် ကျွမ်းကျင်တဲ့ အသက် ၄၅ နှစ်ထက်မကြီးတဲ့ အမျိုးသမီး သရုပ်ဆောင်သစ်တစ်ဦး ရှာဖွေနေသလို အရပ် ၅ ပေ ၈ လက်မထက် မနိမ့်ဘဲ အတိုက်အခိုက်ကျွမ်းကျင်သူ အမျိုးသားတစ်ဦးကိုလည်း ရှာဖွေနေတယ်လို့ ဆိုပါတယ်။ ❑

ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)



## ၂၀၁၄ မှာ နေတိုးနဲ့ ရုပ်ရှင်တစ်ကားရိုက်မယ်

ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)က နေတိုး၊ ဝိုင်းစုခိုင်သိန်း၊ မေ စတဲ့ သရုပ်ဆောင်များနဲ့ **ဤမှန်သော သစ္စာစကားကြောင့်** ဗီဒီယိုဇာတ်ကား ရိုက်ကူးခဲ့ပါတယ်။

၂၀၁၄ ခုနှစ်အတွင်းမှာ ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)က နေတိုးနဲ့ အက်ရှင်၊ အချစ် ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးသွားမယ်လို့ ဆိုပါတယ်။ မင်းသမီးကိုတော့ ဇာတ်နဲ့ လိုက်ဖက်မယ့်သူ ရွေးချယ်နေဆဲ ဖြစ်တယ်လို့ ဆိုပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်ခိုင်နဲ့အတူ 'မဒ္ဒီလာသ' ဇာတ်လမ်းတွဲမှာ ပါဝင်ကြမယ့် သရုပ်ဆောင်များ အမှတ်တရ

# ဒါရိုက်တာ မြင့်မြင့်ခိုင် ရိုက်မယ့် ဇာတ်လမ်းတွဲ

စာရေးဆရာကြီး လင်းယုန်သစ်လွင်ရဲ့ အမျိုးသားစာပေဆုရ **မဒ္ဒီလာသ** ဝတ္ထုကို Sky Net ရုပ်မြင်သံကြားအစီအစဉ်အတွက် ဒါရိုက်တာ မြင့်မြင့်ခိုင်က ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးဖို့ ဒီဇင်ဘာလ ၂၇ ရက်နေ့ မနက်က ရန်ကုန်မြို့ YMCA International House မှာ ကျင်းပခဲ့ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ထွန်းထွန်းဝင်း၊ ဇော်ဦး၊ ရန်ကျော်၊ မြင့်မြင့်ခိုင်၊ ခင်မောင်ချင်း၊ မိုးယံဇွန်၊ ခိုင်နှင်းဝေနဲ့ မြင့်မြင့်ခိုင်ရဲ့သရုပ်ဆောင်သင်တန်းသားများဖြစ်တဲ့ ချမ်းငြိမ်းထူး၊ စောနေဇာတို့ ပါဝင်သရုပ်ဆောင်ကြမှာဖြစ်ပြီး အဓိကဇာတ်ကောင် မဒ္ဒီလာသအဖြစ် ညြဘာက သရုပ်ဆောင်မှာဖြစ်ကြောင်း သိရပါတယ်။ ❑

# မိုးဟေကို မိသားစုရဲ့အလှူ

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၇၄/ဘီ)နေ ဦးကျော်မင်း၊ ဒေါ်နုနုစိန် သား မောင်ဝင်းရွှေလင်း(မောင်ဘုန်းမြင့်ကျော်)၊ သမီး မိုးဟေကို(ရုပ်ရှင်သရုပ်ဆောင်)၊ မြေး မောင်အောင်မြင့်မိုရ်ဟိန်း မိသားစုတို့ရဲ့ အလှူပွဲကို ဇန်နဝါရီလ ၇ ရက်နေ့ မနက် ကိုးနာရီအချိန်က ရန်ကုန်မြို့ မော်ဘီမြို့နယ် အောင့်ဇမ္ဗူတောရ ဓမ္မရိပ်သာကျောင်းတိုက် (ယခု ဂျပန်ဘုရားကျောင်း)မှာကျင်းပခဲ့ပါတယ်။ သရုပ်ဆောင် မိုးဟေကိုနဲ့ မိသားစုတို့က အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ကျောင်းတိုက်အတွင်း ကမ္မဋ္ဌာန်းကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခဲ့သလို ဘုရားရွှေချခြင်း အလှူအတွက် ငွေကျပ် ၃၅ သိန်း အကုန်အကျခံခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် အနုပညာမောင်နှမများနဲ့ရေစက်သွန်းချ အမျှပေးဝေခဲ့ပါတယ်။ ■ **အောင်သန်းထွန်း**



www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုံ့ရတီ



အိမ့်ချစ်နဲ့ မိစန္ဒီ

ဆရာ ဦးဝင်းငြိမ်း

နေကောင်းသာယာ ပျော်ရွှင်ပြည့်စုံပါစေ။အခုတလော ဆရာဘန်ကောက်ကိုသွားသံ မကြားရတော့ နေကောင်းမယ်လို့ ထင်ပါတယ်။ ဆရာ အလင်းတန်းမှာရေးတဲ့ ဆောင်းပါးတွေကိုတော့ လွတ်ပြီးကြိုက်မိပါရဲ့ဆရာရေ။ မင်းသား မင်းသမီးတွေကအစ သရုပ်ပျက်အဝတ်အစားတွေ ဝတ်လာတာမျိုးတော့ မဖြစ်စေချင်ပါဆရာ။ ဝတ္ထုတိုတစ်ပုဒ်ကို စာဖတ်သူတွေးသာအောင် မချန်ထားဘဲ စာရေးဆရာက အစအဆုံးဝင်ပြောလိုက်လို့ ရသပျက်သွားရသလိုပေါ့ ဆရာ။ တချို့ကိစ္စတွေက ဖုံးတန်ဖုံး ဖိတန်ဖိထားမှ တန်ဖိုးတက်မယ်ဆိုတာ မော်ကြ ချွတ်ကြတဲ့သူတွေ မသိလေရော့သလားဆရာရေ(ကျွန်တော် ပြောတဲ့အထဲ မယ်ပြိုင်ပွဲတွေတော့ မပါပါဘူးဆရာ။ မယ်ပြိုင်ပွဲတွေကိုတော့ နားလည်ပေးလို့ရပါတယ်)

နိုဝင်ဘာလရွှေကိုဖတ်ပြီး မောင်နှင်းပန်း၊ မိုးကျော်ဇင်၊ ဝေ(စီးပွားရေးတက္ကသိုလ်)တို့ရဲ့ ဝတ္ထုတွေကို သဘောကျမိပါတယ်။ ဒီလိုပဲ ရွှေအသစ်ထဲက နေ(ပင်လယ်ပြာ)ရဲ့ နှစ်ကောင်ဆိုတဲ့ ဝတ္ထုကိုလည်း နှစ်သက်ပါတယ်။ ပရိသတ်အကြိုက်ဆုံးဆုတွေ၊ ရွှေမျိုးဆက်သစ်ဆုတွေကို ဒီနှစ်မှာ နေ(ပင်လယ်ပြာ)ရမယ်လို့ ယုံကြည်မိပါတယ်။ ဆရာ ဦးရဲသျှမ်းကတော့ ဆရာမ အသင် ကျိန်းသေပေါက်ရမယ်လို့ အလင်းတန်းမှာ ခန့်မှန်းလိုက်တာကိုတော့ ဖတ်လိုက်ရပါတယ်ဆရာ။ နေ(ပင်လယ်ပြာ)၊ လူခါး၊ အသင်၊ ရေအေး၊ မေ(လားရှိုး)၊ လင်းရိပ်ဖြူ၊ မင်းညို့သွေး၊ ခန့်ညီဖေ အစရှိတဲ့ ရွှေအသစ်တွေကို နှစ်သက်မိပါတယ်။

ရွှေကထွက်လာတဲ့ ဆရာ၊ ဆရာမတွေထဲက ဆရာ မင်းဒေဟင်၊ ဆရာမ ငွေဇင်ယော်ဦး(မိုးကုတ်)၊ ဆရာမ ဝေ(စီးပွားရေးတက္ကသိုလ်)၊ ဆရာညီမင်းညို၊ ဆရာမ အဖြူရောင်(ရွှေ) တို့ရဲ့ ဝတ္ထုတိုပေါင်းချုပ်တွေ အားလုံးကို ဝယ်ယူသိမ်းဆည်းထားပါတယ်။ လုံးချင်းထွက်မယ်ဆိုတဲ့ ဆရာမ ငွေဇင်ယော်ဦး(မိုးကုတ်)ရဲ့ လုံးချင်းကိုလည်း မျှော်လင့်နေပါတယ်။

နှစ်စဉ်ကျင်းပနေတဲ့ ဆရာ့ရဲ့ ရွှေအမြုတေဆုပေးပွဲနဲ့ ပက်သက်ပြီး ဆရာ့ကို အကြံလေးတစ်ခုပေးချင်ပါတယ်။ ဒီနှစ် အကယ်ဒမီဆုပေးပွဲမှာ ရနိုင်ခြေရှိတဲ့ ဆန်ခါတင်စာရင်းကို ကြိုပြောထားသလို ဆရာ့ရဲ့လာမယ့်ရွှေဆုပေးပွဲမှာလည်း ရနိုင်ခြေရှိတဲ့သူတွေကို ဆုတစ်ဆုအတွက် ၅ ယောက်ဖြစ်စေ၊ ၁၀ ယောက်ဖြစ်စေ ရွှေအမြုတေစာအုပ်မှာ တစ်လလောက် ကြိုတင်ကြေညာပေးပါလားဆရာ။ ကျွန်တော်တို့လို စာဖတ်ပရိတ်သတ်တွေလည်း ကြိုတင်ရင်ခုန် ရွေးချယ်ကြည့်လို့ရတာပေါ့။

ရွှေရဲ့ထာဝရပရိသတ်

ဒေါက်တာ လင်းထွဋ်ဘိုဦး

လင်းဆေးခန်း။ တောင်ဥက္ကလာပ။

*အားပေးမှုအတွက် ကျေးဇူးတင်ပါတယ် ဒေါက်တာ။*



www.burmeseclassic.com

www.burmeseclassic.com





Bobby Soxer

*ရွှေအမြုတေစာပေဆုအတွက် ဆန်ခါတင်စာရင်း ကြေညာဖို့ဆိုတာ မလွယ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆုရွေးချယ်ရေးအဖွဲ့ရဲ့ နောက်ဆုံးအစည်းအဝေးက မေလ ဒုတိယပတ်လောက်မှ လုပ်တာဖြစ်လို့ စာဖတ်သူများအတွက် ဆန်ခါတင်စာရင်း လုပ်လို့မရနိုင်ပါဘူး။ မေလထုတ်က နောက်ဆုံးစာအုပ်ဖြစ်တဲ့အတွက် ဒီထဲမှာပါတဲ့ ဝတ္ထုတွေကလည်း အကျုံးဝင်နေတယ်လေ။ အလင်းတန်းဂျာနယ်မှာ ဝါရင့်ဆရာ၊ ဆရာမများရဲ့ ခန့်မှန်းချက်တွေ ပါနေသားပဲ။*

❑

**ဆရာ ဦးဝင်းငြိမ်း ခင်ဗျား**

စက်တင်ဘာလထုတ် ရွှေအမြုတေ မဂ္ဂဇင်းကိုဖတ်ပြီး ဆရာ စိုးရန်နိုင်ရဲ့ ဒေသစကား ဒေသလေသံ ဆောင်းပါးကို နှစ်သက်လွန်းလို့ ဒီစာကို ရေးပို့လိုက်တာပါခင်ဗျား။ ဆရာစိုးရန်နိုင်ကို လေးလေးစားစား ဂုဏ်ပြုပါတယ်ခင်ဗျား။

နေရာဒေသချင်း မတူကြလို့ ဒေသစကား အသုံးအနှုန်းတွေကွဲပြားပါတယ်။ ကျွန်တော်တို့ရဲ့သူငယ်ချင်းကို သူ့အမျိုးသမီးက "ကိုထွမ်းလွင်"လို့ခေါ်တော့ ကျွန်တော်တို့တစ်တွေ ရယ်ကြပါတယ်။ ကျွန်တော်တို့ကကော ဘာထူးလို့လဲ။ လှော်တဲ့လှေကို(လေ)၊ အသက်ရှူတာလည်း(လေ)၊ ဟာထိုးသံထည့် မပြောတတ်ပါဘူး။ ဒေသအသုံး"သွားဝါးပြီကော"၊ "ညားတော့/ခင်တော့မှ လာမယ်"ဆိုတဲ့ အသုံးတွေက မကြားဖူးရင် နားလည်ရခက်မှာပါ။ ဒါပေမဲ့ ဂမ္ဘီရစာအုပ်ထဲက စာရေးဆရာတစ်ယောက် ရေးသလို"မဟုတ်ဘူးပအေး"၊ "မသိဘူးပအေး"ဆိုတာမျိုးတော့ မရှိပါဘူး။ မသိတဲ့လူရေးတာကို မတတ်တဲ့သူက ထည့်ပေးတော့ ဖတ်ရတဲ့ ဒေသခံကျွန်တော်တို့တွေ အစာမကြေဖြစ်မိပါတယ်။ ကချင်နာမည်ရှေ့က အမျိုးနာမည် Lတို့ Kတို့ ထည့်တာမသိဘဲ ကချင်မလေး နာမည်ကို "အဲနန်ဂျာ"တပ်လိုက်တော့ ဟာသဖြစ်ရတာပေါ့ ဆရာရယ်။ ကချင်မှာ "အဲ"မျိုးဆိုတာ ရှိမှမရှိတာ။

ဆရာ စိုးရန်နိုင် ခင်ဗျား၊ ကွဲပြားနေတဲ့ ဒေသအသီးသီးရဲ့ "စကားလေသံ" အသုံးတွေကို ထပ်ရေးပေးပါဦးလို့ တောင်းဆိုပါရစေခင်ဗျား။

နေရဲဖုန်းမော်၊

*ကျေးဇူးတင်ပါတယ်။ မြန်မာတစ်နိုင်ငံတည်းမှာ ဖြစ်ပေမဲ့ ဒေသတစ်ခုနဲ့တစ်ခု အသုံးအနှုန်း၊ အခေါ်အဝေါ်တွေ ကွဲပြားတတ်ပါတယ်။ ဥပမာ ရန်ကုန်က "မီးပူ"လို့ သုံးတာကို မန္တလေးက "မီးကြွေ"လို့ သုံးပါတယ်။ ရန်ကုန်မှာ "မုန့်ဟင်းခါးစားတယ်"လို့ ပြောပေမဲ့ မန္တလေးမှာ "မုန့်ဟင်းခါးသောက်တယ်"လို့ ပြောပါတယ်။ အလျဉ်းသင့်တဲ့အခါ ဆက်လက်ဖော်ပြပေးသွားပါမယ်။*

❑

**ဆရာ ဦးဝင်းငြိမ်း**

ကျွန်မ ရိုသေစွာဖြင့် စာရေးလိုက်ပါတယ်။ ရွှေအမြုတေကို စာရေးဖို့ စိတ်ကူးရှိခဲ့တာ လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလများဆီကပါ။ တစ်ခါမှ မရေးဖြစ်ခဲ့ပါဘူး။ အခုတော့ ၂၀၁၃ ခုနှစ် အောက်တိုဘာလ အမှတ် ၃၄၆ ထုတ်(မဟောသီရုပ်စုံမဂ္ဂဇင်း)မှာ ကျွန်မလေးစားပြီး မြတ်နိုးချစ်ခင်ခဲ့ရတဲ့ ဆရာမ ဝင်းဝင်းလတ်၏ (အချစ်၏ နောက်ဆက်တွဲ စာမျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ဟိန်းဝေယံ



ချမ်းသာဝေ

မစိုးမြတ်သူဇာက ရုပ်ရှင်အဖြစ် ရိုက်မယ်လို့ ဖတ်ရတော့ အရမ်းဝမ်းသာပြီး(ဆရာမှတစ်ဆင့်) မစိုးမြတ်သူဇာကို ကျေးဇူးတင်ကြောင်းပြောရင်း ကျွန်မရဲ့ ဆရာမဝတ္ထုကို ဘယ်လောက်နှစ်သက်ခဲ့ကြောင်း ပြောပြချင်လာပါတယ်။ တစ်ခါမှ မရေးဖူးလို့ အမှားများ ပါခဲ့ရင် ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါတယ်ဆရာ။

ကျွန်မ ၁၉၉၈ ခုနှစ်လောက်က ၁၀ တန်းအောင်ပြီး အလုပ်စဝင်တဲ့နှစ်မှာပဲ ပြန်ကြားရေးဌာနမှာ အသင်းဝင်ပြီး မဂ္ဂဇင်းစာအုပ်များ ငှားဖတ်ခဲ့ပါတယ်။ အဲဒီမှာပဲ ဆရာမ ဝင်းဝင်းလတ်၏ (အချစ်၏ နောက်ဆက်တွဲ)ကို အခန်းဆက် ဖတ်ရပါတယ်။ နောက်ဆုံး အခန်းကို မဂ္ဂဇင်းရှာလို့ မရပါဘူး။ ကျွန်မမှာ တော်တော်လေး စိတ်ညစ်ခဲ့ရပါတယ်။ စားလည်း ဒီစိတ်၊ သွားလည်းဒီစိတ် စာအုပ်ဆိုင်တွေရောက်လည်း လိုက်ရှာပေါ့။ ဖတ်ချင်ပါတယ်ဆိုမှ ဘယ်လိုမှ ရှာမတွေ့ပါဘူး။ ၁ နှစ်လောက် ကြာသွားပါတယ်။ ကျွန်မက အစိုးရဝန်ထမ်းဆိုတော့ ရန်ကုန်(ရုံးချုပ်)ကို ရုံးကိစ္စနဲ့ ခရီးသွားရပါတယ်။ ကျွန်မ သူငယ်ချင်း(ဌာနတူ)နဲ့ ရန်ကုန်မြို့မှာဆုံပြီး အပြန်မှာ စကားစပ်မိပြီး ဆရာမရဲ့(အချစ်၏ နောက်ဆက်တွဲ)ကို မြောင်းမြပြန်ကြားရေးမှာရှိရင် ငှားပေးပါလို့ အကူအညီတောင်းရော။ ဆရာရေ သူငယ်ချင်းကလည်း ဆရာမရဲ့ ပရိသတ်တစ်ဦးဖြစ်နေတော့ ခရီးတစ်လျှောက်လုံး ကျွန်မ မဖတ်လိုက်ရတဲ့ နောက်ဆုံးပိုင်းကို သူငယ်ချင်းက ပြန်ပြောပြတယ်။ ဒါပေမဲ့ ဆရာရယ် ပါးစပ်ပြောဆိုတော့ ကျွန်မစိတ်ထဲ မလုံလောက်ဘူး ခံစားရတယ်။ အဲဒါနဲ့ သူငယ်ချင်းကို ငါ့ကို ငှားပေးပါလို့ (နားပူနားဆာ)လုပ်တော့ သူငယ်ချင်းက ငှားပေးလို့ ဖတ်ခဲ့ရပါတယ်။ စာအုပ်လက်ထဲရောက်တော့ ထမင်းမေ့၊ ဟင်းမေ့ပဲ ဆရာရေ အလုပ်တောင် မလုပ်ချင်တော့ဘူး။ စိတ်က စာအုပ်ထဲက ဇာတ်ဆောင်တွေဆီကိုပဲ ရောက်နေခဲ့ပါတယ်။ ကျွန်မ ဒီစာအုပ်ကို ဘယ်လောက် မြတ်နိုးသလဲဆိုရင် ကျွန်မရဲ့ တူနှစ်ယောက်ကို (စည်သူ၊ ညီသူ)လို့တောင် နာမည်ပေးခဲ့ပါတယ်။ ကျွန်မရဲ့ဒိုင်ယာရီထဲမှာ ဆရာမရဲ့ ၁၉၉၇ အမျိုးသားစာပေဆုရတဲ့ **အချစ်၏နောက်ဆက်တွဲ**ကို မှတ်ထားပါတယ်။ နောက် ဆရာမ ရဲ့ အခန်းဆက် **အောက်မေ့ဖွယ်…သူ** ကို ဖတ်ခဲ့ရပါတယ်။ ကျွန်မ အရမ်းနှစ်သက်လေးစားခဲ့ရပါတဲ့ ဆရာမရဲ့ နာရေးသတင်းကို သတင်းစာထဲမှာ ဖတ်လိုက်ရတော့ ကျွန်မ မယုံကြည်နိုင်အောင် ခံစားခဲ့ရပါတယ်။ နှမြောမဆုံး ဖြစ်ခဲ့ရတယ်။ ဆရာမရဲ့မိသားစုတွေဆီတောင် စာရေးနှစ်သိမ့်ချင်စိတ်တွေ တော်တော်ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ မရေးဖြစ်ခဲ့ပါဘူးဆရာ။ ဒါပေမဲ့ ဆရာမကိုရော ဆရာမရဲ့ဝတ္ထုကိုတော့ ဘယ်တော့မှ မေ့မသွားခဲ့ပါဘူး။

မကြီးစိုးကိုတော့ ရုပ်ရှင်ရိုက်မယ်ဆိုတော့ ဆရာမရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒွန့်မြတ်



မိုးယုစံ

စာအုပ်ထဲက မမနွယ်လို စိတ်ဓာတ်၊ စိတ်ထားကို ပီပြင်စေချင်ပါတယ်။ (စည်သူ၊ ညီသူ)နေရာမှ သရုပ်ဆောင်မယ့် ကလေးသရုပ်ဆောင်ကို သေသေချာချာသင်ပေးစေချင်ပါတယ်။ ဆရာမရဲ့ဝတ္ထုထဲကဇာတ်ကောင်တွေအတိုင်း သရုပ်ဆောင်ပေးပါလို့ပြောချင်ပါတယ်။ တချို့က စာအုပ်ထဲက အရမ်းကောင်းပြီး ဗီဒီယိုရိုက်လိုက်ရင် ဇာတ်ကမကောင်းတော့ဘူး။ ပေါ့သွားရော။ ဆရာမရဲ့ **အချစ်၏ နောက်ဆက်တွဲ**…ကိုတော့ ပီပီပြင်ပြင်နဲ့ လေးလေးနက်နက် ဖြစ်စေချင်ပါတယ်။ ဆရာမရဲ့စာအုပ်ကို ဝယ်လို့ရမယ်ဆိုရင် ဝယ်ချင်ပါတယ်ဆရာ။ ဆရာကျန်းမာ၍ စာပေလုပ်ငန်းများကို ဆက်လက်၍ ဆောင်ရွက်နိုင်ပါစေ။

မဦး၊ဝါးခယ်မ၊

*ဆရာမ ဝင်းဝင်းလတ်ရဲ့ 'အချစ်၏နောက်ဆက်တွဲ စာမျက်နှာ'ကို စိုးမြတ်သူဇာက ဆရာမ သက်ရှိထင်ရှားရှိစဉ်ကတည်းက ရုပ်ရှင်ရိုက်ဖို့အတွက် ဝယ်ယူခဲ့ပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် မရိုက်ဖြစ်ဘဲ ရှိခဲ့ရာက အခု ဒါရိုက်တာ ဝိုင်းနဲ့ တိုင်ပင်ပြီး မြန်မာဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးဖို့ စီစဉ်နေကြပါပြီ။ အပိုင်း နှစ်ဆယ်၊ အစိတ်လောက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဇာတ်ဝင်ခန်းများကို ဆရာမ တကယ် တာဝန်ထမ်းဆောင်ခဲ့တဲ့ နေရာများမှာ သွားရောက်ရိုက်ကူးဖို့အထိ စီစဉ်ထားပါတယ်။ ၂၀၁၄ ခုနှစ် မေလလောက်မှာ စတင်ရိုက်ကူးနိုင်မယ်လို့ ခန့်မှန်းထားပြီး အခု ဇာတ်ညွှန်းရေးနေပါပြီ။*

❑

လေးငြိမ်းခင်ဗျာ…

မြန်မာရုပ်ရှင်ချစ်သူတစ်ဦးအနေနဲ့ ဒီစာကို ရေးဖြစ်ခဲ့တာပါ။ ကျွန်တော်က ရုပ်ရှင်နဲ့ပတ်သက်လာရင် တကယ့်ကို နှစ်နှစ်ကာကာ ချစ်တဲ့သူတစ်ဦးပါ။ ခေတ်ဟောင်းရုပ်ရှင် ဖြူမည်းကားတွေကအစ ယနေ့ခေတ် ရုပ်ရှင်အထိ မလွတ်တမ်း တခုတ်တရ ကြည့်ရှုတတ်သူတစ်ဦးပါဆရာ။ ဝန်ထမ်းဘဝနဲ့ ဟိုင်းကျွန်းကြီးကျွန်းမှာ တာဝန်ထမ်းဆောင်နေရတော့ ခုနောက်ပိုင်း ပုသိမ်၊ ရန်ကုန်ရောက်မှပဲ ရုပ်ရှင်ကြည့်ဖြစ်တော့တယ်။ အလုပ်တာဝန်နဲ့ ရန်ကုန်ရောက်တဲ့အခါမှ တစ်နေ့တည်း သုံးကား၊ သုံးရုံပြောင်းပြီး ကြည့်တတ်သူပါ။

ဆရာရေ အဓိက ပြောလိုရင်းက ရုပ်ရှင်ရုံတွေ တဖြည်းဖြည်း ပျောက်ကွယ်လာတဲ့အကြောင်းပါ။ (ပုသိမ်က ရုပ်ရှင်ရုံဆိုရင်လည်း မပြတာက များပါတယ်။) ဂျာနယ်တွေထဲမှာလည်း ဖတ်ရတာမို့ မြန်မာ့ရုပ်ရှင် တဖြည်းဖြည်းနဲ့ ပျောက်ကွယ်လာတော့မလား စိုးရိမ်မိတယ်။ ဒါဆိုရင် မြန်မာ့ရုပ်ရှင် ပျောက်ကွယ်မသွားရအောင် ဘယ်လိုလုပ်ကြမလဲ။ ဘယ်လိုဝိုင်းဝန်းထိန်းသိမ်းကြမလဲ။ နိုင်ငံခြားဈေးကွက်ကို ဘယ်လိုထိုးဖောက်ကြမလဲ အမျိုးမျိုး စဉ်းစားမိတယ်။

ရုပ်ရှင်ရုံတွေ ပျောက်ကွယ်သွားရတဲ့ အကြောင်းရင်းထဲမှာ ၁။ မြန်မာ့ရုပ်ရှင် ဆင်ဆာကို အကြောင်းပြု၍ ဇာတ်လမ်းဆန်းသစ်မှု မရှိခြင်း၊ ၂။ ဇာတ်လမ်းများ ဆန်းသစ်မှု မရှိဘဲ မွဲပြာပုဆိုးဖြစ်နေခြင်း၊ ၃။ စက်ပစ္စည်းများ၊ နည်းပညာများအားနည်းချက်ကို သာသာထိုးထိုးပြောကာ မြန်မာဒါရိုက်တာများ(တချို့) ရိုက်ချက်ကောင်းများ လက်စွမ်းမပြနိုင်ခြင်း၊ ၄။ အချိန်မပေးနိုင်ခြင်း၊ ၅။ ဆုလွှယ်နပ်လွှယ် ငွေကုန်ကြေး



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသောကြာ



နန်းဆုရတီ


ကျသက်သာသော ဇာတ်ကားများ(အများစု) ရိုက်ကူးထုတ်လုပ်နေခြင်း၊ ၆။ သရုပ်ဆောင်များ အနုပညာအပေါ် ရှုးသွပ်မှု၊ စိတ်ပါဝင်စား နှစ်မြုပ်ပျော်ဝင်မှု အားနည်းနေခြင်း၊ ၇။ သရုပ်ဆောင်များ ဇာတ်ကားများစွာ ရိုက်ကူးပြီး ငွေကြေးနောက်လိုက်နေခြင်းကြောင့် သရုပ်ဆောင်ချက်များ မပီပြင်ခြင်း၊ ၈။ သရုပ်ဆောင်များ မိမိသရုပ်ဆောင်ရမည့် ဇာတ်ကောင်ကာရိုက်တာကို မပိုင်နိုင်ခြင်း၊ ၉။ ဇာတ်ရုပ်အတိုင်း သဏ္ဌာန်လုပ်သရုပ်မတူညီခြင်း(မိတ်ကပ်များနေခြင်း၊ မိတ်ကပ် မချခြင်း၊ ဆံပင်ထုံးဖွဲ့မှု မပီသခြင်း၊ ဆင်းရဲသားအခန်း သရုပ်ဆောင်သူသည် မိတ်ကပ်နှင့် အသားအရေ ဖြူဖွေးလှပနေခြင်း၊ တန်ဖိုးကြီး Brand အဝတ်အစားများ ဝတ်ဆင်ထားခြင်း)၊ ၁၀။ မိမိသရုပ်ဆောင်ရမည့် ဇာတ်ကောင် (Character)နှင့် မလိုက်ဖက်အောင် လွန်ကဲစွာပြင်ဆင်ခြင်း၊ ၁၁။ ဒါရိုက်တာသည် သရုပ်ဆောင်များအပေါ် ထိန်းချုပ်နိုင်မှု အားနည်းခြင်း၊ ၁၂။ ဇာတ်ညွှန်း၏ ဇာတ်ကွက်အပေါ် ပံ့ပိုးကူညီပေးနိုင်မှု အားနည်းခြင်း၊ ၁၃။ ရုပ်ရှင် Studio ကြီးများ မရှိခြင်း၊ ၁၄။ ဒါရိုက်တာ၏ ရိုက်ကူးတင်ပြပုံသည် သမားရိုးကျအတိုင်း ဆန်းသစ်မှုမရှိခြင်း၊ ၁၅။ ရုပ်ရှင်ပို့စတာကြီးများသည် ပရိသတ်ကို ဆွဲဆောင်နိုင်မှု၊ ပရိသတ် စိတ်ပါဝင်စားအောင် ဖော်ညွှန်းနိုင်မှု မရှိခြင်းတွေကြောင့်လို့ ထင်ပါသရော။

နိုင်ငံတော်(ပြည်ထောင်စုအစိုးရ)ကနေ ရုပ်ရှင်လောကကြီး ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးပေးမှသာ ရနိုင်မယ်လို့ ထင်ပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံကတောင်မှ ဆန်းသစ်တဲ့ဇာတ်ကွက်၊ တင်ပြပုံတွေနဲ့ မြန်မာ့ရုပ်ရှင်ဈေးကွက်ကို ဝင်လာနေပြီလို့ သတိထားမိပါတယ်။ အစိုးရအနေနဲ့ နိုင်ငံရဲ့ စီးပွားရေးကို တိုးမြှင့်နိုင်အောင် ရုပ်ရှင်ခြံကြီးတွေ၊ ရုပ်သံစတူဒီယိုကြီးတွေ၊ ကင်မရာအသစ်တွေ၊ စက်ပစ္စည်းတွေ၊ အဆင့်မြင့် နည်းပညာတွေ ပံ့ပိုးပေးသင့်ပါတယ်။ ဒါရိုက်တာတွေကလည်း ဆန်းသစ်တဲ့ဇာတ်လမ်း၊ ဆန်းသစ်တဲ့ ရိုက်ချက်တွေနဲ့ မြန်မာ့ရုပ်ရှင်ကားကောင်းတွေ ပေါ်ထွန်းလာစေရေး အားစိုက်ကြိုးပမ်းရမှာပါ။ ပြီးတော့ အစိုးရအနေနဲ့ မြို့ကြီးတိုင်း၊ မြို့ကြီးတိုင်းမှာ မဖြစ်မနေ ရုပ်ရှင်ရုံတစ်ရုံ ရှိကို ရှိရမယ်ဆိုတဲ့မူကို မြို့အဂ်ါရပ်သတ်မှတ်တဲ့အခါ ထည့်သွင်းထားမယ်ဆိုရင် ပိုကောင်းမှာပဲလို့ ထင်မြင်မိပါတယ်။ ကျွန်တော့်ဆန္ဒပေါ့လေ…။

ဂျာနယ်တစ်စောင်မှာ တရုတ်နိုင်ငံက လုပ်ငန်းရှင်သူဌေးတစ်ဦးက သူ့ရဲ့ကိုယ်ပိုင်ငွေနဲ့ ဟောလိဝုဒ်၊ ဘောလိဝုဒ်တို့လိုဖြစ်အောင် တည်ထောင်ပေးဖို့ ပြင်ဆင်နေတယ်လို့ ဖတ်လိုက်ရပါတယ်။ သူတို့နိုင်ငံရဲ့ ရုပ်ရှင်အဆင့်အတန်းကို မြင့်သထက်မြင့်အောင် သူ့ရဲ့ကိုယ်ပိုင်ငွေနဲ့ ရုပ်ရှင်ရုံကြီးတွေ၊ ရုပ်ရှင်စတူဒီယိုကြီးတွေပါတဲ့ တရုတ်ရုပ်ရှင် အသိုင်းအဝိုင်းကြီး ဖန်တီးပေးတော့မယ်လို့ သိရတာမို့ သူတို့အတွက် မုဒိတာပွားရသလို

www.burmeseclassic.com

www.burmeseclassic.com



အောင်ရဲလင်း



ဝတ်မှုံရွှေရည်

ကိုယ့်နိုင်ငံအတွက် စဉ်းစားမိတဲ့အခါ သူလိုလူမျိုး မရှိတာမို့ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါတယ်။ သူတို့ နိုင်ငံလိုမျိုး ကိုယ့်နိုင်ငံက ဘီလျံနာသူဌေးကြီးတစ်ယောက်ကများ ရုပ်ရှင်ခြံကြီးများ၊ ရုပ်ရှင်စတူဒီယိုကြီးများနဲ့ ရုပ်ရှင်ရုံကြီးများပါတဲ့ ရန်ကုန်ဗုဒ်၊ ပြင်ဦးလွင်ဗုဒ်နဲ့ နေပြည်တော်ဗုဒ် ဖန်တီးပေးနိုင်မယ်ဆိုရင်တော့…။ မျှော်လင့်မိတာပါ… ဆရာ။

လေးငြိမ်းရေ စာလည်း ရှည်သွားပြီ။ မြန်မာ့ရုပ်ရှင်နဲ့ ပတ်သက်ပြီး မြန်မာ့ရုပ်ရှင်ပျောက်ကွယ်သွားမှာကို စိုးရိမ်မိပြီး ရေးဖြစ်ခြင်းပါ။ မြန်မာရုပ်ရှင် အဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်ပါစေ။ မြန်မာ့ရုပ်ရှင် ကမ္ဘာ့အလယ်မှာ ဝင့်ထည်နေပါစေလို့ ဆန္ဒပြု ဆုတောင်းရုံမှတစ်ပါး အခြား မရှိတော့ပြီ။

**စာကြွင်း**-ဆရာရေ အင်မတန်ကြည့်ချင်တဲ့ သွေး ဓာတ်ကား မြန်မာပြည်မှာ ကြည့်ခွင့်မရတဲ့အတွက် အတော်လေး စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့ သွေး ဓာတ်ကား ကြည့်ခွင့်မှရပါတော့မလား ဆရာ။

**ရွှေ ထာဝရ တည်တံ့ပါစေ…**

**ကြည်လင်ငြိမ်းအေး**

*ရန်ကုန်မြို့ပေါ်က ပျောက်ကွယ်သွားတဲ့ ရုပ်ရှင်ရုံများ နေရာမှာ အထပ်မြင့်အဆောက်အဦကြီးတွေ ပေါ်ပေါက်လာတဲ့အခါ အသေးစားရုပ်ရှင်ရုံများ ပါလာရမှာပါ။ အခိုက်အတန့်အားဖြင့်တော့ ရန်ကုန်မြို့ပေါ်မှာတောင် ရုပ်ရှင်ရုံက ရှားပါးနေပါပြီ။ နိုင်ငံတော်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို ရုပ်ရှင်စတူဒီယို ဆောက်လုပ်နိုင်ဖို့အတွက် ပြင်ဦးလွင်မှာ မြေဧက ၂၀ ပေးထားတယ်လို့ ဆိုပါတယ်။ တာဝန်ရှိသူများက လုံးပန်းနေကြပါပြီ။ အခု ရေတွင်းတူး အခု ရေကြည်သောက်ချင်လို့တော့ မရပါဘူး။ မြန်မာကားများ တိုးတက်လာမယ့် အချိန်ကို ကျွန်တော်လည်း မီတော့မယ်လို့တော့ မထင်ပါဘူး။*

❑

**လေးငြိမ်းခင်ဗျာ…**

ရွှေကို လစဉ် အပိုင်ဝယ်သိမ်းနေတဲ့ ရွှေချစ်သူတစ်ဦးပါ။ ရွှေမှာ တစ်လထက်တစ်လ ပိုပိုပြီးကောင်းလာတဲ့ ဆရာမ ခင်ခင်ထူးရဲ့ **တောမင်းသမီး**ကိုလည်း ပိုပိုပြီး နှစ်သက်ရပါတယ်။ တစ်လထက်တစ်လ ဖြတ်ချလိုက်တဲ့ နေရာလေးတွေကလည်း စိတ်ဝင်စားမှုကို ပိုပိုတိုးစေခဲ့တယ်။ လစဉ် ရွှေစာအုပ် လက်ထဲရတဲ့အခါ ဖတ်လည်း ဖတ်ချင်၊ ဖတ်ရမှာလည်း နှမြော၊ ပြီးသွားမှာလည်း စိုးရိမ်စိတ်တွေနဲ့ ခုပဲ ဖတ်ရမလား၊ ပြီးမှ ဖတ်ရင် ကောင်းမလား စဉ်းစားရင်း ဒွိဟာဖြစ်ခဲ့ရတာလည်း အကြိမ်ကြိမ်ပါ။ ဒီလိုဝတ္ထုကောင်းတွေကို ဖတ်ရတဲ့အခါ ဆရာ့ကိုလည်း ကျေးဇူးအကြိမ်ကြိမ် တင်မိသလို ဆရာမ ခင်ခင်ထူးကိုလည်း နှစ်သက်လေးစားခဲ့ရပါတယ်။

ဆရာရေ ရွှေမှာ ဝတ္ထုတွေ ဖတ်ရတာ ပိုပိုပြီး ကောင်းလာတယ်။ တကယ့်ကို အနှစ်သာရရှိတဲ့ ဝတ္ထုလေးတွေပါပဲ။ ဒီနှစ်ထဲမှာ ဆရာမ ခက်မာနဲ့ ဆရာ မောင်ရေချမ်းတို့ရေးတဲ့ အက်ဆေးလေး နှစ်ပုဒ်ကတော့ ဖတ်မိသမျှ အနှစ်သက်ဆုံး အက်ဆေးလေးတွေပါပဲ။ ဆရာရေ ရွှေမှာ ဆရာမခက်မာရဲ့ ဝတ္ထုတို အသစ်လေးတွေ ဖတ်ချင်ပါသေးတယ်။ ဝတ္ထုတိုသစ်လေးတွေ အခွင့်မသာခဲ့ရင်တောင်မှ ဆရာမရဲ့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူကျော်သိန်း



ကောင်းပြည့်

သေသပ်တဲ့ဝတ္ထုတိုဟောင်းလေးတွေကို ပြန်ပြီး ဖတ်ချင်မိပါသေးတယ်။ ပြန်လည်ဖော်ထုတ်ပေးပါဦးလို့ တောင်းဆိုပါတယ်။

ဆရာမ နုနုရည်(အင်းဝ)၊ မဟူရာ(လှိုင်ကော်)၊ ပုညခင်၊ ချမ်းထက်ဟန်၊ ချောအိမာန်(မန္တလေး)တို့ရဲ့ ဝတ္ထုလေးတွေလည်း ရွှေမှာ မြင်ချင်ဖတ်ချင်ပါသေးတယ် ဆရာရေ…။

ဆရာခင်ဗျာ ပရိသတ်အကြိုက်ဆုံး ရွှေနှလုံးသားဆုရှင်အဖြစ် ဆရာ နော်(ကျောက်တိုင်)ကို ရစေချင်ပါတယ်။ ဆရာနော်ရဲ့ ခွဲ၊ လုံ့လ၊ ဝီရိယ အသီးအပွင့်အဖြစ် **မြစ်တစ်စင်းရဲ့ချစ်ခြင်းလင်္ကာ**ကို ပရိသတ်အားလုံး အကြိုက်တူကြပါစေလို့ ဆရာ နော်(ကျောက်တိုင်)အစား ဆုတောင်းနေမိတယ်။

ဆရာတစ်ယောက် သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် စာပေအကျိုး ဒီထက်မကသယ်ပိုးနိုင်ပါစေ။ ရွှေနဲ့ အလင်းတန်းထာဝရ ထွန်းလင်းတောက်ပလာနိုင်ပါစေ။

လေးစားစွာဖြင့်

ချစ်ကြည်ဇော်

*အားပေးမှုအတွက် ကျေးဇူးအထူးတင်ပါတယ်။ လစဉ်လတိုင်း ကျွန်တော့်စာဖတ်ပရိသတ်များရဲ့ အကြိုက်နဲ့ကိုက်ညီအောင် ကြိုးစားဆောင်ရွက်ပေးနေပါတယ်။ တချို့လတွေမှာတော့ ပရိသတ်များက ဝတ္ထုများကို အားမရဘူးလို့ ဆိုတာလည်း ရှိပါတယ်။ ဒါကလည်း လူတစ်ယောက်ရဲ့အကြိုက်နဲ့ တခြားတစ်ယောက်ရဲ့အကြိုက် အစဉ်အမြဲ မတူနိုင်ဘူးလေ။ ဆရာမ ခင်ခင်ထူးရဲ့ ဝတ္ထုများကတော့ ပရိသတ်များကိုတစ်လပြီးတစ်လဆွဲခေါ်သွားနိုင်ပါတယ်။ 'မအိမ်ကံ'တုန်းက အားပေးခဲ့ကြသလို အခု 'တောမင်းသမီး'မှာလည်း စွဲမက်နေကြပါပြီ။ ဆရာမ ခက်မာက အမေရိကန်ပြည်ထောင်စုမှာနေထိုင်ပြီး အလုပ်တစ်ဖက်နဲ့ဆိုတော့ ဝတ္ထုသစ်မရေးဖြစ်ဘူး ထင်ပါတယ်။*

*ရွှေနှလုံးသားဆုကတော့ ဆရာ ချစ်ကြည်ဇော် ဆုတောင်းသလို 'နော်(ကျောက်တိုင်)'ရရှိသွားတာ ဖြစ်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ရှိမယ်ထင်ပါတယ်။*

❑

**ဆရာခင်ဗျား…**

ကျွန်တော်ရှိသေစွာစာရေးလိုက်ပါတယ်။ 5 Plus မှာ အကယ်ဒမီကြိုတင်ခန့်မှန်းတဲ့သတင်းကိုကြည့်လိုက်ရပါတယ်။ ၂၉.၁၂.၁၃ ရက်နေ့မှပေးတဲ့ အကယ်ဒမီမှာ ဆရာဦးအောင်ကိုလတ်ရတဲ့အတွက် ဝမ်းသာရပါတယ်။ ဒါရိုက်တာဆုနဲ့ ဇာတ်ကားဆုမရတာကိုတော့ အားမရဖြစ်မိပါတယ်။ ဒီနှစ်မှာ အကောင်းဆုံးဇာတ်ကားဆုမပေးတဲ့အတွက် ဦးအောင်ကိုလတ်နောက်တစ်ဆုလွဲသွားတယ်လို့ ထင်ပါတယ်။ ကယန်းအလှဇာတ်ကား ရန်ကုန်မှာရုံတင်တဲ့အချိန်တုန်းက အလုပ်မအားလို့ မကြည့်လိုက်ရပါဘူး။ ကျွန်တော့်လို မကြည့်လိုက်ရတဲ့ သူတွေအတွက် DVD ထုတ်ပေးစေလိုပါတယ်။ သ[illegible]ရှိရိုက်ပြ



www.burmeseclassic.com

www.burmeseclassic.com


သက်မွန်မြင့်


မိုးချစ်

တဲ့ဆရာဦးအောင်ကိုလတ်ကိုလည်း လေးစားဂုဏ်ယူပါတယ်။ တကယ်လို့သာ ဇာတ်ကားဆုပေးမယ်ဆိုရင် နောက်ထပ် အခုလိုဇာတ်ကားမျိုးတွေ ပေါ်ထွက်လာနိုင်မယ် ထင်ပါတယ်။ ဒီနှစ် အကယ်ဒမီပေးပွဲကျင်းပပုံစနစ်ကောင်းမွန်တယ်လို့ TV ဝရီသတ်က ပြောပါတယ်။ ကင်မရာဆရာတွေကို သီးသန့်လုပ်ပေးထားတော့ ကြည့်ရတာ ကောင်းပါတယ်။

ဆရာ့ကိုလည်း နောက်တစ်ကြိမ်ထပ်မံတောင်းဆို လိုက်ပါဦးမယ်။ အခြားမဟုတ်ပါ။ ဆရာကြီး(ဦး)ကျားဘညိမ်းရဲ့ အတ္ထုပ္ပတ္တိကို ရေးဖြစ်အောင်ရေးစေချင်ပါတယ် ဆရာ။ ဆရာခင်ဗျား ရပ်ကွက်ထဲက စာအုပ်အငှားဆိုင်တွေမှာလည်း ဖက်ရှင်တွေများနေလို့ ရသစာအုပ်တွေရှားကုန်ပြီ ဆရာ။ ကလေးတွေကလည်း နည်းပညာတွေရဲ့သားကောင်ဖြစ်ကုန်ပြီ ဆရာ၊ ဖုန်းတစ်လုံးနဲ့အလုပ်ရှုပ်နေကြတယ်၊ ဘာတွေလုပ်နေလဲလေ့လာတော့ ဂိမ်းကစားနေကြတယ်ဆရာ။ လူငယ်တွေ တော်တော်များများက နည်းပညာရဲ့သားကောင်၊ အရက်ရဲ့သားကောင်တွေဖြစ်နေတော့ သူတို့ကိုကြည့်ရတာ ပိုးဖလံတွေနဲ့ တူလာသလိုပါပဲ ဆရာ။ ဆရာနဲ့ ဆရာကြီး(ဦး)အောင်သင်းတို့ တွေ့ဆုံတဲ့စာပေ လူကြမ်းမင်းသားနှင့် တွေ့ဆုံခြင်း စာအုပ်ထဲက အခုခေတ်လူငယ်ဂျာနယ်လစ်တွေ ဖတ်သင့်တာကိုရွေးထုတ်ပြီး ရေးပေးစေလိုပါတယ်ဆရာ။

ဆရာလည်း ကျန်းမာပါစေ။
လေးစားလျက်
ခင်မောင်ကျော်

*အလင်းတန်းဂျာနယ်နဲ့ 5 Plus တို့ ပူးပေါင်းတင်ဆက်တဲ့ အနုပညာအလင်းတန်းအစီအစဉ် ရှိတာကြောင့် 5 Plus က ကျွန်တော့်ကို အကူအညီတောင်းလာတဲ့အခါ သူတို့အတွက် ပရိုဂရမ်တစ်ခု လုပ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဆန်ခါတင် ၇ ကားထဲမှာ ပါဝင်တဲ့သရုပ်ဆောင်တချို့နဲ့ ဒါရိုက်တာ၊ ထုတ်လုပ်သူတို့ကို အင်တာဗျူးပေးခဲ့တာပါ။ တချို့ကားတွေက ကျွန်တော် မကြည့်ဖြစ်တဲ့ကားတွေဖြစ်လို့ ထုတ်လုပ်သူများက တကူးတက ကျွန်တော့်ရုံးမှာ လာပြပေးပါတယ်။ အဲဒီအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ကျေးဇူးတင်ရပါတယ်။*

*ကိုအောင်ကိုလတ်ရဲ့ 'ကာယန်းအလှ'ကို အချိန်တန်တဲ့အခါ ဒီဗီဒီအဖြစ် ကြည့်ရပါလိမ့်မယ်။ လောလောဆယ်မှာတော့ မဖြစ်နိုင်သေးဘူး ထင်ပါတယ်။ တခြားပြည်ပက ပြိုင်ပွဲတွေကို သူ ဝင်ဦးမှာပါ။ ဆက်လက်ပြီးတော့လည်း စိတ်ဝင်စားစရာကောင်းတဲ့ ပုဂံမြို့က လူငယ်လေးတစ်ယောက်အကြောင်းကို ပုဂံအလှများနဲ့ ရိုက်ကူးဖို့ စီစဉ်နေကြောင်း သိရပါတယ်။*

*ကျွန်တော့်အမေအကြောင်း ရေးဖို့ ကျွန်တော့်မှာ ပြည့်စုံလုံလောက်တဲ့ ပညာမရှိဘူးလို့ ယူဆပါတယ်။ ဒါကြောင့် ကျွန်တော်တော့ ရေးဖြစ်မှာ မဟုတ်ပါဘူး။ ရသမဂ္ဂဇင်းများ ရှားပါးလာပြီဆိုပေမဲ့ နောက်ထပ်ရသမဂ္ဂဇင်းအသစ်တချို့ ထွက်ဖို့ ကြိုးစားနေကြပြီမို့ ကျွန်တော်တို့ အားတက်ရပါတယ်။*

■

ဝင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



"လက်ဖွဲ့" ရုပ်ရှင်ဇာတ်ကားနဲ့
မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၂၀၁၂ ခုနှစ်အတွက်
အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို
ပြေတီဦးက ရရှိခဲ့ပြီး
အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို
ဖွေးဖွေးက ရရှိခဲ့ပါတယ်

www.burmeseclassic.com



၂၀၁၁ ခုနှစ်အတွက် ချီးမြှင့်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲက စတင်ပြီး ရန်ကုန်မြို့မှာ ပြန်လည်ကျင်းပ လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ကျင်းပရမယ့် ဒီဇင်ဘာလမှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်ပေးမယ့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပွဲတော်ပြီးဆုံးချိန်နဲ့ အလွန်တရာ နီးကပ်နေတာကြောင့် ဒီဇင်ဘာလမှာ ကျင်းပဖြစ်ပါ့မလားလို့ သံသယစိတ်တွေ ဝင်ခဲ့ကြရပါတယ်။ အားကစားပွဲတော် ပြီးဆုံးသွားသည့်တိုင်အောင် သုဝဏ္ဏအားကစားရုံကြီးမှာ အများပြည်သူစိတ်ဝင်စားတဲ့ ကမ္ဘာ့ဖလားပြပွဲကြီးကို ကျင်းပဦးမှာဆိုတော့ နေရာအခက်အခဲတော်တော်ဖြစ်လာပါတယ်။ ဒီပွဲကို တာဝန်ယူဆောင်ရွက်မယ်လို့ တင်ဒါတင်ထားတဲ့ ကုမ္ပဏီများထဲက တချို့ဆိုရင် စင်ဆောက်လုပ်ရမယ့်ရက် အခက်အခဲကြောင့် ပြန်လည်နုတ်ထွက်သွားကြပါတယ်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနဲ့ မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့ ပူးပေါင်းပြီး စင်မြင့်ကို အကောင်းဆုံးနဲ့ အလှပဆုံးဆောင်ရွက်ပေးနိုင်မယ့် ကုမ္ပဏီကို ရွေးချယ်ကြရာ Bargo ကုမ္ပဏီက တင်ဒါရရှိသွားပါတယ်။ သူက အရင်နှစ်များနဲ့မတူ တစ်မူထူးခြားတဲ့ စင်မြင့်ကို ဆောက်လုပ်မယ်လို့ ဆိုပါတယ်။

စင်မြင့်ထက်မှာ ဆုများချီးမြှင့်တဲ့အခါ ရွှေစင်ရုပ်ဆုများကို သယ်ဆောင်ပေးရမယ့် ဇန်းကိုင်သမီးပျိုကလေးများကိုလည်း ဒီနှစ်မှာတော့ ပွင့်လင်းမြင်သာစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာပဲ အနုပညာရှင်များနဲ့ စာနယ်ဇင်းဆရာများ ရွေးချယ်ပေးကြပါတယ်။ အရင့်အရင်နှစ်များတုန်းကတော့ ဘယ်သူက ဘယ်လိုရွေးချယ်မှန်း မသိခဲ့ကြရပါဘူး။ ဇန်းကိုင်

# ၂၀၁၂ ခုနှစ်
# မြန်မာ့ရုပ်ရှင်
# ထူးချွန်ဆုပေးပွဲ

**ဝင်းငြိမ်း**



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဆုပန်ထွာ

စိုးမြတ်နန္ဒာ

နန်းဆုရတီစိုး

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပပဝင်းခင်

ချောရတနာ

ဝါဝါမိုးဦး

www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေး

မယ်လိုဒီ

ထွန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



'ကယန်းအလှ' ဇာတ်ကားနဲ့ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုတစ်ဆုဖြစ်တဲ့
အကောင်းဆုံး အသံဆုရှင် တိုနီ(လင်း)ကို အနုပညာရောင်းရင်းများက ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြပါတယ်



'အမွေခံထိုက်သူဖြစ်ပါစေ' ဇာတ်ကားနဲ့ ၂၀၁၂ ခုနှစ်အတွက်
မြန်မာ့ရုပ်ရှင်ထူးချွန်ဆုတစ်ဆုဖြစ်တဲ့ အကောင်းဆုံး တေးဂီတဆုရှင် ဝင်းကို့ကို
အနုပညာရောင်းရင်းများက ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



[illegible]ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး [illegible]ကြည်က အကောင်းဆုံးအသံဆုရှင် [illegible]ဆင်း)ကို ဆုချီးမြှင့်ခဲ့ပါတယ်



[illegible]ဒမိတော်ချူးထွဋ်က 'အကောင်းဆုံးတေးဂီတဆုရှင် ဝင်းကိုကို ဆုချီးမြှင့်ခဲ့ပါတယ်



ဦးကျော်ဟိန်းရဲ့ သမီး စိမ့်စိမ့်သူနဲ့ သား နေဝင်း

ဖြစ်ဖို့အရေး ဘာပဲ ပေးရပေးရ ရက်ရက် ရောရော ရှိခဲ့ကြတယ် လို့ကြားရဖူးပါတယ်။ ဒီနေ့ရာကနေ အနုပညာ လောကကို တစ်ဆင့် တက်လှမ်းနိုင်တာကြောင့် ဇန်းကိုင်ဖြစ်ဖို့ အရေး ကလည်း အရေးကြီးလှပါ တယ်။ ဒီနှစ်မှာတော့ လျှောက်ထားလာသူများ ထဲက ၁၅ ဦးကို ပထမအဆင့် ရွေးချယ်ပြီး အပြီးသတ် ၈ ဦးကို ရွေးချယ်ပေးကြပါတယ်။ အရုပ်အမောင်းကအစ မတိမ်းမယိမ်းရှိစေပြီး ကိုယ်လုံးကိုယ်ထည်၊ မျက်နှာချော မောပြေ ဖြစ်မှုတို့ဟာလည်း တစ်ယောက်နဲ့ တစ်ယောက် မတိမ်းမယိမ်း ရှိခဲ့ကြပါတယ်။ ဆုချီးမြှင့်ပွဲကို တက် ရောက်လာတဲ့ အနု ပညာရှင်များရော၊ ဧည့်သည်တော်များ ပါ အရင့်အရင့်နှစ်များ ကလို ဘေးပေါက်ကနေ အလွယ်တကူ ဝင်ရတာ မျိုး မဟုတ်ဘဲ သုဝဏ္ဏ အားကစားရုံရဲ့ကျောက် လှေကားကတစ်ဆင့် အပေါ်ကိုတက်သွားရပါ တယ်။ ကော်ဇောခင်း ထားတဲ့ ကျောက်လှေကား ပေါ်ကို အနုပညာရှင်များ တက်လာတဲ့အခါ ရုပ်မြင် သံကြားအစီအစဉ်များနဲ့ ပုံနှိပ်မီဒီယာလုပ်ငန်းများမှ ဓာတ်ပုံသတင်းထောက် များ မှတ်တမ်းရိုက်ကူး



www.burmeseclassic.com

www.burmeseclassic.com



'ဥ'ဓာတ်ကားနဲ့ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုတစ်ဆုဖြစ်တဲ့
အကောင်းဆုံး တည်းဖြတ်ဆုရှင် ဖိုးသာမြေဇော်မင်းကို အနုပညာရောင်းရင်းများက ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြပါတယ်



'ဥ'ဓာတ်ကားနဲ့ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုတစ်ဆုဖြစ်တဲ့
အကောင်းဆုံး ဒါရိုက်တာဆုရှင် ကိုဇော်(အရုဏ်ဦး)ကို အနုပညာရောင်းရင်းများက ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က အကောင်းဆုံးတည်းဖြတ်ဆုရှင် ဟံသာမြေဇော်မင်းကို ဆုချီးမြှင့်ခဲ့ပါတယ်



ကြပါတယ်။ လှေကား အဆုံးမှာ ညာဘက်ကို ကွေ့လိုက်ရင်ကော်ဇောနီ ဆက်ခင်းထားပြီး ဓာတ်ပုံအရိုက်ခံဖို့နေရာ၊ အင်တာဗျူးဖို့နေရာတွေ ဖန်တီးပေးထားပါတယ်။ ဒါတွေကို လွန်သွားရင် စင်မြင့်ဘေးဘက်ကို ဆင်းရမယ့် လှေကားထစ် များမှာ ကော်ဇောနီ ခင်းထားပြီး အဲဒီက တစ်ဆင့် ဆင်းရပါတယ်။ ဒီနှစ်မှာမီဒီယာများကို အောက်ဆင်းခွင့်မပြုပါ ဘူး။ ပွဲကြည့်စင်ပေါ်က နေသာ မှတ်တမ်းဓာတ်ပုံ များကို ရိုက်ကူးခွင့်ပြု ပါတယ်။ အင်တာ ဗျူးခွင့် မရှိပါဘူး။ ဘယ်လိုခံစား ရသလဲဟင်ဆိုတဲ့ မေးခွန်းတွေလည်း မကြားရတော့ပါ ဘူး။ မြန်မာ့ရုပ်မြင် သံကြား အစီအစဉ်က ရန်အောင်ကို မေးရာမှာ တော့ 'နောက်ထပ် အကယ်ဒမီဆုတွေယူဖို့ အစီအစဉ်ရှိပါသလား' လို့ မေးလိုက်တဲ့အတွက် ရန်အောင်ခမျာ ဘာဖြေ ရမှန်းမသိဖြစ်သွားတာကို နောက်တစ်နေ့လွှင့်ထုတ် ချိန်မှာ ကြည့်လိုက်ရပါ တယ်။ အဲဒီလို ခပ်ကြောင်ကြောင် မေးခွန်းတွေကလည်း ရှိသေးတာပဲ။ ၂၀၁၂ ခုနှစ်မှာ ရုံတင်ရုပ်ရှင် ဇာတ်ကား ၁၇ ကား ရှိခဲ့ပြီး အကဲဖြတ်ရွေးချယ် ရေးအဖွဲ့ အဆင့်နှစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



'ကာယန်းအလှ' ခေတ်ကာလနဲ့ ၂၀၀၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုတစ်ဆုဖြစ်တဲ့ အကောင်းဆုံး ဇာတ်ပို့ဆုရှင် အောင်ကိုလတ်ကို အနုပညာရောင်းရင်းများက ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြပါတယ်



အောင်ကိုလတ်ကို ဝိုင်းဝန်းဂုဏ်ပြုကြတဲ့ အနုပညာရောင်းရင်းများ



အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ကြတဲ့ အကာယ်ဒမီဗန်းကိုင်မယ်လေးများ

www.burmeseclassic.com





ဦးသန်းညွန့်(ပန်းသာ)က အကောင်းဆုံးဓာတ်ပုံဆုရှင် အောင်ကိုလတ်ကို ဆုချီးမြှင့်ခဲ့ပါတယ်



ခဲ့ကာ ရွေးချယ်ခဲ့ကြတယ်လို့ဆိုပါတယ်။ ပထမအဖွဲ့က ရုပ်ရှင်ကား ၇ ကားကို ဆန်ခါတင်အဖြစ် ရွေးချယ်ပေးလိုက်ပါသတဲ့။ အဲဒီကားတွေကတော့ **လက်ပံ၊ တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီ၊ ဥ၊ မော်ကင်း ဥဒါန်း၊ ကယန်းအလှ၊ အမုန်းမီးတောက်၊ အမွေခံထိုက်သူဖြစ်ပါစေ** တို့ဖြစ်ပါတယ်။ ဒီ ၇ ကားမှာ **မော်ကင်းဥဒါန်း** က ၂၀၀၄ ခုနှစ်ကတည်းက ပြသခွင့်ရရှိခဲ့တဲ့ ရုပ်ရှင်ဓာတ်ကားဖြစ်ပေမဲ့ အကြောင်းကြောင်းကြောင့် အပိတ်ခံထားခဲ့ရပြီး အစိုးရသစ်တက်လာပြီးနောက်မှာ ပြသခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ **ကယန်းအလှ** ဓာတ်ကားက အောင်ကိုလတ်ကြီးစား ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ကားဖြစ်ပြီး ၄ နှစ်လောက် အခက်အခဲများစွာနဲ့ ရိုက်ကူးခဲ့ရတဲ့ကားဖြစ်ပါတယ်။ **ကယန်းအလှ** က အာဆီယံရုပ်ရှင်ပွဲတော်မှာ ဂျူရီဆုရရှိခဲ့တဲ့ ကားလည်းဖြစ်ပါတယ်။ အခမ်းအနားမှာ နှစ်စဉ်နှစ်တိုင်း မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ သတင်းကြေညာသူများသာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေကျဖြစ်ပေမဲ့ ဒီနှစ်မှာတော့ ဆန်းသစ်မှုရှိ

www.burmeseclassic.com

www.burmeseclassic.com



ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်



ဥက္ကာမြင့်ကြူးနဲ့ ဝိုင်းစုခိုင်သိန်း

စိုးမိုးကြည်၊ မြတ်ကေသီအောင်နဲ့ မေသဥမ္မာဦး



မေသန်းနု



www.burmeseclassic.com

www.burmeseclassic.com



လူမင်းနဲ့ ခင်စံပယ်ဦး



ခန့်နိုင်နဲ့ ခိုင်သင်းကြည်



မေဆွိနဲ့ ဒေါ်မြင့်မြင့်ခင်



စိုးလှိုင်ဦးနဲ့ ရတနာခင်

www.burmeseclassic.com

www.burmeseclassic.com



ယွန်းယွန်း ဆုရချိန်မှာ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်နေကြတဲ့ နဝရတ်၊ ဝေ့နိစည်သူ၊ နေတိုး၊ ပြေတီဦး



ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ ယွန်းယွန်း

www.burmeseclassic.com

www.burmeseclassic.com



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က နှင်းယွန်းကို ဆုချီးမြှင့်ပေးခဲ့ပါတယ်



တင်မိုးလွင်တို့က ဆောင်ရွက်ပေးကြပါတယ်။ ဒါကြောင့် မြင်နေကျ ပုံစံလို တောင့်တင်းမနေဘဲ သက်သက်သာသာ ဆောင်ရွက်သွားကြတာကို တွေ့ရပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လိုတိုရှင်း မိန့်ခွန်းခပ်တိုတို ပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ရုပ်ရှင်လောကနဲ့ ပတ်သက်ပြီး သူတင်ပြချင်သည်များကို ပြောကြားသွားပါတယ်။ ဆုပေးပွဲမစခင်မှာ ရွှေစင်ရုပ်ဆုကို ဂုဏ်ပြုတဲ့အနေနဲ့ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသူကလေးများက ယိမ်းအကနဲ့ တင်ဆက်သွားတာ မျက်စိပသာဒ ရှိလှပါတယ်။ ဆုပေးပွဲအစမှာ ဖွင့်လိုက်တဲ့ဆုကတော့ ရုပ်ရှင်အသံထူးချွန်ဆုပါပဲ။ ဒီဆုကို ကာယန်းအလှ ရုပ်ရှင်ဇာတ်ကားမှာ အသံပိုင်းဆိုင်ရာတာဝန်ယူဆောင်ရွက်ပေးခဲ့တဲ့ "တိုနီ(လင်း)" က ဆွတ်ခူးရရှိသွားပါတယ်။ ဒုတိယမြောက်ဆုအဖြစ် အကောင်းဆုံး ရုပ်ရှင်နောက်ခံတေးဂီတဆု


www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင့်အကယ်ဒမီဆုရှင်ဖြစ်သွားတဲ့ ပြေတီဦးကို အနုပညာညီအစ်ကိုမောင်နှမများက ဂုဏ်ပြုကြစဉ်



ဂုဏ်ပြုသူများကြားက အားပါးတရရှိနေတဲ့ ပြေတီဦး



"ကလယာန်းအလှ" ဇာတ်ကားမှ သရုပ်ဆောင်တိုင်းရင်းသူများလည်း ဒါရိုက်တာ အောင်ကိုလတ်နဲ့အတူ တက်ရောက်ခဲ့ကြပါတယ်

www.burmeseclassic.com

www.burmeseclassic.com





အကယ်ဒမီများရှင် ရန်အောင်က ပြေတီဦးကို ဒုတိယအကြိမ်မြောက် ရွှေစင်ဆု ချီးမြှင့်ပေးနေစဉ်



ကြေညာရာမှာတော့ **အမွေခံထိုက်သူ** ဖြစ်ပါစေ ဇာတ်ကားမှာ မြန်မာသံများကို သူ့နေရာနဲ့သူ အံဝင်ခွင်ကျ တီးခတ်ပေးသွားတဲ့ 'ဂီတမှူး ဝင်းကို' က ဆွတ်ခူးရရှိသွားပါတယ်။ တတိယမြောက်ကြေညာပေးတဲ့ဆုက ရုပ်ရှင်တည်းဖြတ်ဆုပါ။ ဒီဆုကို တည်းဖြတ်ဆုချွန်ဆု ၄ ကြိမ်ရပြီးဖြစ်တဲ့ 'ဟံသာမြေဇော်မင်း' က ဥ ဇာတ်ကားနဲ့ ပဉ္စမ အကြိမ်မြောက်အဖြစ် ဆွတ်ခူးသွားပါတယ်။ အကောင်းဆုံးရုပ်ရှင်ဇာတ်ပုံဆုကို ကြေညာရာမှာတော့ **ကာယန်း** အလှ ရုပ်ရှင် ဇာတ်ကားကို ကိုယ်တိုင်ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ 'ဒါရိုက်တာ အောင်ကိုလတ်' က ဆွတ်ခူးရရှိခဲ့ပါတယ်။ နောက်ထပ်ကြေညာတဲ့ဆုတစ်ဆုကတော့ အထူးဆုဖြစ်ပါတယ်။ ကလေးသရုပ်ဆောင်ဆုပါ။ ဒီဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားတာကတော့ **တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ** ဇာတ်ကားမှာ နဝရတ် အငယ်ခန်းက နှစ်ကိုယ်ခွဲသရုပ်ဆောင်ခဲ့တဲ့ ကလေးသရုပ်ဆောင် 'ယွန်းယွန်း'ပဲ ဖြစ်ပါတယ်။ အထူးဆုကြေညာအပြီး မှာ ပရိသတ်များ မျှော်လင့်မထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ ချောရတနာကို ဝိုင်းဝန်းဂုဏ်ပြုကြစဉ်



"ဦး"ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ ချောရတနာကို ဂုဏ်ပြုကြသူများနဲ့အတူ

ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသူကလေးများရဲ့
ရွှေစင်ဆု ဂုဏ်ပြုယိမ်း



www.burmeseclassic.com

www.burmeseclassic.com



ချောရတနာကို ဆုချီးမြှင့်ပေးတဲ့ ဒေါ်ယဉ်ဒမီချိုပြုံးက အနမ်းနဲ့ပါ ထပ်ဆင့်ဂုဏ်ပြုခဲ့



စိုင်းစိုင်းခမ်းလှိုင်ရဲ့ ဖျော်ဖြေမှု



အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုကို ကြေညာပေးခဲ့ပါတယ်။ ဆွတ်ခူးရရှိသွားသူကတော့ ဒါရိုက်တာ ဝိုင်း ရိုက်ကူးတဲ့ **လက်ပံ** ဇာတ်ကားမှာ သရုပ်ဆောင်ခဲ့တဲ့ 'ပြေတီဦး' ပဲ ဖြစ်ပါတယ်။ ဒီဆုဟာ ပြေတီဦးအတွက် ဒုတိယအကြိမ်မြောက် ထူးချွန်ဆုပါ။ အမျိုးသမီးဇာတ်ပို့ဆု ကြေညာမယ်ဆိုတော့ ပရိသတ်များ ရင်ခုန် စိတ်လှုပ်ရှားကြပါတယ်။ တစ်ပြေးနေတဲ့ **လက်ပံ** ဇာတ်ကားမှ စိုးမြတ်သူဇာလား၊ ဥ ဇာတ်ကားမှ ချောရတနာလား။ စိုးမြတ်သူဇာက ဒီပွဲကို တက်မလာခဲ့ပါဘူး။ ဥ ဇာတ်ကားမှ အရူးမလေး ဇာဥအဖြစ်သရုပ်ဆောင်တဲ့ 'ချောရတနာ' ဆွတ်ခူးရရှိသွားပါတယ်။ ဆက်လက်ပြီး အမျိုးသမီးဇာတ်ဆောင်ဆုကို ကြေညာပါတယ်။ ဒီဆုမှာလည်း သတင်းကြီးနေတာက **တီမ်မင်းသမီးရဲ့ ဒဏ္ဍာရီ** ဇာတ်ကားမှ နဝရတ်နဲ့ **လက်ပံ** ဇာတ်ကားမှ ဖွေးဖွေးတို့ဖြစ်ပါတယ်။ သူတို့နှစ်ယောက်စလုံးကတော့ ပွဲတက်လာကြပါတယ်။ ကြေညာလိုက်ရာမှာတော့ **လက်ပံ** ဇာတ်ကားမှ 'ဖွေးဖွေး' ဆွတ်ခူးရရှိသွားပါတယ်။ **လက်ပံ** ရိုက်ကူးစဉ်က ဖွေးဖွေးဟာ သရုပ်ဆောင်အသစ်တစ်ဦးသာဖြစ်ပါသေးတယ်။ **လက်ပံ** က အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုနဲ့ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို ဆွတ်ခူးသွားခဲ့ပြီဖြစ်လို့ ဒါရိုက်တာ ဝိုင်းတော့ သေချာလောက်တယ်လို့ တွက်ကြပါတယ်။ အခမ်းအနားမှူးဖြစ်တဲ့ ဆန်းထွဋ်က ' ၂၀၁၂ ခုနှစ် မြန်မာ ရုပ်ရှင်ထူးချွန်ဆုရဲ့ နောက်ဆုံးဆုဖြစ်တဲ့ အကောင်းဆုံး ဒါရိုက်တာဆုကို ကြေညာပေးမှာ ဖြစ်ပါတယ်'လို့ ဆိုတာကြောင့် အံ့သြသွားကြပါတယ်။ ဇာတ်ညွှန်း၊ အမျိုးသားဇာတ်ပို့၊ အကောင်းဆုံး ဇာတ်ကားဆု ၃ ဆု ကျန်နေသေးလို့ပါပဲ။ အခမ်းအနားမှူး


www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေးကို ပြေတီဦး၊ အိန္ဒြာကျော်ဇင်တို့က ဝမ်းသာအားရ ဂုဏ်ပြုနေကြစဉ်



ဒါရိုက်တာစိုင်းကလည်း ဖွေးဖွေးကို အားပါးတရ ဖက်ယမ်းဂုဏ်ပြုခဲ့ပါတယ်

၂၀၁၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုရသူများကို စင်မြင့်ပေါ်တွင် တွေ့ရစဉ် (ဝဲမှယာ) ဝင်းကို၊ ယွန်းယွန်း၊ ဖွေးဖွေး၊ ချောရတနာ၊ ပြေတီဦး၊ ဟံသာမြေဇော်မင်း၊ အောင်ကိုလတ်၊ တိုနီ(လင်း) (မှတ်ချက်။ ။ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)မှာ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ခေါ်ထုတ်သွားပြီး အင်တာဗျူးနေခြင်းကြောင့် စင်မြင့်ပေါ်မှ ပုံများတွင် ပါဝင်နိုင်ခြင်း မရှိခဲ့ပါ။)



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ ဖွေးဖွေးကို
အကယ်ဒမီများရှင် မို့မို့မြင့်အောင်က ဆုချီးမြှင့်ပေးခဲ့ပါတယ်



ဇော်ဝင်းထွဋ်ရဲ့ ဖျော်ဖြေမှု




မှားပြီး ကြေညာသလားလို့ စောင့်ကြည့်ကြ ပါတယ်။ အကောင်းဆုံးဒါရိုက်တာဆုကို ကြေညာရာမှာတော့ ၃ ဇာတ်ကားကို ရိုက်ကူးတဲ့ ဒါရိုက်တာ ကိုဇော် (အရဏ်ဦး) က ဆွတ်ခူးရရှိသွားပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ်အတွက် ဆုချီးမြှင့်ရာမှာ မူလသတ်မှတ်ထားတဲ့ ဆု ၁၁ မျိုးထဲက ၈ မျိုးကိုသာ ချီးမြှင့်ခဲ့ပြီး အထူးဆု ၁ ဆုချီးမြှင့်ခဲ့ကြောင်း မှတ်တမ်းတင်ရပါတယ်။ တက်ရောက်လာတဲ့ အနုပညာရှင်များထဲမှာ ထူးထူးခြားခြား ဦးကျော်ဟိန်းရဲ့သမီးကြီး စိမ့်စိမ့်သူနဲ့ သားနေဝင်းတို့ ပါဝင်နေတာတွေ့ရပါတယ်။ ဒီမောင်နှမကို **မော်ကင်း ဥဒါန်း** မှာ အကောင်းဆုံး ဇာတ်ပို့သွားတဲ့ ဦးကျော်ဟိန်း ကိုယ်စား ဆုယူစေလိမ့်မယ်လို့ တွက်ခဲ့ကြပေမဲ့ လွဲခဲ့ကြပါတယ်။ ဆု ၃ ဆု ဘာကြောင့်ကျန်ရစ်တယ် ဆိုတာကို ဒုတိယအဆင့်ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဒါရိုက်တာ မောင်နှင်းမိုးကို မေးမြန်းရာမှာတော့ ရွေးချယ်ရေးအဖွဲ့ဝင် အများစုက အဲဒီသုံးဆုအတွက် ရွေးချယ်မပေးကြတာကြောင့် ကျန်ရစ်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ၂၀၁၂ ခုနှစ်အတွက် ထူးချွန်ဆုဟာ ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့ရုပ်ရှင် လုပ်ငန်းမှ တာဝန်ယူ ချီးမြှင့်တဲ့ အစီအစဉ်ဖြစ်ပြီး ၂၀၁၃ ခုနှစ် အတွက်ကိုတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တာဝန်ယူ ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ ■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

One Minute Interview



# အကုန်လုံးပေါင်းမှရမှာ

ခင်လေးမြင့်

ကြုံကြာဆုံရာ တစ်မိနစ် စကား



www.burmeseclassic.com

www.burmeseclassic.com

အမျှော်လင့်ဆုံးကတော့ ကယန်းအမျိုးသမီးသရုပ်ဆောင်လေးတွေကို ရစေချင်တာပါ။ ပရိသတ်ကြိုက်တဲ့ သူတို့လည်း ကောင်းတဲ့အကွက်တွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ အကဲဖြတ်ရဲ့ဆုံးဖြတ်ချက်ဆိုတာကတော့ ပြောရခက်ပါတယ်။ တခြားသူများရဲ့ကားတွေကို အပြည့်အဝမကြည့်ဖူးတော့လည်း မသိပါဘူး။ ဘာပဲပြောပြော ရတဲ့သူတွေ ကောင်းပါတယ်။

**နိုင်ငံတကာ ရုပ်ရှင်ပွဲတော်အချို့မှာကယန်းအလှက အမျိုးသမီးဇာတ်ပို့ဆုအတွက် ဆန်ခါတင်စာရင်းထဲမှာ ဝင်ခဲ့တယ်နော်။ အခုဆုပေးပွဲမှာ အမျိုးသမီးဇာတ်ပို့ဆု မရတာနဲ့ပတ်သက်ပြီး ဦးအောင်ကိုလတ်ရဲ့ ခံစားချက်ကို သိချင်ပါတယ်။**

နိုင်ငံတကာရဲ့ပေတံနဲ့ မြန်မာပြည်ရဲ့ပေတံ မတူလို့နေမှာပေါ့။ မြန်မာပြည်က အကဲဖြတ်အဖွဲ့၊ အကဲဖြတ်လူကြီးတွေရဲ့ အိုင်ဒီယာဖြစ်မှာပေါ့။ တကယ်တမ်းပြောမယ်ဆိုရင် ရှေ့လျှောက်မှာ ရုပ်ရှင် အစည်းအရုံးက ဆက်ကိုင်မယ်ဆိုရင် အကြံပေးချင်တာက နိုင်ငံတကာက အကဲဖြတ်သုံးယောက်လောက်ထည့်သင့်တယ်။ အရှေ့တောင်အာရှ၊ အာဆီယံနိုင်ငံက နာမည်ကြီး အကဲဖြတ်သုံးယောက်လောက်ကို ဖိတ်ပြီးတော့ ရုပ်ရှင်ဆုကို ဆုံးဖြတ်သင့်တယ်။ မြန်မာအချင်းချင်း ဆုံးဖြတ်တဲ့အပြင်မှာ နိုင်ငံခြားအကဲဖြတ်တွေကို ဘောလုံးပွဲမှာ ဘာလို့ဝင်ဆုံးဖြတ်စေလဲ။ ဟုတ်တယ် မဟုတ်လား၊ နိုင်ငံတကာပညာရှင်တွေကို ပူးပေါင်းပြီး ဘောလုံးပွဲမှာ ထည့်ကန်စေသလဲ။ ကျွန်တော်လည်း ဟက်တာကို ဇာတ်ညွှန်းရေးခိုင်းပြီး ပူးပေါင်းရိုက်သင့်တယ် ထင်လို့ရိုက်ခဲ့တယ်။ ပူးပေါင်းလုပ်မှရမယ့်ကိစ္စမို့လို့ မြန်မာတွေချည်းပဲပေါင်းလို့ မရဘူး။ အကုန်လုံး ပေါင်းမှရမှာ။ အားကစားလိုပဲ။ အကဲဖြတ်တွေလည်း ပေါင်းရမယ်။ ဒါမှ မှန်ကန်တဲ့အဖြေက ထွက်မယ်။ ကျွန်တော်ကတော့ ဒီလိုပဲ ခံယူပါတယ်။

ဒါရိုက်တာ အောင်ကိုလတ်က ၂၀၁၂ ခုနှစ်အတွက် ချီးမြှင့်တဲ့ အကယ်ဒမီပေးပွဲရဲ့ စင်မြင့်ဒီဇိုင်း တင်ဆက်မှုများကို နှစ်သက်တယ်လို့ ဆိုပါတယ်။ ■

ခင်လေးမြင့်

ဒါရိုက်တာ အောင်ကိုလတ် ရိုက်ကူးတဲ့ **ကယန်းအလှ** ရုပ်ရှင်ဇာတ်ကားက ငွေကြေးအရ အောင်မြင်မှု မရရှိခဲ့ပေမဲ့ အနုပညာအရ အောင်မြင်မှုရရှိတယ်လို့ ဆိုနိုင်ပါတယ်။ ၂၀၁၂ ခုနှစ်အတွက် ချီးမြှင့်တဲ့ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲမှာ ဇာတ်ပုံဆုနဲ့ အသံဆုတို့ ရရှိခဲ့တာကြောင့် ဖြစ်ပါတယ်။ **ဦးအောင်ကိုလတ် အနေနဲ့ ကယန်းအလှ ရုပ်ရှင်ဇာတ်ကားနဲ့ ဇာတ်ပုံဆုရရှိပေမဲ့ ဒါရိုက်တာဆု ပိုရချင်လိမ့်မယ်လို့ ထင်တယ်။**

ကျွန်တော်က အိမ်မှာကတည်းက မမှန်းတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘာပဲရရ ကျေနပ်တယ်။ ကျွန်တော်



'ကယန်းအလှ' ဇာတ်ကားမှာ ပါဝင်ကြသူများနဲ့အတူ အကယ်ဒမီ အောင်ကိုလတ်

www.burmeseclassic.com

www.burmeseclassic.com

One Minute Interview



# အဖြူရောင်ဆုံး စိတ်ထားပဲ ထားခဲ့တယ်

ခင်လေးမြင့်

ကြိုးရာအုံရာ တစ်မိနစ် စကား



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ ဝိုင်း ရိုက်ကူးတဲ့ **လက်ပံ** ရုပ်ရှင်ဇာတ်ကားက အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုနဲ့ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုတို့အတွက် ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ လက်ပံ ရုပ်ရှင် ဇာတ်ကားက ဖွေးဖွေးရဲ့ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ပထမဆုံး အကယ်ဒမီဆုကိုလည်း ရရှိခဲ့ပါတယ်။

**ရိုက်ကွင်းမှာ ပြေတီဦး၊ ဒါရိုက်တာ ဝိုင်းတို့နဲ့ ဆုံတုန်းက အကယ်ဒမီရရင် ကြယ်စင်နဲ့ ဆုကြေးငွေ တို့ကို သူတို့နှစ်ယောက် ကို ပေးမယ်လို့ ပြောထားတာ ဘယ်လို အစီအစဉ်များ ရှိလဲ။**

ကိုဝိုင်းနဲ့ ကိုပြေတီဦး တောင်းတာကို စောင့်နေ တာ(ရယ်ပြီးပြောပြတာပါ) ဖွေးဖွေးပေးခဲ့ပါတယ်။ စင်ပေါ်ကနေဆင်းဆင်းချင်း ကိုဝိုင်း မယူသွားပါဘူး။

**ဆုကြေညာတော့ ဖွေးဖွေး ကြောင်တောင်တောင် ဖြစ်သွားတာ တချို့တွေ တွေ့လိုက်ရတယ်။ ဘယ်လိုကြောင့်လဲ။**

အမှန်အတိုင်း ပြောရရင် စိတ်ကို လုံးဝလျှော့ထားတာပါ။ စိတ်တော့လှုပ်ရှားပေမဲ့ စိတ်ကို လုံးဝလျှော့ထား တယ်။ ခေါင်းထဲမှာ ဗလာ ဖြစ်အောင် နေနေတာပါ။ ဘာမှလည်း မတွေးတော့ဘဲနဲ့ အတင်းကြီး ဗလာဖြစ်အောင် နေနေခဲ့ပါတယ်။

**ဘာဖြစ်လို့ စိတ်ကို လျှော့ထားရတာလဲ။**

ဖွေးဖွေးအတွက်က အရာရာ အကုန်အကြီးကြီးပဲလေ၊ အကယ်ဒမီဆန်ခါတင်မှာ ပါလာတာကအစ အကြီးကြီးဖြစ်နေပြီ။ အကယ်ဒမီရဖို့ မရဖို့ဆိုတာက တွေးတောင် မတွေးရဲဘူး။ ကိုယ့်ရဲ့ဝါနဲ့ဆိုရင် ကိုယ့်အတွက် အရမ်းကြီးနေတယ်လေ။ အဲဒါကြောင့် စိတ်လျှော့ထားတာ။ ဖွေးဖွေးနဲ့အတူ အကယ်ဒမီ ဆန်ခါတင်စာရင်းဝင်တဲ့သူတွေ အကုန်လုံး အရည်အချင်းရှိတယ်လို့ ယုံကြည်ထားတယ်။ အဲဒီထဲကမှ ပေးတဲ့ သူ ရမှာပေါ့။

**ဒါရိုက်တာဝိုင်းက လက်ပံမှာပါတဲ့ အဓိကသရုပ်ဆောင်နှစ်ဦးအတွက် အကယ်ဒမီ ယူပေးနိုင်ခဲ့တယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘယ်လိုများ ပြောချင်လဲ။**

ဖွေးဖွေးရဲ့ ပထမဆုံးရိုက်ဖြစ်ခဲ့တဲ့ရုပ်ရှင်ဇာတ်ကားက **လက်ပံ**၊ အကယ်ဒမီကိုလည်း ကိုဝိုင်းရိုက်တဲ့ **လက်ပံ**နဲ့ပဲ ရတာ။ ပရိသတ်နဲ့ထပ်တူ ဖွေးဖွေးလည်း ကိုဝိုင်းကို အကယ်ဒမီရစေချင်တယ်။

**ဒါရိုက်တာဝိုင်းလည်း လက်ပံနဲ့ အကယ်ဒမီမရတဲ့ အပေါ်မှာရော ခံစားချက် ရှိသေးလား။**

ကိုဝိုင်းရဲ့ တပည့်တစ်ယောက်အနေနဲ့ မဟုတ်ဘဲ အပြင်ပရိသတ်တစ်ယောက်အနေနဲ့ ပြောရရင် ပရိသတ်တွေပေးတဲ့ အကယ်ဒမီကိုတော့ ကိုဝိုင်းက ရပြီးသားပါ။ ဖွေးဖွေးရင်ထဲမှာလည်း ကိုဝိုင်း အကယ်ဒမီရပြီးသားပါ။

**လက်ပံနဲ့ အကယ်ဒမီ သတင်းကြီးပြီးသားဖြစ်ပေမဲ့ ဝတ်စုံကို အဖြူရောင် ဝတ်စုံ ဝတ်တက်လာခဲ့တာ ဘယ်လို စိတ်ကူးကြောင့်လဲ။**

ဖွေးဖွေး **လက်ပံ** ဇာတ်ကား စရိုက်တဲ့အချိန်မှာ အနုပညာကိုချစ်တဲ့စိတ်ရယ်၊ အနုပညာကို ရူးသွပ်တဲ့စိတ်ရယ်၊ အကောင်းဆုံးကြိုးစားမယ်ဆိုတဲ့စိတ်နဲ့ အဖြူစင်ဆုံး ကြိုးစားခဲ့တယ်။ အဲဒီစိတ်ပဲရှိတယ်။ အကယ်ဒမီလိုချင်တဲ့ စိတ်၊ ရရမယ်ဆိုတဲ့စိတ် မမွေးထားခဲ့ဘူး။ ရှိလည်း မရှိရဲဘူး။ အကယ်ဒမီပွဲတက်တဲ့အချိန်မှာလည်း ငါ အကယ်ဒမီရရမယ်လို့ မမှန်းတော့ဘဲ အဖြူစင်ဆုံး စိတ်ပဲ ထားထားတယ်ဆိုတဲ့သဘောမျိုးနဲ့ ဝတ်သွားတာပါ။

အကယ်ဒမီရမှု အထိမ်းအမှတ်အဖွဲ့အစည်း ၁၁ ခုကို လှူဖြစ်ခဲ့ပြီး အနုပညာမောင်နှမတွေအတွက်ရော ပရိသတ်များပါ သာဓုခေါ်နိုင်အောင် လုပ်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။

■ **ခင်လေးမြင့်**


အကယ်ဒမီ ဖွေးဖွေးနဲ့ ဒါရိုက်တာ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com




*One Minute Interview*

# စိတ်လှုပ်ရှားမှုအတွက် ရှင်းမပြတတ်ဘူး

ခင်လေးမြင့်

ကြိုးကြာဆုံရာ တစ်မိနစ် စကား



www.burmeseclassic.com

www.burmeseclassic.com

ပြေတီဦးက ဒါရိုက်တာ ဝိုင်းရိုက်ကူးတဲ့ **လက်ပံ** ရုပ်ရှင်ဇာတ်ကားနဲ့ ထပ်ဆင့် အကယ်ဒမီဆု ရရှိခဲ့ပါတယ်။ ပြေတီဦးက အကယ်ဒမီရမှု အထိမ်းအမှတ်အဖြစ် အဖွဲ့အစည်း ၁၁ ခုကို အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါတယ်။

**ထပ်ဆင့်အကယ်ဒမီ ဖြစ်သွားတဲ့အတွက် ပရိသတ်အတွက် ဘာတွေများ ပြန်လုပ်ဆောင်ပေးရမယ်ထင်လဲ။**

ပရိသတ်တွေ အားပေးတာနဲ့ ထိုက်တန်အောင်၊ သူတို့ အားပေးရကျိုးနပ်အောင် ကြိုးစားရမယ့်တာဝန် ကျွန်တော့် တာဝန် ဖြစ်သွားတာပေါ့။ ပရိသတ်တွေ ကျွန်တော့်ရဲ့ ကားတိုင်းကို ကြည့်တိုင်းမှာ စိတ်ကျေနပ်မှုရအောင်၊ တန်အောင် ကျွန်တော် အမြဲတမ်းကြိုးစားမှာပါ။

**အကယ်ဒမီ တစ်ဆုရ ပြီးတဲ့အချိန်နဲ့ ထပ်ဆင့် အကယ်ဒမီဖြစ်သွားတဲ့အချိန် ဘာတွေများ ကွာခြားသွား မလဲ၊ ပြောင်းလဲသွားတာ ဘာတွေဖြစ်မလဲ။**

ပြောင်းလဲသွားတာ တွေ မရှိပါဘူး။ ကျွန်တော့်အနေနဲ့ အနုပညာလောကထဲကို စရောက်ပြီး မအောင်မြင်ခင်၊ မင်းသားမဖြစ်ခင် အချိန်ကတည်းက ကျွန်တော် ဘယ်အလုပ်ကိုပဲလုပ်လုပ် ကျွန်တော့်မှာ အစွမ်းရှိသလောက်တော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားတာပဲ၊ အဲဒီအချိန်မှာ မကောင်းရင်တော့ မကောင်းဘူးပေါ့။ ဒါပေမဲ့ ကျွန်တော်လုပ်နိုင်သမျှ အကုန်ကတော့ သေချာတယ်။ ကျွန်တော် အဲဒီလိုစိတ်နဲ့ပဲ အမြဲတမ်းသွားတယ်။ ကျွန်တော့်စိတ်ကို ဒီထက်ထပ်ပြီး ပြုပြင်ပြောင်းလဲစရာတော့ ဘာအကြောင်းမှ မရှိဘူး။ ကျွန်တော့်မှာ ရှိသမျှ စိတ်အားလုံးက ဒီအပေါ်မှာ နှစ်ထားပြီးသား၊ ဒီပုံစံအတိုင်းပဲ ဆက်သွားမှာပါ။

**ထပ်ဆင့်အကယ်ဒမီကို ဒါရိုက်တာ ဝိုင်းရိုက်တဲ့ ဇာတ်ကားနဲ့ပဲ ရရှိမယ်လို့ စဉ်းစားမိထားလား။**

မရှိဘူးဗျ။ ကျွန်တော် အကယ်ဒမီရပြီးတော့မှ အကယ်ဒမီရတဲ့ နှစ်ကားစလုံးက ကိုဝိုင်းရိုက်တဲ့ကားတွေပါလားလို့ စတွေးမိတာ။

**အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ် ဇာတ်ကားအတွက် အကယ်ဒမီ ရင်ခုန်ရတာနဲ့ လက်ပံအတွက် အကယ်ဒမီ ရင်ခုန်ရတာ ဘယ်ဟာက ပိုရင်ခုန်ရလဲ။**

**လက်ပံ**အတွက် ရင်ခုန်မှုက အရမ်းကို ပိုများတယ်။ နှစ်ဆလောက်ရှိတယ်။ ဘာကြောင့်လဲတော့ ကျွန်တော် ရှင်းမပြတတ်ဘဲနဲ့ **လက်ပံ**မှာ အရမ်းကို Very Exciting (အရမ်းစိတ်လှုပ်ရှား)ဖြစ်သွားတယ်။

**အလှူငွေလှူဒါန်းမှုမှာ လက်ပံဇာတ်ကားရဲ့ စက်မှုအဖွဲ့သားတွေအတွက် ထည့် ဖြစ်တာက ဘယ်လိုကြောင့်လဲ။**

ကျွန်တော့်ရဲ့ စက်အဖွဲ့သားတွေ ဆိုတာကလည်း တကယ့်အခြေခံလုပ်သားတွေ၊ သူတို့တွေအရေးပါ အရာရောက်မှုဟာလည်း ရာခိုင်နှုန်း တော်တော်များများ အရေးကြီးပါတယ်။ တစ်ခုခု အောင်မြင်ပြီဆိုရင် သူတို့တွေ မပါဝင်ဖြစ်ကြတာများတယ်။ အဲဒါကြောင့် သူတို့ကို သတိတရထည့်ပြီး ဂုဏ်ပြုတာပါ။

ပြေတီဦးက **အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်** ရုပ်ရှင်ဇာတ်ကားနဲ့ ၂၀၁၁ ခုနှစ်မှာ ပထမဆုံး အကယ်ဒမီကို ရရှိထားတာဖြစ်ပါတယ်။ ■

**ခင်လေးမြင့်**



အကယ်ဒမီ ပြေတီဦးနဲ့
အကယ်ဒမီ အိန္ဒြာကျော်ဇင်



www.burmeseclassic.com

www.burmeseclassic.com



One Minute Interview

ဒီနှစ်မှာရတာ

ကုသိုလ်ကံတော်တော်ကောင်းသွားပါတယ်

ခင်လေးမြင့်

ကြုံရာသုံးရာ တစ်မိနစ်စကား



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ ကိုဇော် (အရှဏ်ဦး)ရဲ့ ၃ ဇာတ်ကားက အကယ်ဒမီသုံးဆု သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ၃ ဇာတ်ကားမှာ သရုပ်ဆောင်များစွာ ပါဝင်ပြီး ညီညီညွတ်ညွတ်နဲ့ ရိုက်ကူးပြီးထားတာကြောင့် နောက်နောင်ရိုက်တဲ့ ဇာတ်ကားတွေကိုလည်း ညီညီညွတ်ညွတ်နဲ့ ရိုက်ကူးချင်တယ်လို့ ဒါရိုက်တာ ကိုဇော် (အရှဏ်ဦး)က ဆိုပါတယ်။

**အရင်က ဟာသကားအတွက် အကယ်ဒမီမမျှော်လင့်ရဲပေမဲ့ နောက်ပိုင်းမှာတော့ မျှော်လင့်ရဲတယ်လို့ ပြောနိုင်မလား။**

အခုနောက်ပိုင်းမှာ ကျွန်တော်တို့အားလုံးက ရိုက်တဲ့ကားတိုင်းကို အားထည့်ပြီး ရိုက်ကြရတော့မယ်။ ဟာသကား ရိုက်တဲ့သူလည်း ဟာသချည်းသက်သက် မဟုတ်တော့ဘဲ မက်ဆေ့ချ်တစ်ခုခု ပါတာတွေရိုက်မယ်။ ၃ မှာလည်း ဟာသချည်းသက်သက်မဟုတ်ဘဲ မက်ဆေ့ချ်တော့ပါတယ်။ ပေါ့ပေါ့ပါးပါးနဲ့ ပြီးပြီးရော ကားတစ်ကား မဖြစ်စေရပါဘူး။ ဘယ်ကားရိုက်ရိုက် ရုပ်ရှင်ကားကြီးမှ မဟုတ်ပါဘူး။ ဗီဒီယိုပဲရိုက်ရိုက်၊ ရုပ်ရှင်ပဲ ရိုက်ရိုက် ကျွန်တော် အဲဒီစိတ်နဲ့ပဲ

၂၀၁၄ ကစပြီး ရိုက်ကူးသွားမှာပါ။

**၃ ဇာတ်ကားအတွက် ဆုနှစ်ဆု ကြေညာပြီးချိန်မှာ ဒါရိုက်တာအတွက် ဆုကိုရော မျှော်လင့်နေခဲ့သေးလား။**

ကျွန်တော် ၂၀၀၁ ခုနှစ်ကစပြီး ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ပြီး ၂၀၀၁ ခုနှစ်ကစပြီး အကယ်ဒမီပွဲတက်ရတယ်။ တက်ရတဲ့အခါကျတော့ ကျွန်တော် လေ့လာကြည့်မိသလောက် တည်းဖြတ်ဆုရပြီဆိုရင် ဒါရိုက်တာဆုရတာ များတယ်။ တည်းဖြတ်ဆု စရတယ်ဆိုကတည်းက ကျွန်တော့်အတွက် မျှော်လင့်မိတယ်။ ဒါပေမဲ့ သရုပ်ဆောင် ဆုနှစ်ဆုရတဲ့ အချိန်ကတော့ ကျွန်တော့်စိတ် ကျွန်တော်ပြန်ပြီး လျှော့ထားလိုက်တယ်။ ဆုရတော့ တစ်ခါပြန်ပြီး ဝမ်းသာရတယ်။

**နောက်နှစ်မှာလည်း အဖြူရောင်ရဲတိုက် ရုပ်ရှင်ဇာတ်ကားနဲ့ အကယ်ဒမီ ရင်ခုန်နိုင်ဦးမှာလား။**

**အဖြူရောင်ရဲတိုက်**မှာ ပါဝင်တဲ့ သရုပ်ဆောင်တွေကို ရစေချင်လို့ အဲဒီကားကို ရိုက်ကူးတာပါ။ ကျွန်တော့်အတွက်ထက်စာရင် သရုပ်ဆောင်တွေကို အဓိကထားတယ်။ ဒါပေမဲ့ ပြိုင်ရမယ့်ကားတွေက ကျွန်တော့်ထက် ကောင်းတဲ့ကားတွေချည်းပဲ။ အခု ကျွန်တော်ကြည့်ကြည့်တဲ့အခါ ကျွန်တော့်ဆရာ ပန်းချီ စိုးမိုးရိုက်ထားတဲ့ **ကြယ်စင်မော်ကွန်း** ဆိုရင် တော်တော် ကောင်းတယ်။ ကျွန်တော် မမီဘူး။ ဒါရိုက်တာ ပိုင်းရဲ့ **နင်စေရင်** တို့လည်းရှိတယ်။ အဲဒါကြောင့် ဒီနှစ်မှာ ကျွန် တော်ရလိုက်တာ ကုသိုလ်ကံ တော်တော်ကောင်းသွားပါတယ်။

**ဒါရိုက်တာဆုရတဲ့အတွက် ကျေနပ်တယ်လို့ ဆိုနိုင်သလား။**

အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပါ၊ ဘာဖြစ်လို့လဲဆိုတော့ ၃ ဇာတ်ကားနဲ့ရတယ်ဆိုတာ ဘဝအတွက်အမှတ်တရပါ။ ကိုကျော်ရဲအောင်က အကယ်ဒမီရပြီး နောက်တစ်နေ့ ကျွန်တော့်ဆီဖုန်းဆက်တယ်။ ကျွန်တော်တို့ နှစ်ယောက်က အဆင်ပြေပြေပါပဲ။ ကျွန်တော်တို့နှစ်ယောက် ရန်ဖြစ်ပြီး တက်ညီလက်ညီ လုပ်နိုင်ခဲ့တယ်။ ရိုက်ရင်းနဲ့ ရန်ဖြစ်ခဲ့ရတယ်၊ အမှတ်တရပါပဲ။

ဒါရိုက်တာ ကိုဇော် (အရှဏ်ဦး)က ၁၉၉၁ ခုနှစ် ကစပြီး ဗီဒီယိုဇာတ်ကားများ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်ကစပြီး ရုပ်ရှင် ဇာတ်ကားများ စတင်ရိုက်ကူးရာ ရုပ်ရှင်ဇာတ်ကားကြီး ၁၃ ကားကျော်မှာ အကယ်ဒမီဆုကို စတင်ရရှိခဲ့တာ ဖြစ်ပါတယ်။

■ ခင်လေးမြင့်



[illegible]နဲ့အတူ
တွေ့ရတဲ့ အကယ်ဒမီ
ကိုဇော်(အရှဏ်ဦး)

www.burmeseclassic.com

www.burmeseclassic.com

# City FM နှစ်ပတ်လည်ပွဲမှာ ချီးမြှင့်ပေးခဲ့တဲ့ ဂီတအမှတ်တရဆု

လင်းနိုင်ဦး



၂၀၁၃ ခုနှစ်အတွင်း
ရောင်းအားအကောင်းဆုံး
စတီရီယိုတေးစီးရီးသီဆိုသူ
အမျိုးသား တေးသံရှင်ဆုရ စိုင်းစိုင်းခမ်းလှိုင်



မြို့တော်အသံလွှင့်ဌာန City FM Radio အစီအစဉ်ကို ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ စတင် ထုတ်လွှင့်ပေးခဲ့တာဖြစ်လို့ ၂၀၁၄ ခုနှစ် မှာ ၁၂ နှစ် ပြည့်မြောက်လာခဲ့ပြီဖြစ်ပါတယ်။ City FM ရဲ့ နှစ်ပတ်လည်ပွဲများကို နှစ်စဉ် နှစ်ဆန်းပိုင်းတွေမှာ ကျင်းပဖြစ်ခဲ့ရာ ဂီတအမှတ်တရဆု (City FM Award) များ ချီးမြှင့်ပေးခဲ့ပြီး တေးဂီတဖျော်ဖြေရေး အစီအစဉ်များနဲ့ နှစ်စဉ်နှစ်တိုင်း ကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။ City FM ရဲ့ ၁၂ မြောက် နှစ်ပတ်လည်အခမ်းအနား အစီအစဉ်ကို ဇန်နဝါရီလ ၅ ရက်နေ့ ည ၇ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ဝင်းအတွင်းမှာ ကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီအခမ်းအနားမှာ



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်အတွင်း ရေပန်းအစားဆုံး
တေးသီချင်း တောင်းဆိုမှုအများဆုံး
အမျိုးသမီးတေးသံရှင်ဆုရ စန္ဒီမြင့်လွင်နဲ့
၂၀၁၃ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး စတီရီယို
တေးစီးရီးသီဆိုသူ အမျိုးသမီးတေးသံရှင်ဆုရ ဝိုင်းစုခိုင်သိန်း

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာတည်သရွေ့ သီချင်းကို သံညီကြတဲ့ မိုမို့လွင်၊ ကျော်သီဟနဲ့ ခင်ဝိုစုနိုင်



မိခင်နဲ့အတူ
တွေ့ရတဲ့ မိုင်းကိုင်းခမ်းလှိုင်



စန္ဒီမြင့်လွင်နဲ့
စိုးပြည့်သဇင်



နီနီခင်ဇော်ရဲ့အဆိုနဲ့
ဂစ်တာနိုင်ဇော်ရဲ့အတီး



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်အတွင်း ရေပန်း အစားဆုံး တေးသီချင်း တောင်းဆိုမှုအများဆုံး [illegible]းသားတေးသံရှင်ဆုကို ဘန်နီဖြိုးက ရရှိခဲ့ပါတယ်

၂၀၁၃ ခုနှစ်အတွက် ရန်ကုန်မြို့တော်အတွင်း ရောင်းအားအကောင်းဆုံးနဲ့ ပရိသတ်အားပေးမှု အများဆုံး ရရှိခဲ့ကြတဲ့ တေးသီချင်း သီဆိုသူ အနုပညာရှင်များနဲ့ တေးအယ်လ်ဘမ်ထုတ်လုပ်သူများကို ဂီတအမှတ်တရဆုများ ချီးမြှင့်ပေးခဲ့ပါတယ်။ အခမ်းအနားမှာ အစီအစဉ်တင်ဆက်သူများအဖြစ် အဆိုတော် မိုးမိုး၊ မောင်မောင်အေး(Dream Boat)နဲ့ တင်မိုးလွင်တို့က ဆောင်ရွက်ပေးခဲ့ပြီး ပထမဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက ဂုဏ်ပြုအမှတ်တရစကားပြောကြားပေးခဲ့ပါတယ်။ ဆက်လက်ပြီး မြို့တော်အသံလွှင့် အစီအစဉ်မှာ ၂၀၁၃ ခုနှစ်အတွင်း ကြော်ငြာအများဆုံး ထည့်သွင်းပေးခဲ့ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ကြော်ငြာအေဂျင်စီများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ရာ ထူးထူးခြားခြား ကြော်ငြာအများဆုံး ထည့်ဝင်သူ စီးပွားရေးလုပ်ငန်းရှင် သုံးဦး တိုက်ဆိုင်နေတဲ့အတွက် ကြော်ငြာများထည့် ဝင်ပေးခဲ့ကြတဲ့ Gold Roast Gold, Rich Creamy, နီလာဒံပေါက်တို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ပါတယ်။ တစ်ဆက်တည်း ကြော်ငြာ အများဆုံး ရှာဖွေပေးနိုင်ခဲ့တဲ့ ကြော်ငြာလုပ်ငန်း အေဂျင်စီကိုလည်း ဂုဏ်ပြုပေးရာမှာ နှစ်စဉ်ဒီဂုဏ်ပြုဆုကို ရရှိခဲ့တဲ့ Art Media ကပဲ ရရှိသွားခဲ့ပါတယ်။ နှစ်ပတ်လည်အခမ်းအနားမှာ တေးဂီတဖျော်ဖြေရေး အစီအစဉ်များနဲ့ တင်ဆက်ပေးရာမှာတော့ ပထမဦးစွာ *ကမ္ဘာတည်သရွေ့*လို့ အမည်ပေးထားတဲ့ Group Song တစ်ပုဒ်ကို Lazy Club တေးဂီတအဖွဲ့ တီးခတ်ပေးမှုနဲ့ စတင်ဖျော်ဖြေပေးရာ ကျော်သီဟ၊ ခင်စုစုနိုင်၊ မို့မို့လွင်တို့က ဂီတမိတ်အဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့များ ပံ့ပိုးကူ ညီမှုနဲ့ တင်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ တယော ချမ်းအေးကြွယ်ကလည်း တယောနဲ့ ဖျော်ဖြေပါဝင်တင်ဆက်ပေးခဲ့ပါတယ်။ ဒုတိယမြောက် ဖျော်ဖြေမှုဖြင့် ချမ်းချမ်းက *ညို့ယူဖမ်းစား* သီချင်းနဲ့ ဖျော်ဖြေပေးပြီး ဝိုင်းစုခိုင်သိန်းက တတိယမြောက် ဖျော်ဖြေမှုအဖြစ် *အချစ်ဘင်ခရာတပ်ဖွဲ့* သီချင်းကို Jade Dragon အဖွဲ့က ဘင်ခရာတပ်ဖွဲ့အဖြစ် ပါဝင်သရုပ်ဖော်ပေးပြီး ဝိုင်းစုခိုင်သိန်းကလည်း ဘင်ခရာတပ်ဖွဲ့ဝင်ဝတ်စုံနဲ့ သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။

၁၂ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ပထမဦးဆုံး စတင် ချီးမြှင့်ပေးတဲ့ ဆုကတော့ ၂၀၁၃ ခုနှစ်အတွင်းရောင်းအားအကောင်းဆုံး မြန်မာသံတေးစီးရီးထုတ်လုပ်သူဆုပဲ ဖြစ်ပါတယ်။ ဒီဆုကို မြန်မာနိုင်ငံဂီတ အစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးလေးက ဖွင့်ဖောက်ကြေညာပေးရာ ပိုးအိစံ သီဆိုပေးထားတဲ့ *ဆောင်းရိပ်ည လှိုင်း* တေးစီးရီးကို ထုတ်လုပ်ပေးခဲ့တဲ့ ထွန်းစတူဒီယို (တောင်ကြီး) ခွန်ထွန်းမောင် တေးထုတ်လုပ်ရေးက ရရှိသွားခဲ့ပါတယ်။ ရောင်းအားအကောင်းဆုံး စတီရီယိုတေးစီးရီး ထုတ်လုပ်သူဆုကို မြန်မာပြည်သိန်းတန်က ဖွင့်ဖောက်ကြေညာပေးရာ လွှမ်းပိုင်နဲ့ Bobbby Soxer တို့ သီဆိုပေးထားတဲ့ *ဒုံးမျှ* တေးစီးရီးကို ထုတ်လုပ်ဖြန့်ချိပေးခဲ့တဲ့ သျှား တေးထုတ်လုပ်ရေး(CMP)က ရရှိသွားခဲ့ပါတယ်။ ရောင်းအားအကောင်းဆုံး မြန်မာသံတေးစီးရီး သီဆိုသူဆုကိုတော့ *ဆောင်းရိပ်ညလှိုင်း* တေးစီးရီးကို



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ် ရောင်းအားအကောင်းဆုံး စတီရီယိုတေးစီးရီး ထုတ်လုပ်သူဆုရ ဦးဇော်ထူးအောင်(သျှား ဓားထုတ်လုပ်ရေး)ကို ဂုဏ်ပြုနေကြတဲ့ ရဲအောင်၊ ဒါရိုက်တာ မီးဖွားနဲ့ ဘိုစိုး



လွှမ်းပိုင်နဲ့ Bobby Soxer



၂၀၁၃ ခုနှစ် City FM ဆုရသူများ အမှတ်တရ



Rဇာနည်ရဲ့ ဖျော်ဖြေမှု

သီဆိုပေးထားတဲ့ ပိုးအိစံက City FM ရဲ့ ၇ ဆု မြောက်အဖြစ် ရရှိသွားခဲ့ပါတယ်။ တေးဂီတဖျော်ဖြေရေး အစီအစဉ်များနဲ့ ဆက်လက် ဖျော်ဖြေပေးခဲ့ရာ နီနီ ခင်ဇော်က *ညီမျက်ဝန်း၊* Iလွှန်းဝါနဲ့ ဗန်းသော့ကျောင်းတို့က *ကာရန်မညီသော၊* ဂျက်ဆန်ထွန်းက *နှုတ်ချစ်မယ် ဘယ်နှေလဲ* သီချင်းများနဲ့ ဖျော်ဖြေပေးခဲ့ပြီး ဆုများကို ဆက်လက်ချီးမြှင့်ရာ ရောင်းအားအကောင်း စတီရီယိုတေးစီးရီးသီဆိုသူ အမျိုးသမီး တေးသံရှင်ဆုကို သရုပ်ဆောင် လူမင်းက ဖွင့်ဖောက်ကြေညာပေးရာ *အာဘွား* တေးစီးရီးကို သီဆိုပေးထားတဲ့ ဝိုင်းစုခိုင်သိန်းက ရရှိသွားခဲ့ပါ တယ်။ ရောင်းအား အကောင်းဆုံး စတီရီယိုတေး စီးရီးသီဆိုသူ အမျိုးသား တေးသံရှင်ဆုကို အဆိုတော် စိမ်းမိုးမိုးက ဖွင့်ဖောက်ကြေညာပေးရာ *ဒိတ်ဒိတ်ကြဲ* တေးစီးရီးကို သီဆိုပေးထားတဲ့ စိုင်းစိုင်းခမ်းလှိုင်က ရရှိသွား ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် အတွင်း အအောင်မြင်ဆုံး တေးဂီတအဖွဲ့ (Music Group) ဆုကို အကယ်ဒမီ တိုနီ(လင်း) က ဖွင့်ဖောက်ကြေညာပေး ရာ Wanted အဖွဲ့က ရရှိသွား ခဲ့တာဖြစ်ပါတယ်။

ဆုအချို့ကို ကြေညာ လို့အပြီး သီချင်းများနဲ့ ဆက် လက်ဖျော်ဖြေရာ မိစန္ဒီက *ကမ္ဘာ့တစ်ဖက်ဆီသို့၊* Rဇာနည်က *ဘယ်လောက် ဝေးဝေး၊* အိုင်ရင်းဇင်မာမြင့်၊ အိမ့်ချစ်တို့က *နေရာပေးသော လဲလိုက်ချင်တယ်* သီချင်း



www.burmeseclassic.com

www.burmeseclassic.com



နှင်းချစ်ရဲ့ နိုင်ရင်းဇင်မာမြင့်တို့ရဲ့ ဖျော်ဖြေမှု



၂၀၁၃ ခုနှစ်အတွင်း အအောင်မြင်ဆုံး တေးဂီတအဖွဲ့ (Music Group) ဆုရ Wanted အဖွဲ့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ဆုချီးမြှင့်ပေးခဲ့ပါတယ်



များနဲ့ ဖျော်ဖြေပေးခဲ့ပါတယ်။ နောက်ထပ် ဖွင့်ဖောက်ကြေညာပေးတဲ့ဆုကတော့ ၂၀၁၃ ခုနှစ်အတွင်း ရေပန်းအစားဆုံး တေးသီချင်းတောင်းဆိုမှုအများဆုံး အမျိုးသမီးတေးသံရှင်ဆုပဲ ဖြစ်ပါတယ်။ ဒီဆုကို ဒါရိုက်တာ စင်ရော်မောင်မောင်က ဖွင့်ဖောက်ကြေညာပေးရာ စန္ဒီမြင့်လွင်က ရရှိသွားခဲ့ပါတယ်။ နောက်ဆုံးပိတ်ကြေညာပေးတဲ့ဆုကတော့ ၂၀၁၃ ခုနှစ်အတွင်း ရေပန်းအစားဆုံး တေးသီချင်းတောင်းဆိုမှုအများဆုံး အမျိုးသားတေးသံရှင်ဆုကို တေးရေး မြင့်မိုးအောင်က ဖွင့်ဖောက်ကြေညာပေးရာ ဘန်နီဖြိုးက ရရှိသွားခဲ့တာ ဖြစ်ပါတယ်။ နောက်ဆုံး ဖျော်ဖြေမှုအနေနဲ့ သီချင်းများနဲ့ ဖျော်ဖြေတင်ဆက်ရာမှာတော့ ဖြူဖြူကျော်သိန်းက *မမျှော်လင့်ဘဲ*၊ ဖြိုးပြည့်စုံ၊ ထက်အောင်၊ ထက်နေကြည်၊ နန်းထက်ထက်သူ၊ ဝိုင်းလေးတို့က *နိုင်ငံတကာ ရင်သွေးငယ်များ* သီချင်းကို အပိတ်ဖျော်ဖြေပေးခဲ့ပါတယ်။ ဆုများကို ချီးမြှင့်ရာမှာတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ဆုရသူများကို ဂီတအမှတ်တရဆု (City FM Award) ဂုဏ်ပြုရုပ်တုများချီးမြှင့်ပေးခဲ့ပြီး နှစ်ပတ်လည်ပွဲကို ပံ့ပိုးကူညီပေးတဲ့ MDG ကုမ္ပဏီကလည်း ဆုရရှိသူများကို ရွှေတစ်ကျပ်သား အမှတ်တရဆုများ ချီးမြှင့်ပေးခဲ့ပါတယ်။ ■ **လင်းနိုင်ဦး**



ဖြူဖြူကျော်သိန်းရဲ့ ဖျော်ဖြေမှု

www.burmeseclassic.com

www.burmeseclassic.com



မြန်မာမဂ္ဂဇင်းလောကမှာ
အစဉ်အလာကြီးမားတဲ့ ရှုမဝမဂ္ဂဇင်းကြီးကို
တည်ထောင်၊ တည်းဖြတ်၊ ထုတ်ဝေသူ
ရှုမဝဦးကျော်က ရှုမဝ ရုပ်ရှင်ထုတ်လုပ်ရေးကို
တည်ထောင်ကာ ရုပ်ရှင်ဇာတ်ကားများ
ရိုက်ကူးထုတ်လုပ် ခဲ့ပါတယ်။ ပထမဆုံး
ရိုက်ကူးထုတ်လုပ်တဲ့ **ရွှေရင်သိမ်းသစ်**
ဇာတ်ကားမှအစ နောက်ဆုံး ရိုက်ကူးသွားတဲ့
**ရွှေဝတ်မှုံ** အထိ အောင်မြင်ကျော်ကြားတဲ့
ရုပ်ရှင်ဇာတ်ကားများဖြစ်ခဲ့သလို
သူ သင်ကြားပို့ချပေးတဲ့ သရုပ်ဆောင်
သင်တန်းမှ ဇော်ဝမ်း၊ လင်းထင်၊
ဆွေဇင်ထိုက်၊ ခင်မိုးမိုး၊ ရှုမဝမိတင်အေး
အစရှိတဲ့ သရုပ်ဆောင်ကောင်းတွေ
ပေါ်ထွက်ခဲ့သလို ဒါရိုက်တာ မောင်တင်ဦး၊
ရှုမဝကိုတင်ငြိမ်းတို့

# ရွှေဝတ်မှုံ (သို့မဟုတ်) သနပ်ခါး

**မိုးကျော်ထွန်း**



အတတ်ပညာရှင်တွေလည်း
မွေးထုတ်ပေးခဲ့ပါတယ်။
**ရွှေရင်သိမ်းသစ်** ဇာတ်ကား ရိုက်ကူး
ရွေးချယ်ထားတဲ့ စမ်းစမ်းအေး
အရွယ်မရောက်သေးတဲ့အတွက်
သူ့စိတ်ကြိုက် ရွှေရင်သိမ်းသစ်
အရွယ်ရောက်တော့မှသာ ရုပ်ရှင်ဇာတ်ကားကို
ရိုက်ကူးတဲ့အထိ ဖွဲ့ကြီးတဲ့
ပုဂ္ဂိုလ်လို့ ဆိုရပါမယ်။
သူနောက်ဆုံး ရိုက်ကူးသွားတဲ့ **ရွှေဝတ်မှုံ**
ရုပ်ရှင်ဇာတ်ကားက စာရေးဆရာ
အောင်လင်းရေးသားတဲ့ ဝတ္ထုကို
ရိုက်ကူးခဲ့တာဖြစ်ပြီး
သရုပ်ဆောင်များကတော့ ထွန်းဝေ၊
မောင်ယဉ်ထွေး၊ ဒေစီကျော်ဝင်းတို့
ဖြစ်ပါတယ်။ ဒီကားဟာလည်း
အောင်မြင်တဲ့ ရုပ်ရှင်ကားတစ်ကား
ဖြစ်ပါတယ်။ အခု ပင်လယ်...
ထုတ်လုပ်ရေးအတွက် ဆရာအောင်လင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

**ရွှေဝတ်မှုံ**ကို အခြေခံပြီး ဒါရိုက်တာ မင်းထင်ကိုကိုကြီးက ကိုယ်တိုင်ဇာတ်ညွှန်းရေးဖွဲ့ကာ **သနပ်ခါး** အမည်နဲ့ ဒီဗီဒီကားတစ်ကား ရိုက်ကူးပြီးစီးသွားပါပြီ။ **သနပ်ခါး**မှာ ပါဝင်သရုပ်ဆောင်ထားသူတွေကတော့ အကယ်ဒမီ နေအောင်၊ ရဲတိုက်၊ ဝတ်မှုံရွှေရည်နဲ့ မေကဗျာတို့ဖြစ်ပါတယ်။ မင်းထင်ကိုကိုကြီးက စာတန်းရေးထိုးရာမှာ 'စာရေး ဆရာအောင်လင်းရဲ့ **ရွှေဝတ်မှုံ** ဝတ္ထုကို အခြေခံရိုက်ကူးသည်။' လို့ ဆိုပါတယ်။ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများမှာ ဝတ္ထုကိုရိုက်ရင် Based on လို့ သုံးစွဲသလို ဒီကားမှာ သုံးစွဲလိုက်တာပဲလို့ ယူဆပေမဲ့သေချာအောင် မေးကြည့်တဲ့အခါမှာတော့ 'ဆရာအောင်လင်းရဲ့ **ရွှေဝတ်မှုံ** ဝတ္ထုကို ဖတ်ဖို့တိုက်တွန်းတဲ့သူက ကျွန်တော်တို့ အနုပညာလောကမှာ ဆရာကျောင်းလို့ လူသိများတဲ့ ဒီဇိုင်းမျိုးဆွေသန်းပါ။ သူ တိုက်တွန်းလို့ ဒီဝတ္ထုကို ဖတ်ကြည့်တဲ့အခါ ကျွန်တော် ကြိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီဘက်ခေတ် စာရေးဆရာ၊ ကဗျာဆရာ ဖြစ်နေတာကြောင့် ဆရာအောင်လင်းရဲ့ဝတ္ထုမှာ ကျွန်တော်လက်မခံနိုင်တာ တချို့ပါဝင်နေပါတယ်။ ဒါကြောင့် ဆရာ့ဝတ္ထုကို ကျောရိုးသာယူပြီး တချို့အချက်အလက်တွေကို ကျွန်တော် စိတ်တိုင်းကျ ပြင်ဆင်ရိုက်ကူးခဲ့တာကြောင့် 'အခြေခံသည်' လို့ပဲ သုံးစွဲခဲ့တာပါ' လို့ ပြောပြခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာရုပ်ရှင်၊ ဗီဒီယိုများမှာ အချစ်ကားသန့်သန့်ဆိုတာ တော်တော်ကလေး ရှားနေပါပြီ။ မိဘမေတ္တာဘွဲ့ဆိုတာလည်း တစ်နှစ်လုံးမှာ တစ်ရာခိုင်နှုန်းလောက်တောင် မထွက်တော့ပါဘူး။ **ရွှေဝတ်မှုံ သို့မဟုတ် သနပ်ခါး** က ဦးလေးဖြစ်သူအပေါ်မှာ တွယ်တာတဲ့ တူတစ်ယောက်နဲ့ ဦးလေးဖြစ်သူက ချစ်လွန်းတဲ့သူတစ်ယောက်ရဲ့ဇာတ်လမ်းဖြစ်ပါတယ်။

ငယ်စဉ်ကတည်းက မိဘမဲ့ဖြစ်ခဲ့ရတဲ့ ညီညီထွေးကို ဦးလေးဖြစ်သူ ဦးလေးမောင်က ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့ပါတယ်။ ဦးလေးမောင်တို့ဇနီးမောင်နှံက သားသမီးမထွန်းကားတာကြောင့် ညီညီထွေးဟာ သားနဲ့မခြားပါဘူး။ ဇနီးဖြစ်သူ ကွယ်လွန်သွားပြီးတဲ့နောက် သားအဖနှစ်ယောက်တည်းသာ တစ်ကမ္ဘာတည်ဆောက်ခဲ့ကြပေမဲ့ ပုထုဇဉ်ဖြစ်တဲ့ ဦးလေးမောင်ဟာ အချစ်ကို တစ်ဖန်ပြန်လည်တွေ့ရှိသွားတာကြောင့် သူ့ထက်နှစ် ၃၀ လောက်ငယ်ပြီး သား ညီညီထွေးထက်





www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ငယ်တဲ့ ဝတ်မှုံကို
တွေ့တဲ့အခါမှာတော့ မျိုသိပ်
မထားနိုင်တော့ဘဲ နောက်အိမ်ထောင်
ထူထောင်ခဲ့ပါတယ်။ ကောက်ကာငင်ကာ
အိမ်ထောင်ပြုသွားတဲ့ လေးလေးအပေါ်မှာ
ညီညီထွေးက မကျေနပ်ပါဘူး။
ဒါကြောင့် မန္တလေးမှာကျင်းပတဲ့
လေးလေးရဲ့ မင်္ဂလာဧည့်ခံပွဲကို
မသွားသလို၊ ရန်ကုန်ကို
ပြန်လာတဲ့ လေးလေးတို့
ဇနီးမောင်နှံကိုလည်း
သွားမကြိုပါဘူး။ သူ အိမ်ထောင်
ပြုတာကို ညီညီထွေး
မကျေနပ်ကြောင်း
ဦးလေးမောင်ကလည်း
ရိပ်စားမိပါတယ်။
ဒါပေမဲ့ လိမ္မာပါးနပ်တဲ့
ညီညီထွေး အနေအထိုင်
ပီရိမှုကြောင့်
သူတို့အိမ်မှာ အပြောင်းအလဲ
မရှိသလို နေနိုင်ခဲ့ပါတယ်။
သူ့ထက်တစ်နှစ်ငယ်ပေမဲ့
လေးလေးရဲ့ဇနီး ဝတ်မှုံကို
ညီညီထွေးက မမ ဝတ်မှုံ
လို့ခေါ်ပြီး ဝတ်မှုံကတော့
ညီညီထွေးကို လေးလေး
ခေါ်သလို ညီညီလို့ပဲခေါ်ပါတယ်။
ညီညီက အစစအရာရာမှာ
သူ့လေးလေး၊ စိတ်ချမ်းသာဖို့ကိုသာ
ဦးစားပေးသူ ဖြစ်တာကြောင့်
ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော
လေးလေး မပါရင် မပြီးပါဘူး။
ဝတ်မှုံခများတော့ သူ့ထက်
နှစ် ၃၀ လောက် အသက်ကြီးတဲ့
ဦးလေးမောင်ကို ဖခင်စကား
မလွန်ဆန်နိုင်တာကြောင့် လက်ထပ်ခဲ့ရ
ပေမဲ့ လူငယ်သဘာဝကိုတော့ မစွန့်လွှတ်
နိုင်ပါဘူး။ အရာရာမှာ လေးလေးကိုသာ
ဦးစားပေးတဲ့ ညီညီကို ဝတ်မှုံက
အရွဲ့တိုက်ချင်လာပါတယ်။ ဒါကြောင့်
ညီညီ့မိတ်ဆွေ မိုက်ကယ်တို့နဲ့
ညဥ့်နက်သန်းခေါင်အထိ ရုပ်ရှင်
သွားတာမျိုး၊ ပါတီတက်တာမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com

လုပ်လာပါတယ်။ ညီညီက သူ့လေးလေးစိတ်မချမ်းမသာ ဖြစ်မှာ စိုးလို့တားမြစ်တာကိုပဲ ဝတ်မှုံကလည်း ပိုပြီးရွံ့ချင်လာတယ်။ တကယ်တော့ ဝတ်မှုံစိတ်ထဲမှာ သက်တူရွယ်တူဖြစ်တဲ့ ညီညီ ကိန်းအောင်းလာခဲ့ပါပြီ။

သနပ်ခါး ဇာတ်ကားမှာ အဓိကဇာတ်ကောင် သုံးယောက်သာရှိပါတယ်။ နေအောင်၊ ရဲတိုက်နဲ့ ဝတ်မှုံရွှေရည်တို့ပါ။ သူတို့သုံးယောက်ရဲ့သရုပ်ဆောင်မှုများမှာ နေအောင်နဲ့ ဝတ်မှုံရွှေရည်တို့ရဲ့ သရုပ်ဆောင်မှုက ဖွင့်လုပ်ရတာဖြစ်ပေမဲ့ ရဲတိုက်ရဲ့ သရုပ်ဆောင်မှုကတော့ ရင်ထဲမှာရှိတာကို ထုတ်မပြနိုင်ဘဲ မျက်နှာအခံရုပ်နဲ့သာ သရုပ်ဆောင်သွားရတာဖြစ်ပါတယ်။ ဒီအခံရုပ်ကိုပဲ ပရိသတ်နားလည်အောင် ရဲတိုက်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ သူ့ရင်ထဲမှာ ဘာရှိတယ်ဆိုတာ ဒီဗီဒီကားကြည့်နေတဲ့ ပရိသတ်များ အလိုလိုနားလည်စေပါတယ်။

ဦးလေးမောင်က ဝတ်မှုံကို အရိပ်တကြည့်ကြည့် နေသူဖြစ်ပြီး သူ့အပေါ်မှာ ဝတ်မှုံတုံ့ပြန်မှု မပေးနိုင်ဘူးဆိုတာ သဘောပေါက်လာတဲ့ တစ်နေ့မှာ ဖြေလွှတ်ပေးနိုင်အောင် ကြိုးစားခဲ့ပါတယ်။ တရားစခန်းဝင်ပြီး စိတ်တည်ငြိမ်အောင် ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ဝတ်မှုံကို သူဘယ်လိုမှ မစွန့်လွှတ်နိုင်ပါဘူး။ နှလုံးရောဂါသည်





www.burmeseclassic.com

www.burmeseclassic.com

ဦးလေးမောင်ကို စိတ်မရှည်နိုင်တော့တဲ့
တော်မှုံက ကွာရှင်းစာချုပ်လက်မှတ်ထိုးပေးဖို့
တောင်းဆိုလာတဲ့အခါမှာတော့ ...။
ကြည့်ရခဲ့တဲ့ မေတ္တာဘွဲ့သက်သက်
ဒီဗီဒီကားတစ်ကားပါ။ ဟာသ၊
ဒရာမာ၊ ဂမ္ဘီရဇာတ်ကားများကို
ငြီးငွေ့နေတဲ့သူများအတွက်
ပင်လယ်ဗီဒီယိုထုတ်လုပ်ရေးက
ကြောမီ ဖြန့်ချိပေးပါလိမ့်မယ်။

■ မိုးကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


ရွှေစင်ဦးဗီဒီယို ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ နေသူရိန်က အလွမ်းပြန့်တမ်း ဆိုတဲ့ ဗီဒီယိုဇာတ်ကားကို ရိုက်ကူးထားပါတယ်။ အလွမ်းပြန့်တမ်း ဇာတ်ကားမှာ နေမင်း၊ ပြေဇင်၊ စန္ဒီမြင့်လွင် စတဲ့ သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကြတာပါ။ ရောင်နီ၊ မောင်မောင်၊ နုထွေး ဆိုပြီး အရမ်းချစ်ကြတဲ့ သူငယ်ချင်းသုံးယောက် ရှိကြပါတယ်။ ရောင်နီရဲ့မိဘများက ချမ်းသာတာကြောင့် ပညာရေး မပူမပင် မကြောင့်မကြ သင်ခဲ့ရသူပါ။ ဒါကြောင့် နေထိုင်၊ ပြောဆို၊ လုပ်ကိုင် စားသောက်မှုမှန်သမျှ ငွေရှိလို့ လုပ်ရဲ ကိုင်ရဲ၊ ပြောရဲ ဆိုရဲ ရှိလှပါတယ်။ မောင်မောင်နဲ့ နုထွေးတို့ကတော့ နယ်ကနေ မြို့ကိုလာပြီး ပညာသင်ရတာ ဖြစ်သလို ရှန်းကန်ရှုန်းတာကျောင်းတက် ရတာပါ။ ဒါကြောင့် မောင်မောင်၊ နုထွေးတို့နဲ့ ရောင်နီက စိတ်ဓာတ် ရေးရာမှာ ဆန့်ကျင်ဘက် ဖြစ်နေကြပါတယ်။ တစ်ရက် နုထွေးတစ် ယောက် အပေါင်ဆိုင်မှာ လက်စွပ်ပေါင်နေတာကို ရောင်နီက တွေ့သွားတာကြောင့် ဝင်တားပြီး




www.burmeseclassic.com

www.burmeseclassic.com

လိုသလောက်ငွေ သူ့ဆီကယူပါလို့ ချော့မော့ပြောဆိုခဲ့ပါတယ်။ ဒါပေမဲ့ နုထွေးက မာနရှိတာကြောင့် ခါးခါးသီးသီး ငြင်းဆိုခဲ့ပါတယ်။ ရောင်နီမှာ ဟေမာန်ဆိုတဲ့ ရည်းစားရှိပါတယ်။ ဟေမာန်က ရောင်နီရဲ့အချစ်ကို ပိုင်ဆိုင်လိုတဲ့စိတ်နဲ့ နိုင်ငံခြားကနေ ပြန်လည်ရောက်ရှိနေတာ ဖြစ်ပါတယ်။ ဟေမာန်က နုထွေးကို ရောင်နီ ကူညီပေးတဲ့အကြောင်းတွေသိတော့ သူငယ်ချင်းလား၊ ရည်းစားတွေလားဆိုပြီး သံသယဝင်ပါတော့တယ်။ နုထွေးကတော့ ရိုးရိုးသားသား စိတ်ရှိသလို ငွေကြေးမရှိပေမဲ့ မာနအပြည့်ရှိတဲ့သူပါ။ တစ်ရက်မှာတော့ နုထွေးရဲ့မိခင် နေမကောင်းတာကြောင့် ရွာကိုပြန်ဖို့ စီစဉ်ပါတယ်။ ရွာပြန်တော့မယ့် နုထွေးက ရောင်နီအတွက် လက်စွပ်တစ်ကွင်းအမှတ်တရပေးခဲ့ပါတယ်။ ရောင်နီရဲ့ လက်နဲ့ ချိန်ပြီးလုပ်ထားတာ မဟုတ်တဲ့အတွက် မတော်ဘဲဖြစ်နေ



သလို ရောင်နီက လက်မခံခဲ့ပါဘူး။ ဒါပေမဲ့ နုထွေးက ရောင်နီရဲ့လက်မှာ မတော်ပေမဲ့ ဆွဲကြိုးမှာ လက်စွပ်ကိုတပ်ပြီး ဆွဲပေးခဲ့ပါတယ်။ ဒီအဖြစ်အပျက်တွေကို မောင်မောင်တစ်ယောက် မြင်ပြီး စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။

နုထွေး ရွာကိုပြန်ချိန်မှာ မောင်မောင်က ကားဂိတ်ကို လိုက်ပို့ပေးခဲ့ပါတယ်။ ရောင်နီကတော့ နုထွေးရွာက ပြန်မလာဖြစ်ခဲ့ရင် နုထွေးရဲ့နေရာကို သိရအောင်ဆိုတဲ့စိတ်နဲ့ နောက်ယောင်ခံလိုက်သွားခဲ့ပါတယ်။ တစ်လခန့်အကြာမှာတော့ နုထွေးပြန်မလာဖြစ်ပါဘူး။ ဒါကြောင့် ရောင်နီနဲ့ မောင်မောင်တို့တိုင်ပင်ပြီး နုထွေးရဲ့ အခက်အခဲများကို ဖြေရှင်းနိုင်ဖို့ ရောင်နီက ဖခင် အငှားခေါ်ပြီး နုထွေးရှိတဲ့ တောင်ငူကို လိုက်သွားခဲ့ပါတယ်။ နုထွေး ရန်ကုန်ပြန်ရောက်ပြီး ကျောင်းပြန်တက်ခွင့်ရရှိပါတယ်။ ရန်ကုန်ကိုရောက်တဲ့အချိန်မှာ ရောင်နီရဲ့ဖခင်အတုကိစ္စကို သိသွားပြီး ဒေါသများပေါက်ကွဲသွားပါတော့တယ်။ နုထွေး စိတ်ဆိုး ဒေါသထွက်တာကို သိတဲ့ မောင်မောင်က သူငယ်ချင်းတွေဖြစ်လို့ ကူညီတာပါလို့ ဖြေပေးခဲ့ပါတယ်။ ရောင်နီကတော့ စေတနာအထင်လွဲတဲ့ နုထွေးကို ဒေါသပေါက်ကွဲမှုများနဲ့ နင့်ကို ငါချစ်လို့ပေါ့လို့ ဖြေခဲ့ပါတယ်။ အဲဒါကြောင့် မောင်မောင်က နုထွေးကို ရောင်နီ တကယ်ချစ်တာလားလို့ မေးမြန်းခဲ့ပါတယ်။ ရောင်နီ ချစ်တာကို သိတဲ့ မောင်မောင်က နုထွေးနဲ့ နီးစပ်အောင် လုပ်ပေးခဲ့ပါတယ်။ နုထွေးက ရောင်နီ့ကို သူ့ကိုတကယ်ချစ်ရင် မိဘတွေထံလာတောင်းပါလို့ ပြောပေမဲ့ မောင်မောင်ကိုတော့ ဒိုင်ယာယီစာအုပ်



www.burmeseclassic.com

www.burmeseclassic.com

တစ်အုပ်လက်ဆောင် ပေးခဲ့ပါတယ်။ ရောင်နီက အဲဒီစာအုပ်ကို ဖတ်ချင်ပေမဲ့ နုထွေးက မောင်မောင့်ကိုပေးတာ ဖတ်လို့မရဘူးဆိုပြီး တားမြစ်ခဲ့ပါတယ်။ မောင်မောင် အိမ်ကို ပြန်ရောက်တဲ့အခါ စာအုပ်ကို ဖွင့်ဖတ်တော့ စာအုပ်ထဲမှာ နုထွေး ရေးထားတာက "ငါတို့နှစ်ဦးဘွဲ့ရတဲ့အထိ မောင်မောင် ငါ့ကို ဖွင့်မပြောဖြစ်ခဲ့ရင် ငါကိုယ်တိုင်မောင်မောင့်ကို ချစ်ခွင့်ပန်ပြီး အရှက်မရှိ အဖြေတောင်းလိုက်မယ် သိလား တုံးရဲ့"လို့ ဖြစ်ပါတယ်။ အဲဒီစာကို ဖတ်မိတဲ့ မောင်မောင်က ဝမ်းနည်း နောင်တ ရပါတော့တယ်။ ရောင်နီက နုထွေးရဲ့မိဘများထံ လက်ထပ်ခွင့်တောင်းပြီး နုထွေးကို လက်ထပ်ခဲ့ပါတယ်။ နုထွေးက မင်္ဂလာပွဲ မလုပ်တော့ဘဲ မိဘစုံလင်စွာနဲ့ မင်္ဂလာဆွမ်းကျွေးပဲ ပြုလုပ်ပါတော့တယ်။ အဲဒီအချိန်မှာ ဟေမာန်ရောက်လာပြီး ရောင်နီနဲ့ရတဲ့ကိုယ်ဝန်ရှိနေပြီလို့ နှစ်ဖက်မိဘများရှေ့မှာ လာပြောတာကြောင့် နှလုံးရောဂါရှိတဲ့ နုထွေးရဲ့မိခင် ဆုံးပါးသွားခဲ့ပါတယ်။ နုထွေးက ရောင်နီကို နာကြည်းမုန်းတီးသွားတာကြောင့် **အလွမ်းပြန်တမ်း** က ဘယ်လိုဇာတ်သိမ်းမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။

**အလွမ်းပြန်တမ်း** ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဆဲဗင်းဒေးက ရေးသားထားပါတယ်။ ဒီဇာတ်ကားမှာ ရောင်နီအဖြစ် နေမင်း၊ မောင်မောင်အဖြစ် ပြေဇင်၊ နုထွေးအဖြစ် စန္ဒီမြင့်လွင်၊ ဟေမာန်အဖြစ် ဖူးပွင့်သခင်တို့က ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ■

**ခင်လေးမြင့်**





www.burmeseclassic.com

www.burmeseclassic.com




# ကောင်းသော ပြောင်းလဲခြင်းတွေနဲ့ ဘရစ်တနီစပီးယားစ်


ပုံယာအောင် (NY)

အဆိုတော်၊ မင်းသမီးလေး Britney Spears ဟာ ၃၂ နှစ်အရွယ်၊ အနုပညာသက်တမ်း ၂၁ နှစ်အတွင်း ပထမဆုံး Residency Concerts ဖျော်ဖြေခွင့်ရခဲ့ပါပြီ။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ လ ၂၇ ရက်မှာ စတင်သီဆိုဖျော်ဖြေပြီး၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့အထိ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း ပွဲစဉ် ၄ ခု၊ ၂၀၁၄ ခုနှစ်တွင် ပွဲစဉ် ၃၂ ခု၊ စုစု ပေါင်း ၃၆ ပွဲကြီးများတောင်ပါ။ ဘ[illegible]တ်နီစပီးယားစ် တစ်ကိုယ်တော် သီဆိုဖျော်[illegible]က အမေရိကန်ပြည်[illegible] Nevada ပြည်နယ်၊ Las Vegas ရှိ Planet Hollywood Resort and Casino ဟိုတယ်ခန်းမကြီးမှာပါ။ စက်တင်ဘာလ ၁၇ ရက်မှာ ချုပ်ဆိုခဲ့သော စာချုပ်များအရ တစ်နှစ်လျှင် ပွဲစဉ် ၅၀ စီနှင့်



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့
သုံး၊ လေးနှစ်အတွင်း
အိမ်ထောင်ရေး
အဆင်မပြေမှုများ
မူးယစ်ဆေးဝါး
သုံးစွဲမှုများကြောင့်
ဘရစ်တ်နီမှာ
အဘက်ဘက်က
သတင်းဆိုးများစွာ
ထွက်ခဲ့ရတယ်
အဲဒီအဆိုးတွေကြားက
ကြိုးစားရုန်းထွက်လာတဲ့
ဘရစ်တ်နီ့ကို
ပရိသတ်က
ဝမ်းသာအားရ
ကြိုဆိုခဲ့ကြတယ်

www.burmeseclassic.com

www.burmeseclassic.com



သားနှစ်ယောက်နဲ့အတူ
ရုပ်ရှင်ကြည့်နေတဲ့
ဘရစ်တ်နီစပီးယားစ်

စုစုပေါင်း ပွဲ ၁၀၀ ဖြစ်ရမှာပေမဲ့ ဘရစ်တ်နီရဲ့ သမိုင်းကြောင်း ကောက်ကောက်ကွေ့ကွေ့များကြောင့် ၁၆ ပွဲစာ ကို အရင်ဆုံး ဖော်ပြစေတာဖြစ်တယ်။ အောင်မြင်မှု အခြေအနေပေါ် မူတည်ပြီး နောက်ထပ်ပွဲစဉ်များအတွက် ဆက်လက်စဉ်းစားမယ်လို့ ဆိုပါတယ်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှာ လက်မှတ်များ စတင်ရောင်းချခဲ့ပြီး လက်မှတ်ဈေးနှုန်းများမှာ အနိမ့်ဆုံး ၅၉ ဒေါ်လာမှ အမြင့်ဆုံး ၁၇၉ ဒေါ်လာအထိ သတ်မှတ်ထားပါတယ်။ ပွဲပေါင်း ၁၀၀ အတွက် သန်း ၃၀ ဖြင့် သဘောတူစာချုပ် ချုပ်ဆိုထားပါတယ်။ အဲဒီပွဲစဉ်တွေရဲ့ အမည်ကို **Britney: Piece of Me** လို့ပေးထားပါတယ်။ In Style မဂ္ဂဇင်းအတွက် အင်တာဗျူးဆရာမ Isabel Whitaker က ဘရစ်တ်နီကိုသွားရောက်တွေ့ဆုံရာ လော့စ်အိန်ဂျလိစ်မြို့ အရှေ့ပိုင်း အကစတူဒီယိုတွင် လက်ခံစကားပြောခဲ့တယ်။ ကောင်းသော ပြောင်းလဲတိုးတက်ခြင်းများနဲ့ ပွဲစဉ်ပေါင်း ၁၀၀ အတွက် သူမက အကောင်းဆုံး ကြိုးစားလေ့ကျင့်နေပါတယ်။ ၁၆၀ ဒီဂရီလည်ပတ်နေမယ့် စင်တက်စင်မြင့်၊ ထူးခြားဆန်းပြားတဲ့ ဝတ်စုံလှလှပပများ၊ တေးသီချင်းတွေနဲ့ စည်းချက်ကျကျ ကပြအသုံးတော်ခံမယ့် အကအဖွဲ့များ၊ စင်မြင့်ပေါ်မှာ အမြင်ဆန်းကြယ်အောင် မီးတွေရှာ၊ ဆီးနှင်းတွေ ကျစေမယ့် စက်ကိရိယာများအကြောင်း ဘရစ်တ်နီက ရှင်းပြသွားပါတယ်။

*With a taste of your lips*
*I'm on a ride*
*you're toxic I'm slipping under*
*with a taste of a poison paradise*
*I'm addicted to you*
*Don't you know*
*that you're toxic*
*And I love what you do.*

ဆိုတာ ဘရစ်တ်နီရဲ့ *Toxic* သီချင်းမှ *Chorus* အပိုဒ်ကလေးပါ။ သူမက ‘ဒီ ကျွန်မ အနှစ်သက်ဆုံးကလေးပေါ့’ လို့ ပြောပြီး ကချေသည် ၁၄ ယောက်နဲ့ ကကွက်များ ညီညာသပ်ရပ်အောင် အခေါက်ပေါင်း ၂၀ ထက်မနည်း ထပ်ကာ ထပ်ကာ လေ့ကျင့်ကြပါတယ်။

ပွဲတစ်ပွဲမှာ သီချင်းအပုဒ်ရေ ၂၀ အနည်းဆုံး သီဆိုမှာဖြစ်ပြီး ၂၀၀၀ ခုနှစ်က လူကြိုက်များခဲ့တဲ့ *Stronger* သီချင်းလည်း ပါဝင်မှာပါ။ လွန်ခဲ့တဲ့ ၁၄ နှစ်လောက်က အထူးအောင်မြင်ခဲ့သော ပြဿနာပေါင်း သောင်းခြောက်ထောင်ကြား အောက်ဆုံးကနေ တစ်ဆင့်ချင်း ပြန်တက်လာတဲ့ ဘရစ်တ်နီအတွက် လက်ရှိအချိန်မှာ အလိုက်ဖက်ဆုံးသီချင်း တစ်ပုဒ်ဖြစ်နေပြန်ပါတယ်။

သူမရဲ့ ပထမဆုံး တေးအယ်လ်ဘမ် *Baby One More Time* ကို ၁၉၉၉ တွင် ထုတ်ခဲ့ပြီး၊ မကြာသေးခင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့က ၈ ခုမြောက် အယ်လ်ဘမ် *Britney Jean* ပြန်ချိုခဲ့ပါပြီ။ လွန်ခဲ့တဲ့ သုံး၊ လေးနှစ်အတွင်း အိမ်ထောင်ရေး အဆင်မပြေမှုများ၊ မူးယစ်ဆေးဝါး သုံးစွဲမှုများကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အသားအရေ အလှအပ
ထိန်းသိမ်းမှုကို သဘောကျတဲ့
ဘရစ်တ်နီစပီးယားစ်

www.burmeseclassic.com

www.burmeseclassic.com



လက်ဖွေ့လည်း ကစား၊
ယောဂလည်း ကျင့်တဲ့
ဘရစ်တ်နီစပီးယားစ်

ဘရစ်တ်နီမှာ အဘက်ဘက်က သတင်းဆိုးများစွာ ထွက်ခဲ့ရတယ်။ အဲဒီအဆိုးတွေကြားက ကြိုးစားရုန်းထွက်လာတဲ့ ဘရစ်တ်နီ့ကို ပရိသတ်က ဝမ်းသာအားရ ကြိုဆိုခဲ့ကြတယ်။

In Style မဂ္ဂဇင်းက လစဉ်ပုံမှန် ဖတ်ရှုအားပေးနေတဲ့ ပရိသတ်စိတ်ကြိုက်မေးခွန်းများ ဘရစ်တ်နီ့ကို တိုက်ရိုက်ဖြေဆိုခိုင်းခြင်းဖြင့် အင်တာဗျူးကို ထူးခြားအောင် ဖန်တီးခဲ့ကြတယ်။

**(Quinn Keaney, Pittsburgh) ။ ။ ဘရစ်တ်နီရဲ့ အောင်မြင်မှုတွေအတွက် ဂုဏ်ယူပါတယ်။ ဒီရှိုးပွဲလုပ်ရတာနဲ့ ပတ်သက်လို့ ပျော်စရာကောင်းတဲ့ အချက်တစ်ချက်လောက် ပြောပြပါ။**

ကခုန်နေရတာအတွက် ကျွန်မက အမြဲပဲ စိတ်လှုပ်ရှားပျော်ရွှင်နေမိတယ်။ ဒါပေမဲ့ လှပဆန်းပြားတဲ့ ဝတ်စုံတွေကိုလည်း ကျွန်မ သဘောကျနေတာပါ။ စဝတ်ကြည့်ရတော့ ကျွန်မ အံ့သြပျော်ရွှင်လိုက်တာဆိုတာလေ။ ဒါ မိန်းကလေးတွေ အကြိုက်ကိုး။ ဖိနပ်ဟီးလ်မြင့်မြင့်တွေဝတ်ဖို့ ရွေးရတယ်။ လည်မှာဆင်မြန်းဖို့ လည်ဆွဲလှလှတွေလည်း ပါသေးတာပေါ့။ အရမ်းကို ကြိုက်တာပဲ။ ကျွန်မ အနှစ်သက်ဆုံးတွေပါပဲ။

**(Grace Rodriguez, Norwich, Vermont)။ ။ ၂ နှစ်ဆက်တိုက် ဖျော်ဖြေရမယ့်ရှိုးမှာ အခက်အခဲဆုံးအပိုင်းကဘာများဖြစ်မလဲ။**

ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်ဖို့က ဧရာမ အခက်အခဲဆုံးပေါ့။ ကျွန်မ တစ်နေ့ကို အနည်းဆုံး ၃ နာရီ(သို့မဟုတ်) ၄ နာရီလောက် လေ့ကျင့်တယ်။ တစ်ခါတလေ ၅ နာရီလောက်တောင် ဖြစ်သွားရော။ မနေ့ကဆို ကျွန်မ တစ်ကိုယ်လုံး အခြေအနေ အတော်ဆိုးသွားတာမို့ တစ်ရက်တည်းမှာ နှစ်ကြိမ်လောက် အနှိပ်ခံလိုက်ရသေးတယ်။ ကျွန်မ ငယ်ငယ်တုန်းကဆို အခုလောက် ကြိုတင်လေ့ကျင့်မှုတွေ ပြင်းပြင်းထန်ထန် မလုပ်ခဲ့ဖူးပါဘူး။ ကိုယ့်ကိုယ်ကိုလည်း အခု ကျွန်မက ခပ်ပြင်းပြင်းလေးမောင်း



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါတယ်။ ဟိုတုန်းကဆို နှစ်ကြိမ် ဆောက် လေ့ကျင့်ပြီးရင် တော်ပြီဆိုပြီး ရပ်လိုက်တာ။ အခုတော့ ကျွန်မကိုယ် ကျွန်မ အရမ်း ဆန်းစစ်ဝေဖန်အပြစ်ရှာ တတ်နေပြီ။

**(Anna Hecht, Illinois)။ ။ ဘရစ်တ်နီရဲ့ အင်တာနက်စာမျက်နှာ ပေါ်က ဘီကီနီဝတ်စုံကို တွေ့မြင်ပြီး) မင်းရဲ့ကိုယ်လုံးက အခု အမိုက်စားဖြစ် နေပြီ။ အဲသလို ပြန်ဖြစ်လာတော့ ဘယ် လိုခံစားရသလဲ။**

ကျွန်မ တွေးမိတယ်။ ကျွန်မ Keeping Up with the kardashians ဆိုတဲ့ရှိုးကို စောင့်ကြည့်ခဲ့ဖူးတယ်။ သူ ကိုယ်ဝန် ဆောင်ထားရတဲ့အချိန်က ကိုယ်ဝန် ကြောင့် သူ အရမ်း ဝဝ ထွားထွားကြီး ဖြစ်နေတယ်လေ။ အဲဒီလိုဖြစ်နေတဲ့အချိန် မှာ ပါပါရာဇီ သတင်းမှုဆိုးတွေက တော်တော် မညှာမတာ ရက်ရက်စက် စက် ဝေဖန်ရေးသားခဲ့ကြတယ်။ ကျွန်မ သူ့အတွက်

ကျွန်မ သိပ်သဘောကျမိတယ်။ ဒါပေမဲ့ ဒီလုပ်ငန်းခွင်မှာကျတော့ မကောင်းဆိုး ဝါး နတ်ဆိုးနဲ့ ဆက်ဆံပတ်သက်နေရ သလိုဖြစ်နေတာ။ ဒီအလုပ်မှာ အဆင် ပြေအောင်၊ ကြည့်ကောင်းဖို့ လိုအပ် တယ်။ လူတွေကလည်း ကြည့်ကောင်း တာကိုမျှော်လင့်တာပဲလေ။ ဒါကို ကျွန်မ က ကျွန်မရဲ့အလုပ်တာဝန်လို့ ခံယူထား ပါတယ်။



'ကျွန်မကလေးတွေက ပြောလိမ့်မယ်။ မာမီက ရယ်ရတယ်။ ပြီးတော့ သူတို့စားချင်တာကိုလည်း တိတိကျကျလုပ်ကျွေးတတ်တယ်'လို့ဆိုတဲ့ ဘရစ်တ်နီစပီးယားစ်

ဒီလိုမျိုးကြည့်ကောင်းဖို့ အရေးကြီး တယ်လို့ ကျွန်မ ထင်ပါတယ်။ ကိုယ့် ကိုယ်ကို အဲသလိုမြင်ရတော့ စိတ်လည်း ချမ်းသာတာပေါ့။ ဒါပေမဲ့ ကျွန်မ မျှမျှ တတ ချင့်ချိန်ကြည့်ပါတယ်။ တစ်ကမ္ဘာ လုံးက ကိုယ့်ပုံစံ ဘယ်လိုဘယ်ညာ ရှိ နေတယ်ဆိုတဲ့ ဝေဖန်မှုတွေကို သိပ် အလေးအနက်ထားနေရင် ကိုယ့်ကိုယ် ကို ညှဉ်းပန်းနှိပ်စက်ရာ ကျတယ်လို့

ဆုတောင်းပေးခဲ့ပါတယ်။

အဲဒီအချိန်တွေကို ကျွန်မ မှတ်မိ သတိရနေတယ်လေ။ ကိုယ်ဝန်ဆောင် ထားရချိန်မို့ အလိုလို စိတ်ခံစားချက်တွေ က စုံနေတာ။ သတင်းမှုဆိုးတွေက နှိပ် စက်တော့ ဘယ်လောက် ဒုက္ခများ သလဲ။ အမှန်ဆို မိန်းမသားတွေအဖို့ အဲဒီ အချိန်က တန်ဖိုး အရှိဆုံးဖြစ်နေတာ။ အကြောင်းပြချက် အမျိုးမျိုးနဲ့ ကျွန်မ ကတော့ ကိုယ်ဝန်လွယ်ထားရတာကို

**(Zachary Robbins, Massachusetts)။ ။ ကျန်းမာရေးကောင်း ပြီး ကြော့ရှင်းလှပနေအောင် ဘယ်လို လေ့ကျင့်ထားသလဲ။ မင်းရဲ့ကမ္ဘာကျော် အောင် ထင်ရှားတဲ့ဗိုက်သားချပ်ချပ် ကလေးက မင်းခန္ဓာကိုယ်တစ်ခုလုံးမှာ ဖေးဘရိတ်အစိတ်အပိုင်းလား။**

တကယ်တမ်းပြောရရင် ကျွန်မ ခန္ဓာကိုယ်ရဲ့ အကောင်းဆုံးအစိတ်အပိုင်း က ကျွန်မအထင် လက်မောင်းတွေပါ။ အဲဒီလိုဖြစ်သွားအောင် နယူးယော့ခ်မြို့

www.burmeseclassic.com

က လက်ဖွဲ့ ထရိန်နာတစ်ယောက်က လေ့ကျင့်ပေးခဲ့တာဖြစ်ပါတယ်။ ကျွန်မလည်း သူ တွန်းအားပေးလို့ စွတ်လေ့ကျင့်ပစ်တာ သူ့မျက်လုံးတစ်ဖက် ကန်းသွားမတတ် ဖြစ်ခဲ့ရသေးတယ်။ လက်ဖွဲ့အိတ် စွပ်ထားတဲ့ လက်သီးစာ မိသွားလို့ပေါ့။ သူ လေ့ကျင့်ပုံက နောက်တစ်နေ့ မနက်ဖြန်ဆိုတာ မရှိတော့သလို အသေအလဲခိုင်းတာမျိုး။ အခုလည်း ကျွန်မ လက်ဖွဲ့ကစားတုန်းပါ။ ယောဂလည်း ကျင့်တယ်။ လက်ဖွဲ့ကတော့ တကယ့်ကို ချွေးအရမ်းထွက်တာလေ။ ကျွန်မ ကြံ့ခိုင်ဖို့ အခွင့်အာဏာ သိပ်ဖြစ်စေတယ်။

အမျိုးသမီးတွေ လက်ဖွဲ့ကစားတာကောင်းတယ်လို့ ကျွန်မတော့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ စိတ်ထဲရှိတဲ့ စိတ်ခံစားချက်တွေ ပွင့်ထွက်သွားစေဖို့ အကူအညီပေးရာရောက်လို့ပါ။ လေ့ကျင့်ချိန်ပြီးသွားတဲ့အခါ မျက်ရည်ကျ ငိုမိသေးတာ။ ကိုယ့်စိတ်ထဲ ထိန်းချုပ်ထားရသမျှတွေ သွန်ချအန်ထုတ်လိုက်သလို ဖြစ်သွားတာကိုး။

**(Sarah Kinonen, Florida)။ ။ အချိန်တွေ ကြာလာတာနဲ့အမျှ မင်းရဲ့ ဝတ်စားဆင်ယင်ပုံစံတွေ ပြောင်းလဲလာပြီလား။**

ကျွန်မငယ်ငယ်တုန်းက ဘာဝတ်စားထားတယ်ဆိုတာကို ပိုဂရုတစိုက်ရှိမိတယ်။ ဒါပေမဲ့ အရွယ်ရလာတာနဲ့အမျှ လွယ်လင့်တကူနဲ့ သက်သောင့်သက်သာရှိဖို့ကိုပဲ ပိုစဉ်းစားတော့တယ်။ ပြီးတော့ မိခင်တစ်ယောက်အနေနဲ့ ကျွန်မနည်းနည်း ရှေးရိုးဆန်လာတယ်။ ပွဲလမ်း၊ အခမ်းအနားတွေသွားရင် ကျွန်မကြည့်ကောင်းချင်တယ်။ ပြင်ပြင်ဆင်ဆင် နေချင်တယ်။ ပြချင်တာပေါ့လေ။ စင်ပေါ်မှာ ဖျော်ဖြေတဲ့အခါကျတော့ ပရိသတ်က ကျွန်မကို ဘယ်လိုမျှော်လင့်မယ်ဆိုတာ ကျွန်မ သိပါတယ်။ လင်းလက်တောက်ပပြီး စွဲမက်စရာကောင်းစေချင်ကြတယ်။ ဒါမျိုးကို ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့

တစ်ခါတစ်ရံမှာ
ကိစ္စတိုင်းကို
အလွန် ဂရုတစိုက်
ရှိတတ်ပေမဲ့
တစ်ခါတလေတော့လည်း
ချို့ယွင်းချက်လေးတွေ
ရှိပါတယ်
တချို့ကိစ္စတွေမှာ
ကျွန်မ
သိပ်စိတ်ပူတတ်တယ်
ဒါကတော့
ကျွန်မရဲ့အကျင့်ဖြစ်နေပြီ
အချိန်တချို့မှာတော့
ကျွန်မရဲ့
နေ့စဉ်ပုံမှန်ဘဝကနေ
လွဲဖယ်သွားတာမျိုးလည်း
ဖြစ်တတ်ပါတယ်

ကျွန်မရဲ့ နေ့စဉ် ပုံမှန်ဘဝမှာတော့ ကျွန်မဒီ့ထက်ပိုပြီး ရိုးရိုးလေးပဲနေလေ့ရှိတယ်။

**(Olivia Allchorn, California)။ ။စတိုင်ကျကျဝတ်စားတတ်တယ်လို့ မင်း ဘယ်သူတွေကို ထင်သလဲ။**

ဂျန်နီဖာလိုပက်ဇ်က ဘာနဲ့ ဘယ်လို တွဲဖက်ပြင်ရမယ်ဆိုတာသိတယ်။ သူ့ကိုတွေ့ရင် အမြဲတောက်ပ ရွှန်းလဲ့နေတာပဲ။ မင်းသမီး Sarah Jessica Parker လည်း သိပ်ဝတ်တတ် စားတတ်တယ်။ သူ့ကိုယ်လုံးက အရှုံးအမူးစွဲမက်စရာပေါ့။

**(Brittany Hoffman, Michigan)။ ။ မင်းသဘောကျတဲ့ဝတ်စားဆင်ယင်မှုမျိုးက ဘယ်လိုဟာမျိုးလဲ။**

ဂျင်းဘောင်းဘီကောင်းကောင်း၊ ခပ်မြင့်မြင့် ဖိနပ်တစ်ရန်၊ တကယ်တော့ ကျွန်မဘွတ်ဖိနပ်ဝတ်ရတာလည်း ကြိုက်တယ်။ ဒူးခေါင်းလောက်အထိ ရှည်တဲ့ လည်ရှည်ဘွတ်ဖိနပ်မျိုးပေါ့။ ကိုယ်ကျပ်လက်ပြတ်အင်္ကျီနဲ့ ဘလေဇာအပေါ်ဝတ်အင်္ကျီ။ အဲလိုလေးဝတ်လိုက်ရရင်တော့ ဘယ်တော့မှ မကျေမနပ် မရှိစေရဘူး။

**(Samantha Cortez, New Jersey)။ ။ မင်းက ဆံပင်အလှ၊ မိတ်ကပ်အလှ ဒါမှမဟုတ် ဖက်ရှင်အလှ ဘာကိုပိုဦးစားပေးတဲ့မိန်းကလေးမျိုးလဲ။**

အသားအရေအလှကို ပိုဦးစားပေးတဲ့ မိန်းကလေးပါ။ ကျွန်မက အစွဲအလမ်းတောင်ဖြစ်နေတာ။ ကျွန်မ အမေကြောင့်ပေါ့။ သူက Rodan +Fields မျက်နှာအသားအရေ အလှကုန်ကို သိပ်ယုံကြည်တာလေ။ ရှီရှဲဒိုးကထုတ်တဲ့ အလှကုန်အသစ်တောင် ကျွန်မ ဝယ်ဖြစ်သေးတယ်။ တံဆိပ်အသစ်တွေ စမ်းသုံးကြည့်ဖို့လည်း ကျွန်မမှာ ပြဿနာမရှိပါဘူး။ Beverly Hills မှာရှိတဲ့ ပလတ်စတစ်ဆာဂျရီ Dr. Raj Kanodia နဲ့ ကျွန်မ တွေ့ဆုံဆွေးနွေးနေကျပေါ့။ တစ်ခါတလေ သူက ကျွန်မ ပျော်စရာဖြစ်အောင် ဖန်တီးပေးတတ်တယ်။ အရင်က နှုတ်ခမ်းသားလေးတွေအတွက် ဆေးထိုးဖူးတယ်။ သူတီထွင်ထုတ်လုပ်တဲ့ အစိမ်းရောင် ချွဲကျိကျိအရည်နဲ့ မျက်နှာကိုအနှံ့ လိမ်းကျံလိုက်ရင် အံ့ဩစရာကောင်းလောက်အောင် အလုပ်ဖြစ်တယ်။ အဲဒါ လိမ်းထားပြီး ညအိပ်ရတယ်လေ။ ကျွန်မအသားအရေ အလှအပ ထိန်းသိမ်းမှုကို သဘောကျသူမှန်း မရိပ်မိနိုင်ဘူးလားဟင်။

**(Penny Kelen, Los Angeles)။ ။ အနားယူတဲ့အချိန် မင်း ဘာလုပ်တတ်သလဲ။**

Spa Treatment ယူရတာကို သဘောကျတယ်။ အထူးသဖြင့် Four Seasons ဟိုတယ်က ဝန်ဆောင်မှုကို နှစ်သက်မိတယ်။ သွားလိုက်ရင် စိတ်ထဲ အလွန်ကျေနပ်သွားမိတာမျိုးလေ။ မနေ့က အဲဒီ ရောက်ခဲ့ပါသေးတယ်။

**(Chelsea Moyer, New York)။ ။ ဘရစ်တ်နီရဲ့ သားကလေးနှစ်ယောက်က အမြဲ ပြုံးရွှင်နေတာပဲနော်။ မိခင်ကောင်းတစ်ယောက်ဖြစ်အောင် ဘယ်လို ပြင်ဆင်နေထိုင်ပါသလဲ။**

ကျွန်မမှာ စိတ်ထက်သန်ပြင်းပြ



www.burmeseclassic.com

www.burmeseclassic.com

ဒေါသ၊ ရယ်ရွှင်ဖွယ်ဟာသတွေ ပိုင်ဆိုင်ပါတယ်။ ဒါပေမဲ့ တာဝန်ယူတတ်တဲ့ မိခင်တစ်ယောက်လည်း ဖြစ်ပါသေးတယ်။ တစ်ခါတစ်ရံမှာ ကိစ္စတိုင်းကို အလွန် ဂရုတစိုက် ရှိတတ်ပေမဲ့ တစ်ခါတလေတော့လည်း ချို့ယွင်းချက်လေးတွေရှိပါတယ်။ တချို့ကိစ္စတွေမှာ ကျွန်မ သိပ်စိတ်ပူတတ်တယ်။ ဒါကတော့ ကျွန်မရဲ့အကျင့်ဖြစ်နေပြီ။ အချိန် တချို့မှာတော့ ကျွန်မရဲ့ နေ့စဉ်ပုံမှန်ဘဝကနေ လွဲဖယ်သွားတာမျိုးလည်း ဖြစ်တတ်ပါတယ်။ တစ်စုံတစ်ခုအတွက် စိတ်တွေပူပြီး အလုပ်တောင်မသွားနိုင်တာမျိုးပေါ့။

(Rebecca Allen, Texas) ။ **။ မင်းရဲ့သားတွေကို မင်းနဲ့ပတ်သက်လို့ မေးခဲ့ရင် မိခင်တစ်ယောက်အနေနဲ့ မင်းအကြောင်း ဘာတွေပြောကြမလဲ။**

ကျွန်မကလေးတွေက မာမီက ရယ်ရတယ်လို့ ပြောလိမ့်မယ်။ သူတို့စားချင်တာကိုလည်း တိတိကျကျ လုပ်ကျွေးတတ်တယ်လို့ ပြောမယ်ရှင့်။ သစ်ကြမ်းပိုးခေါက်အနံ့ထည့်ထားတဲ့ ပေါင်မုန့်ကနေ ကြက်အသားချောင်း ကလေးတွေစားချင်တယ်လို့ ပူဆာတတ်ကြတယ်။ အစားအသောက်နဲ့ပတ် သက်ရင်တော့ ကျွန်မ သူတို့ကိုသိပ် အလိုလိုက်ပါတယ်။ စားစရာတွေအစုံအလင်ကို ကိုယ့်ဇွန်းကိုယ်စီနဲ့ စားခိုင်းတယ်။ ပြောရတာ နည်းနည်းတော့ ရယ်စရာကောင်းမယ်။ သူတို့ကလည်း စားခါနီးရင် သားတို့ဇွန်းတွေရောလို့ မေးရောလေ။ ကျွန်မမှာ 'ဩော် ငါ ဘယ်လိုများ ပုံသွင်းလိုက်မိပါလိမ့်' တွေးမိတယ်။

(Jennie Bernstein, Philadelphia)။ **။မိဘတစ်ယောက်အဖြစ် အကြီးအကျယ်ဆုံး စိန်ခေါ်မှုဆိုတာ ဘာများဖြစ်မလဲ။**

မိခင်တစ်ယောက်အနေနဲ့ ဒီလိုအခြေအနေတွေ ဖြတ်ကျော်ရတဲ့အခါ 'ဘာတွေများ ဖြစ်နေပါလိမ့်၊ ဒါပုံမှန်ပဲလား၊ ပြောင်းလဲတိုးတက်မှုလား၊ ဒါမှမဟုတ် ဒါ ဘာကြီးတုံး' ရယ်လို့ ခံစားမိပါလိမ့်မယ်။ ကိုယ်သိချင်လို့ မေးမိတဲ့ မေးခွန်းတွေကလည်း ပေါတောတော၊ ပေါက်တောက်တောက်တွေ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ မိခင်တစ်ဦးမို့ ဒါတွေ သိထားဖို့ လိုအပ်တယ်ဆိုပြီးပေါ့။ ကျွန်မတို့က သာမန်လူသားပဲလေ။ ဘယ်အကုန် သိနေနိုင်ပါ့မလဲ။ ရိုးရိုးသားသား ပြောရရင် မိခင်ဖြစ်နေတဲ့ မိတ်ဆွေတွေ များများရှိလိုက်ချင်တာပါပဲ။

(Simone Perrin, California)။ **။ သားကလေးတွေ ကြီးပြင်းလာတဲ့အချိန်ကျရင် ချစ်ခြင်းကို တွေ့ရှိတာနဲ့ပတ်သက်ပြီး ဘယ်လိုမျှော်လင့်ထားသလဲ။**

သူတို့ရှာတွေ့တဲ့ ချစ်ခြင်းမှာ ပျော်ရွှင်မှုတွေ ပါဝင်စေချင်ပါတယ်။ သူတို့နဲ့ တွေ့ဆုံ ဆုံစည်းကြရမယ့် မိန်းကလေးတွေအတွက် သူတို့ဟာ ချစ်ခင်နှစ်လိုဖွယ်ကောင်းတဲ့ လူကြီးလူကောင်းတွေ ဖြစ်လာပါစေလို့လည်း ကျွန်မ မျှော်လင့်ပါတယ်။

(Claire George, Washington)။ **။ တောင်ပိုင်းပြည်နယ်က လာတဲ့ သူတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကို ဘယ်လိုလူစားလို့ သတ်မှတ်အဓိပ္ပာယ်ဖော်ဆောင်ပါမလဲ။**

ရိုးသားတဲ့ တောင်ပိုင်းသားတွေရဲ့ အကျင့်သိက္ခာတွေ ကျွန်မမှာ ရှိနေတုန်းပဲလို့ ခံစားရပါတယ်။ ကျွန်မ ဘယ်သူလဲ၊ ဘယ်ကလာသလဲဆိုတာ ကျွန်မသိနေသရွေ့ ဒါတွေကို သိနေမှာပါ။ တောင်ပိုင်းကလူတွေ ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံမှုမျိုးကိုလည်း ကျင့်သုံးဆဲပါ။ ကျွန်မ မိသားစုထဲမှာလည်း ဒီယဉ်ကျေးမှုတွေကို ဆက်လက်ထိန်းသိမ်းသွားနိုင်ဖို့ ကြိုးစားပါ့မယ်။

(Nico McManus, California) ။ **။ နောက် ၅ နှစ်အကြာမှာ မင်းဘဝကို ဘယ်လိုမျိုး ဖြစ်နေစေချင်လဲ။**

ပထမပိုင်းနှစ်တွေကိုတော့ အနုပညာအလုပ်တွေနဲ့ အလုပ်များနေချင်ပါတယ်။ ပြီးရင်တော့ ရင်သွေးလေး နောက်တစ်ယောက် သမီးကလေး ရချင်ပါတယ်။ ကျွန်မနဲ့တူတဲ့ ဘရစ်တ်နီ အသေးစားကလေးဖြစ်မယ်လို့ ထင်ပါတယ်။ အဲသလိုဖြစ်ခဲ့ရင် ကျွန်မ ရူးသွားအောင် ပျော်မိမှာပဲ။ ကမ္ဘာပေါ်မှာ ကျွန်မ ဘယ်တော့မှ တစ်ယောက်တည်း ဖြစ်တော့မှာမဟုတ်ဘူး။ ကျွန်မအပြင် နောက်ထပ် ဘရစ်တ်နီရယ်လို့ ရှိနေပြီဆိုပြီး ခံစားရလိမ့်မယ်။

(Dana Emmer, New York)။ **။လူတွေ မထင်မှတ်ထားတဲ့ကိစ္စ တစ်ခုခု မင်းလုပ်မိမယ်ဆိုရင် အဲဒါ ဘာများဖြစ်နိုင်မလဲ။**

ကျွန်မ ချက်ပြုတ်ချင်စိတ်ရှိတယ်။ ခွေးကျောင်းထွက်ချင်တယ်။ တစ်ရက် ၃ ကြိမ်လောက် ကျွန်မ ခွေးတွေကို လမ်းလျှောက်မခိုင်းဘဲ ကလေးတွန်းလှည်းထဲ ထည့်တွန်းပေးချင်တာလေ။ ကျွန်မမှာ ခွေးကလေး ၃ ကောင်ရှိတယ်။ အရမ်း ချစ်စရာကောင်းကြပြီး သူတို့နဲ့ ကစားရတာကို ပျော်တယ်။

(Samantha Humbert, Ohio) ။ **။ အင်တာနက်စာမျက်နှာတွေပေါ်မှာ မင်းတင်ပေးလိုက်တဲ့ ဓာတ်ပုံလေးတွေက သိပ်ချစ်ဖို့ကောင်းတာပဲ။ ရယ်လည်းရယ်ရတယ်။ ဒါမျိုးတွေ ကိုယ့်ဘာသာကိုယ် လုပ်တာလား။**

ကျေးဇူးတင်ပါတယ်။ များသောအားဖြင့်တော့ ကျွန်မအကြံဉာဏ်ပါ။ ဒါပေမဲ့ ကျွန်မရဲ့အဖွဲ့နဲ့ အတူလုပ်ဖြစ်လေ့ရှိတယ်။

(Rachel Stiles, Georgia)။ **။ အောင်မြင်မှုဆိုတာ မင်းအတွက် ဘယ်လိုအဓိပ္ပာယ်သက်ရောက်သလဲ။**

ကိုယ့်ကိုယ်ကို မျှတအောင်နေတယ်။ စိတ်ချမ်းသာ ပျော်ရွှင်မှုတွေနဲ့ ကျန်းမာရေးကိုအလေးထားနေပါတယ်။

(Trevor Cook, Washington D.C)။ **။ မင်းက ငတုံး၊ ငအတစ်ယောက်ပါလို့ ကိုယ့်ကိုယ်ကို ပြောခဲ့ဖူးတယ်။ အခုရော အဲဒီအတိုင်းပဲလား။**

သိပ်ဟုတ်တာပေါ့။ ပြောရရင်တော့ အခု ပိုတောင်တုံး၊ ပိုတောင် အ.လာသေးတယ်။ ■

ရီတာအောင် ၊N&Z၊


www.burmeseclassic.com

# ဆင္ဆမမြောက်အခန်း

မိုးကျော်ထွန်း


ဒါရိုက်တာ ညီမြင်းလွင် ရိုက်ကူးရင် ဇာတ်လမ်း ဇာတ်ကွက်များက သမားရိုးကျ ဇာတ်လမ်းများကနေ ခွဲထွက်လာတတ်တာကို ပရိသတ်များ သတိထားမိမှာပါ။ အခုလည်း အောင်သီရိစီဒီယို ထုတ်လုပ်ရေးက ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းလောက်မှာ ဖြန့်ချိပေးမယ့် **ဆင္ဆမမြောက်အခန်း** လို့ အမည်ပေးထားတဲ့ ဒီဗီဒီကားတစ်ကားကို ရိုက်ကူးပြီးစီးသွားပါပြီ။ **ဆင္ဆမမြောက်အခန်း** မှာ အဓိကသရုပ်ဆောင်များအဖြစ် အကယ်ဒမီလူမင်း၊ ပိုင်ဖြိုးသု၊ နေဒွေး၊ အကယ်ဒမီ ဝါဝါအောင်တို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ လူမင်းက ပါမောက္ခဆရာဝန်ကြီးတစ်ဦးဖြစ်တဲ့ ဒေါက်တာ ဩရအဖြစ် သရုပ်ဆောင်ပါတယ်။ ဒေါက်တာ ဩရဟာ ဆေးပညာသုတေသနလုပ်ငန်းများမှာ အထူးတလည် စိတ်ဝင်စားသူအဖြစ် ဆေးပညာလောကသားများက သိထားကြပါတယ်။

လူငယ်ဆရာဝန်များကိုလည်း ဒေါက်တာ ဩရက ပညာသင်ကြားပို့ချပေးနေရာ သူ့တပည့်ဆရာဝန်ငယ်များထဲမှာ ပါဝင်တဲ့ ဒေါက်တာ နေလွင်အဖြစ် နေဒွေးက ပါဝင်သရုပ်ဆောင်ပါတယ်။ သင်ကြားပို့ချရာမှာ ဒေါက်တာ နေလွင်က အမေးအမြန်းထူတဲ့ ဆရာဝန်ကလေးအဖြစ် သူငယ်ချင်းများက အသိ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပြုထားကြပါတယ်။

ဒေါက်တာ နေလွင်က သုတေသနနဲ့ ပတ်သက်တဲ့ မေးခွန်းများကို မေးတိုင်း ဒေါက်တာ ဩရက ရှောင်ထွက်သွားတာချည်း ဖြစ်လို့ ဒေါက်တာ ဩရမှာ လျှို့ဝှက်ချက်တစ်စုံတစ်ခု ရှိလိမ့်မယ်လို့ ဒေါက်တာ နေလွင်က ယုံကြည်နေပါတယ်။

ဒေါက်တာ ဩရရဲ့နေအိမ်မှာ လူစိမ်းမဝင်နိုင်အောင် အခိုင်အမာ စီစဉ်ဆောင်ရွက်ထားတာကြောင့် ဒေါက်တာ နေလွင်အနေနဲ့ ဒေါက်တာ ဩရရဲ့အိမ်ကို ဝင်ရောက်နိုင်ရေး ကြံစည်ရပါတယ်။ ဒေါက်တာ ဩရက သူ့အိမ်မှာ လူယုံအဖြစ် ဒေါ်မိုးတား (ဝါဝါအောင်)တစ်ယောက်ကိုသာ ထားရှိပါတယ်။ လျှို့ဝှက်ချက်အားလုံး ဒေါ်မိုးတား သိထားတာကြောင့် ရွာကိုတောင် အလည်အပတ်ပြန်ခွင့် မပေးပါဘူး။



ဒေါက်တာ ဩရ စာသင်ကြားနေချိန်မှာ ဒေါက်တာ နေလွင်က သင်တန်းမတက်ဘဲ ဒေါက်တာ ဩရနေအိမ်သို့ ရောက်ရှိလာခဲ့ပါတယ်။ မျက်နှာထားတင်းတဲ့ ဒေါ်မိုးတားက ဘာကိစ္စလာသလဲလို့ မေးတဲ့အခါမှာ ဒေါက်တာ နေလွင်က စာအုပ်တစ်အုပ် မေ့ကျန်ရစ်တာကြောင့် သူ့ကို ယူခိုင်းလိုက်တာပါလို့ ဆိုပါတယ်။ ဒေါ်မိုးတားက ဒေါက်တာ ဩရဆီကို ဖုန်းဆက်တဲ့အခါမှာလည်း တယ်လီဖုန်းက ပိတ်ထားတာဖြစ်လို့ ဆက်သွယ်လို့မရပါဘူး။ ဒေါက်တာ နေလွင် ပြောတဲ့စာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးတား ရှာဖွေနေချိန်မှာ ဒေါက်တာ နေလွင်က အိမ်ပတ်ဝန်းကျင်ကို အကဲခတ် လေ့လာကြည့်ပါတယ်။ စာအုပ်ရပြီးချိန် ပြန်ထွက်သွားဖို့ ဖြစ်ပေမဲ့ တံခါးပိတ်မယ့် ဒေါ်မိုးတားကို အိမ်တွင်းပြော တယ်လီဖုန်း မြည်လာသံက အိမ်တွင်းသို့ ပြန်ဝင်သွားစေခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒေါက်တာ နေလွင်ရဲ့ကားထဲမှာ ပါလာတဲ့ သူငယ်ချင်းက ကားကို မောင်းပြီး ဒေါက်တာ နေလွင်က ခြံထဲ တစ်နေရာမှာ ပုန်းကျန်ရစ်ခဲ့ပါတယ်။ တိုက်ရဲ့ နောက်ဖေး ပေါက်ကနေ ဒေါက်တာ နေလွင်ဝင်လာချိန်မှာ အမျိုးသမီးငယ်ဝတ် အဝတ်အစားတချို့ လှန်းထားတာတွေ့ရပါတယ်။ ဒီအဝတ်အစားတွေဟာ ဒေါ်မိုးတားအဝတ်အစားတွေ မဖြစ်နိုင်မှန်းသိတာကြောင့် ဒီအိမ်ထဲမှာ အမျိုးသမီးငယ်တစ်ဦးဦးရှိနေမယ် ဆိုတာ ခန့်မှန်းလိုက်မိပါတယ်။

ခြံတံခါးသွားပိတ်တဲ့ ဒေါ်မိုးတား အိမ်ထဲ ပြန်ဝင်မလာခင်မှာ ဒေါက်တာ နေလွင်က အပေါ်ထပ်ကို လှမ်းတက်လာခဲ့ပါတယ်။ လှေကားတစ်ဝက်တစ်ပျက်ကနေ သူ မြင်လိုက်ရတာက အင်မတန် တုန်လှုပ်ချောက်ချားနေတဲ့ မိန်းကလေးတစ်ဦးပါပဲ။ သူ့နာမည် သူရီလို့ ဆိုပါတယ်။ သူဟာ ဒီအိမ်ကြီးထဲမှာ ပိတ်လှောင်ခံထားရတာ ၆ နှစ်ရှိပြီမို့ သူ့ကိုကယ်ထုတ်ပါလို့ ဆိုပါတယ်။ အံ့အားသင့်နေတဲ့ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com

နေလွင် ဘာမှ မပြောနိုင်ခင်မှာပဲ နောက်က တက်လာတဲ့ ဒေါ်မိုးတားရဲ့လက်ချက်နဲ့ သတိလစ်မေ့မြောသွားရပါတယ်။ သတိရလာချိန် သူ့အပါးမှာ ဒေါက်တာ ဩရ ရှိနေပြီး ဒီနေ့ကိစ္စအတွက် အပေးအယူ စကားဆိုပါတယ်။ ဒေါက်တာ ဩရက လူငယ် ဆရာဝန်များ အင်မတန်တက်ချင်တဲ့ အင်္ဂလန်နိုင်ငံမှ ဆေးကျောင်းတစ်ခုကို တက်ခွင့်ရရေး သူ စီစဉ်ပေးမှာဖြစ်ကြောင်း၊ ကျောင်းပြီးသွားရင်လည်း နာမည်ကြီးဆေးရုံမှာ အလုပ်ရအောင် ဆောင်ရွက်ပေးမယ်လို့ ဆိုပါတယ်။ ဒေါက်တာ နေလွင့်ဘက်က လုပ်ပေးရမှာက ဒီနေ့ ဒေါက်တာဩရရဲ့ အိမ်ထဲမှာ တွေ့ခဲ့မြင်ခဲ့သမျှကို မေ့ဖျောက်ပစ်လိုက်ဖို့ပါပဲ။

နှစ်ယောက် သဘောတူလိုက်ကြပြီး ဒေါက်တာ ဩရ အိမ်ထဲကနေ ဒေါက်တာ နေလွင် ထွက်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ ဒေါက်တာ နေလွင်က ရဲကို အကြောင်းကြားပြီး ဒေါက်တာ ဩရရဲ့ အိမ်ကို ရှာဖွေပါတော့တယ်။ အခန်းတိုင်း အခန်းတိုင်းကို သော့ဖွင့်စေပြီး တရားဝင် ရှာဖွေခဲ့ကြပေမဲ့ ဒေါက်တာ နေလွင် တွေ့ခဲ့ပါတယ်ဆိုတဲ့ မိန်းကလေးကိုတော့ လုံးဝ ရှာဖွေမတွေ့တော့ပါဘူး။ တာဝန်ရှိသူများ ဒေါက် တာ ဩရကို တောင်းပန်ပြီး ပြန်ကြရပါတယ်။ ၆ နှစ်လုံးလုံး ဝိတ်လှောင်ခံထားရတဲ့ သူရီ ဆိုတဲ့ မိန်းကလေးက



www.burmeseclassic.com

www.burmeseclassic.com





လွတ်လပ်ခွင့်တောင်းခံတဲ့အခါ ဒေါက်တာ ဩရက သူ့အနေနဲ့ သူဖန်တီးခဲ့တဲ့ အရုပ်ကလေးတစ်ရုပ်ကို သူ ချစ်မိသွားပြီ ဖြစ်ကြောင်း ဖွင့်ဟ ဝန်ခံရပါတယ်။ သူရီက သူလည်း ဒေါက်တာ ဩရကို ချစ်မိပါကြောင်း တုံ့ပြန်ပြောကြားတဲ့အတွက် သူရီအတွက် ထားရှိတဲ့ အချုပ်အနှောင်၊ အတားအဆီးမှန်သမျှ လွတ်လပ်ခွင့် ရသွားပါတယ်။ သူရီ ဆိုတာ ဘယ်သူပါလဲ။ ဆေးပညာရှင် ဒေါက်တာ ဩရ ချစ်မိသွားတဲ့ ဒီမိန်းကလေးက သူ့အပေါ်မှာ တကယ် တုံ့ပြန်ချစ်ကျွမ်းဝင်ပါရဲ့လား ဆိုတာကို **ဆန္ဒမမြောက်အခန်း** မှာ ကြည့်စေလိုပါတယ်။

သူရီအဖြစ်သရုပ်ဆောင်တဲ့ သူက **စိုင်းစိုင်းကို ချစ်တယ်** ဒီဗီဒီကားမှာ သရုပ်ဆောင်ခဲ့ဖူးတဲ့ ပိုင်ဖြိုးသု ဖြစ်ပါတယ်။ ပိုင်ဖြိုးသုက ဆေးကျောင်းသူလေးတစ်ဦးဖြစ်တာကြောင့် ဒွေးခေတ်ကတည်းက သရုပ်ဆောင်စလုပ်ခဲ့ပေမဲ့ နောက်ပိုင်းမှာကျောင်းပညာရေးကို ဦးစားပေးနေရတာကြောင့် သရုပ်ဆောင်လောကနဲ့ အနည်းငယ် ကင်းဝေးနေခဲ့တာပါ။ အခု နောက်ဆုံးနှစ်ဆေးကျောင်းသူ ဖြစ်လာချိန်မှာသူဝါသနာပါတဲ့ သရုပ်ဆောင်အလုပ်ကို ပြန်လည်လုပ်ကိုင်လာခြင်းပါ။

မြန်မာကားဆိုရင် ချစ်ကြိုက်ကွဲညား ဇာတ်လမ်းများသာ ကြည့်နေကြရတဲ့ ပရိသတ်များအတွက် **ဆန္ဒမမြောက်အခန်း** ဟာ စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်တစ်ပုဒ်ဖြစ်လာပါတယ်။ ကြည့်ဖြစ်အောင် ကြည့်လိုက်ကြပါလို့တိုက်တွန်းချင်ပါတယ်။

■

**မိုးကျော်ထွန်း**



www.burmeseclassic.com

# ရမ္မက်ဈေး

ဝင်းငြိမ်း

ယခင်လမှအဆက်…

ဇာတ်ညွှန်းရေးတဲ့ လေမန်းက သူ့ဇာတ်လမ်းထဲမှာ ဇာတ်ဆောင်နှစ်ယောက် ကိုယ်ထိလက်ရောက် သတ်ကြပုတ်ကြတဲ့အခန်းတွေ ထည့်ထားပါတယ်။ ဒါကလည်း အကြောင်းမဲ့ထည့်တာ မဟုတ်ပါဘူး။ ဘာတန်နဲ့လစ်ဇ်တို့ရဲ့ အိမ်ထောင်ရေးမှာလည်း ရုပ်ရှင်ဇာတ်ကားထဲကလိုပဲ သတ်လှေ့ပုတ်လှေ့ရှိလို့ပါပဲ။ ဇာတ်ဝင်ခန်းတစ်ခုမှာ ဇာတ်ဆောင် ဂျော့ချ်(ဘာတန်)က မာသာ(လစ်ဇ်)ရဲ့ဆံပင်ကိုကိုင်ပြီး ခေါင်းကို ဆွဲဆောင့်တဲ့အခန်းတစ်ခု ပါဝင်ပါတယ်။ လေမန်းက 'လစ်ဇ်က သတ်ရပုတ်ရတာကို ဝါသနာပါတယ်။ အပြင်မှာ ဘာတန်ကို တစ်ချိန်လုံး ထိုးလိုက်ကြိတ်လိုက်လုပ်နေတာ' လို့ မှတ်ချက်ချခဲ့ဖူးပါတယ်။ လစ်ဇ်ရဲ့စိတ်ခံစားမှုက ယောကျ်ားတစ်ယောက်ကို အဲဒီလို သတ်ရပုတ်ရတာ စိတ်သန့်ပါတယ်။ ယောကျ်ားက သူ့ကို ပြန်ထိုးတာမျိုးဆိုရင် ပိုလို့တောင် သဘောကျပါသေးသတဲ့။ ဒါပေမဲ့ လက်တွေ့ဘဝမှာတော့ သူတို့ဇနီးမောင်နှံ လေအေးစက်ဖွင့်ထားတဲ့ ကက်ဒီလက်ကားကိုစီးရင်း ဘဲလ်အဲဒေသမှာ ငှားရမ်းထားတဲ့ နေအိမ်ဆီကို အေးအေးသက်သာ ပြန်ကြပါတယ်။ နေအိမ်မှာက ရေကူးကန်နှစ်ခုပါဝင်ပြီး သားများ၊ သမီးများနဲ့ ပျော်ပျော်ပါးပါး နေရမှာဖြစ်လို့ ဘာတန်က ရန်ဆက်မဖြစ်တော့ဘဲ စစ်ပြေငြိမ်းလိုက်ပါတယ်။ ရန်ဖြစ်တိုင်းလည်း လစ်ဇ်ကသာ စတာချည်းပါပဲ။ အထူးသဖြင့် ဒီရုပ်ရှင်ဇာတ်ကား

ရိုက်ကူးနေစဉ်ကာလမှာ လစ်ဇ်က ဇာတ်ဆောင်ရဲ့စရိုက် ပူးဝင်နေဟန်နဲ့ အစဉ်လိုလို ရန်လိုနေတတ်ပါတယ်။ 'ရိုက်ကွင်းပေါ်မှာ ကျွန်မတို့နှစ်ယောက် အော်ကြဟစ်ကြ၊ သတ်ကြပုတ်ကြ လုပ်ပြီးရင် အိမ်ရောက်တဲ့အခါမှာတော့ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး အင်မတန် ကြင်နာသွားကြပြန်ရော' လို့ လစ်ဇ်က ဒီကားနဲ့ပတ်သက်ပြီးဆိုခဲ့ဖူးပါတယ်။

သူတို့နဲ့အတူ ပါဝင်သရုပ်ဆောင်ရတဲ့ နီကိုးလ်က 'သူတို့နှစ်ယောက်ကို ကြည့်ပြီး ကျွန်တော် တော်တော်အံ့ဩမိတယ်။ တစ်ယောက်ကိုတစ်ယောက် အင်မတန်ချစ်ကြပြီး ဖေးမကူညီမှုတွေရှိပုံက အားကျလောက်စရာကောင်းတယ်။ သူတို့နဲ့ ပတ်သက်ပြီး သဘောမကျစရာ တစ်ခုတလေမှ ကျွန်တော့်မှာ မရှိခဲ့တာကြောင့် ကျွန်တော် သူတို့ကို ချစ်ပါတယ်။ ရိုက်ကွင်းပေါ် ရောက်ပြီဆိုရင်လည်း သူတို့ပြောရမယ့်စကားတွေကို အထူးတလည် သင်ပေးစရာမလိုတော့ဘဲ ရပြီးသားဖြစ်နေကြပြီ။ လစ်ကဆိုရင် စကား ၁၄ ခွန်းလောက် သူ့ခေါင်းထဲမှာ အလွတ်ရထားပြီး ရွှေ့ပြောင်းလုပ်ရမယ့်နေရာ ၁၂ နေရာလောက်ကိုလည်း သူ မှတ်မိတယ်။ အဖြတ်အတောက်တွေကိုလည်း ဘယ်တော့မှ မမေ့ဘူး' လို့ Saturday Evening Post သတင်းစာသို့ပြောကြားခဲ့ပါတယ်။

အခက်အခဲတွေ ဘယ်လောက်ပဲ ရှိရှိ ဇာတ်လမ်းထဲမှာ လင်မယားနှစ်ယောက် ဘယ်လောက်ပဲရန်ဖြစ်ဖြစ် အပြင်မှာတော့ သူတို့နှစ်ယောက်က ချစ်သထက်ချစ်နေကြပါတယ်။ ဒီကာလများနဲ့ပတ်သက်ပြီး လစ်ဇ်က 'ကျွန်မ ဘဝမှာ အဲဒီအချိန်တွေထက်က ပျော်စရာကောင်းတဲ့အချိန်တွေ မရှိခဲ့ပါဘူး' လို့ မှတ်ချက်ချခဲ့ဖူးပါတယ်

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



Who is Afraid of Virginia Woo
ဇာတ်ကားက ဇာတ်ဝင်ခန်းတစ်ခန်

ဘာတန်က သူ့သရုပ်ဆောင်ချက်များနဲ့ ပတ်သက်ပြီး စာနယ်ဇင်းများမှာ ရေးသားတဲ့ ဝေဖန်ချက်များကို ဘယ်တော့မှ ဖတ်လေ့မရှိပါဘူး။ ဒါကလည်း ၁၉၄၈ ခုနှစ်မှာ သူ ပထမဆုံး ပါဝင်သရုပ်ဆောင်တဲ့ The Last Days of Dolwyn ကအစ မဖတ်ခဲ့တာပါ။ အကောင်းရေးသည်ဖြစ်စေ၊ အဆိုးရေးသည်ဖြစ်စေ ဘာတန်က မဖတ်ပါဘူး။ ဒါပေမဲ့ Who is Afraid of Virginia Woolf ဇာတ်ကားကို အစမ်းပွဲကြည့်ပြီးချိန်မှာတော့ သူ့ကိုယ်သူ တော်တော်သနားသွားသတဲ့။ 'ကျွန်တော် ဘယ်တုန်းကမှ အဲဒီလို အော်ဟစ်သရုပ်ဆောင်တဲ့ကားမျိုး မရိုက်ခဲ့ဖူးပါဘူး' လို့ ဆိုပါသတဲ့။ တကယ်တော့ သူ့မျှော်လင့်ချက်တွေ၊ အိပ်မက်တွေဟာ သူ့အပေါ် ဩဇာလွှမ်းမိုးလွန်းတဲ့ဇနီးသည်ကြောင့် ပျက်စီးကြေမွသွားခဲ့လို့ပါပဲ။

တကယ်တော့ ဂျော့ချ်ဆိုတဲ့ ဇာတ်ကောင်နေရာမှာ ဘာတန်က အံဝင်ခွင်ကျ သရုပ်ဆောင်နိုင်ခဲ့တာ ဖြစ်ပေမဲ့ သူ့အတွက် တော်တော်ခက်ခက်ခဲခဲ လုပ်ခဲ့ရတာလို့ ဆိုပါတယ်။ ရုပ်ရှင်ကားရိုက်ကူးအပြီး ကာလတော်တော်ကြာချိန်မှာ နီကိုးလ်က အမှတ်တရပြန်ပြောပြခဲ့တာရှိပါတယ်။ 'တကယ်တော့ အဲဒီဇာတ်ကားက အပြင်ဘဝမှာ သူ ဖြစ်နေတဲ့ အဖြစ်အပျက်တွေနဲ့ တော်တော်ကြီး နီးစပ်ပါတယ်။ ရုပ်ရှင်ဇာတ်ကား ရိုက်နေစဉ်အတွင်းမှာပဲ ၈ ကြိမ်၊ ၁၀ ကြိမ်လောက် ပုံစံအမျိုးမျိုးနဲ့ သူတို့လင်မယားသတ်ပုတ်ခဲ့ကြတာကိုး' လို့ ပြန်ပြောပြပါတယ်။ တစ်ကြိမ်မှာတော့ နီကိုးလ်ကို ဘာတန်က 'ငါ ဒီည မရိုက်နိုင်တော့ဘူးကွာ' လို့ ပြောပြီး ရိုက်ကွင်းပေါ်ကနေ ထွက်ခွာသွားခဲ့သတဲ့။ နောက်သိမ်တန်မှာ ရိုက်ကွင်းတည်ပြီး ရိုက်နေချိန်မာသာ(လစ်ဇ်)က အိမ်အပေါ်ထပ် အိပ်ခန်းထဲမှာ နှစ်ခ်နဲ့ ချစ်ခန်းဖွင့်နေတာကို

အောက်ထပ်မှာရှိနေတဲ့ ဂျော့ချ်(ဘာ
တန်)က သိသွားပြီး ရှိုက်ကြီးတငင်
ရမယ့်အခန်းကို ရိုက်ကူးပါတယ်။ ဘာ
တန် သရုပ်ဆောင်လို့ မရပါဘူး။ ည
၄ နာရီအချိန်မှာ ကလေးနှစ်ယောက်ဖြ
တဲ့ မိုက်ကယ်လ်နဲ့ ခရစ္စတိုဖာတို့
ဇာလန်က ကျောင်းကို ပြန်ကြတော့
ဖြစ်တဲ့အတွက် ကလေးများနဲ့အတူနေ
လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ရိုက်ကွင်း
ပေါ်က ထွက်ခွာသွားခဲ့ပါတယ်။ ဒါ
ပတ်သက်ပြီး နီကိုးလ်က 'အခုနေ ဖြ
စဉ်းစားတော့ ဒါဟာ အရက်သော
လွန်းသူတွေအတွက် ဖြစ်လေ့ဖြစ်ထ
တဲ့ ကိစ္စပဲဆိုတာ ကျွန်တော် တွေ့
ရတယ်။ အဲဒီအချိန်က ဘာတန်ဟာ
အရက်သောက်ထားတာ နည်းနေသေး
လို့ ဖြစ်ကောင်းဖြစ်နိုင်သလို သူ့ရေ
မကိုက်သေးလို့ ဖြစ်ချင်လည်း ဖြစ်
လိမ့်မယ်။ ဒါကြောင့် သူ လုပ်
အမူအရာကို အာရုံမစိုက်နိုင်တာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တာပါ။ သူ့ကို ကြည့်ရတာ နေရာက ရွှေ့နိုင်ဘဲ ကျောက်ချခံထားရသူလိုပါ သုံးသပ်ပြပါတယ်။

'အများအမြင်မှာတော့ ဘာတန် ဟာ လစ်ဖ်ကို နှိပ်စက်နေသလို မြင်ကြ ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တော်တော်စိတ်ပျက်ကြပါတယ်။ ရန် ဖြစ်ကြတာကလည်း မကြာခဏပဲဆို တော့ တစ်ခါရန်ဖြစ်ပြီးရင် နောက်တစ် ခါ ဘယ်တော့ထပ်ဖြစ်မှာလဲလို့ တထိတ် ထိတ်နဲ့ ကြည့်နေရတယ်။ အဲဒီတုန်းက တော့ ဘာတန်ကို ကျွန်တော် ကြောက် ကောင်ကြောက်ပါတယ်။ ဒါပေမဲ့ သူ ဒီညာ မလုပ်နိုင်တော့ဘူးလို့ ပြောသွားတဲ့ ညာတော့ သူ ဘာကြောင့်မလုပ်နိုင်ဘူး ဆိုတာ ကျွန်တော် ထွင်းဖောက်မြင်လိုက် ပါတယ်'လို့လည်း ဆိုပါတယ်။

ဘာတန်အပေါ်မှာ နီကိုးလ်က လစ်ဖ်ကို နှိပ်စက်သူလို့ အမြင်ရှိသလို လေမန်းကလည်း မြင်ပါတယ်။ ဒါပေမဲ့ တစ်ခါတလေမှာတော့ လစ်ဖ်က သူ့ ကိုယ်သူ မာသာ ဇာတ်ကောင်စရိုက် ဝင် ပြီး ဂျော့ချ်အဖြစ် သရုပ်ဆောင်တဲ့ ဘာ တန်ကို နှိပ်စက်နေတဲ့အခါတွေလည်း ရှိ ပါတယ်။ 'သူက အကြောင်းမဲ့ ဘာတန် ကို ထိုးချင်ထိုးနေတာ'လို့ လေမန်းက ဆိုတယ်။ နီကိုးလ်အမြင်မှာတော့ ဒီ ဇာတ်ကားထဲမှာ ပါဝင်သရုပ်ဆောင်နေ ကြတဲ့ သရုပ်ဆောင်အားလုံးဟာ သူတို့ ဇာတ်ကောင်စရိုက်မှာ စီးဝင်နေကြတယ် လို့ မြင်ပါတယ်။ ဘာတန်က သမိုင်း ပါမောက္ခအဖြစ် ဇာတ်ဝင်အဝတ်အစား တွေ ဝတ်ဆင်ပြီး ရိုက်ကွင်းပေါ်ရောက် လာပြီဆိုရင် လေမန်းကို 'ကျွန်တော်က ဂျော့ချ်၊ ဂျော့ချ်က ကျွန်တော်ပဲ'လို့ ပြောတတ်ပါတယ်။ ဘာတန်က သူဟာ အင်္ဂလိပ်စာကို ကျွမ်းကျင်သူ မဟုတ် တာကြောင့် သရုပ်ဆောင်ရမယ့်ဇာတ် ကောင်စရိုက်မှာ ပီပြင်မှုမရှိဘူးလို့ သူ့ ကိုယ်သူ အထင်ရောက်တတ်ပါတယ်။ တစ်ကြိမ်မှာတော့ နီကိုးလ်နဲ့ လေမန်းတို့ ကို ခေါ်ပြီး စာအုပ်အသစ်တစ်အုပ်ဖြစ်တဲ့ နိုင်လန်သောမတ်စ်ရဲ့ အတ္ထုပ္ပတ္တိစာအုပ် ကို ဝေဖန်သုံးသပ်ချက် သူကိုယ်တိုင် ရေးထားတဲ့ ဆောင်းပါးကို ဖတ်ပြခဲ့ပါ တယ်။ ဒီဆောင်းပါးက နယူးယောက် ထရီဗျူးန် သတင်းစာကြီးအတွက် ရေး ထားတာပါ။ ဒီဆောင်းပါး ရေးချိန်မှာ သူ့ကိုယ်သူ ပါမောက္ခဂျော့ချ်အဖြစ် စိတ် သွင်းပြီး ရေးခဲ့တာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ရုပ်ရှင်ဇာတ်လမ်းထဲမှာ မာသာ က ဂျော့ချ်ကို သူ့လျှို့ဝှက်ချက်တစ်ခု သိထားတဲ့အတွက် အနိုင်ကျင့်ချင်တိုင်း ကျင့်နေတာပါ။ ဂျော့ချ်ငယ်ဘဝမှာ မတော်တဆ သေနတ်နဲ့ပစ်မိတာကြောင့် မိခင်ဖြစ်သူကွယ်လွန်ခဲ့ရပါတယ်။ ဖခင် ဖြစ်သူမှာလည်း သူ မောင်းလာတဲ့ကား ယာဉ်တိုက်မှုဖြစ်ပွားရာက ကွယ်လွန်ခဲ့ရ ပါတယ်။ ဒီလျှို့ဝှက်ချက်တွေကို ပညာ တတ်အသိုင်းအဝိုင်းက မသိကြတာ ကြောင့် မာသာက ဒီအချက်များနဲ့ အနိုင် ကိုင်ထားပါတယ်။ တကယ့်ဘဝမှာ လည်း ဘာတန် ငယ်စဉ်တုန်းက ကား မောင်းလာစဉ် လမ်းပေါ်မှာ ကားလမ်း ဖြတ်ကူးတဲ့သတ္တဝါကလေးတစ်ကောင် ကို ရှောင်လိုက်ရာက ကားမှောက်မှုဖြစ် ပွားပြီး ကားပေါ်မှာ ပါလာတဲ့ သူ့ဖခင် ကွယ်လွန်ခဲ့ရပါတယ်။ ဒါကြောင့် သရုပ်ဆောင်နေရတဲ့ ဇာတ်ကောင်နဲ့ သူ့ ဘဝဟာ ထပ်တူလို့ ခံစားခဲ့ရပါတယ်။ ဂျော့ချ်ကြောင့်မို့ ဖခင်ကွယ်လွန်ခဲ့ရသလို ဘာတန်ကြောင့် ဖခင်ကွယ်လွန်ခဲ့ရပါ တယ်။ ဒါကြောင့်လည်း ဘာတန်က ကျွန်တော်က ဂျော့ချ်၊ ဂျော့ချ်က ကျွန် တော်လို့ ဆိုခဲ့တာပါ။ ဒီဇာတ်ကားမှာ ဘာတန်ရဲ့သရုပ်ဆောင်မှုတွေကို ကြည့် ပြီးသူတိုင်းက နှစ်ရှည်လများ မေ့လျော့ ထားကြတဲ့ ဘာတန်ကို ဒီနှစ်မှာတော့ အကယ်ဒမီဆု ချီးမြှင့်တော့မှာပဲလို့ တစ် ပေးခဲ့ကြပါတယ်။

မာသာအဖြစ် သရုပ်ဆောင်တဲ့ လစ်ဖ်က မိတ်ကပ်ချထားရတဲ့အပြင် အလွန်အမင်းဝအောင် ဖန်တီးထားရပေ မယ့် သူ့အလှက ပေါ်လွင်နေဆဲဖြစ်ပြီး ဆွဲဆောင်မှုရှိနေဆဲပါပဲ။ နီကိုးလ်က လစ်ဖ်ရဲ့ မျက်ဝန်းများအောက်မှာ မျက် အိတ်ဖြစ်အောင် မိတ်ကပ်ကို ဖန်တီးစေ လိုပေမဲ့ လစ်ဖ်က ငြင်းခဲ့ပါတယ်။ ကားရိုက်နေစဉ်တစ်လျှောက်လုံးမှာ မာ သာဇာတ်ကောင်စရိုက်မှာ သံမှိုစွဲထား သလို စွဲစွဲမြဲမြဲ ကျင့်သုံးခဲ့ပါတယ်။ ယောကျ်ားဖြစ်သူကို အော်ရဟစ်ရမယ် ဆိုရင်လည်း လစ်ဖ်က အော်နိုင်ဟစ်နိုင် ခဲ့ပါတယ်။ ကားရုပ်စခန်းတစ်ခုမှာ ဂျော့ချ်နဲ့ မာသာတို့ ရန်ဖြစ်ကြတဲ့အခန်း ကို ရိုက်ကူးတော့ မာသာက 'ဟုတ် တယ် ကျုပ်က အာကျယ်တယ်။ ဒါ ကျုပ်ရဲ့စရိုက် ဖြစ်နေပြီ။ ကျုပ်မိသားစု မှာ ကျုပ်က ယောကျ်ားတစ်ယောက်လို ဖားစီးငါးစီး ဦးဆောင်ခဲ့ရတာကိုး'လို့ ဇာတ်ညွှန်းအရ ပြောစေခဲ့ပါတယ်။

ဒီရိုက်ကွင်းကို ရိုက်တဲ့အခါမှာ ပတ်ဝန်းကျင်မှ နီယွန်မီးရောင်တို့က သရုပ်ဆောင်နှစ်ဦးအပေါ်မှာ ကျရောက် နေပါတယ်။ ပမာပြောရရင် အကျဉ်း ထောင်များထဲမှာ ညအိပ်ချိန် ရွေ့လျား နေတဲ့ မီးမောင်းများက တစ်စုံတစ်ခုကို ရှာဖွေနေသလို သူတို့အိမ်ထောင်ရေးမှာ လည်း ရှာဖွေနေသလိုပါပဲ။

❑

၁၉၆၅ ခုနှစ် ဩဂုတ်လနှောင်း ပိုင်းမှာ သရုပ်ဆောင်များနဲ့ စက်အဖွဲ့ သားများ နော်သမ်တန်မှာရှိတဲ့ စမစ်သ် ကောလိပ်မှာ ဇာတ်ဝင်ခန်းတချို့ရိုက် ကူးဖို့အတွက် ရောက်ရှိလာခဲ့ကြပါတယ်။ ကောလိပ်ရဲ့ဥက္ကဋ္ဌ သောမတ်စ်စီမင်ဒန် ဟောလ်က သူ့ကောလိပ်ကျောင်းဝင်း အတွင်းမှာ ရုပ်ရှင်အဖွဲ့သားများနဲ့ လုံးဝ ရိုက်ခွင့်မပေးနိုင်ဘူးလို့ ငြင်းဆိုပါတယ်။ ဒါပေမဲ့ Warner Bros. ကုမ္ပဏီကြီးက ကျောင်းရန်ပုံငွေအတွက် ဒေါ်လာ ၁ သိန်းခွဲပေးမှ ရိုက်ခွင့်ပေးခဲ့ပါတယ်။ ရိုက်ခွင့်ပြုခဲ့ပေမဲ့လည်း စာတန်းထိုး ချိန်မှာ သူ့ကျောင်းနာမည် မထည့်ရဘူး လို့ ကန့်သတ်ခဲ့ပါသေးတယ်။

ရိုက်ကူးရေးအတွက် ကုမ္ပဏီက လုံခြုံရေးဝန်ထမ်း ၇၀ ငှားရမ်းခဲ့ရပါ တယ်။ သာမန်အားဖြင့် ၅ ဦးသာ ငှား

www.burmeseclassic.com

www.burmeseclassic.com

လေ့ရှိပါတယ်။ အခိုကကတော့ ဘာတန်တို့လင်မယား လုံခြုံရေးအတွက်ပါ။ ဒါပေမဲ့ အရာမရောက်ခဲ့ပါဘူး။ ကျောင်းသားပေါင်း ၄၀၀ လောက်တို့က အော်တိုစာအုပ်ကိုယ်စီနဲ့ ဘာတန်တို့လင်မယားရဲ့ အမှတ်တရလက်မှတ်ရရှိဖို့ ကြိုးစားခဲ့ကြပါတယ်။ ကျောင်းပရိဝုဏ်အတွင်းရှိ ရေကန်တစ်ခုရဲ့ ဘေးမှာ သီးခြားအိမ်ကလေးတစ်လုံး ရှိတာကို ဘာတန်တို့ဇနီးမောင်နှံအတွက် ငှားရမ်းခဲ့ပေမဲ့ ကျောင်းသားများရဲ့ ရန်က မလွတ်နိုင်တာကြောင့် နောက်ဆုံးမှာ လေမန်းနဲ့ နီကိုးလ်တို့အတွက် ငှားရမ်းထားတဲ့ တိုက်ခန်းကို ပြောင်းပြေးကြရပါတယ်။ အမြဲတမ်း အနစ်နာခံတတ်တဲ့ နီကိုးလ်က သူ့ပစ္စည်းတွေကို ကောက်သိမ်းပြီး နေရာဖယ်ပေးခဲ့ပါတယ်။ ဒီနေရာမှာ ရက်သတ္တပတ် ၄ ပတ် ရိုက်ကူးခဲ့ကြတာပါ။

ရိုက်ကူးရေးက အများအားဖြင့် ညဘက်မှာသာ ရိုက်ကူးပါတယ်။ ညနေနေဝင်ချိန်က စတင်ပြီး မနက် နေထွက်တဲ့အချိန်ထိ ရိုက်ကူးကြတာပါ။ အနီးအနားပတ်ဝန်းကျင်မှ ဘာတန်တို့ဇနီးမောင်နှံကို ကြည့်ချင်မြင်ချင်ကြတဲ့သူတွေကလည်း ရိုက်ကူးနေစဉ် လေးပတ်လုံးလုံး ညစဉ်ညတိုင်း ညလုံးပေါက်လာကြည့်ကြတာချည်းပါပဲ။ တစ်ညမှာတော့ နှင်းတဖွဲဖွဲကျနေတဲ့ကြားက မြက်ခင်းပြင်ပေါ်မှာ ဘာတန်က သူပြောရမယ့် စကားတွေကို လေ့ကျင့်နေရင်း သူ ၁၈ နှစ်သားအရွယ်(လွန်ခဲ့တဲ့ ၂၂ နှစ်)တုန်းက နယူးစတိတ်မဲန်းသတင်းစာကြီးက The Druid's Rest ဇာတ်ကားမှာ သရုပ်ဆောင်ခဲ့ပုံကို ဝေဖန်ရေးသားခဲ့တာ သတိရမိပါတယ်။ ဆောင်းပါးရှင်က ဘာတန်ဟာ သရုပ်ဆောင်မှုစွမ်းရည် အပြည့်အဝရှိတဲ့သူဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ အခုလည်း သူဟာ အပြင်ဘဝမှာ မကြုံဖူးတဲ့ဇာတ်ကောင်စရိုက်တစ်ခုကို ရိုက်ကူးနေရပါပြီ။ အဲဒီအတွက် သူ နောင်တရနေပုံရပါတယ်။ 'တကယ်တော့ ကျွန်တော့်

အဲဒီကာလတုန်းက
သရုပ်ဆောင်
အလုပ်ကို
ငြီးငွေ့တယ်
ဆိုတာက
ဇနီးသည်ဖြစ်သူ
စစ်ဘဲလ်က
အားပေးအားမြှောက်
မလုပ်ခြင်းကြောင့်ပါ
ဒီအကြောင်းကို
ထည့်ပြောမယ်ဆိုရင်
စစ်ဘဲလ်
အကြောင်း
ပါလာရလိမ့်မယ်
သူ့စာအုပ်မှာ
စစ်ဘဲလ်
အကြောင်း
ထည့်ချင်မှာ
မဟုတ်ပါဘူး
ဒါကြောင့်လည်း
ဒီအကြောင်းကို
ချန်လှပ်ထားခဲ့ခြင်း
ဖြစ်နိုင်ပါတယ်

အနေနဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ် မလာသင့်ပါဘူး။ ဘုန်းကြီး၊ ကျော ဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဥပဒေ အကျိုးဆောင် အစရှိတဲ့လူတွေများ များနဲ့ မဆက်ဆံရတဲ့သူတစ်ယောက် သာ ဖြစ်သင့်တယ်။ ခုတော့ မရှိတဲ့ဘဝ ကို အရှိလုပ်ပြရမှာဖြစ်လို့ ဒီမှာ ဆေ ဒကာအရက်ကို သောက်ရင်း စာကျက် နေရတယ်' လို့ ညည်းခဲ့ပါတယ်။

အခက်အခဲတွေ ဘယ်လောက်ပဲ ရှိရှိ၊ ဇာတ်လမ်းထဲမှာ လင်မယားနှစ် ယောက် ဘယ်လောက်ပဲရန်ဖြစ်ဖြစ် အပြင်မှာတော့ သူတို့နှစ်ယောက်က ချ သထက်ချစ်နေကြပါတယ်။ ဒီကာလ များနဲ့ပတ်သက်ပြီး လစ်ဇ်က 'ကျွန်မ ဘဝမှာ အဲဒီအချိန်တွေထက်က ပျော် ရာကောင်းတဲ့အချိန်တွေ မရှိခဲ့ပါဘူး' လို့ မှတ်ချက်ချခဲ့ဖူးပါတယ်။ အောက်တိုဘာ လ ၂၃ ရက်နေ့မှာ ၅ လကြာရိုက်ကူး ရတဲ့ ရိုက်ကူးရေးလုပ်ငန်းများ လက်စ သတ်ပြီးမို့ ရိုက်ကူးရေးအဖွဲ့သားများ LA သို့ ပြန်ခဲ့ကြပါတယ်။

ကယ်လီဖိုးနီးယားကို ပြန်ရောက် တဲ့အချိန်မှာ ဘာတန်က အသက် ၄ ပြည့်ပါပြီ။ အဲဒီအတွက် Warner Bro ကုမ္ပဏီကြီးက သူ့မွေးနေ့ကို ကျင်းပပေး ပါတယ်။ မွေးနေ့ပွဲ ကျင်းပမယ့် စ ဒီယိုတံခါးကို ဖွင့်လိုက်တဲ့အချိန်မှာတော့ ခင်ပွန်းဖြစ်သူအတွက် လစ်ဇ်က မွေး နေ့လက်ဆောင်အဖြစ်ပေးတဲ့ Oldsmobi Toronado မော်တော်ကားအဖြူရောင် တစ်စီးကို အနီရောင်ဖဲပြားနဲ့ ချည်နှောင် ထားတာ တွေ့ရပါတယ်။ ဒါရိုက်တာ ဘာတန်အတွက် ခွေးကလေးတစ် ကောင် လက်ဆောင်ပေးပါတယ်။ နောင် မှာ ဘာတန်က ထုတ်လုပ်သူ နီကိုးလ် ကို လှောင်အိမ်ထဲမှာ ထည့်ထားတဲ့ကြွက် ကလေး ၄ ကောင် လက်ဆောင်ပြန်ပေး ပါတယ်။ ကြွက်ကလေး ၄ ကောင်က ဒီရုပ်ရှင်ကားမှာ ပါဝင်တဲ့ ဇာတ်ကောင် ဂျော့ချ်၊ မာသာ၊ နစ်ခ်၊ ဟန်နီ တို့ ကိုယ်စားပြုတယ်လို့ ဆိုပါတယ်။

စတူဒီယို ၈ မှာ ကျင်းပတဲ့ဇာတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com

…များကို လက်စသတ်ရိုက်ကူးကြပြီး ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ လုံးဝအပြီးသတ်သွားပါတယ်။ အဲဒီနေ့မှာ ထုတ်လုပ်သူ နီကိုးလ်က လစ်ဇ်အတွက် စိန်နဲ့ပတ္တမြား ပြုလုပ်ထားတဲ့ နားဆွဲတစ်စုံ လက်ဆောင်ပေးခဲ့ပါတယ်။ ဘာတန် ဇနီးမောင်နှံကလည်း ဒါရိုက်တာအတွက် ရွှေသားနဲ့ ပြုလုပ်ထားတဲ့ လက်ကြယ်သီးတစ်စုံ လက်ဆောင်ပြန်ပေးခဲ့ပါတယ်။ လေမန်းအတွက်ကိုတော့ ၁၆၃၃ ခုနှစ်က ပထမဆုံးအကြိမ် ထုတ်ဝေခဲ့တဲ့ Francis Bacon ရဲ့ The Advancement of Learning စာအုပ်ကို လက်ဆောင်ပေးခဲ့ပါတယ်။ ဘာတန်တို့ ဇနီးမောင်နှံ ထုတ်လုပ်သူအတွက် တုံ့ပြန်ပေးခဲ့တဲ့ လက်ဆောင်ကတော့ မူလ စာချုပ်ပါ ရိုက်ရက်ထက်ပိုပြီး ရက်သတ္တပတ်နှစ်ပတ် ရိုက်ခဲ့ပေမဲ့ သရုပ်ဆောင်ခကြေး အပိုထပ်မတောင်းခြင်းပါဘဲ။ အကယ်လို့ သူတို့ထပ်တောင်းမယ်ဆိုရင် စာချုပ်အရ ဒေါ်လာ သန်းနဲ့ချီပြီး ပေးရမှာပါ။ ဘာကြောင့် မတောင်းကြတာလဲဆိုတော့ သူတို့နှစ်ယောက်စလုံးက Virginai Woolf ဇာတ်ကားဟာ သူတို့အတွက် တစ်စုံတစ်ရာ ထူးခြားမှုရှိလိမ့်မယ်ဆိုတာ သိနေခြင်းကြောင့် ဖြစ်ပါတယ်။

ရုပ်ရှင်ဇာတ်ကား ရိုက်ကူးခါစမှာ လစ်ဇ်က သူမအနေနဲ့ ကုမ္ပဏီပိုင်ရှင် ဂျက်ဝါနာထံမှ ဒေါ်လာ ရှစ်သောင်းတန် ရင်ထိုးတစ်ခု လိုချင်တယ်လို့ ဆိုခဲ့ဖူးပါတယ်။ အဲဒီအချိန်ကတည်းက လေမန်းအတွက်တော့ လစ်ဇ်က လက်ကြယ်သီးဝယ်ထားခဲ့ပြီး ဖြစ်ပါတယ်။ ဂျက်ဝါနာက 'ကျုပ်က မင်းသမီးကို ဒေါ်လာ ၁ သန်းပေးပြီး ငှားတာပဲ။ ဝင်ငွေရဲ့ ၁၀ ရာခိုင်နှုန်းကိုလည်း ပေးဦးမယ်။ အဲဒီတော့ လက်ဆောင် ဘာကိစ္စဝယ်ပေးရမှာလဲ။ သူ့ဘာသာသူ ဝယ်ပေါ့'လို့ တုံ့ပြန်ခဲ့ပါတယ်။ အရာရာကို ပြေလည်စေချင်တဲ့ လေမန်းကတော့ ကြားဝင်ပြီး 'ဂျက်ဝါနာက လစ်ဇ်အတွက် ရင်ထိုးဝယ်ပေးလိုက်ရင် သူ့မိန်းမက သူ့ကို ကွာမယ်လို့ ပြောနေတယ်။ ဒါကြောင့် ဝယ်မပေးတာပါ'လို့ ဖာဖာထေးထေး ပြောခဲ့ပါတယ်။ ဂျက်ဝါနာက 'ကျုပ် မိန်းမကို ပြောလိုက်ရတယ်။ အေး မင်းသမီးကို ငါက ရင်ထိုးတော့ ဝယ်မပေးဘူးဟေ့၊ ဝယ်ပေးချင်းပေးရင် ဝံပုလွေတစ်ကောင်ပဲ ဝယ်ပေးလိုက်မယ်လို့ ပြောတော့မှ ကျုပ်မိန်းမက ကျေနပ်သွားခဲ့တာ'လို့ ဆိုခဲ့ပါတယ်။

လစ်ဇ်ကို လက်ဆောင်ဝယ်ပေးခဲ့တဲ့ နီကိုးလ်ကိုလည်း ဂျက်ဝါနာက အပြစ်တင်ခဲ့ပါတယ်။ တစ်ရက်မှာတော့ လစ်ဇ်က လေမန်းထံ ရောက်လာပြီး The Sandpiper ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူ မာတင်က သူ့အတွက် လက်ဆောင်အဖြစ် ဝယ်ပေးတဲ့ ၉.၅ မီလီမီတာအရွယ်ရှိ ပုလဲများနဲ့ သီကုံးထားတဲ့ ပုလဲသွယ်ကို ဝတ်ဆင်ပြီး ပြခဲ့ပါတယ်။ လေမန်းကတော့ မသိလိုက်မသိဘာသာပဲ နေခဲ့တာပါ။

အဲဒီကာလအတွင်းမှာ လစ်ဇ်ရဲ့ ကိုယ်အလေးချိန်က တိုးသထက်တိုးလာနေပါပြီ။ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဆန်ဒီဒဲနစ္စကလည်း ပေါင် ၂၀ လောက် တိုးနေတယ်။ နောက်ဆုံးကျမှ ဆန်ဒီက ကိုယ်ဝန်ရှိနေတာကို သိရပါတယ်။ လေမန်းက ရိုက်ကူးရေးကို အနှောင့်အယှက်ဖြစ်တော့မှာပဲလို့ စိုးရိမ်ခဲ့ပေမဲ့ ရိုက်ကူးရေးလုပ်ငန်းတွေ လက်စသတ်တဲ့ ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ ရိုက်ပြီးသားတွေကို ပြန်ကြည့်တော့မှ သူ့စိုးရိမ်စိတ်တွေ ပျောက်ကွယ်ခဲ့ရပါတယ်။

'ရိုက်ပြီးသားတွေကို ကျွန်တော် ပြန်ကြည့်တဲ့အချိန်မှာ မျက်ရည်ကျချင်လောက်အောင် ခံစားရပါတယ်။ တစ်နေ့လုံး ကျွန်တော် တစ်ယောက်တည်း ထိုင်ကြည့်နေခဲ့တာ။ ဇာတ်ဝင်ခန်းတစ်ခန်းမှာ မာသာက *ချောလိုက်တာ ချောလိုက်တာ သားလေးရယ်…* လို့ ပြောတာကို ဟန်နီက နားထောင်နေတယ်။ အဲဒီအချိန်မှာ သူ့မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်လာပြီး ပါးပေါ်ကို တလိမ့်လိမ့်ဆင်းသွားတယ်။ နောက်ဆုံးမှာတော့ ဟန်နီ ငိုချလိုက်တယ်။ *ကျွန်မ ကလေးတစ်ယောက် လိုချင်တယ်။ ကျွန်မ ကလေးတစ်ယောက် လိုချင်တယ်* တဲ့။ အဲဒီအခန်းမှာ ကျွန်တော်လည်း မျက်ရည်ဝဲမိတယ်။

'ဒီအခန်းရိုက်ပြီးတော့ ရိုက်ကွင်းပေါ်မှာရှိတဲ့ ဆန်ဒီဒဲနစ္စဆီကို ကျွန်တော် လျှောက်သွားပြီး ကောင်းလိုက်တဲ့သရုပ်ဆောင်ချက်လို့ ချီးကျူးခဲ့ပါတယ်။ လစ်ဇ်ဆီကိုလည်း သွားပြီး ကျွန်တော် မျက်ရည်လည်အောင် သရုပ်ဆောင်နိုင်တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ချီးကျူးခဲ့ရတယ်'လို့ မှတ်တမ်းတင်ခဲ့ပါတယ်။

❑

နောက် ၁၂ ရက်အကြာမှာ လေမန်းက လစ်ဇ်ကို ဆွဲသီးတစ်ခု လက်ဆောင်ပေးခဲ့ပါတယ်။ 'ဒီဆွဲသီးကို မြင်တော့ လစ်ဇ်တော်တော် စိတ်လှုပ်ရှားသွားတယ်'လို့ လေမန်းက မှတ်တမ်းတင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီလက်ဆောင်ပေးပြီး ၁၉ ရက်အကြာမှာ ဆန်ဒီဒဲနစ္စက ကိုယ်ဝန်ပျက်ကျသွားပြီး သူ့ကလေး ဆုံးရှုံးသွားပါတယ်။

Who is Afraid of Virginia Woolf ကို ၁၉၆၆ ခုနှစ် ဇွန်လ ၂၂ ရက်နေ့က ဟောလိဝုဒ်မှာ အထူးပွဲပြသပြီး နယူးယောက်မြို့က Criterion ရုပ်ရှင်ရုံမှာ စတင်ပြသခဲ့ပါတယ်။ ပြသလို့ရတဲ့ဝင်ငွေကို ဘာတန်ထူထောင်ထားတဲ့ ရန်ပုံငွေနှစ်ရပ်သို့ အလှူငွေထည့်ဝင်ပေးပါတယ်။ National Hemophilia Foundation နဲ့ Philip Burton (ရစ်ချတ်ဘာတန်ရဲ့မွေးစားအဖေ)ရဲ့ American Musical and Dramatic Academy တို့သို့ လှူဒါန်းခဲ့တာပါ။ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရေးအတွက် ကုန်ကျစရိတ်က ၇.၅ သန်းဖြစ်တာကြောင့် အဲဒီခေတ်က အဖြူအမည်းရုပ်ရှင်တစ်ကားအနေနဲ့ ကုန်ကျစရိတ် အများဆုံးလို့ မှတ်တမ်းတင်နိုင်ပါတယ်။ ဒီဇာတ်ကားမှာ



www.burmeseclassic.com

www.burmeseclassic.com

ကြောက်ခမန်းလိလိ ရန့်ရင်းကြမ်းတမ်းတဲ့စကားလုံးတွေ ပါဝင်သလို အိပ်ရာခန်းများကလည်း ပက်ပက်စက်စက်ရှိလှပါတယ်။ ဒါကြောင့် ရုပ်ရှင်ဆင်ဆာအဖွဲ့က ဒီကားကို အသက် ၁၈ နှစ်အောက်ကလေးများ လုံးဝကြည့်ခွင့်မပေး၊ မိဘအုပ်ထိန်းသူဖြင့်သာ ကြည့်ခွင့်ပြုပြီး မိဘများအားလည်း ဒီကားမှာ ရန့်ရင်းကြမ်းတမ်းတဲ့ အပြောအဆို၊ အပြုအမူများ ပါဝင်တဲ့အကြောင်း အသိပေးပြီးမှသာ ကြည့်ခွင့်ပြုဖို့ ကန့်သတ်ပေးခဲ့ပါတယ်။

ရုံတင်ပြသချိန်မှာ ဝေဖန်ရေးဆရာများက အကောင်းဘက်ကနေ မြင်ကြပါတယ်။ ဘာတန်ကို ဗြိတိသျှရုပ်ရှင်အကယ်ဒမီအတွက် ဆန်ခါတင်စာရင်းဝင်စေခဲ့ပါတယ်။ လစ်ဇ်အတွက် နယူးယောက် ရုပ်ရှင်ဝေဖန်ရေးဆရာများက ချီးမြှင့်တဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု ရစေခဲ့ပါတယ်။ ဝေဖန်ရေးဆရာများက ဒီရုပ်ရှင်ကားမှာ လစ်ဇ်ရဲ့သရုပ်ဆောင်မှုဟာ သူ့သက်တမ်းတစ်လျှောက်မှာ အကောင်းဆုံးဇာတ်ကားလို့ ဆိုကြပေမဲ့ ဒီလိုကောင်းအောင် ဘာတန်က ပို့ပေးခဲ့တာလို့လည်း သုံးသပ်ကြပါတယ်။ နယူးစ်ဝိခ်သတင်းစာက ဘာတန်ရဲ့သရုပ်ဆောင်မှုများဟာ အကောင်းဆုံးလို့ ချီးမွမ်းခဲ့ပါတယ်။ The Village Voice သတင်းစာကတော့ ဘာတန်ရဲ့သရုပ်ဆောင်မှုဟာ သူ့ရဲ့ကောင်းတစ်ယောက်လို တည်ငြိမ်မှုရှိတယ်လို့ သုံးသပ်ခဲ့ပါတယ်။

ဒီကားထဲမှာ ပါဝင်သရုပ်ဆောင်ကြတဲ့ လစ်ဇ်၊ ဘာတန်၊ ဂျော့ချ်ဆီဂဲလ်၊ ဆန်နီဒဲနစ္စတို့ လေးဦးစလုံး အကယ်ဒမီဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့ပါတယ်။ လစ်ဇ်ရဲ့သရုပ်ဆောင်မှုများဟာ ငွေကြယ်ပွင့်အဆင့်ကို ကျော်လွန်ပြီး သရုပ်ဆောင်အဆင့်ကို ရောက်ရှိခဲ့ပြီလို့ သုံးသပ်ကြပါတယ်။ နှစ်ယောက်စလုံးဟာ ဇာတ်လမ်းထဲမှာ ပါဝင်တဲ့ ဇာတ်ကောင်စရိုက်ကို အပီပြင်ဆုံး သရုပ်ဆောင်နိုင်ခဲ့ကြတယ်လို့လည်း ဆိုကြပါတယ်။

> အများအမြင်မှာတော့
> ဘာတန်ဟာ
> လစ်ဇ်ကို
> နှိပ်စက်နေသလို
> မြင်ကြပါတယ်
> ဒါကြောင့်
> ကျွန်တော်တို့
> တော်တော်
> စိတ်ပျက်ကြပါတယ်
> ရန်ဖြစ်ကြတာ
> ကလည်း
> မကြာခဏပဲ
> ဆိုတော့
> တစ်ခါရန်ဖြစ်ပြီးရင်
> နောက်တစ်ခါ
> ဘယ်တော့
> ထပ်ဖြစ်မှာလဲလို့
> တထိတ်ထိတ်နဲ့
> ကြည့်နေရတယ်

ဘာတန်ရဲ့သရုပ်ဆောင်မှုများက တည်ငြိမ်ခြင်းကြောင့် လစ်ဇ်ရဲ့သရုပ်ဆောင်မှုကို မီးမောင်းထိုးပြနိုင်ခဲ့တယ်လို့လည်း သုံးသပ်ကြပါတယ်။ အတိုချုပ်ဆိုရရင်တော့ ဒီရုပ်ရှင်ဇာတ်ကားဟာ ဘာတန်အနေနဲ့ သူ့ဇနီးအတွက် ချစ်သက်လက်ဆောင်အဖြစ် ပေးလိုက်တဲ့ကားလို့ ဆိုနိုင်ပါတယ်။

ပရိသတ်တွေက ဘာတန်တို့မောင်နှံကို အရူးအမူးဖြစ်နေကြဆဲပါ။ သွားလေရာတိုင်းမှာ ပရိသတ်တရုန်းရုန်းနဲ့ တစ်ခါတလေမှာ အခြေအနေကို ဆိုးဆိုးရွားရွား ထိန်းသိမ်းရတဲ့အထိ ရောက်ရှိနေပါတယ်။ လစ်ဇ်ကတော့ သူ့ထုံးစံအတိုင်း ပရိသတ်ဘယ်လောက်များများ ထိန်းတတ်ပါတယ်။ ဘာတန်ကတော့ လူထူထူဆိုရင် မနေတတ်သူဖြစ်တာကြောင့် အခက်ကြုံရပါတယ်။ သူက အေးအေးဆေးဆေး စာဖတ်နေချင်သူပါ။ အခုဆိုရင် နေ့စဉ်မှတ်တမ်းကို မှန်မှန်ရေးသားနေရာက ဝတ္ထုတိုလေးတွေ ရေးလာတဲ့အထိ တိုးတက်လာခဲ့ပါတယ်။ ဘာတန်က တယ်လီဖုန်းခေါ်သံကိုလည်း နားမခံသာပါဘူး။ တယ်လီဖုန်းလာရင် ကောက်ကိုင်ခဲပါတယ်။ ဒါကြောင့် လစ်ဇ်က မကြာခဏဆိုသလို သတိပေးရပါတယ်။ ပရိသတ်တွေနဲ့ ဆက်ဆံရာမှာ ပြေပြေလည်လည်ရှိဖို့ သူတို့အားပေးမှုရပ်တန့်သွားရင် သရုပ်ဆောင်တစ်ယောက်အနေနဲ့ ရပ်တည်ဖို့ ခဲယဉ်းတဲ့အကြောင်းလည်း သတိပေးရပါတယ်။ လစ်ဇ် ဘာပဲပြောပြော ဘာတန်ကတော့ လူအများနဲ့ ဆက်ဆံရာမှာ စိတ်မသက်မသာ ရှိနေဆဲပါပဲ။

ပရိသတ်များ စိတ်ဝင်စားမှု အရှိန်အဟုန်ကောင်းနေဆဲမှာပဲ လစ်ဇ်အတွက် နောက်ထပ် အခွင့်အရေးတစ်ခု ရလိုက်တာကတော့ Elizabeth by Elizabeth လို့အမည်ပေးထားတဲ့ မှတ်တမ်းစာအုပ်တစ်အုပ်ကို အတ္ထုပ္ပတ္တိစာရေးဆရာ ရစ်ချတ်မေရီမဲန်းရဲ့ ရေးသားချက်နဲ့ Harper & Row စာအုပ်တိုက်ကြီးက ၁၉၆၅ ခုနှစ် နိုဝင်ဘာလမှာ ထုတ်ဝေလိုက်ခြင်းပါပဲ။ ဒီစာအုပ်အတွက် စာမူခအဖြစ် လစ်ဇ်ကို ဒေါ်လာ ၂ သိန်းခွဲ ချီးမြှင့်ခဲ့ပါတယ်။ အဲဒါအပြင် ဒီစာအုပ်ကို Ladies' Home ဂျာနယ်က အနှစ်ချုပ်ပြီး ထည့်သွင်းဖော်ပြခဲ့ပါတယ်။ စာအုပ်မျက်နှာဖုံးမှာ လစ်ဇ်က ကလီယိုပါထရာ မိတ်ကပ်မျိုးနဲ့ ဘာတန်ကို ဖက်ထားတဲ့ပုံ သုံးခဲ့ပါတယ်။ နောက်ကနေ သိုင်းဖက်ထားတဲ့ လစ်ဇ်ရဲ့လက်မှာ ဘာတန်ပေးထားတဲ့ စေ့စပ်ကြောင်းလမ်းလက်စွပ်နဲ့ လက်ထပ်စိန်လက်စွပ်တို့ကို လှလှပပတွေ့မြင်ကြရပါတယ်။ ဘာတန်ရဲ့မျက်နှာကတော့ ခပ်တင်းတင်းဆိုတော့ သူ့ခံစားချက်ကို ခန့်မှန်းရခက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

LHJ မှာ ဖော်ပြတာက အနှစ်ချုပ် သာဖြစ်ပါတယ်။ ဒီဖော်ပြချက်မှာ လစ်ဇ်က အသက်ငယ်ရွယ်စဉ်က မှား ခဲ့တဲ့သူ့အမှားများ၊ ဆုံးဖြတ်ချက်မှား ခဲ့တာများကို ဖော်ပြပါတယ်။ ပရိ သတ်အားလုံးက လစ်ဇ်ကို အပြစ်မမြင် ဘဲ ချစ်ခင်နေကြချိန်ဖြစ်တာကြောင့် လစ်ဇ် ပြောသမျှဟာ ပရိသတ်များ အတွက် စိတ်ဝင်စားစရာချည်းပါပဲ။ ဘာတန်နဲ့ သူ့အိမ်ထောင်ရေးခရီးအစမှာ ရှေ့ဒ်ဝေးဇာတ်ခုံပေါ်မှ အောင်မြင်ခဲ့ တဲ့ Hamlet ပြဇာတ်အကြောင်းလည်း ပါဝင်ပါတယ်။ အယ်ဒီဖစ်ရှားနဲ့ အိမ် ထောင်ပြုလိုက်စဉ်က ပရိသတ်တွေ အပြစ်တင်ခဲ့ကြတာတွေ ပါဝင်သလို ကလီယိုပါထရာ ရိုက်ကွင်းပေါ်မှာ ဘာ တန်နဲ့သူ ချစ်ကျွမ်းဝင်ကြတော့ ပုပ် ရဟန်းမင်းကြီးရဲ့ ပြစ်တင်ဝေဖန်တာက အစ လွှတ်တော်မှာ သူတို့နှစ်ယောက်ကို ပြည်ဝင်ခွင့်ဗီဇာပိတ်ဖို့ စဉ်းစားကြတဲ့ အကြောင်းအထိ ပါဝင်ပါတယ်။

ဒီစာအုပ်မှာ လစ်ဇ်က အကြောင်း အရာတော်တော်များများကို ဖွင့်ချထား တယ်ဆိုပေမဲ့ တချို့အကြောင်းအရာ တွေကိုတော့ ချန်ထားခဲ့ပါတယ်။ ဥပမာ အားဖြင့် ကလီယိုပါထရာ ရိုက်ကွင်း ပေါ်မှာ ဘာတန်က သူ့ကို သရုပ်ဆောင် အလုပ်နဲ့ပတ်သက်ပြီး ငြီးငွေ့နေပြီဖြစ် ကြောင်း ပြောတာမျိုးကို လစ်ဇ်က ထည့် မပြောပါဘူး။ ဒါကလည်း သူ့မှာ အကြောင်းရှိပါတယ်။ အဲဒီကာလတုန်း က သရုပ်ဆောင်အလုပ်ကို ငြီးငွေ့တယ် ဆိုတာက ဇနီးသည်ဖြစ်သူ စစ်ဘဲလ်က အားပေးအားမြှောက်မလုပ်ခြင်းကြောင့် ပါ။ ဒီအကြောင်းကို ထည့်ပြောမယ်ဆို ရင် စစ်ဘဲလ်အကြောင်း ပါလာရလိမ့် မယ်။ သူ့စာအုပ်မှာ စစ်ဘဲလ်အကြောင်း ထည့်ချင်မှာမဟုတ်ပါဘူး။ ဒါကြောင့် လည်း ဒီအကြောင်းကို ချန်လှပ်ထားခဲ့ ခြင်းဖြစ်နိုင်ပါတယ်။ အကြမ်းရေးသား ဥ်က အယ်ဒီဖစ်ရှားရဲ့ဇနီးဟောင်းဖြစ် သူ ရုပ်ရှင်မင်းသမီး ဒယ်ဘီရေနိုးလ် နဲ့ ပတ်သက်တာ ပါဝင်ခဲ့ပါသေးတယ်။

ဒါပေမဲ့ ပြန်လည်တည်းဖြတ်ရာမှာတော့ လစ်ဇ်က ဖြတ်ထုတ်ခဲ့တာပါ။ တကယ် တော့ အယ်ဒီဖစ်ရှားနဲ့ ဒယ်ဘီတို့ရဲ့အိမ် ထောင်ရေးကလည်း အဲဒီခေတ်အခါ တုန်းက ရုပ်ရှင်စတူဒီယိုကြီးများက သူတို့ စင်တင်ပွဲထုတ်ထားတဲ့ မင်းသား မင်းသမီးအချင်းချင်း ပြန်လည်နေရာ ချထားပေးတဲ့စနစ်ကြောင့် သူတို့နှစ် ယောက် အိမ်ထောင်ကျခဲ့ခြင်း ဖြစ် တယ်လို့ ဆိုပါတယ်။

ဒီစာအုပ်မှာ လစ်ဇ်က သူနဲ့ဘာ တန်တို့ ဂျစ်ပစီများလို နေရာအတည် တကျမရှိ လှည့်လည်သွားလာနေကြရ တာကို ငြီးငွေ့လာတဲ့အကြောင်း အရိပ် အမြွက်ဖွင့်ဟလာပါတယ်။ 'ကျွန်မတို့ တစ်နိုင်ငံပြီးတစ်နိုင်ငံ ပြောင်းနေရတာ သိပ်တော့ မကောင်းလှဘူး။ ကလေး တွေကလည်း ကျောင်းတစ်ကျောင်း တည်းမှာ နေသင့်ကြပြီ။ ဒါမှ သူတို့ အတွက်လည်း မိတ်ဆွေအပေါင်းအသင်း တွေ ရမှာကိုး။ ကျွန်မတို့မှာက ကလေး တွေ မွေးထားတဲ့ မြင်းပုကလေးအပါ အဝင် ခွေးတွေ၊ ကြောင်တွေကလည်း ရှိသေးတယ်။ တစ်နေရာပြောင်းရတော့ မယ်ဆိုရင် ထုပ်ရပိုးရတာကလည်း သေ တော့မယ်။ ကျွန်မ အမြတ်တနိုးဝယ် ထားတဲ့ ပန်းချီကားတွေကလည်း နံရံ ပေါ်မှာ မချိတ်ရဘဲ သိမ်းထားရတယ်။ ကျွန်မလိုပဲ စာအုပ်တွေကို မြတ်မြတ်နိုး နိုးဝယ်ထားတဲ့ ဘာတန်မှာလည်း ထား စရာနေရာမရှိဘူး။ ဒါကြောင့် နိုင်ငံတစ် ခုခုမှာ အိမ်တစ်လုံးနဲ့ အခြေတကျ နေ ချင်လှပြီ'လို့ ဆိုပါတယ်။

ဒီစာအုပ်မှာ လစ်ဇ်က သူ့အလှနဲ့ ပတ်သက်ပြီးတော့လည်း ဂုဏ်ယူဝံ့ ကြွားစွာ ထည့်သွင်းဖော်ပြခဲ့ပါတယ်။ သူ့ခင်ပွန်းသည်က သူ့ကို 'ကိုယ့်ရဲ့မိန်းမ ချောကလေး'လို့ တင်စားခေါ်ဝေါ်တတ် ကြောင်း၊ မလိုတဲ့အချိန်မှာတော့ 'မေးနှစ် ထပ်နဲ့မိန်းမ၊ ခြေတံလက်တံတိုတဲ့မိန်းမ' လို့ ပြောတတ်ကြောင်းလည်း ဖော်ပြ ပါတယ်။ တစ်ခါတလေမှာတော့ 'ဒီမိန်းမကလည်း သာမန်မိန်းမတစ်

ယောက်ပါပဲဗျာ။ ခင်ဗျားတို့၊ ကျွန်တော် တို့လိုပဲ စားတယ်၊ သောက်တယ်၊ နေ တယ်၊ ထိုင်တယ်၊ အိပ်တယ်။ အဲဒီလို မိန်းမကို ထားပစ်ခဲ့ပြီး ဘာကြောင့် ကျွန်တော် ထွက်မသွားနိုင်တာလဲ ဆိုတာကို ကျွန်တော့်ကိုယ်ကျွန်တော် လည်း မယုံနိုင်လောက်အောင်ပါပဲ'လို့ လည်း ညည်းတတ်ကြောင်း လစ်ဇ်က ဖော်ပြပါတယ်။ အဲဒါအပြင် လစ်ဇ်က သူမရဲ့အပျော်ဆုံးအချိန်တွေအကြောင်း ကိုလည်း ရေးသားဖော်ပြရာမှာ ဘာ တန်နဲ့ နှစ်ယောက်တည်းနေရတဲ့အချိန် ဟာ ပျော်စရာအကောင်းဆုံးအချိန်တွေ ပဲလို့ ရေးသားခဲ့ပါတယ်။

*ကျွန်မ အပျော်ဆုံးအချိန်တွေက တော့ ဘာတန်နဲ့ နှစ်ယောက် တည်း နေရတဲ့ညတွေပါပဲ။ တခစ် ခစ်ရယ်မောရင်း စာအုပ်တွေ အကြောင်းပြောကြတယ်။ ကမ္ဘာ ကြီးမှာ ဖြစ်ပျက်နေတဲ့အကြောင်း တွေ၊ ကဗျာတွေရဲ့အကြောင်း၊ ကလေးတွေအကြောင်း၊ ကျွန်မတို့ ပထမဆုံးတွေ့တဲ့အချိန်တုန်းက အကြောင်း၊ ပြဿနာတွေ၊ နွေခင်း အိပ်မက်တွေ၊ တကယ့်အိပ်မက် တွေ အိုး…စုံလို့ပါပဲ။ ကျွန်မတို့ နှစ်ယောက်က ရန်ဖြစ်ရင်တောင် ပျော်နေကြတာ။ သူ စိတ်တိုပြီး ဒေါသထွက်ပြီဆိုရင် အရမ်းကြည့် လို့ကောင်းတာ။ သူ အော်လိုက် ပြီဆိုရင် တစ်ခန်းလုံး တုန်ခါသွား သလိုပဲ။ အဲဒီလိုအခါမျိုးမှာ ကျွန်မ ချော့လိုက်ပြီဆိုရင် သူ စိတ်ပြေ သွားတာပါပဲ။*

အိမ်ထောင်ရေးဖောက်ပြန်တယ် လို့ စွပ်စွဲခဲ့ကြတဲ့ အမေရိကန်ပရိသတ် များသည်ပင်လျှင် သူတို့နှစ်ယောက် အိမ်ထောင်ကို အားကျလာကြတယ်။ သူ တို့နှစ်ယောက်ဟာ နတ်ဖက်တဲ့စုံတွဲလို့ ထင်လာကြတယ်။

*(ဆက်လက်ဖော်ပြပါမည်။)*

■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ် ဂီတလမ်းကြောင်း အပြောင်းအလဲများ


**ရာပြည့်**

တကယ်တော့
You Tube ဟာ
၂၀၁၃ ခုနှစ်
ဂီတလမ်းကြောင်းရဲ့
အရေးပါတဲ့
နေရာတစ်နေရာ
ဖြစ်လာခဲ့တာပါ
ဂီတသံတွေက
ကောင်းကင်
ဂြိုဟ်တုဆီအထိ
ထိုးတက်သွားတယ်
ဆိုပါတော့
ဒစ်ဂျစ်တယ်
ဂီတဟာ
၂၀၁၁ ခုနှစ်မှာ
CD ဓာတ်ပြားချပ်
တွေထက်
အရောင်း
ပိုသွက်ခဲ့ပါတယ်
ဒါပေမဲ့
အခုနေ
အခါမှာတော့
ဒစ်ဂျစ်တယ်
ရောင်းအားဟာ
ပြန်လည်
ကျဆင်းနေပါတယ်

အဆိုတော် Miley Cyrus က
သူ့ရဲ့အငြင်းပွားဖွယ် VMA ဆုပေးပွဲ
ဖျော်ဖြေတင်ဆက်မှုအပေါ်
ပုံဖော်ပြောကြားခဲ့တဲ့
လက်တွေ့သိရတဲ့ထူးခြားမှုဆိုတာကို
ငှားပြီး ပြောရမယ်ဆိုရင်ဖြင့်
၂၀၁၃ ခုနှစ်ဟာ
ဂီတလောကအတွက်
ထိတို့မရတဲ့ အရှုပ်ထုပ်ဆိုတာကနေ
ဗျူဟာမြောက် အရှုပ်ထုပ်အဖြစ်
ပြောင်းလဲဖို့ ကြိုးစားတဲ့နှစ်ပဲလို့
ဆိုရမှာဖြစ်ပါတယ်။
၂၀၁၃ ခုနှစ်အတွင်း
ဂီတလောကမှာ
အသစ်အဆန်းတွေဖြစ်တဲ့
အင်တာနက်ကနေ
တိုက်ရိုက်ထုတ်လွှင့်တာမျိုး
ပေါ်ထွက်ခဲ့သလို
မကြုံဖူးလောက်အောင်
အာရုံစူးစိုက်မှုမရှိတဲ့
ပရိသတ်တွေလည်း
ကြုံတွေ့ရတဲ့အပြင်
စီးပွားရေး အနေအထားကလည်း
ရုန်းရကန်ရဆဲသာဖြစ်ပြီး
လက်လီဓာတ်ပြား
ရောင်းချရတာတွေ
ခေတ်ကုန်ဆုံးလုနီးနီးအချိန်မှာ
ထိပ်တန်းအဆိုတော်တွေနဲ့ သူတို့ကို
ကိုင်တွယ်ကြပ်မတ်ပေးသူတွေက
ဆူညံသံတွေကြားမှာပဲ
ပိုပြီးတော့ကောင်းမယ့်
နည်းလမ်းတွေ
ရှာဖွေထိုးဖောက်ထွက်ဖို့
ကြိုးစားလာကြတာ ဖြစ်ပါတယ်။
၂၀၁၃ ခုနှစ်ဟာ
ပရိသတ်စိတ်ဝင်စားမှုရရှိဖို့အတွက်
အသေအချာ အကွက်ချစီစဉ်ပြီး
ကြိုးစားတင်ဆက်မှုတွေ
အများအပြားတွေ့ရတဲ့
နှစ်ဖြစ်ပါတယ်။
အဆိုတော် Daft Punk နဲ့
Arcade Fire ဂီတအဖွဲ့တို့ရဲ့
အယ်လ်ဘမ်သစ်
ဖွင့်လှစ်ကြော်ငြာပုံမျိုး၊
အဆိုတော် Justin Timberlake ရဲ့
ဂီတလောကထဲ
ခြေဦးပြန်လှည့်လာပုံမျိုး၊
Robin Thicke ရဲ့ Blurred Line
သီချင်းဗီဒီယိုဖိုင်လိုမျိုး၊
Miley Cyrus ရဲ့
လျှာကြီးထုတ်ထုတ်ပြနေပုံလိုမျိုး၊
Paul McCartney ရဲ့
Jimmel Kimmel Live
ရုပ်/သံအစီအစဉ်အပေါ်က
Let It Be ဟန်နဲ့
ဖျော်ဖြေတင်ဆက်ပုံမျိုး၊
Jay Z ရဲ့အခမဲ့အယ်လ်ဘမ်အတွက်
Sam Sung နဲ့ သဘောတူညီပုံမျိုး၊
Kanye West ရဲ့ အတင့်ရဲတဲ့
Yeezus နယ်လှည့်ဂီတ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



အဆိုတော် Justin Timberlake ရဲ့ဖျော်ဖြေတင်ဆက်ဟန်

ဖျော်ဖြေပွဲထွက် ပုံမျိုးတွေဟာ ပရိသတ် စိတ်ဝင်စားမှုရရှိဖို့အတွက် အထူးတလည် ကြိုးပမ်းတင်ဆက်လာတာတွေပဲ ဖြစ်ပါတယ်။

သီချင်းအယ်လ်ဘမ်အသစ် ထွက်တာကို အထူးတလည် ကြိုတင်မျှော်မှန်းချက်တွေနဲ့ ပြုလုပ်တဲ့ပွဲအသွင် ပြောင်းလဲပစ်နိုင်တာဟာလည်း တန်ဖိုးကျဆင်းနေတဲ့ ဂီတပုံရိပ်ကို ပြောင်းပြန်လှန်ပေးလိုက်နိုင်တဲ့ နည်းလမ်းကောင်းတစ်ရပ်ပါပဲ။ အဲဒီအပြင် ဂီတလောကဟာ ဟောလိဝုဒ်ရဲ့ နည်းဗျူဟာတွေကို အသုံးချကာ ရောင်းအားမြှင့်တင်ရေး ဆောင်ရွက်ချက်တွေအပေါ် အားထားဆောင်ရွက်လာတာကိုလည်း တွေ့ကြရပါတယ်။ လူကြိုက်များရာကိုသာ အာရုံစိုက်ဆောင်ရွက်ခြင်းဟာ အနုပညာလောကရဲ့ တစ်ခုတည်းသော အောင်မြင်ရေး နည်းဗျူဟာဖြစ်တယ်လို့ ဖွင့်ဆိုရေးသားခဲ့တဲ့ Blockbusters အမည်ရ စာအုပ်သစ်ကို ရေးသားသူ Harvard Business School ရဲ့ ပါမောက္ခ Anita Elberse က အနုပညာရှင်တွေဟာ ပရိသတ်ရဲ့ အာရုံစိုက်မှု ရရှိဖို့အတွက် ယှဉ်ပြိုင်ဆောင်ရွက်လာကြတာတွေ အများအပြားရှိကြောင်း ပြောကြားလာခဲ့ပါတယ်။ ခေတ်ပြားတိုက်တွေကလည်း သူတို့ထုတ်ဝေတဲ့ သီချင်း ပရိသတ်ကြားမှာ ပေါက်ဖို့ရှိတယ်ဆိုတဲ့ အသိရှိကြပြီး ဒါကို ဖြစ်အောင်လုပ်ဖို့ နည်းလမ်းတစ်ခုကတော့



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်
Robin Thicke



အမားရိုးကျ နည်းလမ်းတွေကနေ သွေ ည့်တာမျိုး၊ ဒါမှမဟုတ် ပရိသတ်ရဲ့ စိတ်အာရုံအတွေးကို တကယ်ဖမ်းစား နိုင်တာမျိုး ဖြစ်တယ်လို့လည်း Anita က ဆိုပါတယ်။

၂၀၁၃ ခုနှစ်မှာ ဂီတရာဇဝင်တစ် လျှောက် အအောင်မြင်ဆုံး အယ်လ်ဘမ် ထုတ်နိုင်ခဲ့ပြီလို့ ကိုယ့်စိတ်ထဲမှာ တွေး ထင်တဲ့ အဆိုတော် တစ်ယောက်မက ရှိပါတယ်။ Arcade Fire ဂီတအဖွဲ့သား Win Butter က Thriller ဗီဒီယိုကို ရုပ်/သံကနေ ကြည့်ရတာ အမှတ်ရနေမိပြီး ဒါဟာ လူတွေအားလုံး တစ်ပြိုင်တည်းမှာ ကြည့်နေကြတာဖြစ်လို့ တကယ့်ပွဲတစ်ခုပါပဲလို့ ဆိုပါတယ်။ Daft Punk က Thriller ရဲ့ စာလုံးပုံစံကို သူ့ရဲ့ အယ်လ်ဘမ်မျက်နှာဖုံး ဒီဇိုင်းမှာ အသုံးပြုခဲ့ပြီး Saturday Night Live ရုပ်/သံကြော်ငြာ အစီအစဉ်ကနေ အယ်လ်ဘမ်သစ်ကို ဖွင့်လှစ်ပြသခဲ့ပါတယ်။ ကိုလမ်ဘီယာဓာတ်ပြားတိုက်ရဲ့ ဈေးကွက်ဖော်ဆောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ Scott Greer က Daft Punk ဟာ သီချင်းထုတ်ဝေဖို့ရာ အကြီးစား ရောင်းအားမြှင့်တင်ရေး ဆောင်ရွက်မှုတွေ လုပ်ပေးတဲ့ အယူအဆကို တော်တော်လေး နှစ်သက်သူဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ ပြောရရင်တော့ အခုလို ဒစ်ဂျစ်တယ်ခေတ်ကြီးမှာ ဘာမဆို Twitter နဲ့ Facebook ကနေ Like ပေးနေကြတာမို့လို့ ဒီလိုရောင်းအားမြှင့်တင်ရေးမျိုးကို ဘယ်လိုလုပ်ပြီး ရအောင်လုပ်ပေးမှာလဲလို့ မေးစရာဖြစ်လာပါတယ်လို့လည်း Scott Gerre က ဆိုပါတယ်။

တစ်ချိန်တည်းမှာပဲ Taylor Swift, Bruro Mars နဲ့ Pink တို့က ၂၀၁၂ ခုနှစ်ထုတ် အယ်လ်ဘမ်တွေထဲက လူကြိုက်များ သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ်နဲ့ သူတို့ရဲ့ အယ်လ်ဘမ်တွေကို ပရိသတ်က အသစ်နှယ်တမျှ မပစ်ပယ်နိုင်ကြအောင် စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။ Katy Perry ကလည်း Roar ဆိုတဲ့ သီချင်းတစ်ပုဒ်နဲ့ အရောင်းဇယားချပ်ကို လွှမ်းမိုးထားခဲ့ပြန်ပါတယ်။ Roar ဟာ Katy Perry ရဲ့ စတန့်စွန့်စားခန်းတွေနဲ့ ရောင်းအားမြှင့်တင်ရေးတစ်ရပ်လို ဖြစ်ခဲ့ရတာကလည်း အငြင်းပွားနေစရာ မလိုတဲ့ အချက်ဖြစ်ပါတယ်။ အဆိုတော် Drake ကလည်း ထူးခြားတဲ့ နည်းဗျူဟာတွေနဲ့ ရောင်းအားမြှင့်တင်ရေး စီစဉ်ဆောင်ရွက်လာတဲ့ သူ့ရဲ့ တတိယမြောက် အယ်လ်ဘမ်ကို ဓာတ်ပြားချပ်ရေ တစ်သန်းကျော်အထိ ရောင်းချနိုင်ခဲ့ပါတယ်။ Drake က အယ်လ်ဘမ်သစ်ထဲမှာပါတဲ့ Started From the Bottom အမည်ရ သီချင်းကို ဖေဖော်ဝါရီလထဲမှာ ထုတ်ဝေခဲ့ပြီးနောက် စက်တင်ဘာလအထိ သူ့ရဲ့ အယ်လ်ဘမ်သစ်ကို မထုတ်သေးဘဲ ထားထားခဲ့ပါတယ်။ အဆိုတော် Eminem ကလည်း အယ်ဘမ်သစ်ထုတ်ဝေတဲ့ ပထမသီတင်းပတ်အတွင်း ချပ်ရေ ၇၉၂,၀၀၀ ရောင်းချခဲ့ရကာ ၂၀၁၃ ခုနှစ်အတွင်းမှာ Justin Timberlake က လွဲရင် ဘယ်အဆိုတော်မှ မရသေးတဲ့ အောင်မြင်မှုမျိုးနဲ့ သူ့ရဲ့ ကျော်ကြားမှုကို သက်သေပြခဲ့ပါတယ်။

Taylor Swift ရဲ့ ၂၀၁၃ ခုနှစ်အတွင်း အကြီးကျယ်ဆုံး မြောက်အမေရိက ပွဲစဉ်တွေဟာလည်း အဆုံးသတ်လုနီးပါပြီ။ Taylor ရဲ့ ဖျော်ဖြေပွဲတွေကို အားကစားရုံတွေ၊ ကွင်းပြင်တွေမှာ တင်ဆက်ခဲ့တာပါ။ သူ့နောက်မှာ ဒုတိယလိုက်တာကတော့ ဂန္ထဝင် Rolling Stones ဂီတအဖွဲ့ရဲ့ ပွဲစဉ်တွေပါပဲ။ (ဒီဆောင်းပါး ရေးသားစဉ်မှာ ၂၀၁၃ ခုနှစ်ရဲ့ နှစ်ချုပ်စာရင်းတွေ မသိရှိရသေးပါဘူး။)အားလုံးကို ခြုံပြီးတော့ ပြောရမယ်ဆိုရင်ဖြင့် ၂၀၁၃ ခုနှစ်ရဲ့ ဂီတလမ်းမကြီးကို ဂန္ထဝင်ရော့ခ်ဂီတက ချုပ်ကိုင်လွှမ်းမိုးသွားတယ်လို့လည်း ဆိုရမှာပါ။ Paul McCartney, Bon Jovi ကို



www.burmeseclassic.com

www.burmeseclassic.com

Fleetwood Mac တို့ကလည်း ၂၀၁၃ ခုနှစ်ရဲ့ အကြီးကျယ်ဆုံး ဖျော်ဖြေပွဲတွေ တင်ဆက်နိုင်ခဲ့ကြပါတယ်။ EDM လို့ ခေါ်တဲ့ အီလက်ထရွန်းနစ်အက ဂီတမှာ ဆိုရင် Mafia အမည်ရ ဆွီဒင်ဂီတအဖွဲ့ ကလည်း ၂၀၁၃ ခုနှစ် ထက်ဝက်ကျိုးချိန်မှာ ဝင်ငွေကောင်း ထိပ်တန်း ၅၀ စာရင်းဝင်တဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေ တင်ဆက်ပေးနိုင်ခဲ့ပါတယ်။ Mafia ရဲ့ အရှိန်က ဆက်ပြီး ပျံ့နှံ့သွားလိုက်တာ Las Vegas ရဲ့ ကာစီနိုရုံတွေနဲ့ ကမ္ဘာတစ်လွှားက ပွဲတော်တွေမှာ DJ တချို့ကို ပွဲတစ်ပွဲအတွက် ဒေါ်လာ တစ်သိန်းခွဲကျော် ပေးခေါ်ရတဲ့အထိပါပဲ။

လက်ရှိအချိန်မှာတော့ အင်တာနက် You Tube Channel နဲ့ ဓာတ်ပြား အရောင်းဇယားချပ်တို့ အကြားမှာ အရင်ကထက် ပိုပြီး ဆက်ဆံရေးချောမွေ့နေပါတယ်။ Billboard ဂီတအရောင်းဇယားချပ်က ထိပ်တန်းဆင်ဂဲလ် ၁၀၀ စာရင်းကို ရေတွက်ရာမှာ You Tube ပေါ်မှာ ဖွင့်ကြည့်တဲ့ အကြိမ်အရေအတွက်ကိုလည်း ထည့်သွင်းရေတွက်ပေးလာပါတယ်။ အဆိုတော် Baauer ရဲ့ Harlem Shake အမည်ရ သီချင်းဟာ Gangnam Style ကို ၂၀၁၃ ခုနှစ်မှာ အနီးဆုံးလိုက်နိုင်ခဲ့တဲ့ သီချင်းဖြစ်တာဟာ You Tube ရဲ့ Conten ID စနစ်သစ်ကြောင့်ပါပဲ။ ဒီစနစ်က အပျော်တမ်းဗီဒီယိုရိုက်ကူးမှုတွေမှာ အသုံးပြုထားတဲ့ သီချင်းတွေကို ဖွင့်လှစ်မှုအကြိမ်ရေ ရေတွက်ရာမှာ ထည့်သွင်းရေတွက်စေတဲ့ စနစ်ဖြစ်ပါတယ်။ You Tube ရဲ့ ထုတ်ကုန်စီမံခန့်ခွဲရေးဌာန ဒါရိုက်တာ Shiva Rajaraman က အနုပညာရှင်တွေဟာ အခုကစပြီး သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ကာကွယ်နိုင်ပြီလို့ ဆိုခဲ့ပြီး Conten ID စနစ်သစ်နဲ့ ကမ္ဘာတစ်လွှား ပရိသတ်တွေကို အရှုံးအမူးဖြစ်စေမယ်လို့ ပြောကြားခဲ့ပါတယ်။

၂၀၁၃ ခုနှစ်ရဲ့ မျက်နှာသစ်တန်းဂီတအဖွဲ့ဖြစ်တဲ့ Macklemore and Ryan Lewis တို့ဟာလည်း အင်တာနက်ပေါ်မှာ စတင်ပျံ့နှံ့ ကျော်ကြားခဲ့တဲ့ Thrift Shop သီချင်းနဲ့ အရမ်းကို အောင်မြင်လာခဲ့တာပါ။ ၂၀၁၃ ခုနှစ်ရဲ့ အအောင်မြင်ဆုံး မျက်နှာသစ် ဂီတအဖွဲ့အဖြစ် သတ်မှတ်ခံရတဲ့အထိ အောင်မြင်ခဲ့တာပါ။ Macklemore and Ryan Lewis ဟာ ဘယ်ဓာတ်ပြားတိုက်ရဲ့ အကူအညီမှ မပါဘဲ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ မန်နေဂျာဖြစ်သူ Zach Quillen က You Tube ပေါ်က လူကြိုက်များမှုကို အခြေပြုပြီး Thrift Shop ကို Warner Bros ဓာတ်ပြားတိုက်ရဲ့ ရေဒီယိုအစီအစဉ်ကနေ ရောင်းအားမြှင့်တင်ရေးဝန်ဆောင်မှု ပါဝင်ခွင့်ရဖို့ ကြိုးစားခဲ့ကြောင်း ပြောပြပါတယ်။ ဒါပေမဲ့ Warner Bros က သူတို့ရဲ့ ဝန်ဆောင်မှုကို မပေးနိုင်ကြောင်း ပြန်ကြားခဲ့တယ်လို့ Quillen က ဆိုပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ Thrift Shop က ကျော်ကြားနေပါပြီ။

တကယ်တော့ You Tube ဟာ ၂၀၁၃ ခုနှစ် ဂီတလမ်းကြောင်းရဲ့ အရေးပါတဲ့ နေရာတစ်နေရာ ဖြစ်လာခဲ့တာပါ။ ဂီတသံတွေက ကောင်းကင်ပြိုဟ်တုဆီအထိ ထိုးတက်သွားတယ်ဆိုပါတော့။ ဒစ်ဂျစ်တယ်ဂီတဟာ ၂၀၁၁ ခုနှစ်မှာ CD ဓာတ်ပြားချပ်တွေထက် အရောင်းပိုသွက်ခဲ့ပါတယ်။ ဒါပေမဲ့ အခုနေအခါမှာတော့ ဒစ်ဂျစ်တယ်ရောင်းအားဟာ ပြန်လည်ကျဆင်းနေပါတယ်။ ဒါကတော့ ကာလအတော်ကြာကတည်းက ဟောကိန်းထုတ်ထားတဲ့ ရှုးစမ်းလေ့လာမှု အဖြေတစ်ခုပဲဖြစ်ပါတယ်။ ဂီတချစ်သူတွေက သီချင်းတစ်ပုဒ်လုံးကို ကိုယ်တိုင် ပိုင်ဆိုင်လိုကြရာကနေ Streaming Music လို့ခေါ်တဲ့ အင်တာနက် ရုပ်/သံဂီတကို ထွေးပွေ့ကြိုဆိုလိုက်တာပါပဲ။ Napster ခေတ်လွန် လူငယ်တွေက သီချင်းဆိုတာကို ငွေပေးဝယ်ယူရမှန်း မသိဘဲ ကြီးပြင်းလာကြ ရင် နောက်မျိုးဆက်သစ် ဆိုရင်တော့ Download ဆွဲပြီး ကူးယူဖို့တောင် သိ တော့မှာမဟုတ်ပါဘူး။ Skrillex ဂီတ အဖွဲ့ရဲ့ မန်နေဂျာ Tim Smith က ကွန် တော်တို့တစ်တွေ အသွင်ကူးပြောင်းမှု ကာလထဲ ရောက်နေတာ အသေအချာ ပါပဲလို့ ဆိုလာပါတယ်။ အင်တာနက်က နေ ရုပ်/ သံဂီတ ထုတ်လွှင့်ပေးခြင်းက လွှမ်းမိုးသွားပြီလို့လည်း သူကဆိုပါ တယ်။

ဒီလိုနဲ့ You Tube က MTV အသစ်ဖြစ်လာခဲ့ပြီး ဖြစ်ရသလို၊ အခုနေ အခါမှာတော့ iTunes အသစ်ဖြစ်လာ ပြန်ပြီလို့ အင်တာနက်ရုပ်/သံ ဂီတဝန် ဆောင်မှုတွေပေးနေတဲ့ Audium ဒစ်ဂျစ် တယ်လုပ်ငန်းရဲ့ အမှုဆောင်အရာရှိချုပ် ဖြစ်သူ Jeff Price က ဆိုပါတယ်။ You Tube ရဲ့ ဒီရေအလား အောင်မြင်မှုက သူ့ထက်ပိုပြီး အနုစိတ်ကျအောင် ဖြင့် ဆင်ထားတဲ့ Spotify, Rdio နဲ့ Rhapsody တို့ကိုတောင် လွှမ်းမိုးနိုင်စွမ်းရှိကာ သုံးစွဲ သူအရေအတွက်မှာ မနိုင်းသာအောင် များပြားလှပါတယ်။ လူငယ်တော်တော် များများက You Tube ကို သူတို့ရဲ့ ဖျော် ဖြေရေး အရင်းအမြစ်အဖြစ်နဲ့ ကြီးပြင်း လာကြရတာဖြစ်တယ်လို့ Rajaraman က ဆိုပါတယ်။ သီချင်းတွေအားလုံး တစ်နေရာတည်းမှာပဲ ရှိတာလို့ ယေဘု ယျအားဖြင့် သိထားခဲ့ကြတာဖြစ် ကြောင်းလည်း Rajaraman က ပြော ကြားခဲ့ပါတယ်။

သီချင်းတစ်ပုဒ်ကို ဝယ်ယူဖို့ မှာ ကြားပေးရတဲ့ ဝန်ဆောင်မှုစနစ်မှာ အင် က စိန်ခေါ်မှုပြဿနာက ငွေပေးချေမှု ပဲ။ Spotify က အခပေးမှာကြားထား သူပေါင်း ခြောက်သန်းရှိပါတယ်။ လွန် ခဲ့တဲ့နှစ်ကဆိုရင် ကမ္ဘာတစ်လွှား အခပေးမှာကြားသူပေါင်း ငါးသန်းသာ ရှိတာပါ။ အဲဒီအပြင် အခမဲ့ဝန်ဆောင်မှု ပေးထားတဲ့ လူအရေအတွက်က သန်းအထိ ရှိပါသေးတယ်။ အတွက် အမေရိကန်ပြည်ထောင်စု



www.burmeseclassic.com

www.burmeseclassic.com

ရင်း သီးခြားထုတ်ပြန်မှု မရှိသေးပါဘူး။ နောက်ထပ် ဈေးကွက်ဦးဆောင်နေတဲ့ Application ကတော့ Rdio ပါ။ ခင်ဘာလအတွင်းမှာ Rdio ရဲ့ ဝန်ထမ်းတွေကို လျှော့ချခဲ့ရပါတယ်။ ပြိုင်ဘက်မှုတွေကတော့ ရှေ့လျှောက် ဆက်လက်တွေ့မြင်ကြရဦးမှာပါ။ နှစ်သစ်မှာ Beats Music Streaming Service ဈေးကွက်ကို ဝင်ရောက်လာတာတွေ့ကြရပါလိမ့်မယ်။ Head Phones တွေထုတ်တဲ့ Beats ကုမ္ပဏီကို Jimmy Iovine ဦးဆောင်တဲ့ကုမ္ပဏီက နောက်ကွယ်ကနေ ပံ့ပိုးပေးထားတာပါ။ Beats ဟာ AT&T အမည်ရ အမေရိကန်ဆက်သွယ်ရေးကုမ္ပဏီကြီးတစ်ခုနဲ့ ညှိနှိုင်းပြီး သီချင်းဝယ်ယူမှုအတွက် လက်ကိုင်ဖုန်းကနေ ငွေပေးချေတာကို လက်ခံဖို့ ကြိုးစားနေပါတယ်။ You Tube ကလည်း သူ့ရဲ့ ကိုယ်ပိုင်ငွေပေးဝန်ဆောင်မှုစနစ်နဲ့ လုပ်လုပ်သွားမယ်လို့ ဆိုပါတယ်။

ခတ်ပြားတိုက်တွေကတော့ ခိုးကူးမှုတွေ ကြီးစိုးနေတဲ့ ဂီတလောကမှာ Streaming လို့ခေါ်တဲ့ အင်တာနက်ရုပ်/သံဂီတထုတ်လွှင့်မှုက နေရာယူသွားနိုင်ခြေရှိတာကို စိတ်လှုပ်ရှားမှု အပြည့်နဲ့ စောင့်ကြည့်နေကြရပါတယ်။ Warner Bros ဂီတလုပ်ငန်းရဲ့ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အမှုဆောင်အရာရှိ Stephan Bryan က Streamings ဝန်ဆောင်မှုကို တရားဝင်အလေ့အထအဖြစ် တန်ဖိုးသတ်မှတ်နိုင်မယ့် အခွင့်အလမ်းတွေ တိုးပွားလာနေတာ မြင်တွေ့နေရကြောင်း ပြောကြားခဲ့ပါတယ်။ သီချင်းခိုးကူးတာတွေဟာ ၂၀၀၅ ခုနှစ်လောက်ကတည်းက ထက်ဝက်လျော့ကျခဲ့ပြီးသားပါ။ Spotify ဂီတဝန်ဆောင်မှု အပလီကေးရှင်း ပထမဆုံး ဈေးကွက်ဆောင်နိုင်ခဲ့တဲ့ ဆွီဒင်နိုင်ငံမှာဆိုရင် သီချင်းခိုးကူးမှုဟာ လုံးဝကို အောက်ကျသွားပြီဖြစ်ပါတယ်။

ဒါပေမဲ့ အနုပညာရှင် အတော်များများက Streaming ပုံစံနဲ့ ရောင်းချရတာကို သံသယရှိနေကြဆဲ ရှိပါသေးတယ်။ ဇူလိုင်လအတွင်းမှာ *Atoms for Peace* အမည်ရ အယ်လ်ဘမ်ကို Spotify ဆီကနေ ပြန်လည်ရုပ်သိမ်းခဲ့တဲ့ အဆိုတော် Thom Yorke က Spotify ဟာ သေအံ့ဆဲဆဲ အလောင်းကောင်ရဲ့ မျှော်လင့်ချက် မရှိလှတဲ့ နောက်ဆုံးလေလည်ချက်အဖြစ် Twitter ထက်ကနေ ပစ်ပစ်ခါခါဝေဖန်ရေးသားခဲ့တဲ့အပြင် Spotify ကနေ အောင်မြင်မှုရှာချင်ကြတဲ့ မျက်နှာသစ်ဂီတသမားတွေအနေနဲ့ ငွေကြေးရနိုင်မှာ မဟုတ်လို့ မမှားမိကြဖို့ သတိပေးကြောင်းလည်း ရေးသားဖော်ပြခဲ့ပါသေးတယ်။ (လက်ရှိကာလမှာ သီချင်းတစ်ပုဒ်ကို Stream လုပ်ရင် တစ်ပဲနီရဲ့ တစ်စိတ်တစ်ပိုင်းလောက်ပဲ ကူးယူခပေးရတာဖြစ်ပါတယ်။) တခြားဘက်ကနေပြောရရင်တော့ Spotify ဟာ သီချင်းမူပိုင်ခွင့်ရှိသူတွေကို သူ့ရဲ့ဝန်ဆောင်မှုကနေ ဒေါ်လာသန်းပေါင်း ငါးရာလောက်အထိ ရှာပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ မူပိုင်ခွင့်ရှိသူကို ပေးချေတဲ့နိုင်ကြေးနှုန်းထားကလည်း အသုံးပြုမှုများပြားလာတာနဲ့အမျှ တိုးလာဦးမှာ ဖြစ်ပါတယ်။ Metallica ဂီတအဖွဲ့ရဲ့ ရှေ့နေဖြစ်သူ Peter Paterno ကတော့ ဆွီဒင်နိုင်ငံကလွဲလို့ ဘယ်သူကမှ မသုံးတဲ့ Soptify ကို ဘာဖြစ်လို့ ဒီလောက်စိတ်ဝင်တစားဖြစ်နေရလဲ မသိတော့ပါဘူးလို့ ဆိုပါတယ်။

အင်တာနက်ဟာ အသံဖမ်းလုပ်ငန်းကို ၁၉၉၉ ခုနှစ်လောက်မှာကတည်းက အကြီးအကျယ် လျော့ကျသွားစေခဲ့ပေမဲ့ လုပ်ငန်းအခြေခံတွေကိုတော့ အခုထိ အပြီးတိုင် ချေမှုန်းနိုင်ခြင်း မရှိသေးပါဘူး။ ဒါပေမဲ့ ၂၀၁၃ ဂီတနှစ်က သက်သေပြခဲ့သလို တချို့အရာတွေက ပြောင်းလဲခြင်းမရှိပါဘူး။ ငယ်ရွယ်တဲ့ မိန်းမပျို အဆိုတော်လေးတွေက VMA ဆုပေးပွဲမှာ အံ့မခန်း ဖျော်ဖြေတင်ဆက်မှုတွေ ပေးနေဆဲပါ။ Eminem, Timberlake နဲ့ Jay Z တို့ဟာလည်း အခုအထိ နာမည်ကျော် အဆိုတော်တွေ ဖြစ်နေဆဲပါပဲ။ SNL ရဲ့ ဖျော်ဖြေတင်ဆက်မှုတွေက ပြောစမှတ်ဖြစ်တုန်း၊ အယ်လ်ဘမ်သစ်တွေကလည်း ရှင်သန်နေတုန်းပါပဲ။ ဘယ်လိုပဲ ဟောကိန်းတွေ ကြိုတင်ထုတ်ထားခဲ့ကြပေမဲ့ ခတ်ပြားတိုက်ကြီးတွေလည်း အခုအထိ တောင့်ထားနေတုန်းပါပဲ။ ခတ်ပြားတိုက်ကြီးတွေဟာ Macklemore လို လူတိုင်းအတွက် တည်ရှိနေဆဲဖြစ်ပြီး အခုလို မျက်နှာသစ်အဆိုတော် နှစ်ဦးဖြစ်တဲ့ Lorde နဲ့ Haim တို့ကို ခတ်ပြားတိုက်ကြီးတွေက စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ပါပြီ။

အနုပညာတွေအတွက် ခတ်ပြားတိုက်ကြီးတွေရဲ့ အကူအညီမပါရှိဘဲနဲ့ ခိုင်မာတဲ့ ပရိသတ်အင်အားတစ်ခုကို အင်တာနက်ပေါ်ကနေ ရနိုင်တယ်ဆိုပေမဲ့ အောင်မြင်မှုဆီကို တကယ်တမ်း တွန်းပို့ရာမှာတော့ အဲဒီခတ်ပြားတိုက်ကြီးတွေရဲ့ ဖြန့်ချိရေးနဲ့ ဈေးကွက်ဖော်ဆောင်ရေးအစွမ်းတွေကို လိုအပ်နေမှာဖြစ်ကြောင်း Elberse က ပြောကြားသွားခဲ့ပါတယ်။

အခု ဖတ်ရှုရတဲ့ ဆောင်းပါးဟာ ၂၀၁၃ ခုနှစ်အတွင်း အနောက်တိုင်းဂီတရဲ့ လမ်းကြောင်းအပြောင်းအလဲနဲ့ အနာဂတ်သစ်ကို Rolling Stone မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင် Brian Hiatt က သုံးသပ်ရေးသား ဖော်ပြခဲ့တဲ့ 2013:The Future Has Arrived အမည်ရ ဆောင်းပါးဖြစ်ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဂီတလမ်းကြောင်း အလှည့်အပြောင်းတစ်ရပ်ကို ဖော်ထုတ်နိုင်မှာဆိုရင်ဖြင့် ဂီတလောကသားတွေအတွက် အဓိက အနှောင့်အယှက်ကြီးလိုဖြစ်နေတဲ့ ခိုးကူးပြဿနာကို ဖြေရှင်းနိုင်လောက်ဖွယ်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။ ■

ရာပြည့်

***Reference :***

***2013: The Future Has Arrived by Brian Hiatt, Rolling Stone Magazine. December 2013***

www.burmeseclassic.com

ကျွန်မ 'မသေခင်သွားရမယ့် နေရာပေါင်းတစ်ထောင်' ရေးနေရာကနေ ရေခြားမြေခြားအတွေ့အကြုံဘက်ကို ခြေဦးလှည့်ပြီး ရေးပြချင်တာကတော့ မျှဝေချင်တဲ့ ဆန္ဒနဲ့ပါပဲ။ ကျွန်မ လေးဖက်နာခေါ်တဲ့ Arthritis ဖြစ်လာခဲ့ချိန်မှာ လေးဖက်နာ နှစ်မျိုးဖြစ်တဲ့ အော့စ်တီယိုအာသရိုက်တစ် (Osteo Arthritis) ရော၊ ရှူမာတွိုက်

# ရေခြားမြေခြား အတွေ့အကြုံ

**မေထွာဦး**

အာသရိုက်တစ်(Rheumatoid Arthritis) ရော ဖြစ်ခဲ့တာပါ။ လက်ဆစ်တွေ ရောင်ကိုင်းပြီးနာခဲ့တာလေ။ ဆေးတွေထဲမှာ ပရက်ဒ်နီဆုံး(Prenisone) ဆေးကို မစားဖို့ ကျွန်မရဲ့မိခင်က အထပ်ထပ်အခါခါ မှာခဲ့ဖူးပါရဲ့။ မိခင်ကိုယ်တိုင်ကလည်း လေးဖက်နာနှစ်မျိုးလုံးဖြစ်ခဲ့ရုံမက ချည့်နဲ့ခဲ့ပြီး နှလုံးရောဂါနဲ့ ကွယ်လွန်ခဲ့တာကိုး။ ရှူမာတွိုက်အာသရိုက်တစ်က နှလုံးကိုပါ ထိခိုက်စေခဲ့နိုင်တာလေ။ ကျွန်မ လေးဖက်နာကို အမွေရလိုက်ကတည်းကနေ ချည့်နဲ့သွားမှာကို အကြောက်ဆုံးပါပဲ။ လက်ချောင်းအဆစ်အမြစ်တွေ ရောင်ကိုင်းနာကျင်နေရင်းနဲ့ ဆောင်းပါးတွေ ရေးခဲ့တာပါ။ အဲဒီအချိန်တုန်းက လက်ချောင်းတွေက ပစ္စည်း တစ်ခုခုကိုတောင် မြဲမြဲမကိုင်နိုင်ခဲ့တဲ့ အထိ ဖြစ်ခဲ့ရတဲ့အထိပါပဲ။ လေးဖက်နာကို သဘာဝနည်းနဲ့

ဆေးကုသရာမှာ ဂျာမနီနိုင်ငံက နာမည် ကြီးတာမို့ ကျွန်မ ဂျာမနီမှာ ဆေးကုသ ခံယူခဲ့ပါတယ်။ အပန်းဖြေခရီးထွက်ရင်း ဆေးကုခဲ့တယ်ဆိုပါတော့။ အဓိက ကုထုံးကတော့ ရေနွေးကန်ထဲမှာ လေ့ ကျင့်ခန်းယူတာပါပဲ။ ကျွန်မ US မှာ အဲဒီလို ရေနွေးကန်မှာ လေ့ကျင့်ခန်းသင် တန်းပေးနေတာ မသိခဲ့ပါဘူး။ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးက သူမရဲ့မိခင် မှာ လေးဖက်နာရှိခဲ့ပြီး ရေနွေးကန်မှာ လေ့ကျင့်ခန်းယူခဲ့လို့ သက်သာသွားခဲ့ ပြီဖြစ်ကြောင်း စကားစပ်ခဲ့မိမှ ရေနွေး ကန်ကိစ္စ သိခဲ့ရတော့တာလေ။

ကျွန်မ ရေကူးကန်မှာ စနေနေ့တိုင်း လိုလို နှစ်နာရီလောက်လေ့ကျင့်ခန်းယူခဲ့ တာ နှစ်နှစ်ကျော်ခဲ့ပါပြီ။ အဲဒီမှာ လေ့ ကျင့်ခန်းလာယူနေကြတဲ့သူတွေ အချို့ နဲ့လည်း မိတ်ဆွေ သူငယ်ချင်းတွေဖြစ်ခဲ့ တယ်ဆိုပါတော့။ ကျွန်မ ရေကူးကန်မှာ လေ့ကျင့်ခန်းယူခဲ့တဲ့အကြောင်းနဲ့ဆက် သက်ပြီး ရေခြားမြေခြားအတွေ့အကြုံ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါသေးရဲ့။ အခုရေးမှာက အဲဒီရေကူးကန်မှာ တွေ့ ကြုံနေရတဲ့ လူတွေအကြောင်းပါ။ လူ အတော်များကတော့ အငြိမ်းစားယူထား ကြသူတွေဆိုတော့ အသက် ၆၅ နှစ်ထက် အငယ်ဆုံးလို့ ပြောရမှာပါ။ US မှာ သက်ပြည့်ပင်စင်က ၆၅ နှစ်ပါ။ ကျွန်မ တို့ခေတ်မှာတော့ ၆၆ နှစ်မှ သက်ပြည့် ပင်စင်ရမှာတဲ့။

အဲဒီရေကူးကန်မှာ အသက် ... ပတ်ဝန်းကျင်နဲ့ ၈၀ ပတ်ဝန်းကျင်... တွေက အတော်များပါတယ်။ ကျွန်မ... နားမှာ လေ့ကျင့်ခန်းယူကြတဲ့ သူတွေ... နှုတ်ဆက်ကြရင်း၊ ပြုံးပြကြရင်း မိတ်... ဆွေတွေ ဖြစ်ခဲ့ကြပါတယ်။ လူဆိုတာ... အတိုင်း ပြီးပြည့်စုံခြင်းမရှိသလို၊ အထူး... ထူးဆန်းတဲ့အကြောင်းတွေလည်း ပြော... နိုင်ပြောနိုင်တဲ့သူတွေနဲ့ ကြုံခဲ့ရတာ...

အသက်ကြီးလာကြပေမဲ့ ကျန်း... ရေးကို အလွန်ဂရုစိုက်ကြသူများ... တချို့ဆိုရင် ချိုင်းထောက်နဲ့၊ တချို့ဆို... တုတ်ကောက်(တုတ်ကောက်အောက်...



www.burmeseclassic.com

www.burmeseclassic.com

ပြာ ချော်လဲလို့မရအောင် လေးမြှောင့်ပေါက်နဲ့ ပြုလုပ်ထား)၊ တချို့ဆိုရင် ကျွန်းရင်းလမ်းလျှောက်လို့ရတဲ့ သံမဏိချွန်းထောက်နဲ့ ရေနွေးကန်ကို လာပြီး လေ့ကျင့်ခန်းယူရာမှာ အလွန်ဇွဲကြီးကြတာကို ကြည့်ပြီး ကျွန်မ အံ့သြခဲ့ရပါရဲ့။ ကျွန်မနားမှာ လေ့ကျင့်ခန်းလုပ်တဲ့ ခပ်ဖိုင့်ဖိုင့် အမျိုးသမီးတစ်ဦးဆိုရင် မျက်မှောင်က အတော်ကြီးတာပါ။ စိတ်ကလည်း မြန်ပါတယ်။ ကျွန်မတို့တစ်ခေါက်တစ်ခါ ဆုံတိုင်း ဘာတွေလုပ်ခဲ့သလဲ၊ ဘာတွေ လုပ်စရာရှိသလဲဆိုတာ ပြောလေ့ရှိတာကိုး။ တစ်နေ့ သူပြောပြတာကတော့ 'ကိုယ်က အခုအသက် ၇၀ နီးပါးပေါ့။ ကိုယ့်ရဲ့အမေအသက် ၉၀ ပြည့်နေ့ကို အကြီးအကျယ်ကျင်းပဖို့ စီစဉ်ဆင်နေတာ အမေက လက်မခံခဲ့ပါဘူး။ သူ့ရဲ့သူငယ်ချင်းတွေနဲ့ တရုတ်ပြည်ကို ၂၁ ရက်ခရီး အုပ်စုလိုက်ထွက်ကြမယ်လေ။ အားလုံးအသက် ၉၀ နီးပါးတွေပဲ။ ကိုယ့်အမေက သူ့ရဲ့အတူနေချစ်သူ အသက် ၉၁ နှစ်က ခြေထောက်နာလို့ လိုက်မသွားနိုင်တာကို အတော်လေးစိတ်မကောင်းဖြစ်နေတာ' တဲ့။ ဘုရားရေ၊ ကိုယ့်ကိုယ်ကို ခရီးသွားနိုင်လှပြီ ထင်နေခဲ့တာ။ သူတို့ခြေဖျားတောင် မမီနိုင်ပါဘူး။

အသက် ၉၀ နီးပါးတွေထဲမှာ ကျွန်မနဲ့အခင်ဆုံးတစ်ဦးကတော့ ဂလိုရီယာဆိုတဲ့သူပါပဲ။ အသက်ရှစ်ဆယ့်နှစ်နှစ်ရှိပေမဲ့ ထူထပ်တဲ့ဆံပင်ရှည်နဲ့ပေါ့။ ဆံပင်တွေဖြူနေပေမဲ့ ထူထူအုပ်အုပ်နဲ့မို့ ဆံပင်အတုများ စွပ်ထားလေသလားထင်မှတ်မှားစရာပါပဲ။ ကျွန်မနဲ့သူနဲ့ လေ့ကျင့်ခန်းရေနွေးကန်မှာ လေ့ကျင့်ခန်း မစခင်နဲ့ လေ့ကျင့်ခန်းအပြီးမှာ စကားတွေ ပြောဖြစ်ခဲ့ကြတာလေ။ ကျွန်မခရီးတွေသွားတဲ့အခါတစ်ယောက်တည်းသွားတာ ခပ်များများဆိုတော့ တစ်နေ့ ကျွန်မကို စကားဆန်းတစ်ခု ပြောခဲ့ပါတယ်။ 'မင်း ဘာလို့ အိမ်ထောင်ပြုခဲ့တာလဲ။ မင်းလို လူမျိုးက အိမ်ထောင်ပြုဖို့ မကောင်းဘူး။ သိပ်ကို လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်နိုင်တာလေ။ မင်းရဲ့ခင်ပွန်းသည်နဲ့ ကိုယ်ဆုံဖူးချင်တယ်' တဲ့။ ကျွန်မရဲ့ခင်ပွန်းသည် မွေးနေ့နဲ့ တိုက်ဆိုင်ချိန်ဖြစ်လေတော့ ဂလိုရီယာကို ဖိတ်ခဲ့တာလေ။ အိမ်ကို ဝိုင်တစ်ပုလင်းနဲ့လာခဲ့ပြီး ကျွန်မခင်ပွန်းသည်နဲ့ အေးအေးဆေးဆေးကို ထိုင်စကားပြောခဲ့တာလေ။ နောက်တစ်ပတ် ရေနွေးကန်မှာ တွေ့တော့ 'မင်း ဘာလို့ သူ့ကို လက်ထပ်ခဲ့သလဲဆိုတာကို နားလည်သွားပြီ။ မင်းက ကံကောင်းတဲ့မိန်းမပါ' တဲ့။

ကျွန်မကတော့ ဂလိုရီယာကို ဘာမှထပ်မမေးခဲ့ပါဘူး။ ကျွန်မ တူရကီပြည်မှာ မီးပုံးပျံစီးခဲ့တဲ့အကြောင်းပြောပြခဲ့ချိန်မှာ သူမက ပြုံးပြီး 'မကြောက်ဘူးလား' တဲ့။ သူမအကြောင်း ပြောပြခဲ့ချိန်မှာ ကျွန်မ မျက်လုံးပြူးခဲ့ရတာကတော့ 'ကိုယ် ၈၂ နှစ်အထိ ဟာလီဒေဗစ်ဆန် မော်တော်ဆိုင်ကယ် စီးခဲ့တာ။ မော်တော်ဆိုင်ကယ်မှောက်ပြီး ခြေထောက်သုံးပိုင်းကျိုးတော့မှ ဆိုင်ကယ် စီးတာ ရပ်ခဲ့တာ' တဲ့။ ဘိုင်စကယ်တောင် ကောင်းကောင်း မစီးတတ်တဲ့ ကျွန်မ ရေနွေးကန်ထဲမှာ ခေတ္တလောက်အသက်ရှူဖို့မေ့ခဲ့ရတယ် ဆိုပါတော့။

ကျွန်မက အသက်ခုနစ်ဆယ်လောက်အထိ အလုပ်လုပ်မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ (ဒေါ်)ကြည်အေးက စိတ်အထူးကုဆရာဝန်ကြီးအဖြစ် အသက်ခုနစ်ဆယ်အထိ တစ်ယောက်တည်း ကားမောင်းပြီး အလုပ်သွားခဲ့တာကို အထူးအားကျခဲ့တာကိုး။ လေးချောင်းထောက် သံမဏိတွန်းထောက်နဲ့လာနေတဲ့ အဘွားကြီးတစ်ဦးကိုကျွန်မ သတိထားမိခဲ့တာက အမြဲတမ်း မျက်နှာက ပြုံးချိုပြီး လူတိုင်းကို စိတ်ပါလက်ပါ နှုတ်ဆက်လေ့ရှိသူ ဖြစ်လို့ပါ။ သူမရဲ့ သမီးကလည်း သူမကို အနီးကပ်စောင့်ရှောက်နေတာမို့ ကံကောင်းတယ်လို့ဆိုရမှာလေ။ တစ်နေ့ စကားစပ်မိတုန်း သူမ ပြောပြတာကတော့ 'ကိုယ့်အသက်

သူမအကြောင်း
ပြောပြခဲ့ချိန်မှာ
ကျွန်မ
မျက်လုံး
ပြူးခဲ့ရတာကတော့
'ကိုယ် ၈၂ နှစ်အထိ
ဟာလီဒေဗစ်ဆန်
မော်တော်ဆိုင်ကယ်
စီးခဲ့တာ။
မော်တော်ဆိုင်ကယ်
မှောက်ပြီး
ခြေထောက်
သုံးပိုင်းကျိုးတော့မှ
ဆိုင်ကယ် စီးတာ
ရပ်ခဲ့တာ' တဲ့

www.burmeseclassic.com

ကိုးဆယ်ရှိပြီး သူနာပြုအလုပ်ကို တစ်သက်လုံးလုပ်ခဲ့တာ။ အခုထိ သူနာပြုလိုင်စင် ယူထားတုန်းပဲ။ မှန်မှန်စာသင်တာလေ။ ကိုယ့်အိမ်ကနေ သင်တာပေါ့။ နည်းပညာသစ်နဲ့ဆိုတော့ ကိုယ်သင်တာစာသင်ခန်းထဲ တိုက်ရိုက်လွှင့်ထုတ်နိုင်သလို စာသင်သားတွေကလည်း ကိုယ်နဲ့ မေးမြန်းဆွေးနွေးတာတွေ လုပ်နိုင်ဆဲပါ'တဲ့။ ကိုယ့်ကိုယ်ကို လက်ညှိုးထိုးပြီး ရယ်ချင်သွားတာပါပဲ။ အသက်ကိုးဆယ်က စာသင်ဆဲ၊ အလုပ်လုပ်ဆဲ၊ တက်ကြွဆဲလေ။

ကျွန်မ ရေနွေးကန်မှာ အသက်ကြီးသူတွေနေထိုင်တဲ့ မလေ့တွေ အတော်လေး မြင်ခဲ့ကြားခဲ့ရတာမို့ ကိုယ့်ကိုယ်ကို စိတ်ဓာတ်ခွန်အားတွေ၊ တွန်းအားတွေ ပေးနေသလိုပါပဲ။ ကျွန်မ ရေနွေးကန်မှာပဲ မိတ်ဆွေကောင်းတစ်ဦးရခဲ့ပြန်ပါတယ်။ ကျွန်မ ပန်းချီဝါသနာပါနေချိန်မို့ ပန်းချီဝါဒတွေ၊ ပန်းချီအကြောင်းတွေပြောတဲ့ စာတမ်းဖတ်ပွဲတွေ၊ ဆွေးနွေးပွဲတွေကို တက်ရောက်ဖို့စိတ်ဝင်စားခဲ့တာပါ။ ညပိုင်းမှာကျင်းပလေ့ရှိတာမို့ ကျွန်မအဖော်တစ်ယောက်နဲ့ များသွားဖြစ်ရင်ကောင်းမှာလို့ စိတ်ကူးမိခဲ့၊ တမ်းတမိခဲ့ပါရဲ့။ ရေနွေးကန်ထဲကိုလေ့ကျင့်ခန်းလာယူတဲ့ ကယ်ရီဆိုသူက သူမရဲ့ရှစ်ဆယ့်ကိုးနှစ်အရွယ် (အယ်ဇိုင်းမားရောဂါစတင်ခံစားနေရသူ)မိခင်ကို အဖော်အဖြစ် စောင့်ရှောက်ပေးနေတာလေ။ လေ့ကျင့်ခန်းယူပြီး ဂျာကူစီခေါ်တဲ့ ရေပူကန်မှာ ရေပူကန်ဘေးကထွက်လာတဲ့ ရေအရှိန် ပြင်းပြင်းဖိအား(အနှိပ်ခံရသလို)နဲ့ ဆက်ပြီး ရေပူစိမ်ခဲ့ကြချိန်မှာ ကျွန်မတို့စကား အတော်လေးပြောဖြစ်ခဲ့ကြတယ်ဆိုပါတော့။

သူမနဲ့ ကျွန်မတို့ ပန်းချီဆွေးနွေးပွဲမသွားခင် ညစာ စောစောဝင်စားတာ၊ ဆွေးနွေးပွဲပြီးမှ ညစာကို နောက်ကျမှစားတာ၊ စားသောက်ဆိုင်ကောင်းရင် ထွက်စားကြတာနဲ့ ကျွန်မတို့ ခင်မင်ရင်းနှီးခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီဒါပေမဲ့ကတော့ သာမန်မဟုတ်တာ အမှန်ပါ။ သူမက အရပ်ခြောက်ပေ နှစ်လက်မ

> (အေါ်)ကြည်အေးက
> စိတ်အထူးကု
> ဆရာဝန်ကြီး
> အဖြစ်
> အသက်
> ခုနစ်ဆယ်အထိ
> တစ်ယောက်တည်း
> ကားမောင်းပြီး
> အလုပ်သွားခဲ့တာကို
> အထူးအားကျခဲ့တာ

မြင့်ပြီး အနည်းဆုံး သုံးလက်မမြင့်တဲ့ ဒေါက်ဖိနပ်ကိုလည်း အမြဲတမ်း စီးတတ်သူပေါ့။ ပြဇာတ်မင်းသမီးဖြစ်ခဲ့သူမို့ သာမန်လူလို ဝတ်စားလေ့ မရှိပါဘူး။ ဦးထုပ်ဆန်းဆန်းတွေ၊ ဖိနပ်မြင့်မြင့်ဆန်းဆန်းတွေ၊ ဂါဝန်ခပ်တိုတိုမှာ ထူးခြားတဲ့ နိုင်လွန်အသားကပ် ခြေစွပ်ရှည်ကို ဝတ်လေ့ရှိသူပါ။ ပိုထူးခြားတာကတော့ မိတ်ကပ်နဲ့ လက်ဝတ်လက်စားကို ဇာတ်ခုံပေါ်မှာလို ပြင်ဆင်ဝတ်ဆင်တာပါပဲ။ သူမက ပြောလိုက်ပါသေးတယ်။ ကိုယ့်ကိုယ်ကို ပြင်ဆင်တဲ့အခါ ပန်းချီတစ်ကား ဆွဲနေသလိုပါပဲတဲ့။ ကျွန်မတို့နှစ်ယောက် လမ်းလျှောက်သွားရင် လူတွေက ပြုံးပြီးကြည့်တဲ့သူရော၊ သမင်လည်ပြန်ကြည့်တဲ့ သူရော၊ မှင်တက်သလို

ဖြစ်ပြီး ငေးပြီးကြည့်တဲ့သူရော စုံနေတာ
ပါပဲ။ ကျွန်မကတော့ အဲဒီလို ဂရုစိုက်
ခံရတာမျိုး မကြိုက်ပါဘူး။ မိတ်ဆွေ
ပေါင်းတဲ့အခါမှာ သူ့ရဲ့အဆင်အပြင်ထက်
သူ့ရဲ့စိတ်ထားကအရေးကြီးတာမို့ ကျွန်မ
တို့ ပန်းချီဆွေးနွေးပွဲမရှိရင် ရုပ်ရှင်ဘက်
ဦးလှည့်ခဲ့ကြပြန်ပါတယ်။ ဟောလိဝုဒ်
ရုပ်ရှင်ထက် နိုင်ငံတကာရုပ်ရှင်ကို
နှစ်သက်တာ။ Independent ရုပ်ရှင်ခေါ်
တဲ့ ရုပ်ရှင်ကုမ္ပဏီကြီးတွေရဲ့ထိန်းချုပ်မှု
မရှိဘဲ ဒါရိုက်တာက သူ့ခံစားရိုက်ကူး
ချင်တာကို လွတ်လွတ်လပ်လပ် ရိုက်
ကူးတဲ့ ရုပ်ရှင်တွေ ကြိုက်တာတွေ တူ
လေတော့ တွဲသွားမြဲသွားနေဆဲပေါ့။
ကျွန်မကို အိမ်မှာလာပြီး အကြိုအပို့
တာဝန်ယူတဲ့မိတ်ဆွေ၊ ဝါသနာတူတဲ့
မိတ်ဆွေတွေရဖို့ဆိုတာနည်းတဲ့ ကုသိုလ်
မဟုတ်ပါဘူး။

ရေနွေးကန်မှာ လေ့ကျင့်ခန်းယူတဲ့
အခါ သင်ကြားပေးတဲ့ လေ့ကျင့်ခန်း
ဆရာမအကြောင်းလည်း ထည့်မရေး
မဖြစ်ပါဘူး။ အသက်ခြောက်ဆယ်နီး
ပါးဖြစ်ပေမဲ့ တစ်နေ့ကို လေ့ကျင့်ခန်း
သုံးကြိမ်(တစ်ကြိမ်ကို တစ်နာရီနီးပါး
သင်ကြား)ဆက်တိုက် သင်ကြားပေးနိုင်
သူပေါ့။ ရက်သတ္တပတ်မှာ လေးရက်
အဲဒီလို သင်တာတဲ့။ ချွေးတွေနစ်
အောင်ရေနွေးပေါင်ပေါ်ကနေ သင်ကြား
ပေးတဲ့ ဆရာမမေရီယန်က ရင်သားကင်
ဆာဖြစ်နေသူပါ။ ခွဲစိတ်မှုမယူဘူးဆိုပြီး
သူ့ရဲ့ကိုယ်ပိုင်ဆေးနည်း၊ အထူးသဖြင့်
လေ့ကျင့်ခန်းတွေသင်ကြားပေးတာ
ကင်ဆာရောဂါက တိုးပွားမှု မဖြစ်
တော့ပါဘူး။ တဖြည်းဖြည်းနဲ့ ကင်ဆာ
အကျိတ်ကကျုံ့သွားခဲ့သတဲ့။ အကောင်း
မြင်ဝါဒနဲ့ လောကကြီးကို ရင်ဆိုင်နေ
လေ့ကျင့်ခန်းဆရာမကလည်း ကျွန်မ
အထင်ကြီး လေးစားရတဲ့သူတွေထဲမှာ
တစ်ဦးအပါအဝင်ပါပဲ။

ရေနွေးကန်ကို တစ်ပတ်မှာ
တစ်ရက်သာ လာပေမဲ့ ကျွန်မရလိုက်
အတွေ့အကြုံတွေက မနည်းပါဘူး
လေ့ကျင့်ခန်းလုပ်နေတုန်း စကားမပြော

www.burmeseclassic.com

www.burmeseclassic.com

…လို့ သတ်မှတ်ထားပေမဲ့ လေ့ကျင့် …မလုပ်ဘဲ စကားအဆက်မပြတ် …တဲ့ သူတွေနဲ့ ကြုံတွေ့ခဲ့ရပါရဲ့။ ရေ…မှာ ရေစိမ်ရင်း မိန်းမကြီးတစ်ဦး … အသက်ငါးဆယ်မှ စာစသင်ခဲ့ရ …ကြောင်း ပြောပြခဲ့တော့ အံ့ဩမိခဲ့တာ …ပါ။ အလွန်တိုးတက်တဲ့ နိုင်ငံမှာ …တတ်တဲ့သူတွေ ရှိနေတယ်ဆိုတာ …။ ကျွန်မနဲ့ အဲဒီမိန်းမက အသက် …မကွာလှပါဘူး။

ရေနွေးကန်မှာ ခင်မင်ရတဲ့ မိတ်…တချို့မှာ ဒနီးဆိုတဲ့ အမျိုးသမီးက …မ ခရီးထွက်ရာက ပြန်လာတိုင်း …ဉ်အကြောင်း စိတ်ဝင်တစား မေး…ရှိသူပေါ့။ သူမက ခရီးတွေသွားဖို့ …င့်အရေးမရှိခဲ့တာမို့ ကျွန်မနဲ့အတူ …ကူးထဲမှာ ခရီးသွားနေတယ်လို့ ပြော…ရှိပါတယ်။ သူမရဲ့ လည်ပင်းနဲ့ …ရိုးဆက်တဲ့နေရာမှာ ခွဲစိတ်ရမယ် … ပြောခဲ့ပါတယ်။ နှစ်လလောက် ကြာ… ရေနွေးကန်ကို ပြန်လာခဲ့မယ်တဲ့။ …တ်လ ကျော်ခဲ့ပါပြီ။ ဒနီးရေနွေးကန် … ပြန်မရောက်လာသေးပါဘူး။ ကျွန်မကတော့ သတိရတိုင်း မေတ္တာပို့ရင်း မျှော်နေဆဲပေါ့။

ကံကောင်းတဲ့ အဘွားကြီးတစ်ဦး ဆိုရင် သားနဲ့ချွေးမက ရေနွေးကန်ထဲကို တွဲဆင်းပြီး လေ့ကျင့်ခန်းယူဖို့ ကူညီနေကြသလို ရေနွေးကန်ကနေ ပြန်ထွက်နိုင်ဖို့ ကူညီနေတာတွေ့တိုင်း ကျွန်မရဲ့ အမေကို အလွန်သတိရမိခဲ့ပါရဲ့။ အမေ အသက်ရှင်တုန်းက လေးဖက်နာခံစားရခဲ့ချိန်မှာ ဒီလို ကုထုံးမျိုးရှိရင် ကျွန်မက အမေ့ကိုတွဲပြီး ရေနွေးကန်မှာ အတူ လေ့ကျင့်ခန်းယူဖြစ်မှာ အမှန်ပါပဲ။

ကျွန်မတို့ ကျင်လည်နေကြရတဲ့ ဘဝမှာ မိမိကိုယ်သာ ကိုးကွယ်ရာလို့ မြတ်စွာဘုရား ဟောခဲ့တဲ့အတိုင်း ကိုယ့်ကျန်းမာရေးကို ကိုယ်တိုင်တာဝန်ယူနေကြတဲ့ လူကြီးသူမတွေကိုတွေ့တော့ 'ကိုယ့်ဘဝကိုယ်ပဲ ဖန်တီးတာ' ဆိုတဲ့ စကားကို ပိုယုံလာခဲ့ပါတယ်။ ဘုရားသခင် ဖန်ဆင်းလို့ လူဖြစ်တာ၊ ကံကြောင့် လူဖြစ်တာ မည်သို့သော အကြောင်းကြောင်းတွေကြောင့်ဖြစ်စေ ကျွန်မတို့ လူဖြစ်လာခဲ့ကြပါပြီ။ အိုခြင်း၊ နာခြင်းကလည်း အနားမှာ ကပ်ပါနေသလို သေမင်းကလည်း ကျွန်မတို့ဘေးမှာ အမြဲတမ်း ရှိနေပါတယ်။

မသေခင် ကျန်းမာစွာနဲ့ ဘဝလမ်းကို ဆက်လျှောက်ဖို့ ကိုယ်ဝါသနာပါတဲ့ အလုပ်လည်းလုပ်၊ အများအကျိုးလည်းလုပ်(ရေနွေးကန်ကလူတွေက အတော်လေးလုပ်အားပေးကြသူများ)၊ ကျန်းမာရေးလည်း ဂရုစိုက်မှ ဖြစ်မှာပါ။ အစားအသောက် အနေအထိုင်ဆိုတာ နေ့စဉ် ကျွန်မတို့လုပ်နေရတဲ့ အလုပ်တွေပေါ့။ ကိုယ့်ကိုယ်ကို ဂရုစိုက် အချိန်ပေးရမှာကလည်း ကိုယ့်ရဲ့တာဝန်ပါ။ ကျွန်မ အငြိမ်းစားယူရင် ရေနွေးကန်မှာ တစ်ပတ်ခြောက်ရက် လေကျင့်ခန်း ယူနေသူများလို လေ့ကျင့်ခန်းယူနိုင်အောင် ကြိုးစားရမှာလေ။ ကျန်းမာရေးကောင်းမှ ခရီးတွေသွားနိုင်မှာလေ။ အသက်ကိုးဆယ်မှာ တရုတ်နိုင်ငံ နှစ်ဆယ့်တစ်ရက် ခရီးထွက်တဲ့အုပ်စုထဲ ကျွန်မ မပါဘူးလို့ ဘယ်သူက ပြောနိုင်ပါ့မလဲ။

မုဒိတာတရားပွားများကြပါစေ။

■ မေတ္တာဦး




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"

ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်း တိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဩစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၀၆၆၅၊၀၉-၇၃၁၇၇၇၃၁၊၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ရှိုးအပွ

## သံယောဇဉ်ကြိုးပေါ်မှာ ပျော်ရည်လှိုင်းတွေနဲ့



ဖေဖော်ဝါရီ ၁၄…။
ဒီလိုနေ့မျိုးမှာ
ဘဝလက်တွဲဖော်အဖြစ်
ရည်ရွယ်ပြီး
နှလုံးသားကြွေမတတ်
ချစ်ရသူ ယွန်းနဲ့
ဝေးလိုက်ရပြီတဲ့။
ဒါ အိပ်မက်လား၊
တကယ်လား။
အိပ်မက်ပဲဖြစ်ပါစေလို့
ကျွန်တော်ဆုတောင်း
နေမိတယ်။
ကျွန်တော်
ဘယ်လိုမှ
လက်မခံနိုင်သေးတာတော့
သေချာတယ်။
မကြာသေးခင်ကဘဲ
ကျွန်တော့်ချစ်သူ ယွန်းက
ကျွန်တော့်ရင်ခွင်ထဲမှာ
ရှိနေခဲ့သေးတာပဲ။
ပြီးတော့
ပျော်ရွှင်ကြည်နူးတဲ့
လေသံနဲ့
စကားတွေ ဖောင်ဖွဲ့
ပြောခဲ့ကြသေးတယ်။
'ကို…။ ခု ယွန်းတို့
ဝတ်ထားတဲ့
ဆင်တူဝတ်စုံလေးကို
ယွန်းတို့မြေးတွေရတဲ့အထိ
သိမ်းထားမယ်နော်။
အဲဒီအချိန်ရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com

ဒီအင်္ကျီလေးတွေ ပြန်ဝတ်ပြီး ခုလိုလတ်ဆတ်တဲ့ ရင်ခုန်သံတွေကိုပြန်ခံစားကြမယ်လေ'

'တော်လိုက်တဲ့ ကိုယ့်ချစ်သူ ယွန်းလေးရေ ကိုဆုချမယ်ကွာ ရော့'

ချစ်သူနှစ်ဦးဆုံတွေ့ရာမှာ ဆုချဖို့ဆိုတာ အာသွားပေးစရာပဲ ရှိတာပါ။ ကျွန်တော် အသက်ရှူကြည့်လိုက်တော့ ယွန်းရဲ့သနပ်ခါးရနံ့လေးက သင်းသင်းလေး မွှေးနေပြန်တယ်။ ဒီရနံ့က တကယ်ပဲ မွှေးနေတာလား။ နှလုံးအိမ်ထဲက ပြန်အန်ထွက်လာတာလားဆိုတာ ကျွန်တော် မခွဲခြားတတ်ဘူး ဖြစ်နေတယ်။

'အို…ကိုကလည်း ပါးချည်းပဲ နမ်းနေတော့တာပဲ'

'ယွန်းကလည်း ကို က ပါးမနမ်းလို့…ဘာ…'

'ကိုနော်…ကိုနော်။ မဟုတ်တာတွေ ကြံစည်မနေနဲ့ မကြာခင်ဘဲလက်ထပ်တော့မှာ။ အဲဒီတော့မှ ယွန်းဘဝကိုကို ပိုင်မှာ။ ခုတော့ ပါးနမ်းခွင့်ပေးတာပဲ ယွန်းလက်ထပ်မယ့်သူအဖြစ် သတ်မှတ်ထားလို့မှတ်။ ခုလိုပြောတာ ကို့ကို မယုံလို့မဟုတ်ဘူးနော်။ ကို့ကို ယုံတယ်။ ယွန်းက ကံကြမ္မာကို မယုံရဲတာ။ ကဲ၊ ယွန်းတို့ ချစ်နယ်ကျွံသွားပြီးမှ အကြောင်းကြောင်းကြောင့် ဝေးသွားပါပြီတဲ့။ ယွန်းက မိန်းကလေးလေ။ ကဲ၊ ထားပါ။ ဝေးရမယ့် အကြောင်းပြောလို့ကို စိတ်ညစ်နေဦးမယ်'

ဟုတ်တယ်။ ကျွန်တော့် ချစ်သူ ယွန်းပြောတာမှန်တယ်။ ထင်မထားတဲ့ ကံကြမ္မာက အကြောင်းကြောင်းကြောင့်တွေ ဖန်ဆင်းလို့ ကျွန်တော်တို့ ဝေးခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီ အကြောင်းကြောင်းကြောင့်ကို အပေါ်ယံပဲ ကြည့်ပြီးဆုံးဖြတ်သွားတာတော့ ယွန်းမှားခဲ့တယ်လေ။

> မိုးကျော်
> ဒီဘဝမှာတော့
> ငါ့မျက်ရည်တွေကို
> နင် ပိုင်ပါတယ်
> ဒါပေမဲ့
> ငါ့ဘဝကိုတော့
> နင်မပိုင်စေရဘူး
> ငါ့မင်္ဂလာဆောင်
> ဖေဖော်ဝါရီ
> ၁၄ ရက်
> ရောက်ရင်
> ကြွခဲ့ပါဦး။
> 'ကို'လို့
> မခေါ်တာ
> ခွင့်လွှတ်ပါ

'တီတတီ…တီ…တီတတီ…တီ'

'ဟော။ ကို့ဖုန်း ဘယ်သူခေါ်လဲ မသိဘူး။ ဒီဖုန်းနံပါတ်ကို တစ်ခါမှမတွေ့ဖူးပါဘူး။ စပီကာ ဖွင့်ပြီးပြောလိုက်မယ်နော်။ ယွန်းလည်း နားထောင်ရတာပေါ့…ဟဲလို'

'ဟဲလို…ကိုမိုးကျော်လား'

'ဟုတ်ပါတယ် ခင်ဗျာ။ ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ'

'ဟာ၊ ကို ကလည်း နောက်နေပြန်ပြီ။ ဒီနေ့ ဖေဖော်ဝါ ၁၄ ရက်လေ။ ကို မသိဘူးလား။ ကိုပဲချိန်းထားပြီးတော့ ခုထိ မလာသေးဘူးလား။ ညတုန်းက ဖုန်းထဲမှာပြောတော့ ကိုပဲ အင်္ကျီဆင်တူလေးနဲ့ လျှောက်လည်ကြမယ်ဆို။ နင် နောက်ကျရင် နင့်ကိုနမ်းမယ်။ ကို နောက်ကျရင် ကို့ကို နမ်းဆို။ ဘာလဲ အနမ်းခံချင်လို့ နောက်ကျအောင်နေတာလား။ မြန်မြန်လာပါတော့။ ဒီမှာ လွမ်းလှပြီ။ နမ်းဆိုလည်းနမ်းပါ့မယ်'

'ဟို…ဟို…ဟိုလေ။ အစ်မ ဖုန်းမှားနေပြီ။ ကျွန်တော်က တခြားမိုးကျော်ပါ။ အစ်မချစ်သူ မိုးကျော်မဟုတ်ပါဘူး'

'ဘာလို့ ဖုန်းမှားရမှာလဲ။ ခု ကို ကိုင်ထားတဲ့ ဖုန်းနံပါတ်က သုညကိုးသုံးရှာ့ တစ်ဆယ့်ငါးကိုးရှစ် ငါးငါးလေး။ကိုကမကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ သရက်ကျင်းကျေးရွာကလေ။ ဒီရန်ကုန်ကို ပြောင်းလာတာ မကြာသေးဘူးလေ။ ကဲ၊ ဘာမှားသလဲ'

'ဟို၊ အဲ…အဲဒါတွေက မှန်ပါတယ်။ ဒါပေမဲ့'

'ဘာ၊ ဒါပေမဲ့လဲ။ ဒီမှာ စောင့်ရတာကြာလို့ စိတ်ဆိုးချင်လာပြီနော်။ နောက်မနေနဲ့။ မြန်မြန်လာ ဒါပဲ'

တစ်ဖက်က ကောင်မလေးက ဖုန်းချသွားတယ်။ အဲဒီအချိန်မှာပဲ ချစ်ရသူ ယွန်းရဲ့ရှားမီးခဲလို ရဲရဲတောက်နေတဲ့ မျက်လုံးတွေက ခဏချင်းမှာတော့ ကျွန်တော့်ကို ကျောက်ရုပ်ဖြစ်သွားစေခဲ့တယ်။ ယွန်းရဲ့မျက်ဝန်းနှစ်ခုကလည်း ငိုရှိုက်သံမပါတဲ့ မျက်ရည်နှစ်ကြောင်း စီးကျသွားတယ်။ အဲဒီယွန်းရဲ့မျက်ရည်ဟာ မီးတောင်ချော်ရည်လို ပူနေပြီး ကျွန်တော့်အပေါ် ထားတဲ့ ယွန်းရဲ့ယုံကြည်မှုတွေလည်း မျက်ရည်နဲ့အတူ မျောပါသွားခဲ့တယ်ထင်တယ်။

'ဖျန်း၊ ဖျန်း'

ကျွန်တော့်ပါးနှစ်ဖက်မှာ ချစ်သူယွန်းရဲ့ လက်ဝါးက ဘယ်ညာကျသွားခဲ့တယ်။ ပြီးတော့ ယွန်းက ကျွန်တော့်အနားက ပြေးထွက်သွားခဲ့တယ်။ ကျောက်ရုပ်လိုဖြစ်နေတဲ့ ကျွန်တော်လည်း ပါးရိုက်ခံရမှ သတိပြန်ဝင်လာတယ်လေ။

'ယွန်း…ယွန်း…ခဏနေပါဦး'

ကျွန်တော် ယွန်းနောက်က ပြေးလိုက်သွားတယ်။ နည်းနည်းပြေးပြီးတော့ တုံ့ခနဲ ပြန်ရပ်မိပြန်တယ်။ ကျွန်တော့် မျက်လုံးက ရှေ့မှာပြေးနေတဲ့ ယွန်းကို မြင်နေတယ်။ ဒါပေမဲ့ ချာချာလည်နေတဲ့ ကျွန်တော့် အသိဉာဏ်က အိပ်မက်လား၊ တကယ်လားဆိုတာ မဝေခွဲတတ်ပြန်ဘူး။ ကျွန်တော် အချိန်တော်တော်ကြာအောင် ရပ်နေမိပြီး ပါးတွေက နာကျင်ရောင်ကိုင်းလာမှ သတိပြန်ဝင်လာခဲ့ပြန်တယ်။ ပါးကို လက်နဲ့ကိုင်ကြည့်တော့ တော်တော်လေး နာနေတုန်း။ ဒါဆို ယွန်းနဲ့ ကျွန်တော် တကယ်ဝေးသွားတာ သေချာတယ်။ တဆစ်ဆစ် နာကျင်နေတဲ့ ဝေဒနာက

www.burmeseclassic.com

www.burmeseclassic.com

နာတာလား၊ နလုံး
က နာတာလား။ ဝေခွဲ
တဲ့ နာကျင်မှုတွေနဲ့ပဲ
တော် အားကုန် အော်ပစ်
တယ်။

'ယွန်း…'

❑

'ဒီရုပါနဲ့ နင့်ကိုတောင်
ဆက်အသွယ် လုံးဝဖြတ်
နိုင်တယ်ဆိုတော့ အဲဒီ
ဆိုတဲ့ မိန်းကလေးက
ကို မချစ်လို့ဘဲ နေမှာပါ'

'အဲလိုတော့ မစွပ်စွဲပါ
ဘာ၊ ယွန်းလည်း ငါ့ကို
ဆက်ထပ်ဖို့အထိ ရည်ရွယ်ပြီး
ခဲ့တာပဲလေ။ နောက်ထပ်
လောက်ကြာရင် ငါတို့
ဆက်ထပ်ကြဖို့ ရည်ရွယ်ထား
တာလေ။ ဒီလို ရည်ရွယ်
ကြတဲ့ကြားက ငါ့ကို
ဖောက်အဖြစ်မြင်လိုက်
တော့ ယွန်းလည်း စိတ်နာ
မှာပေ့ါ။ ယွန်းက ငါ့ကို
လောက်ထိ ချစ်တယ်ဆို
ငါပဲ သိပါတယ်ဟာ။

'အေး အဲလိုပဲ အဲဒီနေ့
ဖုန်းဆက်တဲ့ ကောင်
လေးကို ငါ မသိတာ ယွန်း
ငါ့မှာတခြားဘယ်ချစ်
မရှိတာ၊ အဲဒီနေ့က
ဆက်သက်မဲ့ လုပ်ကြံသွေးခွဲခံ
ရတာ၊ ဒါတွေ အားလုံး
ငါပဲသိတယ်။ အဲဒါ
ငါက ယွန်းသိအောင် ရှင်း
ချင်လို့ တစ်လလောက်
အထိ ဆက်သွယ်ဖို့ ကြိုးစား
တယ်၊ ဒါပေမဲ့ ဘယ်လိုမှ
ဆက်သွယ်လို့ မရခဲ့ပါဘူး
'

'နင် မဖြစ်နိုင်တာတွေ
စိတ်ကူးမယဉ်သင့်တော့ဘူး
ကျော်'

'ငါမှ မေ့လို့ မရတာ
ဟာ၊ ယွန်းလည်း ငါ့ကို မေ့
လို့ရမှာ မဟုတ်ပါဘူး၊ ခုဆို
ယွန်းလည်း ငါ့ကို သတိရပြီး
ငိုနေမယ်ဆိုတာ ငါသိတယ်။
ဒီလိုသိတော့ ငါ ပိုပြီး ကြေ
ကွဲရတယ်ဟာ၊ ပြီးတော့ ငါနဲ့
ယွန်းကို ကွဲအောင် ဖုန်းဆက်
ပြီး လုပ်ကြံသွားတဲ့ ကောင်
မလေးကိုလည်း ပိုပိုပြီး နာ
ကြည်းမိတယ်၊ အဲဒီ ဖုန်း
နံပါတ်လည်း ငါ့တစ်သက်
မေ့မှာ မဟုတ်ဘူး'

'ခုချိန် အဲဒီ ဖုန်းဆက်
တဲ့ ကောင်မလေးကိုတွေ့ရင်
နင် ဘာလုပ်မလဲ မိုးကျော်'

'သတ်ပစ်မှာပေါ့'

ကျွန်တော့်အဖြေကို
ကြားတော့ ချိုဇင်က
ကြောက်သလိုနဲ့ ပခုံးတွန့်ပြ
ရင်း မဲ့ပြုံးလေး ပြုံးပြတယ်။
ချိုဇင်ရဲ့ အပြုံးထဲကအဓိပ္ပာယ်
တချို့ကို ကျွန်တော် သိလိုက်
ပေမဲ့ ရင်ထဲမှာပဲ သိမ်းထား
လိုက်တယ်။ ခုပြောလို့ မဖြစ်
သေး။ ချိုဇင်နဲ့ ရင်းနှီးတာပဲ
ကြာသေးတာ မဟုတ်ဘူး။

'ဟေ့ ငါ ဟိုနားက
တိုင်းလက် ခဏဝင်လိုက်ဦး
မယ်။ ရော့ ငါ့ကျောပိုးအိတ်
ခဏ ယူထားဦး မိုးကျော်'

'သြော် အေး ပေးလေ'

ဒီ ချိုဇင်ဆိုတဲ့ ကောင်
မလေးက ယွန်းစိတ်နဲ့ပဲ အရူး
တစ်ပိုင်းဖြစ်နေတဲ့ ကျွန်တော့်
အနားကို ရောက်လာတဲ့
ကောင်မလေးပါ။ ကျွန်တော်
သိသလောက်ကတော့ ချိုဇင်
ဟာ လိုချင်တာကို ရအောင်
လုပ်ကြံပြီး ယူတတ်တယ်။

အစွဲအလမ်းကြီးတယ်။

ဘယ်လိုပဲဖြစ်ဖြစ်
လတ်လတ်ဆတ်ဆတ်အသည်း
ကွဲထားတဲ့ ကျွန်တော်လည်း
မျိုသိပ်ထားတဲ့ ခံစားချက်
ဒဏ်ရာတွေကို ဖွင့်ပြောဖို့
အတွက် နားထောင်ပေးမယ့်
သူအဖြစ်နဲ့ပဲ ချိုဇင့်ကို အနား
မှာ လက်ခံထားမိတယ်။
ကျွန်တော်လည်း ယွန်းနဲ့ပတ်
သက်တဲ့ ခံစားချက်တွေကိုပဲ
ဦးစားပေး ပြောဖြစ်ခဲ့ပါ
တယ်။ အဲဒီအခါ ချိုဇင်က
လည်း စိတ်ဝင်တစားကြီး
မဟုတ်ပေမဲ့ သူ့ခံစားချက်ကို
အသာထားပြီး ကျွန်တော်
ပြောသမျှကို မထူးဆန်းသလို
ပဲ နားထောင်ပေးခဲ့တယ်
လေ။

*'ငါ့အနားမှာ နင် သာရှိ
ရင် အရာရာစွန့်လွှတ်နိုင်သွား
ပြီ ကျွန်တော်…'*

ချိုဇင့်ဖုန်းက Ringtone
သံ နိုင်းဝမ်းရဲ့ *နင်သာရှိရင်*
သီချင်းက ထအော်နေပြီ။
ကျွန်တော်လည်း သူများဖုန်း
ကို မကိုင်ချင်ဘူး။ ဒါပေမဲ့
သုံးလေးခါရှိတော့ မကိုင်ချင်
လို့ မဖြစ်တော့။ နောက်ဆုံး
တော့ ချိုဇင့်အိတ်ထဲက ဖုန်း
ကိုထုတ်ကြည့်မိတယ်။ ဖုန်း
စကရင်ပေါ်ကနံပါတ်ကိုမြင်
တော့မှ ဘာလို့အစကတည်း
က မကိုင်တာလဲ ဆိုပြီး
နောင်တရမိသေးတယ်။

'ဟေ့ ခေါ်နေတာ ကြာ
လှပြီ၊ ဘာလို့ မကိုင်တာလဲ။
နင် ငါ့ကို တိုင်ပင်စရာရှိ
တယ်ဆိုလို့ အခု ငါစာသင်
ခန်းထဲ ဝင်ရတော့မှာ။ အဲဒါ
ညရောက်မှ ဖုန်းဆက်တော့
နော်။ နင်နဲ့ငါ Sim Card ချင်း
လဲထားတာဆိုတော့ နင့်ဆီ
ငါ့ဖုန်းတွေ ဝင်လာရင်လည်း
ငါ့ဆီ လွှဲပေးလိုက်ဦးနော်၊
ဒါပဲ'

ဖုန်းဖွင့်လိုက်တော့
လည်း 'ဟယ်လို' ထူးချိန်
တောင် မရလိုက်။ တစ်ဖက်
က မိန်းကလေးက ပြောစရာ
ရှိတာပြောပြီး ဖုန်းချသွား
တယ်။

ချိုဇင် ပြန်ရောက်လာ
တော့ ကျွန်တော် ယဲ့ယဲ့လေး
ပြုံးရင်း ကြည့်နေမိတယ်။
ကျွန်တော့် အပြုံးက ချိုဇင့်ကို
ပျော်ရွှင်စေမယ့် အပြုံး၊
ကျွန်တော့်ဆီက ချိုဇင်မျှော်
လင့်ထားတဲ့ သံယောဇဉ်တွေ
ပါတဲ့ အပြုံးမျိုး။ ဟုတ်တယ်၊
ချိုဇင့်ကို ကျွန်တော် ချစ်လိုက်
ပြီ။ ရင်ထဲက ချစ်မိသွားတာ
မဟုတ်ပေမဲ့ ချိုဇင့်ကို
ကျွန်တော် ချစ်လိုက်ပါပြီ။

'ချိုဇင် နင့်ကို ငါ
ချစ်တယ်'

မျှော်လင့်မထားတဲ့
အချိန်၊ မျှော်လင့်မထားတဲ့
နေရာမှာ မျှော်လင့်မထားတဲ့
ကျွန်တော့်ရဲ့ စကားကို ကြား
လိုက်ရတဲ့ ချိုဇင်ကတော့
အံ့သြပျော်ရွှင်မှုမှာ ခဏတာ
မှင်တက်မိသွားတယ်။ ပြီး
တော့မှ ပျော်ရွှင်ခြင်းတွေနဲ့
ကျွန်တော့်ကို ဖက်တွယ်ရင်း
စကားပြောလာတယ်။

'နင် ငါ့ကိုချစ်တာ သိ
လိုက်ရတော့ ပျော်လိုက်တာ
မိုးကျော်ရာ၊ ငါ ငါလေ သိန်း
ထောင့်ငါးရာထီပေါက်ရင်
တောင်မှ အဲ့လောက်ပျော်မှာ
မဟုတ်ဘူး သိလား'

'ပျော်ရမှာပေါ့၊ သိန်း
ထောင့်ငါးရာ ထီပေါက်တာ
ထက် ပျော်ရမှာပေါ့။ ဒါက
သံယောဇဉ် ထောင့်ငါးရာ



www.burmeseclassic.com

www.burmeseclassic.com

အချစ်ထိပေါက်တာလေ၊ ဟုတ်ဘူးလား'

ချိုဇင်က တော်တော်လေးကြာတဲ့အထိ ကျွန်တော့်ကို ဖက်တွယ်ထားပြီးမှ တစ်ခုခုကို သတိရလာဟန်နဲ့ ကျွန်တော့် မျက်နှာကို ရီဝေတဲ့ မျက်လုံးတွေနဲ့ ကြည့်လာတယ်။

'နင် ငါ့ကို တကယ် မချစ်ဘဲနဲ့ ယွန်းနေရာမှာ အစားထိုးကြည့်တာတော့ မဟုတ်ပါဘူးနော်'

ချိုဇင်က မဝံ့မရဲနဲ့ အားလျော့စွာ မေးလာတယ်။ ချိုဇင့်မေးခွန်းကို ကျွန်တော် ပြန်မဖြေခဲ့ပါဘူး။ နှုတ်ဆိတ်နေခြင်းက ဝန်ခံရာရောက်တယ်လို့ဆိုကြပေမဲ့ ကျွန်တော်ကတော့ ဝန်ခံနေတာလည်း မဟုတ်ဘူးဆိုတာ ချိုဇင်သိပါလိမ့်မယ်။ ခုချိန်မှာ ပျော်ရွှင်မှုနဲ့ ဝမ်းနည်းမှုကို အချိုးညီစွာနဲ့ ချိုဇင် ခံစားနေရမယ်ဆိုတာလည်းကျွန်တော် သိပါတယ်။ ဒါပေမဲ့ချိုဇင်ကတော့ ဆွေးနွေးစရာကို ခဏမေ့ပြီးအကောင်းဘက်က လှည့်တွေးလိုက်ပုံရတယ်။ ကျွန်တော့်ကို အပြုံးလှလှလေးနဲ့ ခွင့်ပန်သလို စကားဆိုလာပြန်တယ်။

'ဒါဆို ဒီနေ့ နင်နဲ့ငါ ချစ်သူဖြစ်သွားပြီဆိုတော့ နင့်ကိုငါက 'ကို' လို့ခေါ်မယ်နော်၊ နင်က...'

'မခေါ်နဲ့'

ချိုဇင်က ကိုလို့ ခေါ်မယ့် စကားကြားတော့ ကျွန်တော် သတိလက်လွတ်နဲ့ အော်ပြီး တားလိုက်မိတယ်။ ကျွန်တော့်ကိုယ် ကျွန်တော်ပင် ဘာလို့ တားလိုက်မှန်းသေချာမသိလိုက်၊ သိလိုက်တာကတော့ 'ကို' ဆိုတဲ့ အသံကိုကြားတဲ့ ကျွန်တော့်ရင်ထဲမှာ ဝမ်းနည်းတာလား၊ ဝမ်းသာတာလား၊ နာကြည်းတာလား ဆိုတာ ဝေခွဲမရတဲ့ ဝေဒနာတွေနဲ့ ဗလောင်ဆူသွားတာပါပဲ။ ချိုဇင်လည်း လက်ထဲရောက်ပြီးတဲ့မုန့်ကို ပြန်သိမ်းခံလိုက်ရတဲ့ကလေးရဲ့ မျက်နှာမျိုးနဲ့ ကျွန်တော့်ကို ကြည့်နေတယ်။

'အိမ်ပြန်ကြရအောင်နော်၊ ညရောက်မှ ငါ ဖုန်းဆက်လိုက်မယ်လေ'

ကြာကြာနေရင် အခြေအနေ မလှနိုင်တော့မှန်း သိတာကြောင့် နှုတ်ဆက်လိုက်ရတယ်။ မတော်လို့များ ကျွန်တော့်ဒေါသတွေ ပေါက်ကွဲသွားရင် ကျွန်တော့်ရည်ရွယ်ချက်တွေ လွဲချော်သွားမှာ သေချာပါတယ်။

❑

ဘာလိုလိုနဲ့ အချိန်တွေသာ ပြောင်းလာခဲ့ပေမဲ့ ကျွန်တော့်စိတ်တွေက လေးလံနေတုန်းပဲ။ ယွန်းနဲ့ဆင်တူဝတ်ခဲ့တဲ့ အင်္ကျီလေးကိုသာ ခဏခဏ ထုတ်ကြည့်မိတတ်တယ်။ ဒီတော့လည်း အင်္ကျီလေးကပဲ အထီးကျန်ခံစားနေရသလိုလို၊ ကျွန်တော့်ကိုပဲ သရော်နေသလိုလို ခံစားရပြန်တယ်။ ယွန်းကကော အင်္ကျီကို ဘာလုပ်လိုက်လေမလဲ။ မီးရှို့ပစ်တာ၊ ဖြဲပစ်တာ၊ လွှင့်ပစ်တာတွေများ လုပ်လိုက်လေမလားလို့ တွေးမိတော့ ကျွန်တော်ရင်နာစွာနဲ့ ငိုမိပြန်တယ်။ ဒါပေမဲ့ ယွန်းလည်း ကျွန်တော့်လိုပဲ အင်္ကျီလေး ကြည့်ပြီး လွမ်းနေလိမ့်မယ်လို့ ယုံကြည်မိပြန်တယ်လေ။

ယွန်းကို အရမ်းသတိရတဲ့ အခါကျတော့လည်း ချိုဇင့်ကိုပဲ ဖုန်းဆက်မိပြန်တယ်။ အမြဲတမ်း ဒီလိုပါပဲ။ ကျွန်တော် ယွန်းကို အရမ်းသတိရတဲ့အခါတိုင်း ချိုဇင့်ကို ဖုန်းဆက်ပြီး အနူးညွှတ်ဆုံး၊ အလှပဆုံး ချစ်စကားတွေ ခွန်းဖွဲ့ပြောနေကျပါ။ အဲဒီအခါ ချိုဇင်က ကျွန်တော့်ကို ပိုပြီး တွယ်တာလာလေ ပိုပြီး ချစ်လာလေနဲ့ ပျော်စရာကြီးပဲ။

'နင့်ကို ငါချစ်တာ ဘာနဲ့မှ နှိုင်းလို့ မရဘူး။ နင့်အတွက်နဲ့ဆို ယောဒီ ချိုဇင်ဆိုတဲ့ ငါ့ဘဝတစ်ခုလုံး ပေးဆပ်ထားပြီးသားပဲ။ နင်သေရမှာဆိုရင်တောင် ငါက အစားထိုးပေးလို့ရရင် ကောင်းမှာပဲ။ ငါ သေတာကြည့်ပြီး နင်ပျော်မယ်ဆိုရင်တော့ ငါသေရပါစေဦး ကျေနပ်တယ်။ အေး ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ငါ့အပြင် နောက်ထပ် ဘယ်သူမှ မချစ်ရဘူး။ အေး ချစ်သွားရင်တော့ တို့နှစ်ယောက်စလုံး သေပြီသာမှတ်၊ အခြားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဘယ်လိုနည်းနဲ့မှ ထည့်မပေးနိုင်ဘူး'

ချိုဇင့်ဆီက ဒီလိုစကားတွေကြားရတော့ ကျွန်တော်ပျော်နေမိတယ်။ ကျွန်တော် မရှိရင် သေမလောက်အထိပဲ အလွန်အကျွံချစ်နေတဲ့ ချိုဇင် စကားတွေ ကြားတိုင်း ကျွန်တော် ကျေနပ်တယ်။ ပြီး တော့ ကျွန်တော့်နှုတ်ခမ်း ခပ်ယဲ့ယဲ့လေး ပြုံးမိပြန် တယ်။

ဒီလိုနဲ့ ချိုဇင်ရဲ့ အချ တွေကို တဖြည်းဖြည်းနဲ သိမ်းပိုက်လာခဲ့တာ ရာနှု ပြည့်လောက်ရနေပြီ။ အချိ ကလည်း တစ်နှစ်ပတ်လည် ပြည့်ခါနီးလို့ ဖေဖော်ဝါရီလ ထဲတောင် ရောက်နေပြန်ပြီ လေ။

'ဟော့ ဖေဖော်ဝါရီ ၁၄ ရောက်ရင် အင်္ကျီဆင်တူလေး ဝတ်မယ်နော်'

'အဲလောက်ပဲလား ငါက စုံတွဲဖက်ရှင်ပြိုင်ပွဲ တောင် ဝင်ပြိုင်ဖို့စဉ်းစား ထားတာ။ ဆုရတာ မရတာ အသာထားဦး၊ တို့နှစ်ယောက် အတွက် ပျော်စရာလည်း ကောင်းသလို ပိုပြီးလည်း အမှတ်တရဖြစ်တာပေါ့ ဘယ်လိုသဘောရလဲ ချိုဇင်'

ချိုဇင် စဉ်းစားထား တာထက်ပင် ကျွန်တော့်အ အစဉ်က ကောင်းနေတော့ ချိုဇင်ကတော့ ပျော်လို့မဆုံး တော့။ ဒါပေမဲ့ ချိုဇင်သိလိုက် ရတဲ့အစီအစဉ်ထက် မ အောင်ဘဲ နောက်ထပ်အ အစဉ်တွေက ပိုကောင်းနေ သေးတယ်ဆိုတာကိုတော့ ကျွန်တော်ပဲ သိတယ်။

'အဲဒီစုံတွဲဖက်ရှင် ရောက်ရင် နင်က သတို့သ ပုံစံ ဂါဝန်ပွပွကြီးဝတ်ရမ ငါကတော့ နက်ခ်တိုင်နဲ့ ဘာနဲ့ပေါ့ကွာ။ အဲဒါကို

www.burmeseclassic.com

...ရှင်ကျအောင် အရောင်နဲ့ ...ညှိပြီး ဝတ်ကြတာပေါ့။ ...တော့ အခုကတည်းက ...အစဉ်ကို သေချာမှတ် ...။ အဲဒီနေ့ရောက်ရင် ...နှစ်ယောက် မတွေ့တော့ ...နော်။ နင်လည်းနင့်ဟာ ...ပြင်ဆင်လာခဲ့။ ငါလည်း ...ဘာငါ့ ပြင်လာခဲ့မယ်။ ...တို့ နှစ်ယောက်အလှည့် ...ရောက်ရင် နင်က စတိတ်ချဲ ...ရဲ့ ဘယ်ဘက်အခြမ်းက ...လာခဲ့။ ငါက ညာဘက် ...က တက်လာခဲ့မယ်။ ...ပေါ်ရောက်မှ ဆုံမယ်။ ...များတွေလို တစ်ခါတည်း ...ခုတ်ပြီး မတက်တော့ ...မျိုးဖြစ် သွားတာပေါ့။ ...အိုင်ဒီယာ မိုက်တယ် ...တ်လား။ သေချာမှတ် ...။ ဖေဖော်ဝါရီ ၁၄ မှာ ...ပေါ်ရောက်မှ တွေ့မယ်ဆို ...'

ချိုဇင်ကတော့ ...တော် စီစဉ်သမျှကို စဉ်း ...ကြည့်ရုံနဲ့ပင် တော်တော် ...နေပြီ။ ချိုဇင်က အပြည့် ...ယုံကြည်ပေးတဲ့အတွက် ...နှ်တော်လည်း ပျော်နေ ...ယ်။ ပြိုင်ပွဲဝင်ဖို့ အဝတ် ...စားတွေ စီစဉ်ပြီးတော့ ...နှ်တော်လည်း အလုပ်ရှုပ် ...နေလို့ ချိုဇင်နဲ့သိပ်မတွေ့ဖြစ် ...တော့။ ဒီကြားထဲ ယွန်းရဲ့ ...ဂ်လာဖိတ်စာရောက်လာ ...တော့ ပိုဆိုးသွားတယ်။

'မိုးကျော်၊ ဒီဘဝမှာ ...တော့ ငါ့မျက်ရည်တွေကို နင် ...ပိုင်ပါတယ်။ ဒါပေမဲ့ ငါ့ဘဝ ...ကိုတော့ နင်မပိုင်စေရဘူး။ ငါ့မင်္ဂလာဆောင်ဖေဖော်ဝါရီ ၁၄ ရက် ရောက်ရင်ကြွခဲ့ပါဦး၊ 'ကို'လို့ မခေါ်တာ ခွင့်လွှတ်ပါ'

ဖိတ်စာနဲ့အတူ ပါလာတဲ့ ယွန်းရဲ့စာက ကျွန်တော့်ကို ရှုးမတတ်ခံစားရစေတယ်။ ယွန်းလည်း ကျွန်တော့်ကို စိတ်နာပြီး လက်ထပ်သွားတာပေမဲ့ တော်တော် ကြေကွဲနေလိမ့်ဆိုတာ သိနေတော့ ကျွန်တော် ပိုခံစားရပြန်တယ်။ ယွန်းနဲ့ ကျွန်တော့်ရဲ့ ခံစားချက်တွေအတွက် ချိုဇင်လည်း...။

❑

*ဖေဖော်ဝါရီ ၁၄...*

*'ချိုဇင်...*

*ပါးလွှန်းရင် ပေါက်တတ်သလို ကိုယ်ပြုသောကံ ကိုယ့်ထံ ပြန်လာတယ်ဆိုတာလည်း ချိုဇင် သိမှာပါနော်။ ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီ ၁၄ မှာ ကျွန်တော်နဲ့ယွန်းကို ကွဲထွက်သွားအောင် ချိုဇင် ဖုန်းဆက်ပြီး လုပ်ကြံခဲ့တာ မှတ်မိသေးလား။ ပြီးတော့ ဖုန်းနံပါတ် မှတ်မိနေတဲ့ ကျွန်တော် မသိအောင် သူငယ်ချင်းနဲ့ ဆင်းနံကတ်ချင်းလဲပြီး သူစိမ်းအနေနဲ့ပဲ ကျွန်တော့်အနားကို ချိုဇင် ချဉ်းကပ်လာတာလေ။ လိုချင်တာရအောင် လုပ်ကြံယူတတ်တဲ့ ချိုဇင့်စိတ်ကိုတော့ ချီးကျူးပါတယ်။ ဒါပေမဲ့ ချိုဇင်ရယ်။ ချိုဇင့်သူငယ်ချင်းဆက်တဲ့ဖုန်းက ကျွန်တော်နဲ့တည့်တည့်တိုးတာ ချိုဇင် ကံဆိုးတာပါပဲ။ အဲဒီကစပြီး ချိုဇင်လည်း ကိုယ်ချင်းစာခံစားတတ်အောင် ကျွန်တော်အကွက်ချ စီစဉ်ခဲ့တာလေ။ ဒီနေ့ဟာ ကျွန်တော့်အစီအစဉ်ပြီးမြောက်တဲ့နေ့ဖြစ်သလို ကျွန်တော် သိပ်ချစ်တဲ့ ယွန်းက တခြားတစ်ယောက်နဲ့ လက်ထပ်တဲ့နေ့လည်း ဖြစ်ပါတယ် ချိုဇင်။ ကျွန်တော့်ရဲ့လုပ်ရပ်ကို သိလိုက်ရရင် လိုချင်တာရအောင် ယူတတ်တဲ့ချိုဇင်က စိတ်ထင်ရာစိုင်းပြီး လုပ်မှာကို မတွေ့ကြုံချင်၊ မကြားချင်တော့လို့ ကျွန်တော်လည်း နိုင်ငံခြားထွက်သွားပါပြီ။ ပျော်ပါစေ ချိုဇင်...*

*မိုးကျော်...'*

ဒီစာကို ချိုဇင် စတိတ်ချဲစင်ပေါ်ရောက်မှ ကျွန်တော် မလာတော့မယ့်အကြောင်းပြောရင်းနဲ့ သွားပေးဖို့အတွက် ကောင်လေးတစ်ယောက်ကို ပိုက်ဆံပေးပြီး သေသေချာချာမှာထားခဲ့တယ်။

ခုဆို ချိုဇင်လည်း စတိတ်ချဲစင်ပေါ်မှာ အရုပ်တကွဲနဲ့ ဝမ်းနည်းနေလောက်ပြီ။

ကျွန်တော့်ကို ဝမ်းနဲ့ လွယ်ထားတဲ့ လေယာဉ်ပျံလည်း အရှိန်နဲ့ပြေးရင်း လေထုထဲမှာ ဝဲပျံစပြုနေပြီ။ ကိုယ့်အမိမြေနဲ့ ခွဲရဦးမယ်ဆိုတဲ့ စိတ်နဲ့ ပတ်ဝန်းကျင်ကိုကြည့်မိတော့လယ်ကွင်းစိမ်းစိမ်းတွေနဲ့ ရွှေတိဂုံဘုရားကြီးက အထင်းသားမြင်နေရတယ်။ ပြီးတော့ ယွန်းမင်္ဂလာဆောင်မယ့်နေရာနဲ့ ချိုဇင်ရောက်နေမယ့်နေရာကို စိတ်မှန်းနဲ့ရှာရင်း ကျွန်တော့်နှုတ်ခမ်းကို တင်းတင်းစေ့ထားမိတယ်။ ဒီအချိန်မှာပဲ ဘာကိုလွမ်းမှန်းမသိတဲ့ဝေဒနာတစ်ခုနဲ့ မျက်ဝန်းက မျက်ရည်တွေက ပါးနှစ်ဖက်ပေါ် စီးကျလို့...။

■

**မြတ်သျှိုင်းသွင်**

**အယ်ဒီတာအဖွဲ့**

အမှတ် (၃-၀၃)
တိုက်အမှတ် ၂၀/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'မေခင်... မေခင်...
ဘာဖြစ်နေတာလဲ'
မာဝင်းသည် ကယောင်ကတမ်း
ဗွးဗွးဝါးဝါးပြောနေသော မေခင်၏
ပခုံးနှစ်ဖက်ကို လှုပ်၍နိုးလိုက်သည်။
မေခင်၏မျက်နှာသည် ဖြူရော်နေပြီး
နှုတ်ခမ်းလေးများက
တဆတ်ဆတ်တုန်နေလေသည်။
သူ့ကို ငုံ့ကြည့်နေသော
မာဝင်းကို မြင်သောအခါ
ကြောင်ငေးငေးကြည့်နေ၏။
'မေခင်
အိပ်မက်မက်နေသလား'
'ဘုရား ဘုရား၊
အဲဒါအိပ်မက်လား၊ တော်သေးတာပေါ့'
ကတုန်ကယင် ပြောနေသော
မေခင့်ကို မာဝင်းသည်
သနားသလို ကြည့်နေလေသည်။
နဂိုအသားဖြူသော
မေခင့်မျက်နှာသည် သွေးမရှိသူကဲ့သို့
ဖြူဖွေးနေသည်။ နဖူးပြင်တွင်
ချွေးကလေးများ စို့နေလေသည်။
'ဘာလဲ မေခင့်ကို
ထန်းပင်လောက်မြင့်တဲ့
အမွေးစုတ်ဖွားကြီးနဲ့
သရဲကြီးက တင်းပုတ်ကြီးနဲ့
အတင်းလိုက်ထုနေလို့လား'
မာဝင်းသည် မေခင့်အတွက်

အမှတ် ၂၉၁၊ ဖေဖော်ဝါရီ၊ ၂၀၁၄

ရှစ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာမ မစန္ဒာ*
*ရေးသားပြီး ၁၉၆၉ ခုနှစ်၊*
*စက်တင်ဘာလထုတ်*
*ငွေတာရီမဂ္ဂဇင်း၊ အမှတ်(၁၁၁)တွင်*
*ဖော်ပြပါရှိခဲ့သည့်*
*'ရှုံးသူ နိုင်သူ' ဝတ္ထုကို*
*ပြန်လည်ဖော်ပြပါသည်။*





www.burmeseclassic.com

www.burmeseclassic.com

ရေတစ်ခွက်ခပ်ပေးရင်း ခပ်သောသောလေး ပြောသည်။ အရာရာကို ရယ်ရွှင်ဖွယ်အဖြစ် ဖန်တီးနိုင်ခြင်းသည် မာဝင်း၏ ချစ်စဖွယ်အကျင့်ကလေး ဖြစ်လေသည်။

'သရဲကြီးကလိုက်ရင် မေခင် သမ္မာဒွေဆိုမှာပေါ့။ ဣတိပိ သော ရွတ်ရင်လည်း ရတာပဲ။ ခုတော့ မေခင့်မှာ ရွတ်စရာ ဂါထာ မရှိဘူး'

'ဘာဖြစ်လို့လဲ'

'မေခင့်ကို ဝိုင်းလိုက်နေတာက လူတွေရယ်၊ အင်မတန် ဆိုးတဲ့ ကောင်မလေး လိုက်ကြဟ သတ်ကြဟုဆိုပြီး လိုက်ကြ တာ။ ပထမတော့ မပြေးသေးပါဘူး။ ဒါပေမဲ့ နောက်တော့ မေခင် ကြောက်ပြီး အတင်းထွက်ပြေးတာပဲ'

မေခင်သည် အိပ်ရာထဲမှ အားယူထလိုက်သည်။ ညအိပ် အင်္ကျီဖားဖားကြီးကို ဝတ်ထားသဖြင့် ပိန်လျှားနေသော မေခင့် ကိုယ်လုံးကလေးသည် အတန်ငယ် ဝနေသယောင်ရှိနေသည်။

'မေခင့်မှာ ပြေးစရာလည်း မြေမရှိဘူး။ အခန်းကျဉ်း ကျဉ်းလေးထဲ ပတ်ပြေးနေရတာ။ အဲဒီအခန်းလေးထဲကလည်း မထွက်နိုင်ဘူး။ ကြာတော့ မောလာရော'

'ဘာဖြစ်လို့ပြေးနေလဲ မေခင်ရယ်၊ တစ်ယောက်ပြီး တစ်ယောက် ပြန်ပြီး ဂျူဒိုနဲ့ ဆော်ထည့်လိုက်ပေါ့'

'ဟြော် မာဝင်းရယ် သူတို့တစ်တွေက လက်နက်တွေကိုင် ပြီး လိုက်ကြတာ၊ ကြံကြံဖန်ဖန် မေခင့်အိပ်မက်ကလည်း အဆန်းပဲ။ သူတို့ကိုင်လာတာဟာ ဘာလက်နက်ကြီးတွေ ထင်သလဲဟင်'

အစ်ကိုအောင့်အကြောင်းကို သတိရမိလျှင်၊ တွေးမိလျှင် မာဝင်းတစ်ယောက် အစဉ် စိတ်မကောင်းဖြစ်ရတတ်သည် အစ်ကိုအောင်သည် မာဝင်း၏ အချစ်ဦး ဆယ့်ငါးနှစ်အရွယ် မာဝင်းငယ်ငယ် အချစ်ရူးလေး၏ အချစ်ဦးဖြစ်ခဲ့ပါသည်။ ရွှေဖူးစာမခိုင် ကံယိုင်သဖြင့် ကွဲကွာခဲ့ကြသည်မှာ ကြာလှပြီဖြစ်သော်လည်း မာဝင်းက မေ့နိုင်စွမ်း မရှိသေးချေ

'ဆိုစမ်းပါဦး အဏုမြူဗုံးတွေမို့လား'

မေခင်သည် စားပွဲပေါ်ရှိ နာရီလေးကိုကြည့်ရင်း ရယ်ဟ ဟနှင့် ခေါင်းယမ်းပြသည်။ နာရီလေး၏ လက်တံတိုနှင့် လက်တံရှည်တို့သည် ဆယ့်နှစ်ဂဏန်းတွင် ထပ်နေကြပေပြီ။

'ပါးစပ်ကြီးတွေ'

'ဘာရယ်…'

'ပါးစပ်ကြီးတွေမှ အကြီးကြီးရယ်၊ သူတို့လက်ထဲမှာ ပါးစပ်ကြီးတစ်ခုစီကို သေနတ်ကြီးတွေလို ကိုင်မြှောက်ရင်း အတင်းလိုက်ကြတာ၊ မေခင် ကြောက်တာပေါ့'

'ကြံကြံဖန်ဖန် မေခင်ရာ'

'မေခင်ပြေးတော့ အဲဒီပါးစပ်ကြီးတွေက တအားဖြ တဟားဟားနဲ့ ရယ်ကြတယ်။ မပြေးတော့ဘဲ သူတို့နဲ့ ရင်ဆိုင် မယ်လို့ပြန်လှည့်တော့ သွားကြီးတွေဖြဲပြီး ခြောက်ပြကြတယ် ဟာ… မာဝင်းရာ တကယ့်ကို ကြောက်စရာကြီးပါ'

မာဝင်းသည် မေခင့်ကို အထူးအဆန်းတစ်ခုလို တအံ့ တသြကြည့်နေသည်။ အားကိုးရာမဲ့သူလို မျက်လုံးလေး အဝိုင်းသားဖြစ်နေသော မေခင်သည် သနားစရာကောင်းသလို ရယ်စရာလည်း ကောင်းနေသည်။

'မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလှံ နတ်တို့စက်တဲ့။ ခုတော့ မေခင်က ပါးစပ်လက်နက် လူ စက်လို့ ဆိုဦးမလို့ပေါ့လေ'

မာဝင်းက ရယ်မောရင်း ပြောမိသည်။ မေခင်ကမူ မရယ် နိုင်ချေ။ ငိုင်တွေတွေကလေး ထိုင်နေသည်။ သူ့ခမျာ ပြန်အိပ် မည်ကို ကြောက်နေပုံရလေသည်။

'မရယ်ပါနဲ့ မာဝင်းရ၊ မေခင် တကယ်ကြောက်တာ သိရဲ့လား'

မေခင်သည် ရယ်မောနေသော မာဝင်းကို ကြည့်ရင်း စိတ်တိုလာသည်။ စိတ်ရှုပ်သလို နဖူးရေလေးများလည်း တွန့် နေ၏။

'မေခင် မကြောက်တာ ဘာရှိလဲ။ မေခင် အားလုံးကို ကြောက်နေတာပဲ၊ ဘာဖြစ်လို့ ဒီလောက်ကြောက်နေရတာလဲ မေခင်ရယ်'

'အို မာဝင်းဆိုရင် လည်း ကြောက်မှာပါ'

မေခင်က မခံချင်သလို ပြော၏။ ထို့နောက် မေခင့်ကို စေ့စေ့ကြည့်ကာ မာဝင်းက တိုးတိုးလေးပြောလိုက်၏။

'မာဝင်းဆိုရင် ဘယ် တော့မှ မကြောက်ဘူးသိ လား။ ကြောက်စေချင်လို့ ခြောက်ရင် မကြောက်ဘဲ နေပြလိုက်ရုံပေါ့။ ငိုစေချင်ရင် ဘာလို့ ငိုရမှာလဲ၊ စိတ်ညစ်စေချင်ရင် ဘာလို့စိတ်ညစ်ရမှာ လဲ။ ဒီလောကမှာ မာဝင်းကြောက်တာ တစ်ခုပဲရှိတယ်။ သူတို့ ဖြစ်စေချင်သလိုဖြစ်ပြီး သူ့ကို အရှုံးပေးလိုက်ရမှာကိုပဲ'

ပြတ်ပြတ်သားသားပြောနေသည့် မာဝင်းကို မေခင်သည် အငေးသားကြည့်နေမိသည်။ မာဝင်းတစ်ယောက် အစ်ကို အောင့်ကို သတိရပြန်ပြီဖြစ်ကြောင်း မေခင် နားလည်လိုက်၍ စိတ်မကောင်းဖြစ်သွားမိလေသည်။ အစ်ကိုအောင့်အကြောင်း ကို သတိရမိလျှင်၊ တွေးမိလျှင် မာဝင်းတစ်ယောက် အစဉ် စိတ်မကောင်းဖြစ်ရတတ်သည်။ အစ်ကိုအောင်သည် မာဝင်း၏



www.burmeseclassic.com

www.burmeseclassic.com

ချင်း၊ ဆယ့်ငါးနှစ်အရွယ် မာဝင်းငယ်ငယ် အချစ်ရူးလေး၏ ဦးဖြစ်ခဲ့ပါသည်။ ရွှေဖူးစာမနိုင် ကံယိုင်သဖြင့် ကွဲကွာ ကြသည်မှာ ကြာလှပြီဖြစ်သော်လည်း မာဝင်းက မေ့နိုင်စွမ်း သေးချေ။ မာဝင်းက အစ်ကိုအောင့်အကြောင်း တွေးမိ ရမိလေတိုင်း ရယ်စရာများ လျှောက်ပြောကာ ရယ်မော လေသည်။ သို့သော် မာဝင်း၏အသံက ခြောက်ကပ်ကပ် သွားတတ်ကြောင်း အနေကြာလာသောအခါ မေခင်တစ် ကောက် ရိပ်မိလာခဲ့သည်။

'အဲဒီလို အိပ်မက်မက်လို့တော့ မာဝင်း ဘယ်ကြောက် မေခင်ရ၊ အဲဒီပါးစပ်ကြီးတွေကိုကြည့်ပြီး ရယ်မှာပေါ့။ က သွားကြီးတွေဖြစ်ပြီး ခြောက်ပြရင် ခဲနဲ့ ကောက်ထု ပေါ့။ သွားတွေကို တဖြောင်းဖြောင်း ကျိုးကုန်မှာ သိလား။ တော့မှ အဲဒီသွားကြီးတွေကို ကောက်ပြီး ကမ္ဘာဦးအစက မျောက်တွေရဲ့ သွားကြီးတွေပါဆိုပြီး သဘာဝသမိုင်း ကိုက်ကို ရောင်းစားရင် ပိုက်ဆံတောင် ရဦးမယ်။ ရတဲ့ပိုက်ဆံ မေခင့်ကို သမ္မတရုံမှာ ရုပ်ရှင်ပြမယ်လေ'

'တော်ပါတော့ မာဝင်းရယ်'

မေခင်က လက်ဝါးကာပြပြီး တားလေသော် မာဝင်း သည် ရယ်မောရင်း အိပ်ရာပေါ်သို့ လှဲချလိုက်လေသည်။ နောက် ခြင်ထောင်ကို လှမ်း၍ ဆွဲချလိုက်၏။

'မရယ်ချင်ဘဲနဲ့ ဘာလို့ ရယ်ရတာလဲ မာဝင်းရယ်'ဟု ပြောချင်သော်လည်း မပြောရက်သည့်အတွက် မေခင်သည် ငြိမ်နေလိုက်ရလေသည်။

❑

မေဒန်အိတ်(စ)ဓာတ်ကား နောက်အပတ်ပြီးမည် ဆိုသဖြင့် မာဝင်းတို့ သူငယ်ချင်းတစ်စု ကာလ်တန်ရုံသို့ အပြေးအလွှား ရောက်လာကြလေသည်။ မိဝေတစ်ယောက်ကမူ ပိုက်ဆံပေး ပြီးတော့ မငိုဟုဆိုကာ မလိုက်ဘဲ နေရစ်၏။ မိုက်သည်ဟုပဲ ဆိုဆို မေခင်တို့ကမူ ပိုက်ဆံပေးပြီး မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ကြ လေသည်။

'လူကြီးမင်းများ စဉ်းစားကြည့်ကြပါ။ ဘာမှ အသိဉာဏ် ရှိတဲ့ အဟိတ်တိရစ္ဆာန် ဝက်ဝံမကြီးဆိုရင်တောင် သူ့ရဲ့သား သမီးရင်သွေးတွေကို ရန်မူလာတဲ့သူကို ပြန်ပြီး တိုက်ခိုက်တတ် ပါတယ်။ လူဆိုရင်တော့ ဘာပြောနေစရာ လိုတော့မှာလဲ ခင်ဗျာ။ သူ့ရဲ့သားကလေးရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် ကြံဆောင် ပြုမူမယ့်သူကို ဒေါသအလျောက်သားကို ချစ်ခြင်း ရှေးရှုပြီး သတ်မိတဲ့သူကို အပြစ်ရှိတယ်လို့ ဆုံးဖြတ်ကြမှာ လားဗျာ'

မွေးမိခင်ကို မိခင်မှန်း မသိသော်လည်း မိခင်ဘက်မှ မားမားရပ်ကာ လျှောက်လဲချက်ပေးနေသည့် သားဖြစ်သူ ရှေ့နေကလေးကို လူသတ်တရားခံ လာနာတားနားသည် တရိုက်ငင်ငင်ကြည့်နေပုံမှာ ရင်နာဖွယ်ကောင်းလှ၏။ ဒါ ငါ့သားဟဲ့ဟု ဂုဏ်ယူဝမ်းမြောက်ကြည်နူးခြင်း စေတသိက်က သူ့မျက်နှာတွင် ထင်ဟပ်ကာ တစ်ချိန်တည်းမှာပင် သားအရင်း ကိုပင် သားဟူ၍ ပိုင်ပိုင် မခေါ်နိုင်သောဘဝ၊ မိခင်ဟု အသိ မပေးနိုင်သော သူ့ဘဝအတွက် ဝမ်းနည်းကြေကွဲယူကျုံး မရခြင်းကလည်း မျက်လုံးတွင် အရိပ်ထင်လာပြန်သည်။ မင်း သမီးကြီး လာနာတားနားသည် အမူအရာကောင်းလှလေ သည်။ ထို့ကြောင့်လည်း ကြည့်ရင်းကြည့်ရင်းနှင့် ရင်ထဲတွင် နာကျင် လာလေသည်။ မျက်ရည်ကို မထွက်ရန် အားတင်း၍ ထိန်းရလွန်းသောကြောင့်လား မသိ၊ လည်ချောင်းများ ခြောက် ပြီး နာနေ၏။ ခင်ဖြူက ဦးခေါင်းကိုလှန်ကာ မျက်နှာကြက်ကို မော့ကြည့်နေလေသည်။ အသက်က မျက်တောင်တဖျပ်ဖျပ် ခတ်နေ၏။ မေခင်ကမူ ပိတ်ကားကို စိတ်ဝင်စားစွာ အငေး သားကြည့်ရင်း မျက်ရည်ဖြိုင်ဖြိုင် ကျမိတော့သည်။

'ဟော့ကောင် မရှက်ဘူးလား'

မာဝင်းက မေခင်၏ပေါင်ကို ဖျတ်ခနဲ ပုတ်လိုက်သည်။ ထိုအခါကျမှပင် မေခင်လည်း မျက်ရည်သုတ်ရတော့သည်။ မာဝင်းဆိုသည့် မာဝင်းသည် သူ မျက်ရည်လည်လာချင်လျှင် အခြားသူများ ငိုသည်ကို လှည့်ကြည့်ပြီးသား ဖြစ်တတ်သူ ဖြစ်၏။ ထိုအကျင့်တစ်ခုတော့ အတော်ပင် အမြင်ကတ်စရာ ကောင်းလှသည်။

ရုပ်ရှင် ပြီးလျှင်ပြီးချင်း မေခင်တို့တစ်တွေ အိမ်သာတွင်း သို့ ဝင်ပြေးကာ ပေါင်ဒါဖို့ကြရလေသည်။ သနပ်ခါးကွက် ကျားဖြစ်နေသော ငိုထားသည့်မျက်နှာနှင့် အပြင် မထွက်ရဲကြ ၍ ဖြစ်လေသည်။

'မေခင်တို့ကတော့ တကယ်ညံ့တာပဲ'

'ဘာဖြစ်လို့လဲ'

'အလကား အမူအရာလုပ်ပြနေမှန်း သိရဲ့သားနဲ့ ဘာလို့ ဒီလောက်ငိုရတာလဲ'

'ကြည့်ရတာ ရင်နာစရာ ကောင်းတယ် မာဝင်းရဲ့၊ မျက် ရည်ကို ထိန်းလို့ မရဘူး'

'ဩ… ရင်နာရင် မျက်ရည်ကျသတဲ့လား'

မာဝင်းသည် ပါးချိုင့်ကလေးများ ပေါ်အောင် နှစ်နှစ် ခြိုက်ခြိုက်ပြုံးရင်း ပြောသည်။ မာဝင်း၏ နှုတ်ခမ်းပါးကလေး များသည် လောကကြီးကို လှောင်ပြောင်နေသလို တွန့်နေ သည်။

'ဟုတ်တယ်၊ ရင်နာရင် မျက်ရည်ကျရသတဲ့၊ ဝမ်းနည်း ရင် ငိုရသတဲ့၊ စိတ်ဆိုးရင်လည်း ရွှေမျက်ရည် ယိုတတ်ကြ သတဲ့' မေခင်က ခပ်သောသောကလေး ပြောလိုက်၏။

'ဩ…ဩ… တယ်ပြီးလည်း မျက်ရည်ပေါကြပါလား နော်'

လှောင်သလိုလို ပြောနေသော မာဝင်းကို မေခင်သည် စေ့စေ့ကြည့်လိုက်မိလေသည်။ တစ်ပတ်လျှိုဆံထုံးနှင့် စံပယ် ကုံး သခင်မလေး မာဝင်း၏အလှသည် ရိုးရိုးယဉ်ယဉ်နှင့် ရှင်းလင်းလှသည်။ လက်ကောက်ဝတ်အထိ ရှည်သော



www.burmeseclassic.com

www.burmeseclassic.com

လက်ရှည်ကို ဝတ်လေ့ရှိသော မာဝင်း၏ဟန်ပန်သည် ရိုး၍ ယဉ်ပြီး နွဲ့နှောင်းလှ၏။ ကျွန်မမှာ မိန်းမသားဟူ၍ အားနွဲ့ဟန် ပေါက်နေသော်လည်း မာဝင်း၏စိတ်ထားသည် ထူးထူးခြား ခြား နိုင်မာလှသည်။

'အို မာဝင်း တစ်ခါမှ မငိုဖူးဘူးလား'

'မာဝင်း ငိုချင်ငိုမယ်။ ဒါပေမဲ့ လူရှေ့မှာ ဘယ်တော့မှ မငိုဘူး။ မာဝင်းငိုတာကို ဘယ်သူမှ မတွေ့စေရဘူး။ ငိုတာ ဟာ တစ်နည်းအားဖြင့် တစ်စုံတစ်ခုကို အရှုံးပေးလိုက်ရတာပဲ မေခင်ရဲ့။ ရှုံးမှာကို မာဝင်း အကြောက်ဆုံးပေါ့'

'ဘာပဲပြောပြော ငိုတာကတော့ ငိုတာပဲ မဟုတ်လား။ လူရှေ့မှာဖြစ်ဖြစ်၊ လူကွယ်ရာမှာဖြစ်ဖြစ် မေခင်ကတော့ ငိုချင် ငိုလိုက်မှာပဲ၊ ရယ်ချင်ရယ်လိုက်မှာပဲ။ ဟန်ဆောင်ရတာ ဘယ် လောက်ပင်ပန်းသလဲ။ ဟန်ဆောင်ရမှာကို မေခင် အမုန်းဆုံးပဲ'

'ဟန်မဆောင်ဘဲ အရှုံးပေးရတာထက်တော့ ဟန်ဆောင် ပြီး အရှုံးမပေးတာ ကောင်းတာပေါ့'

အတွင်းစိတ်ထား ခံယူချက်ချင်း တောင်နှင့်မြောက် ဖြစ် သော မေခင်နှင့် မာဝင်း အဘယ့်ကြောင့် ဤမျှ ခင်မင်လာရ သည်ကို မသိပါ။ မေခင်သည် မာဝင်းကို တစ်စုံတစ်ခု မေး တော့မည်ဟု နှုတ်ခမ်းပြင်လိုက်ပြီးမှ မမေးဘဲ နေလိုက်လေ သည်။ မာဝင်းက သတိပြုမိပုံရ၏။

'မေခင် ဘာပြောမလို့လဲ'

'ဟိုဟာပါ မာဝင်းရဲ့၊ အစ်ကိုအောင် လက်ထပ်သွားတုန်း ကရော မာဝင်း မငိုဘူးလားလို့ပါ'

မာဝင်း၏ မျက်နှာလေးသည် တည်တည်ဖြစ်သွားလေ သည်။ မေခင်ကို တွေတွေဝေဝေ စိုက်ကြည့်လိုက်ပြီး ခပ်သဲ့သဲ့ ပြုံးလိုက်သည်။

'လူတွေဟာလေ မာဝင်းတစ်ယောက် ဘယ်လောက်များ ငိုလိုက်မလဲဆိုပြီး စောင့်ကြည့်နေကြတယ်။ မာဝင်းက ဘယ် ငိုလိမ့်မလဲ။ အလှဆုံး ပြင်ဆင်ပြီး အပြုံးဆုံးနေခဲ့တာပေါ့'

'ဒါပေမဲ့ မာဝင်း စိတ်ထဲကပါလို့ တကယ်ပြုံးတာမှ မဟုတ်ဘဲ'

'ဘာပဲပြောပြော ပြုံးနိုင်တာ လိုရင်း မဟုတ်လား၊ ရယ် နိုင်တာသာ ပဓာန မဟုတ်လား'

မာဝင်းက အံကလေးခဲကာ ပြောသည်။ ဘတ်စ်ကား လမ်းဘေးတွင် ဗန်းနှင့်ချရောင်းနေသော မာလကာသီးများ မြင်သောအခါ အစ်ကိုအောင်နှင့်အတူ စကားလည်စီးရင်း ဘကြီးဖြိုး၏ခြံတွင် မာလကာသီး ဝင်၍ ခိုးစားရသည် ဖျတ်ခနဲ သတိရလာသည်။ 'ဘကြီးဖြိုးဆိုက တောင်း တာပေါ့ မာဝင်းရယ်'ဟု အစ်ကိုအောင်က ပြောသော မာဝင်းသည် 'အို အစ်ကိုက ဘာသိလဲ၊ ဒီအဘိုးကြီးက သိ ကပ်စေးနှဲတာ၊ ခိုးစားမှ အရသာရှိတာ' ခေါင်းတခါခါ လ တခါခါနှင့် ငြင်းတတ်သည်။ အစ်ကိုအောင်က သစ်ပင် မတက်လျှင် မာဝင်းသည် လုံချည်တိုတို ဝတ်ရင်း သူ့ ပင် ခိုလွှဲ၍ တက်လေတော့သည်။ 'ဟော့ကောင်မလေး ဆင် ... ဆင်းခဲ့'ဟု အစ်ကိုအောင်တစ်ယောက် ပျာပျာ လောင် အော်သည်ကို မာဝင်းသည် မာလကာပင်ပေါ်မှ ကြ ရင်း အူနှာအောင် ရယ်ရတတ်သည်။ ဘကြီးဖြိုး သူ့ ကလေးထဲမှ ထွက်လာသည်ကို တွေ့သောအခါတွင်ကား သ ပင်ပေါ်မှ ဖုတ်ခနဲ ခုန်ချကာ နာသွားသောခြေကိုပင် ဂရုမစိုက် နိုင်ဘဲ အစ်ကိုအောင့်လက်ကိုဆွဲကာ ကသောကမျော ထွ ပြေးတတ်သည်။ ဘကြီးဖြိုးတစ်ယောက် မျက်မှောက်ကြု ကာ ကျန်ရစ်တတ်သည်။ တစ်ခါတစ်ရံလည်း တဟားဟား ရယ်နေရစ်တတ်လေသည်။

'အစ်ကိုနဲ့ မာဝင်း အတူနေရတော့မှ မာလကာပင် အ တက်ကြမယ်နော်'ဟု မာဝင်းက စိတ်ကူးယဉ်တတ်လေသည် ထိုအခါ မာဝင်း၏မျက်နှာ နုနုငယ်ငယ်လေးကိုကြည့်ကာ အစ်ကိုအောင်က ရယ်တတ် သည်။ အစ်ကိုအောင် လှောင်ရယ်ရယ်သလား မာဝင်းက စိတ်ဆိုးရ တကယ်ပင် အစ်ကိုအောင်တစ် ယောက် လှောင်ရယ်ရယ် သလား မသိပါ။ မာဝင်းနှ အစ်ကိုအောင်သည် မည်သ အခါမှ အတူနေရတော့မည် မဟုတ်ပါချေ။ အစ်ကိုအောင်သည် မနှင်းဖြူနှင့် လက်ထ သွားသည့်အတွက်ကြောင့် ဖြစ်ပါသည်။ အစ်ကို ဆေးကော လိပ်တက်မည့်နှစ်ထဲတွင် မနှင်းဖြူတို့ဘက်မှ အစ်ကို့ကို ငွေ သောင်းနှင့် စိန်တစ်ဆင်စာ တင်တောင်းခဲ့လေသည်။ အစ်ကို ဆရာဝန်ဖြစ်သည်အထိ ပညာသင်ရန် ကုန်ကျစရိတ်အဝဝ လည်း တာဝန်ယူမည်ဟု ဆိုလေသည်။

'ဟော့ ချာတိတ်လေး၊ အစ်ကို့ကို စိတ်ဆိုးနေသလာ မာလကာရိပ်တွင် ငေးငေးလေးထိုင်နေသော မာဝင်းသ အစ်ကိုအောင် ရောက်လာခဲ့သေးသည်။ မာဝင်းက ရယ်ကျဲ

'အစ်ကိုနဲ့ မာဝင်း အတူနေရတော့မှ
မာလကာပင် အတူ တက်ကြမယ်နော်'ဟု
မာဝင်းက စိတ်ကူးယဉ်တတ်လေသည်
ထိုအခါ မာဝင်း၏မျက်နှာ နုနုငယ်ငယ်လေးကိုကြည့်ကာ
အစ်ကိုအောင်က ရယ်တတ်သည်။ အစ်ကိုအောင်က
လှောင်ရယ်ရယ်သလားဟု မာဝင်းက စိတ်ဆိုးရ၏



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းခါပြလေသည်။ 'မာဝင်း ငိုနေသလား' ရီဝေနေသော မာဝင်း၏ မျက်လုံးလေးများကိုကြည့်ရင်း စိုးရိမ်တကြီး မေးလေသည်။ မာဝင်း၏မျက်လုံးလေးများသည် အရည်ကြည်လာသော်လည်း ဟက်ဟက်ပက်ပက် ရယ်လိုက်၏။ 'ဘာလို့ ငိုရမှာလဲ၊ မာဝင်းကို ငိုမယ် ထင်လို့လား' ဟု ရယ်သံလေးနှင့် ပြောလိုက်သေးသည်။

မာဝင်း ဘယ်သူ့ကို ဘယ်လိုညာညာ အစ်ကိုအောင့်ကို တော့ ညာ၍ မရ၊ ဟန်ဆောင်၍ မရချေ။ မာဝင်းအကြောင်းကို အစ်ကိုအောင် ကောင်းကောင်း သိလေသည်။ 'ဟန်ဆောင်ရ တာ ပင်ပန်းလှပါတယ် ညီမလေးရယ်၊ ငိုချင်ငိုလိုက်ပါ' ဟု မာဝင်း နဖူးပေါ်ရှိ ဆံယဉ်လေးများကို သပ်တင်ကာ မချိတင် ကဲ ပြောလေ၏။ မာဝင်းက တိုး၍ရယ်ကာ 'မာဝင်းကို ငို စေချင်လို့လား၊ ဘယ်တော့မှ မငိုဘူး။ ဘာလို့ငိုရမှာလဲ၊ မငိုပါ ဘူး' မာနရောင် တရှိန်ရှိန်နှင့်ပြောရင်း ရင်ထဲတွင် တင်းကျပ် ကျောင်လာလေသည်။

'ဘဝဆိုတာ အသည်းနှလုံးကိုချည်း ဦးစားပေး စဉ်းစား လို့ မဖြစ်ဘူး၊ ခုတော့ မာဝင်းလေး ငယ်ပါသေးတယ်။ တစ်နေ့ကျရင်တော့ အစ်ကို့ညီမလေး နားလည်ပါလိမ့်မယ်။ အစ်ကို့ကို ခွင့်လွှတ်လာပါလိမ့်မယ်' အစ်ကိုအောင်က လှိုက် လှိုက်လှဲလှဲပြောနေစဉ် မာဝင်းသည် ဂရုမစိုက်သလို မာလ ကာသီးပွပွကြီးတစ်လုံးကို ခုန်ခူးလိုက်သည်။ ထို့နောက် ပေါ့ဆ သလိုနှင့်တစ်ချက် ကိုက်စားလိုက်ကာ 'တစ်သက်လုံး ခွင့်မလွှတ် ဘူး' ဟု ရယ်သံတစ်ဝက်နှင့် ပြောလိုက်၏။ နာကြည်း ကြေကွဲ သံကို ရယ်သံကလေးက မလွှမ်းနိုင်သည့်အတွက် ကိုယ့်ကိုယ် ကို အပြစ်တင်၍ မဆုံးနိုင်တော့ချေ။

အစ်ကိုအောင် ကျောခိုင်းသွားသောအခါမှ မျက်လုံးအိမ် တွင်း၌ စုပြုံတိုးဝှေ့နေသောမျက်ရည်များ ပါးပြင်ပေါ်သို့ အလု အယက်စီးဆင်းလာကြတော့သည်။ မာဝင်းသည် မျက်ရည်စ များကို လက်ဖမိုးနှင့်ခပ်ကြမ်းကြမ်းပွတ်သုတ်ပစ်လိုက်လေ၏။

'အဲဒီကိစ္စနဲ့ ပတ်သက်လို့ အဲဒီတစ်ခါပဲ မာဝင်းငိုခဲ့တယ်။ နောက် ဘယ်တော့မှ မငိုတော့ဘူး။ မာဝင်း အရှုံးမပေးပါဘူး'

'မာဝင်းက အရှုံးပေးနေပြီးတော့ အရှုံးမပေးပါဘူး ပြော နေတယ်'

'ဘာဖြစ်လို့'

'မာဝင်း ခုထိ သူတို့မျက်နှာတွေကို စေ့စေ့မကြည့်နိုင်ဘူး မဟုတ်လား၊ သူတို့နဲ့ ရင်မဆိုင်ရဲဘူး မဟုတ်လား'

'အို ရင်မဆိုင်ရဲတာ မဟုတ်ပါဘူး၊ ရင်မဆိုင်ချင်တာပါ'

'ရင်မဆိုင်ချင်တာဟာလည်း တစ်နည်းအားဖြင့် ရင် မဆိုင်ရဲတာပါပဲ'

'အို မာဝင်း သူတို့ကို မကြောက်ဘူးသိလား၊ ဘာလို့ ရင်မဆိုင်ရဲရမှာလဲ၊ တစ်ခုတော့ရှိတယ်။ မာဝင်းက သူတို့ကို မနိုင်ရသေးဘူး။ တစ်နေ့ကျရင် သူတို့ကို အပေါ်စီးကနေပြီး ကလဲ့စားချေမယ်။ မာဝင်း စိတ်ညစ်ခဲ့သလို စိတ်ညစ်စေပြီး အနိုင်ယူမယ်။ မာဝင်း သူတို့ကို ရင်ဆိုင်ရဲတယ်'

'ကဲ ထားပါတော့၊ ဒါဖြင့်ရင် အခုနှစ် နွေကျောင်းပိတ် တုန်းက လုပ်အားပေးပြီး အိမ်ပြန်ဖို့ အချိန်ရသေးသားပဲ။ ဘာဖြစ်လို့ မပြန်တာလဲ၊ မာဝင်းတို့မြို့မှာ သူ ဆရာဝန်လာဖြစ် နေပြီဆိုလို့ မဟုတ်လား'

မေခင်က ဖွတ်တိုး၍ ပြောသောအခါ မာဝင်း၏မျက်နှာ ကလေးသည် ညိုသွားလေသည်။ မျက်လုံးလေးများသည် တောက်ပြောင်လာကြသည်။ ထို့နောက် အံကိုတင်းတင်းခဲကာ အသံ မာမာနှင့် ပြောလေသည်။

'အို အဲဒီတုန်းက ဘာမဟုတ်တဲ့ အချိန်လေးနဲ့ အသွား အလာ ပင်ပန်းမှာမို့ပါ။ မာဝင်း သူတို့နဲ့ ရင်ဆိုင်ရမှာ ကြောက် တယ်ထင်လို့လား၊ ဝေးသေးတယ်ရှင့်။ မာဝင်း ပြန်မှာ သိလား …ပြန်မှာ'

❑

ဒုတိယနှစ်ဝက် စာမေးပွဲဖြေအပြီး သီတင်းကျွတ်ကျောင်း ပိတ်သောအခါ မိဘရပ်ဌာနေသို့ မာဝင်း ပြန်ခဲ့ပါတော့သည်။ သူငယ်ချင်းတစ်စု ဘူတာရုံသို့ လာရောက်ပို့ဆောင် နှုတ်ဆက် ကြသည်မှာ ကျွက်ကျွက်ညံနေလေတော့သည်။

'အောင်စာရင်းထွက်ရင် သံကြိုးရိုက်လိုက်မယ် မာဝင်း ရေ၊ အိမ်ထမင်း၊ အိမ်ဟင်းကို တဝကြီးစားပေတော့' ဟု မိဝေကပြောသောအခါ မကြာခင်ရောက်ရတော့မည်ဖြစ်သော အမေ့အိမ်ဆီသို့ မစောင့်နိုင်တော့ဘဲ အတောင်တပ်၍ ပျံပြေး ချင်စိတ် ပေါ်လာရတော့သည်။

'အမေကလေ မာဝင်းတို့အိမ်ရှေ့က မန်ကျည်းပင်ကြီးက မန်ကျည်းရွက်နုတွေကိုခူး၊ ပုစွန်ခြောက်နိုင်နိုင်ထည့်သုပ်၊ ပြော … နောက်ပြီး မာဝင်းကြိုက်တတ်တဲ့ ငါးခူဆီပြန်ကို ရဲယိုရွက် ကလေးအုပ်ချက်ပြီး ပဲဟင်းချိုချိုလေးနဲ့ မာဝင်းကို စောင့်နေမှာ သိလား'

'သိပ်လည်း မကြွားပါနဲ့၊ မေခင်တို့လည်း မကြာခင် အိမ်ရောက်တော့မှာပါ မာဝင်းရာ'

မာဝင်းက အကြွားပိုသောအခါ မေခင်က မခံချင်သလို ပြောလေသည်။ မေခင်ကမူ အိမ်ရောက်လျှင် အမေ့ရင်ခွင်ထဲ တိုးဝင်ပြီး အားငယ်စကားတွေ တသီကြီးပြောမည့်သူ ဖြစ်ပါ သည်။

မာဝင်း အကြွားပိုခြင်း မဟုတ်ပါချေ။ မာဝင်း၏ အမေ သည် မာဝင်းကြိုက်တတ်သည့် မန်ကျည်းရွက်နုကို ပုစွန် ခြောက်နိုင်နိုင်၊ ပဲမှုန့်နိုင်နိုင်နှင့်သုပ်ရင်း မာဝင်းကို ဆီးကြိုခဲ့ လေသည်။ မာဝင်းကို တစ်လုတ်ခွံ့ပေးရင်း 'သမီးဖို့တဲ့ သမီး ဘကြီးဖြိုးက မာလကာသီးတွေ လာပေးသွားတယ်။ ကြောင် အိမ်ပေါ်မှာ သမီးရဲ့' ဟု ပြောလေသည်။ မာလကာသီး ပွပွ ဖြူဖြူကြီးများကို မာဝင်းသည် ဝမ်းသာအားရ လှမ်းကြည့် လိုက်မိသည်။

'သမီး ဘကြီးဖြိုးက ပြောသွားသေးတယ်။ ငါ့ယဲ


www.burmeseclassic.com

www.burmeseclassic.com

လောက်ပေးပေး ဒီကောင်မလေး ငါ့ခြံထဲလာပြီး ခိုးစားဦးမှာ ပါပဲတဲ့'

'ဟာ ဘကြီးဖြိုးကလည်း'

မာဝင်းက ရယ်မောပြောလိုက်သော်လည်း ရင်ထဲတွင် နာသွားလေသည်။ အစ်ကိုအောင်နှင့် နှစ်ယောက်သား ဘကြီးဖြိုး၏ခြံသို့ သွားခဲ့ကြသည်များကို သတိရမိ၍ ဖြစ်လေသည်။ အချိန်တွေကတော့ ကြာခဲ့ပါပြီ။ ဝေးလည်း ဝေးခဲ့ပါပြီ။ အစ်ကိုအောင်တွင်ပင် သုံးနှစ်အရွယ်သားကလေးနှင့် တစ်နှစ်အရွယ် သမီးကလေးတို့ ထွန်းကားခဲ့ချေပြီ မဟုတ်ပါလော။ မာဝင်း အနေနှင့် မေ့သင့်လှပါပြီ။

'အို မမေ့သမျှ ငါပဲ ရှုံးနေရတာပဲ မဟုတ်လား။ အရှုံး မခံပါဘူး။ မေ့လိုက်စမ်း'

မာဝင်းသည် အမေနှင့် အပြုံးမပျက် ရယ်မောပြောဆိုနေရင်းက မိမိကိုယ်ကို စိတ်ထဲက ပြောနေမိလေသည်။ ဟန်ဆောင်ကောင်းသော မာဝင်းတစ်ယောက် ယခုထိ ဟန်ဆောင်နေဆဲသာတကား။

'နက်ဖြန်ကျရင် တောင်ပေါ်မြဘုရားက ဘုရားပွဲရှိတယ်လေ သမီး၊ မြခက်တို့ လာခေါ်လိမ့်မယ်'

'သြော် မြဘုရားပွဲ'

အခုမှပင် မြဘုရားပွဲကို သတိရမိတော့သည်။ ပန်း၊ ဆီမီး၊ ရေချမ်းပါပူဇော်ပြီး စာမေးပွဲအောင်စေရန် နှစ်စဉ်ဆုတောင်းခဲ့ရသော မြဆင်းတုတော်ကို မာဝင်းတစ်ယောက် မေ့လျော့နေခဲ့လေသည်။

'ဘဝဆိုတာ အသည်းနှလုံးကိုချည်း ဦးစားပေး စဉ်းစားလို့ မဖြစ်ဘူး။ ခုတော့ မာဝင်းလေး ငယ်ပါသေးတယ် တစ်နေ့ကျရင်တော့ အစ်ကို့ညီမလေး နားလည်ပါလိမ့်မယ် အစ်ကို့ကို ခွင့်လွှတ်လာပါလိမ့်မယ်' အစ်ကိုအောင်က လှိုက်လှိုက်လှဲလှဲပြောနေစဉ် မာဝင်းသည် ဂရုမစိုက်သလို မာလကာသီးပွပွကြီးတစ်လုံးကို ခုန်ချူးလိုက်သည်

'အမေရော'

'အမေနဲ့ သမီးဖေဖေကတော့ ဆရာတော့်ကျောင်းမှာပဲ ဥပုသ်စောင့်နေရစ်တော့မယ်။ သမီးတို့တစ်တွေပဲ တောင်ပေါ် တက်ကြတော့ပေါ့'

တောင်ပေါ်လမ်းတစ်လျှောက်တွင် တောပန်းတွေ လှိုင်နေအောင် ပွင့်တတ်လေသည်။ ထိုလမ်းကို လျှောက်ရလေတိုင်း ပန်းကြိုက်မလေး မေခင်နှင့် ခင်ဖြူတို့ကို မာဝင်း သတိရမြဲ ဖြစ်လေသည်။ နေရာတကာတွင် အကြောက်သည်းသော မေခင်တစ်ယောက်သာ ပါလာမည်ဆိုပါက မြွေပေါက်မည်ကို

ပင် မကြောက်နိုင်ဘဲ ချုံကြိုချုံကြား တိုးဝှေ့ကာ ပန်း... တစ်ပွေ့ကြီး ခူးမည်မှာ သေချာလှပါသည်။ ဘုရားပွဲက ... လာမှ မေခင်တို့ သွားရည်ကျလာအောင် စာပန်းချီခြယ်... ဟု တေးထားလိုက်၏။

'သမီး မြွေပါးကင်းပါး သတိထားနော်'

'သမီး ချုံကြိုချုံကြား သိပ်မတိုးနဲ့နော်'

အမေနှင့်အဖေက တဖွဖွ မှာလိုက်ကြသည်။

'စိတ်ချပါ အကြီးရာ၊ အကြီးသမီး မြို့ကြီးသူကို ... မကိုက်စေရပါဘူး'

မြခက်သည် မာဝင်းကို ဆွဲခေါ်ခဲ့လေသည်။ မာဝင်း... လက်ဖဝါးနုနုလေးများကို ညှစ်ကိုင်ရင်း 'ကောင်မက ... လိပ်ကျောင်းသူလုပ်နေပြီး မာလကာပင် ခိုးမတက်တော့... ထင်ပါရဲ့၊ လက်တွေကို နုဖပ်နေတာပဲ' ဟု ပြောသည်။ မြခက် သည် မာဝင်း တက္ကသိုလ်ရောက်သည့်နှစ်ကပင် အိမ်ထောင် ကျခဲ့သူ ဖြစ်၏။ ယခုဆိုလျှင် အိမ်ထောင်သက် သုံးနှစ် ရှိခဲ့ပေပြီ။ 'မိမာဝင်း ငါ့ကို မှန်မှန်ပြောစမ်း၊ နင် ကောလိပ်... ရည်းစား မထားသေးဘူးလား' ဟု တိုးတိုးကပ်မေးသည်... မာဝင်းက ခေါင်းခါပြ၏။ မြခက်က မယုံသလို မာဝင်း မျက်နှာကို စေ့စေ့ကြည့်လေသည်။

'အဟုတ်ပါ မြခက်ရဲ့။ မာဝင်းကို မယုံဘူးလား'

မျက်နှာထားကလေး တည်တည်နှင့် ပြောလေသော... မြခက်သည် ပင့်သက်ရှူရှိုက်ရင်း 'နင် အစ်ကိုအောင့်ကို ... သေးဘူးပေါ့လေ' ဟု ပြောလေသည်။ 'မာဝင်း အစ်ကိုအော... ကို မမေ့သေးတာ မဟုတ်... ဘူး။ ခွင့်မလွှတ်သေးတာ... မာဝင်း သူ့ကို တစ်နေ့... နိုင်ရဦးမှာပေါ့' ဟု မာ... စိတ်ထဲက ပြောလိုက်၏။

တောင်အတက် လ... တစ်လျှောက်သည် ပျော်... ဖွယ် ကောင်းလှသည်။ ... တစ်လျှောက်ရှိ ခရေပင်... က ခရေပန်းများ တသ... ကြွေပေးထားရာ မြခက်တို့... မာဝင်း အပြိုင်ကောက်ကြသည်။ မြဘုရားရောက်လျှင် ပန်း... ရာခင်းရန် ဖြစ်လေသည်။ တစ်ပွင့်၊ နှစ်ပွင့်၊ သုံးပွင့်၊ လေး... စသည်ဖြင့် အပြေးအလွှားရေတွက်ရင်း ခရေပွင့်ဖြူဖြူက... များကို တဆတ်ဆတ်ကောက်ရသည်မှာ ပျော်ရွှင်ဖွယ်ကော... လှသည်။ ဟန်ဆောင်ရယ်မောခြင်း မဟုတ်ဘဲ လှိုက်လှိုက်... လှဲလှဲရယ်မောရင်း၊ လုယက်ကောက်နေရင်း မာဝင်းမျက်... လေးသည် ကြည်လင်လန်းဆန်းနေလေသည်။

'ဟေး မာဝင်းတို့၊ မြခက်တို့ ရင်းမာပန်း ... မလား'



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသာအောင်တို့ကာလသားအုပ်စုက ရင်းမာပန်းများ သွားပြန်သဖြင့် မာဝင်းတို့ မိန်းကလေးတစ်စုတွင် ပန်းရနံ့ ကြိုင်ဝေနေတော့သည်။ ဘုရားပန်းပူဇော်ရန် ခရေပန်းတစ် ကြီးရပြီးဖြစ်သော်လည်း မြခက်က မကျေနပ်ချေ။ မြရာ ခူးကြရန် ပြောနေပြန်လေသည်။

မာဝင်းသည် ခရေပန်းကောက်ရာမှ ညောင်းညောင်းနှင့် နေ့ရင်း တောင်ပေါ်သို့ မျှော်ကြည့်လိုက်မိသည်။ ခရေပန်း ကောက်ကောင်းနေသဖြင့် သူတို့နောက်မှ လူများပင် ဘုရား လုနေပြီဖြစ်သဖြင့် မာဝင်း အတော်မခံချင် ဖြစ်သွား သည်။ ဘုရားကိုပင် သူများထက်အလျင် ဦးချချင်သည့် င်းဖြစ်ပါသည်။

'ဟော မနှင်းဖြူရယ်'

မြခက်က မာဝင်း အနားကပ်လာကာ တိုးတိုးပြော၏။ ဖြူသည် သုံးနှစ်ရွယ် သားလေးကိုလက်ဆွဲကာ မာဝင်းတို့ မှ ဖြတ်တက်သွားလေသည်။ မာဝင်းကို တစေ့တစောင်း ကြည့်ကာ မြခက်တို့ကို ပြုံးရယ်နှုတ်ဆက်သွား၏။

'လှတယ်နော်'

လက်ကို အတင်းဆွဲဖြုတ်ကာ တောင်ပေါ်သို့ အပြေး လေသည့် သားလေးနောက်ကို ပြေးလိုက်သွားသည့် မနှင်းဖြူကိုကြည့်ရင်း သက်သက်က ပြောသည်။ မာဝင်း ယောက် အစ်ကိုအောင်ကို သတိရပြီး စိတ်တိုလာပြန်လေ သည်။

'မြရာပန်းတွေ ခူးရအောင်'

မြခက်က မာဝင်းကို တောတန်းဘက် သို့ ဆွဲခေါ်နေပြန် သည်။ မာဝင်း ညိုသွားသောမျက်နှာလေးကို သနားသလို ကြည့်နေ၏။ ထိုအခါမှ မာဝင်း တိုး၍ စိတ်တိုတော့သည်။ 'နင်တို့ အစ်ကိုအောင်ကို ကျွန်မက ကြိုက်နေသေးတယ် ထင်လို့လား။ မကြိုက်ဘူးရှင့်။ ကျွန်မ မျက်နှာပျက်တာ အနိုင်မယူရသေးလို့ သိရဲ့လား'ဟု အော်ပြောလိုက်ချင်တော့ သည်။

'တော်ရောပေါ့ မြခက်ရယ်။ တခြားလူတွေ ဘုရားက င် ပြန်ဆင်းလာရောမယ်။ သွားကြပါစို့၊ အို…ဟာ… လေး…'

မာဝင်းသည် မြခက်ကိုပြောနေရင်း တောင်ပေါ်မှ တလိမ့် ကွေး လိမ့်ကျလာသည့် ကလေးငယ်ဆီသို့ အပြေးထွက် သည်။ စူးစူးဝါးဝါး အော်ကာ မျက်နှာကို လက်ဝါးနှင့် ထားသည့် မနှင်းဖြူကိုလည်း သတိထားလိုက်မိလေ သည်။

ကျောက်စရစ်များနှင့် ချောနေသောလမ်းဖြစ်သဖြင့် ကလေးငယ်သည် အတားအဆီးမရှိ ကျလာသည်။ လူအား မှင်တက်မိနေစဉ် မာဝင်းသည် ကလေးငယ်ကို အတင်းဆီး လိုက်သည်။ အရှိန်ပြင်းလှသဖြင့် မာဝင်းပါ ဆက်၍ လိမ့် လေတော့သည်။

မာဝင်း သတိရသည်။ ထိုကလေးသည် မနှင်းဖြူ၏ ရင်သွေး၊ မာဝင်း အနိုင်ယူချင်သည့် အစ်ကိုအောင်၏ သားငယ်။ သို့သော် ကလေးငယ် ထိခိုက်သွားမှာ စိုးရိမ်လှသည်။ အနိုင်ယူချင်စိတ်၊ နာကြည်းစိတ်၊ မခံချင်စိတ်များသည် မာဝင်း၏ကိုယ်ခန္ဓာအတွင်းမှ ထွက်ပြေးနေကြ၏။ မာဝင်း တစ်ခုပဲ သတိရသည်။

'ကလေး မသေပါစေနဲ့၊ အနာတရ မဖြစ်ပါစေနဲ့'

ကလေးငယ်ကို ရင်ခွင်တွင် တင်းကျပ်စွာ ပွေ့ဖက်ရင်း လျှောကျလာသော မာဝင်းသည် လမ်းခုလတ်ရှိ ကျောက်တုံးနှင့် တိုက်မိသောအခါမှ ရပ်တော့သည်။ မာဝင်း၏ မျက်စိထဲတွင် ဝင်းဝင်းတောက်သော အရောင်များကို မြင်လိုက်ရပြီး သတိလစ်သွားလေသည်။

တစ်ပတ်ခန့်ကြာသောအခါ မာဝင်းဆီမှ စာရှည်ကြီးကို မေခင် ဖတ်ရလေသည်။ အရေးကောင်းသော မာဝင်းက ဇာတ်စုံခင်းထားလေသည်။ ထိုနောက် အောက်ပါအတိုင်း အဆုံးသတ်ထား၏။

**မေခင်…ရေ**

ခုတော့ ခေါင်းမှာ ပတ်တီးနှစ်စ အသာပတ်ပြီး မင်း သူငယ်ချင်း အလှကြီးလှနေပြီ မေခင်ရေ၊ ဒါပေမဲ့ မကြာခင် ပျောက်မှာပါ။ အစ်ကိုအောင်နဲ့ မနှင်းဖြူက ကျေးဇူးတင်စကား အထပ်ထပ်ပြောတော့ မာဝင်း မနေတတ်တော့ဘူး၊ တခြားလူတွေက ချီးကျူးပြန်တော့လည်း မာလကာသီးပဲ မဲစားရတော့တာပဲ။

အစ်ကိုအောင့်ကိုတော့ မာဝင်း တစ်သက် မနိုင်တော့ပါဘူး။ အနိုင်လည်း မယူချင်တော့ပါဘူး။ သူ့ကိုတော့ တစ်သက်တာ အရှုံးပေးလိုက်ပါပြီ။

မျက်ရည်ဆိုတာ အဆန်းသားပဲ မေခင်ရ။ ရင်လည်း မနာ၊ ဝမ်းလည်း မနည်း၊ စိတ်လည်း မဆိုးပါဘူး။ အစ်ကိုအောင့်သား အတူးလေးက မာဝင်းကို ကန်တော့တယ်လေ၊ အဲဒီတော့ ဘာဖြစ်လို့ မာဝင်း မျက်ရည်ကျရတာလဲ။ လူကြားထဲမှာ ပထမဆုံးအကြိမ် မာဝင်း ငိုခဲ့ရတယ်။

**မာဝင်း**

မေခင့်ဆီက ပြန်စာသည် ချက်ချင်းရောက်လာ၏။ စာအိတ်ကလေးက ပါးလွန်း၍ မာဝင်း မကျေမနပ်ချေ။ စာကလည်း တိုလွန်းသည်။

**မိမာဝင်း**

အရှုံးအနိုင်ဆိုတာ ဘာကို ဆိုလိုတာလဲ။ မာဝင်း ခုမှ နိုင်တာပါ။ မာဝင်းရဲ့အစ်ကိုအောင့်ကို မာဝင်း နိုင်ပြီ… သိရဲ့လား။

**မေခင်**

■



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြော အင်္ဂလိပ်ပြော(၅)

မောင်ခင်မင်(ဓနုဖြူ)

ကိုလိုနီခေတ်တွင် အင်္ဂလိပ်ဘာသာစကားက မြန်မာဘာသာစကားကို ဩဇာလွှမ်းမိုးသည့် သာဓကတစ်ခုမှာ အင်္ဂလိပ်သဒ္ဒါပုံစံအတိုင်း ပြုစုသော မြန်မာသဒ္ဒါစာအုပ်များ အများအပြား ပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုစဉ်က အင်္ဂလိပ်သဒ္ဒါစာအုပ်များတွင် Eight Parts of Speech (ဝါစင်္ဂရှစ်ပါး)ဟူ၍ စကားလုံးအမျိုးအစား ခွဲခြားလေ့လာသည့်နည်းအတိုင်းပင် မြန်မာသဒ္ဒါစာအုပ်များတွင်လည်း ဝါစင်္ဂရှစ်ပါး ခွဲခြားလေ့လာသည်ကို တွေ့ရပါသည်။ ဝါစင်္ဂရှစ်ပါးမှာ နာမ်၊ ကြိယာ၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာဝိသေသန၊ ဝိဘတ်၊ သမ္ဗန္ဓ၊ အာမေဍိတ် ဟူသော စကားလုံးအမျိုးအစား ရှစ်မျိုးကို ဆိုလိုပါသည်။

စင်စစ် ဝါစင်္ဂရှစ်ပါးသည် အင်္ဂလိပ်က အစပြုသည် မဟုတ်ပါ။ ခရစ်မပေါ်မီ နှစ် ၁၀၀ ခန့်တွင် ဂရိသဒ္ဒါဆရာများက ဂရိဘာသာစကားကို ဝါစင်္ဂရှစ်ပါး ခွဲခြားလေ့လာခဲ့သည်။ ဂရိယဉ်ကျေးမှုကို အမွေခံသော ရောမလူမျိုးတို့ကလည်း လက်တင်ဘာသာစကားကို ဂရိပုံစံအတိုင်း ဝါစင်္ဂရှစ်ပါး ခွဲခြားလေ့လာပြန်သည့်အတွက် ခရစ်နှစ်တစ်ရာစုတွင် ဂရိပုံစံအတိုင်း ဝါစင်္ဂရှစ်ပါးကို အခြေခံသော လက်တင်သဒ္ဒါများ ပေါ်ပေါက်လာသည်။ ထိုဂရိသဒ္ဒါ၊ လက်တင်သဒ္ဒါများသည် အင်္ဂလိပ်ဘာသာစကားကို ဩဇာလွှမ်းမိုးပြန်သဖြင့် ၁၈ရာစုတွင် ဥရောပ၌ အင်္ဂလိပ်ဘာသာစကားကို လက်တင်ပုံစံသွင်းကာ အင်္ဂလိပ်သဒ္ဒါများ ပြုစုကြပြန်သည်။ ထိုခေတ်က သဒ္ဒါဆရာတို့သည် ဝါစင်္ဂရှစ်ပါးကို ဘုရားပေးသော လက်ဆောင်အဖြစ် မှတ်ယူပြီး ဘယ်ဘာသာစကား၏ စကားလုံးများကိုပင်ဖြစ်စေ ဝါစင်္ဂရှစ်ပါးဟူသော အပေါက်ကလေး ရှစ်ပေါက်ထဲသို့ ထည့်လိုက်လျှင် အလိုက်သင့်ဝင်သွားလိမ့်မည်ဟု ယူဆကြသည်။

စင်စစ်အားဖြင့် ဝါစင်္ဂအရေအတွက်သည် ဘာသာစကားတစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိမြဲဖြစ်သည်။ ဘာသာစကားများသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှုများရှိသည့်အတွက် ဝါစင်္ဂအရေအတွက်သည်လည်း အားလုံး ထပ်တူထပ်မျှ မတူနိုင်ပါ။ သို့သော် ဩဇာအရှိန်အဝါကြီးမားသော ဘာသာစကားများ၏ ဝါစင်္ဂခွဲပုံအတိုင်း ဩဇာလွှမ်းမိုးခံရသော ဘာသာစကားများကို ခွဲခြားလေ့လာရာမှ 'ဝါစင်္ဂရှစ်ပါး' ခွဲခြားမှုသည် ဂရိမှ လက်တင်သို့၊ လက်တင်မှ အင်္ဂလိပ်သို့ ကူးပြောင်းရောက်ရှိလာပါတော့သည်။

ထိုမျှနှင့် မရပ်တန့်သေးပါ။ ကိုလိုနီခေတ်တွင် အင်္ဂလိပ်ဘာသာစကားသည် အုပ်စိုးသူတို့၏ ဘာသာစကားဖြစ်သည့်အလျောက် အုပ်စိုးခံ...
မြန်မာဘာသာစကားအပေါ်တွင် ...
လွှမ်းမိုးလာပါသည်။ ကိုလိုနီခေတ်...
ပညာရှင်တို့သည် ကျောင်းသင် ...
သဒ္ဒါစာအုပ်များ ပြုစုသောအခါ ...
အပေါ် ဩဇာလွှမ်းမိုးသော အင်...
သဒ္ဒါများကို စံပြုမိကြသည်မှာ သ...
ပင်ဖြစ်သည်။ သို့ဖြင့် ဝါစင်္ဂရှ...
ခွဲခြားမှုသည် အင်္ဂလိပ်သဒ္ဒါမှ ...
သဒ္ဒါထဲသို့ ကူးပြောင်းရောက်ရှိ...
သည်။

ဆရာ ယုဒသန်(ဒေါက်...
ဂျပ်ဆင်)သည် A Grammar of ...
Burmese Language ခေါ် မြန်မာသဒ္ဒါ...
ပြုစုရာ၌ ဝိဘတ်နှင့် သမ္ဗန္ဓကို ...
ဘဲ ဝါစင်္ဂခြောက်ပါး ခွဲခြားသည်။ ...
သော် အခြေခံအားဖြင့် အင်္ဂလိပ်...
အမြင်ဖြင့် ပြုစုထားကြောင်း ဆရာ...
မင်းသုဝဏ်က မှတ်ချက်ချဖူးပါသ...
ဆရာကြီးက 'ဆရာ ယုဒသန်...
ဟောလာသခေါ် ဂရိဘာသာ ကျွမ်း...
သူဖြစ်သည်။ ဂရိဘာသာ၊ လက်...
ဘာသာ သဒ္ဒါကျမ်းတို့၏ ဩဇာ...
သော အင်္ဂလိပ်သဒ္ဒါကို တတ်သ...
သည်။ ထို့ကြောင့် မြန်မာဘာသာ...
လေ့လာရာတွင် ထိုသဒ္ဒါတို့၏ အ...
ဖြင့် မြင်မည်ဖြစ်သည်။ မြ...
အတိုင်း ပြုစုသော ဆရာ ယုဒသ...
မြန်မာသဒ္ဒါသည် အင်္ဂလိ...ပီယ...

www.burmeseclassic.com

အတိုင်းဖြစ်သည်ဟု ဆိုကြသည်'ဟူသော အမေရိကန်ဘာသာဗေဒပညာရှင် ကော်နင်(W. Cornyn)၏ အဆိုကို ရည်ညွှန်းပြီး မှတ်ချက်ချခြင်းဖြစ်ပါသည်။

ထိုခေတ်က ပြုစုသော ဦးသာထို၏ မြန်မာသဒ္ဒါသစ်တွင် 'မြန်မာပြည်အရပ်ရပ် ကျောင်းတို့၌ ပညာတိုးပွား၍ အကျိုးစီးပွားများလှသော လောင်းမင်း(Longman)အင်္ဂလိပ်သဒ္ဒါနည်းအတိုင်း ဤမြန်မာသဒ္ဒါသစ်ကို ပြုစုစီရင်ထားပါသည်'ဟူ၍ ဝန်ခံထားပုံကိုကြည့်လျှင် အင်္ဂလိပ်သဒ္ဒါ၏ ဩဇာမည်မျှ သက်ရောက်ကြောင်း အကဲခတ်နိုင်ပါသည်။

ထိုခေတ်က မြန်မာကျောင်းသားတက်ရောက်သည့် ကျောင်းမှာ အင်္ဂလိပ်စာသင်ယူသောအခါ ဝါစင်္ကရှစ်ပါး ခွဲထားသော အင်္ဂလိပ်သဒ္ဒါစာအုပ် တစ်မျိုးမျိုးကို သင်ရမြဲဖြစ်သည်။ မြန်မာစာသင်ယူသောအခါတွင်လည်း ဝါစင်္ကရှစ်ပါးခွဲထားသော မြန်မာသဒ္ဒါစာအုပ် တစ်မျိုးမျိုးကို သင်ရမြဲဖြစ်သည်။ ထို့ကြောင့် သဒ္ဒါဆိုလျှင် ဝါစင်္ကရှစ်ပါးကိုသာ ပြေးမြင်တတ်ပြီး၊ ဘယ်ဘာသာစကားမဆို ဝါစင်္ကရှစ်ပါးရှိမြဲဖြစ်သည်ဟူ၍ ယူဆမိသည်အထိ စိုင်မာစွဲမြဲသွားရပါသည်။ ထိုသဒ္ဒါစာအုပ်များတွင် မြန်မာဘာသာစကားကို ယောဂ၊ ကိန်း၊ လိင်၊ ကာရက၊ ဝါစင်္ကရှစ်ပါး၊ နာမ်ငါးပါး စသည်ဖြင့် ခွဲခြားထားကြောင်း တွေ့ရသည်။ မြန်မာပညာရှိ ဝဇီရဗုဒ္ဓိဘွဲ့ရ ဆရာကြီး ဦးဖိုးစိန်က ထိုခေတ် မြန်မာသဒ္ဒါများနှင့် ပတ်သက်၍ 'မြန်မာစကားကို ပါဠိတတ်သူက ပါဠိသဒ္ဒါနည်းနှင့် ရေးသည်။ အင်္ဂလိပ်သဒ္ဒါတတ်သူက အင်္ဂလိပ်သဒ္ဒါနည်းနှင့် ရေးသည်။ သင့်သည်လည်း ရှိ၏။ မသင့်သည်ကများသောကြောင့် ယခုအခါ မြန်မာစကားမှာ အမှားအမှားပင် တွေ့ရသည်' ဟူ၍ မှတ်ချက်ချဖူးပါသည်။

ယခုခေတ်တွင်မူ အင်္ဂလိပ်သဒ္ဒါ၊ မြန်မာသဒ္ဒါများ ပြုစုရာ၌ ဝါစင်္ကရှစ်ပါးပုံစံအတိုင်း မလိုက်ဘဲ သက်ဆိုင်ရာဘာသာစကား၏ သွင်ပြင်လက္ခဏာများ

> မြန်မာပညာရှိ
> ဝဇီရဗုဒ္ဓိဘွဲ့ရ
> ဆရာကြီး ဦးဖိုးစိန်က
> ထိုခေတ်
> မြန်မာသဒ္ဒါများနှင့်
> ပတ်သက်၍
> 'မြန်မာစကားကို
> ပါဠိတတ်သူက
> ပါဠိသဒ္ဒါနည်းနှင့်
> ရေးသည်
> အင်္ဂလိပ်သဒ္ဒါတတ်သူက
> အင်္ဂလိပ်သဒ္ဒါနည်းနှင့်
> ရေးသည်
> သင့်သည်လည်း ရှိ၏
> မသင့်သည်က
> များသောကြောင့်
> ယခုအခါ မြန်မာစကားမှာ
> အမှားအမှားပင်
> တွေ့ရသည်'
> ဟူ၍
> မှတ်ချက်ချဖူးပါသည်

ကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာစိစစ်ပြီး ရေးသားပြုစုသည့် သဒ္ဒါစာအုပ်များ အများအပြား ပေါ်ပေါက်နေပြီဖြစ်ပါသည်။

မြန်မာဘာသာ စကားကို လေ့လာရာတွင် အရှိအတိုင်း မလေ့လာဘဲ အင်္ဂလိပ်ဘာသာစကား၏ပုံစံအတိုင်း လေ့လာရေးသားသည့်အတွက် အင်္ဂလိပ်ဩဇာ သက်ရောက်နေသော သာဓက အချို့ကို တင်ပြလိုပါသည်။

အင်္ဂလိပ်ဘာသာစကားတွင် present tense (ပစ္စုပ္ပန်ကာလ)နှင့် past tense (အတိတ်ကာလ)ကို ဖော်ပြသော ကြိယာချင်း ကွဲပြားကြောင်း အများသိပါသည်။ go-went, eat-ate, drink-drank, play- played စသည်ဖြင့် ကွဲပြားပုံမျိုး ဖြစ်သည်။ မြန်မာဘာသာစကားတွင်မူ ပစ္စုပ္ပန်ကာလနှင့် အတိတ်ကာလပြသည့် ပစ္စည်းချင်း မကွဲပါ။ အတူတူပင်ဖြစ်သည်။ 'သွားသည်'ဟု ဆိုလျှင် ပစ္စုပ္ပန်ရော အတိတ်ပါဖြစ်နိုင်သည်။ ကွဲပြားအောင် 'မနေ့က ပုသိမ်သို့သွားသည်'၊ 'ယနေ့ ပုသိမ်သို့ သွားသည်'ဟု အချိန်ပြစကားဖြင့် ခွဲခြားနိုင်သည်။ သို့သော် အင်္ဂလိပ်ဘာသာစကား၏ ဩဇာဖြင့် ရေးသောစာများတွင် ပစ္စုပ္ပန်ကာလကို 'သွားသည်'ဟု သုံးသော်လည်း အတိတ်ကာလကို 'သွားခဲ့သည်'ဟု 'ခဲ့'ထည့်၍သုံးလေ့ရှိပါသည်။ မြန်မာစကားတွင် 'ခဲ့'ကို လွန်ခဲ့သော အတိတ်ကာလကိုပြသည့် ကြိယာထောက်အဖြစ် သုံးနိုင်ပါသည်။ 'ဤသို့ဖြစ်ခဲ့သည်၊ ပျော်ခဲ့ကြသည်' စသည်ဖြင့် သုံးသော်လည်း အတိတ်ကာလကို ဖော်ပြရန် ကြိယာနောက်က 'ခဲ့' အမြဲပါစရာ မလိုပါ။ 'လာခဲ့မယ်၊ ထားခဲ့ပါ၊ ယူခဲ့၊ မြို့ထဲသို့ ထွက်လာခဲ့သည်'ဆိုသော အသုံးများတွင် 'ခဲ့'သည် အတိတ်ကာလပြသော စကားမဟုတ်ကြောင်း တွေ့နိုင်ပါသည်။

အင်္ဂလိပ်ဘာသာစကား၏ ဩဇာကြောင့် မြန်မာဝါကျအသုံး ပြောင်းလဲသောသာဓကတစ်ခုကို ဆရာကြီး ဦးဖိုးစိန်က ထောက်ပြဖူးပါသည်။ 'ဖိုးလှ၊ ဖိုးမြ နှင့် ဖိုးခင်သွားကြ၏'ဟူ၍ နောက်ဆုံးနာမ်ရှေ့က 'နှင့်' ထည့်သုံးသောပုံစံသည် PoHla, Po Mya and Po Khin go'ဟူသော အင်္ဂလိပ်ဝါကျ ပုံစံအတိုင်း ရေးခြင်းဖြစ်သည်။ နောက်ဆုံးနာမ်ရှေ့က and ထည့်သလို မြန်မာမှာ 'နှင့်' ထည့်ခြင်းဖြစ်သည်။ မြန်မာဝါကျသဘောတိုင်းဆိုလျှင် 'ဖိုးမြ၊ ဖိုးလှ၊ ဖိုးခင်တို့ သွားကြ၏'ဟူ၍ နာမ်အားလုံး၏ နောက်က 'တို့'ထည့်ရေးရသည်။ 'နှင့်' ထည့်စရာ မလို။ ရှေးကတည်းက ဤသို့ အစဉ်အဆက် ရေးခဲ့ကြသည်။ ယခုခေတ်တွင် 'နှင့်' ထည့်ခြင်းမှာ အင်္ဂလိပ် ဝါကျပုံစံအတိုင်း လိုက်ရေးခြင်းဖြစ်သည်။ ဆရာကြီးက ဤ



www.burmeseclassic.com

www.burmeseclassic.com

အချက်ကို ဖော်ထုတ်ပြထားပါသည်။ (သို့သော် 'နှင့်' ထည့်သည့် ရေးနည်းမှာ ယခုခေတ်တွင် တော်တော် တွင်ကျယ်နေပါပြီ။ အင်္ဂလိပ်ဘာသာစကား၏ ဩဇာသက်ရောက်သော ရေးပုံဟု မှတ်ယူနိုင်ပါသည်။)

နောက် သာဓကတစ်ခုမှာ ယနေ့အသုံး တွင်ကျယ်နေသော 'သူမ' ဖြစ်သည်။ မြန်မာဘာသာစကားတွင် ပုဂ္ဂိုလ်ဆိုင်ရာ ပုဂ္ဂလနာမ်စား သုံးမျိုးရှိသည်။ ပုဂံခေတ်တွင် မြန်မာစာအရေးအသား ပေါ်ပေါက်စကတည်းက အစဉ်အဆက် သုံးခဲ့သော နာမ်စားများဖြစ်သည်။ ပြောသူကို ရည်ညွှန်းလျှင် 'ငါ'၊ နာသူကိုရည်ညွှန်းလျှင် 'နင်'၊ အခြားသူကိုရည်ညွှန်းလျှင် 'သူ'ဟူ၍ သုံးကြောင်း အများသိပါသည်။ 'ငါ'၊ 'နင်'၊ 'သူ' တို့သည် ယောကျ်ားရောမိန်းမပါ ရည်ညွှန်းကြောင်းလည်း အများသိပါသည်။ ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထု၌ 'ဆဒ္ဒန်ဘုန်းမော်၊ ဆင်မင်းကျော်၏၊ စွယ်တော်ကိုမှ၊ မပန်ရလျှင်၊ စိတ်ခုပေရော့၊ သူသေပါတော့မည်ဟု၊ ရွှေနန်းကြော့ရှင်၊ သူချစ်လင်၏၊ ရင်ခွင်ကြားမှာ၊ ခေါင်းထား၍ အသော့ငိုပါတော့သည်ဘုရား'ဆိုသော အဖွဲ့တွင် စူဠသုဘဒ္ဒါ မိဖုရားကို 'သူ၊ သူ'ဟု ရည်ညွှန်းသကဲ့သို့ 'ပန်းပင်လိုက်ဖို၊ သူမယားငိုတည့်လျှင်'ဆိုသော အဖွဲ့တွင် ကာသိကရာဇ်မင်းကြီးကိုလည်း 'သူ' ဟုပင် ရည်ညွှန်းကြောင်း တွေ့နိုင်ပါသည်။ 'သူမ'ဟူသော အသုံး ပေါ်လာခြင်းမှာ မရည်ရွယ်ဘဲ အမှတ်မထင် ပေါ်လာခြင်းဖြစ်သည်။ ကိုလိုနီခေတ်တွင် ကျောင်းသုံးစာအုပ်အဖြစ် ထင်ရှားသော J.C Nesfield ၏ English Grammar စာအုပ်ကို မြန်မာပညာရှင်တစ်ဦးက မြန်မာဘာသာပြန်ရာတွင် Pronoun (နာမ်စား)အခန်း၌ He ကိုလည်း 'သူ'၊ She ကိုလည်း 'သူ'ဟုပင် မြန်မာပြန်သည်။ သို့သော် She မှာ မိန်းကလေးကို ရည်ညွှန်းသော နာမ်စားဖြစ်ကြောင်း သိစေရန် 'သူ (မ)'ဟူ၍ နောက်က ကွင်းစ ကွင်းပိတ်နှင့် ဖော်ပြသည်။ ထိုအသုံးကို 'သူမ'ဟူ၍ အမှတ်မထင် ဖတ်ရာမှ 'သူမ' အသုံးပေါ်လာခြင်းဖြစ်ကြောင်း ပညာရှင်များ အစဉ်အဆက် ဖော်ညွှန်းခဲ့ကြပါသည်။

မြန်မာဘာသာစကားကို စနစ်တကျ လေ့လာသော မည်သည့်ပညာရှင်ကမှ 'သူမ'ဆိုသော အသုံးကို မဖော်ပြခဲ့ကြပါ။ အနောက်တိုင်း ပညာရှင်ဖြစ်သော ဆရာယုဒသန် (Dr. Judsin) သည်ပင် သူ၏ မြန်မာသဒ္ဒါ၌ He ကိုလည်း 'သူ'၊ She ကိုလည်း 'သူ' ဟုပင် မြန်မာပြန်ခဲ့ကြောင်း တွေ့ရပါသည်။ စဉ်းစားကြည့်လျှင် မြန်မာများ တစ်သက်လုံး ပုံမှန်နေ့စဉ် ပြောဆိုနေသော မြန်မာစကားထဲမှာ 'သူမ' ဆိုသော စကားကိုထည့်မပြောခဲ့ကြကြောင်း ပြန်စဉ်းစားကြည့်နိုင်ပါသည်။ 'ထွေးထွေးက သူ့မောင်လေး နေမကောင်းလို့ သူ ဒီနေ့ရုံးကို ခွင့်တစ်ရက်တိုင်တယ်' ဆိုသော စကားမှာ ပုံမှန်မြန်မာစကား ဖြစ်ပါသည်။ 'ထွေးထွေး'ကို 'သူ'ဟု ရည်ညွှန်းသုံးသည့်အတွက် 'ထွေးထွေးဆိုတာ ယောကျ်ားကြီးပဲ'ဟု ဘယ်သူမှ အဓိပ္ပာယ်ကောက်မည် မဟုတ်ပါ။ ထိုသို့မပြောဘဲ 'ထွေးထွေးက သူမ မောင်လေး နေမကောင်းလို့ သူမ ဒီနေ့ရုံးကို ခွင့်တစ်ရက်တိုင်တယ်'ဟု ဘယ်သူမှပြောမည် မထင်ပါ။ ပြောလျှင်လည်း ရယ်စရာဖြစ်နေပါလိမ့်မည်။ အခြေခံနာမ်စား သုံးမျိုးတွင် 'ငါ'နှင့် 'နင်'ကို ကျားမ မခွဲဘဲ 'သူ' ကျမှ ကျားမခွဲမည်ဆိုလျှင် သဘာဝ မကျပါ။ 'သူမ'သုံးလျှင်တော့ 'ငါမ' တို့၊ 'နင်မ' တို့ပါ သုံးမှ အသုံးညီညွတ်မည်ဟု ဆရာကြီး ဦးရန်အောင်က သရော်ခဲ့ဖူးပါသည်။

ကိုလိုနီခေတ်တွင် အင်္ဂလိပ်ဘာသာစကား၏ ဩဇာကိုအကြောင်းပြု၍ 'အင်္ဂလိပ်ပြော'များ မြန်မာစကားထဲသို့ ဝင်လာပုံ သာဓကအချို့ ဖြစ်ပါသည်။ ■

**မောင်ခင်မင်၊ဓနုဖြူ**

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com





## ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

စီးပွားရေး နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

## မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)



ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမသြဝါဒများကို ပေးလိုသည့်အခါ မြန်မာစကားဖြင့် ဆုံးမသြဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး သို့မဟုတ် ရေးသားပြီး ဆုံးမသြဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



## ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါကော်ဦ)

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်း ကျင်လည်ကြက်နသူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

## အလင်းသစ်ဂုဏ်ထူးဆင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့



နည်းပြ သရုပ်ပြများ၊ စိမ်းခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် မြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



## ထေရဝါဒရှုထောင့် - မင်းနှင်(ဖော်ကျွန်း)

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သိလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျားရှိမလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမှန်ဖြစ်ကြောင်း ဖော်ပြထားသည်။

## မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ



အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကေသီ၊ ဥတ္တရာနှင့် သိရိမာ၊ တပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်
အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂၂

ထွက်ပြီ

Designed by Lynn Wunna


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## ဒို့ဗမာ သာကီဝင်မျိုးပေမို့...

မောင်သာရ



ကျုပ်မှာ ကျုပ်တို့ တူ တူမတွေအားလုံးက ကျုပ်တို့ အမေတွေထဲမှာ အကြီးဆုံးဖြစ်လို့ မေမေကြီးကြီးလို့ ခေါ်ရတဲ့ ကြီးဒေါ်ကြီးတယောက် ရှိတယ်။ ကျုပ်ရဲ့အမေ့မှာ မွေးချင်း ညီအမ ၅ ယောက်ကြီးများတောင် ရှိခဲ့ပေမယ့် ကျုပ်အမေ အပါအဝင် အိမ်ထောင်ရှိတဲ့ ညီအမ ၃ ယောက်လုံးက ရှားရှားပါးပါး သားသမီးတယောက်စီပဲ မွေးခဲ့တယ်။ အမေက တတိယမြောက်ဆိုတော့ အမေ့အောက် ၂ ယောက်က တယောက်က အိမ်ထောင်ရှိရက်နဲ့ သားသမီး မထွန်းကားခဲ့ဘူး။ အမေ့ညီမအငယ်ဆုံးကျတော့လဲ သက်ဆုံးတိုင် အပျိုကြီးဘဝနဲ့ အရိုးထုတ်တယ်။ မျိုးဆက်ကို ပြတ်ကရော။

ဆိုတော့ကာ ကျုပ်မှာ တဝမ်းကွဲညီမ ၂ ယောက် ရှိတယ်။ ကြုံရပုံက ကျုပ်တို့ မောင်နှမ ၃ ယောက်ကိုလဲ အမေတွေက ချိန်းဆိုတိုင်ပင် မွေးခဲ့ကြလေရော့သလားမသိ။ တယောက်နဲ့တယောက်က မီးဝင်မီးထွက် ရက်ကြီးရက်ငယ်တွေချည့်ပဲ။ ပြီးတော့ အဲသည်ခေတ်က ခုခေတ်လိုမဟုတ်ဘူး။ ဆွေသံယောဇဉ် မျိုးသံယောဇဉ် အင်မတန်ကြီးကြတော့ ကျုပ်တို့ အဖိုးအဖွါး မိဘအရိပ်အောက်မှာ သည်တပြုတမကြီးက ဥမကွဲ သိုက်မပျက်နေခဲ့ကြတယ်။ အတောင်အလက်တွေစုံ၊ ပညာတွေတတ်၊ အလုပ်အကိုင်တွေရ၊ အိမ်ထောင်တွေကျကြလဲ ရေကြည်ရာမြက်နုရာ သွေ့ချောင်နောက်ဆံထုံးပါ ခွဲခွာမသွားကြဘူး။ အဖိုးအဖွါးပိုင် အုတ်တံတိုင်းကာ ဇရာမခြံဝင်းကျယ်ကြီးထဲမှာပဲ ကိုယ့်သီးသန့်အိမ်ကလေးနဲ့ ကိုယ်သိုက်သိုက်ဝန်းဝန်းနေကြတယ်။ ကျုပ် အဒေါ်တွေနဲ့ ရကြတဲ့ ကျုပ်ဦးဦးတွေကလဲ ကျုပ်အထင်ပြောရရင်တော့ နဖါးကြိုးအထိုးခံ၊ ထမ်းပိုးအကျင့်ခံတဲ့ သူတော်ကောင်းတွေချည့်ပါပဲ။ အဲ ကံမကောင်းတဲ့ ကျုပ်တယောက်ပဲ ကျုပ် မမွေးခင်မှာ ကျုပ်အမေနဲ့ ကျုပ်အဖေ ကိုယ့်မိဘကိုယ် အပြိုင် ချစ်ကြပြီး လမ်းခွဲ ကျုပ် အဖေ ဖျာလိပ် ထွက်သွားခဲ့ရတယ်။ ကျန် တဆွေတမျိုးလုံးကတော့ တစည်းတလုံးတည်းပါပဲ။ အဲ… ခြံရဲ့ရာဟုထောင့်မှာကလဲ ၄"×၂" လက္ခ ဂျုတ်လျှာထိုးပျဉ် အချပ်အစိတ်မြင့်တံခါးနဲ့ စပါးကျီကြီး တကျီရှိတယ်။ အဖွါးပိုင် အရှေ့တော(ပုသိမ်ကြီး၊ ဇီးချိုကုန်း၊ သစ်ချိုကုန်း၊ ကျီကုန်း၊ နှမ်းကြဲ၊ ချောင်းဝန်းတသိုက် ရွာတွေ)က သီးစားချထားလို့ ရသမျှစပါးတွေ အားလုံး သည်ကျီထဲ ထည့်ထားတာပါ။

ဒါအများပိုင်ပဲ။ တမိသား
လုံး ဘယ်သမီးဖြစ်ဖြစ်
မရွေး ထုတ်ယူကြိတ်ခွဲ
သုံးပိုင်ခွင့်ရှိတယ်။ လက်
တပြင်စီး ဆိုပါတော့။

ဆိုတော့ကာ ကျုပ်
မောင်နှမ ၃ ယောက်
ပြင်းလာခဲ့ကြရပုံကို
ကြည့်လို့ ရနိုင်ပါလိမ့်
ကျုပ်တို့ကို ကြုံရာအိမ်မှာ
ရာအမေက နို့လှန်တိုက်
ပဲ။ ကျုပ်က မောင်နှမ
ယောက်ထဲမှာ တဦးတည်း
သော သားယောကျ်ားက
လဲဖြစ်။ မွေးလာကတည်း
အဖေနဲ့လဲအတူ မနေ
တော့ ပိုသနားကြ၊ ပိုချ
ကြတာပေါ့။ သားသ
မထွန်းကားတဲ့ ကျုပ်အ
ငယ်လင်မယားနဲ့ သေသည်
အထိ လုံးဝအိမ်ထောင်
တဲ့ အဒေါ်အငယ်ဆုံးတို့
ဆိုရင်လဲ ကျုပ်ကို 'အသည်း
ပေါ့။ အရေးထဲ စည်းက
စံနစ် တအားကြီးလှတဲ့
ရဲ့အမေက ကျုပ် အခါလည်
တာနဲ့တပြိုင်နက် နို့ဖြတ်
အမေ့နို့ မစို့ရတော့ဘူး။
ဆီတွေ လူးထားပြီး လုံး
မတိုက်တော့ဘူး။ ဒါပေမယ့်
အဒေါ်တွေအိမ်တွေ ရော
လို့ ညီမတွေကို နို့တိုက်
တာနဲ့ ကြုံရင် ကျုပ်က
ကြည့်နေပြီး ပါးစပ်က လို
စို့သတဲ့။ ဘယ်နေကြလိမ့်
မလဲ။ အိပ်ခန်းထဲ ချီပြေး
ခြင်ထောင်ချ နို့တိုက်တော့
တာပဲတဲ့။ ကျုပ်ကလဲ
ငတ်နဲ့ စို့မှာပေါ့။ သည်လို
ကျုပ် နို့မပြတ်ပါဘူး။ အ
က ကျောင်းဆရာမ ဆို
အမေ မရှိတဲ့အချိန်တွေမှာ
တာဝန်ယူထား အဒေါ်



www.burmeseclassic.com

www.burmeseclassic.com

လဲ နို့မှုန့် ဖျော်တိုက်မနေ ဘူး။ ပြီးတော့လဲ ခြံရဲ့ ဆောင်က စပါးကျီ နား တင်းကုပ်တလုံး၊ နွား ချင်းတခွက်နဲ့ နို့စားနွားမ တလဲ မွေးထားသေးတာ တမျိုးလုံး လက်ဖက် ရည်ချို ဖျော်သောက်ကြဖို့ ကလဲ အလျှံပယ်ပါ။

ဆိုတော့ကာ ကျုပ်တို့ မောင်နှမတတွေအားလုံးက ရှိသမျှ အဒေါ်တွေ အားလုံး ကို မေမေ ခေါ်ကြရတယ်။ ဒေါ်လဲ ဒေါ်ဒေါ် မခေါ်ရ ဘူး ခေါ်ရင် မကြိုက်ကြ ဘူး ကွပ်ညပ်တယ်။ အမေ ခွဲခြားရဘူးတဲ့။ ပြောပြ မယ်။ အဖိုးအဖွါးနေတဲ့ တိုက် ကြီးရဲ့အရှေ့မြောက် တနင်္ဂနွေ ဆောင့်က အိမ်မှာ သမီးအကြီး နေတယ်။ ကျုပ်ရဲ့ညီမ ကျုပ်ထက် တပတ်ပဲငယ်တဲ့ မေရဲ့အမေပေါ့။ ကျုပ်တို့ က 'မေမေကြီးကြီး' လို့ ခေါ် ကြရတယ်။ သူလဲ ကျုပ်ကို မေနဲ့အတူ ခိုးနို့တိုက်ခဲ့တဲ့ မေတယောက်ပဲ။ နောက်ခြံ ရဲ့ အရှေ့တောင် အင်္ဂါထောင့် က အိမ်မှာနေတဲ့ ကျုပ်ထက် ရက်ပဲ ငယ်တဲ့ စိန်မေ အမေကိုတော့ တိုက်ကြီးရဲ့ မှာနေလို့ 'အိမ်ရှေ့မေမေ' ခေါ်ကြတယ်။ တခါ တိုက် ကြီးရဲ့တောင်ဘက် ဗုဒ္ဓဟူးနံ ထောင့်က အိမ်မှာနေတဲ့ သား သမီး မထွန်းကားဘူးဆိုတဲ့ အဒေါ်ငယ်ကိုကျတော့ ရွှေဘို သားနဲ့ညားတဲ့အတွက် 'ဘို မေမေ' လို့ ခေါ်ကြရတယ်။ သူတို့လင်မယားကလဲ လေးရှူး ရှူးနေကြတော့၊ ကျုပ်တို့မောင်နှမ ၃ ယောက် လုံးက သူ့သားသမီးတွေ ပဲ။ နောက် တိုက်ရဲ့မြောက် ဖက်ရှူးရှူး သောကြာနံ ထောင့်က အိမ်မှာနေတဲ့ ကျုပ်ရဲ့အမေရင်းကိုကျတော့ တမျိုး။ ကျုပ်ရဲ့ညီမငယ်တွေက ခေါ်သလို 'လေး မေမေ' လို့ မခေါ်ရပြန်ဘူး။ အမေလို့လဲ မခေါ်ရဘူး။ 'အမ' ခေါ်ရမယ်တဲ့။ ကျုပ်တို့ အညာတောဘက်မှာပေါ့နော်။ များသောအားဖြင့် 'အမေ' ကို 'အမ' လို့ ခေါ်တတ်ကြတာပါပဲ။ တလွဲ မထင်ပါနဲ့။ အမေက ကျုပ်ကို မွေးတော့ ၂၀ ကျော် ၅ နှစ် ပတ်လည်ပဲ ရှိသေးတာရယ်၊ သမီးတွေထဲမှာလဲ အချောဆုံး ဖြစ်တာရယ်ကြောင့် အပျို ပြန်လုပ်ချင်လို့ 'အမ' ခေါ်ခိုင်းတာ မဟုတ်ပါဘူး။ ကျုပ်အဖွါးကိုယ်တိုင်က အခေါ်ခိုင်းတာပါ။ ကျုပ်အဖွါးက 'အမေ' ဆိုတဲ့ နာမည်ကို အပိုင်သိမ်းပိုက်ထားတာလေ။ သူကသာ 'အမေ' အခေါ်ခံချင်တာရယ်။ ဘယ်မြေးကမှ သူ့ကို 'အဖွါး' ခေါ်ခွင့် မပြုဘူး။ ကျုပ်ရဲ့ညီမတွေက တခါတရံယောင်ပြီး 'အဖွါး' ခေါ်မိရင် နားရွက်ဆွဲခံရတယ်။ ပြန်ပြင်ခေါ်ရတယ်။ ကျုပ်ကတော့ မယောင်ပါဘူး။ နော့ ကျုပ်က များသောအားဖြင့် တိုက်ထဲမှာပဲ နေရတာကို။

ဆိုတော့ကာ ကျုပ်မှာက အမေတွေ ဖေါခြင်းသောခြင်း။ တိုက်ထဲမှာပဲ အဖွါးနဲ့အတူနေ လိုတာမရ၊ ရတာမလို ဆိုလဲ ဟုတ်၊ ဗိုက်တလုံးနဲ့ကျန်ရစ်ခဲ့ရတဲ့ ကျုပ်အမေရဲ့အဖြစ်ကို မြင်ပြီး ကြောက်တယ်ဆိုလဲ ဟုတ်၊ သည်လိုနဲ့ အပျိုကြီး ဖြစ်ပြီး ကျန်ရစ်တဲ့ အဒေါ်အငယ်ဆုံးကိုလဲ ကျုပ်တို့တူတူမတွေက 'ထွေးမေမေ' ခေါ်ရတာပါပဲ။ ကျုပ်အမေရင်းရဲ့နာမည်က ခင်မေလေး သူ့နာမည်က ခင်မေထွေးကို။ သိတယ်နော်။ 'ဘိုမေမေ့' နာမည်က ခင်မေဦး။ သေချာလက်ချိုးရေကြည့်ရင် ကျုပ်မှာ အမေ ၆ ယောက်ရှိတယ်။ အဲသည်အထဲမှာ ကျုပ်အမေအပါအဝင် အမေ ၃ ယောက်က ကျောင်းဆရာမတွေချည့်ပဲ။ 'ဘိုမေမေ' ကလဲ ကျောင်းဆရာမ။ 'မေမေထွေး' ကလဲ ကျောင်းဆရာမ။ ကျုပ်အမေရင်းကတော့ ကျောင်းဆရာမမှ ကျောင်းအုပ်။ အင်း…ဖူးစာဆုံကြချင်တော့ 'မေမေကြီးကြီး' နဲ့ ရတာကရော၊ 'ဘိုမေမေ' နဲ့အကြောင်းပါတာကပါ ကျောင်းဆရာတွေချည့်ပဲ။ 'အိမ်ရှေ့မေမေ' ကသာ ကုန်သည်ပွဲစားနဲ့ ညားပြီး၊ ကျုပ်အဖေကတော့ သာမန် ရဲစာရေးကလေးသာ ဖြစ်တယ်။

ဆိုတော့ကာ အစကို ပြန်ကောက်ရရင် 'မေမေကြီးကြီး' အကြောင်းပြောမလို့။ မေမေကြီးကြီးနဲ့ အကြောင်းပါတဲ့ယောကျ်ားက ကျောင်းဆရာဆိုပေမယ့် မန္တလေးဇာတိမဟုတ်ဘူး။ မြေလတ်ပိုင်း မြို့ငယ်ကလေးတမြို့က အလယ်တန်းကျောင်းရဲ့ ကျောင်းအုပ်။ ရာထူးတက်ပြီး မန္တလေး ပြောင်းလာရတာတဲ့။ ဘယ်လိုကနေ ဘယ်လိုအကြောင်းဆက် ပေါင်းဖက်ကြတယ်ဆိုတာတော့ ကျုပ်လဲ ဘယ်သိပါ့မတုန်း။ ဒါပေ

ကျုပ်တို့
မောင်နှမတတွေ
အားလုံးက
ရှိရှိသမျှ
အဒေါ်တွေ
အားလုံးကို
မေမေ
ခေါ်ကြရတယ်
အဒေါ်လဲ
ဒေါ်ဒေါ်
မခေါ်ရဘူး
ခေါ်ရင်
မကြိုက်ကြဘူး
ကွပ်ညပ်တယ်

www.burmeseclassic.com

မယ့် မေမေကြီးကြီးက ကိုယ့်ယောကျ်ားကို ကိုယ်…ဆရာကြင် ဆရာကြင်လို့ 'ဆရာ'တပ်ခေါ်နေတာကို ထောက်လို့ရယ်…အသက်ချင်းကလဲ တပြန်လောက်ကွာပုံရတာကိုထောက်လို့ရယ်…ကျုပ်တို့ မေမေကြီးကြီး စိတ်ကောက်ပြီး မီးဖိုချောင်သပိတ်မှောက် ဆင်းလာတဲ့အခါ…လိုက်လိုက်လာပြီး ချော့ခေါ်ရတာတွေကို ထောက်လို့ရယ်…ကျောင်းမှာ ဆရာတပည့်များဖြစ်ခဲ့သလား မဆိုနိုင်ဘူး။ ထားပါလေ…။ သေချာတာကတော့ မိန်းမငယ်ငယ်ကလေးကို ယူထားတာရယ်၊ မန္တလေးဇာတိမဟုတ်တာရယ်ကြောင့် ဘယ်မှာအိုးခွဲအိမ်ခွဲနေလို့ရမလဲ။ ကျုပ်တို့'ချမ်းအေးသာစံ'ခြံထဲမှာပဲ အဖေအမေဆောက်ပေးထားတဲ့ ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုးအိမ်ကလေးမှာ နေရုံပေါ့။ ကျုပ် နည်းနည်းကြီးလာတော့မှ အကြောင်းစုံ သိရတယ်။ မေမေကြီးကြီး အဲသည်လို မကြာခဏ အိမ်ပေါ်ကငိုယိုပြီး ဆင်းလာတာ…နောက်ကြောင်းဇာတ်ထုပ်အရှုပ်တွေရှိလို့ကို…။ ဆရာကြင်က သူတို့မြေလတ်မြို့မှာ လူလားမြောက်နေတဲ့ အိမ်ထောင်သည်သားကြီး ၂ ယောက်ရှိဆိုပဲ။ ဒါပေမယ့် သားသံယောဇဉ် မယားသံယောဇဉ် ပြတ်ပါတယ်တဲ့။ အဆက်အသွယ်လည်း မရှိတော့ဘူးပြောပါတယ်။ ကျုပ်အမြင်မှာတော့ မှန်သားပဲ။ ဆရာကြင် မန္တလေးက တဖဝါးမှ ခွါတာ မတွေ့ပါဘူး။ တနင်္ဂနွေနဲ့ ဥပုသ်ကျောင်းပိတ်ရက်တွေမှာရော၊ နွေရာသီ ကျောင်းရက်ရှည်ပိတ်ချိန်မှာပါ…သူတို့အိမ်နဲ့ လေးမေ မေ့အိမ် ၂ အိမ်ကြားက ပုဆိုးတပတ်လောက်ရှိတဲ့ မန်ကျည်းအချိုပင်တွေအောက်က သစ်သားကွပ်ပျစ်ကြီးပေါ်မှာ စာအုပ်တပုံကျောက်သင်ပုန်းတချပ်နဲ့ ထိုင်ဖေဒင်တွက်နေတာ မြင်တာပဲ။ အဲ ‥တခုတော့ရှိတယ်။ ဘိုမေမေ့ယောကျ်ားကျောင်းဆရာ ဦးလေးကြည်ဝင်းလို၊ အိမ်ရှေ့မေမေယောကျ်ား ဦးဦးစံရလိုတော့ ကျုပ်တို့ကလေးတွေနဲ့ ရင်းရင်းနှီးနှီးဆော့လေ့ ကစားလေ့ မရှိဘူး။ ကျုပ်တို့ကိုယ်တိုင်ကလဲ သူ့သမီးစန်းမေကိုယ်တိုင်က ဖေါက်သယ်ချထားတဲ့အတွက်…ငယ်ကတည်းက သည်ဘကြီးကြင် ကောက်တည့်ပြီးပွေ့ချီလိုက်မှာ ဖက်ရမ်းနမ်းရှုံ့လိုက်မှာကို…သူ့ဗန္ဒုလနှုတ်ခမ်းမွေးကြီးကြောင့် တအားကြောက်ပြီး ပြေးတတ်ကြတယ်။

ဆိုတော့ကာ…ဇာတ်လမ်းကို လေကြောမြေကြောရှုံ့လိုက်ကြစို့ရဲ့…။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာရောဆိုပါတော့။ ကျုပ်တို့နိုင်ငံကို ကျွန်ပြုထားတဲ့ အင်္ဂလိပ်ဘုရင်ခံအစိုးရလဲ အနောက်ဖက်အိန္ဒိယနိုင်ငံ ဆုတ်ပြေးပြီလေ…။ 'အာရှသာတူညီမျှရေး'‥'နိပ္ပွန် -ဘိရုမာ ဘန်ဇိုင်း'…ဆိုတဲ့ မူဝါဒလှလှ ကြွေးကြော်သံတွေနဲ့ ဂျပန်တွေတက်လာပြီလေ…။ မင်းပြောင်းမင်းလွဲ ကာလ၊ စစ်ဦးဘီလူးနဲ့လဲ ရင်မဆိုင်ရဲတော့…ကျုပ်တို့လဲ မြို့လယ်ကောင်မှာ ဘယ်အတင့်ရဲနေတော့မလဲ။ ပြီး 'မဟာမိတ်'ဆိုတဲ့ လေယာဉ်ပျံကြီးတွေကလဲ ကျုပ်တို့ခေါင်းပေါ်မှာ နေ့စဉ်ရက်ဆက်ဆိုသလို ငရဲမီးဖုံးတွေလာကြဲချ၊ စစ်သေနတ်တွေနဲ့ ဒရစပ်ပစ်၊ လူတွေကို သတ်ဖြတ်နေတာကို…။ အရှေ့တော ပြောင်းပြေးကြရတာပေါ့။ ။ သိတယ်နော်…။ စစ်ကာလ…စစ်အုပ်ချုပ်ရေးလေ။ အစိုးရ အုပ်ချုပ်ရေးယန္တရားတွေ အကုန်ရပ်။ ရုံးတွေ ကျောင်းတွေ စက်ရုံအလုပ်ရုံတွေ ဈေးတွေ ဆိုင်တွေ စီးပွားရေးလုပ်ငန်းတွေ သွားလာပို့ဆောင်ရေးလုပ်ငန်းတွေ ဘဏ်တိုက်တွေစသည် တခုမကျန်ပိတ်။ သည်တော့ အစိုးရဝန်ထမ်းတွေ ကျောင်းဆရာ ဆရာမတွေလဲ အလုပ်လက်မဲ့ဖြစ်။ ဝင်ငွေလဲ ခြူးတပြားမှ မရကြတော့ဘူးပေါ့။ ။သြ…ပြောဖို့ တခုကျန်သွားတယ်။ ခုနက မြေကြော ရှုံ့လိုက်တဲ့အထဲမှာ ပါသွားလို့ …။ ဒုတိယကမ္ဘာစစ် ကျုပ်တို့တိုင်းပြည်ရောက်မလာခင်ကလေးမှာပဲ ကျုပ်တို့အဖိုးဆုံးသွားတယ်။ ကုသိုလ်ကံကောင်းတယ်လို့ပဲ အောက်မေ့ရတော့မှာပေါ့။ စစ်ရဲ့မကောင်းဆိုးဝါး အနိဋ္ဌာရုံတွေကို ကြုံတွေ့မသွားရတော့ဘူးပေါ့။ နော့မို့ဆို ဒုက္ခ။

အဖိုးက အဖွါးထက်အသ
ကြီးတော့ အဖွါးလို မေ
စွမ်း မကျန်းမာတော့ဘူ
ပြီးတော့ အဖိုးက တော
လဲမဟုတ်ဘူး။ ဘိုး
ဘောင်ဆက် အရှင်သ
ဘုရင့်အမှုတော်ကို ဦး
ဆံမြေ့ ထမ်းရွက်လာ
**သူကောင်းမျိုးရိုး**။ အင်
အစိုးရလက်ထက်မှာ မ
မနေရ အလုပ်ဝင်လုပ်ရ
ဆိုတော့လဲ 'ဂမုတ်'ဂတ်
ပထမ'ဆပ်'ကလေး။ နော
'အင်စပက်တော်'…။
ခေတ်အခေါ်တော့ ရဲမှူး
ပေါ့။ အပေါ်ထပ် ဘုရား
နားက ခေါင်းရင်းနံရံ
အခန့်သား ချိတ်ထား
အဖိုးရဲ့ဓာတ်ပုံက ရယ်
တယ်။ ကာကီရှပ်အင်း
လက်တိုနဲ့။ ပခုံးဒေါက်
ဖက်၊ အိတ်ကပ် ၂ လုံး
ခရာကြိုးနဲ့။ အောက်က
ကာကီဘောင်းဘီတိုနဲ့
ထောက်မှာကလဲ ခြေအိ
မဟုတ်ပဲ…အညိုရော
သက္ကလပ်စကို ဒူးခေါ
အောက်ကနေ ဘွတ်ခြေ
ထဲအထိ ပတ်တီးပတ်သ
ပတ်လို့။ ခြေနင်းကတော့
ခြေနင်းပါပဲ။ ဒါပေမ
ဘောင်းဘီတိုက ဒူးခေါ
အရောက်ထိုးထားတဲ့ ဘီ
ခေါင်းခြသေ့ခေါင်း ထိုး
တွေကို လုံအောင်မဖုံးနိုင်
အပြင်…ခေါင်းပေါ်မှာ
ဦးထုပ် ဆောင်းမထားဘူ
ဦးထုပ်ကို လက်တဖက်
ပိုက်ထားပြီး၊ လက်တဖက်
သားရေလုံး နံပတ်ဒုတ်
ကိုင်လို့။ ခေါင်းပေါ်
သျှောင်ဆံပင်နဲ့
ကိုယ်တိုင်ပေါင်းရတဲ့

www.burmeseclassic.com

...င်ပိုး ပုဝါခေါင်းပေါင်း ... ခါးမှာကလဲ လက် ၄ ...င်းလောက်ရှိတဲ့ သားရေ ...တ်ပြားကြီးမှာ သေနတ် ...ချိတ်လို့။ အင်း…ကျုပ် ...အဖိုးကို နယ်နယ်ရရ ...င်နဲ့၊ ဘုရင်ခံ အစိုးရက ...ပြုချီးမြှင့်ထားတဲ့ နာမည် ...င်းလက်မှတ်နဲ့ လက် ...ခင်မှာ နာမည်ရေးထိုး ...တဲ့ ၄၅ ဗို့ ၆ လုံး ပြူး ...က်ရှိတယ်။ နောက် ... ဘယ်အလိုတော်ရိက ...က်ထောက်ချလိုက်လို့လဲ ...ရဘူး။ ဂျပန်ခေတ် ...က်လာလို့ မကြာခင်မှာပဲ ...ကောပြန်နဲ့အတူပါလာ ... ဂျပန်စစ်ဗိုလ်တစ်ကောင် ... လက်နက်အပ်ပါဆိုလို့ ...ကြီးထဲ စဥ္စအိုးနဲ့အလုံပိတ် ...မြှုပ်ထားတာကို ဖေါ် ...လိုက်ရတယ်။ အဖွါးက ... အဖိုးနာမည်ထိုးထား ... ဘခုတည်းသော အမွေ ...ည်းအနေနဲ့ သေတပန် ...တဆုံး သိမ်းထားချင် ...။ ဗမာထဲက သစ္စာ ... လက်ထောက်ချတွေ ...ကိုနဲ့ဆဲရင်း မျက်ရည်ကျ ...တယ်။ အဲသည်တုန်းက ...းလဲ မရှိတော့ပါဘူး။ ...လဲ အဖိုးမရှိတော့ပါဘူး။ ...နတ်လဲ မရှိတော့ပါဘူး။ ...မယ့် အဖွါးနဲ့ကျုပ်တို့ ...းစု တစက်ကလေးမှ ...နှာ မငယ်ရပါဘူး။ ...တောဆိုတာက အဖွါး ...တိချက်မြှုပ်လေ။

ဆိုတော့ကာ အဖွါး ...တိ ပုသိမ်ကြီးအပါအဝင် ...ချိုကုန်း၊ သစ်ချိုကုန်း၊ ...င်ပင်သာ၊ ချောင်းဝန်း၊ ...ကြီစတဲ့ ရွာတွေမှာ ဆွေမျိုးတွေဆိုတာက လက်ညှိုးထိုးမလွဲဥစ္စာ။ အခုလို စစ်ဘေးဒုက္ခကြုံရလို့သာ မြို့ပေါ်က အထည်ကြီးကို ဖျက်ပြီး၊ ဇာတိရပ်ရွာမှာ ခေတ္တယာယီ ပြန်လာခိုလှုံတာ ဘယ်အဆွေအမျိုးက မပံ့ပိုးမကူညီ မဖြည့်စွမ်း မသိုင်းဝိုင်းပဲ နေပါ့မလဲ။ ပြီးတော့လဲ ပြန်ပြောင်းအောက်မေ့ဘွယ်ပြောရရင်…အဲသည်ခေတ်ကာလတုန်းက လယ်ပိုင်ရှင်ဆိုတာ သူရင်းငှား သီးစား သားချင်းလယ်သမားတွေရဲ့အမြင်မှာ က'ကျေးဇူးရှင်'ရယ်လို့ သတ်မှတ်ယူဆထားတတ်ကြတာ မဟုတ်လား။ သည်တော့ လာသာနေမယ်ဆိုလို့ကတော့ ပိုပြီးရင်းနှီးချစ်ခင်လို့သာ လာနေတာပဲဆိုပြီး၊ သူ့ရွာငါ့ရွာ အလုအယက် လာကြိုဆိုကြတာပေါ့။ ရွာ ၆ ရွာက လှည်းအစီးပေါင်း ၁၆ စီးနဲ့ တညမှာ ရှိရှိသမျှပစ္စည်းတွေ လာတိုက်သွားကြတာ ပရိဘောဂတွေကလွဲလို့ နွားတွေပါမကျန် အကုန်အစင်ပါပဲ။ တချို့အိမ်ထောင်သည်တွေလဲ ကိုယ့်ပစ္စည်းနဲ့ကိုယ် ကိုယ့်သီးသန့်လှည်းနဲ့ကိုယ်ပေါ့။ ယောကျ်ားတွေကလဲ စက်ဘီးတွေနဲ့ ဘေးကလိုက်ကြလို့ပေါ့။ သိတယ်နော်။ များသောအားဖြင့်က သူတို့ရွာသူတို့အိမ်မှာ လိုက်နေစေချင်တဲ့ဆန္ဒနဲ့ မမေးမမြန်း မပြောမဆို ကိုယ့်ရွာကိုယ် မောင်းသွားကြပါလေရော။ လူတွေလဲ တစုစီကွဲ၊ ပစ္စည်းတွေလဲ အနှံ့ရောက်ကုန်တာပေါ့။ အမေနဲ့အတူ ကျုပ်ရယ်၊ ကျုပ်အမေရင်း လေးမေမေရယ်

**တိုက်ကြီးရဲ့ တောင်ဘက် ဗုဒ္ဓဟူး နံထောင့်က အိမ်မှာနေတဲ့ သားသမီး မထွန်းကားဘူး ဆိုတဲ့ အဒေါ်ငယ်ကို ကျုပ်တော့ ရွှေဘိုသားနဲ့ ညားတဲ့အတွက် 'ဘိုမေမေ'လို့ ခေါ်ကြရတယ် သူတို့ လင်မယားကလဲ ကလေးရှူး ရှူးနေကြတော့ ကျုပ်တို့မောင်နှမ ၃ ယောက် စလုံးက သူ့သားသမီးတွေပဲ**

ထွေးမေမေရယ် လှည်း ၆ စီးရယ်က အမေ နေမယ်ဆုံးဖြတ်လိုက်တဲ့ ဇီးချိုကုန်းရွာကို ရောက်ကြတယ်။ လှည်း ၅ စီးနဲ့ ဘိုမေမေတို့အိမ်ထောင်က ပုသိမ်ကြီးက သူကြီးဦးအောင်ဒင့်အိမ်မှာ။ လှည်း ၂ စီးနဲ့ အိမ်ရှေ့မေမေတို့ အိမ်ထောင်က သစ်ချိုကုန်းမှာ။ စိန်မေရော သူ့အဖေဦးဦးစံရရောအတူပေါ့။ အဲဗျာ… ဘကြီးကြင်မပါတဲ့ အိမ်ထောင်၊ စန်းမေနဲ့သူ့အမေ မေမေကြီးကြီးက လှည်း ၂ စီးနဲ့ ဟိုအဝေးဆုံး ချောင်းဝန်းကိုရောက်ကြရော။ မနက်မိုးလင်းတော့မှ စက်ဘီးသမားတွေက လိုက်ရှာကြပြီး အမေရှိရာ ဇီးချိုကုန်းကို ပြန်စုယူရတယ်။ အမေ(အဖွါး)က သူ့ဇာတိ ပုသိမ်ကြီးကို မကြိုက်တော့ဘူးတဲ့။ ပုသိမ်ကြီးက အိမ်ခြေလဲများ၊ စစ်ပြေးလူစိမ်းတွေကလဲ များပြီး၊ မြို့နဲ့လဲ ဘတ်စ်ကား ပြေးနေပြီဖြစ်တဲ့အတွက် ကြောက်သတဲ့။ ဒါ့ကြောင့် နည်းနည်းအတွင်းကျပြီး၊ ပုသိမ်ကြီးနဲ့လဲ တတိုင်လောက်ပဲဝေးတဲ့၊ ပြီး ရွာတောင်ဘက် နံဘေးမှာလဲ ၁၂ ရာသီ ရေမပြတ်စီးနေတဲ့ ဆည်မြောင်းကလေးရှိတဲ့ ဇီးချိုကုန်းရွာကို ရွေးလိုက်တယ်။ အဖွါးအကြောင်း မသိရင်ခက်မယ်။ ဇီးချိုကုန်းရွာသူကြီး ဦးမောင်ချိုဆိုတာက သူ့နှိုင်ဖတ်။ ဟိုက သူ့ကိုသာဆိုရင် ပြားပြားမှောက် ကြောက်ရတဲ့ ငယ်သူငယ်ချင်း။ ပြီး ဇီးချိုကုန်းမှာ အချမ်းသာဆုံး လယ်ပိုင်ရှင်ကြီးတွေဖြစ်နေကြတဲ့ အဖွါး ဒေါ်မမတို့ ဘကြီးစံပင်တို့ဆိုတာတွေကလဲ ကြာနီကန်ဆရာတော့် ကျောင်းမှာ စာအံဖက်တွေ ဖြစ်ကြတယ်။ ပြီး ကြိဖန် အဆင်ပြေချင်တော့ အဲသည် ၂ ယောက်နေကြတာကလဲ ရွာတောင်ဘက် တံခါးဝနားမှာ ခြံစည်းရိုးချင်း ကပ်ရက်တဲ့။ ဘာခဲယဥ်းတော့သလဲ။ ၂ ခြံခွပြီး ၂ ဇကလောက် အကျယ်အဝန်းရအောင် စည်းရိုးကိုဖြုတ် ခုတ်ထွင်ရှင်းလင်းလိုက်ကြတယ်။ ပြီး အရိပ်လွှတ်တဲ့ အလယ်ကောင်ခြံ

www.burmeseclassic.com

ကွက်လပ်မှာ ၆ ပင် × ၅ ပင် × ၃ ပင် သက်ငယ်မိုး၊ ဝါးထရံကာ၊ ဝါးပိုးကြမ်းခင်း တဲကြီးတလုံး ထိုးလိုက်ကြတယ်။ မြေရိုင်း မြက်ရိုင်းတွေ မညီရသေးတဲ့အတွက် လှေကား ၃ ထစ်နဲ့ ဖင်လွှဲတက်ထိုင်လို့ရတဲ့အမြင့် ဆင့်ခံတော့ ဆင့်ခံပေါ့။ ဗမာ့တောရွာလေ့ သတင်းမေးလာကြသမျှ လက်စုံညီအင်အားနဲ့ ဝိုင်းဝန်းဆောက်လိုက်ကြတာ နေ့ချင်းပြီးအိမ်ရာပေါ့။ အဖွါးနဲ့ အမေတွေကလဲ အဖော်အပေါင်းတွေနဲ့ ချက်ပြုတ်ကျွေးမွေးကြပေါ့။ ညရောက်တော့လဲ တဲသစ်ကြီးမှာ စုပေါင်းအိပ်ကြပေါ့။ ခိုင်မှခိုင်၊ ခန့်မှခန့်တဲ့တဲသစ်ကြီးပါပဲ။ ရယ်ရတာ တခုပဲရှိတယ်။ တရေးနိုး အပေါ့အပါး ထသွားလို့မရဘူး။ ဝါးကြမ်းခင်းက နိုးနိုးကြားကြားရှိတယ်။ တယောက်ထရင် တအိမ်လုံး နိုးကုန်ရော။

ဆိုတော့ကာ စစ်အတွင်းမှာ အလိုအပ်ဆုံးဖြစ်တဲ့ ဖုံးခိုကျင်းတူးဖို့ပဲ လိုတော့တယ်။ များသောအားဖြင့် မလိုအပ်တဲ့အတွက် ရွာသူရွာသားတွေကလဲ ဘယ်အိမ်ကမှ တူးမထားကြပါဘူး။ မဟာမိတ်ဆိုတဲ့ ကျွဲကြီးတွေက ထုံးစံအတိုင်း မြို့ထဲမှာ နေ့စဉ်လိုလို လာဗုံးကြဲဖျက်ဆီးသတ်ဖြတ်နေတာ သဲ့သဲ့ကြားနေရတာပဲ။ မေတ္တာတော့ ပို့ကြပါတယ်။ ဒါပေမယ့် ကျင်းတော့မတူးဖြစ်ကြဘူး။ တခုတော့ရှိတယ်။ တဲကြီးရဲ့ မျက်နှာစာ ဝါးတရိုက်လောက်အကွာ မြောက်ဘက်မှာက ကုက္ကိုပင်ကြီးတွေအုပ်စုလိုက်ရှိတယ်။ လွတ်အရိပ်ကောင်းတာပေါ့။ နေပြောက်မထိုးဘူး ပြောနိုင်တယ်။ ကျုပ်တို့ ပြောင်းမလာခင်တုန်းကတော့ အဲသည်ကုက္ကိုရိပ်သာက နွေခင်းတိုင် နွေခင်းတိုင်မှာ ဘကြီးစံပင်ရဲ့နွားတွေ နေခိုရာ နားခိုရာတဲ့။ နွားတွေကြိုက်မှာပေါ့။ တပေါင်းတန်ခူးဆိုရင် ကုက္ကိုသီးတွေကကြွေပြီကို။ နွားတွေ တအားကြိုက်တဲ့ အသီးပေါ့။ နေရိပ်လဲရ၊ အစာလဲရ ဆိုတော့ သည်နေရာက နွားတင်းကုတ်ပဲ။ နောက်ချေးက လွှဲပြီး၊ မြက်မပေါက်တော့ဘူး။ အဲသည် နွားရိပ်သာကို မေမေကြီးကြီးနဲ့ အိမ်ရှေ့မေမေက အပိုင်သိမ်းပိုက်လိုက်တယ်။ အဖွါးကလဲ နွေခင်းတိုင် ကွင်းပြင်က တဲထဲမှာ မနေနိုင်တော့၊ ရောမသစ်သား ကွပ်ပျစ်ကြီး လုပ်လိုက်တယ်။ သည်ကွပ်ပျစ်ပေါ်မှာပဲ နွေခင်းနွေလယ် တရေးအိပ်ကြ၊ ထမင်းစားကြပေါ့။ ဒါပေမယ့် ကုက္ကိုသီးကြွေချိန် တလနှစ်လ လေရူးထခိုက်မှာတော့ မီးဖိုအပေါ်တည့်တည့်မှာ နီးချောဖျာတချပ်နဲ့ တဖက်ရပ် မိုးရတယ်။ မိုးမထားရင် မီးပေါ်က ဆီပူအိုးထဲ ကုက္ကိုသီးကြွေကျလို့ကတော့ ချက်နေတဲ့ စဖိုမှူးတွေ ဆီပူနဲ့အပက်ခံရပြီပေါ့။ ဒါတောင် ထမင်းဝိုင်းထဲ တခါတခါ ကျလာတတ်သေးတယ်။ သိတယ်နော်။ မေမေကြီးကြီးနဲ့ အိမ်ရှေ့မေမေက ကိုယ့်အိမ်နဲ့ကိုယ်တုန်းကလဲ ချက်ရနေကျဆိုတော့ သည်တောမှာ အဖွါးလက်ထောက် စဖိုမှူးတွေပေါ့။ ကျန်တဲ့သမီး ၃ ယောက်ကတော့ အလကားနေ အလကား ပါလာတဲ့ Singer အပ်ချုပ်စက်ကလေးနဲ့ ထမီပုဆိုးအပ်ထည်ရှိရင် ချုပ်ခယူ ချုပ်ပေးကြပေါ့။ အဓိကအလုပ်ကတော့ ရှိသမျှသိုးမွေးထည်တွေကို သိုးမွေးပြန်ဖြေ ချည်ခင်လုံးပြီး သိုးမွေးအင်းကျီ ဦးထုပ် လည်စည်းမာဖလာ ပြန်ထိုးပြီးရောင်းတာပဲ။ သိုးမွေးချည်ခင်ကလဲ အသစ်ဝယ်လို့ မရတော့ဘူးလေ။ မဆိုးဘူး။ အသစ်အဆန်းဆိုတော့ ရောင်းရတယ်။ သည်အထဲ သည်ဇာထိုးပန်းထိုး သိုးမွေးထိုး တတ်ချင်လှချည်ရဲ့ဆိုပြီး နှမ်းဆီဆယ်ဝင်ပုံး တပုံးနဲ့ လာကန်တော့ သင်ပေးပါဆိုတဲ့လူကလဲ ရှိတယ်။ ဆီဆုံပိုင်ဦးဘဦးရဲ့သမီး မလှမြတ်ပေါ့။ မလှမြတ်ကို အားကျပြီး ခြံနီးချင်း ဦးသာဂျမ်းရဲ့သမီး မဆယ်မိတို့ မဆယ်ရှိတို့ကလဲ ထောင်ထိပ်ပန်းကောက်ညှင်းဆန် အဖြူတခွဲ ငချိတ်တခွဲနဲ့ လာကန်တော့ပြီး သင်ကြတယ်။ ဘာပဲပြောပြော ဒါတွေလဲ မိသားစုလုပ်စာပေါ့။ပြောရရင် ယောကျာ်း ၂ ယောက်ကတော့ ထင်းခွေရေခတ်ပေါ့။ ထင်းခွေဆိုတာကလဲ ကိုယ်တိုင်ကတော့ အရှေ့ရိုးမတောင်တက်ပြီး ဘယ်ထင်းခွေနိုင်မှာတုန်း။ ခွေပြီး လာရောင်းတဲ့လှည်းတွေ ရှိတယ်။ သူတို့ကိုမှာရတယ်။ ရောက်လာတဲ့အခါ ကျမှ စဖိုမှူးတွေ လိုသလို

ဖြတ်တောက်ခွဲခြမ်းပေးတာ
ပြီးတော့ သုံးရေသောက်
သွားထမ်းရတယ်။ ရွာတော
ဘက် ကပ်ရက် ဆည်မြော
က ရေတော့သန့်ပါရဲ့။
ပေမယ့် ချောင်းရိုးတလျှော
မှာ လျှော်ကြဖွပ်ကြတဲ့အ
လူတွေရော နွားတွေပါ
ချိုးကြတော့ ဘယ်သန့်
ဒါပေမယ့် ကလေးလူ
ကျုပ်တို့အိမ်သားအားလုံး
သည်ချောင်းမှာပဲလာ
ကြ လျှော်ကြဖွပ်ကြတာ
ပဲ။ အဲ…သောက်ရေသုံး
ကတော့ ရွာထိပ်က ဘုန်း
ကျောင်းမှာ အဝီစိတွင်း
တတွင်းရှိတယ်။ ရေချိုး
မဆိုထားနဲ့။ ရေတွင်း
ဘောင်ပေါ်တောင် မိန်းမ
တက်ခွင့်မပြုဘူး။ ရေက
ကျောက်စက်ကျရေလို
စိမ့်ကြည်လင်နေတာ
ဒါပေမယ့် ရေတွင်းနှုတ်
ကနေ အောက်ကိုငုံ့ကြည့်
ရေကို မမြင်ရဘူး။ သူ
စေးသုတ် နှီးရေပုံးနဲ့ သူ
သီးနဲ့ငင်ရတယ်။ ဆယ်ဝင်
တပုံးစာ ရေကို ၃ ခါလော
တင်မှ ပြည့်တယ်။ အဲဒါ
ရွှေဘို သားကျောင်းဆ
ဦးလေးကြည်ဝင်းက တ
၃ ထမ်း ၃ ခေါက် ၈၅
ဒါးတန်းသား ဦးဦးစံ
တနေ့ ၃ ထမ်း ၃ ခေါ
အိမ်အရောက် ထမ်းလာ
ပြီး၊ တဲခေါင်းရင်းက မြေ
ထဲ ၃ ပိုင်း၂ ပိုင်းမြှုပ်ထ
တဲ့ ရာဝင်စဥ့်အိုးကြီးတွေ
ဖြည့်ရတယ်။ ထမ်းရ
ခရီးကလဲ နည်းတာ မဟု
ဘူး။ ရွာဘေးက
မြောင်းဘောင် လှည်း
စက်ဘီးလမ်းအတိုင်း အ



www.burmeseclassic.com

www.burmeseclassic.com

ရွာလွန်တဲ့အထိ သွား ယ်။ အဲသည်လမ်း ိုင်း ပြန်လာပြီး ရွာရဲ့ ောင်တံခါးပေါက်နဲ့တည့် ည့်ရောက်မှ ချောင်းကို ပြီး ရွာထဲ ဝင်ရတယ်။ ည်းလမ်းမပေါက်ဘူး။ ည်မြောင်းက အစိုးရက ယ်တွေရေပေးရေးအတွက် က်ထားတဲ့မြောင်းတွေ တဲ့အတွက် မြောင်းဘောင် ျောက်မှာ နွားလှည်းရ ား ဘကားမှ သွားလာ ရှိဘူး။ ရေပြဿနာက ည်လောက်သာ ကြီးတာ း ကျုပ်တို့နေတဲ့ခြံထဲမှာ ော့ ကျုပ်တို့နေတဲ့ တဲရဲ့ခြေ င်းဘက် ဝါး ၃ ရိုက် ောက်အကွာမှာပဲ အရိုး ည်ရေမှုတ်နဲ့ ကုန်းခပ်ရင်ကို ောက်တဲ့ တွင်းတိမ်က ား တတွင်းရှိတယ်။ ဒါပေ ည့် သုံးမရဘူး။ ရေဝါတွေ။ ွတ်ငန်တယ်။ နွားစာနယ် ာတောင် မသုံးဘူး။ ရွံ့ တပ်ပါလာတဲ့ ထွန်တွေ ယ်တွေ လှည်းဘီးတွေ ခြထောက်တွေပဲ ဆေး ယ်၊ ကန့်ဓာတ်တွေ ပါသ း ဒါပေမယ့် မနေသာဘူး။ ်းက ဗုံးခိုကျင်းတူးထား ယ် အမိန့်ထုတ်တော့ အဲ ည် ကုဋ္ဌိရှိပ်သာအောက် ဲ ကျင်းတိမ်တိမ်တူးကြ ါ။ တတောင်သာသာ ောက်ပဲ နက်ပါသေးတယ်။ စိမ့်လာလို့ ရပ်လိုက်ရ ယ်၊ ကျင်းထဲ လူဆင်း ်ရင် ခေါင်းက အပေါ်မှာ။ ည်တော့ အောက်ဆက် ူးတော့ဘူး။ ကျင်းနှုတ် း ဘောင်ပတ်လည်မှာ လံထင်းတွေကို မြေဝင်

နက်အောင် ရင်းစေ့ရိုက်စိုက်။ ပြီး တိုင်တွေအပြင်ဘက်က ထန်းပင်လုံးတွေဆင့်ကာ။ အမိုးလဲ ထန်းလုံး ထက်ခြမ်း ခွဲတွေကို အခြင်ပစ်။ သည့် အပေါ်ကမှ လှည်းကြမ်းခင်းတွေ တထပ်၊ ဝါးကြောဖျာချပ်တွေ တထပ်၊ နှစ်ထပ် အစေ့ခင်း။ ပြီးတော့မှ အပေါ်လဲ မြေတွေ အမောက်ဖို့။ ဘေးလဲ မြေဆိုင်ခဲတွေနဲ့ရံ။ တနေ့တခါ ရေဖျန်းပေး။ မြေသိပ်အောင်လုပ်။ ခုနေ ကျင်းထဲ ဝင်ထိုင်ရင်တော့ ခေါင်းလွတ်ပါပြီ။ အပြင်က နေကြည့်ရင်တော့ ထန်းပင်မြစ် စိုက်ရောင်းစားဖို့ မြေဖို့ထားတာလား အောက်မေ့ရတယ်။ သိတယ်နော်။ ထန်းပင်မြစ် ဆိုတာ ကြွေကျတဲ့ ထန်းသီးမှည့်တွေထဲက အစေ့တွေကို ထုတ်ပြီး၊ သည်ကျင်းအမိုးလို မြေပွတွေဖို့ပြီး တန်းစီ မှောက်စိုက်ထားလိုက်တာ။ တမိုးတွင်းလုံးပစ်ထားလိုက်ပဲ။ အဲ…ဆောင်းရောက်ပြီ ဆိုတော့မှ မြေတောင်ပို့ကို ဘေးကနေ လိုသလောက် ဖွဲ့ဖွဲ့ပြီး ထွက်နေတဲ့ ထန်းပင်မြစ်တွေကို ထုတ်ရောင်းတာ။ စားကြတာ။ ဆောင်းခါမှာ မီးဖိုဘေး မီးလှုံရင်း ဖုတ်စားကြတာပေါ့။ ဆီကလေး ဆားကလေးနဲ့ များ လူးစားလိုက်ရရင် အရသာရှိမှရှိ။

ဆိုတော့ကာ ထန်းပင်မြစ် စိုက်လိုက်ရ ကောင်းမလား စိတ်ကူးတုန်း စိတ်ကူးဆဲ။ ကံမလိုက်ချင်တော့ မိုးအကုန်ဆောင်းအကူး နောက်ဆုံးနှုတ်ဆက်တဲ့ မိုးကလဲ ထထစ်ချုန်းချုန်းနဲ့ တဝုန်းဝုန်း ရွာချလိုက်ပါလေ

အညာ
တောဘက်မှာ
ပေါ့နော်
များသောအားဖြင့်
'အမေ'ကို
'အမဲ'လို့
ခေါ်တတ်ကြတာပါပဲ
တလွဲ မထင်ပါနဲ့
အမေက
ကျုပ်ကို မွေးတော့
၂၀ ကျော်
၅ နှစ်ပတ်လည်ပဲ
ရှိသေးတာရယ်
သမီးတွေထဲမှာလဲ
အချောဆုံး
ဖြစ်တာရယ်ကြောင့်
အပျို
ပြန်လုပ်ချင်လို့
'အမဲ'ခေါ်ခိုင်းတာ
မဟုတ်ပါဘူး

ရော။ ကျုပ်တို့ ဗုံးခိုကျင်းကလေးလဲ အသူရာနဲ့သိကြားမင်းရဲ့စစ်တလင်းမှာ တမုဟုတ်ချင်း ငါးမွေးကန်ဖြစ်သွားပါလေရော။ ကျင်းရဲ့ အောက်ခြေမြေကလဲ သဲနဲ့ကျောက်စရစ်ဆိုတော့ အပေါ်က ထန်းလုံးတွေ မြေတွေရဲ့ ဖိအားကြောင့် ကျင်းနံရံတွေပါ အိကျပြီး ပြိုကုန်တော့တာပေါ့။ လုံးဝသုံးမရတော့ဘူး။ ဒါပေမယ့် တော်ပါသေးရဲ့။ မန္တလေးဆိုတာ မိုးခေါင်ရေရှား ရပ်ဝန်းနော်။

ပူတယ်လေ ဆယ်နေကဲ။ ကျဲကျဲတောက် ပူတဲ့အခါ တပတ်ဆယ်ရက်နဲ့ ပြန်ခမ်းခြောက်သွားတာပေါ့။ ပြန်ပြင် တူးပြီး အုတ်နဲ့ဘာနဲ့ ပိုအခိုင်အခန့် လုပ်လိုက်ကြတာပေါ့။ မြတ်စွာဘုရားတန်ခိုးတော်နဲ့ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက သတိပေးတယ်လို့ပဲ အောက်မေ့ရပါတယ်။ အဲသည်လို အလျှင်အမြန် ပြန်တူးလိုက်ပေလို့သာပေါ့။ နော့မို့ဆို ကျုပ်တို့လဲ ရွာကလူတွေလို တောင်ပြေးမြောက်ပြေးနဲ့ စပါးကျီတွေအောက် ဖါးလို ပြားပြားမှောက်နေကြရမှာ။ မဟုတ်ရင် သေကုန်ပြီ။ ဘယ့်နှယ် မန္တလေးကိုပြန်သိမ်းတော့ မြို့ကို မြောက်နဲ့အရှေ့ မြောက်ဖက်ကနေ ဂဏန်းလက်မလို ညှပ်ပြီး ဝင်တာထင်ပါရဲ့။ အင်္ဂလိပ်တွေလား အမေရိကန်တွေလား မသိ။ ကျုပ်တို့အရှေ့တော တလျှောက်လုံးကိုလဲ အမြောက်ကြီးတွေနဲ့ သခင်မတောင်ခြေဘက်က အဆက်မပြတ် ၃ နာရီကြာလောက် လှမ်းထုလိုက်တာ ရစရာကို မရှိဘူး။ ကျုပ်တို့ရွာတွေမှာ ခုခံတဲ့ ဂျပန်စစ်သားဖြင့် တကောင်မှ မရှိပဲနဲ့။ လက်နက်ကြီးအင်အား မတန်တဆသုံးပြီး ဖြုန်းမောင်းထုတ်လိုက်တာ ပြောပါတယ်။ ရွာစဉ်တလျှောက်မှာ မြောက်ပိုင်းကျတဲ့ ဆင်ရွာကြီးတို့ ညောင်ပင်သာတို့ ကျုပ်တို့ဇီးချိုကုန်းတို့ဆိုတာ သိသိညက်ညက်ကျေပေါ့။ ကျုပ်တို့နေတဲ့တဲကြီးလဲ အိုး…အမြောက်ကျည်ဆံဗုံးတွေထင်ရဲ့ မှန်

စာမျက်နှာ (၂၆[illegible]) သို့…

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၁၁၀၀၀/-)နှ
ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့်
နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်
ဖုန်း၀၇၂-၂၂၀၃၄၊၀၇၂-၂၁၅၄၁၊၀၉-၆၄၆၁၆၉၉၊၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉-၉၁၀၂၃၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

BURMESE CLASSIC .com

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉-၇၃၂၀၂၀၁၀)၊
ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉-၅၁၅၂၂၇၇)
ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉-၅၁၂၂၀၀၃)
ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁-၂၂၀၅၁၉၊၀၉-၇၃၀၇၂၄၉၂)
ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁-၅၁၉၅၀၉၊၀၉-၇၃၁၀၉၁၁၄)
ဒေါ်စန်းစန်းနိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ကျိုက်ဖြူရိပ်သာ၊ ကျိုက်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅
ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁-၂၁၀၀၄၂၇၊၀၁-၂၁၀၀၄၂၀)
ကလျာမဂ္ဂဇင်းတိုက်(ရုံးခွဲ)(အမှတ် ၁၆-ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၁၃၃။ ဦးမောင်ချစ်(B-E/စက်မှု)အား ရည်စူး၍
ဒေါ်ခင်ခင်ဝင်း(ခ)ဒေါ်ကျင်ဝမ်း(မ/လ-ငြိမ်း)၊ သမီး မညိမ်းညိမ်းနိုင်-ကိုသိမ်းထူး၊
မြေး မောင်အောင်သူဝင့်ထူးကျော်၊ သား Dr.သီဟညွန့်၊ (ချစ်စံဝင်း)မိသားစု၊ ၅၀၀,၀၀
၁၆၂(D) ဒု-သီရိရိပ်သာ၊ အလုံမြို့နယ်။ (ငါး

၁၃၄။ ဒေါက်တာ ဦးသိန်းထွဋ်-ဒေါ်တင်မေလွင် မိသားစု ၅၀၀,၀၀
အမှတ်(၁၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်။ (ငါး

၁၃၅။ ကွယ်လွန်သူ အဘိုး၊ အဘွားများနှင့် အဖ ဦးအောင်မြင့်-အမိ ဒေါ်သန်းသန်း၊
(သား)မောင်မျိုးမင်းသောင်းတို့အားရည်စူး၍ ဒေါက်တာ ခင်မောင်သောင်း-ဒေါက်တာတင်အုန်းမြင့်၊ ၇၈၀,၀၀
(သမီး)သင်ဇာနွယ် မိသားစုကောင်းမှု၊ U.K. (ခုနစ်သိန်းရှစ်သော

www.burmeseclassic.com

www.burmeseclassic.com

၁၃၆။ ကျေးဇူးရှင် မိဘနှစ်ပါးနှင့် အစ်မကြီး ဒေါ်ညွန့်သန်း၊
မောင်အငယ် ဦးလှမြင့်(တရားရုံးချုပ်ရှေ့နေ)အား ရည်စူး၍ ဒေါ်သန်းမေ ကောင်းမှု၊ ၅၀၀,၀၀၀ိ/-
အမှတ်(၁၀၃)၊ ရွှေတောင်တန်း၊ လမ်းမတော်မြို့နယ်။ (ငါးသိန်း)

၁၃၇။ ဦးကြည်မောင်(ဒုတိယဝန်ကြီး-ငြိမ်း)၊ ဇနီး ဒေါ်မြင့်မြင့်သိန်းနှင့်မိသားစု ၄,၂၀၀,၀၀၀ိ/-
မန္တလေးမြို့။ (လေးဆယ့်နှစ်သိန်း)

၁၃၈။ ဦးခင်မောင်သောင်း(မောင်သောင်း'တွင်'စက်မှုလက်မှုလုပ်ငန်း) ၁၀၀၀,၀၀၀ိ/-
စက်မှုဇုန် (၁)၊ မန္တလေးမြို့။ (ဆယ်သိန်း)

၁၃၉။ သာသနာ့ ဒါယိကာမကြီး ဒေါ်တင်တင်အား ရည်စူး၍
ဦးချစ်မောင်နှင့် သား၊ သမီးများကောင်းမှု၊ ၃,၀၀၀,၀၀၀ိ/-
ရွှေဒဂ်ါးဆေးတိုက်၊ ကသာမြို့နှင့် မန္တလေးမြို့။ (သိန်းသုံးဆယ်)

၁၄၀။ ဒေါ်ကြည်စိန်၊ ငွေပင်လယ် ရေခဲစက်၊ ၁,၀၀၀,၀၀၀ိ/-
မိုးဇာရပ်၊ စစ်ကိုင်းမြို့။ (ဆယ်သိန်း)

၁၄၁။ ပြည်တော်အေးသစ်ခွဲခြံ မိသားစု ၁၀၀၀,၀၀၀ိ/-
အကောင်းရပ်၊ စစ်ကိုင်းမြို့။ (ဆယ်သိန်း)

၁၄၂။ ဦးဘကြိုင်၊ ဒေါ်ဂျမ်းမိသားစု၊ ၁,၅၀၀,၀၀၀ိ/-
အမှတ်(၃၄/၃၆)၊ (၈၄× ၈၅ ကြား)၊ တောင်ကြယ်ခတ်ဝင်း၊ မန္တလေးမြို့။ (တစ်ဆယ့်ငါးသိန်း)

၁၄၃။ ဒေါ်နန်းလိန်ခမ်း ကောင်းမှု၊ ၅၀၀,၀၀၀ိ/-
တောဟိုခမ်းရပ်၊ တာချီလိတ်မြို့။ (ငါးသိန်း)

၁၄၄။ ဦးထွန်းနေဦး၊ ဒေါ်ခင်ချိုချို မိသားစု ၆၆၉,၀၀၀ိ/-
တာချီလိတ်မြို့။ (ခြောက်သိန်းခြောက်သောင်းကိုးထောင်)

၁၄၅။ ဦးရန်မျိုးအောင်-ဒေါ်ဝင်းမေ သားသမီးမြေးတစ်စု ကောင်းမှု၊ ၁,၀၀၀,၀၀၀ိ/-
ဈေးနာလမ်း၊ တာချီလိတ်မြို့ (ဆယ်သိန်း)

၁၄၆။ ဒေါ်သိုက်မိသားစု၊ အမှတ်(၅၀၅/၃)၊ ၈၀×၈၁ နှင့် ၃၅×၃၆ ကြား၊ ၅၀၀,၀၀၀ိ/-
တောင်-ကျားလှျာဝင်း၊ မန္တလေးမြို့။ (ငါးသိန်း)

၁၄၇။ ဦးစံရင်(အင်ဂျင်နီယာ/မြန်မာမှု)-ဒေါ်သောင်းသောင်း မိသားစု ၃,၀၀၀,၀၀၀ိ/-
ရွှေလွန်ထန်းလျက်တန်း၊ မန္တလေးမြို့။ (သိန်းသုံးဆယ်)

၁၄၈။ ဦးခင်မောင်ဦးနှင့် ညီမများ
ဒေါ်တင်တင်မာ၊ ဒေါ်အေးအေးမာ၊ ဒေါ်ကြည်ကြည်မာ၊ ဒေါ်ရီလေးမာ ကောင်းမှု ၅၀၀,၀၀၀ိ/-
၈၄×၈၅ နှင့် ၃၆×၃၇ ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ (ငါးသိန်း)

၁၄၉။ ဦးစိန်ဝင်း-ဒေါ်ဖြူဖြူအေး(ကုရွှေအောင်ဟိုတယ်) မိသားစု ၅၀၀,၀၀၀ိ/-
ပုဂံမြို့။ (ငါးသိန်း)

၁၅၀။ နှစ်ဖက်သော မိဘများနှင့် ကွယ်လွန်သူ ဦးအေဝမ်းအား ရည်စူး၍
ဒေါ်ချင်ယုံ သားသမီးမြေးတစ်ခု ကောင်းမှု၊
ဗုသိမ်အရှေ့ပိုင်း၊ ကန်ကြီးထောင့်မြို့၊ ၅၀၀,၀၀၀ိ/-
ဘဲဂရက်၊ ဧရာဝတီတိုင်းဒေသကြီး။ (ငါးသိန်း)

၁၅၁။ ကွယ်လွန်သူ ဦးမြမောင်အား ရည်စူးအလှူ ၁,၀၀၀,၀၀၀ိ/-
ဒေါ်အေးအေးသီ ကောင်းမှု၊ ကနေဒါနိုင်ငံ။ (ဆယ်သိန်း)

၁၅၂။ ဒု-ဗိုလ်မှူးကြီး ကြည်ထွန်း-ဒေါက်တာ ဒေါ်သီတာအေး မိသားစု ၅၀၀,၀၀၀ိ/-
မန္တလေးမြို့။ (ငါးသိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး(ဘုရင့်နောင်)သည် ယိုးဒယားကို အောင်မြင်ပြီးနောက် ယိုးဒယားမင်းသား ဖြနုရစ်ကို မွေးစားခဲ့သည်။ ဟံသာဝတီသို့ ခေါ်လာပြီးနောက် အတတ်ပညာများ အမျိုးမျိုးသင်ပေးခဲ့၏။ ဟံသာဝတီဆင်ဖြူများရှင် နတ်ပြည်စံပြီးနောက် သားတော် နန္ဒဘုရင်လက်ထက်တွင် ခရစ်နှစ် ၁၅၈၂ မေလ၌ ဟံသာဝတီသို့ အလုံးအရင်းနှင့်တကွ ရောက်လာ၍ ခြေတော်ဦးတင်လာသည်။ ဟံသာဝတီမင်းတရား နန္ဒဘုရင် အဝကို အလိုတော်ပြည့်၍

# မဟာဥပရာဇာ နှင့် ဖြနုရစ် ဆင်စီးချင်းတိုက်ပွဲနှင့် ပတ်သက်၍

**မောင်သိန်းဆွေ၊ ထားဝယ်၊**

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ပြန်လာတော်မူနေကြောင်းကို ကြားလျှင် ဗြနရစ်သည် ဟံသာဝတီက နတ္တမသို့ ပြန်၍ အရှေ့ဘက်တစ်လွှားရှိ လူများကို သိမ်းသွင်းကာ ယိုးဒယားသို့ ပြန်လေသည်ကအစ ဗြနရစ် မြန်မာဘုရင်ကို ခြားနားလေသည်။ ထိုအကြောင်းကို မင်းတရားကြီးကြားလျှင် ယိုးဒယားသို့ ပထမဆုံး ချီလေသည်။ ရာသီဥတုကြောင့် ပြန်လှည့်လာရသဖြင့် ဗြနရစ် အားတက်သွားရ၏။ ခရစ်နှစ် ၁၅၈၅ ခု ဧပြီလတွင် ယိုးဒယားသို့ ဒုတိယချီပြန်သည်။ ဗြနရစ်က စုဏ္ဏလိအရပ်တွင် ခံတပ်တည်၍ ခံလေသည်။

'ဟံသာဝတီက
အကြိမ်ကြိမ် ချီလာသည့်
လုပ်ရည်ကြံရည် ငါတို့ကို
မတန်၊ ချီလာသမျှ
ပျက်၍ပြန်ရသည့်
ယခု ဟံသာဝတီသို့ ချီမည်'




www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က နန္ဒဘုရင်၏ သားတော် အိမ်ရှေ့မင်းမဟာဥပရာဇာ ကိုယ်တိုင်ပါသည်။ သို့သော် အရေးမလှသဖြင့် ခရစ်နှစ် ၁၅၈၆ ခုနှစ် ဇူလိုင်လတွင် ဆုတ်ခဲ့သည်။

ခရစ်နှစ် ၁၅၈၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ယိုးဒယားသို့ တတိယအကြိမ် ချီပြန်သည်။ ထိုစဉ်ကလည်း မအောင်မြင်ပါ။ ခရစ်နှစ် ၁၅၉၀ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် စတုတ္ထအကြိမ် ချီပြန်သည်။ ထိုသို့ချီရာတွင် ဟံသာဝတီ မဟာဥပရာဇာ ကိုယ်တိုင်တပ် ၂၄ တပ်နှင့် ချီခြင်းဖြစ်သော်လည်း အရေးမလှပါ။

ယိုးဒယားဖြနရစ်သည်…

'ဟံသာဝတီက အကြိမ်ကြိမ် ချီလာသည်၊ လုပ်ရည်ကြံရည် ငါတို့ကို မတန်။ ချီလာသမျှ ပျက်၍ပြန်ရသည်။ ယခု ဟံသာဝတီသို့ ချီမည်'

ဟု ကြိမ်းဝါးလေသည်။ သို့ကြောင့် ဟံသာဝတီ မဟာဥပရာဇာ ကိုယ်တိုင် တောင်ငူနတ်သျှင်နောင် တစ်တပ်၊ ပြည် သတိုးဓမ္မရာဇာ တစ်တပ် စသည့် ၂၉ တပ်နှင့် တိုက်ဆင် ၁၅၀၀၊ မြင်း ၂၀၀၀၀၊ စစ်သည်သူရဲ ၂၄၀၀၀၀ နှင့် ခရစ်နှစ် ၁၅၉၂ ခု နိုဝင်ဘာလ ၅ ရက်နေ့တွင် ယိုးဒယားသို့ ပဉ္စမအကြိမ် ချီသည်။ ထိုတိုက်ပွဲတွင် မဟာဥပရာဇာ သည် ဆင်ချင်း စီးချင်းထိုးကြရာ မဟာဥပရာဇာ တိုက်ပွဲကျရခြင်းဖြစ်သည်။ ဤအကြောင်းနှင့် ပတ်သက်၍ မြန်မာ့သမိုင်း စာအုပ်များတွင် အမျိုးမျိုး ရေးခဲ့ကြသည်။

ဦးကုလား မဟာရာဇဝင်ကြီး (ရာပြည့်မူ ၂၀၀၆) တတိယအုပ် စာမျက်နှာ (၉၃-၉၄)မှ ရေးသားချက်တွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ ဦးကျော်ဝင်း တည်းဖြတ်သော တွင်းသင်းတိုက်ဝန် မဟာစည်သူ၏ မဟာရာဇဝင်သစ်(တောင်ငူဆက်) ဒုတိယတွဲ စာမျက်နှာ (၂၂၆)မှ ရေးသားချက်တွင်လည်းကောင်း၊ မှန်နန်းမဟာရာဇဝင်တော်ကြီး တတိယတွဲ (၁၉၉၃) ခုနှစ်၊ ပဉ္စမအကြိမ် ပုံနှိပ်မှု စာမျက်နှာ (၉၃-၉၄)မှ ရေးသားချက်တွင်လည်းကောင်း ရာဇဝင်စာအုပ် သုံးအုပ်လုံးတွင် မှတ်တမ်းတင်ထားချက်များမှာ…

'လူနှင့် ဆင်အမည်များ ခေါ်ဝေါ်သံသာ ကွဲသည်။ အကြောင်းရင်းမှာ မဟာဥပရာဇာ၏ ဆင်ကို ဇာမရိုးစား၏ ဆင်က ငွေ့သဖြင့် မဟာဥပရာဇာ ဆင်ပေါ်တွင် အနေအထားပျက်နေစဉ် ယိုးဒယားက လွှတ်လိုက်သော စိန်ပြောင်းသင့်၍ ဆင်ဦးတွင်ပင် ဆုံးသည်'

ဟူ၍ဖြစ်၏။ ဤသည်ကား မြန်မာတို့ဘက်မှ သမိုင်းအရ သိရှိရသော အချက်ဖြစ်သည်။

ကုန်းဘောင်ခေတ်တွင် ရေးသားသော 'ယိုးဒယားရာဇဝင်' ပေမူတွင်မူ…

'ချွန်းတန်းနှင့်ခုတ်၍ ဟံသာဝတီ ဥပရာဇာ ဆင်ဦးတွင် အနိစ္စရောက်သည်။'

မဟာဥပရာဇာ၏
ဆင်ကို
ဇာမရိုးစား၏
ဆင်က
ငွေ့သဖြင့်
မဟာဥပရာဇာ
ဆင်ပေါ်တွင်
အနေအထား
ပျက်နေစဉ်
ယိုးဒယားက
လွှတ်လိုက်သော
စိန်ပြောင်းသင့်၍
ဆင်ဦးတွင်ပင်
ဆုံးသည်'

ဟု ရေးထားသည်ကို တွေ့ရပါသည်။

သို့ဖြစ်၍ ဟံသာဝတီဥပရာဇာ ကံတော်ကုန်ရခြင်းသည် မြန်မာရာဇဝင်တို့အရ ယိုးဒယားကပစ်လိုက်သော စိန်ပြောင်းသင့်၍ ဆင်ဦးတွင် ကံတော်ကုန်ရသည် ဆိုသည့်အကြောင်းနှင့် ယိုးဒယားရာဇဝင်ပေမူအရ ချွန်းတန်းနှင့်ခုတ်၍ ဟံသာဝတီဥပရာဇာ ဆင်ဦးတွင် အနိစ္စရောက်သည့်အကြောင်းဟူ၍ နှစ်မူကွဲနေပါသည်။

သို့သော် မကြာသေးမီက ဖတ်ရသော Barend Jan Terwiel ရေးသည့် Journal of the Siam Societv. Vol. 101. 2013 မှ 'What Happened at Nong Sarai? Comparing Indigenous and European Sources for Late 16th Century Siam' ဆောင်းပါးတွင် Barend Jan Terwiel (ဘာရင်းဂျင်တာဝယ်လ်)က-‐

'ခရစ်နှစ် ၁၅၉၃ ခုနှစ် Nong Sarai (မြန်မာက ဖွယ်ရသိမ်ဟု ခေါ်သည်။) ရပ်တွင် Naresuan(မြန်မာက နာရဲစွမ် (သို့) ဖြနရစ်ဟုခေါ်သည်။)နှင့် မြန်မာအိမ်ရှေ့မင်းတို့၏ ဆင်စီးချင်းထိုးပွဲ' အကြောင်းကို ယိုးဒယား ရာဇဝင်များတွင် အမျိုးမျိုး ဖော်ပြကြသည်။ ထိုသို့ ဖော်ပြရာ၌ ဤအဖြစ်အပျက်နှင့် ပတ်သက်၍ အကြောင်းအရာ အနည်းဆုံး ကွာခြားချက် ဆယ်ခုမက ရှိသည်။ ထိုသို့ အကြောင်းအရာ ဆယ်ခုမက ကွာခြားမှုသည် ယိုးဒယား၊ မြန်မာ၊ ဥရောပနှင့် ပါရှန်(ယခု အီရန်)စာရေးဆရာတို့ ရေးသားချက်များကြောင့်ဖြစ်သည်။

ယိုးဒယားရာဇဝင် ရှေ့ပိုင်းကို အထူးလေ့လာသော ပညာရှင်များက ဤအဖြစ်အပျက်နှင့်ပတ်သက်၍ ပထမ ပေါ်တူဂီတို့က သူတို့အမြင်ကို ရေးသည်။ ထို့နောက် ပါရှန်၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂျာမန်နှင့် ဒတ်ချ်တို့က လေ့လာ၍ရေးသည်။ ထို့ကြောင့် မူကွဲများဖြစ်ရသည်ဟု ပြောပါသည်။

၁၆-၁၇ ရာစုများတွင် ယိုးဒယားကိုလာသော နိုင်ငံခြားသမိုင်းရေးသူများ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည့် မှတ်တမ်းမှတ်ရာများ ရှိသည်။ ထိုသူတို့အထဲတွင် သံတမန်များ စွန့်စားလာရောက်သူများ၊ သာသနာရေးဝန်ထမ်းများ၊ စီးပွားကုန်သည်များ ဆရာဝန်များနှင့် ရေလမ်းမှလာသူများ ပါဝင်သည်။ အချို့က အယုဒ္ဓယတွင် နှစ်ပေါင်းများစွာ နေထိုင်ပြီးမှ ရေးသားသူများဖြစ်၏။ ထို့ကြောင့် မြန်မာဘုရင်ဥပရာဇာနှင့် ဗြနရစ်တို့ စီးချင်းထိုးသည့် စစ်ပွဲတစ်ပွဲနှင့် ပတ်သက်၍ မူကွဲ ၁၀ ခုခန့် ရှိသည်ဆိုခြင်းဖြစ်၏။

ထိုမူကွဲ ၁၀ ခုထဲမှ စာရေးဆရာ တာဝယ်လ် ရွေးချယ်လိုက်သည့် 'ဖွယ်ယိမ်ရပ်မှ စီးချင်းထိုးပွဲ'အကြောင်းကို ဖော်ပြပါမည်။ တာဝယ်လ်က ယိုးဒယား ကျောင်းသုံးစာအုပ်များတွင် ဖော်ပြသည့် ထိုစီးချင်းထိုးပွဲ အကြောင်းမှာ အယုဒ္ဓယရာဇဝင်ကို အခြေခံထားခြင်း ဖြစ်သည်ဟု ဆို၏။ ဆက်၍…

'မြန်မာဘုရင်က ယိုးဒယားပုန်ကန်မှုကို နှိမ်နင်းရန် စစ်တပ်လွှတ်လိုက်သည်။ မြို့တော် အယုဒ္ဓယနှင့် မနီးမဝေးတွင် နှစ်ဖက်စစ်တပ်များ ရင်ဆိုင်တွေ့သည်။ ယိုးဒယားမင်းသား ဗြနရစ်က ထိုပုန်ကန်မှုကို ဦးဆောင်ခြင်းဖြစ်၏။ ဗြနရစ်သည် သူ၏ ဆင်တော်ကို စီး၍ ရဲဝံ့စွာ ထွက်လာပြီး မြန်မာတို့ဘက်သို့ နှစ်ဦးတည်း စီးချင်းထိုးရန် အာယ်လောင်စွာ ကြိမ်းဝါးလိုက်သည်။ သူ၏ ရဲရဲဝံ့ဝံ့စကားမှာ…

'မည်သို့ပင်ဖြစ်စေ နောင်တော်သည် သစ်ပင်ရိပ်အောက်တွင် ရောက်နေခြင်းဖြစ်သည်။ ရှေ့ထွက်လာပါ၊ ရှေ့ထွက်လာတော်မူပါ၊ ရှေ့ထွက်လာတော်မူပြီး နှစ်ပြည်ထောင်၏ ဂုဏ်သိက္ခာအတွက် အချင်းချင်း ဆင်နှင့် စီးချင်းထိုး၍ တိုက်တော်မူကြရအောင်'

ဟု ပြောလိုက်သည်။ ထိုသို့ဖြင့် ယိုးဒယားမင်းသားသည် မြန်မာအိမ်ရှေ့ဥပရာဇာ သူ၏ ဖိတ်ခေါ်ချက်ကို လက်ခံက အရှက်ကွဲရန် စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။ ယိုးဒယားမင်းသား၏ ဆင်သည် မှန်ယို၍ ရန်သူရှိရာသို့ တစ်ဟုန်ထိုး ထွက်သွားသည်။ မြန်မာအိမ်ရှေ့ဥပရာဇာသည် သူ၏ လှံရှည်ဖြင့်လှမ်းထိုးသည်။ သို့သော် ဗြနရစ်က လှည့်၍ ရှောင်လိုက်သဖြင့် မထိပါ။ ဗြနရစ်က သူ၏ဓားဖြင့် ခုတ်လိုက်ရာ မြန်မာအိမ်ရှေ့ဥပရာဇာ၏ ညာဘက်ပခုံးတွင် ထိသွားသည်။ ရင်ဘတ်တွင်လည်း နက်ရှိုင်းသော ဒဏ်ရာရသွား၏။ ထိုအချိန်တွင် ဗြနရစ်၏ ဆင်ထိန်းသည် ရန်သူ၏ သေနတ်ဒဏ်ရာ ထိ၍ သေလေ၏။ ဗြနရစ်၏ညီတော် (ဘုရင်လောင်း Ekathotsarot) သည် မြန်မာစစ်သူကြီး ဗိုလ်ချုပ်ကြီး Mangca Charo နှင့် ပြန်၍ တိုက်ရာ အနိုင်ရရှိလိုက်သည်။ ယိုးဒယားစစ်တပ်သည် ရှေ့သို့ တစ်ဟုန်ထိုးတိုး၍ ခုတ်ထစ်ပြီး တိုက်ခိုက်ရာ ရန်သူမြန်မာတို့သည် ရှုံး၍ နောက်ဆုတ်ရသည်။ နောက်ဆုံး မြန်မာတို့သည် ယိုးဒယားပိုင်နက်တွင် မရှိတော့ချေ။'

ဟူ၍ ဖော်ပြခဲ့သည်။ ဤသို့ ဖော်ပြချက်များနှင့်ပတ်သက်၍ ထူးမခြားနား ဖော်ပြချက်များလည်းရှိသည်။

ထိုဖော်ပြချက်များနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာ များစွာရှိသည်။ စစ်ပွဲကြီးတစ်ပွဲ မန္ဒခင် နှစ်ဦးတည်း စီးချင်းထိုးရန် စိန်ခေါ်ခြင်းသည် စစ်ပွဲတစ်ပွဲ၏ အရှုံးအနိုင်ကို ဆုံးဖြတ်ရန် ဖြစ်လေသလော။ ယခုမူ နှစ်ဦးချင်း စီးချင်းထိုးပွဲမဟုတ်ဘဲ နရဲစွမ်နှင့် မြန်မာအိမ်ရှေ့မင်းသားသာမက နရဲစွမ်၏ ညီတော်နှင့် မြန်မာစစ်သူကြီးတို့လည်း ပါနေသည်။ ဤမျှနှင့် စစ်ပွဲပြီးသွားခြင်းမှာ နရဲစွမ်၏ အသာရဘက်မျှသာဖြစ်သည်။ သို့သော် ယိုးဒယားရာဇဝင်အရ နရဲစွမ်သည် 'သူ၏စစ်သူကြီး ၁၅ ယောက်တို့ကို သူနှင့် မြန်မာအိမ်ရှေ့ဥပရာဇာတို့ နှစ်ဦးချင်း စစ်ထိုးခိုင်းရပါမည်လော။ ထိုသို့ စီးချင်းထိုးခိုင်းသည်ကို ကြည့်နေပြီး အဖြေကိုစောင့်နေသည့်အတွက် ကြီးလေးသော အပြစ်ပေးချင်သည်'ဟု ရေးသားထားသည်လည်းရှိသည်။ ထိုရေးသားချက်များကိုကြည့်လျှင် နရဲစွမ်သည် တစ်ဦးတည်းကျန်ခဲ့၍ ဤသို့ဖြစ်ပုံရသည်။ သူတစ်ဦးတည်းက လူစွမ်းကောင်းလုပ်၍ နှစ်ဦးတည်း စီးချင်းထိုးခြင်းကို စိန်ခေါ်ခြင်းမဟုတ်ဟူ၍ဖြစ်၏။ ထိုအဖြစ်အပျက် ဖြစ်ပြီး ၄၇ နှစ်အကြာ ခရစ်နှစ် ၁၆၄၀ ခုနှစ်တွင် အယုဒ္ဓယ၌နေသော ဒတ်ချ်တစ်ဦးက ယိုးဒယားရာဇဝင်ကိုတွေ့ရာ နှစ်ဖက်စစ်ပွဲအကြောင်း ဖော်ပြချက်သည် မတူညီပေ။

နှစ်ဖက်စစ်တပ် ရင်ဆိုင်တွေ့ကြသောအခါ မြန်မာအိမ်ရှေ့မင်းသားသည် နရဲစွမ်၏ ဆင်ထက် ပို၍ကြီးသော ဆင်ကိုစီး၍ ထွက်လာသည်။ ထိုသည်ကို မြင်လျှင် ယိုးဒယားဆင်သည် ကြောက်ရွံ့သွားသဖြင့် ထွက်ပြေးသည်။ နရဲစွမ်က မျက်ရည်ရွဲလျက် သူ၏ဆင်ရဲရင့်ရန် ရှိခိုးဆုတောင်းသည်။ ပြီးနောက် ရေမန်းဖြင့် ဖျန်းသည်။ ထိုအခါ သူ၏ဆင်သည် ရဲရင့်လာပြီး အံ့ဩစွာပင် မြန်မာအိမ်ရှေ့မင်းသား၏ ဆင်ကို တစ်ဟုန်တည်းထိုးရာ မြန်မာဆင်နှာမောင်းတွင် ထိခိုက်သွားသည်။ ထိုအချိန်တွင် ယိုးဒယားမင်းသားက မြန်မာအိမ်ရှေ့မင်းသားကို ခေါင်းကို လှမ်း၍ ဓားဖြင့်ခုတ်သည်။ သေသည်အထိ အကြိမ်ကြိမ်ခုတ်သည်။ ယိုးဒယားမင်းသား၏ ကိုယ်ရေးအရာရှိက မြန်မာအိမ်ရှေ့မင်းသားဆင်၏ နောက်ထိုင် ပေါ်တူဂီလူမျိုးကိုလည်း ခုတ်သည်။ မြန်မာစစ်တပ်သည် ဆုတ်သွားရပြီး မြန်မာစစ်သားအချို့ကို သတ်ပစ်ကာ အချို့ကို ဖမ်းဆီးသွားသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ရှေးဟောင်းအကျဆုံး မှတ်တမ်းမှတ်ရာတွင် ကွာခြားချက်များရှိသည်။ ပထမဦးဆုံး ဖော်ပြချက်မှာ နရဲစွမ်က မည်သို့မျှ စိန်မခေါ်ခဲ့ကြောင်း၊ ထို့ကြောင့် နှစ်ဦးချင်း တိုက်ရန် သဘောတူညီမှု မရှိကြောင်း၊ ဒုတိယ နရဲစွမ်၏ညီတော်နှင့်ပတ်သက်၍ မပါကြောင်း၊ တတိယမှာ မြန်မာအိမ်ရှေ့မင်းသားနောက်ထိုင် ပေါ်တူဂီလူမျိုးသာလျှင် သေဆုံးကြောင်း၊ နရဲစွမ်၏ နောက်ထိုင် သေဆုံးခြင်းမဟုတ်ချေ။

www.burmeseclassic.com

ရှေးအကျဆုံး ယိုးဒယားရာဇဝင်ဖြစ်သော Luang Prasert ရာဇဝင်တွင် ခရစ်နှစ် ၁၆၈၀ ခုနှစ်၌ နန်းတွင်းအထက်တန်း နက္ခဗေဒပညာရှင်က ရေးသားထားချက်မှာ အဓိက မှတ်တမ်းတင်ရန် အချက်ပင်ဖြစ်သည်ဟု စာရေးဆရာ တာဝယ်လ်က ဆို၏။

'ခရစ်နှစ် ၁၅၉၃ အရဏ်တက်တွင် နရဲစွမ်သည် သူ၏ အဓိကဆင်တော်ဖြစ်သော Phraya Chayanuphap ကိုစီး၍ မြန်မာအိမ်ရှေ့မင်းသားကို တိုက်ရန် Nongsarai ခရိုင်သို့ ထွက်သွားသည်။ ထိုအချိန်သည် မင်္ဂလာရှိသော အချိန်မဟုတ်ပါ။ ယိုးဒယားခေါင်းဆောင်သည် ညာဘက်လက်တွင် ဒဏ်ရာအနည်းငယ်ရသွားသည်။ မြန်မာအိမ်ရှေ့မင်းသား ဆင်စီး၍ ရှေ့သို့တိုးလာသောအခါ သူ၏ခေါင်းဆောင်း ကျွတ်ကျသွား၍ ပြန်ဝတ်ရန် ကောက်ပေးဖို့ အမိန့်ပေးသည်။ ထိုအချိန်တွင် မြန်မာအိမ်ရှေ့မင်းသား စီးချင်းထိုးရင်း သူ၏ဆင်ပေါ်၌ ကျဆုံးသည်။ ထိုစီးချင်းထိုးပွဲ၌ ယိုးဒယားဘက်မှ အဓိကဆင်တော် Phraya Chayanuphap အမည်ကို Chao Phraya Praphongsa ဟု အမည်ပြင်၍ ခေါ်သည်။(အဓိပ္ပာယ်မှာ မြန်မာပြည်ကို တိုက်ခိုက်အနိုင်ရသော အလွန်ဂုဏ်ပြုအပ်သူ)' ဟူ၍ဖြစ်၏။

၁၅၉၅ ခုနှစ်တွင် Nongsarai ၌ ယိုးဒယားတို့အား စစ်ပွဲနိုင်စေခဲ့သော အထက်ပါဆင်ကြီးသည် သေသဖြင့် ဆင်ကြီး၏ ဈာပနတွင် ယိုးဒယားဘုရင်သည် အသည်းကွဲလောက်အောင် စိတ်ထိခိုက်ပြီး နိုင်ငံတော်ဈာပနအဖြစ် ကျင်းပစေခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နရဲစွမ်သည် ထိုသတ္တဝါကြောင့်သာ သူ့အသက်ရှင်၍ ယိုးဒယားဘက်မှ စစ်နိုင်စေခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

အမျိုးမျိုးအဖုံဖုံ ကွဲပြားနေသော ယိုးဒယားရာဇဝင် မှတ်တမ်းများအနက် ထူးခြားသည့် မှတ်တမ်းတစ်ခုမှာ ပေါ်တူဂီ Antonio Bocarro ရေးသည့် မှတ်

ကုန်းဘောင်ခေတ်တွင်
ရေးသားသော
'ယိုးဒယားရာဇဝင်'
ပေမူတွင်မူ...
'ချွန်းတန်းနှင့်ခုတ်၍
ဟံသာဝတီ ဥပရာဇာ
ဆင်ဦးတွင်
အနိစ္စရောက်သည်။'
ဟု ရေးထားသည်

တမ်းဖြစ်သည်။

'ယိုးဒယားဘုရင်က ဆင်ဖြင့် နှစ်ဦးချင်း စီးချင်းထိုး၍ တိုက်ရန် မြန်မာမင်းသားဘက်သို့ အကြံပြုလိုက်သည်။ လူအများ သေကြေပျက်စီးမှုမှ ကာကွယ်ရန်ဖြစ်၏။ သူ၏ စစ်သူကြီးများနှင့် အကြံပေးသူများကို မတိုင်ပင်ဘဲ တစ်ဦးတည်း သူ၏ ခမည်းတော်လက်ထက်မှ စီးခဲ့သည့် ဆင်တော်ကို စီး၍ ထွက်တော်မူကာ အယုဒ္ဓယနေပြည်တော် အနီးမှ မိုင်အနည်းငယ်တွင် ရပ်၍စောင့်သည်။ သူ၏စစ်တပ်မှာ နောက်၌ရှိသည်။ တပ်သား ၅၀၀က ဆင်များပေါ်တွင် စီး၍လည်းကောင်း၊ မြင်းစီးတပ်သား ၁၀၀၀၀ ကလည်းကောင်း၊ ခြေလျင်တပ်သား ၅၀၀၀၀ ကလည်းကောင်း ပါလာသည်။ တစ်ဖက်မှ မြန်မာအိမ်ရှေ့မင်းသားသည် ကျောက်မျက်ရတနာများနှင့် ရွှေကုန်းနီးလွှမ်းထားသော ဆင်တော်လေးစီးကို စီး၍ ထွက်တော်မူလာသည်။

မြန်မာမင်းသားက တစ်ဖက်မှ ... တပ်ကိုမြင်သောအခါ သူ့မြန်မာတပ်... ဖယ်ခိုင်းသည်။ တစ်ဖက်ရန်သူ... ရောက်ရန်ဖြစ်၏။ ထို့နောက် ရှေ့... တက်၍ တိုက်ခိုက်ရာ ယိုးဒယားစစ်... ကြီးတစ်ယောက်ကို သတ်လိုက်သည်... နောက်တစ်ဖန် ယိုးဒယားတပ်များ... တက်လာသော်လည်း မနိုင်ပါ။ ထို... တွင် နရဲစွမ်က သူ၏ ဆင်တော်... ပေါ်လာသည်။ အသည်းအသန် တိုက်... ခိုက်ကြရာ မြန်မာမင်းသားက တစ်ဖက်... ရန်သူကို ပုဆိန်ဖြင့် ခုတ်၍ ဒဏ်ရာရ... သည်။ ယိုးဒယားမင်းသားသည် ... အရေးနိမ့်တော့မည်ကို သိသဖြင့် သူ၏ ပေါ်တူဂီတပ်သားနှစ်ဦးကို ခေါ်၍ ... ခိုင်းသည်။ သေနတ်သံတစ်ချက် ကြား... လိုက်ရ၏။ (ပေါ်တူဂီတို့ထံမှ လာခြင်း... ဖြစ်သည်။) ထို့ကြောင့် မြန်မာအိမ်ရှေ့... မင်းသားသည် ဆင်ဦးတွင် ထိုင်လျက်... ဒဏ်ရာရသွားသည်။ ယိုးဒယားမင်း... သားက ဆင်ဖြင့် ထိုးဝင်လာပြီး မသေ... ခင် သူတို့ခေါင်းဆောင် ကျဆုံးသွား၍ မည်သို့လုပ်ရမှန်း မသိဖြစ်နေသည့် မြန်မာစစ်သားများကို သူ၏တပ်နှင့် ဖိ၍ တိုက်ရာ နောက်သို့နှစ်မိုင်ခန့် ဆုတ်သွားရသည်။ ထို့ကြောင့် ယိုးဒယားဘက်မှ ကျေနပ်သွားသည်။'

ပါရှန်(အီရန်)တစ်ဦးရေးသည့် မှတ်တမ်းတွင်...

'ဘုရင်ခံ၏သား(နရဲစွမ်)က ဆင်တော်ပေါ်မှ သူ၏ နှင်တံနှင့် ထိုးရန်ပြု... စဉ် မြန်မာမင်းသားသည် ဆင်ပေါ်မှ ကျ၍ သေသည်။'

ဟု ရေးထားသည်။ အထက်ပါ... ဖော်ပြချက်အားလုံးကို ဘေးဖယ်ပြီး စာရေးဆရာ တာဝယ်လ်က ဥရောပများ... ရေးသည့် မှတ်တမ်းနှင့် ပါရှန်(အီရန်) ရေးသည့် မှတ်တမ်းနှစ်ခုကို ပေါင်းစပ်ပြီး ဖော်ပြလိုက်သည်မှာ....

'ခရစ်နှစ် ၁၅၉၃ ခုနှစ် ဖေဖော်... ဝါရီလတွင် မြန်မာစစ်တပ်ကြီး အယုဒ္ဓယသို့ ချီတက်လာသည်။ နရဲစွမ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ညီတော်(Ekathotsarot)တို့နှစ်ဦးက ဦးစီး ၁၅ ယောက်နှင့် နေပြည်တော် ရောက်ခင် ခုခံကာကွယ်မည်ဟု ဆုံး ကြသည်။ နရဲစွမ်စီးသည့် ဆင်မှာ နားကွပ်မရ၍ ရှေ့သို့ သိပ်မထွက်ချေ။ အချိန်တွင် ရောမမြန်မာစစ်ဆင်ကြီး မြန်မာအိမ်ရှေ့မင်းသား စီး၍ ရောက် ာ်မှုလာသည်။ မြန်မာအိမ်ရှေ့မင်း သား တစ်ဖက်တစ်ချက်တွင် စစ်ဦးစီး ဦးကလည်း သူတို့၏ ဆင်စီး၍ ပါ ၏။ ထိုအချိန်တွင် မြန်မာဗိုလ်ချုပ် တစ်ယောက်သည် နရဲစွမ်ဆင်သည် မာအိမ်ရှေ့မင်းသား ဆင်အနီးသို့ းကပ်လာ၍ သူစီးသည့် မုန်ယိုနေ ာဆင်၏ မျက်လုံးကို ဖုံးအုပ်ထား င်းမှ ဖယ်ရှားလိုက်ရာ ထိုဆင်သည် မာအိမ်ရှေ့မင်းသား၏ဆင်ကို ဇွေ့ ည်။ ထိုအချိန်၌ မြန်မာအိမ်ရှေ့မင်း းသည် ဆင်ပေါ်၌ အနေအထားပျက် ားသည်။ နရဲစွမ်က ဖြစ်နေသည့် ခြင်းအရာကို ချက်ချင်းမြင်ပြီး အနီး ပ်ရန် အခွင့်အရေးယူလိုက်သည်။ နီးကပ်သည်နှင့် နရဲစွမ်ကိုယ်တိုင်(သို့ မဟုတ် သူ၏ နောက်ထိုင်၊ ပေါ်တူဂီတစ် ဦးလည်းဖြစ်နိုင်သည်)က သေနတ်ဖြင့် ပစ်သောကြောင့် မြန်မာအိမ်ရှေ့မင်းသား အပြင်းအထန် ဒဏ်ရာရသွားသည်။ နရဲ စွမ်နှင့် ညီတော်တို့သည်လည်း သူတို့ ကိုယ်သူတို့ အခြေအနေအရပ်ရပ်မှ ကယ်တင်လိုက်ရသည်။ မြန်မာအိမ်ရှေ့ မင်းသား ကျဆုံးရသဖြင့် မြန်မာတို့ဘက် မှ အရှုံးပေးပြီး နောက်ဆုတ်သွားသည်။

ဤအခြင်းအရာတို့ကို ထောက်ပြီး နရဲစွမ်သည် နှစ်ဦးချင်း စီးချင်းထိုးရန် စိန်မခေါ်ခဲ့၊ မြန်မာအိမ်ရှေ့မင်းသားသည် နရဲစွမ်၏ လက်ချက်နှင့်မဟုတ်ဘဲ ကြား လူ၏ သေနတ်ပစ်မှုကြောင့် သေဆုံးရ သည်။ ယိုးဒယားရာဇဝင်၌ နရဲစွမ်က ပင် ချွန်းတန်းနှင့်ခုတ်၍ မြန်မာအိမ်ရှေ့ မင်းသား ကျဆုံးရသကဲ့သို့ဆိုသော် လည်း မြန်မာတို့ဘက်နှင့် ဥရောပသား များ မှတ်တမ်းက အမှန်တကယ် ဖြစ် ပျက်ခြင်းနှင့် ပို၍ နီးစပ်လေသည်။

ဟူ၍ ရေးသားဖော်ပြခဲ့သည်။

ထို့ကြောင့် မြန်မာမဟာဥပရာဇာ နှင့် ယိုးဒယားဖြနရစ်တို့ ဆင်စီးချင်း တိုက်ပွဲနှင့်ပတ်သက်၍ ယိုးဒယားတို့က သူတို့၏ ဖြနရစ်ကို မြန်မာအိမ်ရှေ့ဥပရာ ဇာအား သတ်လိုက်သည့် သူရဲကောင်း ကြီးအဖြစ် အထင်ရောက်နေကြသည်။ မြန်မာတို့အနေဖြင့်မူ နှစ်ဦး ဆင်စီးချင်း ထိုးရာ၌ တစ်ဦး၏လက်ချက်နှင့် သေမှ သာ သေသူက ရှုံး၍ ရှင်သူက နိုင်သည် ဟု ယူဆကြပါသည်။ မြန်မာမဟာဥပ ရာဇာ ကျဆုံးခြင်းသည် မြန်မာ့ရာဇဝင် အရ ယိုးဒယားပစ်လိုက်သော စိန်ပြောင်း သင့်၍ဟု သိရသဖြင့် မူလကတည်းက ပင် ဖြနရစ်အပေါ် အထင်မကြီးကြပါ။ ယခုကဲ့သို့ Barend Jan Terwiel ရေး သည့် ဆောင်းပါးအရ မဟာဥပရာဇာ ကျဆုံးရခြင်းမှာ ဆင်ချင်း စီးချင်းထိုး ရာ၌ မိန်းမဉာဏ်ဖြင့် အနီးကပ်၍ ဖြနရစ် ကိုယ်တိုင်(သို့မဟုတ်) သူ၏ နောက်ထိုင် ပေါ်တူဂီက သေနတ်ဖြင့် ပစ်၍ ဖြစ်သည်ဟု သိရသောကြောင့် ဖြနရစ်အပေါ် ပို၍ပင် အထင်သေးရပါ သည်။ ■

မောင်သန်းဆွေ၊ထားဝယ်၊

Dictionary for All

သာလွန်

THALUN
Bookstore
Yangon

အင်္ဂလိပ် - မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်

၁၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈

၅၂၅၊ ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၄၂၀၃၈၊ ၃၈၂၂၈၀

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၉၉၂၂၉

www.burmeseclassic.com



# စာကောင်းကင်က လင်းလက်ကြယ်

graphic design by aung kyaw

နေမဝင် အင်ပါယာကြီး
ထူထောင်လိုတဲ့ စိတ်အခြေခံ
ကိုယ်တိုင်က ကျူးကျော်စစ်ကို
ဖန်တီးလိုတဲ့ ဗြိတိသျှရဲ့ စိတ်အခြေခံ
ဖြစ်ပါတယ်။ ဒါကြောင့်လည်း
၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်တွေမှာ
မြန်မာနိုင်ငံကို အပြစ်ရှာ
တိုက်ခိုက်သိမ်းပိုက်လိုက်ပါတယ်။
အဲဒီအချိန်ကစပြီး ကိုယ့်မင်းကိုယ့်ချင်းနဲ့
နေလာခဲ့တဲ့ မြန်မာနိုင်ငံရဲ့
အချုပ်အခြာအာဏာဟာ ပျောက်ဆုံးပြီး
ကျွန်ပြုခံခဲ့ရပါတယ်။ ဒီအချိန်မှာ
မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့ကို
တော်လှန်ခဲ့ကြတယ်။ အဲဒီထဲမှာ
အထူးထင်ရှားတဲ့
တော်လှန်ရေးသမားတွေကတော့
ပုဂံက ဗိုလ်ချို၊
ပုပ္ပားက ဗိုလ်နက်ကျော်၊
ဝန်းသိုက ဦးအောင်မြတ်၊
ရွှေဘိုက ထိပ်တင်မှတ်၊
ကျောက်ဆည်က ဗိုလ်သာကျွန်၊
ဆင်ဖြူကျွန်းက ဦးဥတ္တမ၊
ဝဲလောင်က ဗိုလ်ရာညွန့်၊
ကျွန်းခင်းကြီးက ဗိုလ်လှကျော်၊
မင်းတုန်းက ဗိုလ်ရွှဲ၊ ဇီးပင်ကြီးက မြင်စိုင်းသား၊
ရှိမ္ဗကားက ဗိုလ်ရိုင်း၊
နတ်မောက်က ဗိုလ်မင်းရောင်တို့ ဖြစ်ပါတယ်။
ဒီတော်လှန်ရေးခေါင်းဆောင်တွေဟာ

www.burmeseclassic.com

www.burmeseclassic.com

ကေမြူးဟာ သူ ရေးတဲ့ ဆောင်းပါးတိုင်းကို သုတေသနပြုလုပ်ပြီး
ခိုင်ခိုင်မာမာတင်ပြလေ့ ရှိပါတယ် ဒီဆောင်းပါးမှာလည်း
ဗိုလ်မင်းရောင်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုသမိုင်းကို အကိုးအကား
အထောက်အထားများနဲ့ ရေးသားတင်ပြထားပါတယ်





www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်ရေးလမ်းစကို ထွန်းညှိပြခဲ့ကြတဲ့ မမေ့သင့်၊ မမေ့အပ်တဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပါတယ်။

ဗြိတိသျှအစိုးရဟာ သူတို့ရဲ့အာဏာကို ထိပါးလာမယ့် ဘယ်သူ့ကိုမဆို သိမ်းသွင်းစည်းရုံးမယ်၊ ရာထူး ဌာနန္တရတွေ ပေးမယ်။ မြန်မာသစ္စာဖောက်တွေကို မွေးပြီး တော်လှန်ရေးကို နည်းအမျိုးမျိုးနဲ့ ချိုးနှိမ်ဖျက်ဆီးပစ်လေ့ ရှိပါတယ်။

နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းမှာ ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းကိုလည်း နည်းမျိုးစုံစည်းရုံးခဲ့ပါသေးတယ်။ ဒါပေမဲ့ ဆရာကြီးက လူမျိုးကိုသစ္စာမဖောက်၊ ဘယ်ရာထူးကိုမှ မယူခဲ့ပါဘူး။

ဒီလ ရွှေအမြုတေမှာ ဖော်ပြထားတဲ့ ကေမြူးရဲ့ **ဦးမင်းရောင်မှ မင်းကြီးရွှေရောင်၊ ဗိုလ်မင်းရောင်နှင့် ဗိုလ်လရောင်သို့** ဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့အဘိုး ဗိုလ်မင်းရောင်ရဲ့သမိုင်းဆိုင်ရာ ကိုယ်ရေးအချက်အလက်နဲ့ မျိုးချစ်စိတ်ကို သုတေသနပြုလုပ်တင်ပြထားတဲ့ ဆောင်းပါးပါ။

ဆရာ ကေမြူးဟာ သူရေးတဲ့ ဆောင်းပါးတိုင်းကို သုတေသနပြုလုပ်ပြီး ခိုင်ခိုင်မာမာတင်ပြလေ့ ရှိပါတယ်။ ဒီဆောင်းပါးမှာလည်း ဗိုလ်မင်းရောင်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုသမိုင်းကို အကိုးအကား၊ အထောက်အထားများနဲ့ ရေးသားတင်ပြထားပါတယ်။ ဦးမင်းရောင်ဟာ ဗိုလ်လရောင်မင်းသားအနေနဲ့ အင်္ဂလိပ်တွေဆီမှာ သူ့ကျွန်

> လင်းနိုင်ရဲ့
> **သေမှသိတဲ့**
> **ရောဂါ** ကို
> ညွှန်းချင်ပါတယ်
> ဒီဝတ္ထုဟာ
> ခေတ်ပြိုင်ခံစားမှု
> အားကောင်းတဲ့
> ဝတ္ထုတိုလေး
> တစ်ပုဒ်ပါ
> ဆင်းရဲရင်
> အနှိပ်စက်ခံရတယ်
> ဆိုတဲ့
> ခပ်ပေါ့ပေါ့
> အယူအဆ
> တစ်ခုက
> လက်ရှိ
> မြန်မာနိုင်ငံရဲ့
> အဖြစ်နဲ့
> သွားတူနေပါတယ်

မခံဘဲ သုံးနှစ်တိုင်တိုင် မင်းခမ်းမင်းနား၊ ထီးဖြူဖွင့်ပြီး တောင်တွင်းကြီးမြောက်ဘက် တစ်ခွင်မှာ ဘုရင်လုပ်ခဲ့ပါတယ်။ ဒီခေတ်စကားနဲ့ ပြောရရင်တော့ စင်ပြိုင်အစိုးရပေါ့။ ဆရာ ကေမြူးက ဗိုလ်မင်းရောင်ရဲ့ တော်လှန်ရေးအောင်မြင်မှုတွေကိုလည်း ရှာဖွေတင်ပြထားပါတယ်။ ဘာပဲပြောပြော လုပ်ချင်ရာလုပ်နေတာကို ငြိမ်ခံနေတတ်တဲ့ လူမျိုးမဟုတ်ကြောင်း မြန်မာတို့ရဲ့ကိုယ်စား ဗိုလ်မင်းရောင်က သက်သေထူခဲ့နိုင်တဲ့အတွက် ဗိုလ်မင်းရောင် ကျွပ်မျက်ခံရတာကိုက မြန်မာတို့ရဲ့အောင်မြင်ခြင်း ဖြစ်ပါတယ်။

ဒီလ ရွှေအမြုတေ၊ ရွှေအသစ်ကဏ္ဍမှာ ဖော်ပြထားတဲ့ဝတ္ထုတိုများကတော့ သုတအောင်ရဲ့ **ရွှေလုံး ချွေးမမွေးတော့ပါ**၊ နတ်ရဲ(ရူပဗေဒ) ရဲ့ **မိုးသည်းတစ်ည ခါးသက်အမှောင်**၊ ဆွေဖင်ဦးရဲ့ **အစုန်အဆန် မှန်ရဲ့လားနဲ့** လင်းနိုင်ရဲ့ **သေမှသိတဲ့ရောဂါ**တို့ ဖြစ်ပါတယ်။ အဲဒီအထဲက လင်းနိုင်ရဲ့ **သေမှသိတဲ့ရောဂါ**ကို ညွှန်းချင်ပါတယ်။ ဒီဝတ္ထုဟာ ခေတ်ပြိုင်ခံစားမှုအားကောင်းတဲ့ ဝတ္ထုတိုလေး တစ်ပုဒ်ပါ။ ဆင်းရဲရင် အနှိပ်စက်ခံရတယ်ဆိုတဲ့ ခပ်ပေါ့ပေါ့အယူအဆတစ်ခုက လက်ရှိမြန်မာနိုင်ငံရဲ့အဖြစ်နဲ့သွားတူနေပါတယ်။ တောသူတောင်သား လယ်သမား၊ ယာသမားတွေအနေနဲ့ မရစဖူး ရလာတဲ့ တစ်ဧကသိန်း ၅၀ ဆိုတဲ့ ဈေးရလို့ ရှိသမျှယာမြေတွေကို ရောင်းထုတ်လိုက်တယ်။ ရောင်းထုတ်တယ်ဆိုတာထက် ရောင်းလိုက်ရတယ်ဆိုတာက ပိုပြီးမှန်ပါလိမ့်မယ်။ အဲဒီမြေတွေကို နိုင်ငံခြားသားတွေကဝယ်ပြီး 'စီမံကိန်း'ခေါင်းစဉ်တပ်လုပ်ငန်းတွေ လုပ်ကြတယ်။ ရွာကလည်း အရင်နဲ့မတူဘဲပြောင်းလဲသွားခဲ့တယ်။ အဲဒီမှာ ရွှေမောင်း ပြောချင်တာက ရွာတွေအားလုံးဟာ ရွာရဲ့ရနံ့၊ ရွာရဲ့အလှအပ၊ ရွာရဲ့ဓလေ့စရိုက်တွေ ပျောက်ကွယ်သွားခဲ့တယ်။ လင်းနိုင်က သူ့ဝတ္ထုမှာ လူသေလို့မှ မြေမြှုပ်စရာ လုံးဝမြေမရှိတဲ့ ဘဝကို ရောက်သွားပုံလေးနဲ့ အဆုံးသတ်ထားပါတယ်

ဖတ်ကြည့်ပါဦး။

ဒီလ ရွှေအမြုတေဝတ္ထု
ရှည်(စ-ဆုံး)ဖြစ်တဲ့ မာ
(တောင်လုံးပြန်)ရဲ့ ဓာတ်
ဟာ ရွှေဝါရောင် တော်လှ
ရေးမှာ တပ်မတော်က လ
ဖြောင့်တပ်သားတစ်ဦး သူ့
ဘုန်းကြီးကို ပစ်သတ်လိုက်
လို့ရှုးပြီး သေသွားပုံကို
ပါးနပ်နပ်ရေးပြထားတဲ့ ဝတ္ထု
ရှည်တစ်ပုဒ်ပါ။ မာန်
ရွှေအမြုတေဝတ္ထုရှည်ဆု
ထားတဲ့ ကလောင်တစ်ချော
ပါ။ ဝတ္ထုအနုပညာလမ်း
ကျွမ်းကျင်သူ ဖြစ်ပါတယ်
ဒါပေမဲ့ အခုတလော မဂ္ဂဇင်း
စာမျက်နှာပေါ်မှာ သူ့ဝတ္ထု
တွေ သိပ်မတွေ့ရပါဘူး။
ဝတ္ထုမှာ မာန်ဟာ သူပြော
တဲ့အကြောင်းအရာကို စာ
သူ စိတ်ဝင်စားလာအောင်
ဓာတ်ပုံ ဆရာတစ်ယော
အရဏ်ဦးမြင်ကွင်းကို ဓာတ်
ရိုက်ဖို့ စီစဉ်နေတဲ့အချိန်မှာ
လာရောက်နှောင့်ယှက်တဲ့
ကွက်ကလေးနဲ့ သူ့ဝတ္ထု
စဖွင့်ပါတယ်။ ပြီးမှ တစ်
ချင်း၊ တစ်စချင်း ပဋိပက္ခ
လေးတွေနဲ့ ဒီကိစ္စကို ပြော
သွားပါတယ်။ **ရွှေဝါရောင်**
**တော်လှန်ရေးဆိုတာကို**
ဖတ်သူရင်ထဲအရောက် ဖေ
နိုင်ခဲ့ပေမဲ့ **ရွှေဝါရောင်တော်**
**လှန်ရေးဆို**တဲ့ ဝေါဟာရ
ဝတ္ထုမှာ တစ်လုံးမှ မပါခဲ့
ဘူး။ အဲဒါ သူ့ရဲ့အ
အချင်းလို့ ဆိုချင်ပါတယ်
ဖတ်ကြည့်ပါ။ ရင်နင့်စ
လေးပါ။ အမိန့်ကို နာခံခြင်း
ဘေးထွက်ဆိုးကျိုး၊
အာဏာရှင်တွေရဲ့
အကျည်းတန်



www.burmeseclassic.com

www.burmeseclassic.com

> ရွှေအမြုတေဝတ္ထုရှည်(စ–ဆုံး)ဖြစ်တဲ့ မာန်(တောင်လုံးပြန်)ရဲ့ **ခာတ်ပုံ** ဟာ ရွှေဝါရောင်တော်လှန်ရေးမှာ တပ်မတော်က လက်ဖြောင့်တပ်သားတစ်ဦး သူ့ညီဘုန်းကြီးကို ပစ်သတ်လိုက်ရလို့ရူးပြီး သေသွားပုံကို ပါးပါးနပ်နပ် ရေးပြထားတဲ့ ဝတ္ထုရှည်တစ်ပုဒ်ပါ

ကြီးကို ရေးပြထားတဲ့ ဝတ္ထုရှည်ပါ။

ဒေါင်းနေမင်းရဲ့ **ကိုယ့်ရုံးသားပေါ် တင်ပေးလိုက်တဲ့ သူတို့ရဲ့ ဒိုင်ယာယီတွေ** ဟာ စစ်ဆန့်ကျင်ရေး ဝတ္ထုတိုတစ်ပုဒ်ပါ။ ဒေါင်းနေမင်းဟာ တတ်ပညာ ရှိသူပီပီ သူ့ဝတ္ထုကို ပုံစံသစ်နဲ့ တင်ပြထားပါတယ်။ ဖတ်ကြည့်ပါ။ ငြိမ်းချမ်းရေးကို ဖော်ဆောင်သင့်တဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးလိုအပ်ချက်ကို ထင်ဟပ်ဖော်ပြထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။

ကောင်းသွန့်ရဲ့ **အရက်နဲ့ အကော်**ဟာ စိတ်ခံစား လှုပ်ရှားမှုကို ဖော်ပြထားတဲ့ ဝတ္ထုတိုပါ။ တကယ့်လူတွေကို ဇာတ်ကောင်လုပ်ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်လည်း ဖြစ်ပါတယ်။ သမီးနဲ့ လက်ထပ်မယ့် သမက်လောင်းကို ယောက္ခမက ခေါ်ယူတွေ့ဆုံတဲ့ အကြောင်းပါ။ ဝါရင့်စာလောင်တစ်ဦးမို့ ဘာမှတ်တဲ့ အကြောင်းအရာလေးကို စိတ်လှုပ်ရှား ခံစားရအောင် ရေးဖွဲ့ပြထားနိုင်ပါတယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၃ ဒီဇင်ဘာ*
*ရွှေအမြုတေ*

❑

ဒီလ ကလျာမှာ ဖော်ပြတဲ့ စံပယ်ဖြူနုရဲ့ **မြောက်ဖျားအဆောင်းရာသီ**ဟာ ကချင်ပြည်နယ်စစ်ဘေးဒုက္ခသည်တွေရဲ့ ဆောင်းရာသီဒုက္ခကို ရေးဖွဲ့ပြထားတဲ့ ဝတ္ထုတိုပါ။ စံပယ်ဖြူနုဟာ အဲဒီသူပြောချင်တဲ့အကြောင်းအရာကို အေးအေးလေးနဲ့ အက်ဆေးဆေးတစ်ပုဒ်လို စာဖတ်သူကို ပြောပြသွားပါတယ်။ တစ်နယ်တည်းက အစ်မလို ခင်မင်တွယ်တာရသူက အဲဒီခရီးကို သွားရသူမို့ သူပြန်ပြောတဲ့ အတွေ့အကြုံကို နားထောင်ရင်း မျက်ရည်ကျရပါတယ်။ 'နောင်နှစ် ကျွန်မပြန်ရင် စခန်းမှာ သွားနေဦးမယ်' လို့ ပြောလိုက်တာကို အဲဒီအစ်မက ပြောလိုက်၊ တုံ့ပြန်လိုက်တဲ့စကားကို ရွှေမောင်းကြိုက်သွားတယ်။ 'နင်ကလည်း အဲဒီလို မပြောစမ်းပါနဲ့ဟယ်၊ တော်ပြီ၊ နွေမရောက်ဘူး။ စစ်ပြီးပြီလို့ပြော။ အားလုံး အိမ်ပြန်ပြီလို့ပြော၊ ဒီဆောင်းတွင်းတစ်ခုပဲ၊ တော်ပြီ'။ ပြည်သူတွေရဲ့ ဆန္ဒက ငြိမ်းချမ်းရေးပါ။ စစ်ကို မုန်းကြပါတယ်။ ဒီဝတ္ထုလေးဟာ ပြည်သူတို့ရဲ့ဆန္ဒကို ထင်ဟပ်ဖော်ပြပေးလိုက်တဲ့ ပြည်သူ့အသံဝတ္ထုတိုလေးပါ။

အမရာ(ဆေး-၁)ရဲ့ **သတ်ပုံမှားတဲ့ကမ္ဘာ**ဟာ တစ်ခုလပ် မိခင်တစ်ဦးက သမီးကို မာကျောတဲ့နှလုံးသားပိုင်ရှင်၊ ထူးချွန်ထက်မြက်သူအဖြစ် ပုံသွင်းလာရာက ခွဲစိတ်ဆရာဝန်မကြီး ဖြစ်သွားခဲ့ပုံ၊ အဲဒီကတစ်ဆင့် သူ လိုချင်တဲ့ ရာထူးနေရာ တစ်နေရာအတွက် စတေးပုံ၊ အိမ်ထောင်ပြုပုံ၊ ကလေး မယူပုံတို့ကို အမရာက ရေးပြပါတယ်။ အမရာဟာ သူ့ဝတ္ထုကို လှလှပပ သီကုံးနိုင်ပါတယ်။ တိုင်ထိပ်ကို လှမ်းတက်နိုင်ဖို့အတွက် အသုံးချစတေးသွားပုံတို့ကိုလည်း ပီပီပြင်ပြင် ရေးဖွဲ့ပြနိုင်ပါတယ်။ ခင်ပွန်းသည်ကို နာကြည်းပြီး မာန်မာနတစ်ခုတည်းနဲ့ သမီးကို ပုံစံချပြီး ကြီးပြင်းစေခဲ့တဲ့ မိခင်တစ်ယောက်ရဲ့ အမှားကို ရေးဖွဲ့ထားတဲ့ ဝတ္ထုရှည်တစ်ပုဒ်ပါ။

*၂၀၁၄ ဇန်နဝါရီ*
*ကလျာ*

❑

ဒီလရုပ်ရှင်တေးကဗျာမှာဖော်ပြထားတဲ့ ကဲသာ (၁၉၇၀)ရဲ့ **ပုဂံကို ဘယ်သူပိုင်သလဲ**ဟာ ပထမမြန်မာနိုင်ငံအဖြစ် ဝင့်ကြွားစွာ ထူထောင်နိုင်ခဲ့တဲ့ ပုဂံကို ခရိုနီတွေ ပိုင်သလား၊ ပြည်သူတွေပိုင်သလား ဆန်းစစ်တင်ပြထားတဲ့ အမျိုးသားရေးဆောင်းပါးတစ်ပုဒ်ပါ။ ပုဂံဟာ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့ထက် သမိုင်းခေတ်အရ နောက်ကျနေပေမဲ့ ဒီပုဂံခေတ်ဟာ မြန်မာနိုင်ငံသမိုင်းမှာ မင်းဆက်အများဆုံး၊ စီးပွားရေးအတောင့်တင်းဆုံး၊ နိုင်ငံရဲ့ ဥပမိရုပ် အကောင်းဆုံးအပြင် အနုပညာလက်ရာ မြောက်ဖန်တီးနိုင်မှုနဲ့ ဗုဒ္ဓဘာသာ စတင်ထွန်းကားလာမှုတို့ကြောင့် ကမ္ဘာက လေးစားခဲ့ရတဲ့ ပုဂံ ဖြစ်ခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ပုဂံရဲ့ ဥပမိရုပ်ဟာ မှေးမှိန်သွားခဲ့ပါတယ်။

ကဲသာက ပုဂံရဲ့ ပထဝီနိုင်ငံရေး၊ ပုဂံရဲ့ ရှေးဟောင်းပုထိုးများ၊ ပုဂံရဲ့ သိမ်းပိုက်ခံရမှု စတဲ့ဖြစ်ရပ်တွေကို သူ့ဆောင်းပါးမှာ ပွင့်လင်းရဲတင်းစွာ ရေးသားဖော်ပြပြီး ပုဂံကို ဘယ်သူပိုင်သလဲလို့ မေးလိုက်ပါတယ်။ ပြီးမှ ဆောင်းပါးရဲ့ နိဂုံးမှာ ပြန်ဖြေပြသွားပါတယ်။ လူတိုင်းဖတ်ရမယ့်ဆောင်းပါးကောင်းတစ်ပုဒ်ပါ။

သန်းမြင့်သန်း(ကွမ်းခြံကုန်း)ရဲ့ **တံငါကော်**ဟာ တံငါသည်အဆင့် မရောက်ဘဲ လှေထဲမှာ အိမ်လုပ်ပြီး ရရာရေနေသတ္တဝါကို ရှာစားနေရတဲ့ ကိုဆော့နဲ့ မလှိုင်တို့ရဲ့ ဘဝဖြတ်သန်းမှုကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ဒီဝတ္ထုလေးဟာ လောကစိမ်းလေးကို ရေးပြထားတဲ့အပြင် ပစ္စည်းမဲ့ တံငါသည်မိသားစု ရင်ဆိုင်ရတဲ့ ဒုက္ခအဖုံဖုံကိုလည်း ဖော်ပြရာရောက်ပါတယ်။ ဘဝရုပ်ဖော်ဝတ္ထုတိုတစ်ပုဒ်ပါ။ ဖတ်ကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com

ဒီလ တေးကဗျာမှာ ဖော်ပြထားတဲ့ ကဗျာတွေထဲက လှိုင်းသစ်ရဲ့ **သတိပေးကြေညာချက်**ကို ညွှန်းလိုက်ပါတယ်။

*၂၀၁၃ ဒီဇင်ဘာ*
*ရုပ်ရှင်တေးကဗျာ*

❑

ဒီလ မဟေသီမှာ ဖော်ပြထားတဲ့ သဥ္ဇာလှိုင်(လားရှိုး)ရဲ့ **ကျောင်းသွားဖော်**ဟာ သူငယ်ချင်း စောသက်ငယ်ကို ရွှေပြည်သာပြန်မယ့် ကားမှတ်တိုင်မှာ ပြန်တွေ့လို့ ညီက ပြန်ခေါ်လာပြီး ရှေ့ဖြစ်နောက်ကြောင်းတွေ ပြန်ပြောပြတဲ့ အကြောင်းကို ရေးဖွဲ့ထားတာပါ။ အကြောင်းအရာက ဘာမှ မထူးဆန်းပါဘူး။ ဒါပေမဲ့ သဥ္ဇာလှိုင်က သူ့ဝတ္ထုမှာ မိသားစုနှစ်စုရဲ့ ဖြူစင်တဲ့ နှလုံးသား၊ နွေးထွေးတဲ့ ဆက်ဆံရေးသာမက ခေတ်ကိုလည်း ထည့်သွင်းရေးသားထားပါတယ်။ ဖြူဖြူစင်စင် ချစ်ခင်ခဲ့ကြတဲ့ ကျောင်းသွားဖော်လေးအကြောင်းပါ။ ဖတ်ကြည့်ပါဦး။

ဒီလ မဟေသီ ဝတ္ထုရှည်(စ-ဆုံး)က မြင့်ခေါင်ကြည်(ဒီဇယ်)ရဲ့ **ပန်းပဝါသူခြုံလို့ ကွမ်းနဝါ သူငုံလို့**ပါ။ မြင့်ခေါင်ကြည်ဝတ္ထုရဲ့ ဇာတ်လမ်းက မီးရထားဝန်ထမ်းဘဝနဲ့ ရထားပေါ်မှာ စုန်ဆန်လိုက်ရင်း တစ်နေ့ ရထားနားတဲ့အချိန် မလေးတို့ရွာကို သွားရာကစပြီး မလေးနဲ့ ရင်းနှီးချစ်ကျွမ်းဝင်ခဲ့တယ်။ ဒါပေမဲ့ ပဝါတစ်ကမ်း လက်တစ်လှမ်းကပါ။ ဇနီး၊ သားသမီးနဲ့ ဝေးနေတဲ့ အိမ်ထောင်ရှိယောက်ျားတစ်ယောက်ဆိုတာ သိလာတဲ့အခါ မလေးက ချစ်လျက်နဲ့ စွန့်လွှတ်ထွက်ခွာသွားတဲ့ဇာတ်လမ်းပါ။ စာရေးသူက ငါးစိမ်းမီးတွေ့ ရေးသားထားတာ မဟုတ်ဘဲ အတွေ့အကြုံက သီးပွင့်လာတဲ့ အကြောင်းအရာဖြစ်လို့ ထင်ပါရဲ့။ ပီပီပြင်ပြင် ရေးဖွဲ့နိုင်ပါတယ်။ ရွှေမောင်းကြိုက်တာက နှလုံးသားကိစ္စကို အလွန်အကျွံ ဦးစားပေးရေးဖွဲ့ထားတဲ့ ဇာတ်လမ်းမဟုတ်တာရယ်၊ လူဆိုတာ လူလိုတွေးပြီး ဟိုမှာဘက်အခြမ်းကို လှမ်းကြည့်နိုင်တာရယ်ကြောင့်ပါ။

> ဒေါ်ငြိမ်းနေမင်းဟာ
> အတတ်ပညာ
> ရှိသူပီပီ
> သူ့ဝတ္ထုကို
> ပုံစံသစ်နဲ့
> တင်ပြထားပါတယ်
> ဖတ်ကြည့်ပါ
> ငြိမ်းချမ်းရေးကို
> ဖော်ဆောင်
> ပေးသင့်တဲ့
> လက်ရှိ
> မြန်မာနိုင်ငံရဲ့
> နိုင်ငံရေး
> လိုအပ်ချက်ကို
> ထင်ဟပ်
> ဖော်ပြထားတဲ့
> ဝတ္ထုတိုတစ်ပုဒ်ပါ

ဆင်လှရဲ့ **လူမွဲတွေက မနေးခေတ်မီ**ဟာ မိုးခါးရေ သောက်သူတွေကြားမှာ ရိုးသားနေသူ တစ်ယောက်ရဲ့ အကြောင်းပါ။ မြန်မာနိုင်ငံကို ဖျက်ဆီးပစ်လိုက်တာက အဲဒီ မိုးခါးရေပါပဲ။ ဘယ်ခေတ်နဲ့မှ မတူတဲ့ နိုင်ငံပိုင်ပစ္စည်းအိတ်ထဲထည့်တဲ့ခေတ်၊ ဥပဒေမဲ့ အပိုင်သိမ်းတဲ့ခေတ်ကြီးကို တုံ့ပြန်ရေးသားထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ဆောင်းပါးအစနဲ့ အဆုံးမှာ ဆရာ ထက်ကျော်က သူ့ကို ချမ်းသာဖို့အကြောင်းလာပြောရင် ဆရာမြို့မငြိမ်း ပြောသလို 'ယူဂိုဆလပ်က မုန်လာဥတွေ ယူစိုက်ပါလား' လို့ပဲ ပြောလိုက်ချင်တယ်တဲ့။ ကိုယ်စွမ်းကိုယ်စ၊ လူစွမ်းလူစကြောင့် ချမ်းသာတာ မဟုတ်ဘဲ ပြည်သူလူထုပိုင်၊ နိုင်ငံပိုင် သယံဇာတတွေကို ခိုးဝှက်ယူငင်ရောင်းချပြီး ချမ်းသာနေသူတွေ တုန်လှုပ်လောက်တဲ့ စကားလေးတစ်ခွန်းပါ။ ဖတ်ကြည့်ပါဦး။

*၂၀၁၃ ဒီဇင်ဘာ*
*မဟေသီ*

❑

ဒီလ ရတီမဂ္ဂဇင်းမှာပါတဲ့ ကချင်လေး(မန်း)ရဲ့ **အသွင်ပြောင်းကောင်းကင်**ဟာ ယုံကြည်မှုမှားယွင်းခဲ့လို့ စိတ်ဖောက်ပြန်သွားကြတဲ့ လင်မယားနှစ်ယောက်တို့ရဲ့ ဘဝဖြတ်သန်းမှုကို ရေးဖွဲ့ပြထားတဲ့ ဝတ္ထုတိုလေးပါ။ ကချင်လေးဟာ ကိုဖိုးသောင်းလယ်ထဲမှာ ငါးအများကြီး ရလာတဲ့နေ့က နတ်ရုပ်တစ်ရုပ်ရလာတာက စပြီး ကိုဖိုးသောင်းနဲ့ မခင်မေ

တို့ စီးပွားဖြစ်၊ ကံကော[...] ငွေဝင်လာပုံတွေကို ရေး[...] မှ နောက်ဆုံးပျက်စီးပြီး [...] သွားပုံနဲ့ သူ့ဝတ္ထုကို နိဂုံး[...] ထားပါတယ်။ စာရေးဆ[...] က ကိုယ်ပိုင်အတွေး၊ အ[...] ယုံကြည်မှု အားနည်းသူတို[...] ကြုံတွေ့နိုင်တဲ့ အဖြစ်အပျ[...] ကို တင်ပြထားတာပါ။ [...] လောကကြီးထဲ၊ ဒီလူ့အ[...] အစည်းထဲမှာ အမှန်တက[...] ရှိနေတဲ့ အဖြစ်အပျက်ဖြစ်[...] လို့လည်း ဒီဝတ္ထုကို ညွှ[...] လိုက်ရခြင်းဖြစ်ပါတယ်။

ကြူးနှစ်ရဲ့ **ခေါင်း[...]** အပျင်းထူတဲ့ လင်မယား[...] ယောက်ရဲ့ ဘဝကို ခင်းကျ[...] ပြသထားတဲ့ ဝတ္ထုတို[...] ကြူးနှစ်ဟာ ဝတ္ထုရေး အ[...] ပညာ ကျွမ်းကျင်သူဖြစ်တော[...] မြင့်အောင်နဲ့ မိသန်းကို [...] ဖတ်သူမြင်အောင် ရေးပြ[...] ပါတယ်။ ဘဝမှာ ဘယ်လို[...] ကူညီ ကူညီ၊ ရိုင်းပင်း ရို[...] ပင်း ကိုယ်ကိုယ်တိုင်က[...] မလုပ်ရင် ဘာမှ ဖြစ်မလာ[...] ပါဘူးဆိုတာကို စာဖတ်[...] နားလည်သွားအောင် လှ[...] ပပ ရက်လုပ်ရေးဖွဲ့ပြသွား[...] တယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၃၊ ဒီဇင်ဘာ ရ[...]*

❑

ဒီလ ရန့်သစ်မှာ ပထ[...] ဦးဆုံးညွှန်းချင်တာက အယ်[...] တာအဖွဲ့ရဲ့ ဦးမင်းဒင်နဲ့တွေ[...] ဆုံခြင်းပါ။ မြန်မာ့နိုင်ငံ[...] ဟာ ဒီမိုကရေစီဆီသို့ ဦးတည်[...] လျှော်ခတ်နေတဲ့ လွတ်တော်[...] နိုင်ငံရေးပါ။ အဲဒီအချိန်မှာ[...] ဘာသာရေး၊ လူမျိုးရေး [...] ပက္ခတွေနဲ့ တိုင်းပြည်[...] မသက်ဖြစ်အောင်လုပ်ပြ[...] တော့ နောက်ကြောင်းပြန်ချ[...]



www.burmeseclassic.com

www.burmeseclassic.com

သူတွေ ရှိနေပါတယ်။ Nationalist တွေ အားကောင်းလာရင် ဘယ်လိုဖြစ်မလဲဆိုတဲ့ မေးကို ဦးမင်းဒင်က အခုလို ဖြေပါတယ်။

'ကျွန်တော်တို့ နိုင်ငံမှာ ဖြသနာက Nationalism က ယ်ချဲ့ဆန့်ကျင်ရေးပေါ်မှာ အခြေခံပြီးဖြစ်လာတဲ့အတွက် တစ်ခုခုအပေါ် ဆန့်ကျင်တဲ့ ချစ်စိတ်ကအစဉ်အလာလို ဖြစ်နေတယ်။ ဖြစ်တာက Positive ကို အခြေခံတဲ့၊ နာဂတ်တိုးတက်မှုကို အခြေခံတဲ့ Nationalism ဖြစ်သင့်တယ်။ အဲဒါကို ခေါင်းဆောင်ပိုင်းက နားလည်ထား ပိုအပ်သလို လူထုကိုပွင့်ပွင့် င်းလင်းချပြဖို့လိုမယ်လို့ ကျွန်တော် ထင်တယ်'

ပထဝီနိုင်ငံရေးအရ ရှုတ်နိုင်ငံအတွက် အရေး ပုံကို ရှင်းပြပြီးသဘာဝ တ်ငွေ့ရောင်းချမှုနဲ့ပတ်သက် ဦးမင်းဒင်က အခုလိုရှင်း ပါတယ်။

'၂၀၀၇ ခုနှစ်၊ ဩဂုတ် တုန်းက မြန်မာနိုင်ငံရွှေ သဘာဝဓာတ်ငွေ့သိုက်က တဲ့ သဘာဝဓာတ်ငွေ့ကို ရုတ်၊ အိန္ဒိယရယ်၊ တောင် ရီးယားရယ် သုံးနိုင်ငံက ပြိုင်ဝယ်ကြတယ်။ အဲဒီ တရုတ်က ဈေးအနည်း ဆုံးပေးတယ်။ မြန်မာစစ် အိုးရက ဈေးအနည်းဆုံးပေး တရုတ်ကို ရောင်းတယ်။ ဘာလို့ရောင်းသလဲ'

ဦးမင်းဒင်က ဆက် ဆက်ရှင်းလင်းပြပါတယ်။ ဘဲပြောပြော လက်ရှိနိုင်ငံ ရေး အပြောင်းအလဲမှာ ထောက်အကူပြုတဲ့ အင်

ကောင်းညွှန့်ရဲ့
**အရက်နဲ့သမက်**
ဟာ
စိတ်ခံစား
လှုပ်ရှားမှုကို
ဖော်ပြထားတဲ့
ဝတ္ထုတိုပါ
ဝါရင့်
ကလောင်တစ်ဦးမို့
ဘာမဟုတ်တဲ့
အကြောင်းအရာ
လေးကို
စိတ်လှုပ်ရှား
ခံစားရ
လေအောင်
ရေးဖွဲ့ပြထားနိုင်
ပါတယ်

တာဗျူးပါ။ ဖတ်ကြည့်ပါဦး။

ဝတ္ထုတွေထဲက ခန့်ညီဖေရဲ့ **အဖြူရောင်ပုလဲတစ်ပွင့်၏ ရာဇဝင်** ကို ညွှန်းချင်ပါတယ်။ ပန်းတစ်ပွင့်ရဲ့ရှင်သန်ခြင်းလမ်းကြောင်းကို ရေးဖွဲ့ထားလို့ပါ။ ဆရာမတစ်ဦးရဲ့ ကျောင်းသားတစ်ဦးအပေါ်ထားတဲ့စေတနာ၊ မေတ္တာကို ရေးဖွဲ့ထားတဲ့ဝတ္ထုတိုပါ။ မြန်မာနိုင်ငံကျောင်းတွေမှာ အဲဒီလို ဆရာမတွေ ပေါ်ထွက်လာပါစေလို့ ရွှေမောင်းဆုတောင်းပေးလိုက်ပါတယ်။

*၂၀၁၃၊ ဒီဇင်ဘာ၊ ရှုံ့သစ်*

❑

ဒီလ Look မှာပါတဲ့ ခေတ်သစ်မေရဲ့ **ကလေးတွေဘာကြောင့်ငိုတာလဲ** ဟာ မိခင်တိုင်းသိထားသင့်တဲ့ အချက်တွေကိုဖော်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ကလေးငိုရတဲ့အကြောင်းရင်းနဲ့ ကလေးကို ဘယ်လိုဂရုစိုက်ရမယ်ဆိုတာကို စံနစ်တကျ ရေးသားတင်ပြထားပါတယ်။ မိဘတိုင်းဖတ်သင့်တဲ့ဆောင်းပါးတစ်ပုဒ်ပါ။

*၂၀၁၃၊ ဒီဇင်ဘာ၊ Look*

❑

ဒီလပေဖူးလွှာမှာပါတဲ့ ရဲသျှမ်းရဲ့ **အိမ်ပျောက်သူ**ဟာ အဖေ၊ အမေ မရှိတော့တဲ့နောက် ညီအစ်ကိုမောင်နှမတွေ အမွေခွဲပြီး မိဘရဲ့အိမ်ကို ရောင်းချကြတော့မယ့်အခြေအနေကို ရေးဖွဲ့ထားတဲ့အက်ဆေးပါ။ ဆရာရဲသျှမ်းဟာ အက်ဆေးရေးတဲ့အခါ စာဖတ်သူရဲ့ရင်ကိုထိမှန်အောင် ရေးဖွဲ့နိုင်တဲ့သူပါ။ ဒီအက်ဆေးလေးမှာ ငယ်စဉ်ကာလ အိမ်ကလေးနဲ့ ပြောင်းလဲလာမှု၊ ညီအစ်ကိုမောင်နှမတွေရဲ့ ကြီးပြင်းရှင်သန်လာမှု၊ အသိုက်အမြုံက ပျံသန်းထွက်ခွာမှုတွေကို ဆွေးဆွေးမြည့်မြည့် ရေးပြထားပါတယ်။ မိဘနှစ်ပါး မရှိတော့တဲ့အိမ်ဟာ အသိုက်ပျက်သွားသလို ဖြစ်တဲ့အကြောင်း ခိုင်းနှိုင်း ရေးဖွဲ့ထားပါတယ်။ ဖတ်ကြည့်ပါဦး။

လှမိုးသစ်ရဲ့ **သီအိုရီမဲ့ဝတ္ထု** ဟာ ဝတ္ထုရေးနည်း ဝတ္ထုတစ်ပုဒ်ပါ။ ဝတ္ထုသဘောတရားတွေကို စာရေးဆရာက ဖော်ပြပြီး မိန်းကလေးနှစ်ယောက်သေဆုံးခြင်းကို သူ့ဝတ္ထုထဲမှာ နှိုင်းယှဉ်ရေးပြထားပါတယ်။ ဝတ္ထုတိုတစ်ပုဒ်မှာ ပါသင့်တဲ့အချက်အလက်ကိုလည်း သူ့ဝတ္ထုမှာ ဖော်ပြထားပါတယ်။

ဇော်မောင်(မတ္တရာ)ရဲ့ **တိမ်များကိုပုံဖော်ခြင်း** ဟာ တပည့်တစ်ဦးအပြစ်မဖြစ်စေဖို့ကာကွယ်စောင့်ရှောက်ပေးတဲ့ဆရာတစ်ယောက်ရဲ့ အနစ်နာခံစိတ်ကို ပုံဖော်ရေးဖွဲ့ထားတဲ့ဝတ္ထုတိုတစ်ပုဒ်ပါ။

ကျော်ညိုလွင် (ကျောက်ဆည်)ရဲ့ **ဘယ်သူတွေရှိသလဲ** ဟာ ဘယ်သူကမှ တာဝန်ပေးမထားတဲ့ကောင်းရာမွန်ရာအလုပ်ကိုလုပ်မိလို့ ရပ်ကွက်ရုံးကိုရောက်၊ အပြစ်ပြောခံခဲ့ရတဲ့ဦးဘိုးစိန်ရဲ့စိတ်ဓာတ်ကို ပုံဖော်ရေးဖွဲ့ထားတဲ့ဝတ္ထုတိုတစ်ပုဒ်ပါ။ ကျော်ညိုလွင်က သူ့ဝတ္ထုမှာ ဦးဘိုးစိန်နဲ့ယှဉ်ပြီး ဦးဘကျင်ရဲ့စရိုက်ကို ရေးဖွဲ့ပြပါတယ်။ ဒီလောကကြီး ငြိမ်းချမ်းသာယာဖို့ဆိုတာက ဦးဘိုးစိန်တို့လိုလောကကို အလှဆင်မယ့်သူတွေ လိုပါတယ်။ ခုတော့ လောကကြီးကို အိုးမဲသုတ်ပြီး အတ္တကြီးတဲ့ဦးဘကျင်လိုလူတွေက များနေလို့လည်း ဒီလောကကြီး မအေးမချမ်းဖြစ်နေတာပါ။ ဖတ်ကြည့်ပါ။ ဝတ္ထုလေးက တာဝန်ရှိတဲ့သူတွေကတောင် တာဝန်မသိဘဲ လျစ်လျူရှုထားတဲ့ကိစ္စတွေကို တာဝန်မရှိသူတွေက တာဝန်သိလုပ်ပေးပုံလေးကို ပြောပြထားပါတယ်။

*၂၀၁၃၊ ဒီဇင်ဘာ၊ ပေဖူးလွှာ*

■

**မင်္ဂလာရွှေမောင်း**


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ခင်မလေး
၈၉ နှစ်'
သတင်းစာတွင်
အမည်နဲ့ အသက်
တွဲဖက်ရေးထားတာကို
တွေ့ရရင် မြန်မာတွေ
အလိုလို
နားလည်ထားကြတယ်။
ဩော်…အန်တီမတစ်ယောက်
ဆုံးပါးသွားပါပြီလားလို့
အဝေးကသာ စိတ်မကောင်းစွာ
ခံစားလိုက်ရတယ်။
အမေလိုချစ်တဲ့အန်တီမအကြောင်း
ဆောင်းပါးလေး
ရေးဦးမယ်လို့ စိတ်ကူးထားပေမဲ့
တကယ့်လက်တွေ့မှာ ချမရေးဖြစ်ခဲ့။
ဆောင်းပါးအချို့ ရေးဖြစ်ခဲ့ပေမဲ့
အန်တီမအကြောင်း မပါ၊
'ဦးလှမိုး ၈၈ နှစ်'
ပြည်ပခရီးသွားပြီး ပြန်လာလာချင်း
ဇနီးသည်က အသိပေးတယ်။
'ဟာ…မြန်လှချည့်လားဗျာ'
ဘမောင်
ဒါပဲပြောနိုင်လိုက်တယ်။
စိတ်မကောင်းထပ်ဖြစ်ရတာကလွဲပြီး
ဒီ့ထက်ပိုလို့လည်း မတတ်နိုင်ပြန်၊
ဒီတစ်ခေါက် ပြည်ပမှာနေခဲ့တဲ့
တစ်ပတ်လုံး ခါးနာမပျောက်ခဲ့။
ကိုယ့်ကိုယ်ကို
ထိန်းထိန်းသိမ်းသိမ်းနေရင်း
အစီအစဉ်ပါအတိုင်း ဆွေးနွေးပွဲတွေကို
ပြီးအောင် တက်ရင်းနဲ့သာ
မြန်မာနိုင်ငံကို
ရောက်အောင်ပြန်ခဲ့ရတာ
ဖြစ်ပါတယ်။ အနုတ် ငါးဒီဂရီ(-5°C)
ဆိုတာက သာမန်ထက်
အများကြီးပိုတဲ့ အအေးဖြစ်တယ်။

# တစ်ကိုင်းတည်းနွားဖို့
# လိုက်သွားသည်လား

---

**နေရဇ်လင်း**

www.burmeseclassic.com

www.burmeseclassic.com

ပြန်မယ့်နေ့က နှင်းကျပြီး၊ လေပါ ပါတာကြောင့် အတော်အနေရ အထိုင်ရခက်ခဲ့ရသေးတယ်။ အသက် ၅၀ လောက်က (-11°C)ကိုမမှုခဲ့တဲ့ ဘမောင်တို့ အခု အသက်ခြောက်ဆယ်အရွယ်မှာတော့ အနုတ်ငါးဒီဂရီကို သတိမထားလို့မရတဲ့အသက်ကို ရောက်လာခဲ့ပြီဆိုတာ သတိပြုနေရပါတယ်။ ခါးနာပိုဆိုးသွားတာက ခါးကိုင်းပြီး လျှောက်ရတဲ့ ရှည်လျားတဲ့ လိုဏ်ခေါင်းတစ်ခုထဲကို လေ့လာရေးဆင်းခဲ့ရလို့ ဖြစ်တယ်။ ဟုတ်ပါတယ်၊ တောင်-မြောက်ကိုရီးယားစပ်ကြားက စစ်ဆင်ရေးအတွက် မြောက်ကိုရီးယားတို့ဖောက်လုပ်ထားတဲ့ဥမင်ရှည်ကြီးဟာ ယခုအခါ တောင်ကိုရီးယားတွေရဲ့ကမ္ဘာ့ခရီးသွားလုပ်ငန်းကို ဆွဲဆောင်ရာ နယ်မြေတစ်ခုဖြစ်ခဲ့ပါတယ်။

'ပါမွန်ဂျုံ'

*Panmunjom* လို့ ခေါ်ကြတယ်။ ဒီအမ်ဇီး *(DMZ – Demilitarization Zone)* ဆိုတဲ့ စစ်မဲ့ဇုန်လည်း ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်အပြီး တောင်နဲ့မြောက်ကိုရီးယားနှစ်နိုင်ငံ ကွဲပြားခြားနားခဲ့ကြတယ်။ တစ်ဖက်နဲ့တစ်ဖက် နယ်မြေအတွင်း ထိုးဖောက်တိုက်ခိုက်သိမ်းပိုက်ကြတာတွေလည်း ပြုခဲ့တယ်။ နောက်ဆုံးကုလသမဂ္ဂက ပါဝင်ညှိနှိုင်းပြီး အဲဒီနေရာကို စစ်မဲ့ဇုန်၊ တောင်နဲ့မြောက် နှစ်နိုင်ငံတို့ရဲ့ စည်းသားမျဉ်းကြောင်းပြုပြီး နိုင်ငံတကာတပ်ဖွဲ့နဲ့ ခွဲခြားထိန်းသိမ်းခဲ့ရပါတယ်။ မြို့တော် ဆိုးလ်ကနေ တစ်နာရီကျော်ကျော် ကားနဲ့သွားရတယ်။ တောတောင်တွေနဲ့ စိမ်းလန်းပြီး သာယာလှပနေတဲ့နေရာလေး ဖြစ်ပေမဲ့လည်း ဝါဒ မတူတာကြောင့်၊ ရည်ရွယ်ချက် မတူတာတွေကြောင့် တစ်ဖက်နဲ့တစ်ဖက် ကျူးကျော်ကြရင်း အကျည်းတန်နေရတဲ့ နေရာပါ။

နှစ်နိုင်ငံ ချစ်ကြည်ရေးကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကိုရီးယားက ဖိတ်ကြားခဲ့တာကြောင့် ဘမောင်တို့ သုံးဦးအဖွဲ့ ရောက်သွားခဲ့ကြတာ ဖြစ်တယ်။ တော်တော်ရှည်လျားတဲ့ဥမင်ကို ခါးကိုင်းပြီး ဝင်ခဲ့ရလို့ အမှတ်မထင် နာခဲ့တဲ့ခါးက နောက်ထပ် ၆ ရက်လောက်ခရီးပြီးတဲ့အထိမပျောက်ခဲ့တော့။

'အန်တီမ ဆုံးတာ တစ်လပိုပိုလောက်ပဲ ရှိဦးမယ်နဲ့ တူတယ်နော်'

'ဟုတ်တယ်…တစ်လနဲ့ ကိုးရက်ပဲ ရှိသေးတယ်'

❑

ဘမောင်တို့ 'ဘဘမိုး' လို့ ခေါ်ခေါ်နေတဲ့ 'ဦးလှမိုး' နဲ့ ဒေါ်ခင်မလေးဆိုတဲ့'အန်တီမ'က ဇနီးမောင်နှံပါ။ ပြောရရင် တစ်ယောက်နဲ့တစ်ယောက် အဲဒီအသက်အရွယ်တွေရောက်နေကြတဲ့အထိ မျက်လုံးအောက်က အပျောက်မခံချစ်နိုင်ကြတဲ့ဇနီးမောင်နှံတွေ ဖြစ်ကြပါတယ်။

ဘမောင်နဲ့ ဇနီးသည်ကို သူတို့သားသမီးတွေလိုချစ်တယ်။ ဘဘမိုးက စကားနည်းနည်း ပြောသလောက်၊ အန်တီမက စကားသိပ်မပြောဘူး။ အထူးသဖြင့် ဘမောင့်ဇနီးကို သူ့သမီးလို ချစ်ရှာခဲ့ပါတယ်။ သီတင်းကျွတ်ရင် ဘဘမိုးတို့မိသားစုအစဉ်အလာအရ တစ်ဆင့်ချင်းကြီးတဲ့သူကို ငယ်တဲ့သူတွေက ကန်တော့ကြတဲ့ ပွဲလေးလုပ်တတ်တယ်။ ဘမောင်တို့ဇနီးမောင်နှံက ကြီးတဲ့သူတွေကို ကန်တော့သလို ဘမောင်တို့ကိုလည်း ငယ်တဲ့သူတွေက ပြန်ကန်တော့ကြတယ်၊ အတော်ချစ်စရာကြည်နူးစရာကောင်းတဲ့ အလေ့အကျင့်လေးပါ။ ဘမောင်တို့ ဇနီးမောင်နှံကိုယ်တိုင် ဘဘမိုး၊ အန်တီမတို့နဲ့ ဆွေမျိုးလိုဖြစ်မှန်းမသိ ဖြစ်ခဲ့ကြပါတယ်။

အရွယ်တွေက တဖြည်းဖြည်း ရလာကြပြီလေ။ အဲဒါကို သတိထားမိလို့ လွန်ခဲ့တဲ့ ၁၀ နှစ်နီးပါးလောက်က လူကြီးတွေကို စုပြီး ငွေဆောင်၊ ချောင်းသာအပန်းဖြေစေတဲ့ အစီအစဉ်ကို ဘမောင်[illegible]က လုပ်ပေးခဲ့ဖူးတယ်၊ ကိုယ့်ခန္ဓာကိုယ်[illegible]ကို သယ်နိုင်တုန်းပေါ့။ လွန်ခဲ့တဲ့ [illegible]နှစ်ကျော်လောက်ကစပြီး ဘဘမိုး[illegible] သိပ်ပြီး လေ့ကားမြင့်မြင့်ကို အဆင်[illegible] အတက် မလုပ်နိုင်ကြတော့ဘူး[illegible] အသက် ၈၆ နှစ်ထဲ ဝင်လာတဲ့ ဘမောင်[illegible] ရဲ့အမေလည်း လေဖြတ်ပြီး အိပ်ရာ[illegible] လဲနေတာ လေးနှစ်ကျော်၊ ငါးနှစ်[illegible] ရောက်သွားပြီ။

ကမ်းခြေမှာ အဘိုးကြီး[illegible] အဘွားကြီးတွေ လေနုအေးကို ခံစားရင်[illegible] ပင်လယ်ကမ်းခြေရဲ့အလှကို ခံစားရင်[illegible] လူငယ်တွေရဲ့ ပျော်ရွှင်မှုကို ခံစားရင်[illegible] ပီတိဖြစ်နေတာကို မြင်ရတော့ ဘမောင်[illegible]တို့ ဝမ်းသာခဲ့ရပါတယ်။ ကိုယ်နိုင်[illegible] လေး ဖြည့်ဆည်းခွင့်ရလို့လည်း ကြည်[illegible]နူးခဲ့ရပါတယ်။ လူနှစ်ဆယ်ကျော်၊ [illegible] ဆယ်လောက် အုပ်စုကြီးနဲ့ညဘက်[illegible] ထမင်းစားပြီး တဝုန်းဝုန်းနဲ့ ပျော်ခဲ့ကြ[illegible] ပါးခဲ့ကြတာကိုပြန်သတိရမိပါသေးတယ်[illegible]

အခုတော့ မိဘလို ချစ်ခင်ရ[illegible] ဘဘမိုးရော၊ အန်တီမရော မရှိကြတော့[illegible] ပါဘူး။

❑

ဘဘမိုးလို့ခေါ်တဲ့ ဦးလှမိုးဆိုတာ[illegible] ဒုဗိုလ်မှူးကြီးလှမိုး(ငြိမ်း) ဖြစ်ပါတယ်[illegible] ပြောရရင် တစ်ချိန်တုန်းက မြန်မာ့ရုပ်ရှင်[illegible] လောကမှာ လျှမ်းလျှမ်းတောက်ကျော်[illegible] ကြားခဲ့တဲ့ မင်းသားကြီးဝင်းဦးရဲ့ ဆရာ[illegible] ပါ။ ဦး(ဝင်းဦး)က ဗိုလ်ကြီးဘဝနဲ့ ဦးလှ[illegible] မိုးတပ်မှာ တာဝန်ထမ်းဆောင်ခဲ့လို့[illegible] ဆရာ၊ တပည့်တွေ ဖြစ်ကြပါတယ်။

ဘဘမိုးအိမ်မှာ ဘဘမိုးရယ်[illegible] အန်တီမရယ်၊ ဝင်းဦးရယ် သုံးယောက်[illegible] တွဲပုံရိုက်ထားတဲ့ပန်းချီကား အကြီးကြီး[illegible] တစ်ချပ်ရှိတယ်။ အဲဒါကိုမြင်တိုင်း[illegible] ဘမောင်တို့လူပျိုပေါက်ကာလ၊ မင်း[illegible]သားကြီးဝင်းဦးရဲ့ အောင်မြင်နေတဲ့[illegible] အချိန်တွေကိုပြေးပြီး အမှတ်ရနေမိ[illegible] သေးတယ်။ အဲဒီတုန်းကတော့ ဘမောင်[illegible] က ဘဘမိုးတို့နဲ့ မသိကျွမ်းရသေးပါဘူး[illegible] ဘမောင် သိကျွမ်းခွင့်ရတဲ့အချိန်မှာတော့[illegible]



www.burmeseclassic.com

www.burmeseclassic.com

မင်းသားကြီး ဝင်းဦးလည်း မရှိရှာတော့ဘူး၊ ဒါပေမဲ့ သူတို့ဆရာတပည့် နှစ်ဦးရဲ့သံယောဇဉ်တွေ၊ ချစ်ခင်မှုတွေကိုတော့ မကြာမကြာ ကြားမိခဲ့ဖူးတယ်။ မင်းသားကြီး ဝင်းဦးက ဘဘမိုးကို မိဘလို၊ ဆရာသမားတစ်ဦးလို ရိုသေချစ်ခင်ပြီး၊ ဘဘမိုးကလည်း မင်းသားကြီးကို တပည့်တစ်ဦးလို၊ သားသမီးတစ်ဦးလို တော်တော်လေး ချစ်ခင်သံယောဇဉ် ရှိကြတယ်။

ဘဘမိုးတို့ အသက်အရွယ်နဲ့ ထမ်းဆောင်ခဲ့တဲ့ တာဝန်တွေက မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၄၈ နောက်ပိုင်း၊ ၁၉၆၂-အဖြစ် အပျက်တွေ၊ ၁၉၈၈-အဖြစ်အပျက်တွေကြား ပျောက်ကွယ်နေတဲ့ကွင်းဆက်တွေကို ကောင်းကောင်း သိရှိခဲ့ကြသူတွေပါ။ နိုင်ငံ့တာဝန်ကို ခပ်ကြီးကြီး ယူခဲ့ကြသူတွေဖြစ်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနဲ့ တော်တော်ရင်းနှီးခဲ့တဲ့ သူဖြစ်ခဲ့တဲ့အတွက်ကြောင့် ဒီဘက်ခေတ် သမိုင်းကြောင်းနဲ့ အဖြစ်မှန်တွေကို တော်တော်သိထားခဲ့သူ ဖြစ်ပါတယ်။

အမှန်ကတော့ သမိုင်းစာမျက်နှာ တစ်ကွက် ဖြည့်ဆည်းဖို့အတွက် ဘဘမိုးကို ဘမောင်ကိုယ်တိုင် အင်တာဗျူးပြီး စာအုပ်တစ်အုပ်ရေးဖို့ စိတ်ကူးခဲ့ပါတယ်။ မမျှော်လင့်ဘဲ ဘမောင်ကိုယ်တိုင်အရေးကြီးတဲ့ တာဝန်တစ်ခုကို ထမ်းဆောင်ခဲ့ရတာမို့ အဲဒီ အစီအစဉ်အထမမြောက်ခဲ့ပါဘူး။ ဒါပေမဲ့ တွေ့တိုင်းတော့ သမိုင်းအမှန်ရဖို့ စာအုပ်လေးရေးနိုင်ဖို့ ဘဘမိုးကို ပြောဖြစ်ခဲ့တယ်။ အပေနယ်ထဲက တစ်ဦးဦးနဲ့တော့ ပြောဆို၊ ရေးဖြစ်ခဲ့တယ်လို့ သိလိုက်ရတယ်။ စာအုပ်တော့ ထွက်မလာသေးဘူး။ နောက်ပိုင်း ဘမောင်ကိုယ်တိုင်က သူ့ရှင်းနီးရက်နဲ့ ဝေးနေခဲ့ရပါတယ်။ တာဝန်ယူထားရတဲ့ အလုပ်ဘက်မှာ အချိန်တွေ ပေးနေလိုက်ရလို့ပါ။

❑

'ဘဘမိုး ဆေးရုံတက်နေရတယ်'

လွန်ခဲ့တဲ့ သုံးလလောက်က ဘဘမိုး ဆေးရုံတစ်ခေါက် တက်လိုက်ရတယ်။ လူကြီးတွေရဲ့ နောက်ဆုံးအချိန်ဖြစ်နိုင်တာမို့ ဘမောင်လည်း ဇနီးသည်နဲ့အတူ ဆေးရုံကို ရောက်ခဲ့လိုက်ပါတယ်။ နှလုံးခုန်စက်တပ်ရမယ့် အခြေအနေဖြစ်တာမို့ အဲဒီစက်ဖိုးကို ဘမောင် လှူဖြစ်လိုက်တယ်။ ဆေးရုံက ဆင်းလာတော့ ၂ ခေါက်လောက် တွေ့ဖြစ်သေးတယ်။ သူကျန်းမာသွားပြီဆိုပြီး ဝမ်းသာနေတဲ့ ဘဘမိုးကို မြင်ရတော့ ဘမောင် ကြည်နူးခဲ့တယ်။

ဘဘမိုးနဲ့ အန်တီမတို့က တစ်ယောက်နဲ့တစ်ယောက် အလွန်ချစ်ကြတာ။ အလွန်ချစ်ကြတာထက်ပိုပြီး အလွန်ကြင်နာ နားလည်နိုင်ကြတာလို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။ ဘယ်သွားသွား၊ ဘယ်လာလာ အတူတူပဲ။ သူတို့အသက် ရှစ်ဆယ့်လေး၊ ရှစ်ဆယ့်ငါးအထိ အပြင်ထွက်လေ့ရှိတယ်၊ အတူတူပဲ။ တစ်ခုခုစားဖို့ဆိုရင် တစ်ယောက်က တစ်ယောက်ကို အရင်ကျွေးကြတယ်။ ဒီနေ့ခေတ် လူငယ်အိမ်ထောင်ရေးနဲ့ တခြားစီပဲ။ ဘမောင်တို့ ဇနီးမောင်နှံတောင်မှ ဘဘမိုးတို့ကို အားကျပြီး အသက်ကြီးရင် အဲသလိုနေမယ်ဆိုပြီး မကြာခဏ ပြောဖူးကြပါသေးတယ်။

ဘမောင်က မကြာခဏ ခရီးသွားရတတ်တယ်။ ပြည်တွင်းခရီးဆိုရင်တော့ နေပြည်တော်ကိုပေါ့။ အန်တီမ ကျန်းမာရေး နည်းနည်းယိုယွင်းလာပြီဆိုတာ ကြားလိုက်ရတယ်။ နှလုံးခုန်စက်တပ်ရင် တပ်ရဦးမယ်လို့ ဇနီးသည်က ပြောလို့ ဘမောင်ကတော့ အဲဒီကုန်ကျငွေကို ကျွန်တော် ပေးမယ်ဗျာလို့ ပြောခဲ့ပါသေးတယ်။ ဖြစ်မယ့်ဖြစ်လိုက်တော့ နှလုံးခုန်စက်တပ်လိုက်ရတဲ့အဆင့်ကို မရောက်လိုက်ခဲ့ဘူး။ ညနေက အန်တီမ ဆေးရုံရောက်သွားပြီလို့ ကြားလိုက်ရတယ်။ နောက်ရက်ကျမှပဲ သွားကြည့်မယ်လို့ အစီအစဉ်ချတုန်း 'အန်တီမ ဆုံးသွားရှာပြီ' ဆိုတဲ့ သတင်းက ထက်ကြပ်လိုက်လာပါတယ်။ အန်တီမရဲ့ နူးညံ့လှတဲ့ နှလုံးသား၊ လူတွေအပေါ် အကောင်းမြင်တဲ့စိတ်၊ အားလုံးကို ခွင့်လွှတ်နိုင်တဲ့ ကရုဏာတွေအပေါ် အခြေခံပြီး စာလေးတစ်ပုဒ်လောက် ရေးမယ်လို့ ဘမောင် စိတ်ကူးခဲ့လိုက်သေးတယ်။ မအားသေးတာနဲ့ ရေးဖြစ်တဲ့ စခန်းကို မရောက်ခဲ့ရပါဘူး။

❑

'ဘဘမိုး ဆေးရုံတစ်ခေါက်ပြန်တက်နေရပြီ'

'ဟာ၊ ဘာဖြစ်လို့လဲ'

'ချော်လဲလို့၊ ပေါင်အရိုး ကျိုးသွားတယ်'

ဒုတိယတစ်ခေါက် ဘဘမိုး ဆေးရုံမှာ နှစ်ရက်၊ သုံးရက်ပဲ ကြာတယ်နဲ့ တူတယ်။ ဒုတိယတစ်ခေါက် ဆေးရုံအတက်ကိုတော့ ဘမောင် မရောက်ဖြစ်လိုက်ဘူး။ အချိန်ကလေးရလို့ ဆေးရုံသွားမယ်အလုပ်မှာ ဆေးရုံက ဆင်းပြီလို့ သိလိုက်ရတယ်။ ဇနီးသည်ရဲ့ တူတစ်ယောက်က အရိုးအထူးကု ဆရာဝန်ကြီးဆိုတော့ သူ့ကိုပဲ အကူအညီတောင်းပြီး ဘဘမိုးအိမ်ကို သွားကြည့်ပေးဖို့ အကူတောင်းခဲ့ရတယ်။

အရွယ်ရလာပေမဲ့ စိတ်ဆောင်တုန်းရှိသေးလို့အတွဲမပါဘဲ အပေါ့အပါးထသွားတဲ့ ဘဘမိုးတစ်ယောက် ထပ်ပြီး ချော်လဲလို့ တင်ပါးဆုံရိုး ထပ်ကျိုးပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့ရပြန်ပါတယ်။ ဘဘမိုး အိပ်ရာထဲလဲနေတုန်းမှာပဲ အန်တီမလည်း ရုတ်တရက်ဆေးရုံတက်ပြီး ဆုံးသွားခဲ့တာပါ။ အရေးပေါ်အရေးကြီးအလုပ်တွေ လုပ်နေရတာနဲ့ မိခင်တစ်ဦးလို ဖြစ်ခဲ့ရတဲ့ အန်တီမရဲ့ ဈာပနကို ဘမောင်လိုက်မပို့နိုင်ခဲ့ဘူး။ အဲဒီအတွက် အတော်စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။

အန်တီမ ဆုံးသွားတာ ဘဘမိုးကို အသိမပေးခဲ့ကြဘူးလို့ ကြားရတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်လလောက်ကြာတော့ ဘဘမိုး ကိုယ်တိုင်တတိယအကြိမ်မြောက် ဆေးရုံ ထပ်ရောက်ခဲ့ရပြန်ပါတယ်။ ခရီးတွေ များနေတဲ့အတွက်ကြောင့် ဘမောင် ဆေးရုံကို မရောက်ဖြစ်ခဲ့ပါဘူး။ ပြည်ပ ခရီးတစ်ခုက ထပ်ရှိလာသေးတဲ့အတွက် အဲဒီက ပြန်လာမှပဲ မဖြစ်ဖြစ်အောင် ဆေးရုံသွားမယ်လို့ပဲ စိတ်ထဲ တေးထား လိုက်ရတယ်။ ခါးနာပြီး ပြန်ရောက်လာ တဲ့နေ့မှာပဲ ဘဘမိုးဆုံးသွားခဲ့ပါတယ်။ မိဘလို ချစ်ခင်ရတဲ့ဘဘမိုးရဲ့ ဈာပနကို လည်း ဘမောင် မပို့ဖြစ်ခဲ့ရပြန်ပါဘူး။ ဒီတစ်ခါ ခါးနာတာ အတော်ပြင်းပြင်းရှိ တာကို သတိထားမိတဲ့ ဇနီးသည်က ဘဘမိုးရဲ့ဈာပနကို သူပဲလိုက်ပို့ခဲ့ပြီး ဘမောင်လိုက်ဖို့ သဘောမတူခဲ့ပါ။ ဒါနဲ့ပဲ အဲဒီတစ်ရက်လုံး ဘဘမိုးနဲ့ အန်တီမအကြောင်းစဉ်းစားရင်း၊ မေတ္တာ ပို့၊ အမျှဝေရင်း ဘမောင်တစ်နေ့လုံး အိပ် ရာထဲမှာပဲ နေလိုက်ရပါတယ်။ ရက် လည်ကျရင်တော့ သွားမယ်ဆိုပြီး စိတ် ကူးလိုက်ပြန်ပါတယ်။ မနက်ဖြန်ရက် လည်တဲ့နေ့ မနက် ၇း၀၀ နာရီလောက် သွားပြီး ၈း၀၀ နာရီမှာ ရုံးဆက်တက် မယ်ဆိုပြီး ဇနီးသည်နဲ့ တိုင်ပင်ထားတဲ့ အစီအစဉ်က ည ၁၀း၀၀ နာရီလောက် ကျတော့ အခြားအလုပ်တစ်ခု ပေါ်လာ တာနဲ့ ထပ်ပြီး ပျက်သွားရပြန်ပါတယ်။ မနက် ၆း၀၀ နာရီထဲက အိပ်ရာထပြီး အခြားတစ်နေရာ ကိုဘမောင်ရောက်ခဲ့ လိုက်ရတယ်။

မိဘလို ချစ်ခင်ခဲ့ရတဲ့ ဘဘမိုး အတွက် နှလုံးခုန်စက်လေးတပ်ပေးခဲ့ရ တာက လွဲလို့ ဈာပန မပို့လိုက်ရတာ၊ ရက်လည် မသွားလိုက်ရတာအတွက် ဘမောင် စိတ်မကောင်းခဲ့ရပါဘူး။ ကိုယ်တွေ အလှည့်ကျရင်လည်း ရင်းနှီး သူ တချို့ ဒီလိုဖြစ်နိုင်ဦးမှာပါပဲလေလို့ တွေးမိရပါတယ်။

ငယ်ငယ်တုန်းက ကိန္နရီမောင်နှံ ချောင်းခြားလို့ ရင်ကွဲနာကျခဲ့တဲ့ဇာတ် လမ်းကို သွားပြီး အမှတ်ရမိရပါတယ်။ အဲဒီကိန္နရီမောင်နှံဟာ အပြင်မှာ တကယ် ပဲ ရှိနေပါတယ်။ အလွန်အေးဆေးပြီး မာန်မာနကင်းမဲ့တဲ့၊ လူတွေအပေါ် အကောင်းမြင်ပြီး ခွင့်လွှတ်တတ်တဲ့ ဘဘမိုးနဲ့ အန်တီမဆိုတဲ့ ကိန္နရီ မောင်နှံတို့ပါ။ တစ်ဦးနဲ့တစ်ဦး [illegible] ချစ်ခင်ကြင်နာကြပြီး မျက်စိအောက် [illegible] အပျောက်မခံကြသူတွေပါ။ အခုလည်း [illegible] ကြည့်ပါဦး။ အန်တီမ ဆုံးသွားပြီး [illegible] လပိုင်းမှာပဲ ဘဘမိုးလည်းမျက်စိအောက် [illegible] က အပျောက်မခံနိုင်လို့ လိုက်သွားရှာ [illegible] လေရဲ့။

နောက်ဖြစ်လာမယ့် ဘဝတစ် [illegible] မှာလည်း ဘဘမိုးနဲ့ အန်တီမတို့ ပြန် [illegible] တွေ့ကြပြီး အခုထက်ပိုပြီးချစ်ခင် ကြင် [illegible] နာကြမယ့် အိမ်ထောင်ဖက်ကောင်း [illegible] တွေဖြစ်လာကြဦးမှာလို့ ဘမောင် ထင် [illegible] မိပါတယ်။ ဘဝတွေ ပြောင်းလဲသွား [illegible] မဲ့ တစ်ဦးနဲ့တစ်ဦး မျက်စိအောက်က [illegible] အပျောက်မခံနိုင်လောက်တဲ့ ကိန္နရီမောင် [illegible] အဖြစ်နဲ့သာ ရှိနေကြပါစေလို့လည်း [illegible] ဆုတောင်းလိုက်ရပါတယ်။

ကောင်းရာမွန်ရာဘဝကို ရော [illegible] ကြပြီး၊ အခုဘဝထက်ပိုပြီး ကြင် [illegible] ချစ်ခင်နိုင်ကြပါစေ။

■

နေဇင်လ[illegible]


လောကမှိ လောကသ္မိံ ဒွါဒသစက္ကံ ပလုဋ္ဌတိတိလောကော

# ဆရာ ဇေမျိုးရှိန် (B.A)

နက္ခတ္တဗေဒ လက္ခဏာ ပညာရှင်

**ရုံးခန်းတည်နေရာ**

အမှတ် (၇)၊ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဟောခန်းထိုင်ချိန် - မနက် (၇)နာရီမှ နေ့လည် (၁)နာရီအတွင်း
အမှတ် (၄၉)၊ ဆူးလေဘုရားအပိုင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဟောခန်းထိုင်ချိန် - - နေ့လည် (၂)နာရီမှ ည(၈)နာရီအတွင်း

09 420025649




www.burmeseclassic.com

www.burmeseclassic.com

# စာနဒီစာအုပ်တိုက်

TEXT RIVER PUBLISHING HOUSE

## ...စာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ



...ရှင်ဗီရိယ(တောင်စွန်း)
...ည်းမှုအောင်ပွဲနှင့် အာဏနည်တိုလာရာလမ်း
...)
...ာအရုံစံစားမှုနှင့် အနုပညာဝေဖန်ရေး
...thetics and Philosophy of Art Criticism
by JEROME STOLNITZ
...
...ကာလ မပွင့်သေးသောဘုရားများအား
...ည်သင့်နှင့် ဘာသာရေးဖြတ်ထုံးများ
...(ကြီးဟောင်း)
...များပျောက်စေဆရာကြီး ရုပ်စပြုံတင်
...ဦးတင်ဆွေ
...ဆိုစိတ်ထား
...ခင်းချုပ်)
...လက်ဆင့်ကမ်း Message to Teen
...
...နက်သားကြောင်နက်ရုပ်နှင့်သည်းထိတ်ဗိုတ္တုကိုများ
...ဦးကျော်လွင်
...တေးမှုဆိုင်ရာ အဓမ္မနှစ်ရာ အမြေနှစ်ထောင်
...ကြိုကုန်
...ကတောင်ကန်မြောက်ကန်
...ည်မောင်မောင်
...သတ်လပ်ရေးသမိုင်းဝင်စစ်မြေပြင်ခရီးကြမ်းနှင့်
...တွေ့မှတ်တမ်း
...(ဟင်္သာတ)
...နှင့် သီဟိုဠ်ဓမ္မဝတ္ထုတိုများ
...ကြိုကုန်)
...စက်မယ်
...
...ကြောင်းရေးတစ်ကြောင်းခြစ်
...ခင်းချုပ်)
...ကျော်တို့ ဆုံးဖြတ်ရမည့်
...ကြီးဆုံးအချက်(၆)ချက်

- တင်မိုး
  ပိတောက်မှ သရဖီသို့
- ဂျာထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့် သမိုင်းရှိသောနေ့စွဲများ
- ဒေါက်တာအရှင်သာဓိန
  ငါ့မျက်ရည်တွေဘယ်ကိုရောက်နှင့် ဘာသာရေးအစတွေဆောင်းပါးများ
- နတ်စည်(ဂျာထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ ကာရိုက်တာမြွေ
- သာထက်အောင်
  တွေးမိသမျှ၊ ဖေးမိသမျှ၊ ရေးမိသမျှ သူတို့ဆီက ကျွန်တော့အတွေ့အကြုံ
- ဓမ္မဘာရီအရှင်ဝီရိယ(တောင်စွန်း)
  ကမ္ဘာတစ်ခြမ်းကိုပြောင်းလဲစေခဲ့သော သာမဏေနှင့် သံဃာ့ကျေးဇူး




- ဒဂုန်တာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံ အတွဲ့ပုံတွဲ ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်)
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန်NLDနှင့် သမ္မတဆက်လမ်း

### ယခုထွက်ရှိသည့် စာအုပ်များ

- မောင်သိဝ်
  ရုပ်ပွားတော်ကိုးကွယ်မှုနှင့် အကျိုးအာနိသင်များ
- ဝဏ္ဏသီရိ
  ချုပ်ရာငြိမ်းရာ
- နှစ်ဖက်လှ ဦးကျော်လွင်
  မျက်မှောက်ခေတ်ဘာသာရေးနှင့် ကျွန်ုပ်တို့၏ သုံးသပ်ချက်








စာနဒီစာအုပ်တိုက်မှ
ယခုထွက်ရှိသည့် စာအုပ်များ

ဖြန့်ချိရေး–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့
ဖုန်း–၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com



ချစ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၂၉၁၊ ဖေဖော်ဝါရီ ၂၀၁၄

*မိုးလင်းကတည်းက တစာစာ*
*နေ့ခင်းမှာလည်း တစာစာ*
*တစ်နေကုန်ပဲ စာ၊*
*တစာစာ မနေနား*
*အစာဆာလို့လား။*
*အစာစားရင်း တပျော်ပျော်*
*တစာစာနဲ့ အော်၊*
*တစာစာ အော်လို့များ*
*စာလို့ ခေါ်သလား။*


မနက်မိုးလင်း
အိပ်ရာကနိုးလို့
မျက်စိနှစ်လုံး
ပွင့်သည်နှင့်တစ်ပြိုင်နက်
နိစ္စဓူဝ တကျည်ကျည်၊
တကျာကျာ၊ တစာစာ
အော်သံပေးသော ငှက်သံမှာ
စာကလေးတို့၏ အသံပဲ
ဖြစ်ပါသည်။ တစ်ကောင်လည်း
မဟုတ်။ နှစ်ကောင်လည်း မက။

အနည်းဆုံးသူတို့အုပ်စုတွင်
သုံးလေးငါးကောင်တော့
ရှိမည်။သူတို့အိပ်ရာက
နိုးချိန်တွင်
အိမ်ရှေ့ဝင်းခြံ
အုတ်ခုံတိုင်ပေါ်၌ ညကကျန်သည့်
ဆန်ကွဲတို့ ထမင်းကျန်တို့
ရှိနေသေးလျှင်တော်သေး၏။
ဘာအစားမှ မရှိလို့ကတော့
နားမခံသာအောင်
တစာစာ ညံကြတော့မည်မှာ



www.burmeseclassic.com

www.burmeseclassic.com



# စာတစ်သိုက် ငှက်တစ်သင်းနှင့် အလင်းဖွဲ့ကဗျာ

www.burmeseclassic.com

www.burmeseclassic.com

သေချာသည်။ ဒါကြောင့် ကျွန်တော့်မှာ အိပ်ရာက နိုးသည်နှင့် ဝင်းခြံအုတ်တိုင်ပေါ်မှာ အစာကျန်ရှိသေးသလား၊ မရှိဘူးလား ကြည့်ရ၏။ တစ်စေ့တစ်ဆန်မျှ မကျန်ဘူးဆိုလျှင် ထမင်းအိုးလှန်၊ ဆန်အိုးလှန်ကာ သင်းတို့ကို မြန်မြန်အစာကျွေးဖို့လုပ်ရသည်။ သို့မှ နည်းနည်းပါးပါး နားခံသာတော့သည်။

ကျွန်တော့်အိမ်တွင် ကျွန်တော်ကျွေးသော ငှက်စာကို နေ့စဉ်လာစားသည့်ငှက်တွေ တော်တော်စုံပါသည်။ ဗွတ်ချွဲမောင်နှံ လာသည်။ ဗွတ်ဖင်နီသားအမိတစ်တွေ လာသည်။ ချိုးမောင်နှံ လာသည်။ ဆက်ရက်မောင်နှံလာသည်။ သူတို့တစ်တွေသည် ဘယ်ကလာပြီး စားသောက်ကြသည် မသိသလို စားပြီးသည်နှင့် ဘယ်ဆီ ပျောက်သွားကြမှန်းလည်း မသိပါ။ များသောအားဖြင့်တော့ စာကလေးတစ်သိုက်စားပြီးမှ သူတို့ ရောက်လာကြစမြဲဖြစ်သည်။ ထိုစာကလေးတစ်သိုက်ကတော့ ကျွန်တော့်အိမ်တံစက်မြိတ် အကြိုအကြားနှင့် ကျွန်တော် ဝယ်ချိတ်ထားသော စာအိမ်ကလေး ၂ အိမ်မှာ နေကြသည့် အိမ်စာတွေပဲ ဖြစ်သည်။

ဘယ်သူကမှ ဖိတ်ခေါ်တာမဟုတ်ဘဲနှင့် လူရှိသည့် အရပ်များကိုလာ၊ လူနေသည့် အိမ်မှာနေပြီး လူကျွေးသည့် အစာကိုစား၊ လူကြားမှာ ပျော်ချင်သည့် သတ္တဝါလေးတွေဟု ပြောလျှင်လည်း ရမည်ထင်သည်။

ကျွန်တော် စာကလေးတွေကို အသနားပိုမိသည်မှာ ဝမ်းတစ်ထွာအတွက် တစာစာ အော်မြည်နိုင်မှ ဘဝပေး အခြေအနေက တန်ရုံကျလို့ များလားဟု အတွေးဝင်မိလို့ ဖြစ်ပါသည်။

ဒါကြောင့် ကျွန်တော့် ကဗျာအဆုံးစာသားထဲကလို တစာစာ အော်လို့များ စာလို့ ခေါ်သလား။

❑

၂။

စာကလေးတွေအကြောင်း စိတ်ဝင်စားမိတော့ ကျွန်တော့်လို စာချစ်သူ

အမေနှင့်
ကျွန်တော်တို့ကြား
ခြားထားသည့်
တံတိုင်းကြီးကရော
ဘယ်လောက်ကြီးသလဲ
ဘယ်လောက်ကြာပြီလဲ
ဒီတံတိုင်းကြောင့်
ကျွန်တော်တို့ဘဝတွေ
ဘယ်လောက်
မှောင်ခဲ့ပြီလဲ

ကဗျာဆရာကြီးတစ်ဦးကိုလည်း အမှတ်ရလိုက်မိပါသည်။ ကျွန်တော်တို့၏ ကလေးကဗျာ ကြယ်ပွင့်ဖြစ်ပြီး ကလေးကဗျာ ဖခင်ကြီး ဆရာ မင်းသုဝဏ်ဖြစ်သည်။ စာကလေးတွေကို ချစ်တတ်သူပီပီ စာကလေးတွေ၏ ဓလေ့ကိုလည်း မြင်တတ် ကြည့်တတ်သူ ဖြစ်သည်။ မြင်တတ်၊ ကြည့်တတ်လို့လည်း စာကလေးတွေ သဲရေချိုးပုံကို ချစ်စရာကဗျာ ဖွဲ့ပြခဲ့သည်။

*သားကစားတဲ့ သဲပုံမှာ*
*စာကလေးတွေလာ၊*
*အစာရှာလို့ လာတာလား*
*ဆော့ဖို့လာတာလား။*
*အများကြီးပဲ စာကလေးတွေ*
*သဲမှာဝပ်လို့နေ၊*
*ခြေနဲ့ယက်ကာ အတောင်ခတ်*
*ဘယ်ညာတဖျပ်ဖျပ်။*
*လက်စသတ်တော့ စာတဖော်*
*သဲရေချိုးလို့ပျော်၊*
*ကိုယ်ပေါ်ခေါင်းပေါ်*
*မွှားကောင်များ*
*သန့်လို့ရှင်းလို့ သွားတယ်လေး။*

ဆရာကဗျာဖတ်ပြီး လူကလေးတို့

သဲပုံပေါ်မှာ ပျော်ပျော်ပါးပါး ဆော
ကစားတတ်သည့် သဘာဝကို စိ
မျက်စိမှာ မြင်ယောင်လာသလို အ
အပေါင်းနှင့် ပျော်ကြောင်းရှာသည့်
တစ်သင်းကလည်း သဲပုံပေါ်မှာ သဲ
ချိုးနေသည့် မြင်ကွင်းက အထင်း
ပေါ်လာသည်။ ဆရာသုံးပြသည့် 'သဲ
ရေချိုး' စကားလုံးက လှရုံမျှမက
အရသာပါ ဆန်းနေသည်မှာ မြန်မာ
အရသာပင်။

ဆရာကြီးလိုပင် ကလေးကဗျာ
ချစ်ပြီး စာကလေးတွေ၊ ငှက်က
တွေကိုချစ်သည့် ဆရာမကြီး တစ်
ရှိပါသေးသည်။ ဆရာမကြီး နယ်
သည်။ လူမောင်နှမဖြစ်သလို က
မောင်နှမလည်း ဖြစ်သည်။ ဆရာမ
၏ စာကလေးကဗျာကလည်း တစ်
ချစ်စရာကောင်းပါသည်။ အချိ
ကဗျာလေးပါ။

*ကျူပင်ကြီး ကျူပင်ကြား*
*လက်သမား စာမောင်နှံ*
*သိုက်ဆောက်ကြပြန်။*
*ဆူလို့သာသည်*
*မောင်နှံရဲ့ တေး။*
*မိုးစိုစို ခိုအောင်းဖို့*
*ကောင်းတယ်တဲ့ လေး. . .။*

၁၉၃၆ ခုနှစ်၊ အောက်တိုဘာ
လောကမဂ္ဂဇင်းတွင် ရေးခဲ့သော
ဖြစ်သည်။ ကျွန်တော်ပင် လူ
သေး။ ကဗျာသက်က ကျွန်
သက်ထက် ၁၄ နှစ်ကြီးသည်။

နောက်ထပ် စာချစ်သူ ကဗျာ
တစ်ဦးကတော့ ဆရာ တင်မိုးဖြစ်
ကလေးကဗျာ အရေးကောင်းသူ
ဆရာ တင်မိုး ပါသည်။ ဆရာက
'စာဝါ'တဲ့။

*စာဝါ စာဝါ*
*တစာစာ*
*စာဝါဘာစား*
*စပါးစား။*

❑

၃။

စာကလေးတွေကို ချစ်လို့

www.burmeseclassic.com

www.burmeseclassic.com

ရှေ့တစိုက် ကျေးမွေးရာက အမှတ်ထင် ရရှိသည့် အကျိုးတရားတစ်ခု အကြောင်းကိုလည်း ပြောပြချင်ပါသည်။

တစ်ခုသော မနက်ခင်းတွင် ဖြစ်သည်။ စာကလေးတွေကို အစာကျွေးပြီး ကျွန်တော်က အိမ်အပေါ်ထပ် ဘုရားဆောင်အခန်းတွင် စာဖတ်နေသည်။ စာကလေးတစ်သိုက် ပျော်ပျော်ပါးပါး အစာစားရင်း တစာစာ အော်မြည်သံတွေကိုလည်း အကျင့်ရနားက အလိုလို ကြားနေသည်။

ခဏကြာတော့ စာတစ်သိုက်၏ အော်မြည်သံတွေက အသံပြောင်းသွားသည်။ စောစောကလို သာယာနာပျော်ဖွယ် အသံတွေမဟုတ်ဘဲ စူးစူးရဲရဲ တစ်ခဲနက် အော်သံတွေလို ပြောင်းသွားသည်။ပြောင်းသွားသည့် သံစဉ်တွေက တစ်ခုခုကို အရေးဆိုနေသလိုလို၊ တစ်စုံတစ်ရာကို ကြွေးကြော်နေသလိုလို၊ မောင်းထုတ်နေသလိုလို ထင်ရသည်။ သံစဉ်ထူးခြားလို့ စာကလေးတွေရှိရာ လှမ်းကြည့်လိုက်တော့ အစာစားနေသည့် ဝင်းခြံတိုင်မှာ မဟုတ်တော့။ အနီးက ဒန့်သလွန်ကိုင်းပေါ်မှာ အညီတညာ တန်းစီနားရင်း အောက်ငုံ့ကြည့်ပြီး အော်ဟစ်နေကြခြင်းဖြစ်သည်။

တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးရင်း နားကိုစွင့်ထားလိုက်သည်။ ငှက်သံတွေက ထူးခြားလာသည်။ စာကလေးတွေ၏ အသံချည်း မဟုတ်တော့။ စာကလေးတွေနှင့်အတူ တမာပင်ပေါ်က ဆက်ရက်နှစ်ကောင်ကလည်း အသံစုံနှင့် လိုက်အော်သည်။ ကေရာစ်ပင်ပေါ်က ဗွတ်ချွဲမောင်နှံနှင့် ဗွတ်ဖင်နီသားစုကလည်း အသံပြိုင်နှင့် ဝိုင်းအော်ကြပြန်သည်။ အသံတွေ မတူကွဲပြားသော်လည်း အော်ဟစ်ဆူပူပုံကတော့ အတူတူပဲဖြစ်သည်။

ထိုအခိုက် ဘယ်က ရောက်လာမှန်းမသိသော သပိတ်လွယ်ငှက်တစ်ကောင်သည် အဝေးမှ ဗိုးခနဲ ဝဲပျံလာကာ ခြံအစပ်တစ်နေရာဆီ ထိုးစိုက်လိုက်တာ တွေ့လိုက်ရသည်။ ထိုသို့ ထိုးစိုက်ပျံလိုက်ပြီး လေပေါ်ပျံဝဲလာကာ နောက်တစ်ခါ ထပ်ပြီး ထိုးစိုက်လိုက်ပြန်ပါသည်။ သူသည် ဝေဟင်က တိုက်လေယာဉ်တစ်စင်းလို လှစ်ခနဲ ပျံဝဲပြီး တစ်စုံတစ်ရာဆီကို တိုက်ခိုက်နေတာနှင့် တူသည်။ ကျွန်တော် ပိုပြီး စိတ်ဝင်စားသွား၏။

ခြံစပ်တစ်နေရာကို သေချာကြည့်လိုက်တော့ အဖြေကို ဘွားခနဲ တွေ့လိုက်ရပါတော့သည်။ တခြားမဟုတ်ပါ။ ကျွန်တော့်ခြံဝင်းအောက်ခြေ အုတ်ခုံပေါ်ကို ကျော်တက်ရန် ကြိုးစားနေသော တွန့်လိမ်လိမ် ပြောင်ချောချော မြွေတစ်ကောင်ကို တွေ့လိုက်ရလို့ ဖြစ်ပါသည်။ ကျွန်တော်သည် မြွေကို အဝေးသို့ မောင်းထုတ်လိုက်ရင်း ဒီကနေ့ ထူးထူးခြားခြား တွေ့လိုက်ရသော စာတစ်သိုက် ငှက်တစ်သင်းတို့၏ ညီညွတ်မှုတို့နှင့် စပိတ်လွယ်ငှက်လေး၏ သတ္တိကို အံ့သြနေမိသည်။ တစ်ထွာမျှရှည်သော သူ့ခန္ဓာကိုယ်နှင့် သုံးတောင်ခန့်ရှိသော မြွေကို တိုက်ရဲသည်မှာ တကယ့် အာဂ ဖြစ်သည်။ ဒီတော့မှ စူးရဲသော ငှက်သံတွေလည်း ငြိမ်သက်သွားပါလေသည်။ ❑

၄။

'ကျလိ…ကျလိ… ကျလိ… ကျလိ…ကျလိ'

စာအော်သံက တစ်ကောင်တည်း။ နားထဲမှာလည်း စူးခနဲ စူးခနဲ။ ပုံမှန်ကြားနေကျ အကောင်ကြီး မဟုတ်။ အကောင်ပေါက်၏ အသံ။ စာကလေးပေါက်စ အော်သံ စူးစူးကြောင့် ပုံမှန်ထချိန်ထက် စောကာ ကျွန်တော် နိုးနေ၏။ ဘယ်နားကပါလိမ့်။ သေသေချာချာ နားစွင့်တော့မှ ဘုရားကျောင်းဆောင်ဘေးက ရဟန္တာကျောင်းဆောင်ပေါ်က ဖြစ်နေသည်။ အတောင်မစုံတတ်သေးသည့် စာပေါက်ကလေး။

ကျွန်တော့်ကိုမြင်တော့ ခုန်ဆွခုန်ဆွနှင့် ဟိုပြေး သည်ပြေး ဖြစ်နေ၏။ ဘုရားဆောင် ပြတင်းပေါက်တွေကို ဖွင့်လိုက်တော့ စာအမေနှင့် စာအဖေ ရောက်လာကာ ဝင်လိုက်ထွက်လိုက်နှင့် ဗျာများနေကြ၏။ သူ့အမေအဖေ ရောက်လာတော့ စာကလေး ပေါက်စ၏အော်သံ နည်းနည်း ငြိမ်သွားသည်။ တိရစ္ဆာန်ပေမဲ့ မိဘမေတ္တာ၊ သားသမီးမေတ္တာတော့ သိကြသည်။ ဒီလောက် အိမ်တံစက်မြိတ်မှာ နေစရာတွေ ပေါသည့်ကြားက ဒီကောင်တွေ အိမ်ထဲဝင်ပြီး ရဟန္တာကျောင်းဆောင်ပေါ်မှာ အသိုက်လာဆောက်ကြသည်။

ဒီနှစ် မိုးများမည်ဆိုတာ ကြိုသိလို့များလား။ ဒါကြောင့်ပဲလားမသိ။ ဒီနှစ်ရွာသော မိုးက မိုးဦးကျပါးသလိုလိုရှိပေမဲ့ နောက်ပိုင်းမိုးက တော်တော်ကောင်းသည်။ မိုးလေဝသဆရာကြီး ဦးထွန်းလွင်၏ ဟောပြောချက်အရ မုတ်သုံက နောက်ကျလာပြီး ထွက်လျှင် စောထွက်မည်ဟု ဆိုသည်။ မုတ်သုံထွက်မထွက်တော့မသိ။ တော်သလင်းမိုးက ကန်သင်းကျိုးအောင် ရွာပုံမှာ တော်သလင်းလကွယ်နေ့အထိ ရွာမစဲတော့။ ဒီတော့မှ စာကလေးတွေ အိမ်ထဲဝင်၍ အသိုက်ဆောက်ရခြင်း အကြောင်းရင်းကို စာနာမိသလိုလို ရှိသည်။

ခုလည်း စာကလေးပေါက်စ အလုပ်က တော်တော် ရှုပ်သည်။ သူ့ကို ဒီအတိုင်း လွှတ်ထားလို့မရ။ သူ့ဘာသာ သူလည်း အစာမစားတတ်သေး။ ကျွန်တော့်အလစ်တွင် သူ့အမေ၊ သူ့အဖေက အစာလာခွံ့တတ်သည်။ အစာခွံ့တာက အကြောင်းမဟုတ်။ မပျံတတ်ပျံတတ်နှင့် သူ့အမေ၊ အဖေက ခေါ်ချတော့ အိမ်ခေါင်းရင်း ပြတင်းပေါက်မှ တစ်ဆင့် မာလကာပင်ပေါ် ရောက်သွားသည်။ မာလကာပင်ပေါ်မှတစ်ဆင့် မြေကြီးပေါ် ရောက်သွားသည်။ မြေပြင်ပေါ်ကျတော့လည်း ခုန်ဆွ၊ ခုန်ဆွပဲ သွားတတ်သည်။ လုံးဝ မပျံနိုင်သေး။ မပျံတတ်သေး။ တော်ကြာ ခွေးစာ ကြောင်စာဖြစ်သွားလျှင် အခက်။

ကျွန်တော့်မှာ မနေနိုင်၊ မထိုင်နိုင်

www.burmeseclassic.com

ဇနီးသည်ကို အကူအညီခေါ်ကာ စာပေါက်ကို လိုက်ဖမ်းရသည်။ သင်းက ပျံသာမပျံနိုင်တာ ခုန်ဆွခုန်ဆွနှင့်တော့ တော်တော် အပြေးလျင်သည်။ ကျွန်တော်တို့ လင်မယား ပန်းပင်ကြို ပန်းပင်ကြား မနည်းကြိုးစားဖမ်းမှ စာပေါက်ကို မိတော့သည်။ ဒီလိုဖြင့် သူ့ကို အိမ်ပေါ်ပြန်တင်ကာ ပြတင်းပေါက်တွေကို ပိတ်ထားရတော့သည်။ နေ့ခင်းနေ့လယ်တွင် ဒီအတိုင်း လွှတ်ထားပြီး စောင့်ကြည့်နေရသည်။ ညကျတော့ ဆန်ခါနှင့် လုံခြုံအောင် အုပ်ထားရသည်။ ဒီစာကလေး အိမ်ပေါ်ရောက်ကတည်းက ကျွန်တော့်ဇနီးလည်း စာအထိန်းတော် ဖြစ်နေသည်။

တစ်ခုသော မနက်တွင် စာကလေးကို ဆန်ခါအပြင်ဘက် လွှတ်ပေးရင်း ကျွန်တော် စာဖတ်နေလိုက်သည်။ စာထဲမှာတော့ သိပ်စိတ်မဝင်စားနိုင်ပါ။ စာအမေနှင့်အဖေက မှန်ပြတင်းအပြင်ဘက်က တစာစာလာအော်နေလို့ဖြစ် သည်။ ဒါကို စာပေါက်ကလေးကလည်း သိသလား မသိ။ တဖြည်းဖြည်းနှင့် စာအမေအဖေ လာအော်သည့် မှန်ပြတင်းနား ရောက်လာသည်။ အနီးရှိ ကုလားထိုင်ပေါ် ခုန်တတ်သည်။ ထိုမှတစ်ဆင့် မှန်ပြတင်းအတွင်းက သံပန်းပေါ်တက်နားပြီး ကျလိကျလိနှင့် အဆက်မပြတ် အော်ပါလေတော့သည်။

စာအမေနှင့်စာအဖေသည် မှန်ပြတင်း အပြင်ဘက်က မှန်လိုင်နာပေါင်လေးပေါ်မှာ ခြေကုပ်ယူရင်း သူ့ကလေးကို လာကြည့်လိုက်၊ ခဏနေ ပျံသွားလိုက်နှင့် သောကပွားနေပုံရပါသည်။ ကျွန်တော့်မှာလည်း စာအုပ်ထဲ စိတ်မဖြောင့်နိုင်တော့ပါ။ ထိုခဏမှာပင် အမှတ်မထင် ကြည့်လိုက်မိတော့ အံ့သြစရာ မြင်ကွင်းကြောင့် ကျွန်တော် မျက်လုံးပြူးသွားပါသည်။ တခြားမဟုတ်ပါ။ စာမိခင်က ထမင်းလုံးတွေ သယ်လာပြီး မှန်အပြင်ဘက်က အစာခွံ့နေသလို မှန်အတွင်းဘက်က စာ

> အကောက်ဉာဏ်ဖြင့်
> ဖန်တီးထားသော
> အမှောင်၌
> ကာလမရှိ
> အတိုင်းအတာမရှိ
> ထိုအမှောင်၏
> ကာလအတို၊ အရှည်
> ဟူသည်
> ကျွန်တော်တို့
> ရေးထိုးမည့်
> သမိုင်း၏
> အတိမ်အနက်ပေါ်မှာ
> မူတည်သည်

ကလေးကလည်း အငမ်းမရ နှုတ်သီးဟထားသော မြင်ကွင်းကြောင့်ဖြစ်သည်။ ကျွေးသည့်အမေက ဖွတ်အတင်း ကျွေးနေသည်။ စားချင်သည့် စာကလေးကလည်း အစွမ်းကုန် အားရဝမ်းသာ နှုတ်သီးဟထားသည်။ သူတို့သားအမိကြားတွင် မှန်သားကြီး ခြားနေတာ သူတို့မသိကြ။ ဒီမှန်သားကြီးကို ကွဲသွားအောင် ခွဲနိုင်သည့်စွမ်းအား သူတို့မှာမရှိ။

စာကလေးသားအမိ၏ မချိကြေကွဲမြင်ကွင်းကို ကြည့်ရင်း အတွေးတွေက ခုနစ်စဥ်အမျှင်တန်းသွားသည်။

တိရစ္ဆာန်နှင့် ခြားနားသည့် အသိဉာဏ် ရှိပါသည်ဆိုသော ကျွန်တော်တို့၏ ပစ္စက္ခဘဝတွေကရော။ စာကလေးသားအမိနှင့် ဘာများ ကွာခြားလို့လဲ။

ကျွန်တော်တို့ချစ်တဲ့ အမေက ကျွန်တော်တို့ကို ကျွေးဖို့ ကြိုးစားနေသည်။ ပေးဖို့ အားထုတ်နေသည်။ သို့သော် ကျွန်တော်တို့ လက်ဝယ် လွယ်လွယ်မရအောင် အမေနှင့် ကျွန်တော်တို့

ကြား ခြားထားသည့် တံတိုင်းကြီး...
ရော ဘယ်လောက်ကြီးသလဲ။ ဘယ်...
လောက်ကြာပြီလဲ။ ဒီတံတိုင်းကြော...
ကျွန်တော်တို့ဘဝတွေ ဘယ်လော...
မှောင်ခဲ့ပြီလဲ။

သဘာဝအမှောင်တွင် ကာလ...
သည်။ အတိုင်းအတာရှိသည်။ အမှော...
လွန်လျှင် အလင်းလာမည်။ အကော...
ဉာဏ်ဖြင့် ဖန်တီးထားသော အမှော...
ကာလ မရှိ၊ အတိုင်းအတာမရှိ။ ...
အမှောင်၏ ကာလအတို၊ အရှည်...
သည် ကျွန်တော်တို့ ရေးထိုးမည့်
သမိုင်း၏ အတိမ်အနက်ပေါ်မှာ မူတည်...
သည်။

အမှောင်ကို လွန်မြောက်...
ကျွန်တော်တို့အားလုံးမှာ တစ်ခုပဲ...
သည်။ ယင်းမှာ မတူညီသော တူညီ...
ဖြင့် ညီညွတ်ရေးတေးကို ပြိုင်တူ...
ကြွေးကြဖို့ပဲဖြစ်သည်။

ထိုတေးကို သတ္တိခဲခဲ ဝံ့ရဲစွာ သီ...
ကြဖို့လည်း လိုပါသည်။

❑

၅။

ကျွန်တော့် မျက်ဝန်းထဲမှာ...
စာကလေးသားအမိ အစာခွံ့နေပုံ မြ...
ကွင်းကို ဘယ်တော့မှ မေ့နိုင်မည်...
မဟုတ်သလို၊ ရန်ကုန်မြို့တစ်ကောင်...
ပြိုင်တူဆန့်ကျင်ခဲ့ကြသည့် စာကလေး...
တစ်သိုက်၏ ညီညွတ်မှုသည် လည်း...
ကောင်း၊ ငှက်တစ်သင်း၏ အတူ...
ပင်းပါဝင်မှုသည်လည်းကောင်း၊ ...
တော့ သူရဲကောင်း သပိတ်လွယ် ငှ...
ကလေး၏ စွမ်းရည်သတ္တိသည်လည်း...
ကောင်း မည်သည့်အကြောင်းနှင့်မျှ ...
ဖျက်ပစ်လို့မရသော ပုံရိပ်များအဖြ...
နှလုံးသားတွင် နိမိတ်ထင်နေမည်မှာ
သေချာသည်။

မှန်သည်။

ထိုသေချာမှုသည်သာ ကျွန်တော်...
ရဲရဲယုံကြည်သော အလင်းဖွဲ့ ကဗျာ...
စစ် ဖြစ်ပါသည်။

■

မြေလတ် အောင်မြင့်...



www.burmeseclassic.com

www.burmeseclassic.com


လင်းလွန်းခင်

လင်းလွန်းခင်စာပေတိုက်




တန်ဖိုး – ၂၀၀၀ ကျပ်




တန်ဖိုး – ၁၀၀၀ ကျပ်




တန်ဖိုး – ၁၀၀၀ ကျပ်




တန်ဖိုး – ၁၈၀၀ ကျပ်




တန်ဖိုး – ၁၅၀၀ ကျပ်




တန်ဖိုး – ၄၀၀၀ ကျပ်

ထွက်ပြီ

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့

ဖုန်း – ၀၁ – ၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉ – ၄၂၁၃၄ ၁၉ ၇၁၂


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အမှိုက်ကျူးနှစ်

'သူ လူဖြစ်ကတည်းက စပြီး ဂြိုဟ်မွှေတော့တာပါပဲ' ဟု သူ့မိခင် မတိုးမြင့်က ရင်းနှီးခင်မင်သူများနှင့် စကားစပ်မိတိုင်း ခံစားချက် ပေါ့ပြက်ပြက် လေသံမျိုးဖြင့် ပြောလေ့ရှိခဲ့သည်။ မတိုးမြင့်မှာ ကျွန်တော့်၏ဒေါ်လေးအရင်းအချာလည်းဖြစ်၊ အိမ်ချင်းကလည်း ကပ်နေခြင်းကြောင့် အထက်ပါစကားကို ကျွန်တော်လည်း နားငြီးလောက်အောင် ကြားခွင့်ရလာခဲ့ပါသည်။

'သူ့ကိုယ်ဝန်ရင့်ပြီဆိုကတည်းက ကျွန်မမှာ မစားနိုင် မအိပ်နိုင်၊ အအိပ်ပျက် အစားပျက် တရှောင်ရှောင်နဲ့ ညောင်နာနာဖြစ်နေလိုက်တာ ဆရာဝန်ဆီကို ချောင်းပေါက်မတတ် ကူးသန်းနေရတော့တာပဲရှင့်' ဟု မတိုးမြင့်က ဆက်ပြောခဲ့မည်ဟု ကျွန်တော် ကြားယောင်နေသည်။

'မွေးလည်းမွေးရော ဂျင်မခန်နာဆေးရုံကြီးတက် မွေးရတာရှင့်။ အဲဒီခေတ်က ကုန်လိုက်တဲ့ ပိုက်ဆံဆိုတာ သောက်သောက်လဲပဲ။ ဆေးရုံမှာကုန်တာ မဟုတ်ဘူး။ ကျွန်မတို့နေတာက မြောက်ဥက္ကလာပမှာဆိုတော့ ဂျင်မခန်နာနဲ့က ပဲခူးနဲ့သန်လျင်လို အဝေးကြီးမဟုတ်လား။ အိမ်က လူတွေနေ့စဉ်လို အငှားကားနဲ့ချည်း သွားဟယ်ပြန်ဟယ်ဆိုတော့ လမ်းစရိတ်ထောင်းတာပေါ့ရှင်။ သူ လူ့လောကထဲဝင်ခါစမှာပဲ ကျွန်မတို့မှာ အကြွေးလည်



www.burmeseclassic.com

www.burmeseclassic.com

ပင်းခိုက်နေပြီ။ ဂြိုဟ်ကောင်ပါ။ အောင်ကိုဟာ တကယ့်ဂြိုဟ်ကောင်အစစ်ပါ။ ဂြိုဟ်ကောင်မှ စနေဂြိုဟ်။ နာမည်ကသာ အောင်ကို ဆိုပြီး တနင်္ဂနွေနံဖြစ်နေတာ သူက စနေသားအစစ်'ဟု မတိုးမြင့်က(စနေသားအစစ်)ဟူသောစကားလုံးကို အသံမြှင့်ပြီးပြောလိုက်သည်။

အောင်ကိုထက် ကျွန်တော်က ၈ နှစ်ခန့်ကြီးသောကြောင့် ငယ်စဉ်ကလေးဘဝတုန်းကတော့ ဒီကောင် ကျွန်တော့်ကို ကြောက်ရွံ့ဟန်ပြခဲ့ဖူးသည်။ ကျွန်တော်ကလည်း အကြီးဆိုပြီး အနိုင်မကျင့်ဘဲ ညီကလေးအရင်းအချာလို ချစ်ခင်လိုက်လျောသည်။ သည်ကောင် လူပျိုပေါက်ဖြစ်လာတော့ ကျွန်တော့်ကို ပခုံးချင်းယှဉ်လာ (ရိုင်းရိုင်းပြောရသော်)ခွာရာချင်းပင် တိုင်းလာသလိုလို မချေမငံ ဆက်ဆံလာသည်။ ငယ်ကြောက်လို နေလာသောကောင်က မချေမငံ စိန်ခေါ်ဟန်ပြခြင်းကို ကျွန်တော် သည်းမခံ။ ကျွန်တော့်လက်သီးစာမိပြီး သည်ကောင့်နဖူးကြီး နီမြန်းသွားခဲ့သည်။

ပထမဆုံး အဖေက ကျွန်တော့်ကို ပြင်းထန်စွာ ပြစ်တင်ကြိမ်းမောင်းသည်။

'သူ့မှာ ဖအေရှိတာ မဟုတ်ဘူး။ သူက မုဆိုးမရဲ့ သားတစ်ကောင်ကြွက်။ မင်းက အကြီးဆိုပြီး ညှာတာတဲ့ စိတ်မှမရှိဘဲ၊ အောင်ကို့အပေါ် ကိုယ့် ညီအရင်းအချာလို သဘောမထားနိုင်ဘူးဆို ရင် မင်း လူမဟုတ်ဘူး။ တိရစ္ဆာန်ပဲ နားလည်လား'ဟု အဖေက

> သူ့ကိုယ်ဝန်
> ရင့်ပြီ
> ဆိုကတည်းက
> ကျွန်မမှာ
> မစားနိုင်
> မအိပ်နိုင်
> အအိပ်ပျက်
> အစားပျက်
> တရောင်ရောင်နဲ့
> ညောင်နာနာ
> ဖြစ်နေလိုက်တာ
> ဆရာဝန့်ဆီကို
> ချောင်းပေါက်မတတ်
> ကူးသန်းနေရတော့
> တာပဲရှင့်

အော်ဟာစ်ရှုတ်ချလာသည်ကိုလည်း ကျွန်တော် ခေါင်းငုံ့မခံနိုင်။

'ဒီကောင် ကျွန်တော့်ပိုက်ဆံခိုးတာ အဖေ သိလား'

'သူ ခိုးတာ မင်း မြင်လို့လား။ မျက်စိနဲ့ တပ်အပ်မြင်မှ စွပ်စွဲပါ။ အရမ်းစွပ်စွဲတာ ငါ မကြိုက်ဘူး။ ပြီးတော့ မင်းကိုယ်တိုင် ကိုယ့်ပိုက်ဆံကို လုံလုံခြုံခြုံ မသိမ်းဘဲ ပစ်စလက်ခတ်ထားလို့ အခိုးခံရတာ။ ခိုးသူချည်း အပြစ်ရှိတာ မဟုတ်ဘူး။ နမော်နမဲ့နိုင်တဲ့ မင်းမှာလည်း အပြစ်ရှိတာပဲ'ဟု အဖေက ဆုံးဖြတ်လာသောအခါ ကျွန်တော် အဖေ့ကို စကားမပြန်တော့ဘဲ အိမ်မှ ဆင်းသွားခဲ့ပါသည်။

အဖေ၏အစ်ကိုကြီး (ကျွန်တော့်ဘကြီး) အိမ်မှာ ၂ ရက်ကြာသောအခါ အမေ လိုက်လာပါသည်။

'မင်း အဖေက အခေါ်ခိုင်းလိုက်တယ်။ မင်း အခိုးခံရတဲ့ ပိုက်ဆံကို သူ လျော်ပေးမတဲ့။ ဟို ဂြိုဟ်ကောင်ကိုလည်း ခေါ်စစ်ပြီး ဝန်မခံတော့ မင်းအဖေ ဝါးခြမ်းပြားနဲ့ တွယ်တာ ဂြိုဟ်ကောင် ကျောင်းတောင် မတက်နိုင်ဘူး'ဟု အမေကပြောသောအခါတွင်မူ အောင်ကို့အတွက် ကျွန်တော် စိတ်မချမ်းမမြေ့ ခံစားမိရပြန်ပါသည်။ အဖေက သူ၏ညီမကို 'မိဘဝတ္တရားပျက်တဲ့၊ အဆုံးအမ မရှိတဲ့၊ မိခင်မပီသတဲ့ အလကားမုဆိုးမ'ဟု နင်ပဲငဆ ပြစ်တင်ဆူပူသေးသည်ဟု ဆိုသည်။ ထိုအခါ ဒေါ်လေး မတိုးမြင့်သည် အစ်ကိုကြီးကို မလှန်ရဲဘဲ သားကို သာ မဲပြီး...

'ဂြိုဟ်ကောင် အောင်ကို၊ နင်ကြောင့် ငါ့မှာ နှစ်ပြားမတန်အောင် အပြောခံရသဟဲ့ ဂြိုဟ်ကောင်ရဲ့'အော်ဟစ်မြည်တွန်ကာ ရှိုက်ကြီးတငင် ငိုကြွေးသေးသည်ဟု သိရသည်။ မှန်ပါသည်။ ကျွန်တော်၏ညီတစ်ဝမ်းကွဲ အောင်ကိုသည် ဂြိုဟ်ကောင် ဖြစ်ပါသည်။

မုဆိုးမ ဒေါ်လေးမတိုးမြင့်က နောက်အိမ်ထောင်ပြုလိုက်သောအခါ ဂြိုဟ်ကောင်သည် ပထွေးကိုတင်[illegible] ရင်ဆိုင်ဖို့ အသင့်ပြင်[illegible] သည်။ ကိုတင်ရွှေက [illegible] လူနပ်။ သူသည် [illegible] သား ဂြိုဟ်ကောင်ကို [illegible] မလွှန် မှန်တမ်းပဲ ဆက်[illegible] ဆုံးမဩဝါဒပေးရမည့်[illegible] ကို မတိုးမြင့်ထံပဲ [illegible] လိုက်သည်။

'မင်းသား ကျော[illegible] ပြေးတာကို ငါမတတ်နိုင်[illegible] ငါက တစ်နေကုန် ရုံး[illegible] နေရတာ။ အိမ်မှာနေတဲ့မင်း[illegible] ဒီပြဿနာကို ရှင်းတော့'

စာရေးကြီး ကိုတင်[illegible] က အောင်ကို ကျောင်း[illegible] သည့် ပြဿနာကို 'ဘော[illegible] ဘောပုတ်ထုတ်'လိုက်[illegible] အခါ အောင်ကို့အတွ[illegible] ကောင်းရှာသောပထွေး[illegible] အလေးထားအရေးလုပ်[illegible] ပုဂ္ဂိုလ်စာရင်းမှ ပယ်ဖျက်[illegible] သား ဖြစ်သွားသည်။ အော[illegible] ကို ၄ နှစ်သားအရွယ်မှာ [illegible] ဖခင် ကိုမြသိန်းသည် [illegible] အလုပ်ခွင်မှာ မတော်တ[illegible] လျှပ်စစ်ဓာတ်လိုက်ခံရ[illegible] ကွယ်လွန်ခဲ့ပါသည်။ [illegible] အချိန်ကတည်းက ကျွန်တော်[illegible] တို့၏ဆွေမျိုးစုအသိုင်းအဝိုင်း[illegible] အတွင်း အောင်ကိုအား '[illegible] ဆိုး လူမမည်ကလေး'အဖြ[illegible] ကရုဏာမိုးတွေ ရွာချ[illegible] ကြသည်။ အမှန်ကတော့ သည်ကောင့်ကို ကရုဏာ[illegible] မသက်သင့်ကြပါ။ သည်[illegible] ကောင်က ဂြိုဟ်ကောင်။

သူ့အဖေ ကိုမြသိန်း[illegible] သေမည့်နေ့က သည်အကောင်[illegible] သူ့အမေကို 'ဂျီတိုက်'[illegible] တငိုငို တယိုယိုလုပ်နေသ[illegible] ချော့၍လည်းမရ။ [illegible] လည်းမရ။ သည်အကောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com

...ကြက်နေတုန်း နေ့ခင်းပိုင်းမှာ ... သေဆုံးသည့်သတင်း ...ကြားလာပြီး သူ့အမေ ...တိုးမြင့် ငါးရံ့ပြာလူး ငို ...တော့မှ သည်အကောင် ...ဆိုက်ရပ်သည်။ သို့သော် ...တိုးမြင့်က ကျိန်ဆဲသဖြင့် ...အကောင် ဘုမသိဘမသိ ... ဆပ်မံငိုကြွေးရပြန်သည်။

'အိမ်ကနေ ကျက်သ... မင်္ဂလာမရှိ နင် တဖြဖြ ...ကောင်းလို့ အခု နင့်အဖေ ...ရပြီ ဂြိုဟ်ကောင်ရဲ့'ဟု ...ကာ မတိုးမြင့်က အောင် ...အား ကိုင်ဆောင့်သဖြင့် ...က လူတွေ ဝိုင်းဆွဲရ ...။ အောင်ကိုသည် ဘယ် ... ချော့မရအောင် တစ်နေ ...ငိုနေသည်။ ဖခင်အတွက် ...ကြောင့်တော့ မဟုတ်။ သူ့ ...က ဆေးရုံသို့ လိုက် ...စဉ် သူ့ကို မုန့်ဝယ်ကျွေး ...သူမရှိသောကြောင့် ငို ...ခြင်းသာ ဖြစ်သည်။

မတိုးမြင့်မှာ နောက် ...ထောင်နှင့် သားသမီးတွေ ...ဆက်တိုက်ရလာသောအခါ ဂြိုဟ်ကောင်ကို ယခင်က ...ောက် ဂရုမစိုက်နိုင်တော့။ ကျွန်တော်တို့၏အဘိုးအဘွား (မတိုးမြင့်၏မိဘနှစ်ပါး)က ဂြိုဟ်ကောင်ကို'ဖတဆိုးမြေး' အဖြစ် အချစ်ပိုကြသည်။ ဂြိုဟ်ကောင်ကို မြေးအဖြစ် ...မက သားအထွေးဆုံး ...လေးသဖွယ် အဘိုးကြီး အဘွားကြီး လင်မယားက ...ုးမှတ်ထားကြသည်။ ကျွန်တော်၏အဘိုး(အဘ)ထက် ကျွန်တော်၏အဘွား(အမေ ကြီး)က ဂြိုဟ်ကောင်အပေါ် ...ခြားမြေးတွေအားလုံးထက် ...စားပိုပေးသည်။ ဂြိုဟ်

နောက်မိန်းမက
မိန်းမချောလေး
တဲ့ကွ
သူတို့
အလုပ်ထဲကဆိုပဲ
တို့များရဲ့
မောင်
အောင်ကိုက
အကြီးအိမ်
တစ်လှည့်
အငယ်အိမ်
တစ်လှည့်
ခေတ်တော်
ကူးနေတာတဲ့
ဟန်ကျသကွာ

ကောင်က မျက်နှာသာပေး တော့ ရွှေရေးပန်းကန်တက် ရုံသာမကတော့ဘဲ အဘိုးကြီး ၏ငယ်ထိပ်ကို တက်နင်းကာ အဘွားကြီး၏ လည်မျိုကို ဖနောင့်ဖြင့် ပေါက်တော့ သည်။ အဘိုးကြီးနှင့် အဘွား ကြီးတို့မှာ သူတို့၏မျက်ကန်း မြေးချစ်စိတ်ကြောင့်ပင် ဂြိုဟ် ကောင်၏ အစေခံကျေးကျွန် ဖြစ်မှန်းမသိ ဖြစ်လာကြသည်။ လမ်းထဲမှာ ကလေးချင်း ရန် ဖြစ်ကြလျှင်လည်း အဘိုး ကြီးနှင့်အဘွားကြီးက ဂြိုဟ် ကောင့်ရှေ့မှ(မှားမှားမှန်မှန်) မားမားမတ်မတ် ရပ်ပေးကြ သည်။

'သေခါနီးကြီးတွေက အကဲပိုလိုက်ကြတာ။ သူတို့ မြေးမှ သူတို့မြေး၊ တခြားလူ တွေမှာ မြေးမရှိတာကျနေတာ ပဲ။ အသက်ကြီးပြီး အချိန် မစီးတဲ့ ခေါင်းဖြူ စွယ်ကျိုး ကြီးတွေ'ဟု အမေနာပချီးချီးဖွဲ့ ဖွဲ့ ပြောကြသည်ကိုပင် ကျွန် တော့်နားနှင့်ဆတ်ဆတ် ကြား ခဲ့ဖူးသည်။ အဘနှင့် အမေ ကြီးတို့ကို ကျွန်တော် ပြန်မ ပြောပြပါ။ ပြောပြလို့ကတော့ တောသားအဘိုးကြီးက ပုဆိုး ကွင်းသိုင်း၊ တောသူအဘွား ကြီးက ထဘီအလံထူပြီး အတင်းပြောသူတွေကို တစ်စ စီ ဆုတ်ဖွဲ့ဖြဲရပ်စ်ကြမှာ အသေ အချာ။

တစ်ခါမှာတော့ ဒေါ် လေးက အဖေနှင့်စကားစ မြည်ပြောရာကနေ အမှတ် မထင် 'အိမ်က ကောင်ကို ဘယ်သူမှ မနိုင်တော့ပါဘူး အစ်ကိုကြီးရယ်။ ကျောင်း ပြေး၊ အိမ်က ပိုက်ဆံတွေခိုးနဲ့ ကလေးထောင်ကို ပို့ရမလိုဖြစ် နေပြီ။ သူ ကြောက်တာ အစ် ကိုကြီးတစ်ယောက်ပဲ ရှိပါ တော့တယ် အစ်ကိုကြီးရယ်။ ကြည့်ရှုပြီး ဆုံးမပေးပါဦး' ဟု တိုင်ပြောကလေးပြော လိုက်စဉ် အဖေက နှုတ်ခမ်းမဲ့ သည်။

'တိုးမြင့် နင် ငါ့ကို ထောင်ကျရင် ကျ၊ မကျရင် ကြိုးစင်တက်ရအောင် လာ မလုပ်နဲ့ဟေ့။ နင့်သား အောင် ကိုဟာ ငါ့လက်ပေါ်တင်ကြီး တဲ့ ငါ့တူအရင်းပါ။ ဒါပေမဲ့ နင့်သားက ကြောင်ရိုက်မနာ ဆိုသလို ဘယ့်ကလောက် ရိုက်ရိုက် အမှတ်သည်းခြေရှိ တာမျိုးမှ မဟုတ်တာ။ ငါ ရိုက်လည်း ခဏပဲ။ ပြီးရင် ခွေးမြီးကောက် ကျည်တောက် စွပ်ပြန်ဖြစ်မှာပဲ။ ဒီတော့ နင့် သားအောင်ကို့ကို ဆုံးမမယ့် အစား ငါတော့ တိရစ္ဆာန်ရုံထဲ က ကျားဖင်သာ ပြေးနှိုက် လိုက်ချင်သဟ'

'မင်းကလည်း အစ်ကို တစ်ယောက်အနေနဲ့ ကိုယ့်ညီ ကို နည်းနည်းပါးပါးထိန်းမှ ပေါ့ကွယ်။ ဒီကောင် အခု ၆ တန်း ကျောင်းသားအရွယ်ရှိ သေး။ ဖဲတောင် ရိုက်တတ် နေပြီဟဲ့'ဟု ဒေါ်လေးက ကျွန်တော့်ဘက်လှည့်ပြီး စစ် ကူတောင်းပြန်ပါသည်။

'အောင်ကိုက ကျွန် တော့်ကို မလှန်ရဲပေမဲ့ ကျွန် တော့်အလစ်မှာ နောက်ကျော ကို ဓားနဲ့ ထိုးချင်ထိုးမယ့် ကောင်ဗျ။ ဘာမှတ်လဲ' ဟု ကျွန်တော်က ခေါင်းရှောင် လိုက်သောအခါ အဖေက…

'ဘိုးအေဘွားအေကို တောင် ကလန်ကဆန်လုပ်နေ တဲ့ကောင်ကွ။ မင်းဆိုရင် ဓား နဲ့ထိုးမှာ မဟုတ်ဘူး၊ မင်း ခေါင်းကို ရဲတင်းနဲ့ ခုတ်မှာ' ဟု ခနိုးခနဲ့လေသံဖြင့် မှတ် ချက်ချလိုက်ပါသည်။

အမှန်ပါပဲ။ ဂြိုဟ်ကောင် က အိမ်မှာလည်း ရန်ဖြစ်၊ ရပ် ကွက်ထဲမှာလည်း ရန်ဖြစ်၊ ကျောင်းမှာလည်း ရန်ဖြစ်နှင့် 'ငပွကြီး'ဖြစ်မှန်းမသိ ဖြစ် နေသည်။ ဒေါ်လေးသည် မကြာခဏဆိုသလိုပင် 'နင် တော်တော်ဂြိုဟ်မွှေတဲ့ ဂြိုဟ် ကောင်ပါလား အောင်ကိုရဲ့' ဟု ငိုသံပါကြီးနှင့် ညည်း တွား ရေရွတ်နေရရှာသည်။

www.burmeseclassic.com

ဂြိုဟ်ကောင်က ၁၄ နှစ် သားလောက်မှာ ဆေးလိပ် ကောင်းကောင်းသောက်တတ် နေပါပြီ။ မိဘဘိုးဘွားတွေ ရှေ့မှာ ဆေးပေါ့လိပ်မီး တရဲ ရဲ၊ ဆေးလိပ်မီးခိုးတလုံးလုံး နှင့် ဖြောင်သောက်သည်။ ဆေးလိပ်မသောက်တတ်သော ပထွေးကိုမြသိန်းမှာ ဆေး လိပ်လက်ကြားညှပ်ထားသော အောင်ကိုအား မြင်လျှင် မသိ မသာရှောင်သွားလေ့ရှိသည်။ သည်အကောင်က ကျွန်တော့် ဖခင်ရှေ့မှာတော့ ဆေးလိပ် မသောက်ရဲ။ ဆေးလိပ်လက် ကြားမညှပ်ရဲ။

'ဘိန်းစား လူဖြစ်မယ် မကြံသေးဘူး ဆေးလိပ်တဖွာ ဖွာနဲ့။ တီဘီဖြစ်ပြီး မသာပေါ် ချင်ပြီ မှတ်တယ်'ဟု အဖေ က ကြိမ်းထားကတည်းက ဂြိုဟ်ကောင်သည် အဖေ့ရှေ့ မှာ ဆေးလိပ်ရှောင်သည်။

တစ်နေ့တော့ လူကြီး တွေမရှိသည့်အချိန်မှာ ဂြိုဟ် ကောင်က ကျွန်တော့်အခန်း ထဲ ဆေးလိပ်လာသောက် သည်။

'ဟော့ကောင် အောင်ကို၊ မင်း ဆေးလိပ်အနံ့က စိမ်း ရွှေရွှေနဲ့၊ ဘာနံ့ကြီးမှန်း မသိ ဘူး'

'ဒါက အထူးဆေးလိပ် ဗျ။ ဂန်ဂျာ ဂန်ဂျာ'

'ဘာ ဂန်ဂျာလဲကွ'

ဂြိုဟ်ကောင်က ဆေး လိပ်ဖွာရင်း ကျွန်တော့်ကို 'ငတုံးကြီး'ဟူသောအဓိပ္ပာယ် ဖြင့် ရယ်လို့ပင် နေလိုက်ပါ သေးသည်။

ထိုကာလက မူးယစ် ဆေးဝါးဥပဒေ မတင်းကျပ် သေး။ ပြစ်ဒဏ်လည်း မကြီး

**ပတ်စာချွာ ဖျာသိမ်း စက်ရုပ်သတင်း ကတော့ ဂြိုဟ်ကောင် ခုံးပြီ အရိုးပေါ် အရေတင် ခန္ဓာ မျက်ကွင်း ဟောက်ပက်နှင့် မြင်မကောင်း ရှုမကောင်း ဇာတ်သိမ်းသွားပြီ**

လေးသေးပါ။ သည်ကိစ္စကို တားမြစ်ရန် ကျွန်တော် ဘယ် လိုမှမကြံတတ်။ သည်ကောင် ငယ်ငယ်ရွယ်ရွယ်နှင့် အပေါင်း အသင်းများနေမှန်းတော့ ကျွန် တော် သိလိုက်ပြီ။ ကျွန်တော် ဘာတတ်နိုင်မှာလဲ။

ဂြိုဟ်ကောင်လည်း မကြာမီ နှာခေါင်းကျည်ပွေ့ တွေ့သွားသည်။ ကျောင်း ပြေးခြင်း၊ ရန်ဖြစ်ခြင်း၊ ကျောင်းမှာ ဆေးလိပ်ခိုး သောက်ခြင်း၊ အတန်းပိုင် ဆရာမ၏ ဆိုဆုံးမမှုကို မနာခံ ခြင်းတို့ကြောင့် ဂြိုဟ်ကောင် ကျောင်းထုတ်ခံလိုက်ရသည်။ သတ္တမတန်းပညာ တိုးလိုး တန်းလန်းနှင့် သည်ကောင် ဟိုမရောက်သည်မရောက်၊ အထက်မတက် အောက်မကျ 'ဓော်ကန့်လန့်'ဖြစ်သွားပြီဟု အများက ထင်ကြသည်။ ကျောင်းမနေလျှင် စိတ်လေ ပြီး လူပေလူတေဖြစ်မှာ သေ ချာသည်ဟု ကျွန်တော်လည်း ထင်သည်။

ထင်သည့်အတိုင်းပင် ဂြိုဟ်ကောင်သည် ရပ်ကွက် ထဲမှာ လူပွေလူလေကလေး ဖြစ်လာသည်။ လောင်းက စားဝိုင်းတွေမှာ မွေ့လျော်နေ သည်။ 'မသာ ၇ ရက်၊ လူ က ၈ ရက်'ဆိုသလို အသုဘ တစ်ခုရှိလျှင် ထိုအသုဘအိမ် ကနေ ဂြိုဟ်ကောင် အိမ်မပြန် တော့။ ရက်လည်သပိတ် သွတ်ပြီးမှ မျက်တွင်းချောင် ကလေးနှင့် အိမ်ပြန်လာပြီး ၃ ရက်လောက် မထတမ်းအိပ် နေသည်။ ခွန်အားဖြည့်တင်း ပြီးလျှင် မိခင်ဆီက ပိုက်ဆံ တောင်းလျှင်တောင်း၊ ဘိုး အေ ဘွားအေဆီက ပိုက်ဆံခိုး လျှင် ခိုးပြီး အိမ်က ထွက် သွားပြန်သည်။

'ဒီအိမ်မှာ လူတွေ နေ ကြတာမှ ဟုတ်ရဲ့လား။ ဒီ တိရစ္ဆာန်ကောင်ကို မိသားစု သိက္ခာအကျခံပြီး ဘာလို့ လက်ခံထားရတာလဲ'ဟု ကျွန်တော်၏ဖခင်က အမုန်း ခံပြီး ဘီလူးဆိုင်းတီးသည်။

ကျွန်တော်၏ဖခင် သည် ဂြိုဟ်ကောင်အပေါ် ခြွင်းချက်မဲ့ချစ်ခင်၊ အတိုင်း အဆမဲ့သံယောဇဉ်တွယ်နေကြ သော အဘိုးကြီးအဘွားကြီး

တို့နှင့် ထိပ်တိုက်တွေ့...

'ဟော့ မင်းနဲ့ မဆိုင်...

ဟု အဘိုးကြီးက အ...

ငေါက်ထုတ်သည်။ အ...

ကြီးကလည်း သွားမဲ့...

သော ပါးစပ်ကလေး...

လေသံတရှီးရှီးဖြင့်-

'ငါ့မြေး ဖတ...

လေးကို ငါတို့ မွေးထား...

ကျွေးထားတာပါကွယ်။ ...

ဆိုးဆိုးကောင်းကောင်း ...

က အနေသာကြီးပါ။ ...

မကျေနပ်ရင် တူအရင်း...

မမှတ်နဲ့ပေါ့။ သူစိမ်း...

သဘောထားလိုက်ပေါ့...

အမေ ပြောတာ လမ်း...

ဘူးလားကွယ့်...ဟင်'...

ပြောသောအခါ အဖေ...

မိအိုဖအိုကြီးတွေကို ရင်...

တော့ဘဲ ဆုတ်ခွာလာခဲ့...

'အဲဒီ ဂြိုဟ်ကောင်ကို ငါ့...

ရိပ်မနင်းစေနဲ့ တိုးမြင့်' ...

သူ့ညီမကို သတိပေးခဲ့...

အဖေ စိတ်ပြေလော...

သောအချိန်မှာ ဒေါ်လေး...

အဖေ့ထံရောက်လာပြီး ...

ပြေကြောင်း လေပြေထိုး...

သည်။

'ဟုတ်ပါတယ်။ ...

ကိုကြီးပြောသလို အောင်...

က အိမ်မှာ ဂြိုဟ်မွေးနေ...

ဂြိုဟ်ကောင်ပါ။ စနေသား...

ဝိဝိ စနေဂြိုဟ်မွေးနေတာ...

ကျွန်မလည်း သူ့အတွ...

သင့်တော်မယ့် အလုပ်က...

ဘာကလေး ရှာကြည့်နေ...

တယ် အစ်ကိုကြီး။ အလုပ်...

ရင်တော့ သူ ခြေငြိမ်သွား...

ပါ'

'ဂြိုဟ်ကောင်လား ...

ငြိမ်မှာ ဟင်း ငါ မပြော...

ချင်ဘူး။ တိုးမြင့် ပေါ်ပြီ...

နင့်သားနဲ့ ပတ်သက်ပြီး ငါ...

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမကြားချင်ဘူး'

ဂြိုဟ်ကောင်ကြောင့် ဒေါ်လေးနှင့်အဖေတို့လည်း မောင်နှမအချင်းချင်း ခပ်တန်းတန်းတွေ ဖြစ်သွားကြပုံကို ကျွန်တော် မှတ်မိနေသည်။

အဖေ၏ဂြိုဟ်ကောင့်အပေါ် တွက်ကိန်းလွဲသွားသည်။ ဂြိုဟ်ကောင်သည် ကွယ်လွန်သူ သူ၏ဖခင်ဘက်မှ ဆွေမျိုးများ၏ အဆက်အသွယ်ဖြင့် ရန်ကုန်ဆိပ်ကမ်းတစ်နေရာမှာ ကုန်လှောင်ရုံဂိုဒေါင်စာရေးကလေး အလုပ်ရသွားပြီး ခြေငြိမ်သွားသည်။ အထက်တန်းစာရေးကြီးတစ်ယောက်ဟု ထင်ရလောက်အောင် ဂြိုဟ်ကောင်က သားသားနားနား ဝတ်ဆင်နေထိုင်သဖြင့် မနာလိုချင်စရာပင်ကောင်းနေသေးသည်။

ပို၍ မနာလိုချင်စရာကတော့ သည်အကောင်က ဘွဲ့ရပညာတတ် ရုံးဝန်ထမ်းမကလေးတစ်ယောက်နှင့် အိမ်ထောင်ကျသွားခြင်း ဖြစ်သည်။ ဂြိုဟ်ကောင်က လူချောလူလှတစ်ယောက်ပါ။ အသားဖြူ၍ အရပ်မြင့်သည်။ ပိန်သွယ်သွယ်နှင့် ကြည့်ကောင်းသော ယောကျ်ားခန္ဓာရှိသည်။ အထူးသဖြင့် သူ့ခင်ဆီက အမွေရလိုက်သော မျက်ခုံးမျက်လုံးနှင့် ပါးချိုင့်တွေက မိန်းကလေးအတော်များများကို အလွယ်တကူ ဖမ်းစားညှို့ငင်သည်။

'သူက အကောင်းစားသားရေဖုံးနဲ့ မှတ်စုစာအုပ်ကလေး ကိုင်,ကိုင်ထားတော့ သူ့ကို ဘွဲ့ရပညာတတ်တစ်ယောက်ယောက်၊ ဒါမှမဟုတ် တက္ကသိုလ်က ကျူတာပေါက်စကလေးတစ်ယောက်ယောက်ပဲ မှတ်တာ။ သူကလည်း ဝတ်လိုက်ရင် ကော်လာခေါင်းတုံး ရှပ်အဖြူနဲ့ နံ့သာရေစင်တိုက်ပုံနဲ့ ရှိုးစမိုးအပြည့် မဟုတ်လား။ ကျွန်မ အဲသလို လူကဲခတ်တော်လို့လည်း အခုတော့ ကျွန်မမှာ ကလေးနှစ်ယောက်အမေ၊ အရက်သမားမယား ဖြစ်နေရတာပေါ့ အစ်ကိုကြီးရယ်'ဟု နောင်သောအခါ ဂြိုဟ်ကောင်၏ဇနီး သီသီမာက နောင်တရဟန်မပါဘဲ ပြုံးပြုံးရယ်ရယ်နှင့် ကျွန်တော့်ကို ပြောခဲ့ပါသည်။

ကျွန်တော့်ခယ်မဝမ်းကွဲ သီသီမာတို့ဘက်က ဆွေကြီးမျိုးကြီး ကြေးရတတ်တွေ မဟုတ်သော်ငြား လူလတ်တန်းစားအောက်အလွှာမှ ဘွဲ့ရ၊ ဘွဲ့လွန်ပညာတတ်တွေချည်း ဖြစ်ကြသည်။ သူတို့အုပ်စုထဲမှ သနရုပ်ပရုပ်ရည်ကလေးနှင့် ဘွဲ့ရမိန်းကလေးက အောင်ကို့လို ၇ တန်းတောင် မအောင်သော အောက်တန်းစားနှင့်ညားသောအခါ သူတို့တစ်တွေ 'မျက်စပ်ပိုးဝင်'ဖြစ်သွားကြပုံပေါ်သည်။ သီသီမာ့ကို အားလုံးဝိုင်း'ကြဉ်'ပစ်လိုက်ကြ၏။

'ကျွန်တော့်မိန်းမက ပညာတတ်အစ်ကိုကြီးရဲ့။ ဘွဲ့ဆိုတာကြီး ရသတဲ့။ ဘီအေဆိုလား၊ ဘီအက်စ်ဆိုလား မသိပေါင်ဗျာ၊ သူရတဲ့လခလောက်ကို ကျွန်တော်က အလုပ်ထဲမှာ ရှာလိုက်ရင် တစ်ရက်တည်းနဲ့ ရတယ်။ ဟား ဟား ပညာတတ်တဲ့၊ ဟား ဟား ဘာပညာတတ်လဲ၊ ဟောသလို တိုက်ခန်းမျိုးကို ငှားပြီး နေနိုင်ပါ့မလားဗျာ ဟား ဟား'

ဂြိုဟ်ကောင်က သူ့အလုပ်နှင့်နီးသော ကြည့်မြင်တိုင်ဘက်မှာ သုံးလွှာရှိတိုက်ခန်းကလေး ငှားနေသည်။ ကလေးတစ်ယောက်အရမှာ သီသီမာလည်း အလုပ်ကထွက်ပြီး အိမ်မှာပဲ ကလေးထိန်း ထမင်းချက်ဖြစ်လာသည်။ ဒါတွင်မကသေးပါ၊ တစ်ခါတစ်ရံ လင်တော်မောင် အလုပ်ကပြန်လာ၍ အမောပြေ ယမကာမှီဝဲခါနီး အိမ်မှာ အမြည်းကောင်းကောင်း မရှိလျှင် ခေါက်ဆွဲဆိုင်ပြေးပြီး တရုတ်အစားအစာတစ်ခုခု ဝယ်ပေးပေသည်။ 'တစ်နေကုန် အိမ်မှာပဲ ကုပ်နေရတော့ အခုလို ခေါက်ဆွဲဆိုင်ပြေးပေးတဲ့အခါ မင်းအညောင်းအညာပြေတာပေါ့ မိန်းမရာ' ဟု ဂြိုဟ်ကောင်က ရယ်စရာလိုလိုနှင့် ရိသေးသည်။

ဒီလိုနှင့် ဂြိုဟ်ကောင် သားသမီး နှစ်ယောက်ရပြီး အကြီးကောင် ကျောင်းထားရချိန်မှာတော့ ဂြိုဟ်ကောင်သည် 'အရက်သမားကြီးလုံးလုံး ယစ်ထုတ်ကြီးရှုံးလောက်' သောဘဝ ရောက်သွားခဲ့ပြီ။ လမ်းကြုံသဖြင့် ဂြိုဟ်ကောင်၏ အလုပ်ထဲသို့ ကျွန်တော်က အလည်အပတ်ဝင်ခဲ့၏။ ကြည့်မြင်တိုင် ဆိပ်ကမ်းတစ်နေရာ ပြည်ပသို့ ကောက်ပဲသီးနှံတင်ပို့သော ဌာနကြီးတစ်ခုမှာ ၇ တန်းမအောင်သော ဂြိုဟ်ကောင်က သီးသန့်ရုံးခန်းကလေးတစ်ခန်းနှင့် စံမြန်းနေသည်။

ဝတ်စားဆင်မြန်းထားသည်ကတော့ သားသားနားနား။ သူ့ရှေ့က စားပွဲပေါ်မှာမူ ဝီစကီပုလင်းနှင့် အမြည်းနှင့်။ ဂြိုဟ်ကောင်က ငွေရှင်သူတွေသာ သုံးစွဲနိုင်သော ၅၅၅ စီးကရက်ခဲလို့။

'မနက် ၁၀ နာရီပဲရှိသေးတယ်။ မင်းက ဝီစကီ မော့နေပြီလားကွ'ဟု ကျွန်တော်က အလိုမကျဟန်ပြသော် ဂြိုဟ်ကောင်က ပါးချိုင့်တွေပေါ်အောင်ပြုံးရာက…

'ဟားဟား ဒီနေ့က နောက်ကျတာ၊ ခါတိုင်းနေ့တွေဆို အလုပ်ထဲရောက်တာနဲ့ ၉ နာရီထိုးရင် ကျွန်တော်ကိုင်ပြီ'

'မင်း အထက်လူကြီးတွေက ဘာမှ မပြောဘူးလား'

'ဒါပဲလေ၊ ဒါပဲ၊ ဒါနဲ့ သူတို့ပါးစပ်တွေကို ဆို့ထားလိုက်ရင် ကျာပွတ်နဲ့ရိုက်ပြီး အပြောခိုင်းတောင် မပြောတော့ဘူး ဟားဟား'

'သိပ်မလုပ်နဲ့၊ မင်း ဆာရိုးဆစ် Cirrhosis ဖြစ်ပြီး ဘဝတုံးသွားလိမ့်မယ်'

'ဘာ စဒိုးစစ်တုံးဗျ၊ ခင်ဗျားတို့ ပညာတတ်တွေကလည်း ဘိုစကားလုံးတွေ ညှပ်ညှပ်ပြီး တယ်မှတ်တာကိုး ဟားဟား'

'အသည်းနဲ့ပတ်သက်တဲ့ရောဂါတွေ ဖြစ်လိမ့်မယ်လို့ ပြောတာကွ။ အရူးခေတ်

www.burmeseclassic.com

စားနေတဲ့ အသည်းကြွပ်ရောဂါတွေပေါ့ကွာ'

'အသည်းကြွပ် ဟုတ်လား၊ ကောင်းတာပေါ့၊ အသည်းကြွပ်ကြွပ်ကြော်ပြီး ဝီစကီနဲ့မြည်းမယ်လေ၊ ဟားဟား ဒီမှာ အစ်ကိုကြီး ရောဂါဆိုတာကတော့ အရက်မသောက်လည်း ဖြစ်မှာပဲ။ အရေးကြီးတာက ရောဂါတစ်ခုခုဖြစ်ရင် ဆေးကောင်းဝါးကောင်း ဆရာဝန်ကောင်းကောင်းနဲ့ ကုနိုင်ဖို့ပဲဗျ။ ကျွန်တော့်ဘက်က ဆေးကုဖို့ အဆင်သင့်ပဲ၊ ဟောဒီမယ် မြင်လား အစ်ကိုကြီး'

ဂြိုဟ်ကောင်က သူ၏ စားပွဲအံဆွဲဖွင့်ကာ အံဆွဲထဲကနေ ငွေစက္ကူထုပ် သုံးထုပ်ကို စားပွဲပေါ် တင်လိုက်သည်။

'ကျွန်တော် ငွေရှာနေတယ် အစ်ကိုကြီး၊ ဒီငွေက ဒီမနက်ဝင်တဲ့ငွေပဲ။ ညနေ အလုပ်ကပြန်ရင် ဒီငွေထက်မကတဲ့ ငွေထုပ်တွေပိုက်ပြီး အိမ်ပြန်မှာ၊ မယုံပါနဲ့ဗျာ။ ရောဂါဖြစ်လည်း ကျွန်တော် ဆေးကုနိုင်ပါတယ် ဟားဟား'

သူ့ရှေ့မှ ငွေစက္ကူထုပ်တွေကိုကြည့်ပြီး ကျွန်တော် သရိုးသရီ ခံစားလာရသည်။ ဒီငွေတွေသည် ၇ တန်းတောင် မအောင်သော ဂိုဒေါင်စာရေးတစ်ယောက်က ရိုးရိုးသားသား ရှာဖွေသော သမ္မာအာဇီဝငွေကြေး ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။

ကျွန်တော်ပြန်ခါနီးမှာ ဂြိုဟ်ကောင်က ငွေစက္ကူတစ်ထပ်ကမ်း၍ 'အစ်ကိုကြီး သုံးဖို့'ဟုဆိုသည်။ (မသန့်ရှင်းတဲ့ ငွေတွေကို ငါမယူဘူး)ဟု စိတ်ထဲကပဲ ပြောလိုက်ပြီး…

'မင်းပဲသုံးပါ၊ ငါ့မှာရှိပါတယ်'ဟုဆိုရင်း ကျွန်တော် အမြန်လစ်ထွက်လာခဲ့သည်။ ဂြိုဟ်ကောင်ကိုကြည့်ပြီး ကျွန်တော် မုဒိတာမပွားနိုင်ပါ။

မုဒိတာ မပွားနိုင်သည့်ပြင် ဂြိုဟ်ကောင့်အပေါ် စိတ်ပျက်ရွံရှာမိ ထိတ်လန့်ရင်မောမိသည်။ ခေါင်းပေါင်းကြီး မပါသည်ကလွဲလျှင် အာဏာပိုင်ဝန်ကြီးတစ်ပါးလို ဝတ်စားထားသော ဂိုဒေါင်စာရေးက ပြည်သူလူထုပိုင် အလုပ်ဌာန ရုံးခန်းတစ်ခုထဲမှာ ထိပ်သီးစီးပွားရေးသမားကြီးတွေသာ သောက်သုံးနိုင်သော ပြည်ပဖြစ် ဝီစကီပုလင်းကြီးထောင်၍ ခုံခုံကြီး ထိုင်နေသော မြင်ကွင်းမှာ ကမ္ဘာပျက်ကိန်းကို ကြိုတင်၍ တွေ့မြင်လိုက်ရသလို ကျွန်တော့်ကျောရိုးတစ်လျှောက်မှာ စိမ့်ကျဉ် တုန်ယင်သွားမိပါသည်။

'ကျွန်တော့်လက်အောက်မှာ အလုပ်သမား ယောကျ်ားမိန်းမ လေးရာလောက်ရှိတယ်ဗျ။ သူတို့ကို ကျွန်တော့်လို ၇ တန်းမအောင်တဲ့ကောင်က ဘယ်လိုစီမံ အုပ်ချုပ်သလဲ ဟုတ်လား၊ လွယ်ပါတယ်ဗျာ၊ သိပ်လွယ်ပါတယ်။ မန်းနီးနဲ့ အုပ်ချုပ်တယ်လေ။ မန်းနီးနဲ့မရရင်တော့ လက်သီးပေါ့ဗျာ။ များသောအားဖြင့်တော့ ဒီလိုနေရာမှာက အောက်တန်းစား ပုံကျတွေ အလုပ်လာလုပ်ကြတာ များတယ်၊ စရိုက်ကြမ်းတယ်၊ ဒီတော့ လက်သီးနဲ့အုပ်ချုပ်ရတာ အလွယ်ကူဆုံး အဆင်ပြေဆုံးပဲ'ဟု သူပြောခဲ့သော စကားကို သူ့ဆီက အပြန်လမ်းမှာ ကျွန်တော် ပြန်လည်ကြားယောင်နေသည်။ ကြားယောင်ရင်း ကယောင်ချောက်ချားနှင့် ကိုယ့်လက်တွေကို ကိုယ်ပြန်ကြည့်မိသည်။ ဖောင်တိန်၊ ဘောလ်ပင်၊ ခဲတံကိုင်သောလက်တွေ၊ သန့်ရှင်းသောလက်တွေ။ သို့သော် မိမိ၏ အာခံတွင်းထဲသို့ ထမင်းလုတ်မှန်မှန် ပို့ဆောင်တင်သွင်းခြင်း မပြုနိုင်သောလက်တွေပါကလားဟု ကျွန်တော် ညည်းတွားမိပါ၏။

ဂြိုဟ်ကောင့်ထံသို့ ဘယ်တော့မှ မသွားတော့။ ဂြိုဟ်ကောင်နှင့် ဆက်ဆံတွေ့ဆုံခြင်း မလုပ်တော့။ ဂြိုဟ်ကောင့်ကို သွေးသားညီအစ်ကိုစာရင်းမှ ထုတ်ပယ်လိုက်မည်ဟု ကျွန်တော် သန္နိဋ္ဌာန်ချသည်။ ကျွန်တော့်သဘောထားကို ကြားကြသော ဆွေမျိုးအသိုက်အမြုံက ရယ်သွမ်းသွေးကြသည်။

'မိုးခါးရေသောက်နေကြတဲ့ ခေတ်ကြီးလေ။ အောင်ကို အကြံအဖန်နဲ့ထောနေတာ ဘာဆန်းသလဲ၊ အောင်ကို့လိုလူစားတွေ လောကကြီးမှာ တစ်ပုံကြီး အောတိုက်လို့။ ပညာမတတ်ဘဲနဲ့ ဒီလိုအခြေအနေမျိုး ဖန်တီးယူနိုင်တာ သူ့အရည်အချင်းပေါ့။ သူ့မှာ စွမ်းဆောင်ရည် မြင့်လို့ပေါ့။ မင်းလို ၁၆ တန်းအောင်ထားတဲ့ ပညာတတ်ကြီး[illegible] တောင် အောင်ကို့လိုငွေရှာ[illegible] လို့လား။ အခုဆိုရင် အော[illegible] ကိုက နောက်မိန်းမ အဲ အဲ[illegible] မယားငယ်ပေါ့ကွာ သူ[illegible] မယားငယ်နဲ့ ဘာနဲ့[illegible] မယားငယ်ကိုလည်း [illegible] တစ်ဆောင် မီးတစ်ပြော[illegible] ထားတာတဲ့။ ကဲ မနိုင်[illegible] လား'

ဆွေမျိုးထဲမှ လူကြီးပိုင်[illegible] တစ်ယောက်က မစားရ [illegible] ခန်း ပြောလာချိန်မှာ [illegible] ဂလီဆန် အော့အန်ချင်လာ[illegible] သည်။ အဘိုးကြီးက အား[illegible] ဝမ်းသာ ဆက်ပြောနေ[illegible] သည်။

'နောက်မိန်းမက မိန်း[illegible] ချောလေးတဲ့ကွ။ သူတို့အလု[illegible] ထဲကဆိုပဲ။ တို့များရဲ့ မော[illegible] အောင်ကိုက အကြီးအိမ်တစ်[illegible] လှည့်၊ အငယ်အိမ်တစ်လှည့်[illegible] ဆောင်တော်ကူးနေတာတဲ့[illegible] ဟန်ကျသကွာ'

'မယားနှစ်ယောက်[illegible] ကြား ဗျာများသေတဲ့တစ္ဆေ' ဟူသော စကားကို ကျွန်တော်[illegible] ကြားယောင်ရင်း မွန်းကျပ်[illegible] သွားမိ၏။

'လည်လွန်းတဲ့ဘီး ချေး[illegible] သင့်'ဆိုသော ဆိုရိုးစကားက[illegible] တစ်ခါတစ်ရံ ကွက်တိမှန်[illegible] သည်။

ဂြိုဟ်ကောင်နှင့် အဆက်ဖြတ်ထားသော်လည်း[illegible] ဆွေမျိုးတွေမှတစ်ဆင့် သူ့[illegible] သတင်းတွေတော့ ကျွန်တော်[illegible] ကြားသိနေခဲ့ရပါသည်။ [illegible] ကောင်းသတင်းတွေမဟုတ်[illegible] အမင်္ဂလာ သတင်းတွေချည်း[illegible] ဂြိုဟ်ကောင်အဖမ်းခံရ[illegible] ထောင်ကြီးချုပ်သို့ရောက်[illegible] မကြာခင်ပြန်လွတ်၊ အလုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြုတ်၊ ကျန်းမာရေးမကောင်း၊ အထူးကုသမားတော်တွေ အပြောင်းပြောင်း အလဲလဲနှင့် ကုနေရသည်။ ရှာဖွေစု ဆောင်းထားသမျှ အတွင်း ရွေးတွေလည်း ပြုတ်ပြုတ် ပြုန်းပြီ။ မယားအငယ်မက သည်း စွန့်ခွာသွားပြီ။ ဂြိုဟ် ကောင်ဝယ်ပေးသော မြို့သစ် က အိမ်လေးကိုရောင်းစားပြီး အငယ်မ လစ်သွားပြီ။

နောက်ဆုံး ပတ်စာခွာ ဗျာသိမ်း စက်ရပ်သတင်းက တော့ ဂြိုဟ်ကောင် ဆုံးပြီ။ အိုးပေါ်အရေတင်ခန္ဓာ မျက် တွင်းဟောက်ပက်နှင့် မြင်မ ကောင်း ရှုမကောင်း ဇာတ် သိမ်းသွားပြီ။

နာရေးဖြစ်၍ ကျွန်တော် ရောင်သာ မတိမ်းသာတော့ ပါ၊ ခယ်မ သီသီမာကိုယ် တိုင် ဂြိုဟ်ကောင်ဆုံးပြီး နာရီ ပိုင်းအတွင်း ငိုသံပါကြီးနှင့် ကျွန်တော့်ထံ ဖုန်းဆက် အကြောင်းကြားခဲ့ပါသည်။ ဆွေမျိုးစု အဝန်းအဝိုင်း အတွင်း လူကြီးတစ်ယောက် အနေဖြင့် ဂြိုဟ်ကောင်အသု ဘကို ကျွန်တော် မျက်နှာလွှဲ ခဲပစ် မလုပ်သင့်။ တစ်ခေါက် တစ်ကျင်းမှ မရောက်ဖူးသော ဂြိုဟ်ကောင်တို့ တိုက်ခန်းသို့ ကျွန်တော် ကမန်းကတန်း လာခဲ့ရသည်။ ဒင်း(သင်း)က သုံးလွှာမှာနေသဖြင့် အသုဘ အိမ်မှန်းပင် မသိရ။

ကျွန်တော်ရောက်သွား သောအခါ အလောင်းရှိရာ ဧည့်ခန်းထဲမှာ ကျွက်စီကျွက် စီ ဖြစ်နေကြရသည်။ နာရေး အသင်းဝတ်စုံနှင့် လူသုံးလေး ဦးကိုလည်း တွေ့ရသည်။

'သူက နေကောင်း တုန်းကလည်း အိပ်ရင် အခု လိုပဲ ညာဘက်ဒူးတစ်ဖက် ထောင်ပြီး အိပ်တတ်တယ်။ နေမကောင်းတော့လည်း အဲဒီ ပုံစံနဲ့ပဲ အိပ်တာ။ ဆုံးတော့ လည်း အဲဒီဒူးက ထောင် လျက်ပဲ။ ကျွန်မတို့ အိမ်နီး ချင်းတွေ ဆွဲဆန့်ကြည့်ပြီးပါ ပြီ။ ဘယ်လိုမှ ဆွဲဆန့်လို့ မရ ပါဘူး။ သံချောင်းကြီးတွေလို ဖြစ်နေတာရှင့်'ဟု သော သီသီမာ၏ အက်ကွဲကွဲ ဆို့ တစ်တစ်အသံကို ကြားရ သည်။

'အဲဒီဟာက Rigor Mortis ဖြစ်သွားတာဗျ။ ဆန့် လို့မရတော့ဘူး။ ဒီအတိုင်းပဲ ခေါင်းသွင်းရမှာပဲ'ဟု နာရေး ဝန်ထမ်းထဲမှ မျက်မှန်နှင့်လူ ကြီးက အင်္ဂလိပ်စကားလုံး ညှပ်၍ ပြောလိုက်ရာ ဆေးလူ တွေက သူ့ကို အလန့်တကြား ဝိုင်းကြည့်ကြသည်။

'အကြောဆိုင်းသွား တာပေါ့လေ၊ လူတစ်ယောက် သေပြီဆိုတာနဲ့ သူ့ကိုယ်အင်္ဂါ တွေက သေခါနီးအနေ အထားမှာ ငြိမ်သွားကြတာကို ပြောတာပါ'ဟု ဦးမျက်မှန်က ရှင်းပြသည်။

ဤသို့ဖြင့် ဂြိုဟ်ကောင် ၏ အလောင်းကို ခေါင်းသွင်း သောအခါ သူ၏ဒူးတစ်ဖက် က ထောင်မြဲထောင်လျက်။ ခေါင်းသေတ္တာအဖုံးကို ပိတ် ၍မရတော့။ နာရေးဝတ်စုံနှင့် လူတွေပင် ဂြိုဟ်ကောင်ထား ရစ်ခဲ့သော ပြဿနာကြောင့် မျက်စိမျက်နှာ ပျက်နေကြ သည်။ တိုက်အောက်ရောက် ၍ အဖုံးဖုံး၍ မရသောခေါင်း ကို ကားပေါ်သို့တင်ကြရင်း တစ်စုံတစ်ယောက်က 'ဒီ အသုဘကတော့ ဂြိုဟ်ပဲ'ဟု ရေရွတ်လိုက်သံကို ကျွန်တော် နားစွန် နားဖျား ကြားမိပါ သေး၏။

■

ကြူးနှစ်


ရန်ကုန် ဆရာမြင့် (ခ) ဆရာသြဘာ



နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့

Ph : 09 420034597




www.burmeseclassic.com

www.burmeseclassic.com

# ဗိုင်းရပ်စ

ကိုယ်ခံအား သိပ်မကောင်းရှာတဲ့ မင်းခန့်တစ်ယောက်
အခုတော့ ကူးစက်ရောဂါဆိုး ဗိုင်းရပ်(စ)တစ်မျိုး အကူးခံရရှာလေပြီ။
ဒါပေမဲ့ ဒီလိုဖြစ်သွားတာကိုလည်း မင်းခန့်က ကျေနပ်သလိုလို ရှိတယ်။
အရင်က သူ့ဘဝမှာ အတတ်နိုင်ဆုံး ကျန်းမာသန့်စွမ်းအောင် နေခဲ့တာပဲ။
ဒါပေမဲ့ အခြေအနေက ဒီလို ဗိုင်းရပ်(စ)အကူးခံရအောင်
ဖန်လာခဲ့ပြီဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲလို့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တွေးပြီး ဘဝကို နားလည်လက်ခံလိုက်ရတာပေါ့။ ခုတော့လည်းဒီဘဝမှာ အသားကျအဆင်ပြေနေပြီး အလိုက်သင့်ပဲ မျှောနေလိုက်တော့တယ်။ ဒီပတ်ဝန်းကျင်မှာလည်း သူ့လိုပဲ မိုင်းရပ်(စ) အကူးခံရတဲ့သူတွေ အများကြီးမြင်နေရလို့ သူတစ်ယောက်အတွက်နဲ့ လောကကြီးက ထူးထူးခြားခြား မပြောင်းလဲသွားပါဘူးဆိုတဲ့ ခံယူချက်ကလည်းဝင်နေပြီကိုး။ တကယ်တော့ မင်းခန့်ကို ကူးစက်သွားတဲ့ မိုင်းရပ်(စ)က လူတိုင်းရဲ့ပတ်ဝန်းကျင်မှာ ပျံ့နှံ့နေတာ ကြာလှပေါ့။ ထူထူထပ်ထပ်နဲ့ကို ပျံ့နှံ့နေခဲ့တာ နှစ်ပေါင်းများစွာ ကြာလှပြီ။ ကူးစက်ခံရသူလည်း အများအပြား ရှိခဲ့တယ်။ ရှိနေတယ်။ ရှိလာဦးမယ်။

ဒါပေမဲ့ ဒီရောဂါဆိုးက တခြားရောဂါတွေနဲ့ ဆန့်ကျင်ဘက် စွမ်းအင်ကိုပေးတယ်။ ဒီမိုင်းရပ်(စ)ရောဂါပိုး အကူးခံလိုက်ရပြီဆိုရင် လူက ပိုပြီးတောင့်တင်းကြံ့ခိုင်လာတယ်။ လတ်ဆတ်လန်းဆန်းလာတယ်။ အချိန်တိုင်း အဆင်ပြေပြေ နေနိုင်လာတယ်။ သက်တမ်းကို ပိုပြီး ဆွဲဆန့်နိုင်ခွင့်ရလာတယ်။ ခန္ဓာရဲ့ ယိုယွင်းပျက်စီးမှုကို အချိန်အကြာကြီး ကာကွယ်နိုင်လာတယ်။ လူတကာရဲ့ အလေးပေး ဆက်ဆံခံရခြင်းကိုရလာတယ်။ ခေါင်းမော့ရင်ကော့ပြီး သွားလာနိုင်တယ်။ ဒါက မင်းခန့်ကို ကူးစက်သွားတဲ့ မိုင်းရပ်(စ)ရောဂါပိုးရဲ့ အကျိုးအပြစ်တွေပဲ။

> နိုင်ငံရပ်ခြားရဲ့ တိုးတက်မှုတွေကို မြင်တွေ့ခဲ့ပြီး အရာရာ ခေတ်နောက်ကျကျန်နေခဲ့တဲ့ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးတွေ အဆင်ပြေပြေ ရှိနေစေချင်စိတ်က အမြဲရှိခဲ့သူဆိုတော့ ဒီလိုအလုပ်ကို ငြင်းပြီးတာတောင် စိတ်မကောင်းဖြစ်စိတ်က ရက်တော်တော်ကြာတဲ့အထိ ကျန်နေခဲ့သေးတယ်

ဒါပေမဲ့ ရောဂါတို့ရဲ့ သဘောအတိုင်းပဲ ကိုယ်ခံအားနည်းတဲ့သူကိုသာ ကူးနိုင်တာဆိုတော့ လူတိုင်းရဲ့ ပတ်ဝန်းကျင်မှာ ဒီရောဂါရှိနေပေမဲ့ လူတိုင်းကိုတော့ မကူးစက်ဘူး။ ဒီရောဂါမရှိတဲ့သူတွေရဲ့အကျိုးကျေးဇူးကတော့ တစ်ခုတည်းပဲ ရှိတယ်။ အဲဒါကတော့ လိပ်ပြာလုံစွာ ရှင်သန်ရပ်တည်ခွင့်ရကြတယ်။ ဒါပဲ။ သူတို့ ပြန်ရတာ ဒီလောက်ပဲရှိတယ်။ ဒါက ရောဂါရှိသူနဲ့မရှိသူတွေရဲ့အကျိုးရလဒ်တွေပေါ့။

ဒီမိုင်းရပ်(စ)က နိုင်ငံရပ်ခြားကိုရောက်နေတဲ့ မင်းခန့်ဆီကို ဝဲနေတာ လွန်ခဲ့တဲ့ နှစ်လကတည်းကပဲ။ ဒါပေမဲ့ အဲဒီတုန်းက မင်းခန့်က ကိုယ်ခံအားကောင်းတယ်။ ကြံ့ခိုင်တယ်။ လာခွင့်ရမလားဆိုတဲ့ မိုင်းရပ်(စ)ကို ခပ်တင်းတင်းပဲ ငြင်းလိုက်နိုင်တယ်။ အဲဒီမိုင်းရပ်(စ) သူ့ဆီကို ရစ်ဝဲစပြုနေတဲ့နေ့ကို မှတ်မိနေသေးတယ်။ အဲဒီနေ့က မင်းခန့်အနေနဲ့ မြန်မာနိုင်ငံကို အပြီးပြန်လာခါနီး ၂ လခန့်အလို တစ်ခုသောနေ့တစ်နေ့ပေါ့။

မကြာခင် မြန်မာနိုင်ငံပြန်လာဖို့ ပြင်ဆင်နေပြီဆိုတော့ ပြည်တွင်းက မိသားစုနဲ့လည်း မကြာ မကြာ ဆက်သွယ်ဖုန်းပြောဖြစ်ခဲ့တယ်။ ပြန်ရောက်ရင် လုပ်သင့်တဲ့ စီးပွားရေးလုပ်ငန်းတွေအကြောင်း ကြိုမေးမြန်းဖြစ်တယ်။ အဲဒီမှာပဲ မင်းခန့်က သူ့အစ်ကိုနဲ့ ဖုန်းပြောဖြစ်တယ်။

'ကိုကြီး ဘာခွင်တွေရှိလဲ။ အေးရာအေးကြောင်း ရင်းနှီးလုပ်ကိုင်လို့ရတာလေး ဆိုပါတော့ကွာ'

'ရှိတာပေါ့ကွာ။ အရေးကြီးတာ အရင်းအနှီးပဲကွ။ မင်း ဘယ်လောက်ရင်းနိုင်သလဲဆိုတာပေါ် မူတည်ပြီး လုပ်လို့ ရနိုင်တာတွေ ရှိတာပေါ့။ မင်း ပြန်လာရင်လည်း တွေ့မှာပါ။ စိတ်မပူနဲ့။ အေးဆေး'

'အခုကတည်းက ကြိုတွက်ဆထားလို့ရအောင် မေးကြည့်တာပါ'

'လောလောဆယ် ခွင်တစ်ခွင်တော့ ရှိတယ်။ သေချာပေါက် အမြတ်ရမယ်ကွာ။ ရက်ပိုင်းပဲ ရင်းရမယ်။ စိတ်ဝင်စားရင် ပြောပြမယ်'

ရက်ပိုင်းအတွင်း အမြတ်သေချာတယ်ဆိုတဲ့ အစ်ကိုစကားကို မင်းခန့် တစ်ယောက် စိတ်ဝင်စား သွားတယ်။

'အမြတ်သေချာရင် တော့ လုပ်မှာပေါ့။ ဘာ ရမလဲပြော'

'မြတ်တာ သေချာ တယ်ကွာ။ အခုကွာ ရပ် တွေထဲမှာ ၁၅၀၀ တန် ကတ်တွေ မဲနှိုက်ကြတယ် မဲပေါက်သူတွေဆီက ကို ခုနစ်သောင်းလော ပြန်ဝယ်ပြီး ဖုန်းဆိုင်တွေ သွင်းရင် တစ်ကတ်ကို သောင်းနဲ့အထက် မြတ်တယ် ကွာ။ ကတ် ၅၀ ပဲဝယ် ဦးကွာ။ ၁၅ သိန်း မြတ် အဲဒါ ရက်ပိုင်းလေးပဲ ရင်း ရတာနော်။ တော်တော်များ များ အဲဒီလိုပဲ လုပ်နေကြတာ'

သူ့အစ်ကိုရဲ့ စကား ကြားတော့ မင်းခန့် တော် တော်လေး စိတ်တိုသွားတယ် ဒါဟာ မိုက်ရိုင်းမှုတစ်ခု မဟုတ်လား။

'ဟာကွာ အဲဒါတော့ မလုပ်ချင်ပါဘူး။ ကိုယ့်နိုင် က လူတွေက အခုမှ ဖုန်း လေး ကိုင်ခွင့်ရကြတာ။ ဒါ မျိုးတော့ မလုပ်ချင်ဘူး ကိုကြီးရာ'

သူ့စကားကြားတော့ မင်းခန့်အစ်ကိုဖြစ်သူက ရယ် တယ်။

'မင်း အဲဒါတွေ တွေး နေရင် အလုပ်ရှားမယ်နော် အေးလေ မင်းသဘောပါ မင်း ပြန်ရောက်လာရင် တိုင်တွေ့ရမှာပဲ။ အဲဒီတော့မှ စဉ်းစားပေါ့။ လာလော



www.burmeseclassic.com

www.burmeseclassic.com

ဆယ် ဆူလွှယ်နပ်လွှယ် အလုပ်အနေနဲ့ အဲဒါရှိတယ်လို့ ပြောတာ'

အဲဒီနေ့က ဖုန်းပြောပြီး နောက် ရက်တော်တော်ကြာတဲ့အထိ သူ့အစ်ကိုရဲ့ စကားသံတွေ ပြန်ကြားယောင်ပြီး မင်းခန့် စိတ်မကောင်းဖြစ်နေမိတယ်။

ငွေကြေး အမြတ်အစွန်း ရချင်တာမှန်ပေမဲ့ ကိုယ့်ပြည်သူအပေါ်ကို ကုပ်သွေးစုပ် အမြတ်ထုတ်တဲ့အထိတော့ လုပ်ရက်ဘူး။ နိုင်ငံရပ်ခြားရဲ့တိုးတက်မှုတွေကို မြင်တွေ့ခဲ့ပြီး အရာရာ ခေတ်နောက်ကျကျန်နေခဲ့တဲ့ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးတွေ အဆင်ပြေပြေရှိနေစေချင်စိတ်က အမြဲရှိခဲ့သူဆိုတော့ ဒီလိုအလုပ်ကို မြင်းပြီးတာတောင် စိတ်မကောင်းဖြစ်စိတ်က ရက်တော်တော်ကြာတဲ့အထိ ကျန်နေခဲ့သေးတယ်။ ပြည်သူတွေမှာ အခုမှ လက်ကိုင်ဖုန်းနဲ့ နီးစပ်ခွင့်ရကြရှာတာဆိုတဲ့ အသိကဒီအလုပ်ကိုလုပ်ဖို့အတွက် စိတ်ကူးလို့တောင် မရဘူးဖြစ်နေခဲ့တယ်။

နောက်ပိုင်းတော့ မြန်မာနိုင်ငံ ပြန်လာဖို့ စီစဉ်ရင်းနဲ့ ဒီအဖြစ်အပျက်ကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားတော့တယ်။ ဒါပေမဲ့ ပထမအကြိမ်တုန်းက ဝေ့ဝဲခဲ့တဲ့ ဗိုင်းရပ်(စ) က နောက်တစ်ကြိမ်မှာတော့ အထိကပ်ဆုံးကို ရောက်လာခဲ့တော့တယ်။ မျက်နှာချင်းဆိုင် တွေ့လိုက်ရတဲ့အထိပဲ ဆိုပါတော့။ မင်းခန့် မြန်မာနိုင်ငံရောက်ပြီး ဖုန်းဆင်းကတ်တစ်ခုကို တစ်သိန်းငါးသောင်းအထိ ပေးဝယ်လိုက်ရ

> မူရင်းဈေး
> ၁၅၀၀
> ကျပ်တန်ကို
> အဆ ၁၀၀
> အမြတ်ပေးပြီး
> တစ်သိန်းခွဲနဲ့
> ဝယ်လိုက်ရတဲ့
> အချိန်မှာ
> နာကြည်းစိတ်က
> ငယ်ထိပ်အထိ
> ဆောင့်တက်
> သွားစေတယ်
> လူ့အခွင့်အရေးကို
> မျှမျှတတ
> ရခဲ့တဲ့
> နိုင်ငံတစ်ခုမှာ
> နှစ်ရှည်နေလာခဲ့တဲ့
> သူ့အတွက်
> ဒီမတရားမှုက
> တော်တော်
> ကြီးသွားပြီလေ

တဲ့နောက်မှာတော့ ပထမအကြိမ်က ဝင်ခွင့်မရတဲ့ ဗိုင်းရပ်(စ)ကို မင်းခန့်ကိုယ်တိုင် လက်ကမ်းပြီး ကြိုလိုက်တော့တယ်။

မူရင်းဈေး ၁၅၀၀ ကျပ်တန်ကို အဆ ၁၀၀ အမြတ်ပေးပြီး တစ်သိန်းခွဲနဲ့ ဝယ်လိုက်ရတဲ့အချိန်မှာ နာကြည်းစိတ်က ငယ်ထိပ်အထိ ဆောင့်တက်သွားစေတယ်။ လူ့အခွင့်အရေးကို မျှမျှတတ ရခဲ့တဲ့ နိုင်ငံတစ်ခုမှာ နှစ်ရှည်နေလာခဲ့တဲ့ သူ့အတွက် ဒီမတရားမှုက တော်တော် ကြီးသွားပြီလေ။ အဲဒီနေ့က စပြီး မင်းခန့် စိတ်ပြောင်းသွားတော့တယ်။ ဒီအတိုင်းသာဆက်နေရင် တစ်လျှောက်လုံး ခံဘက်ဘဝနဲ့ပဲ ဆက်သွားရမယ်ဆိုတဲ့ အတွေးက မင်းခန့်ကို ပြောင်းလဲသွားစေတော့တာ။ တစ်နည်းပြောရရင် နှလုံးသားထဲကို ဗိုင်းရပ်(စ) ဝင်သွားပြီ။

ကိုယ်ကျင့်တရားဆိုတဲ့ ကိုယ်ခံအားနည်းသွားတဲ့နောက်မှာတော့ အမြီးကျက်ရင် အမြီးစားပြီး၊ ခေါင်းကျက်ရင် ခေါင်းစားမယ့် ဖြတ်စားလှျပ်စား အမြတ်ကြီးစား စိတ်ခတ်ဆိုတဲ့ ဗိုင်းရပ်(စ) ရောဂါဆိုးကြီး ဝင်သွားခဲ့ပြီ။

အဲဒီနောက်ပိုင်း မင်းခန့် အခွင့်အရေးကို ကျားချောင်းချောင်းတတ်လာတယ်။ ခေါင်းပုံဖြတ်လို့ရမယ့် ခွင်ကောင်းကောင်းကို မျက်စိဒေါက်ထောက်ကြည့်တတ်လာတယ်။ ဘယ်နေရာမှာ ဘယ်သူ့ဆီက ဝင်ရင် လုပ်ကွက်ကောင်းကောင်းရမလဲဆိုတာ နားစွင့်တတ်လာတယ်။

ဒီဗိုင်းရပ်(စ)ကူးပြီးနောက်ပိုင်း မင်းခန့်ရောဂါရဲ့ လက္ခဏာတွေ ပေါ်ပေါက်လာတယ်။ အရင်ကထက်ပိုပြီး ကြွံခိုင်လာတယ်။ ဖွံ့ဖြိုးလာတယ်။ လတ်ဆတ်လန်းဆန်းလာတယ်။ အချိန်တိုင်း အဆင်ပြေပြေနေနိုင်လာတယ်။ ခန္ဓာရဲ့ ယိုယွင်းပျက်စီးမှုကို အချိန်ကြာကြာ ခုခံလာနိုင်တယ်။ လူတကာရဲ့ အလေးပေးဆက်ဆံခြင်းကို ခံရလာတယ်။ ဒီရောဂါကြောင့် ပြန်ဆုံးရှုံးသွားတာတစ်ခုပဲ ရှိတယ်။ အဲဒါက လိပ်ပြာလုံစွာ ရှင်သန်ခွင့်ပဲ။ ဒါကိုတော့ မင်းခန့်က နောင်တအများကြီး မရဘူး။

ပတ်ဝန်းကျင်မှာက ဒီလို ဗိုင်းရပ်(စ) အကူးခံရတဲ့ လူတွေ အများကြီးပဲ မဟုတ်လား။ ပိုပြီးထူးမသွားပါဘူးဆိုတဲ့ စိတ်နဲ့ ပြန်ဖြေသိမ့်ဖြစ်တယ်။ ဟိုးအရင်က တည်ကြည်မှန်ကန်စွာ ရှင်သန်ခဲ့ဖူးတဲ့စိတ်နဲ့ လက်ရှိဘဝကို နှိုင်းယှဉ်မိသွားရင် စိတ်ထဲမှာ နည်းနည်းလောက် သရိုးသရီ ဖြစ်မိတာတော့ ရှိတာပေါ့လေ။ ဒါကလည်း ခဏပါပဲ။ လမ်းမှာတွေ့သမျှ လူကို ဖုန်းကတ်တွေ မဲနိုက်ပြီးရင် ပြန်ဝယ်မယ်လို့ သတင်းလွှင့်နေရတုန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို တိုးတိုးတိတ်တိတ် မှာနေရတုန်း၊ လက်ဖက်ရည်တိုက်နေရတုန်း၊ ပဲပြုတ်သည်ကို သတင်းလွှင့်ခိုင်းနေရတုန်းပါပဲ။

မင်းခန့်ကတော့ ဒီလို လုပ်ရတာကို ရှက်စရာ မဟုတ်ဘူးလို့ ခံယူဖြစ်လာတယ်။ ဘာကြောင့်ဆိုတော့ ဖြတ်စားလှျပ်စားစိတ်ခတ်နဲ့ လက်ဝါးကြီးအုပ် အမြတ်ကြီးစား အမူအကျင့်ဆိုတာက တည်ငြိမ်မှန်ကန်မှုမရှိတဲ့ စနစ်တစ်ခုမှာ ပေါက်ဖွားရှင်သန်လေ့ရှိတဲ့ ကူးစက်ရောဂါ ဗိုင်းရပ်(စ)တစ်မျိုးပဲ မဟုတ်လား။ သူလည်း ကူးတယ်။ ကိုယ်လည်း ကူးတယ်။ လူတကာကို ကူးတယ်။ ဒါမျိုးက ပတ်ဝန်းကျင်မှာ အများကြီးပဲလေ။

■

**မြစ်ကျိုးအင်း**

www.burmeseclassic.com

၁။
မာမာကို အပြီးအပိုင်
လက်လွှတ်ခဲ့ပြီးနောက်
ဒီနေ့က အိမ်ကိုပြန်ခဲ့တော့မယ်။
အဲသလို ဆုံးဖြတ်ချက်
ချလိုက်တဲ့အခါမှာတော့
ဒေါ်ချစ်စုရဲ့ရင်ဟာ
သည်းအူပြတ်မတတ်
ဝမ်းနည်းကြေကွဲမှုတွေက
ပြည့်သိပ်ကာ
ဆူဝေလာတော့တယ်။
မာမာဟာ ဒေါ်ချစ်စုရဲ့
ဝမ်းနဲ့လွယ်မွေးခဲ့သူတော့
မဟုတ်ပေဘူး။ ၁၅ ရက်သား
နီတာရဲလေးကို တောက်ယူ
မွေးမြူလာခဲ့တာ။
၁၅ ရက်သမီးလေးဟာ
အခုတော့ ဆယ်နှစ်ထဲ
ရောက်လာခဲ့ပြီပေါ့။ မာမာကို
လက်လွှတ်လိုက်ရတဲ့အတွက်

# မာမာရဲ့ဒွေးမေ

**အယ်ကော်**

ရင်ထဲမှာ တစ်ဆို့နေတယ်။
မျက်ရည်ပူနွေးနွေးလေးတွေ
ပါးပြင်ပိန်ချိုင့်ချိုင့်ဆီသို့
လူးလှိမ့်စီးသက်လာတော့တယ်။
မျက်ရည်စလေးကို လက်ခုံနဲ့
တို့ကာထိကာ သုတ်။
စီးကျလာတဲ့ နှာရည်ပျစ်ချွဲချွဲကို
လည်းညှစ်ထုတ်
ဖယ်ရှားလိုက်တယ်။
'ဒီလောက်တောင်
ပူမနေစမ်းပါနဲ့
ဒကာမကြီးရာ၊ သူ့သမီးကို
သူခေါ်ယူသွားတာပဲဟာ။
ပြီးရင် မိမာက
သေသွားတာမှ မဟုတ်တဲ့။
ဝေးသွားတာပဲရှိတာ'
ဒေါ်ချစ်စုရဲ့ ဦးစင်းက
စိတ်မကောင်းစွာနဲ့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖြေဆည်နိုင်မယ့် စကားကို ပေးတယ်။ ဦးဇင်းပြောကာမှ 'ငိုချင်ရက် လက်တို့' ဆိုသလိုမျိုး ဖြစ်သွားရောလားမသိ။ ဝမ်းနည်းမှုက ပိုပိုလှိုက်သည်း မြင့်ဝှန်လာတော့တယ်။

'သေလို့ ခွဲရတာကို ဖြေဆည်နိုင်တယ် ဦးဇင်းရဲ့၊ အခုတော့…'လို့ ဝါကျအဆုံး မသတ်နိုင်ဘဲ ဟည်းချ ငိုလိုက်မိတာက ပတ်ဝန်းကျင် တစ်ခို တုန်လှုပ်သွားလေရဲ့။

'မချစ်သူနဲ့ အတူနေရတဲ့ဒုက္ခ၊ ချစ်ရက်နဲ့ ခွဲခွာနေရတဲ့ဒုက္ခ၊ ဒါဟာ ရှောင်လွှဲမရတဲ့ တရားဓမ္မတွေပါ ဒကာမကြီးရာ'

ဦးဇင်းက ဘယ်လိုတရားပြပြ၊ တရားချချ ဒေါ်ချစ်စုမှာတော့ ရင်ထဲမှာ မီးတောင်ပေါက်ကွဲလျက်ရယ်…

❑

၂။

မာမာကို မွေးစားဖို့ ဖန်လာပုံကတော့ ခုလို…

အစတုန်းက မာမာကို ယူလာတာ မာမာရဲ့ ဦးလေး သားချင်းတွေဆီ အပ်နှံဖို့ပါပဲ။ ဒါပေမဲ့ မာမာဟာ ဗြဟ္မာဦးခေါင်း ဖြစ်နေလေတော့ သွေးရင်းသားရင်းတွေက လက်သင့်မခံကြ။

သွေးရင်းသားရင်းတွေ လက်သင့်မခံတာကိုလည်း အပြစ်တော့ မဆိုသာ။ မာမာတို့ မိဘနှစ်ပါးက ဥပဒေပြင်ပ အဖွဲ့အစည်းက ဖြစ်နေတာကြောင့် ဖြစ်တယ်။ သူတို့ရဲ့လောဟိတဓေ (R.F) ဟာ ငွေသောင်ယံမှာ တိမ်းရှောင်နေကြရချိန်။ နောက်ကနေ ပိုက်စိပ်တိုက် လိုက်လံတိုက်ခိုက်ခံနေရလို့ အသက်

မူလကတည်းက သူတို့ အဖွဲ့အစည်း ထုံးစံကလည်း မျက်နှာမြင်ပြီးနောက် အရပ်ထဲ မွေးမြူရန်ပေးတဲ့ ဓလေ့ကလည်း တွင်တွင်ကျယ်ကျယ် မာမာရဲ့အဖေဟာ လောဟိတဓေ (R.F) ရဲ့ ထိပ်တန်း ခေါင်းဆောင်ထဲက တစ်ဦးရယ်

ကို ဖက်နဲ့ထုပ်ကာ လုပြေးနေရချိန်ရယ်ပေါ့။ ဒီလောက် အရေးကြီးချိန်မှာမှ မာမာကို လာမွေးတာ။ ဒီမွေးကင်းစကလေးကို လောဟိတဓေ (R.F)တစ်ခုလုံးရဲ့ လုံခြုံရေးအတွက် မွေးစားဖို့ပေးရန်မှအပ အခြားမရှိ။

မူလကတည်းက သူတို့ အဖွဲ့အစည်း ထုံးစံကလည်း မျက်နှာမြင်ပြီးနောက် အရပ်ထဲ မွေးမြူရန်ပေးတဲ့ ဓလေ့ကလည်း တွင်တွင်ကျယ်ကျယ်။ မာမာရဲ့ အဖေဟာ လောဟိတဓေ (R.F)ရဲ့ ထိပ်တန်းခေါင်းဆောင်ထဲက တစ်ဦးရယ်။ လက်အောက်ငယ်သားတွေရဲ့ ရင်သွေးတွေကို ပေးပါလျက် ကိုယ့်ရင်သွေးကိုကျမှ မပေးဘူးဆိုရင် အဖွဲ့အစည်းအတွင်း ကြီးစွာသော ပြဿနာက တက်နိုင်သပေါ့လေ။ ပြီးတော့ ထုံးစံကာလ။

ဒါကြောင့် မာမာကို မာမာရဲ့အဖေဇာတိဖြစ်တဲ့ သွတ္တပတ်(တွတ္တပတ်)မြို့ကလေးရဲ့ မြို့စွန် မောဂါမဆီသို့ ယူလာခဲ့တယ်။ သို့သော်လည်း သားချင်းတို့က ကလေးဟာ ဗြဟ္မာခေါင်းမို့ ဘယ်သူမှ လက်သင့်မခံ။ ကလေးကို ယူလာသူတွေနဲ့ ပါလာတဲ့ နောက်ဆက်စကားမှာ 'လက်သင့်မခံက'ဆိုတာ ပါလာတယ်။ ဒါကိုကြားရတော့ ဒေါ်ချစ်စုဟာ ရင်ထဲမှာ ငလျင်လှုပ်ခါသွားတယ်။ 'ထုံးစံအတိုင်း လုပ်ပစ်ခဲ့'ဆိုတာရဲ့ အနက်အဓိပ္ပာယ်ကို ဒေါ်ချစ်စု ကောင်းကောင်းကြီး နားလည်သပေါ့လေ။ ဘာသာရေးကိုင်းရှိုင်းသူ ဒေါ်ချစ်စုဟာ 'မနုဿတ္တဘာဝေါ ဒုလ္လဘော'ဆိုတာကို ယုံကြည်ထားတာကလားလေ။ ဒါနဲ့ ဒေါ်ချစ်စုမှာ ခြသေ့်သားအုပ်မတစ်ကောင်ရဲ့ သတ္တိမျိုးက ဖူးပွင့်ရန်းကြွလာတော့တယ်။ 'ကျွန်မ မွေးမယ်' ဆိုပြီး ပိုင်းဖြတ်လိုက်တယ်။ မာမာကို လက်ခံပြီးနောက် မကြာခင် ဒေါ်ချစ်စုတစ်ယောက် ၁၇/၁၊ ၁၇/၂ နဲ့ လှောင်ချိုင့်စံ ငှက်မတစ်ကောင်ဘဝရောက်သွားရော။ မာမာကိုတော့ သမီးကြီး မနှင်းရည်နဲ့ လွှဲအပ်ထားခဲ့တယ်။ သမီးကြီး မနှင်းရည်ကလည်း မာမာကို စနစ်တကျ မွေးမြူထားနှင့်တယ်။

ဒေါ်ချစ်စု လှောင်ချိုင့်စံချိန်အတွင်းမှာပင် လောဟိတဓေ (R.F)ရဲ့ အမှတ် ၁ ခေါင်းဆောင်ကြီးနဲ့ ခေါင်းဆောင်ကတော်တို့ဟာ မွေးကင်းစကလေးငယ်လေးနဲ့အတူ အဖမ်းခံရတယ်။ ဒီနောက်မှာတော့ လောဟိတဓေ (R.F) ဟာ ရာဇဝင်မှာ ကျန်ရစ်ခဲ့ပေါ့။

မာမာရဲ့ အမေနဲ့အဖေ နှစ်ယောက်တို့ဟာလည်း အင်းစိန်ကို ရောက်ကြရချေ။ ဒေါ်ချစ်စုကတော့ ဥပဒေနဲ့ သက်ညှာမှုကြောင့် ငှက်ကလေးဘဝကနေ လူပြန်ဖြစ်လာရောဆိုပါတော့လေ။

ဒေါ်ချစ်စုဟာ မာမာရဲ့ မိဘနှစ်ပါးဆီကို ထောင်ဝင်စာသွားတွေ့တိုင်း မာမာကို ခေါ်ယူကာ မိဘမှန်းသိအောင် လုပ်ပေးတတ်တယ်။ 'ဒါ သမီးအမေလေ' ဆိုတိုင်း မာမာမှာ နှမ်းခမ်းနီတာရဲ့ဆေး က နှင်းဆီဖူးငုံကလေးလို ရှက် ဖြစ်သွားတတ်တယ်။ ပြီးရင် 'ဟုတ်ဖွဲ့နဲ့'ဆိုပြီးလည်း ငြင်း တတ်သေး။

ညှိသည်တွေလာရင် 'ညည်းအမေဆီ သွားဘူး လား'လို့ မတော်တဆပဲဖြစ် ဖြစ်၊ တမင်ပဲဖြစ်ဖြစ် ပြောမိ ရင်တော့ ပြောသူတွေဟာ မာမာရဲ့ နံပါတ်တစ်ရန်သူ ကြီးရယ်ပဲ။ လုံးဝကို အခေါ် အပြောမလုပ်တော့ဘူး။

ကျောင်းနေလာတော့ ပြဿနာက တက်လာရပြီ တယ်။ ဆရာမက အိမ်တိုင် ရာရောက် တိုင်တောခံရတဲ့ အထိရယ်ပင်။ ကလေးဆိုတာ ကလည်း အသိကြွယ်တာ မဟုတ်ဘဲကိုး။ စကား… ပြီး သူ့ကို 'သူပုန်ခေါင်း' ပြော



www.burmeseclassic.com

www.burmeseclassic.com

လို့ကတော့ ဆင်လောက်ကြီး အားပါစေ ချတော့တာပါပဲ။ ဒေါ်ချစ်စုက 'သူပုန်သမီး ပြောတာများကွယ် အသားပဲ့ ပါသွားတာမှ မဟုတ်တာ' လို့ ဆိုရင်တော့ 'အမေက ဘာသိ လို့လဲ၊ ဒါ သက်သက် သမီး ကို သက်သက်နှိမ်ပြောတာ၊ အနိုင်ကျင့်ချင်တာ၊ ဒါမျိုး သုပ်လို့ကတော့ မိမာတို့ ခေါင်းငုံ့ခံမယ်တော့ စိတ် ကျေးနဲ့' လို့ ချေပတတ်တယ်။

မနှင်းရည် အိမ်ထောင် ကျသွားတော့ ဒေါ်ချစ်စုမှာ လုဖော်လောင်ဖက်မဲ့ရော။ ဒီ အချိန်မှာ မာမာက လူကြီးပုံဖမ်း ပြီး မီးဖိုခန်းဝင်တယ်။ သူ့ ချက်အစားတွေကို သူလျှော် ပြတယ်။ ဒေါ်ချစ်စုက ဆပ် ပြာကုန်လွန်းတော့ 'မလျှော်နဲ့ ဆပ်ပြာတွေ အလကားရတာ မဟုတ်ဘူး' လို့ စကားလေး လာသွားရင်တော့ တစ် ဆောက်တည်း ထိုင်ကာ မျက် လုံးပြာထဲက မျက်ရည်များ တွေတွေ စီးကျနေတတ် တယ်။ ဒီတော့လည်း ဒေါ် ချစ်စုမှာ ကြေကွဲရပြန်ပေါ့ လေ။ 'သြော် ငါမှားသွားပါ သလားလို့' စိတ်မကောင်း ဖြစ်ကြီးစွာ…။

မာမာ ပထမတန်းနှစ် က မာမာရဲ့ အဖေ ဦးလွန်းခင် ထောင်ထဲမှာ ဆုံးတယ်။ သမီးကို အဖေ့မျက်နှာ နောက် ဆုံးမြင်ပါစေဆိုပြီး ခေါ်သွား တယ်။ ကလေးကငယ်တော့ ဘာမှ ထူးခြားမှုမရှိ။ ခံစားမှု မဲ့နေတယ်။

မာမာ့အဖေ ဦးလွန်းခင် ဆုံးလို့ ဆယ်လလောက်ပဲ ကြာမယ်ထင်ပါရဲ့၊ ဒီစဉ်မှာ နန်းတော်ကောင်စီရဲ့ 'လွတ်

> လက်အောက်ငယ်သားတွေရဲ့ ရင်သွေးတွေကို ပေးပါလျက် ကိုယ့်ရင်သွေးကို ကျမှ မပေးဘူးဆိုရင် အဖွဲ့အစည်း အတွင်း ကြီးစွာသော ပြဿနာက တက်နိုင် သပေါ့လေ ပြီးတော့ ထိုးစစ်ကာလ

ငြိမ်းချမ်းသာခွင့် အမိန့်ကြေ ညာစာ ၂/၈၀' အရ မာမာရဲ့ မွေးသမိခင် ထောင်မှလွတ် မြောက်လာတော့တယ်။ ဒီ အခါ ဒေါ်ချစ်စုဟာ မာမာကို သူ့အမေ ဒေါ်မြမေနဲ့ သွား တွေ့တယ်။ ဒေါ်မြမေဟာ ၁၅ ရက်မျှသာ မွေးလာရတဲ့ သမီးကလေးကို တွေ့တော့ သည်းသည်းလှိုက်လှိုက် ပွေ့ ဖက်ကာ အငမ်းမရ နမ်း တယ်။ မာမာဟာ အမေလုပ် သူကို တစ်စုံတစ်ရာမျှ တုံ့ပြန် ခြင်းမပြု။ ကျောက်ဆစ်ရုပ် ကလေးလို ငြိမ်သက်စွာ ငေး ရီနေတယ်။ ဒေါ်ချစ်စုက 'အမေကို နှုတ်ဆက်လိုက် လေသမီးရယ်' လို့ ပြောလိုက် တဲ့အခါ စူးရဲတောက်လက်တဲ့ မျက်လုံးနဲ့ ဒေါ်ချစ်စုကို ကြည့်လိုက်တယ်။

ဒေါ်မြမေဟာ မာမာကို သူ့ပေါင်ပေါ်တင်ကာ ထိုင် ရှိုင်းစေတယ်။ မာမာက 'သမီး ကလေးမှ မဟုတ်ဘဲ' လို့ ပြောလိုက်တာကြောင့် ဒေါ်ချစ်စု အတော်ပင် စိတ် မကောင်းဖြစ်သွားတယ်။

ဒေါ်မြမေဟာ တွေး တွေးဆဆလေးနဲ့ ဒေါ်ချစ်စုကို 'သမီးလေးကို ပြန်ပေးပါ လား အစ်မရယ်' လို့ တိုးလျှိုး သံကလေးထွက်ကာ ပြော လိုက်တယ်။ ဒေါ်ချစ်စုက သက်ပြင်းလေးကို ခိုးချလိုက် ပြီးတော့…

'ညည်းသမီးကို ညည်း ပိုင်ပါတယ် မြမေ၊ ခေါ်လို့ရ ရင် ငါ အချိန်မရွေး ထည့် ပေးမှာပါ' လို့ ပြောလိုက် တယ်။ အဲသလို ပါးစပ်က သာ ပြောလိုက်ပေမဲ့ ဒီစကား ခွန်းများ ပါးစပ်ဖျားက ထွက် ကျလာဖို့အတွက် အင်အားစု စည်းရမှုမှာ မလွယ်ပါလား လေလို့ အသံမဲ့ ပြောဖြစ်နေ မိတယ်။

'သမီး သမီးအမေနဲ့ လိုက်နေပါလား'

'နေဘူး'

ဆိုပြီးတော့ ရုတ်ခနဲ ထ ပြေးသွားတယ်။ ဒေါ်ချစ်စု အတွက် တယ်မလွယ်ပါလား လေ၊ သူ့ဘာသာသူ ပြောဖြစ် နေလေရဲ့။

'ကိုယ့်အမေကို ဒီလို ပြောရသလား'

ခပ်ထန်ထန်လေး ပြော လိုက်တော့ 'ပြန်မယ်၊ နေ တော့ဘူး' ဆိုပြီး ဂျီတိုက်ပါ လေရော။

□

၃။

မာမာ့ကိုခေါ်ပြီး ဒေါ်မြ မေဆီ သွားတယ်။ အဲဒီက မှာလို့ရယ်။ ဒေါ်ချစ်စုတို့က ဒေါ်မြမေတို့ရဲ့ ဆရာကြီး အိမ် မှာတည်းခိုကြတယ်။ ဒီအိမ် ဟာ လောဟိတစေ(R.F)အုပ် စုဝင်တို့ရဲ့ ကွန်းခိုရာလည်း ဖြစ်တယ်လေ။ ဒေါ်မြမေက မာမာ့ကို အပိုင်ခေါ်ယူတော့ မယ်။ ပြီးရင် ဒေါ်မြမေရဲ့ ဇာတိ မုဆိုးဘိုရွာဆီ ပြန်မယ် ပေါ့။

မာမာ အမေအရင်းနဲ့ ရင်းနှီးစေဖို့ အချိန်ကြာကြာ ရန်ကုန်မှာ နေဖြစ်တယ်။ မာမာက ယဉ်ပါးလာအောင် ရယ်ပေါ့။ ဒေါ်ချစ်စုက တစ် နေ့တလေ ညအိပ်ညနေ မလာ ဘဲ နေလိုက်တယ်။ သား မောင် ပဋ္ဌင်းဆီမှာ ခိုဝင်။ သားဆီက တရားမွေ့နာယူနဲ့ ပေါ့။ အိမ်ကို ပြန်သွားတော့ မာမာက ဒေါ်ချစ်စုကို ဆူပြန် ရော။ ဘာလို့ ပျောက်သွားရ တာလဲ ဘာညာအပြစ်တင် ပြန်တယ်။ စကားစပ်အောင် လမ်းခင်းပြီး ဟိုး မုဆိုးဘိုမှာ နေရရင် သမီး ကောင်း ကောင်းမွန်မွန် နေနိုင်မှာဖြစ် ကြောင်းကိုပြောရင်…

'အမေက ဟိုကို လိုက် သွားစေချင်တာပေါ့လေ'

'သမီးလေး ကောင်း စားစေချင်လို့'

'သိပါတယ်။ သိပါ တယ်။ သမီးလိုက်သွားပါ့ မယ်'

ဆိုပြီး တမင် အရွဲ့တိုက် ပြောတာကို ကြားရတော့ လည်း ဒေါ်ချစ်စုမှာ ရင်ကွဲ ပက်လက်။

'အမေ သမီးကို မချင်

www.burmeseclassic.com

လို့မှ မဟုတ်တာကွယ်၊ သမီးလေးကောင်းစားဖို့အတွက် ပြောတာပါ' ဆိုပြီး မျက်ရည်စက်လက်နဲ့ ရင်ခွင်ထဲကို ဆွဲသွင်းပြီး ကြေကွဲမှုဒဏ်ကို ဖြေဆည်ရတယ်။

မာမာဟာ ဒေါ်ချစ်စု အလိုဆန္ဒအရ သူ့အမေ ဒေါ်မြမေဆီ လိုက်သွားပါမယ်ဆိုလိုက်တော့ အဲဒီနေ့က ဒေါ်ချစ်စုရဲ့ ရင်ထဲမှာ ဘယ်ရွေ့ဘယ်မျှ ခံစားရတယ်ဆိုတာ ဘာနဲ့မှနှိုင်းပြပြောဆိုခြင်းငှာ မတတ်သာပေဘူး။ ဦးဇင်းက 'ကြာလာရင် နေသားကျသွားမှာပါ ဒကာမကြီးရာ' လို့ ဆိုပြန်တယ်။

'ဦးဇင်းကတော့ ပြောမှာပေါ့လေ၊ ကိုယ်တိုင်မှ မခံစားဖူးတာကိုး။ ဒကာမကြီး နေရာက ဝင်ကြည့်ပါလား'

အဲသလိုပင် တုံ့ပြန်ပြောဖြစ်ခဲ့တယ်။ ဒေါ်ချစ်စုရဲ့ ရင်ကိုခွဲကြည့်မှ ဘယ်မျှကြေမွနေမယ်ကို သိမှာပါပဲလေ။ ❑

၄။

ဒေါ်ချစ်စုဟာ စိတ်လက်မကြည်လင်စွာနဲ့ သွတ္တပတ် (တွတ္တပတ်)မြို့ကလေးရှိ မောဂါမဆီ ပြန်လာခဲ့တယ်။ တစ်လမ်းလုံးလိုလို မာမာလို အရွယ်ကို မြင်လိုက်တိုင်း မာမာလို့ပဲ ထင်နေမိရဲ့။

ခများလေး သူ့အမေဆီမှာ ပျော်မှ ပျော်ပါ့မလား။ ပျော်သွားရင် ကောင်းမှာပေါ့လေ။ ငါ့ကိုကော သတိရပါ့ဦးမလား။ ကားပေါ်မှာ အတွေးရေစီးသန်သန်နဲ့ ပြန်လာခဲ့တယ်။

အိမ်ကို တိုက်ရိုက် မပြန်ချင်သေး။ သမီးကြီး မနှင်းရည်တို့ဆီ ဝင်ချင်သေးတယ်။ အဲဒီမှာ ချောစုတို့ ချောလုံးတို့နဲ့ တရှန်းရှန်း နေပစ်လိုက်မယ်။ ဒါမှ မာမာကို သတိရလွမ်းဆွတ်မှုတွေ ပျက်ပြယ်တော့မယ်ဆိုတဲ့ စိတ်ကူးနဲ့ . . .။

ကားဂိတ်ကဆင်း ကုလားကုန်းကို ဖြတ်ချလိုက်တယ်။ ဒီက ဖြတ်ချလိုက်တော့ ကျွန်းတောက နီးနီးလေး။ ချောလုံးတို့ မောင်နှမတွေအတွက် ဦးဇင်းဆီက လက်ဆောင်ပေးလိုက်တဲ့ ရှာမီးသကြားလုံးတစ်ထုပ်ပါတယ်။ နောက်ထပ် ဘာဝယ်ရမလဲ။ ပဲကြီးလှော် ပြားငါးဆယ်ဖိုး ဝယ်ပြီး ချောလုံးတို့အိမ်ကို ဦးတည်တယ်။

ချောလုံးတို့ အိမ်ကို အဝင်၊ နောက်မှ ပြေးလာပြီးတော့ တစ်စုံတစ်ယောက်က ပြေးဖက်လိုက်တယ်။ ဒါနဲ့ အလန့်တကြား 'သောက်ပလုတ်တုတ်' ဆိုပြီး ယောင်ဖြစ်သွားရော။ နောက်ဘက် လှည့်ကြည့်လိုက်တော့ တိုက် ချွတ်ထားတဲ့ ငွေလင်ဗန်း မျက်နှာအခင်းအကျင်းနဲ့ မာမာ။

'ဟင် ဘယ်တုန်း ရောက်နေတာလဲ။ ဘယ်သူ ပြန်လာတာလဲ။ ကြည့် ကောင်မလေးလေ'

'မနက်ကပြန်လာ ဟိုက သမီး မပြန်တတ် ထင်နေတာ။ အဲဒီက လာခဲ့တာ'

'ဖြစ်မှဖြစ်ရလေတယ် ကွယ်၊ သူများစိတ်ပူနေကြ ပေါ့'

'ပူရင် ပူပလေ သမီး အဲဒီမှ မလိုက်ချင်တာ'

ချောလုံးတို့ မိသားစု လာတယ်။ 'ညည်းအမေ လိုက်မသွားဘူးလား' မနှ ရည်က မေးတယ်။

'အမေ့ဆီ လိုက်လာ ပါလေ' တဲ့။ ■ အဃ်

PRODUCTION & PRINTIN
နုတ်သစ်
ပလပ်စတစ်အိတ်ပါး နှင့် ပုံနှိပ်လုပ်ငန်း
အမှတ် (၁၄)၊ မောဓိညောင်ပင်လမ်း၊ ဖော့ကန်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၆၄၁၁၁၄၊ ၆၄၅၉၈၇၊ ၀၉–၇၃၂၄၃၂၃၆
PRODUCTION & PRINTING

www.burmeseclassic.com

www.burmeseclassic.com

# ငွေလစာပေ၏ ပဋ္ဌမမြောက်လက်ရာ




…ဂလာပါ" ဆိုတဲ့ စကားလုံးလေးက လူမျိုးတိုင်း ဘာသာတိုင်းရဲ့ ဂါရဝ နိဝါတ တရား
…မှာထားပြီး ကြိုဆိုနှုတ်ဆက်တတ်တဲ့ နှုတ်ဆက်စကားလုံးလေးပါ...
…ဂလာဦး" ဆိုတာကတော့......

L မောင်မောင်

…က်၊ ဖူးကျော်၊ ခင်သန္တာ၊ ချောအိမာန် (မန္တလေး)၊ နေမျိုး၊ ညီမင်းညို၊ နှင်းဝေငြိမ်း၊
… (မြစ်ငယ်)၊ ထွန်းတောက်ထွဋ် (သချာ)၊ မောင်နှင်းပန်း၊ နှင်းဆီအောင်၊ မိချမ်းဝေ၊
…မောင်လွင်မွန် (ကသာ)၊ မောင်သင်းထုံ (ကျောက်မဲ)၊ မီမိုး၊ ယဉ်ယဉ်နု (မန္တလေး)၊
… (တောင်လုံးပြန်)၊ မင်းဝေဟင်၊ ဝေ (စီးပွားရေးတက္ကသိုလ်)၊ သွေး (စစ်ကိုင်း)၊ ရဲသျှမ်း၊
…က်ထွန်းသက်၊ အဖြူရောင် (ရွှေ)၊ လွန်းမောင်မောင်၊ ဦးဆွေ (ဒသနိက)...... တို့…
…သ စာများကို ခံစားဖတ်ရှုနိုင်ဖို့ ငွေလစာပေ မှ ထုတ်ဝေဖြန့်ချိလိုက်ပါပြီ

…စ်ပြည်လုံးဖြန့်ချိရေး - ရာပြည် (ရန်ကုန်)၊ ထွန်းဦး၊ နဂါး၊ ရာပြည်မန္တလေး၊ သို့စာပေ

www.burmeseclassic.com


www.burmeseclassic.com

မနက်လင်းပြီဆိုတာနဲ့
ဘယ်နေရာကို
သွားရမယ်ဆိုတာ
မသိသေးဘူး။
မနေ့ညနေက
သူများအိမ်က
အပြည့်ခွဲထားတဲ့
ရေအိုးထဲမှာ
ရေက တစ်ဝက်ကျိုးနေပြီ။
သတ္တုချိုင့်ဆင့်တစ်ခုကို
ခွက်အဖြစ် သုံးထားတာမို့
ချိုင့်ခွက်ကလည်း
အောက်ကပေါက်နေပြီ။
အဲဒီခွက်နဲ့ပဲ ပါသလောက်
ရေလေးနဲ့ မျက်နှာကို
ကစုန်းကမ္ဘား
သစ်ပစ်လိုက်တယ်။

## အကကထဲကအလွှာ

ရွှေဆုပန်း၊ ဆားလင်းကြီး၊

ပြီးမှ ဆားအိတ်ထဲ
လက်ညှိုးကို
တံတွေးဆွတ်ပြီး
ပါးစောင်အထက်အောက်
နှစ်ဖက်လုံး လေးငါးချက်စီ
ပွတ်ပြီး သွားတိုက်
လိုက်တယ်။ အာလုတ်
နှစ်ချက်၊ သုံးချက်လောက်
ကျင်းပြီး မျက်နှာကို
အင်္ကျီအောက်စနဲ့ပဲ
လှန်သုတ်ပစ်လိုက်တယ်။
ဒီအချိန်အထိ ကဲစိန်မက
မထသေးဘူး။ ကျုပ်က
အကြီးမို့ ညီမလေးနိုးတာနဲ့
အရန်သင့်ဖြစ်အောင်
တုတ်ချွန်နဲ့အိတ်ပါ
ပြင်ထားရတယ်။
'ညီမလေး ထတော့၊
နောက်ကျလိမ့်မယ်၊
တော်ကြာ အမှိုက်သိမ်းကား





www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com

လာရင် ငါတို့ မရဘဲ နေလိမ့်မယ်'

ပြောရင်းနဲ့ ခြေထောက်ကို လှမ်းဆွဲနိုးတော့ အိပ်မှုန်စုံမွှား ဗိုက်လှန်ကုတ်ရင်း ထလာတယ်။ အဲလိုမှ မဆွဲရင် ထမှာ မဟုတ်တော့ဘူး။ ဒါတောင် ဆံပင်စုတ်ဖွားကို တဗျင်းဗျင်းကုတ်ရင်း ထိုင်ချင် ထိုင်နေတတ်သေးတာ။ အရင်တုန်းကဆို အမေက အရင်နိုးပြီး ပြင်ဆင်ပေးထားပေမဲ့ အခု ကလေးမွေး ပြီးစဆိုတော့ ဘာမှလုပ်မပေးနိုင်ဘူး။ လာလိမ့်ဦးမယ်၊ ကျုပ်တို့လို ဘဝတူတစ်ယောက်တော့ ထပ်တိုးလာဦးမှာ။ အမေ့ကို ထပ်မမွေးနဲ့တော့လို့ ပြောပြန်တော့လည်း ခေါင်းသာပူအောင် အခေါက်ခံရတယ်။

'ငါက ဘယ်က ပိုက်ဆံရှိလို့ တားရမှာလဲ။ နင်ကိုယ့်နေရာ ကိုယ်နေ ငပွေးရဲ့'

အဲဒီလိုနဲ့ပဲ ကျုပ်အောက်မှာ သုံးယောက်ထပ်မွေးတယ်။ အဖေကလည်း ဘယ်အလုပ်မှ လက်ကြောတင်းအောင် လုပ်တာမဟုတ်ဘူး။ သူလုပ်လို့ရတဲ့ငွေကလည်း သူသောက်တာနဲ့ပဲ ကုန်ရော။ ဘာမှ မကျွေးနိုင်ဘဲနဲ့ တစ်ယောက်ပြီးတစ်ယောက်တော့ မွေးထားတယ်။

ကျုပ်လို အရွယ်တွေ ကျောင်းတက်နေချိန်မှာ ကျုပ်က ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနေရပြီ။ ငှက်တွေတောင်မှ သူတို့မွေးထားတဲ့ သားသမီးကို အစာရှာကျွေးလို့၊ အချိန်တန်တော့ အပျံသင်လို့ လွှတ်ပြီဆိုမှ နောက်တစ်ကောင်ကို

> အဖေကလည်း
> ဘယ်အလုပ်မှ
> လက်ကြော
> တင်းအောင်
> လုပ်တာ
> မဟုတ်ဘူး
> သူ
> လုပ်လို့
> ရတဲ့ငွေကလည်း
> သူ
> သောက်တာနဲ့ပဲ
> ကုန်ရော
> ဘာမှ
> မကျွေးနိုင်ဘဲနဲ့
> တစ်ယောက်ပြီး
> တစ်ယောက်တော့
> မွေးထားတယ်

ထပ်မွေးတယ်။ ဟုတ်ပေါင်ကျုပ်အဖေနဲ့ အမေကတော့ ကလေးတွေက တစ်ယောက်ပြီးတစ်ယောက် မွေးတယ်။ အပျံလည်း သင်မပေးဘူး၊ အစာလည်း ဝလင်အောင် ရှာမကျွေးခဲ့ဖူးဘူး။

အခု အလုပ်ကလေးတောင်မှ ဟိုဘက် ဘဲအင်းအစွန်က ငတောက်က ပြောပြ သင်ပြလို့ လုပ်တတ်တာ။ မနက်စာကို မနေ့က နှစ်ရာချန်ထားပြီး အမေ့ကို အကုန်အပ်လိုက်တာလေ။ ဒီနှစ်ရာက ဘယ်တော့မှ ပြန်မရမယ့်၊ ဘယ်တော့မှ အပ်လိုက်တိုင်း ပြန်မထွက်လာတော့မယ့် အမေ့ချွေးခံအင်္ကျီထဲ မထည့်ခင် မသိအောင်ချန်ထားရတာ။

ပြောပြန်ရင်လည်း နင်တို့ထမင်းစားဖို့လေလို့ မပြောဘူး၊ နင်တို့ မျိုးဖို့၊ ဆိုဖို့လေလို့ သံကုန်ဟစ်ဦးမှာ။

ညီမလေးလည်း အဆင်သင့်ဖြစ်ပြီမို့ သူလည်း သူ့တာဝန်နဲ့သူ ထမ်းရှာတယ်။ မောင်နှမနှစ်ယောက် ထွက်ခဲ့ကြတယ်။

ဈေးတန်းထဲ ရောက်အောင် အရင်ပြေးပြီး ကောက်ညှင်းပေါင်းတစ်ယောက်တစ်ထုပ်ဝယ်ပြီး စားလိုက်တယ်။ ဗိုက်ထဲ အစာထည့်လိုက်မှ နေသာထိုင်သာရှိသွားတယ်။ ရေလည်းသောက်၊ အစာလည်း စားပြီးပြီဆိုတော့ အလုပ်ကို စတင်ကြတော့တယ်။

သူများ စွန့်ထားတဲ့ အမှိုက်ပုံးတွေမှာ ပလတ်စတစ်အိတ်အခွံတွေ၊ ပုံးစုတ်တွေ၊ ဂျပ်စက္ကူတွေ၊ ဒန်သတ္တုတွေ၊ သံတိုသံစတွေ လိုက်ကောက်ရတာ။ တစ်ခါတလေ တစ်မြို့လုံးနှံ့မှ ငါးရာ ခြောက်ရာရတာ။ ကိုယ်လို လူတွေက ရှိသေးတာဆိုတော့ ဦးအောင်ပြေးရတာလည်း ရှိတယ်။ ခွေးလိုက်လို့ ပြေးရတာလည်းရှိတယ်။ လွယ်တော့မလွယ်ပါဘူး။

ညီမလေးကို သယ်ရပေါ့တဲ့ ပလတ်စတစ်၊ စက္ကူ အဲလိုဟာတွေကိုပဲ သယ်ခိုင်းရတယ်။ လေးတဲ့ သံတိုသံစတွေကျ ကိုယ်က သယ်ရတယ်။ ပြီးရင် ဈေးလမ်းကြားထဲက အရီးမော်ကြည့်ဆီသွားပြီး ရောင်းရတာ။

အရီးမော်ကြည့်ဆီ ရောင်း
တာက တန်တယ်။ သူ
စာရင်းမှတ်ရုံပဲ မှတ်
ကတ္တားချိန်တာကအစ
လက်နဲ့ကိုယ့်ခြေ။ ပစ္စည်း
လည်း ကိုယ်တိုင်ပဲချေ
ပုံပေးရတာ။ လုပ်တတ်
လွှတ်ထားပေးတာဆို
အဆင်ပြေတယ်။

တစ်နေ့ကို သုံးခေါက်
လောက် ထွက်နိုင်ရင်
ကိုက်ပါတယ်။ မောင်နှမ
ယောက်ပေါင်း နှစ်ထောင်
သုံးထောင်ရတဲ့အခါလည်း
တာပေါ့။ ငတောက်က
ထက်လျင်တယ်။ သူ
ကျုပ်ထက်လုပ်လာတာ
ပြီဆိုတော့ လစ်ရင်လစ်သလို
ကလုပ်တတ်သေးတာ။
မော်ကြည်က ငတောက်
ဆိုရင် ကိုယ်တိုင် ထ
ပေးရင်တောင် သေချာကြည့်
နေတာ။ ဒီကောင်က အ
စီးအောင် လုပ်တတ်လို့

ဒီနေ့တော့ ဟင်းကောင်း
စားရဖို့ အကြောင်းက
လာတယ်။ ရှားရှားပါးပါး
ပဲ၊ ဒီလိုအခွင့်အရေးက
တယ်။ ဘယ်ကားပေါ်က
ကျခဲ့တယ်မသိဘူး၊ သံတုံး
ကြီးတစ်ခုက ရလိုက်သေး
တယ်။ သံတုံးကြီးကို
မြင်ချင်း မကောက်ရဲသေး
ဘူး။ ဘေးကိုကြည့်တော့
ရှင်းနေတာမို့ ကြာကြာမနေ
တော့ဘဲ ကောက်ခဲ့လိုက်
တော့တယ်။

ပိုက်ဆံလေးလိပ်ပြီး
ဘောင်းဘီအိတ်ထဲထည့်တော့
ညီမလေးက 'အစ်ကို ငါ
ခဲသုပ် စားချင်တာ' တဲ့။
လက်ထဲမှာ နှစ်ရာ
သားနဲ့ ကျုပ်ဆီက ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com

မြင်တော့ သူကလည်း ဝေစု ဆိုချင်သေးတာ။

'ရုပ်ရှင်ရုံနားက တစ်ပွဲ တစ်ရာပေးရတာ၊ အဲဒီမှာ ဝယ်စားရင် နှစ်ပွဲတောင် စားနိုင်မှာ' ဆိုတော့ မဟုတ်ဘူး။ ချိုသက်ရောင်းတဲ့ ရေခဲသုပ်မှ စားချင်တာတဲ့လေ။ ဟုတ်တော့ ဟုတ်ပါတယ်။ မချိုသက် ရေခဲသုပ်က ပိုပြီး စားကောင်းတာကိုး။ သူက အစုံပါတယ်။ ကျောက်ကျောတွေပါတယ်။ အရောင်စုံ သုံးလေးမျိုး လုပ်ပေးထားတာ။ ငှက်ပျောသီး၊ စပျစ်သီး၊ သခွားမွှေးသီးကအစ အကုန်ထည့်ပေးတယ်။ ကျုပ်ကတော့ အရင်က တစ်ခါ စားဖူးပါတယ်။ ညီမလေးကိုတော့ စားဖူးအောင် ကျွေးချင်နေတာပါ။ ဒါပေမဲ့ ဟင်းကောင်းလေးက စားချင်သေးတာဆိုတော့ အမေ့ကိုလည်း အတွက်ကိုက် အပ်ချင်သေးတာရောမို့ အမျိုးမျိုး စဉ်းစားနေသေးတာလေ။

နောက်ဆုံးတော့ တစ်ရာက ပါသွားသေးတာ။ သူစားနေရပြီး ကျုပ်ကဘေးမှာ ကြည့်နေတော့ 'အစ်ကို နင်က တစ်ရာစိုက်ထားတာဆိုတော့ စားဦးလေ' တဲ့။ တစ်ဇွန်းနှစ်ဇွန်းတော့ စားလိုက်သေးတယ်။ သုံးရာတော့ ကုန်ပါတယ်။ ညီမလေးက သူစားချင်တာကို စားရတော့ မျက်နှာမှာ တပြုံးပြုံးနဲ့။

အမေ့ကို ပိုက်ဆံအပ်တော့ အမေက 'ဒီနေ့ နှစ်ရာလောက် လျှော့တယ်နော်' တဲ့။ ဘာဝယ်စားသေးလဲ၊ ဘာလဲ ထို့ ထပ်မေးနေသေးတယ်။ ဘာရမလဲ။ ကျုပ်ကလည်း ကျုပ်တို့လိုကောက်တဲ့လူတွေကများတော့ ပစ္စည်းရှားတာရော၊ ဈေးနည်းတာရော စုံအောင် လျှောက်ပြောလိုက်တယ်။ အမေက ကျုပ်တို့ကိုသာ နိုင်တာပါ။ အဖေ အရက်ဖိုးတောင်းရင် နှစ်ရာဆိုလည်း ဖတ်ခနဲ။ ငါးရာဆိုလည်း ဖတ်ခနဲ။ ပြန်မပြောနိုင်ဘူး။ ပေးလိုက်ရတာ။ ပုံမှန်တော့လည်း ဘယ်အပ်နိုင်တော့မှာလဲ။ ငွေပုံမှန်ရအောင် ကျုပ်တို့က ပုံမှန်ငွေရတဲ့သူတွေမှ မဟုတ်တာ။

> ငှက်တွေတောင်မှ
> သူတို့
> မွေးထားတဲ့
> သားသမီးကို
> အစာ
> ရှာကျွေးလို့
> အချိန်တန်တော့
> အပျံသင်လို့
> လွှတ်ပြီဆိုမှ
> နောက်
> တစ်ကောင်ကို
> ထပ်မွေးတယ်

မောင်နှမနှစ်ယောက် ရေချိုးတော့ အခါတိုင်းလို မဟုတ်ဘူး။ အခါတိုင်းထက် ပျော်နေတယ်။ ညီမလေးက ပိုပျော်နေတာ။ ရေတောင် အကြာကြီးချိုးနေလို့ မနည်း အော်လွှတ်ရတယ်။ တော်တော်ကြာ နေမကောင်းဖြစ်ရင် မလွယ်ဘူး။

ရေချိုးရင်း အဝတ်က နှစ်ထည်သုံးထည်လောက် လျှော်ပေးရသေးတာ။ အမေလည်း မီးထွက်ပြီဆိုတော့ ကျုပ်တို့အတွက် နည်းနည်းတော့ တာဝန်ပေါ့သွားပါပြီ။ ထမင်းမချက်ရတော့ဘူး။ အရင်ရက်တွေက အပြင်က ပြန်လာရင် မောမောနဲ့ ထမင်းချက်ရသေးတာ။ ခုတော့ ရေချိုးပြီးရင် ခဏကလေးထိန်းပေးပြီး ထမင်းစားရတော့မှာ။

အမေ့ဟင်းက ဒီညလည်း ချဉ်ရည်ဟင်းနဲ့ ချင်းငရုတ်သီးထောင်းပဲနေဦးမှာ။ ငရုတ်ဆုံသံ တဒုန်းဒုန်းက ကြားနေရတာ။ ငရုတ်သီးမထောင်းမိဘဲ ဆုံနဲ့ကျည်ပွေ့ ရန်ဖြစ်နေတဲ့အတိုင်း ဆုံသံပဲ ကြားနေရတယ်။

ဒီနေ့ည ကိုရီးယားကားက သွားကြည့်ချင်သေးတာ။ အရင် တီဗွီမှာလာတုန်းက ဂျူမုံကားကို အစအဆုံး အကုန်မကြည့်လိုက်ရဘူး။ အခုတော့ ခွေထိုးတာဆိုတော့ အကုန်ကြည့်ရမှာလေ။

တီဗွီရှိတဲ့အိမ်က သိပ်တော့မဝေးပါဘူး။ သူတို့ကိုလည်း ဖားထားရသေးတာ။ ဟိုရောက်ရင် မမကြီးကို ရေခပ်ပေးရ၊ ထမင်းပန်းကန်တွေ ဆေးပေးရသေးတာ။ အဲဒါပြီးမှ ခွေက ဖွင့်ပေးတာ။ မမကြီးကလည်း ဇာတ်ကားကို တော်တော်လေးစွဲနေတာလေ။ ရေသောက်ချင်တာတောင်မှ ကိုယ်တိုင် ထသောက်တာမဟုတ်ဘူး။ ခပ်တိုက်ရတယ်။ ရေသောက်ရင်းတောင် လွတ်မှာစိုးလို့ ခွေကို ရပ်ထားပြီးမှ သောက်တာလေ။

မနက်က အိပ်ရာနိုးတော့ အမေ့အရိပ် ခံလိုက်ရတယ်။ ဘာကြောင့်ရိုက်မှန်း မသိဘူး။ ညီမလေးကတောင် ခေါင်းထောင်ကြည့်ပြီး ပြန်အိပ်သွားတယ်။ အသံကို ခုနစ်သံတင်ပြီး အရဏ်တက်ကို ဖွင့်ပေးလိုက်တယ်။ ကျုပ်ကလည်း ကျုပ်ပါပဲ။ အသားဟင်းလေး စားရမလားလို့ ဘယ်က ကျခဲ့မှန်း မသိတဲ့ သံတုံးလေးကိုရောင်းပြီး ပိုက်ဆံကို ယူထားလိုက်တာ။ ဖြစ်ချင်တော့ ရေချိုးရင်း ဘောင်းဘီအိတ်ထဲမှာ ပါသွားတယ်။

အမေ အဝတ်တွေရုပ်ရင်း ကျုပ် ဘောင်းဘီ အိတ်ကပ်ထဲက ပိုက်ဆံတွေ့သွားတယ်။ ဘယ်လိုမှ ပြောလို့မရတဲ့အဆုံး အရိုက်ပဲ ငြိမ်ခံနေလိုက်ရတယ်။ အမေထောင်ပြတဲ့ပိုက်ဆံ တစ်ထောင်တန်လေးက နွမ်းကြေနေတယ်။ တစ်အိမ်လုံး ငိုသံတွေနဲ့ပွက်လောရိုက်လို့။ အဖေကတော့ ကောင်းချီးပေးပါတယ်။ 'ကောင်းတယ်၊ ကောင်းတယ်' ဆိုပြီး ခေါင်းတညိတ်ညိတ် လုပ်နေလေရဲ့။ မနေ့ည နေကအရှိန် မသေသေးဘူး။

မောင်နှမနှစ်ယောက် အိမ်ကထွက်ခဲ့တော့ ညီမလေးက ရှိုက်တုန်းပဲရှိသေးတာ။ ဒီနေ့တော့ မနက်စာ

www.burmeseclassic.com

တော်ပြီ။ အသားလေးစားရမလားလို့ ပိုက်ဆံလစ်ထားပါတယ်။ ကျူပ် အသုံးမကျမှုကြောင့် အရိုက်ခံရတယ်။ မနက်စာငတ်တယ်။

'အစ်ကို ငါနေမကောင်းဘူးဟာ၊ ငါမလိုက်ချင်တော့ဘူး ဒီနေ့'။ အိမ်က ထွက်မှ ညီမလေးက မလိုက်ချင်ဘူးလို့ ကျူပ်ကို ပူဆာတယ်။ ဘယ်ဖြစ်မလဲ။ တော်ကြာ အရိုက်က ထပ်ခံနေရဦးမှာဆိုတော့ လိုက်ခဲ့တာပဲကောင်းပါတယ်။ ညီမလေးမျက်နှာကို ကြည့်လိုက်တော့ နီရဲနေတယ်။ အဖျားတက်တာများလားလို့ နဖူးကိုစမ်းကြည့်တော့ ပူကျက်လို့။ အမေရိုက်လို့လား၊ ဒါမှမဟုတ် ရေချိုးများသွားလို့လား။ အခုနေ အိမ်ပြန်နေခဲ့ရင်လည်း အရိုက်ခံရရုံကလွဲလို့ ဘာမှရမှာမဟုတ်ဘူး။ ဗိုက်ကလည်း ဆာနေရှာမယ်။ ခက်တာက ကျူပ်နဲ့မလိုက်လည်း ဘယ်မှာ နေခဲ့မှာလဲ။

'ညီမလေး ဗိုက်ဆာလား၊ အရီးမော်ကြည့်ဆီ ပိုက်ဆံသွားချေးမယ်။ ပြီးရင် ကောက်ညှင်းပေါင်း ဝယ်စားရအောင်၊ အစားစားရင် ကောင်းသွားမှာပါ'

အရီးမော်ကြည့်ဆီ ပိုက်ဆံချေးမယ်ဆိုတော့ ကျူပ်လက်ကိုဆွဲပြီး တားတယ်။ ပြီးမှ သူ့ရှင်မီးအင်္ကျီထဲက ပိုက်ဆံနှစ်ရာထုတ်ပေးတယ်။ ကြည့်စမ်း ဘယ်အချိန်က ဝှက်ထားတယ် မသိဘူး။

မနေ့ကသာ ညီမလေးကို ပိုက်ဆံအပ်ထားလိုက်ရင် ဒီနေ့ အသားဟင်းလေးတော့ စားရမှာ။ အရိုက်လည်း ခံရ

ကျူပ်အဖေနဲ့
အမေကတော့
ကလေးတွေက
တစ်ယောက်ပြီး
တစ်ယောက်
မွေးတယ်
အပ်ျလည်း
သင်မပေးဘူး
အစာလည်း
ဝလင်အောင်
ရှာမကျွေးခဲ့ဖူးဘူး

မှာမဟုတ်ဘူး။ အခုတော့…။

ဗိုက်ဝသွားတော့ မောင်နှမနှစ်ယောက် လုပ်ငန်းစလိုက်တယ်။ နတ်ချောင်းလမ်းဘက်က ဆေးဆိုင်ရှေ့မှာ ဂျပ်စက္ကူအစုတ်တွေရော၊ ပလတ်စတစ်ဘူးခွံတွေရော တော်တော်လေးရလိုက်တယ်။ ညီမလေးက နေမကောင်းဘူးဆိုတော့ သူက ဘာမှမကူညီနိုင်ဘူး။ ကျူပ်ပဲ အိတ်တွေထဲက မွှေလိုက်၊ နှောက်လိုက်၊ ရှာလိုက်၊ စုလိုက်လုပ်နေရတယ်။ ပြီးတော့ အားလုံးကို သန့်ရှင်းအောင် လုပ်ပေးထားခဲ့ရသေးတာ။ အဲလိုမှ မလုပ်ရင် နှောက်ကျ သူတို့က အရှာခံမှာမဟုတ်ဘူး။

ဆေးဆိုင်နားက လေးငါးရာဖိုးတော့ မကလောက်ဘူး ရပါတယ်။ အဲဒီနားမှာပဲ အသားတွေကို အတုံးတွေ ရှည်ရှည်တွေလုပ်ပြီး နေပူလှန်းထားတာကို မြင်တော့ ညီမလေးက ကြည့်နေရှာတယ်။ မီးကင်စားလိုက်ရလို့ကတော့ ဘယ်လောက်ကောင်းလိုက်မလဲလို့တောင် ကျူပ်က တွေးလိုက်မိသေးတယ်။ ကျူပ်တို့က မျက်စိနဲ့ကြည့်ပြီး သွားရည်ကျနေရတာ။ ကျီးတစ်အုပ်ကတော့ ကုက္ကိုပင်ပေါ်ကနေ အသံတွေပေးနေလေရဲ့။ အလစ်ချောင်းနေကြတာ နေမှာပါ။

'အစ်ကို နောက်တစ်ခါ ပိုက်ဆံကို အမေ့အကုန်မအပ်နဲ့နော်၊ ငတောက်ပြောတဲ့ ထမင်းဆိုင်မှာ တစ်ပွဲငါးရာနဲ့ အသားဟင်းပါ စားလို့ရတယ်တဲ့၊ အဲဒီမှာ သွားစားရအောင်လေ'တဲ့။ ညီမလေးက မနေ့က အစီအစဉ်မအောင်မြင်တော့ အစီအစဉ်တစ်မျိုးဆွဲပြန်တယ်။ ညီမလေးလည်း သနားပါတယ်။ ကျူပ်ကြောင့် သူပါအရိုက်ခံလိုက်ရတယ်။

ကျူပ်ကတော့ တစ်အိမ်လုံးစားရအောင်လို့ လုပ်တာပါ။ မလိမ္မာတပတ်ဆိုပေမဲ့ ကျူပ် အသုံးမကျတာနဲ့ဘဲ အရိုက်ခံ အဖတ်တင်တယ်။

'အစ်ကို တကယ်ဆို ငါတို့အိမ်ပြန်ရင် ကြက်ရိုးတော့ ကောင်းကောင်းစုတ်ရမှာဟ'

ညီမလေး ပြောတာကို နားထောင်နေရင်း အမှိုက်ရှာနေတုန်းမှာပဲ အသံဆူညံ…ကိုကြားလိုက်ရတယ်။ …လိုက်တော့ ကျီးက အ…သုတ်သွားတာနေမှာ။ …တွေကိုလည်း လိုက်ခြေ…လှန်နေတာကို တွေ့လို…တယ်။ ပိုင်ရှင်က ဘ…လောက်အော်အော် ကျီး…တစ်ဟုန်ထိုး ပျံသွားတယ်…သူ့နောက်က သုံးလေးကော…က တအအမြည်ပြီး လိုက်…တယ်။ ကျူပ်တောင် အ…မြည်လိုက်ရင် အသား…ကျလာမှာပဲလို့ မျှော်လင့်…ကြည့်နေမိတယ်။ ညီမ…ကိုကြည့်လိုက်တော့ ကျူပ်…ပဲတွေးနေမလားဘဲ။ …လေးမော့လို့ လိုက်ကြည့်…တယ်။

နေ့လယ်စာ ပြန်…တော့ ပိုက်ဆံက နေ့တွ…ကိုက်ဖို့ တစ်ဝက်တောင်မ…သေးဘူး။ မုန့်ညှင်းဖူးပေါ…နဲ့၊ အချဉ်ဟင်းနဲ့ ထမင်း…နှစ်ပန်းကန်လောက် စား…လိုက်တယ်။ ညီမလေး…တော့ ထမင်းမစားတော့…ရောက်ကတည်းက အိပ်…ထဲကို ဝင်အိပ်နေတော့တယ်…

'ကဲစိန်မ၊ ဘာဖြစ်…တုံး၊ ထမင်းမစားတော့…လား။ သေပန်းပွင့်တော့…လား'။ အမေ့အသံစူးစူး…ဟိန်းထွက်လာတယ်။ …ကြာ လက်က ပါနေမှာစိုး…ညီမလေးဖျားနေတဲ့အကြောင်း…ဝင်ပြောလိုက်ရတယ်။

ညီမလေးခမျာ အသ…နဲ့လူနဲ့မလိုက် လုပ်နေရ…သူ စားချင်တဲ့ အသား…လည်း မစားရ။ အခု…နေမကောင်းလို့ …တောင်မှ မလွှပ်…နိုး။ …



www.burmeseclassic.com

www.burmeseclassic.com

တို့ရတဲ့ငွေလေးနဲ့ ဘာမှ စားလောက်တာမဟုတ်ဘူး။ အေး သေလို့ကတော့ ဖျာနဲ့ လိပ်ပြီး မြေဖို့လိုက်မှာ၊ ဘုန်းကြီးပင့်လိမ့်မယ် မထင်နဲ့ ဆိုပြီး အဖေက ဝင်မှောင့်လိုက်သေးတယ်။

သူတို့ မွေးထားတာ ဟုတ်တဲ့အတိုင်းပဲ။

ထမင်းကို ကတိုက်ကရိုက်စားပြီး တစ်ခေါက်ပြန်ထွက်ခဲ့တယ်။ လက်ဆောင် မသုတ်ခဲ့ဘူးထင်ရဲ့။

နေ့လယ်ပိုင်းမှာ အိမ်တစ်အိမ်ရှေ့ရောက်တော့ အမှိုက်တွေ ရှင်းနေတာနဲ့ကြုံတယ်။ အဲဒီမှာ ကူပြီး ရှင်းသေးတယ်။ အခါတိုင်းတော့ သူတို့ လွှင့်ပစ်ပြီးမှ ကောက်ရတာ။ ဒီခါ ကူရှင်းပေးတော့ ဆောင်းလို့ရတာတွေလည်းရ၊ ကူညီပေးလို့ မုန့်ဖိုးလည်းရဆိုတော့ နေ့တွက်က ကိုက်ပါတယ်။ ကျော်တောင်သွားတယ်။ အိမ်ပြန်တော့ မျက်နှာ ...န်းလှပါတယ်။

အိမ်ရောက်တော့ ညီမလေးက အိပ်ရာပေါ်မှာ ခွေခွေလေး ပုဆိုးခြုံပြီး အိပ်နေတယ်။ အပူတော့ မကျသေးဘူး။ အမေပြောတော့ ဆေး တိုက်ထားတယ်လို့ ပြောတာ... အဖေကတော့ သူ့ခုတင်မှာ ရှိတော့ဘူး။ ဘုံဆိုင်ကို အချိန်မှန် သွားပြီထင်ရဲ့။ ...ယ့်သားသမီး နေမကောင်း ...တောင် အရက်သောက်...ကျက်ဘူး။ အမေကတော့ ...မင်းချက်နေပြီ။

ကျုပ် ရေချိုးမယ်လုပ်...တော့ အမေက ညီမလေးကို ...င်းရည်တိုက်ခိုင်းတယ်။ ...င်းရည်ပန်းကန်ပေးရင်း အကျီအိတ်ထဲကို စမ်းကြည့်တယ်။ ပြီးမှ ကျုပ်ကို မျက်စောင်းတစ်ချက်ထိုးပြီး မီးဖိုနား ပြန်သွားတယ်။ တစ်ဖက်က ကလေးထိန်းရသေးတယ်။

ညအထိ ညီမလေးက အဖျားမကျသေးဘူး။ အမေက ရေချိုးခိုင်းနေသေးတာ။ မနက်ကျရင်လည်း ညီမလေးက ကျုပ်နဲ့အတူ လိုက်နိုင်မှာ မဟုတ်ဘူး။ တီဗွီလည်း သွားမကြည့်နဲ့ဆိုတော့ စောစော အိပ်ရာဝင်ဖို့ လုပ်တယ်။ အိပ်မယ်ဆိုမှ အမေက ကလေးနို့တိုက်ရင်း ကျုပ်ကို လက်ယပ်လှမ်းခေါ်တယ်။ အမေ့ကို လက်ညှိုးထိုးပြပြီး လက်ခါပြတယ်။ အမေ့နားကို ကပ်သွားတော့ ခေါင်းအုံးထဲက ပိုက်ဆံအထပ်လေး ထုတ်ပြီး မမကြီးတို့အိမ်မှာ ပေါင်ထားတဲ့စောင်ကို သွားရွေးခိုင်းတယ်။

ညီမလေးက အဖျား တက်နေရှာတယ်။ ဒီည ဂျူမုံကား နောက်ဆုံးအပိုင်းမို့ ကြည့်ချင်တာ စောင်သွားရွေးရင်းမှပဲ ခဏလောက် ကြည့်ရတော့မှာပဲ။ ညီမလေးကို ငန်းဆေးတိုက်တော့ ဆေးတွေ ပြန်အန်တယ်။ ကျုပ်လည်း ညီမလေးနဲ့အတူ အိပ်လိုက်ရတယ်။

မအိပ်ခင် အမေနဲ့ လေပေးဖြောင့်လို့။ မနက်ကျရင် ညီမလေးကို ကြက်စွပ်ပြုတ်ဝယ်တိုက်ချင်တယ်ဆိုတော့ အမေက ဝယ်တိုက်ဖို့ ခွင့်ပြုတယ်။ ညီမလေးသိရင် ဘယ်လောက် ဝမ်းသာမလဲ။ ဒါပေမဲ့ အမေ့မှာက ပိုက်ဆံက အပိုမရှိတော့ဘူး။ ဆန်ဝယ်လိုက်တာရယ်၊ စောင်ရွေးလိုက်ရတာရယ်မို့ ကျုပ်မနက်စောစော အလုပ်ရှာရမှာပေါ့။

မနက်က အမေတောင်မနိုးရဘူး။ ကျုပ်ဘာသာ စောစောနိုးတယ်။ ညီမလေးက မသက်သာတော့ တစ်ညလုံး ကောင်းကောင်းမအိပ်ရဘူး။ ထထပြီးအော်တယ်။

အိပ်ရာနိုးကတည်းက ညီမလေးအတွက် ကြက်စွပ်ပြုတ်ဝယ်ဖို့ ငါးရာလောက်က လိုချင်နေမိတယ်။ ဒါမှမဟုတ်ရင် ကြက်သားဝယ်နိုင်ရင်တော့ ပိုကောင်းတာပေါ့။ ကြက်သားလည်း ကျွေးရအောင်။

ဈေးနားရောက်တော့ ကျီးတွေရဲ့ အသံတွေက ဆူညံနေတယ်။ စောသေးလို့ပဲ လာမသိဘူး။ အမှိုက်ကလည်း ခါတိုင်းလို မပေါဘူး။ ငတောက်နဲ့တွေ့တော့ ငတောက်ကလည်း ညည်းရှာတယ်။ အခုတလော ဝင်ငွေနည်းလို့ အိမ်ကဆူတာရော၊ အသုံးလည်း မသုံးရကြောင်း စုံနေတာပဲ။ ငတောက်လည်း သူ့အပူနဲ့သူ၊ ကျုပ်ကလည်း ကျုပ်အပူနဲ့ကျုပ်။

ခဏနေတော့ ကုက္ကိုပင်ခွကြားမှာ ကျီးတစ်ကောင်က အစာတစ်ခု ချီလာတာကို မြင်လိုက်ရတယ်။ ကျုပ်လည်း ဟိုနေ့က အသားတုံးကို ပြေးမြင်လိုက်တယ်။ ထတဲ့ပြီး ကျောက်ခဲနဲ့ လိုက်ထုတယ်။

ငတောက်က ရောက်လာတဲ့ပြီး ပါလာတဲ့ လေးခွနဲ့ ကျီးကိုပစ်ပေးတယ်။ ကျီးပါးစပ်က အတုံးတစ်ခုက ကျလာတယ်။

အိမ်မရောက်ခင်မှာဘဲ အမေ့အသံကို ကြားနေရတယ်။ ကျုပ် သုတ်ခြေတင်ရင်း လက်ကလည်း ညီမလေးအတွက် အသားထုပ်ကယမ်းခါယမ်းခါနဲ့ပါလာတယ်။ အမေ့အသံကိုသာ ကြားနေရတယ်။ အိမ်က ရောက်ခဲနေတယ်။ ဘယ်လိုမှ မရောက်နိုင်ဖြစ်နေတာ။

အမေ့အသံက ညီမလေး ဆုံးပြီလို့ ထအော်လိုက်တယ်ထင်တယ်။ အဲဒီမှာ လက်ထဲက အထုပ်ကလည်း ပြုတ်ကျပြီး ဘယ်မှာကျန်ခဲ့တယ် မသိတော့ဘူး။

'ကဲစိန်မ၊ ညီမလေး'

ကျုပ် အသံကုန်ဟစ်ပြီး ငိုပစ်လိုက်တယ်။ ခြေထောက်ကတော့ လှုပ်လို့မရအောင် ဖြစ်နေတာပေါ့။

'ဟဲ့ ငပွေး ငပွေး'လို့ ခေါ်တဲ့ အသံကို ကြားလိုက်ရတော့ ကျုပ်လည်း မျက်လုံးဖွင့်ကြည့်လိုက်တော့ အမေရယ်၊ ညီမလေးရယ်က တစ်ဖက်၊ အဖေကတစ်ဖက် ကျုပ်ဘေးမှာ စိုးရိမ်တဲ့ မျက်နှာတွေနဲ့။

တော်သေးတာပေါ့။

အိမ်ပြန်သွားတော့ ထော့နင်းထော့နင်းနဲ့ပါ။ တစ်နေရာအရောက်မှာတော့ ချိုင့်ကျင်းတစ်ခုမှာ ခလုတ်တိုက်လဲပြီး ကျုပ် ဒူးကွဲသွားတယ်တဲ့။ ကျုပ်လိုက်တဲ့ ကျီးပါးစပ်ထဲက အသားတုံးမဟုတ်ဘဲ ဈေးတုံးကြီး ဖြစ်နေတာရော ပြောပြတော့မှ ကျုပ်မှာ ရယ်ရမလို၊ ငိုရမလိုနဲ့....။

■

**ဗွဲဆုပန်၊ဆားလင်းကြီး၊**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဝဏ္ဏတိုအမှတ် ၄၉၃

ကျော်မိုးမြင့်

တစ်ညနေ
ဦးကျော်သင်းခိုင်
ဖန်ခွက်ကလေး
ကိုင်နေတုန်း
'မမ' ဝင်ချလာပါရော
သူ့ကိုယ်သူ
တင်းနစ်
အားကစားမယ်များ
မှတ်နေသလား
မသိဘူး
ခွတ်ခွတ်ဖြူ
ပါးပါးလှပ်လှပ်
ဘောင်းဘီတို
ကလေးနဲ့ ပခုံးမှာ
ကြိုးသေးသေး
ကလေး
ချည်နှောင်ထားတဲ့
အင်္ကျီပါးကလေး
ဝတ်လို့

ဦးကျော်သင်းခိုင်
ရှေ့နေအဖြစ်
အသက်မွေးလာလိုက်တာ
အနှစ် ၂၀ နီးပါးရှိပါပေါ့။
ဒီတစ်မှုလောက်
စိတ်မကောင်းခြင်းကြီးစွာ
ဖြစ်ရတာမျိုး
ကြုံ မကြုံဖူးပါဘူး။
ရှေ့နေအမှုလိုက်တာ
အမှုတိုင်းတော့ဖြင့်
ဘယ်မှာ နိုင်လိမ့်မတုံး။
ကိုယ့်အမှုသည်ကို
ဥပဒေဘောင်အတွင်းကနေ
သက်ညှာခွင့်၊
ရပိုင်ခွင့်တွေရရှိစေဖို့
အထူးသဖြင့်
မသိနားမလည်မှုတွေကြောင့်
မနစ်နာကြရအောင်
ဆောင်ရွက်ပေးရတဲ့
အလုပ်ပေပဲ။ အမှုက
နှစ်ကျဆယ်တန်း
ကျောင်းသားနဲ့ကျောင်းသူ
စည်းကမ်းလျှော့ရိလျှော့ရဲ
ဘော်ဒါအသေးလေး
တစ်ခုကနေ
ခိုးရာလိုက်ပြေးကြတာပဲ။
ဘော်ဒါအုပ်က
ကလေးတွေ ရည်းစား
ဖြစ်နေတာကိုလည်း
မသိဘူး။ နှစ်ယောက်
ပြေးတာကိုလည်း
မသိလိုက်ဘူး။
မိန်းကလေးရှင်ဘက်က
မိဘတွေ အဆောင်လာပြီး
ပွဲကြမ်းမှ သူ သိရတာ။
ရှေ့နေက သိလိုက်ပြီ။
တစ်နှစ်ကျ ဆယ်တန်း
ကျောင်းသူဆိုမှဖြင့်
အသက် ၁၈ နှစ်
မပြည့်နိုင်သေးဘူး။
အလွန်ရှိ ၁၇ ပေါ့။
ဒါမျိုးက ယောက်ျားလေး
အသက် ပြည့်မပြည့်

ဥပဒေမှာမရှိဘူး။ မိန်းကလေး အသက်မပြည့်ရင်တော့ မိန်းကလေးရှင်ဘက်က နားလည်မှုမပေး၊ သက်ညှာမှုမရှိခဲ့ရင်တော့ သားယောက်ျားလေးအတွက် မစဉ်းစားရဲလောက်အောင်ပါပဲ။

ဦးကျော်သင်းခိုင်က နှစ်ဖက်မိဘတွေနဲ့ရော ဘော်ဒါအုပ်နဲ့ပါ ငယ်သူငယ်ချင်းတွေဆိုတော့ မနေနိုင်စွမ်းပါဘူး။ ဘော်ဒါအုပ်ဆီပြေး၊ သမီးရှင်တွေဘက် ခယဝပ်တွားညှိနှိုင်း။ ပညာသင်ချိန်မို့ မပေးစားချင်သေးရင်လည်း စေ့စပ်တဲ့သဘော ပြုလုပ်ပေးပါမယ်။ ရပ်မိရပ်ဖတွေ ရှေ့ထားပြီး မိခင်နို့ဖိုးအဖြစ် သင့်လျော်တဲ့ငွေကြေးကို ကန်တော့ပွဲမှာတင်ပြီး ပြန်အပ်တာမျိုးကိုလက်ခံပေးဖို့။ ကျောင်း





www.burmeseclassic.com

www.burmeseclassic.com

တွေဘာတွေပြီး ဘွဲ့တွေဘာတွေရမှ ကျန်တာတွေ စီစဉ်ကြရအောင်၊ နောက်ဆုံးသဘောချင်း မကြိုက်ညီကြရင်လည်း အမှုတွေဘာတွေ မဖွင့်ဖို့။

ဦးကျော်သင်းခိုင်တို့ သွားညှိနှိုင်းတဲ့အချိန်မှာကိုက ခမျာလေးမှာ အချုပ်ထဲ ရောက်နေရှာပါပြီ။ အမှုဖွင့်ပြီးသွားပါပြီ။ စိတ်ဆင်းရဲ လိုက်တာ လွန်ရောဗျာ။

ကလေးကလည်း အပိုးမကျိုးလိုက်တာ။ ဂျစ်တစ်တစ်မိုက်ကန်းကန်းလေးရယ်။ နားမှာက နားကပ်နဲ့ ဆံပင်က ရွှေရောင် ဂျယ်နဲ့ ထိုးထိုးထောင်ထောင်။ ရဲက အမြင်ကတ်လို့ ပုံစံပေးထားတာတောင် မျက်လုံးအကြည့်က ထောင့်မကျိုးချင်သေးဘူး။ ခေတ်ကာလ ကလေးများနှယ်။

❑

ဦးကျော်သင်းခိုင်မှာလည်း ဆယ်တန်းဖြေမယ့် သားတစ်ယောက်နဲ့ ဆေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူသမီးတစ်ယောက် ရှိပါတယ်။

သား ဒုတိယတန်းကျောင်းသား၊ သမီး ဆဋ္ဌမတန်းကျောင်းသူအရွယ်မှာ သင်းကလေးတို့မိခင်ခမျာ အသည်းကင်ဆာရောဂါနဲ့ ဘဝတစ်ပါးကူးပြောင်းသွားရရှာတယ်။ အသက်လေးမှ ၃၄ နှစ်ပဲ ရှိပါသေးရဲ့။ အင်မတန်တရားရှိတဲ့မိန်းမ။ သေရမှာများ တစ်ချက်ကလေး ဝမ်းနည်းကြေကွဲမှု မဖြစ်ဘူး။ မျက်ရည်တစ်စက် မရစ်ဝဲဘူး။

သေခြင်းတရားကို ရင်ဆိုင်ဖို့ မိုးကုတ်ဝိပဿနာရှုနည်းနဲ့လည်း တရားအကြိမ်ကြိမ်အားထုတ်သွားရှာသေးလေတယ်။ ကျန်ရစ်တဲ့ ရင်သွေးလေးတွေ စိတ်ထိခိုက်မှာစိုးရိမ်လို့ မိခင်မေတ္တာအပြည့်အဝနဲ့ ဖွတ်အတင်းဟန်ဆောင်သွားတာလည်း ဖြစ်နိုင်တာပါပဲ။

ဒီမိတဆိုးကလေးနှစ်ယောက်ကို သနားလွန်းလို့ သင်းကလေးတို့ကို ဖခင်မေတ္တာတွေ ပုံအောပေးမယ်ဆိုပြီး ဦးကျော်သင်းခိုင် နောက်အိမ်ထောင်မပြုဖြစ်ခဲ့ပါဘူး။ ယောက္ခမတွေကတော့ ခွင့်ပြုကြရှာပါတယ်။ အရွယ်ရှိသေးတယ်။ သင့်လျော်သူတွေ့ရင် အိမ်ထောင်ပြုပေါ့လေ။

ဦးကျော်သင်းခိုင်လည်း သင်းကလေးတို့ တက္ကသိုလ်တွေဘာတွေရောက်၊ ဘွဲ့တွေဘာတွေရ၊ လက်လွှတ်စိတ်ချရပြီဆိုရင်တော့ သင်းကလေးတို့ တတ်သိနားလည်တတ်တဲ့အရွယ်ရောက်ရင်တော့ဖြင့် အိမ်ထောင်ဖက်ကိုတွေ့ချင်သေးရဲ့။ ပြုချင်ပါသေးရဲ့။

အရွယ်လည်း ရှိသေး၊ အောင်မြင်နေတဲ့ ရှေ့နေတစ်ယောက်အဖို့ သင့်လျော်တဲ့ အိမ်ထောင်ဖက် အမျိုးသမီးမိတ်ဆွေတွေကတော့ဖြင့် အတွေ့သား၊ ရင်သွေးတို့အပေါ် ထားတဲ့ချစ်ခြင်းမေတ္တာနဲ့ပဲ အိမ်ထောင်ပြုလိုတဲ့ အာသာဆန္ဒကို ဖြေဖျောက်လို့ထားရတာပေါ့။

ခုများတော့ သမီးကြီးကဖြင့် လူလားမြောက်လာပြီဆိုရမှာပေါ့။ မကြာမတင်ဆိုတာကိုပဲ ဆရာဝန်မကြီးဖြစ်တော့မင့်ဟာ။ အရွယ်နဲ့ မလိုက်အောင် စာဖတ်အားကောင်းသူမို့ ဖခင်အပေါ်လည်း နားလည်မှုအပြည့်။ အရွယ်နဲ့မလိုက်အောင်လည်း ရင့်ကျက်နေပြီပေါ့။

သားငယ်ကလည်း ဉာဏ်ရည်ထက်တာပါပဲ။ သားတို့အဆောင်မှာ သားသားက အဆင့်တစ်၊ အဆင့်နှစ်က ဘယ်တော့မှမဆင်းဘူး။ ဘာသာစုံတော်နေတော့လည်း အုပ်ချုပ်ရေးမှူးရဲ့ အသည်းလေးပေါ့။ သူ့အစ်မလို ဘာသာစုံဂုဏ်ထူးရှင်ဖြစ်မှာပဲ စသည်ဖြင့်ပေါ့လေ။ အဲသလို စာတော်လို့ပဲ စနေညဒါမှမဟုတ် တနင်္ဂနွေတစ်ညတော့ အိမ်ပြန်အိပ်ခွင့်ရလေရဲ့။

သားသားက သူ့မေမေဘက်က ဘွားအေအိမ်မှာ အိပ်ခန်းတစ်ခန်း၊ ဖခင်နေရာမြို့သစ်အိမ်မှာ အိပ်ခန်းတစ်ခန်းရှိနေတယ်။ ငယ်စဉ်က အဒေါ်အပျိုကြီးတွေနား ကပ်ချွဲနေတဲ့ ဒီမောင်က ကြီးကောင်ဝင်လာတော့ ဖခင်အနားကပ်နေပြန်တော့တယ်။

သားသားက ပန်းချီဆွဲတာ ဝါသနာပါတယ်။ ပြီးတော့ဆိုင်ကယ်ကို အရှိန်ပြင်းပြင်းနဲ့ တရကြမ်းစီးတဲ့ဝါသနာရှိတယ်။ ဒီမောင့်ကို ကိုးတန်းရောက်တော့ ဆိုင်ကယ်စီးခွင့်ပေးထားတာ။ မောင်းလိုက်မှဖြင့် လီဗာအကုန်ထဲကပဲ။ သူ့မို့ဆိုင်ကယ်စီးရင် သူ့အဒေါ် တွေတစ်ယောက်မှ နောက်[illegible] ထိုင်မလိုက်ရဲကြဘူး။ အိမ်[illegible] ဝမ်းတူးဖိုက်ဘီးကြီးတွေ[illegible] မထားရဲတော့ဘူး။ နှစ်[illegible] လုံးစူပါကပ်လေးတွေပဲ ပြော[illegible] ထားရတာ။ ဒါလည်းလွှင့်[illegible] အောင်ကို မောင်းတာပါပဲ။

❑

ပြင်ဦးလွင် ပဒေသာ[illegible] မြို့သစ်မြေကွက်တွေမှာ[illegible] တိုက်သစ်ကလေးတွေ [illegible] ပေါက်သလို အပြိုင်းအရိုင်း[illegible] ပေါ်ထွက်လာကြတယ်[illegible] မီတာတွေ၊ ကြိုးဖုန်းတွေ[illegible] ပေး၊ ကတ္တရာလမ်းတွေ[illegible] ဖောက်ပေးတော့ မြေရှင်၊ [illegible] ရှင်တွေ ပိုစိတ်ဝင်စားလာ[illegible] တာပေါ့။ အိမ်သစ်ကလေး[illegible] တွေဆိုတာ သော့ခလောက်[illegible] တွေချိတ်လို့။

ဦးကျော်သင်းခိုင်[illegible] စနစ်သမားဆိုတော့ [illegible] ကလေးရကတည်းက သား[illegible] သမီးကျောင်းစရိတ်က ပို[illegible] ငွေကလေးတွေ အိမ်ထဲ ထည့်[illegible] ထည့်လာလိုက်တာ တို[illegible] ကလေးတစ်လုံး ပြီးလုနီးပါ[illegible] ပါပြီ။ ကြိုးဖုန်းလေးပါ[illegible] ထားတော့ ဆိုင်ကယ်[illegible] ကားလေးရှိရင် မြို့သစ်ဆို[illegible] နေရတာ အလွန်စိတ်ချမ်းသာ[illegible] တာကလား။ နားအေး[illegible] အေးနဲ့။

နို့ပေမဲ့ မျှော်လင့်မထား[illegible] တာတွေက မမျှော်လင့်တဲ့[illegible] ရာတွေကနေ ထွက်ပေါ်[illegible] တတ်တာ လောကတံ[illegible] မမှတာမဟုတ်လားခင်[illegible]

ပုဂ္ဂိုလ်တစ်ဦး[illegible] သူ[illegible] စားတဲ့သစ်သီး[illegible] ဦးကျော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

သင်းခိုင်ရဲ့အိမ်ရှေ့တည့်တည့် ကိုက်သစ်ကလေးမှာ လာချုတ်ထားတာလေ။ တစ်ဆောက်တည်းပေါ့။ ဘယ်ဘယ်မလဲဗျာ သုံးဆယ်အောက် ဘယ်လျော့မလဲ။ တိုင်းရင်းသူ ကပြားရုပ်ဗျ။ သူ့အသားအရေက အထိတ်တလန့်ကြီး ကိုဖြူတာ။ အသားကလည်း ဖြူ အရပ်ကြီးက မြင့်ရတဲ့အထဲ မျက်လုံးကလည်း ခပ်ရွဲရွဲထဲကပဲ။

အဲဒီမျက်နက်ဝန်းကြီး ဆောင့် ကပ်ပြီး တစ်ချက်ဆောက်ကြည့်လိုက်ရင် ဦးကျော်သင်းခိုင်ရဲ့ မျက်လုံးတွေဟာလေ ကျည်ရဲ့တွန်းအားနောက် ရွေ့ပါသွားတဲ့သားကောင်လို အဲဒီမိန်းမနောက် ကပ်ပါသွားလေရဲ့။

ဆံပင်က ရွှေအိုရောင်ဖျော့ဖျော့ ဆံတိုမလေးပေါ့။ ဖြူဆွတ်ဝင်းဝါတဲ့အသားရေကို ပိုပြီးပေါ်လွင်စေမယ့် ဒီဇိုင်းတွေ ဝတ်ဆင်လေ့ရှိသူပါ။ လူများအလယ်မှာ ထင်းထင်းကြီးပေါ်နေအောင်လည်း ဝတ်ဆင်တတ်တဲ့ အမျိုးသမီးပါ။ ပခုံးသားရင်လည်း ပေါ်ရမယ်၊ သလုံးသားရင်လည်း ပေါ်ရမယ်ဆိုတဲ့ ဝတ်စားဆင်ယင်မှုမျိုးနဲ့ လက်ကြားမှာက စီးကရက်တစ်လိပ်ညှပ်လို့။ ဟမ်းဖုန်းကလေးက လည်မှာ ဆွဲလို့။ မိန်းမက ဆိုက်ကြီးဗျ။

ဦးကျော်သင်းခိုင်ကြီး အခက်တွေ့တော့တာပေါ့ဗျာ။ 'ဒီအသားစိုင်'တွေ သူ့ရှေ့ရောက်လာကတည်းက စာဆောင်ကောင်းကောင်း မကြည့်နိုင်တော့ပါဘူး။ ဒီလိုပုံဆိုမှဖြင့် ဘယ်ပုရိသမဆို တစ်ချက်ကလေးတော့ လှည့်ကြည့်မိကြမှာပေါ့။ ခက်တာက ဦးကျော်သင်းခိုင်က လိုက်ကြည့်နေတာ မဟုတ်ဘူးဗျ။ အကြည့်ခံရတဲ့ပစ္စည်းတွေက ရှေ့နေကြီး မျက်စိရှေ့တည့်တည့် ရောက်ရောက်နေတာ။

'ဒီအဆီတုံး'ကြီးက ဦးကျော်သင်းခိုင်အိမ်ဘက် စွတ်ခနဲ စွတ်ခနဲ ရောက်ရောက်လာတာဆိုးတာပဲ။ မြို့သစ်တည်စ အိမ်တွေဆိုတာ ဆောက်လို့သာထားကြတာ လူနေတာက ကျိုးတိုးကျဲတဲ။ ဆိတ်ကွယ်ရာ နေရာတွေပါလား ခင်ဗျာ။

ဟိုပစ္စည်းကလေးခဏငှားပါ။ ဒီကိစ္စဘယ်လိုဆောင်ရွက်ရပါ့မလဲ။ ဒီပစ္စည်းမျိုး ဘယ်မှာဝယ်လို့ရမလဲ။ မီးပျက်နေလို့ ဟမ်းဖုန်းအားမသွင်းမိလို့ ဖုန်းသုံးပါရစေ စသည်ဖြင့်ပေါ့။ တစ်ညနေ ဦးကျော်သင်းခိုင် ဖန်ခွက်ကလေးကိုင်နေတုန်း 'မမ'ဝင်ချလာပါရော။ သူ့ကိုယ်သူ တင်းနစ်အားကစားမယ်များ မှတ်နေသလားမသိဘူး။ ဆွတ်ဆွတ်ဖြူ ပါးပါးလှပ်လှပ် ဘောင်းဘီတိုကလေးနဲ့ ပခုံးမှာ ကြိုးသေးသေးကလေးချည်နှောင်ထားတဲ့ အင်္ကျီပါးကလေးဝတ်လို့။ ဦးကျော်သင်းခိုင်ဆိုတာ အကြောစိမ်းစိမ်းကလေးတွေ မြင်မိအောင်ကို မြင်လိုက်ရသေး။

လာရင်းကိစ္စကတော့ သူမ သိလိုတဲ့ဂြိုဟ်တုက လွှင့်ထုတ်တဲ့ တီဗွီလိုင်းချန်နယ်ကုတ်တစ်ခုကို လာမေးတာပါ။ ဦးကျော်သင်းခိုင် စိတ်တွေ ကသိကအောက်ဖြစ်ကုန်တာပေါ့။ အရက်သောက်တဲ့နေရာ စည်းကမ်းကြီးတဲ့လူကြီး အဲဒီညက ဝီစကီနှစ်ပက်လောက် ပိုဝင်သွားမယ်ထင်ပါရဲ့။

အဲဒီညက ရှေ့နေကြီး ဦးကျော်သင်းခိုင် ပုဒ်မ ၄၉၃ အမှုတွဲစာတွေ ပြန်ဖတ်ရတဲ့ညပေါ့။ အမှုသည်က ရှိနေမင့် ဟာကို ။ 'မည်သည့်ယောကျ်ားမဆို မိမိနှင့်တရားဝင်လက်ထပ်ခြင်းမဟုတ်သော မိန်းမကိုကာမစပ်ယှက်လျှင် ထောင်ဒဏ် ၁၀ နှစ်တို့၊ ငွေဒဏ်တို့'စသည်ပေါ့ဗျာ။

❑

သားသားလည်း တနင်္ဂနွေ ပထမတစ်ရက် အိမ်ပြန်လာရော အဲဒီ ကဝေမနဲ့ တလုံးတထွေးကြီး ဖြစ်သွားရော။

အဲဒီ မဒမ်မှာက တီနာအမျိုးအစား၊ ဝမ်းတူးဖိုက် ကလပ်ချ်ဘီးရှိတယ်လေ။ ဒီဆိုင်ကယ်က သားသားကို ဖမ်းစားညှို့ယူလိုက်တာပါ။ သားတော်မောင် ဆိုင်ကယ်သူရဲက ဆိုင်ကယ်ပေါ်မှာ တဖြဖြတက်လုပ်နေပြီ။ ဟိုမချောက နောက်ကနေဖွေ့ခနဲ ကားရေးခွဝင်ထိုင်လိုက်တာနဲ့ မောင်းထွက်သွားကြလေရဲ့။

မိုးစုပ်စုပ်ချုပ်မှ မိုးတွေ တအုန်းအုန်းထဲမှာ ပြန်လာကြလေရဲ့။ မိုးရေထဲမှာ ဆိုင်ကယ်စီးခြင်းပေါ့လေ။ ဆယ်တန်းကျောင်းသားလေး မိုးတွေမိပြီး ဖျားမှနာမှဖြင့် ခက်ရချည့် ဖခင်ဆိုတာမျိုးက အမျိုးမျိုးတွေးပူရတာပေါ့။

သားတော်မောင် ရောက်နေတဲ့ နောက်တစ်ညမှာ နှစ်ရက်သောက်ထားတဲ့ ပုလင်းက တစ်ဝက်တိတိ ကျန်ရမှာ ခုတော့ပုလင်းက ပက်ကင်ပိတ်ဖြစ်နေ။ ဘယ်နှယ့်ပါလိမ့်။ ရင်ထဲ ထိတ်ခနဲဖြစ်သွားရတယ်။ သားသားများ ခိုးသောက်ပြီး ပုလင်းသစ်ပြန်ဝယ်ထားသလားပေါ့။ ရှေးယခင်ကတော့ဖြင့် သားမှာ ဒီအကျင့်မရှိခဲ့ဘူး။ ဆေးလိပ်တောင် မသောက်တတ်သေးဘူး။

မေးကြည့်တော့မှ 'မနေ့က အန်တီသောက်ချင်တယ်ဆိုလို့ မိုးတွေကလည်း အရမ်းရွာနေလို့ အပြင်မထွက်တော့ဘဲ ဖေဖေ့ပုလင်းယူပေးလိုက်တာ။ ဖေဖေ သောက်ပြီးပြီဆိုတာလည်း သိလို့ပါ။ မနက်ကမှ အန်တီတစ်လုံးဝယ်ခဲ့တာ'တဲ့။ ကောင်းဗျား။

'သားရယ် ရင်းနှီးတာ မမြန်လွန်းဘူးလား'ဆိုတော့ 'သားက အန်တီတီနာကို အရမ်းခိုက်နေတာ ဖေဖေရ။ ကလပ်ဘီးကို အရမ်းဖြုချင်နေတာ'တဲ့။ ဖခင်မှာတော့ ဆံပင်တွေ ထောင်ထကုန်တယ်။ အရေးကြီးတဲ့ ဆယ်တန်းဖြေဆိုမယ့်နှစ်မို့ သားကို ဆိုင်ကယ်ပေါ်ကို မခွစေချင်တာပါ။ တစ်ခုခုများဖြစ်လိုက်ရင် ဖခင် ရင်ကျိုးရချည့်။

နောက်တစ်ပတ် တနင်္ဂနွေမနက်မှာတော့ သားတော်မောင်က တီနာဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ရောက်နေပြီး တဖြဲဖြဲလုပ်နေပြီ။ ဟိုလေဒီက ကွာတားဘောင်းဘီနဲ့ ဆိုင်ကယ်နောက်ကခွလို့။ ခါးကိုဖက်ထားလိုက်တာများ စေးပိုင်နေတော့တာပဲ။ ကလပ်ချိုဘီးကို ဟိုက်ဝေးဖြဲချင်လို့တဲ့။ ပြင်ဦးလွင်-နောင်ချို ၃၇ မိုင်ခရီးကို တစ်နာရီနဲ့အရောက်မောင်းဆိုပဲ။ ဖခင်မှာတော့ ပါးစပ်ဟောင်းလောင်းဖြစ်လို့။ တောင်ပေါ်လမ်းလေ သားသားရယ်၊ မလွန်လွန်းဘူးလား။

ဂုတ်တွင်းသွားကြတာလေ။ ဂုတ်ထိပ်တံတားကို သွားစောင့်ကြည့်။ လားရှိုး-မန္တလေးရထားဖြတ်အလာ ဓာတ်ပုံရိုက်၊ အိမ်ပြန်ရောက်မှ ပန်းချီဆွဲမှာဆိုကိုး။

ညနေ ခြောက်နာရီလောက်တော့ ပြန်ရောက်လာကြသား။ လက်ထဲမှာကြွပ်ကြွပ်အိတ်တွေဆွဲလို့ စားစရာဝါးစရာတွေ တစ်ပါတည်းဝယ်ခဲ့ကြဟန်တူပါရဲ့။ သားသားတို့များ သူ့အန်တီ အိမ်ထဲကကို ပြန်ထွက်မလာတော့ဘူး။ ထားတော့ ရှိစေဦးပေါ့။ ဘေးမသီရန်မခ ပြန်ရောက်ခဲ့ကြပြီပဲဟာ။

ည ဆယ်နာရီလောက်မှ ဖအေ့အိမ်ဘက်ကို ကြောင်လျှောက်သလို ကူးလာခဲ့တော့တယ်။

❏

ဖခင်မှာက အရွယ်မရောက်သေးဘဲ ခိုးရာလိုက်ပြေးကြတဲ့ ကျောင်းသားရဲ့ အမှုတွဲကို အပြီးသတ်လျှောက်လဲရမယ့် ပြင်ဆင်ချက်တွေ ရေးနေတဲ့အချိန်ကြီးမှာပါ။ ချစ်ကြပါလျက် နှစ်ဖက်မိဘများ ရန်ငြိုးရန်စကြောင့် ကျောင်းသားလေးခမျာ ရေတိမ်နစ်ရရှာတော့မယ်။ ဘယ်မှာ စိတ်ကောင်းစရာရှိလို့တုံး။ ရှေ့နေကိုယ်တိုင်လည်း ကျောင်းသားမိဘပဲ မဟုတ်လား။

သားသား ပြန်လာပြီး မကြာခင်မှာပဲ အပြင်မှာမိုးတွေ တဝေါဝေါသွန်ချနေပြီ။ နဂိုကမှ မမှန်ရတဲ့လျှပ်စစ်မီးက မိုးရွာရင် အလိုလိုပျက်ပေါ့။

မိုးကြိုးလျှပ်စီးတွေ ဝင်မှာစိုးရလို့ တီဗွီနဲ့ ဆက်စပ်တဲ့လျှပ်စစ်မီးကြိုးတွေ၊ တယ်လီဖုန်းကြိုးတွေ ဖြုတ်၊ ခလုတ်တွေပိတ်။ တံခါးတွေ အသေအချာလိုက်စစ်ဆေး သားလေး စောင်ခြုံမခြုံ၊ ခြင်ထောင်ချမချကြည့်။ နဖူးကလေးမွှေးမွှေးပေး အိပ်ရုံပဲရှိတော့တာပေါ့။

ထင်တဲ့အတိုင်းပဲ သားသားက အိပ်ရာဝင်ရင် ခြင်ထောင်ချဖို့ အင်မတန်အပျင်းထူတာ။ အင်းလေ၊ ...

အကျိုးပေးပဲပေါ့။ သူ့အ...

တွေက သိပ်နေကျဟာ...

အိပ်နေလိုက်တာများ ...

ကြိုးပြတ်ခွေခေါက်လို့။ ...

ကယ်ကို အရှိန်နဲ့ ခရီး...

မောင်းလာရလို့ မောရှာ...

ပါရဲ့။

သူ့မေမေရုပ်သွင်နဲ့ ...

ဆင်တူတဲ့ သားသားရဲ့ ...

လေးကို မွှေးမွှေးပေးလို...

တယ်။ အလို စီးကရက်...

သားငယ်လေး ဆေးလိ...

သောက်တတ်ပြီလား။ ...

ဖြစ်သူရင်ထဲ ထိတ်ခနဲ...

သွားရတယ်။ ပါးစပ်ကို ...

ကြည့်လိုက်တယ်။ ပါးစပ်...

စီးကရက်နံ့ မရဘူး။ ချို...

သင်းသင်းပျံ့ပျံ့ ရနံ့တစ်...

ရနေတယ်။

မိုးကြိုးတစ်ချက် ...

သံကြားရတယ်။ ■

ကျော်မိုး...




မုံရွာ

ဆရာမိုး

အမှတ်တံဆိပ်

အမောလုံ နှလုံးအားဆေး

စားဝင်အိပ်ပျော် မူးမောကင်းဝေး

မုံရွာ ဆရာမိုး အမောလုံ နှလုံးအားဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 0107

www.burmeseclassic.com

'ပုထုဇ္ဇနော…ဥမ္မတ္တကောတဲ့၊
လူတွေက အရူးတွေချည်းပါပဲဗျာ။
ကျုပ်ပြောတာ မဟုတ်ဘူးနော်။
အဲဒါ ဘုရားဟောစစ်စစ်'

'….'

'ဟုတ်တယ်…
ဒီလူပြောတာမှန်တယ်၊ လူတွေက
အရူးတွေ…အရူးတွေ'

'….'

'အာကွာ… ဒီအရူးကတစ်မျိုး၊
အသာနေစမ်းပါကွာ'

❑

မှန်တာတွေ ပြောလွန်းလို့
ရှာပြင်ထုတ်ထားတာ မဟုတ်ဘူး။
မှန်တာတွေ ပြောချင်လွန်းလို့
တမင်သက်သက်
ရှာပြင် ထွက်နေတာဆိုတာမျိုး…။
ကိုဘတူမှာ သားရှိတယ်၊ မယားရှိတယ်။
လယ်ရှိတယ်၊ ယာရှိတယ်။ လှည်းရှိတယ်၊
နွားရှိတယ်။ အိုးပိုင်အိမ်ပိုင်နဲ့
တစ်ခေတ်တစ်ခါကို တည်ထောင်ခဲ့ဖူးသူ
တစ်ယောက်။ ဒီလောက်ထိ ဖောက်သွားရတဲ့
အကြောင်းကျတော့ သူကိုယ်တိုင်ပါပဲတဲ့။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'သားကျွေးမှု၊ မယားကျွေးမှုက တန်ရုံလောက်ပဲကောင်းတယ်။ အခြေနဲ့အနေနဲ့အထိုင်ချပေးပြီးရင် ငါလည်း ငါယုံကြည်ရာလုပ်မှာပဲ။ နင်တို့ကိုယ် နင်တို့ ခံရတယ် သဘောထားရင် ဝဋ်ကြွေးပါလို့သာမှတ်လိုက်'

ဘာပြောစရာလိုမလဲ။ အခုမှ ထထူတဲ့ အိမ်ထောင်သစ်မှ မဟုတ်တာ။ လူပျိုပေါက်သားတစ်ယောက်တောင် လူလားမြောက်နေပြီဆိုမှတော့၊ ကိုဘတူ မိန်းမလည်း သွေးဆုံးခါနီးသက်တမ်းကို လိုလည်း နည်းနည်းပေါ့။

'တော် စိတ်ချမ်းသာသလိုနေပါ။ ကျုပ်တို့သားအမိက လုပ်ကိုင်စားစရာလိုတာမှ မဟုတ်တာ၊ ငရဲမကြီးရင် ပြီးတာပါပဲ'

'ငါက အလကားနေရင်း ငရဲရအောင်တော့ လုပ်မလားဟ။ အေး တစ်ခုတော့ ရှိတယ်၊ ငါ့ကိုတော့ ငရဲလာမပေးကြနဲ့'

ဘုန်းကြီး မဝတ်ဘူး၊ တော မထွက်ဘူး။ ယောဂီအညိုတွေ၊ အထက်အောက်အဖြူတွေမဆင်မြန်းဘဲ ဒေဗေးအင်းကြီးရဲ့တစ်ဖက်ကမ်းမှာ ရှိတဲ့ ကုန်းကမူစေတီကလေး တစ်ဆူရှိရာကို အသိုက်ပြောင်းသွားတာ။

❑

လူက လူမှုဝန်းကျင်နဲ့ ကင်းလွတ်သွားရင် တဖြည်းဖြည်း လူနဲ့ မတူတော့ဘူး။ အဲဒီလိုပဲ လူတွေနဲ့ ဆက်ဆံရေးမှာလည်း ကသိကအောက်ဖြစ်စရာတွေ ကြုံရရော။ အခု ကိုဘတူ ဖြစ်နေတယ်ဆိုတာလည်း အဲဒါပဲ။ နေရာတကာ

သားကျွေးမှု
မယားကျွေးမှုက
တန်ရုံလောက်ပဲ
ကောင်းတယ်
အခြေနဲ့
အနေနဲ့
အထိုင်ချပေးပြီးရင်
ငါလည်း
ငါယုံကြည်ရာ
လုပ်မှာပဲ
နင်တို့ကိုယ်
နင်တို့
ခံရတယ်
သဘောထားရင်
ဝဋ်ကြွေးပါလို့သာ
မှတ်လိုက်

သိလွန်းပြန်ရင်လည်း မကောင်းဘူးလို့ဆိုကြပြန်တယ်။ ဒီကြားထဲမှာမှ အနာပေါ် တုတ်ကျသူများ မနှစ်သက်တဲ့အရာတွေကိုမှ ရွေးသိနေတယ်ဆိုတဲ့အခါကျတော့…။

ကိုဘတူမှာ အဲဒါအပြင် ဘာအဆစ်တိုးနေသလဲဆိုတော့ သူသိထားတာကိုအောင့်အည်းမထားနိုင်ဘဲ ချက်ကျလက်ကျ ထုတ်ပစ်တတ်တဲ့ဉာဉ်။

ပြောလိုက်မယ်…ဟောဟော…ဒိုင်းဒိုင်း၊ မခံနိုင်ရင်…လဲသေလိုက်…။

'ဘကြီး တင်အောင်နဲ့ သူ့မိန်းမက လင်မယား တော်ရုံတင် မဟုတ်ဘူး။ နောက်တစ်မျိုးတော်သေးတယ်ကွ'

'ဦးလေးဘတူက လည်း မဟုတ်မဟတ် ပြောရော့မယ်။ လင်မယားက လင်မယားပေါ့ဗျ။ ဘာတော်ရဦးမှာလဲ'

နောင်လာနောင်သားတွေကဒီလို ပြောတယ်။ တခြားမဟုတ်ပါဘူး။ ဘကြီးတင်အောင်က ရွာမှာ ပရိတ်အသင်းဖွဲ့မယ်ဆိုပြီး ကမကထလုပ်တော့ ကိုဘတူမိန်းမကိုပါ အဖွဲ့ဝင်အဖြစ်ဆွဲသွင်းတယ်။ ဒါကို ကိုဘတူက သူ့မိန်းမကို မထည့်ရကောင်းလားဆိုပြီး ဘကြီးတင်အောင်တို့ဘက်က စကားသံတွေ ထွက်လာလို့…။

'ဩော် မင်းတို့ကလည်း မယုံရင် ရှေးမီနောက်မီတွေကို မေးကြည့်၊ မင်းတို့ဘကြီး ဦးတင်အောင်က သူ့တူမ ပြန်ယူထားတာ။ သူတို့လင်မယားက လင်မယားတော်သလို တူအရီးလည်း တော်သကွ…အဟေး…ဟေး'

လူတိုင်းမှာ သူ့ရာဇဝင်နဲ့သူ ရှိပါလိမ့်မယ်။ တချို့လည်း ခရေပွင့် အမှတ်အသားပါသလို တချို့လည်း မင်နီကြက်ခြေခတ်တွေနဲ့၊ ဒါတွေဟာ အသစ် ပြန်စလို့မရတော့တဲ့ နောင်တတရားတွေပါ။

အဲဒါမျိုးမှ ရွေးထုတ်ပြီး သိသာမြင်သာ ခင်းပြလိုက်တဲ့အခါကျတော့…။

'ကိုရာကျော်တို့ လှူတယ်ဆိုတာကွာ… အကုန်အစင် သန့်ရှင်းတာမှတ်လို့၊ သူတို့ အထွက်ကောင်းတယ်ဆိုတဲ့ လယ်တွေက ချစ်တီးတွေ ကုလားပြည် ပြန်ပြေးတော့ ရာကျော့် အမေကြီး ရလိုက်တဲ့ဟာတွေပါ။ ငါ

လယ်နဲ့ ကန်သင်းတင်လ[illegible]
ဆို အဲဒါ ကိုဖိုးခွေးတို့လ[illegible]
ကကြီး ပုတ်လောက် [illegible]
တောင် ဗျိုင်းပျံနေသ[illegible]
မေးမယ့် ဖိုးခွေးကို နှပ်ပ[illegible]
သွားတာ၊ ဖိုးခွေးဆို အဲဒီ[illegible]
သေရတာ'

အဲဒီတော့ ဟိုတစ်[illegible]
မှာ ရေစက်ပဲချရမလို၊ အ[illegible]
ပြန်ဝေပေးပြီး သာဓုဖဲ [illegible]
တော့မလိုလို့နဲ့ ကိုဘတူ[illegible]
မျက်စောင်းတခဲခဲလုပ်[illegible]
တာ။ တစ်ရွာလုံးရဲ့ န[illegible]
တွေက တစ်စထက် တ[illegible]
သိပ်သည်းလာတယ်။ ကို[illegible]
တူကတော့ တစ်ပြားသ[illegible]
မလျှော့။ ဘုရားရှိခိုး[illegible]
ခုနစ်အိမ်ကြား ရှစ်အိမ်[illegible]
အော်ဟစ်တတ်တဲ့ ကြေး[illegible]
တနောင်နောင် ကိုဘမော[illegible]
လည်း နှိပ်ထည့်လိုက်[illegible]
တယ်။အမြင်ကတ်လို့တဲ့[illegible]

'ကိုဘမောင်ကြီး ဘ[illegible]
လဲဗျ'

'ဟကောင် ဘ[illegible]
ဒီနေ့ ဥပုသ်နေ့လေ၊ [illegible]
မှန်း ဥပုသ်မှန်းတောင် [illegible]
တော့ဘူးလား။ သီ[illegible]
သီလ ဆောက်တည်ရမှာ[illegible]
ကွ။ သူများ အပြစ်[illegible]
အဆာတွေချည်းပဲ [illegible]
မြင်နေလို့ ဘယ်ဖြစ်ပါ့[illegible]
ကိုယ့်ခန္ဓာလည်း ကိုယ်[illegible]
ကွ'

တကယ်တော့ ဦး[illegible]
မောင်ကလည်း ကြုံ[illegible]
ကိုဘတူကို သာသာနဲ့ [illegible]
လေး ခွပ်ထည့်လိုက်တာ [illegible]
ပါတယ်။ ကိုဘတူရဲ့ [illegible]
ရည်ရွယ်ချက်က မေးရိုး [illegible]
စဉ် နှုတ်ဆက်တဲ့သဘော[illegible]
ဒါပေမဲ့ တစ်ဖက်[illegible]
က အမွှန်ကို ထည့်တည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘာမှန်တဲ့အခါကျတော့ မူလဒီဇက ထောင်းခနဲ ငေါထွက်လာတယ်။

'သီလ သွားယူမှာပေါ့'

'ဒါပေါ့ကွ'

'သီလ သွားယူရတယ်ဆိုတော့ ခင်ဗျားမှာ သီလ မရှိလို့လား'

ဝိပဿနာတွေ၊ ကမ္မဋ္ဌာန်းတွေ၊ ပညတ်တွေ၊ ပရမတ်တွေ ဆွေးနွေးတဲ့ထိ အောင် မရောက်လိုက်ပါဘူး။ ခေါ်ပုတီး ပတ်ထားတဲ့ လက်နဲ့ ထိုးမယ်၊ ကြိတ်မယ်ဖြစ်ပြီး သီလယူမယ့်ပါးစပ်ကလည်း အယုတ္တ၊ အနတ္တတွေ ထွက်လိုက်တာမှ တကယ့်ကို ပျစ်ပျစ်နှစ်နှစ်တွေချည်းပဲ။

အဲဒီကျတော့လည်း ကိုဘတူဆိုတဲ့လူက ဟားတိုက်ရယ်နေပြန်ရော၊ ဘယ်လိုလူလည်း မသိဘူး။

❑

ကိုဘတူ စတည်းချနေတဲ့ ဒေဖေးဘုရားကုန်းပေါ်မှာ ဆက်ရှိလူသားရယ်လို့ အရှေ့အတွက်က လက်ငါးချောင်းစာတောင် မပြည့်ရှာဘူး။ ကိုဘတူရှိမယ်၊ ဦးဇင်းတစ်ပါးနဲ့ ကိုရင်ကြီးတစ်ပါး ရှိမယ်၊ နောက် အရှုးစိန်သောင်းရှိမယ်။ ဒါပဲ။

ကိုဘတူ တစ်ယောက်အလွဲပြီး ကျန်တာတွေက ကျောင်းအိပ်ကျောင်းစား ပုံစံမျိုး၊ ကိုဘတူကတော့ မနက်မိုးလင်းတာနဲ့ ရောက်လာပြီး၊ ညဘက်ကျတော့လည်း ဘုရားဝတ်တက်ပြီးမှ ပြန်တယ်။ ရောက်စတုန်းကတော့ နေ့လယ်စာကို အိမ်ပြန်စားပေမဲ့ အထိုင်ကျလာတော့ ဦးဇင်းကြီးက ကျွေးတယ်။

အရူးစိန်သောင်းရယ်၊ ကိုဘတူရယ်၊ ကျောင်းမှာ မွေးထားတဲ့ခွေး သုံး၊ လေးကောင်ရယ် အတူတူပေါ့။ ပညတ်သွားရာ အလေ့အကျင့်ပါပြီး ကိုဘတူတစ်ယောက် ညစာ မစားတာတောင် နှစ်ပေါက်နေပြီ။

အရာရာက သူ့ရာဇဝင်နဲ့ သူပါလို့ ပြောခဲ့ပါပကော။

ကိုဘတူလာပြီး အနည်ထိုင်နေတဲ့ ဒေဖေးအင်းကြီးကလည်း တစ်ခေတ်တစ်ခါက ရွှေထီးဆောင်းခဲ့တာကို လက်မထောင်ချင်နေမှာပေါ့။ ရှာနီးချုပ်စပ် ပရိဂ္ဂဏ်ကို မြေပုံပေါ်ဆွဲတင်ရမယ်ဆိုရင် အဲဒီနေရာက တိုင်းရောဝတီထဲမှာ ပါတယ်။ သူလည်း နာမည်တစ်လုံးနဲ့ အင်းပါပဲ။ ဒေဖေးသိုက်သမိုင်းရယ်လို့ ဖလင်ကော်ပြားပေါ်ထိအောင် တောက်စားခဲ့တာပေါ့။ ကောတဲ့နေရာတွေ ကောသွားပေမဲ့ သူ့ပြယုဂ်က နဂိုရည်မပျက်သေးဘဲ လယ်ကွက်သုံးလေးဆယ်စာလောက် အကျယ်အဝန်းရှိသေးတယ်။ နက်တဲ့နေရာတွေက ဘာမှအသုံးမဝင်ပေမဲ့ နုတ်ခမ်းသားစွန်းတွေမှာတော့ မုရင်းစပါးစိုက်ကြလို့။ အင်းရဲ့ဒီဘက်အစပ်က အုတ်ရစ်ကုန်း၊ မုရင်းကုန်း၊ ကြပ်ခေါင်းရွာက တစ်ဆက်တည်းရွာတန်းရှည်။ ဟိုဘက် အစပ်မှာတော့ ကုန်းကမူနဲ့ စေတီတစ်ဆူရှိတယ်။ စေတီရဲ့ ဘုဏ်တော်က ဒီလောက်မြင့်မားပြီး၊ ဒီလောက်ကြီးလည်း မခမ်းနားလှပါဘူး။ ရွာဘုရားပဲ ပြောပါတော့။ အဲဆန်းတာလေး နည်းနည်းတော့ရှိတယ် ဆိုရမလားပဲ။

တခြား ဘုရားတွေလို မုခ်ဝမှာ ခြင်္သေ့နှစ်ကောင် ဆောင့်ကြောင့်ထိုင်နေတာမျိုး မဟုတ်ဘဲ ဘုရားရင်ပြင်ပေါ်မှာ အင်္ဂတေနဲ့ လုပ်ထားတဲ့ အရုပ်နှစ်ရုပ်ရှိတယ်။ တစ်ရုပ်က စမုတ်ခွက်ရွက်ထားတဲ့ မယ်ကဝဏ်ဘီလူးမရုပ်ဖြစ်ပြီး ကျန်တစ်ရုပ်ကတော့ ဆေးဆရာ ဇီဝက ဆေးပေးနေတဲ့ရုပ်တု…။

ဘာဆိုင်သလဲတော့ မသိဘူး။

ရွာသားတွေကတော့ အလေ့ကျပေါက်နေတဲ့ ထန်းပင်နှစ်ပင်ကိုတောင် ထန်းညီနောင်ဆိုပြီး…။

ကိုဘတူဆိုတာက လည်း ပါမောက္ခသာမဖြစ်တယ်၊ ရာဇဝင်လေ့လာတဲ့ နေရာမှာတော့ တကယ့်ကို ဖွဲ့နပဲသန်တဲ့ လူ၊ ဒေဖေးအတ္ထုပ္ပတ္တိကို အူမချေးခါးသိခဲ့သူပေါ့…။

'ဟုတ်လေသလား၊ ဘာလားတော့ မပြောတတ်ပါဘူး။ ဘုရားပွဲဆိုရင်တော့ ဇာတ်အစုံ ကြည့်ရတယ်။ စိန်အောင်မင်းလည်း ကြည့်ရတယ်။ ရွှေမန်းတင်မောင်လည်း မြင်ဖူးလိုက်တယ်။ ရွာထဲကဟာမတွေဆို တကယ့်ကကြဲသဲသဲတွေ၊ မင်းသားသောက်ဖို့ ပြောင်းဖူးဖက်လိပ်ထဲမှာ ရွှေဒင်္ဂါး ထည့်ပေးတဲ့ လူတောင်ရှိသေး၊ ရှုးကြတာ ပြောပါတယ်။ အောင်မောင်းခြေထိုးဆိုတာ တကယ့်စိန်အစစ်ကို ဖိနပ်ဦးမှာ မြှုပ်ထားတယ်လို့တောင် ပြောကြတဲ့ ဥစ္စာ၊ ဟုတ်လေသလားမသိပါဘူး။ အောက်လင်းဓာတ်မီးရောင်မှာတော့ လက်ခနဲ…လက်ခနဲပဲ'

ဟုတ်ပါတယ်။ အဲဒီတုန်းက ဟုန်းဟုန်းတောက်ခဲ့တဲ့ ဒေဖေးအင်းစပ်က ဘုရားလေးမှာ အခုတော့ ကျီးနဲ့ ဖုတ်ဖုတ်၊ လပြည့်လကွယ် ဥပုသ်သီလစောင့်တဲ့ ရှေးရှိးကြီး သုံး၊ လေးယောက်ကလွဲပြီး ဆွေပြတ်၊ မျိုးပြတ်ဖြစ်သွားလိုက်တာ အခုမှ ကိုဘတူ တိုးလာလို့ အရူးစိန်သောင်းနဲ့ ပေါင်းမှ နှစ်ယောက်။

ဒါကိုပဲ ကိုဘတူ ပျော်ပါတယ်။ တံမြက်လှည်းမယ်။ ရေလဲမယ်။ အမှိုက်ရှင်းမယ်။ စိတ်ကိုလည်း သန့်ရှင်းအောင် ထောင့်တစ်နေရာမှာ အေးအေးလူလူထိုင်ပြီး…။ ရွာထဲက လူတွေနဲ့ဆက်နေရင်သတ်ပွဲပဲဖြစ်မလား၊ ကိုယ်ဦးကပဲ သူတို့ ရေစီးကြောင်းထဲ ကန့်လန့်မျောပါသွားမလား၊ မပြောတတ်ဘူး။

❑

အပြောင်းအလဲ ရှိမှ လောကကြီးက သာယာနှာပျော်ဖွယ်ကောင်းမယ်။ သက်ဆိုးရှည်မယ်ဆိုတာ ဟုတ်ပါသလား။

ဒီစကားကြားလို့လား မသိဘူး၊ ရွာကလေးကတော့ အရေခွံသစ် လဲလိုက်ပြီ။

ထော်လာဂျီသံတွေ တဖုန်းဖုန်း၊ လူတွေက တရုန်းရုန်း၊ ပိုက်ဆံတွေဆိုတာလည်း ပလူပျံနေတာပဲ။ ဘယ်မှာလဲဆိုတော့ နောက် ကိုဘတူ ငြိမ်းချမ်းနေတဲ့ ဒေဖေးကမူလေးပေါ်မှာ။ အနယ်နယ်၊ အရပ်ရပ်က ပြုံဆင်းလာကြတဲ့လူတွေ ရေကာတာ ကျိုးကျတဲ့ ရေတွေလို အလုံးအရင်း



www.burmeseclassic.com

www.burmeseclassic.com

နဲ့ နီးရာမြို့ကို ရထားနဲ့ လာကြတယ်။ မြို့ကနေ ကိုဘတူတို့ ရွာကို ထော်လာဂျီနဲ့လာကြ၊ လှည်းနဲ့လာကြ၊ ဆိုက်ကားနဲ့ လာကြ။ ရွာကနေ ဒေဗေးအင်းကို လှေနဲ့ ဖြတ်ကူးကြပြီး ဘုရားကုန်းတော် ကျဉ်းကျဉ်းကလေးမှာ ခြေချစရာ နေရာမကျန်။

တစ်ဆင့်စကား တစ်ဆင့်နား၊ ပန်းသတင်း လေညင်းဆောင်။

ဟိုးကမ္ဘေ့ကမ္ဘာက တည်းက မတ်တတ်မေ့နေတဲ့ ဇီဝကရုပ်တုကြီးက ဆေးတော်ရည် စိမ့်ထွက်နေတယ် ဆိုတဲ့သတင်း။

'အလကား မဟုတ်တမ်းတရမ်းတွေကွာ၊ အင်္ဂတေနဲ့ လုပ်ထားတဲ့ အရုပ်က ဆေးရည်ထွက်ကျရတယ်… လို့'

ဒီတစ်ခါတော့ ကိုဘတူ့စကား တိုးမပေါက်တော့ပါဘူး။ ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြစ်နေတဲ့ ရွာကလေးက ကမ္ဘာ့ဖလား ကျင်းပခွင့်ရတဲ့ အိမ်ရှင်နိုင်ငံလို။ ဝင်လာတဲ့ ဧည့်ပရိသတ်ဆိုတာ စစ်ပြေးမီးရထားကြီးတွေ တစ်စီးပြီး တစ်စီး ထိုးဆိုက်လာသလို မျိုး လူတွေအပြည့်အမောက်နဲ့၊ မတူတာကတော့ လူတိုင်းလက်ဖျားမှာ ငွေစက္ကူတွေ ဖွားဖွား လွှင့်လွှင့်။

အနီးစပ်ဆုံးဖြစ်တဲ့ ကိုဘတူတို့ရွာကလေးမှာ ဘယ်အိမ်ကြည့်ကြည့် တည်းခိုသူအပြည့်၊ ဘယ်လောက်ဈေးခေါ်ခေါ် မငြင်းကြဘူး။ အိမ်ရှင်မတွေလည်း ဈေးသည်လုံးလုံး ဖြစ်သွားကြပြီ။ တန်တယ်၊ မတန်တယ်ရယ် မဟုတ်တော့ဘူး။ ငါးကျပ်တန်ကို တစ်ဆယ်ရောင်းလည်း ရှိမှမရှိတာ ဝယ်ရတာပေါ့။ အိမ်ထောင်ဦးစီးယောကျ်ားတွေလည်း ထော်လာဂျီမောင်းတဲ့သူနဲ့၊ လှည်းအငှားလိုက်သူနဲ့၊ လှေထိုးသမားလုပ်တဲ့သူနဲ့ အရာရာက လက်ဖျားငွေသီးနေကြတယ်။

မတော်တဆ တခေါက် ကလေးငယ်တွေတောင် ဆေးတော်ရည်ပွားပြီး ရောင်းတာနဲ့ တင် ပိုက်ဆံအထပ်လိုက် ကိုင်ပြီး သုံးနိုင်တဲ့အခါကျတော့…၊ ဆေးတော်ရည် တစ်စက်က ဘိန်းဖြူထက် ရှားစာပါးစာဖြစ်သွားသလား မသိတော့ပါဘူး။

❑

တစ်ရွာလုံးက ရှင်အနွဂေါဏ မတဲ့ကိန်း ဆိုက်ပြီဟဲ့ ဆိုပြီး ရှုပ်းထိုးနေကြတဲ့ အချိန်မှာ မျက်နှာမရ၊ ခြေထောက်ရဖြစ်ခဲ့ရတာ ကိုဘတူပဲ။လူဆိုတာ ကိုယ့်စကားအောင်မှ နေသာထိုင်သာရှိမှာ မဟုတ်လား။ အခုကိစ္စမှာတော့ မဟုတ်နိုင်ပါဘူး ဘယ်လောက်ပြောပြော တစ်ရွာလုံးက ဂရုမစိုက်၊ ကိုဘတူဘက်မှာကလည်း အလီဘိုင်ပြစရာ ခြေခြေမြစ်မြစ် ဘာမှမရှိ။ တစ်ရွာလုံးက မိုးရွာတုန်း ရေခံဖို့အတွက် ခြေတံလက်တံတွေကို အစွမ်းကုန် ဆန့်တန်းထားကြတယ်။

နေကြပါဦး၊ ကိုဘတူ ပြောဦးမယ်ဆိုတာတောင် မရဘူး။

ဒီဇီဝကရုပ်တုကြီးက ကိုဘတူတို့ မတိုင်ခင် ရှေးပဝေသဏီကတည်းက ရှိနေတာ၊ ပြီးတော့ တစ်ခုတည်းရှိတာမဟုတ်ဘူး။ စမုတ်ခွက်ရွက်ထားတဲ့ မယ်ကုဝဏ်ဘီလူးမကြီးနဲ့ အတူရှိနေတာ၊ ဒီဆေးဆရာရုပ်တစ်ခုတည်း ကကွက်ပြီး ဆေးရည်စိမ့်ထွက်ရတယ်လို့။

မယုံဘူး။

ကိုဘတူကတော့ တစ်သက်လုံး မယုံဘူး။

ပြောကြကြေးဆို တစ်ရွာလုံးထက် ဒီဇီဝကရုပ်တုကြီးနဲ့ အထိအတွေ့ပိုများတာ ကိုဘတူ၊ ညအတူ မအိပ်တာကလွဲပြီးတော့ပေါ့။ လပြည့်လကွယ် သီလလာယူတဲ့ တစ်ယောက်နှစ်ယောက်ကလည်း မျက်စောင်းတောင် လှည့်ထိုးကြတာ မဟုတ်ဘူး။ ဒါကို ကိုဘတူ မသိလိုက်ရဘဲ အလိုလို ဆေးရည်စိမ့်ထွက်လာရတယ်ဆိုတာ မဆန်းပေဘူးလား။

ပြီးတော့ ဘယ်သူစလိုက်တဲ့ ဆေးညွှန်းလဲ၊ ကိုးဆယ့်ခြောက်ပါး အကုန်ပျောက်တယ်ဆိုတာ။

တောက်စားခါစမှာ ကိုဘတူလည်း သေသေချာချာ သွားကြည့်ပါသေးတယ်။ သက္ကရာဇ်တောင်ပုံရာပုံ ဖြစ်နေတဲ့ ဆေးဆရာ ဇီဝကရုပ်တုက အင်္ဂတေနဲ့ လုပ်ထားတဲ့ ရှေးလက်ရာပါ။ ဒီလက်ရာကို လာကြည့်ကြတယ်ဆိုရင်တောင် လက်ခံပေးလို့ ရသေးတယ်။ အခုတော့ ရှေ့ကုန်းနေတဲ့ လက်ညှိုးနဲ့ လက်မကြားဆေးလုံးလေးကကျတဲ့ အရည်ကိုများ မက်မက်စက်စက်။

နှာစေးချောင်းဆိုးပျောက်တယ်၊ ဖျားနာတာပျောက်တယ်၊ ခါးနာတာ… ပျောက်တယ်၊ ဒူလာ၊ မီးယပ်… သွေးဆုံး၊ လေးဖက်… အကုန်ပျောက်တယ်။ မူးတာ… မေ့တာပျောက်တယ်။ ပူးတာခွာတာပျောက်တယ်။ ကုန်ကုန်ပြောရရင် လေဖြတ်… ထားတဲ့လူတောင် ဆေးတော်… ရည်သပ်ချုံနဲ့ တောက်တောက်… တောက်တောက်လမ်းလျှောက်… နိုင်တယ်ဆိုပဲ။ အမြစ်တွယ်… ပြီး မတ်ကင်မနိုင်တော့… ကင်ဆာလိုဟာမျိုးကို အမြစ်… ပြတ်ဆိုတဲ့အခါကျတော့…

'မဟုတ်ဘူး…မဟုတ်… ဘူး…လုံးဝမဟုတ်ဘူးကွ…'

ကိုဘတူ ကုန်းအော်… လိုက်တယ်။

❑

ဒါနဲ့ပတ်သက်ပြီး ဇီဝ… ကဆေးတော်ရည်ပွဲမှာ … ကထလုပ်တဲ့ လူကြီးသူမ… က ကိုဘတူကိုခေါ်ပြီး တိုး… ကျိတ်ကလေး သတိပေး… တယ်၊ အမှန်တော့ တား… တာပါ။

'ဟေ့ကောင် ဘတူ… သူများတွေ ယုံကြည်… လုပ်နေတာကို တောင်ပြော… မြောက်ပြောနဲ့ ကဖျက်… ဖျက် မလုပ်ရဘူးကွ။ အ… ကြည့်စမ်း တို့ရွာက… ဘယ်လောက် စည်ပင်ဝ… နေလဲ။ ရွာသားတွေဆိုလည်း… ရပေါက်ရလမ်းကိုယ်စီ… မင်းမယူချင်နေ ဖျက်… မလုပ်နဲ့။ ကိုယ့်ရွာဘု… လည်း တန်ခိုးအာနုဘော်… ဘယ်လောက် ထွန်းတော… လာလဲ။ မင်း အေးအေး… ဆေးနေ'

မိရွယ်ဖရွယ်တွေ… ကိုဘတူ နင်ပဲ… မပြော…

www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ လတ်တလော အနေ အထားအထိကလည်း ပြော ချင်နေတာသာရှိပြီး အဖြစ် အပျက်ကို ခရေစေ့တွင်းကျ စတ်စုံ မခင်းနိုင်။ ဒီတော့ ကိုဘတူခမျာ ကိုယ့်ဒေါသ ကိုယ် ကြိတ်မှိတ်မျိုချရင်း သူခေါင်းသူ လက်သီးဆုပ်နဲ့ တွင်တွင်ထုနေတော့တယ်။

'ဒီဦးနှောက်ကွာ…ဒီ လောက်တောင် ဉာဏ်နည်း ရသလား၊ ဒီအဖြေကလေး လောက်ကိုတောင် ပေါ် အောင်၊ ရှင်းအောင် မတွေး နိုင်ဘူးရယ်လို့'

'ကိုဘတူရယ် ရှင့်မလဲ တစ်ဒုက္ခ၊ သူများအပူကို ဘူးယူရတယ်လို့ ရှာရှာဖွေ ဖွေ၊ အေးအေးဆေးဆေး မနေ နိုင်ဘူး။ ကိုယ်မယုံကြည် သည်း မလုပ်နဲ့ပေါ့။ အခု အာက ပြောရင်းပြောရင်းနဲ့ ဘုရားပါ ထိခိုက်တော့မယ်။ ဆော့ကို ပြောခဲ့ဖူးတယ်နော်၊ ငရဲမကြီးပါစေနဲ့လို့'

အိမ်ထောင်တစ်သက် ဆုံး နားလည်ပေးခဲ့တဲ့ ဇနီး သောကတောင် ဝေဝေဝါး ဝါးစကားတွေ ပြောလာတဲ့ အခါကျတော့ ကိုဘတူကိုယ် နှိုက ကိုယ့်လူသူ့ဘက်သား ကျို့ဆင်ရပြီ။

'အေး အမှန်ဆိုတာ ဘယ်တော့မှ ကွယ်ဝှက်မနေ ဘူး။ တစ်ချိန်တော့ ရှေ့ ထွက်လာမှာပဲ၊ ဒီနေ့ ဒီအချိန် ကစပြီး ဒီကိစ္စကို ဘတူ အလုပ်လို့ နှလုံးသွင်းလိုက်ပြီ။ အမှန်ကို မရ၊ ရအောင် ဖော် ပြမယ်'

ကြုံးဝါးပစ်ခဲ့တယ်။

ရွာက လူတွေကိုလည်း အကောင်းမမြင်တော့ဘူး။

မဟုတ်တာကို အတင်း အဟုတ်လုပ်ပြီး ရသမျှ အခွင့် အရေးကို ကျုံးသွတ်နေကြတဲ့ ဟာတွေ၊ ရောက်လာကြတဲ့ ပမာဏကြားမှာလည်း အမှန် ကို ဆင်ခြင်မိတဲ့သူ တစ် ယောက်မှ မပါကြဘူးလား။ မီးများ မီးနိုင်၊ ရေများ ရေနိုင် ဓလေ့ကို ကိုယ်ဖော့ပြီး အ လိုက်သင့် မေးတင်ထားတဲ့ လောကကြီး။ အဲဒီ ရေစီး ကြောင်းကို အမိုက်ခံပြီး ပြောင်းပစ်မယ့်လူက လောက ကြီးမှာ ဘတူတစ်ယောက်ပဲ ရှိသလား။

အဲဒီတော့ ရွာသားတွေ မျက်နှာလည်း မကြည့်ချင်၊ လာသမျှ ဧည့်ပရိသတ်ကို လည်း မမြင်ချင်။

ဒါနဲ့ အပေါင်းအသင်း ရှိရာ ရွာတစ်ရွာကို ထွက်ခဲ့ တယ်၊ ဘယ်သူ့မှ အသိမပေး ဘဲနဲ့ အဲဒီအပေါင်းအသင်းဆီ မှာ ဒီပွဲလမ်းကြီး မပြီးသေး သရွေ့၊ သေချာတဲ့ အဖြေရှာ မတွေ့သရွေ့ ဦးနှောက်ကို အလုပ်ပေးထားရမယ်။ အနီး ကပ်ပြီး ဟုန်နေတာမျိုးဆိုရင် အဝေးက ဖြန့်ကြည့်မယ်။ အမှန်တရားက လောကကြီး ရဲ့ တစ်ထောင့်တစ်နေရာမှာ ရှိကိုရှိနေရမယ်။

❑

ကံအကြောင်းတရား များ မတိုက်ဆိုင်ချင်တော့ တစ်ဖက်ရွာက သူငယ်ချင်း အိမ်ကလည်း သော့တန်းလန်း နဲ့၊ မေးစမ်းကြည့်တော့ ကိုဘတူတို့ရွာက ဆေးတော် ရည်ပွဲကြီးကို သွားကြတယ် တဲ့။ ငါကွာ…တောက်၊ ဒေါသဖြစ်ဖို့ ကောင်းလိုက် တာ။ ရှောင်ပါတယ်ဆိုမှ ခို စရာနေရာက ကျပ်တည်းနေ ရတယ်လို့။ ဘေးအိမ်က လည်း လင်မယားချင်း က တောက်ကဆတ်ဖြစ်ပြီး ရောက် လာတယ်အမှတ်နဲ့ ပြေရာပြေ ကြောင်းဖြစ်ဖို့ တစ်ညတာ ဖမ်းထိန်းထားလိုက်တယ်။ ဝဋ်ကြွေးက ဒီအတိုင်းပါလာ ခဲ့ဟန်တူပါရဲ့။

မိုးလင်းလို့ နေထွက်ပြီး အဲဒီနေလုံး ခေါင်းပေါ် တည့် တည့်ရောက်တဲ့ထိ သူငယ် ချင်းက ပေါ်မလာဘူး။ အဆင်မပြေတာတွေများပြီး အခြားတစ်ပါးလည်း ဒုက္ခမ ပေးချင်တာနဲ့ ကိုယ့်ရွာကိုယ် ပြန်လာခဲ့တယ်။

မျက်နှာထိမျက်နှာ ထားတွေက ကိုဘတူကို ဟုန်း ခနဲလာဟပ်တယ်။ အခြေ အနေကလည်း အနည်းငယ် ရုတ်ရုတ်သဲသဲ ဖြစ်နေကြ သလားလို့၊ ဘာနဲ့များပတ် သက်နေသလဲဆိုတဲ့ အဖြေ ကျတော့ ကိုဘတူ ကြာကြာ မစဉ်းစားလိုက်ရဘူး။ အလုံး စုံက ကိုဘတူအပေါ် ပုံကျ သွားတယ်။

ညက ဇီဝကရုပ်တုကြီး လက်ကျိုးသွားတယ်တဲ့။ အဲ ဒါဘာဖြစ်လဲ၊ လူပရိသတ် မလာခင် အတင်းအမြန် ပြန် ဆက်လိုက်ကြပေါ့။ မဟုတ် ဘူး။

မနက်မိုးလင်းလို့ လူမြင် သူမြင်ကျမှ သိကြရတာတဲ့။ ရင်ပြင်တော်ထောင့်က ကျောင်း မှာ သီတင်းသုံးနေတဲ့ ဦးဇင်း ကလည်း ပြန်မဆက်ရဘူး လို့ အတိအလင်း မိန့်ကြား တယ်ဆိုပဲ။

ဘာဖြစ်လို့လဲ…။

ဘယ်လိုဖြစ်ကြတာလဲ …။

ဘာမှ ဆက်စပ်လို့ မရ၊ ရွာသားအများစုရဲ့ မျက်လုံး တွေကတော့ ကိုဘတူကို ချက်ချင်းပဲ ပြေးရိုက်တော့ မယ့်ပုံ။ နတ်ကသာ တရားခံ လို့ မစွပ်စွဲပေမဲ့ ဒါဟာ ဘတူ လက်ချက်လို့ ပြိုင်တူလက် ညှိုးနေကြသလိုပဲ။ ဘာလဲ ဘတူနဲ့ ဘာဆိုင်လို့လဲ၊ ဒီအရုပ်ကြီး သက်တမ်းက နှစ်ဆွေးနေပြီပဲဥစ္စာ။ ကျိုးချင် လည်း ကျိုးမှာပေါ့၊ ဘုရား ပြိုသွားတာမှ မဟုတ်တာ။

ခက်တာက ရွာကလေး မှာ ဆွဲယူလိုက်သလို ခြောက်ကပ်သွားတာပဲ။

ဧည့်ပရိတ်အပေါင်းက အလျှိုအလျှိုပြန်ကုန်ကြ တယ်။ တောက်ခေါက်သံ တွေနဲ့ ရွာကလေးကို ပစ် ပေါက်ပြီး ကျောချမှ ဓားပြ မှန်းသိရတဲ့ အိုက်တင်တွေနဲ့။ တစ်ရက်၊ နှစ်ရက်အတွင်း အားလုံးဟာ နိဗ္ဗိတ်သွားတော့ မယ့် အရိပ်လက္ခဏာတွေ ပါ။ အိမ်ပြန်ရောက်တော့ လည်း ကိုဘတူ မိန်းမက လက်ညှိုးတည့်တည့် ထိုး တယ်။

'ကိုဘတူရယ် မကြံ ကောင်းမစည်ရာတွေလျှောက် လုပ်တယ်။ ရှင့်ဘက်က မှန် တယ်ဆိုတာ သက်သေထူ ချင်တာနဲ့ ဒီလောက်ကြီး လုပ် ပစ်ဖို့ မကောင်းပါဘူး။ ရှင်ပဲ ငရဲကြီးမှာနော်။ တစ်ရွာလုံး ဒါကြောင့် ပြောင်ပြောင်ရောင် ရောင်ဖြစ်နေတာ၊ အားလုံး က ရှင့်ကို ကျေနပ်ကြမှာ မဟုတ်ဘူးနော်၊ ကျုပ်တော့ ရင်လေးပါရဲ့'

'နေပါဦး၊ ဘာတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လို့ ငါက ဘာတွေ လုပ်မိလို့လဲ'

'ရှင် ညက အိမ်ပြန်မအိပ်ဘူးလေ၊ အဲဒါ ဇီဝကရုပ်တုကြီးရဲ့ လက်ကို ရိုက်ချိုးလိုက်တာ ရှင်မို့လား'

ကိုဘတူ ပြာဝေသွားတယ်။ အထိန်းအကွပ် မရှိလုပ်ရမယ့် အထဲမှာ ဖနီးမယား မပါကောင်းလို့။

'မင်းကွာ ငါဒီလောက်မိုက်ရိုင်းပါ့မလား၊ ငါဟိုဘက်ရွာက တင်မြတို့ဆီ သွားတာ။ တင်မြက ဒီရောက်နေလို့ ဘေးအိမ်မှာ ညအိပ်ခဲ့ရတာ။ မယုံရင် အဲဒီအိမ်သားတွေကို သွားမေးကြည့်၊ နေပါဦး အရုပ်ကြီး လက်ကျိုးတာလောက်ကို ဘာတွေ သဲသဲမဲမဲ ဖြစ်နေကြတာလဲ။ ပြန်လုပ် ရတဲ့ဟာကို၊ အလှူငွေတွေ ဒီလောက်အများကြီး ရနေပြီပဲဥစ္စာ'

'အဲဒီ အလှူငွေကိစ္စကို ရှင်ထောက်ထောက်ပြီး မပြောနဲ့၊ အရုပ်ကြီး လက်ကျိုးသွားတော့ ဘာထွက်လာတယ်မှတ်လဲ'

'....'

'အရုပ်ကြီးလက်ရဲ့ အတွင်းဘက်မှာ ပိုက်တန်းလန်းနဲ့တော်ရှေ့၊ ပြီးတော့ အဲဒီပိုက်ကို ဘုရားဘေးက ရေကန်နဲ့ ဆက်ထားတာတဲ့။ တာဝန်ရှိသူတွေ ချက်ချင်းရောက်လာပြီး မြေလှန်ပစ်တော့မှ အားလုံးပေါ်ကုန်တာ။ အဲဒါ အရုပ်ကြီး လက်ရိုက်ချိုးတဲ့သူက ရှင်ပဲလို့ အားလုံးက ပြောနေတာ။ အသံကြောင့် ဖားသေ၊ တော်လျှောက်...လျှောက်ပြီး...'

'မဟုတ်ဘူး... မဟုတ်ဘူး...ငါမလုပ်ဘူး'

ကိုဘတူ အော်သံကို ရွာသားတွေ ကြားကောင်းကြားလိမ့်မယ်။ ဒါပေမဲ့ နားဝင်ကြမှာ မဟုတ်ဘူး။

❑

ဖြစ်...၊

ပျက်...၊

ဖြစ်ပြီးရင်...ပျက်ရမှာ ဓမ္မတာပဲ...တဲ့၊

ဘုရားဟောတာ..။

ဒီအဖြစ်အပျက် နောက်ပိုင်းမှာတော့ ရွာသားတွေ ဆက်ဆံရေးက ကိုဘတူအပေါ် သိသိသာသာ တင်းမာသွားကြတယ်။ ရမယ်ရှာလို့ မရလို့သာ ပြဿနာ မတက်သေးတာ။ ကိုဘတူကိုယ်၌ကလည်း ဒီအဖြစ်အပျက်ကို ကျေနပ်သလို၊ မကျေနပ်သလို အီလည်လည်ကြီး ဖြစ်နေရတယ်။ ရွာထဲလည်း လျှောက်စရာ နေရာမရှိ။ သမိုင်းတွင်မယ့် ဒေဖေးကုန်းမြေပေါ်လည်း မသွားချင်၊ တစ်ယောက်တည်း ကြောင်တိကြောင်ကန်းဖြစ်နေချိန်[...] ရွာသူရွာသားတွေကတော့[...] သူတို့ ပေါင်းစည်းမှုနဲ့ သူ[...] ပင်မလမ်းကြောင်းအပေါ်[...] ပြန်ရောက်သွားကြတယ်။

ကိုဘတူခမျာ အ[...] အထင်းတစ်ခုကို ဘယ်[...] ချွတ်ရမလဲ၊ တွေးမရချိန်[...] အရူးစိန်သောင်းကတော့[...] လက်ခမောင်း ခတ်နေ[...] တယ်။

'ဘယ်ရမလဲကွာ[...] လူလုပ်ရင် ဘာခံနိုင်မှာလဲ[...] ဘာမဟုတ်တဲ့ အရုပ်[...] တော့ ပေးကြကမ်းကြနဲ့ [...] ကျတော့ မသထာကြဘူး[...] အရူးတွေ...ငါ့ကို လာ[...] လို့တော့ ဘယ်ရမလဲ။ တ[...] တည်းမှာ ခြသေ့နှစ်ကောင်[...] အောင်းရိုးထုံးစံ မရှိဘူးကွ[...] မှတ်ထား'

■

အဲလို[...]

ဗုဒ္ဓံ ဓမ္မံ သံဃံ

လားရှိုးမြို့ နက္ခတ်သိဒ္ဓိရှင် **ဆရာတော် ဦးပဏ္ဍိတာဓဇ** ၏ သမီးတာပည့်

ဆန်းကျမ်းဗေဒင် **ဆရာမ ဒေါ်နန်းခမ်းလန်**

မိတ်ဟောင်းကို စောင့်မျှော်ဖိတ်ခေါ်ရင်း မိတ်သစ်ကိုလည်းကြိုဆိုပါတယ်ရှင်။

အမှတ် (၆၈၆)၊ မဟာဗန္ဓုလလမ်း ၄၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
[ဒဂုံမောင်လှကျက်ရည်ဆိုင်ဘေးကပ်]
ဖုန်း – ၀၉ ၃၁၃၄၁၃၉၁



www.burmeseclassic.com

www.burmeseclassic.com


စိန်ဟသ်ာဆေးတိုက်မှထုတ်လုပ်သော

သင့် အမှတ်တံဆိပ်
အနာလိမ်းဆေး




**အနာစစ်မှန်လျှင်အမြစ်ပါမကျန်စေရ**

ပြည်တည်နာ၊ မွေးကျွတ်နာ၊ အနာစိမ်း၊ ရေဝဲစား၊ မွေး၊ ဝဲ၊ သဲဝဲစား၊ ခြင်၊ ပုရွက်ဆိတ်၊ ပိုးမွှားကိုက်၊ အကျိတ်အပု၊ ဆီပူ၊ မီးပူ၊ ရေနွေးပူလောင်ခြင်းနှင့် အရေပြားပေါ်တွင် ဖြစ်တတ်သော အနာအမျိုးမျိုး ပျောက်ကင်းစေပါသည်။ ဆီးချိုရောဂါသည်များဖြစ်တတ်သော အနာ အမျိုးမျိုး အထူးပျောက်ကင်းသည်။

ပင်ရင်းဖြန့်ချိရေး
ဦးမြင့်ဆွေ၏သား ကိုအေးထွန်းဆေးဆိုင်
အမှတ် C/264၊ မြေအောက်ထပ်၊ သိမ်ကြီးဈေး D ရုံ၊ ရန်ကုန်မြို့။
ဖုန်း၀၉-၇၃၁၂၆၃၀၇

လေထိုးလေအောင့်ခြင်း၊ ဗိုက်နာခြင်း၊ ချောင်းဆိုးရင်ကျပ်သလိပ်ကပ်ခြင်းများကို
ရှောက်ရည်(သို့)သံပရာရည်နှင့်သောက်ပါ။
အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်ပါက အချိန်မရွေး ရေနွေးနှင့်သောက်ပါ။
ဆီးချုပ်၊ ဝမ်းချုပ်ခြင်း၊ အကြောတက်ညောင်းညာသူများ ညအိပ်ရာဝင်တိုင်း ရေနှင့်သောက်ပါ။


**ရန်ပုံခွင်း**

**အစာအိမ်လေနိုင်ဆေး**





ပင်ရင်း
အမှတ်-၁၄၂၊ ၄-လွှာ၊ ၂၆လမ်း၊ ပန်းဘဲတန်းမြို့နယ်
[illegible]ကုန်။ ဖုန်း-၇၃၀၁၃၆၀၄၇၊ ၇၃၀၄၈၇၆၁

www.burmeseclassic.com



# ဖနွတ်ဆွား ငါ့အခု မိုးစေ့ ချိုးစနတယ်

ဇေဦးမျှ




"အယုတ်တမာမ ခွေးမညို။" နှင့်ကြောင့် ငါ့ဘဝ
ခဲ့ပြီ။ ငါ ဘယ်လိုပြန်ပြီး အဖတ်ဆယ်ရ
ပြောစမ်းပါဦး။ ရုပ်က
လှသလော
မာယာများလိုက်
မိန်းမ။ ငါ့
တိရစ္ဆာန်
ကောင်လောက်
အသုံး
ငါ့ဘ
ဖျက်ဆီး
မိန်း
တလိပ်လိပ်တက်လာ
ဒေါသတွေကို အရက်နှင့် ဖြေချသည်။ သူ့အ
ဒီဒေါသတွေက အမြည်းတောင် မလိုလောက်
ပေါပေါများများ စားသုံးလို့ရနေသည်။ တစ်ခွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ခွက် အဆက်မပြတ် သောက်နေသောကြောင့် သူ့ရင်အစုံမှာ မီးစနှင့်ထိုးသလို ပူလောင်နေသည်။ ဒါပေမဲ့ အရက်သောက်နေတာကိုတော့ သူ မရပ်ချင်သေး။ ဆက်သောက်ချင်နေသေးသည်။ ဖြစ်နိုင်လျှင်တော့ လောကကြီးတစ်ခုလုံးနှင့် အဆက်ပြတ်သွားအောင် သောက်ချင်သည်။

ပြီးတော့ ခတ္တာညီကိုလည်း မေ့ချင်သည်။ အကြောင်းကြောင်းကြောင့် မှားယွင်းစွာ ဖြစ်တည်လာခဲ့သော ခတ္တာညီ့ဝမ်းဗိုက်ထဲမှ ကလေးငယ်ကိုလည်း မေ့ချင်သည်။ ကိုယ့်ဘဝကြီးတစ်ခုလုံးကိုလည်း မေ့ချင်သည်။ ဟုတ်သည်လေ။ ရှင်လျက်နှင့် သေနေသလို ဖြစ်နေသော ဘဝကြီးကို သူဘာကြောင့်များ ဖက်တွယ်ချင်စိတ်ထားနေဦးမည်နည်း။ လူ့လောကကြီးအလယ်မှာ မျက်နှာမဖော်ရဲလောက်အောင် ဆိုးသွမ်းလွန်းနေသော ဘဝ။

အား၊ အယုတ်တမာမ ခတ္တာညီ့ဆီ သူပြန်ရဦးမည်။ သူဘယ်လောက်ထိ ညဉ့်နက်အောင်နေနေ သူ ပြန်အလာကို မအိပ်ဘဲ စောင့်နေမည့် ခတ္တာညီ့ဆီ သူပြန်ရဦးမည်။ မပြန်ဘဲနေလျှင်ကော။ ဘယ်လောက်ကောင်းလိုက်မည်လဲ။ နေ့တိုင်း၊ ညတိုင်း မပြန်ဘဲနေ။ ခတ္တာညီ့ကလည်း မအိပ်ဘဲနေ။ နေ့တိုင်း မအိပ်လျှင် ဒီမိန်းမ အားအင်တွေ ဆုတ်ယုတ်မည်။ နောက်ဆုံး အသက်ပင်သေသွားနိုင်သည်။ ဘယ်လောက်တောင် ကောင်းမည်လဲ။ ဒါပေမဲ့လည်း မဖြစ်သေး။ ခတ္တာညီ့ ဗိုက်ထဲမှာ

ဒီမှာ
ကဗျာဆရာ
ရှင့်ကိုယ်ရှင်
သိပ်ကြီးလည်း
အထင်ကြီး
မနေပါနဲ့
ရှင့်ကို ချစ်လို့
မြတ်နိုးလွန်း
လို့လည်း
မဟုတ်ဘူး
ရှင့်ပိုင်ဆိုင်မှု
တွေကို
မက်မောလို့လို့
ပြောရ
အောင်လည်း
ရှင်က
စကားလုံးတွေက
လွဲပြီး
တခြား
ပိုင်ဆိုင်မှုဆိုလို့
ဘာမှ ရှိတာမှ
မဟုတ်တာ

အလွန်အော့နှလုံးနာစရာကောင်းလောက်သော သူ့ရင်သွေးလေး ရှိနေသေးသည်။ ခတ္တာညီ့သေသွားတာ ကိစ္စမရှိပေမဲ့ လူ့လောကကို မျက်နှာတောင် မပြရသေးသော သူ့ရင်သွေးလေးကိုတော့ အသေမခံနိုင်။ သူပြန်မှဖြစ်မည်။ သူပြန်မည်။ ပြီးတော့ သူ့ဒေါသတွေကို တစ်ခုချင်းတစ်ခုချင်းစီ ခတ္တာညီ့အပေါ် ဖွင့်ချမည်။ အသံမထွက်ဘဲ မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျနေသော ခတ္တာညီ့ကို ကြည့်ပြီး သူအားပါးတရ ရယ်ရဦးမည်။

ခတ္တာညီ့ မငိုသော ညတွေဆို သူအိပ်မပျော်။ ခတ္တာညီငိုမှ သူအိပ်ပျော်သည်။ ဒီတော့ အိမ်ပြန်ပြီး ခတ္တာညီ့ကို ငိုအောင် လုပ်ရဦးမည်။

'နောက်ထပ်တစ်လုံး ပါဆယ်ဟေ့။ ပြီးတော့ ခတ္တာညီ့အတွက် ခေါက်ဆွဲကြော်တစ်ပွဲပါ ပါဆယ်ထုပ်ပေးဦး။ ပြီးရင် ပိုက်ဆံရှင်းမယ်'

❑

၁။

'ဘယ်လိုလဲ ကဗျာဆရာရဲ၊ ခင်ဗျားကောင်မလေးကို သဘောကျရဲ့လား'

လှောင်ချင်သလိုလို မျက်နှာထားနှင့် မေးလာသော မိတ်ဆွေဖြစ်သူကို အပြုံးနှင့် သာပြန်တုံ့ပြန်နိုင်သည်။ ဘေးနားမှ ကောင်မလေးက သဘောကျရုံတင်ပဲလားဟု ရိသဲ့သဲ့မေးလာတော့ သူဘာမှ ပြန်မပြောဖြစ်။ မပြောချင်တာတော့ မဟုတ်။ မပြောရဲတာဖြစ်သည်။ ဟုတ်သည်။ မိန်းမနှင့် ပတ်သက်လျှင် အတွေ့အထိနည်းသော သူသည် မိန်းမတစ်ယောက် ကျလောက်အောင် အရည်အချင်းနှင့်လည်း ဝေးနေသည်။ အသက်သုံးဆယ်တိုင်လာသော်လည်း ချစ်သူရည်းစားဆိုဝေးလို့၊ မိန်းကလေး မိတ်ဆွေတောင် သိပ်များများစားစား ရှိတာမဟုတ်။ သူ့အတွက် လိုလည်း မလို။ ကဗျာတွေသာ သူ့ဘေးနားမှာ ရှိနေလျှင် လောကကြီးတစ်ခုလုံးကို သူ မေ့ထားနိုင်သည်။ သူ့ဘဝအတွက် ကောင်မလေး မလို၊ မိန်းမ မလို။ ကဗျာတွေသာ လိုသည်။

ထိုနေ့ည ဒင်နာတစ်ခုမှ အပြန် ကျောင်းတုန်းက သူငယ်ချင်းတွေနှင့် ပြန်ဆုံ ဖြစ်ကြသည်။ မတွေ့တာ ကြာနေပြီဖြစ်သော သူငယ်ချင်းများနှင့် ဆိုင်တစ်ဆိုင်မှာထိုင်ခဲ့ ကြရင်း နောက်ဆုံးတော့ သူငယ်ချင်းတစ်ယောက်က နေရာတစ်ခုကိုသွားဖို့ စတင် အကြံပြုသည်။ သူ မလိုက်လိုသော်လည်း အားလုံးက ဝိုင်းဝန်းတိုက်တွန်းသောကြောင့် သူ တစ်ခါမှ မရောက်ဖူးသော နေရာတစ်ခုကို ရောက်လာဖြစ်ခဲ့သည်။ မီးရောင်ခပ်မှိန်မှိန်သာ ရှိသောအခန်းကျယ် တစ်ခုထဲမှာ သီချင်းသံတွေ လွှင့်ပျံ့ဝဲနေသည်။ အယ်လ်စီဒီ စကရင်ထက်မှာ သီချင်းတွေက တစ်ပုဒ်ပြီး တစ်ပုဒ် ခဏနေတော့ မိန်းကလေးတွေ ဆယ်ယောက်ခန့် တန်းစီရောက် လာသည်။ မိတ်ဆွေဖြစ်သူက ခင်ဗျားကြိုက်တဲ့ သူတစ် ယောက်ကို ရွေးဆိုတော့ သူ ရှက်အားပိုစွာ ကြောက်ထဲ တကြား ငြင်းမိသည်။ နောက် ဆုံးတော့ မိတ်ဆွေ ဖြစ်သူက အတင်းရွေးချယ်ပေးမှုနှင့် ကောင်မလေးတစ်ယောက် သူ့အနားရောက်လာခဲ့သည်။

အစတုန်းက ကြောက် အားပိုနေခဲ့သော်လည်း နောက် ဆုံးတော့ ယမကာတန်ခိုးနှင့် ခတ္တာညီက သူ့အနားကို တိုး လာနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် သူ့ဘဝထဲသို့အထိပင် တိုး လာနိုင်ခဲ့သည်။

ထိုအချိန်မှ စ၍ ခတ္တာ ညီ့ရှိသော ထိုကေတီဗွီသည် ကဗျာဆရာ စတည်းချရာ ဘုံဗိမာန်တစ်ခုဖြစ်လာခဲ့သည်။ နေ့တိုင်းမဟုတ်တောင် ရက် ခြားဆိုသလို ကဗျာဆရာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ဖြစ်ခဲ့သည်။ သောက်မည်။ မူးမည်။ သီချင်းတွေဆိုမည်။ သာသာယာယာ သီဆိုတတ်သော ခတ္တာညို၏ သီချင်းသံတွေနောက်မှာ သူ့လက်ခုပ်သံတွေနှင့် စီးမျောမည်။ ပလီပလာပြောတတ်သော ခတ္တာညို၏ စကားသံတွေအောက်မှာ သူညိမ်သက်စွာ ယစ်မူးမည်။ နူးညံ့စွာ ချော့မြှူတတ်သော ခတ္တာညို၏ ရင်ခွင်ရိပ်အောက်မှာ အိပ်မက်တွေ မက်မည်။ ကဗျာတွေကို မေ့ချင်လာသည်။ လောကကြီး တစ်ခုလုံးကို မေ့လာသည်။ ဒီအစား ခတ္တာညိုကို အစားထိုးဝင်ရောက်လာခဲ့သည်။

ကဗျာဆရာသည် အချစ်ကို မရှာဖွေခဲ့ဘူး။ ဒါပေမဲ့ ခတ္တာညိုကိုတော့ ရှာတွေ့တတ်လာခဲ့သည်။ အချိန်သည် သိပ်မကြာလိုက်။ ကဗျာဆရာ့အတွက် ကံဆိုးမိုးမှောင်ကျသည့် နေ့တစ်ရက် ရောက်လာခဲ့သည်။

❑

၂။

ထိုနေ့သည် ကဗျာဆရာအဖို့ အိပ်မက်မှ လန့်နိုးလာခဲ့သော နေ့ဖြစ်သည်။ ခတ္တာညိုသည် ချစ်စရာမကောင်း။ ကြောက်စရာ ကောင်းသည်ဟု စတင်သိမြင်ခဲ့သောနေ့လည်း ဖြစ်သည်။

'ကဗျာဆရာ၊ ညို့မှာ ကိုယ်ဝန်ရှိနေပြီ'

ကြားလိုက်ရသော စကားသံသည် သူ့အတွက် နားနားမှာ ဗုံးတစ်လုံး ကျကွဲသွားသည့် ပမာ။ ခေါင်းတစ်ခုလုံး ချာချာလည်သွားအောင်၊ ကြားလိုက်သည့် စကားကို မယုံကြည်နိုင်လောက်အောင် သူ့ရင်ခွင်တစ်ခုလုံး ဆူညံသွားခဲ့သည်။

'ဘယ်လိုပြောလိုက်တယ် ခတ္တာညို။ နင့်မှာ ကိုယ်ဝန်ရှိနေတယ်။ ဟုတ်လား။ ဘယ်သူနဲ့လဲ'

ကြေကွဲစွာမေးလိုက်သော သူ့စကားသံ အဆုံးမှာ ခတ္တာညို့ထံမှ စကားသံ ပြန်မကြားရဘဲ၊ လက်ဝါးတစ်ခုသာ ရလိုက်သည်။ ဖြန်းခနဲ မြည်သံနဲ့အတူ ပါးပြင်ထက်မှာ စပ်ဖျဉ်းဖျဉ်းနာကျင်မှုကို ခံစားလိုက်ရသည်။

'ရှင်မိုက်ရိုင်းလှချည့်လား။ ဒီစကားက ရှင့်ပါးစပ်က ထွက်လာတာလို့တောင် ညို မယုံကြည်နိုင်လောက်အောင်ပဲ။ ရှင် ယောကျ်ားတစ်ယောက်မှ ဟုတ်ရဲ့လား။ အေးလေ။ ရှင် မေ့ချင်ယောင်ဆောင်မှတော့လည်း ညိုက တော့ လှုပ်နိုးရတော့မှာပေါ့'

ခတ္တာညို ပြန်ပြောပြသော စကားလုံးတို့သည် သူ့နားကို သံရည်ပူပူနှင့် လောင်းထည့်နေသလို ခံစားရ ခက်ခဲလှသည်။ ထိုနေ့က သူလူမှန်းမသိအောင် မူးနေခဲ့သည်။ ခတ္တာညိုနှင့် မခွဲနိုင်၊ အဆောင်သို့ မပြန်ဘဲ ခတ္တာညိုအနားမှာပဲ နေချင်သည်ဟုဆိုကာ အော်ဟစ်သောင်းကျန်းနေသဖြင့် သူငယ်ချင်းများက သူ့ကို ကေတီဗွီမှာပဲ သိပ်ခဲ့သည်။ မနက်မိုးလင်းလာတော့ ခတ္တာညိုအခန်းမှာ အိပ်ခဲ့သည် ဆိုသော အတွေးကလွဲ၍ သူ ဘာမှမသိခဲ့။ ခတ္တာညိုကလည်း ဘာမှမဆိုခဲ့။ ယခုဆိုမယ့်ဆိုတော့လည်း သူ့ဘဝ တစ်ခုလုံး အရုပ်ဆိုးအကျည်းတန်စေမည့် စကားလုံးတို့ကို ရွေး၍ ဆိုချေလေပြီ။ သူဘာမှ ပြန်မပြောနိုင်။ ခတ္တာညို မျက်နှာကိုသာ တွင်တွင်ငေးလျက်၊ ဖြစ်ခဲ့သမျှတို့ကို နှောင်တရလျက်။ ဒါပေမဲ့ တောင်းဆိုသူကတော့ တောင်းဆိုခဲ့လေပြီ။

'ညို့ကို လက်ထပ်ပါ ကဗျာဆရာ'

ကြားလိုက်ရသော စကားသံတို့ကို သူ မယုံချင်။ သူမကို လက်ထပ်ပါတဲ့။ တောင်းပန်နေတာမဟုတ်။ အမိန့်ပေးနေတာ မဟုတ်။ ရသင့်ရထိုက်သော အခွင့်အရေးတစ်ခုကို တောင်းဆိုနေသည့်ပမာ။ ခတ္တာညိုမျက်နှာက တည်ငြိမ်လွန်းလှသည်။ ယခုတော့ သူမသည် ကဗျာဆရာပိုင်ဆိုင်သော မှော်ရုံတောမှ မင်းသမီးလေးမဟုတ်တော့။ ကြောက်စရာမျက်နှာနှင့် ဘီလူးတစ်ကောင်ဖြစ်နေလေသည်။ ကဗျာဆရာကို ဝါးမျိုတော့မည့် မီးတောက်တစ်ခုဖြစ်လာခဲ့သည်။ သူမြင်ဖူးသော ခတ္တာညိုသည် ပျောက်ကွယ်သွားလျက်၊ သူမမြင်ဖူးသော ခတ္တာညိုအစား ထိုးဝင်ရောက်လာသည်။ သူ အကြောက်အကန် ငြင်းမိသည်။

'ဟင့်အင်း ခတ္တာညို။ ငါနင့်ကို မယူနိုင်ဘူး။ နင်က ကေတီဗွီက မိန်းကလေးတစ်ယောက်။ နင်က ယောကျ်ားတကာနဲ့ တွဲဖူးတယ်။ နင့်ကို ငါယူလို့ မဖြစ်ဘူး။ ငါ နာမည်ပျက်လိမ့်မယ်'

ပြောသင့်သလား။ မပြောသင့်သည့်စကားလား။ သူ မတွေးတတ်တော့။ လောလောဆယ်တော့ ခတ္တာညို ဆင်ထားသော ထောင်ချောက်ထဲမှ ပြေးထွက်ရန်သာ သူ့အတွက် အရေးကြီးနေခဲ့သည်။ သူ အားမနာစတမ်း ညည်းနေမိသည်။

'အဆင်မပြေလို့ပါ ခတ္တာညိုရယ်။ နင့်ကိုယူလိုက်ရင် ငါ့အသိုင်းအဝိုင်းမှာ ငါ့ပတ်ဝန်းကျင်မှာ ငါ ဘယ်လိုမျက်နှာပြရမလဲ။ ဒီပြဿနာကို တခြားနည်းနဲ့ ဖြေရှင်းကြရအောင် ခတ္တာညိုရယ်'

သူ့အသံသည် တောင်းပန်တိုးလျှိုးနေသလောက် သူမ၏ တုံ့ပြန်သံကတော့ ပြတ်သားလှသည်။

'ရှင်က လွဲလို့ကျန်တာ မလိုချင်ဘူး။ ဒီပြဿနာမှာ အဓိကကျတာက ရှင်ပဲလေ။ ရှင် ရှာထားတဲ့ ပြဿနာကို ရှင်ကိုယ်တိုင် အဖြေရှာပေးရမယ်။ ညိုက မိန်းမတစ်ယောက်ပါ။ မိခင်စိတ်အပြည့်ရှိတယ်။ ကံကောင်းလို့ပဲဖြစ်ဖြစ်၊ ကံဆိုးမိုးမှောင်ကျလို့ ရလာတာပဲဖြစ်ဖြစ် ဒီကိုယ်ဝန်ကို ညိုဖျက်မချနိုင်ဘူး။ ညို ရအောင်မွေးမယ်။ ဒါပေမဲ့ ရှင် ညို့ကိုတော့ ယူမှဖြစ်မယ်။ မဟုတ်ရင်တော့…'

ကဗျာဆရာတိုက်ပွဲတစ်ခုလို့ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဖူးသော စစ်ပွဲတစ်ခုမှာ အလူးအလဲ ကျရှုံးခဲ့ရသည်။ တောင်းပန်သည်။ မရ။ အပြစ်တင်သည်။ မရ။ ဒေါသထွက်ပြသည်။ မရ။ တခြားနည်းလမ်းတွေ ပြောပြသည်။ မရ။ ခတ္တာညို့အတွက် အဖြေသည် သူကိုယ်တိုင်ဖြစ်နေတော့ သူကိုး

www.burmeseclassic.com

ကျိုးနည်းစွာ ခတ္တာညိုကို လက်ထပ်ခဲ့ရသည်။

ထိုအချိန်မှစ၍ ခတ္တာညို သည် တိရစ္ဆာန်တစ်ကောင်လို့ သူ သတ်မှတ်ခဲ့သည်။

❑

၃။

အခုတော့ ကဗျာဆရာ ၏လောကကြီးသည် အလင်း ရောင်တို့ ကင်းမဲ့သွားခဲ့သည်။ အလင်းပျောက်နေသူတစ် ယောက်ဖြစ်ခဲ့ပြီ။ ကဗျာဆရာ့ အတွက် တစ်ခုတည်းသော အဖော်မှာ ယစ်ရွေရည်ဖြစ်ခဲ့ သည်။ ကဗျာဆရာသည် အပေါင်းအသင်းတွေကိုရော၊ လောကကြီးကိုပါ မကြည့်ရဲ တော့။ အချိန်တိုင်း ခေါင်း ငိုက်စိုက်ချတတ်လာသည်။ ကဗျာဆရာ နားတွေသည် အရာရာကို မကြားရဲတော့။ ကေတီဗွီက မိန်းကလေးတစ် ယောက်က ထောင်ဖမ်းလိုက် တာတဲ့ဆိုသော အသံတွေနှင့် ဝေးရာသို့ ပြေးခဲ့သည်။နေ့ တွေညတွေသည် ကဗျာဆရာ အတွက် အဓိပ္ပာယ်မဲ့လာခဲ့ သည်။ အသိုင်းအဝိုင်းက စွန့် ခွာသည်။ ကဗျာတွေက လည်း စွန့်ခွာသည်။ မိသားစု က စွန့်ပစ်မှုကို ခံစားရသည်။ ကဗျာဆရာအတွက် တစ်ခု တည်းသာ ကျန်ရစ်ခဲ့သည်။ ထိုတစ်ခုကလည်း ကဗျာဆရာ လုံးဝမလိုလားသာအရာတစ်ခု။

အိမ်ထောင်ကျပြီး နောက်ပိုင်းတွင် ကဗျာဆရာ သည် လူဆိုးတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ နူးညံ့သိမ်မွေ့မှုတို့သည် ကဗျာဆရာဆီမှ ပြေးထွက် သွားလေပြီ။ ထိုအစား ရုန့် ရင်းကြမ်းတမ်းသော စကား

> ကိုယ့်ကိုယ်ကို
> လည်း
> ပြန်ကြည့်ပါဦး
> ခါးမှာ
> ဝတ်ထားတဲ့
> ပုဆိုးတောင်
> အရောင်
> ထွက်ရဲ့လားလို့
> ရှင်
> ညို့ကိုယူလိုက်လို့
> ဆုံးရှုံးစရာ
> ဘာမှရှိတာမှ
> မဟုတ်တာ။
> ရှင်ပြောတဲ့
> ဂုဏ်သိက္ခာ
> ဆိုတာတွေက
> တကယ်တမ်းတော့
> ရှင့်ဘာသာ
> ယုံကြည်ထားတာပါ
> ရှင်
> ထင်သလောက်
> လည်း
> ရှင်
> ပိုင်ဆိုင်နေတာမှ
> မဟုတ်တာ

လုံးတို့က အစားထိုးဝင် ရောက်လာသည်။ အရင် တုန်းအခါက အလွမ်းအဆွေး သံပါသော စာသားတို့သည် လေနှင့်အတူမျောလွင့်သွားသော တိမ်တိုက်တွေပမာ ကဗျာ ဆရာ၏ ရင်ခွင်ထက်မှ ပျောက်ကွယ်သွားကြလေပြီ။ ယခုတော့ ကဗျာဆရာ့ထံပါး မှာ ဒေါသသံပါသော နာကျင် မှုတို့ပါသော စာသားတို့သာ ကျန်နေတော့သည်။ ကဗျာဆရာဆုံးဖြတ်ချက်တစ်ခု ချထားသည်။ သူ့ကြောင့် ခတ္တာညိုသည် ဘယ်သော အခါမှ မပျော်ရွှင်စေရ။

❑

၄။

'နင် ငါ့ကို ဘာဖြစ်လို့ ရွေးချယ်လိုက်တာလဲ ခတ္တာ ညို။ ကလေးရှိရုံ သက်သက် နဲ့တော့ နင် ငါ့ကိုလက်ထပ်မှာ မဟုတ်တာတော့ အမှန်ပဲ။ ပြောစမ်းပါဦး။ နင် ငါ့ကိုဘာ အသုံးချချင်လို့ လက်ထပ် တာလဲ။ လှည်းကျိုးထမ်းခိုင်း ချင်တာလား။ ဒီကလေးက ကော ငါနဲ့ရတာ အမှန်ပဲလား'

ရက်စက်သော စကား။ ဒါမှမဟုတ် ရက်စက်သော မေးခွန်းလို့တော့ ကဗျာဆရာ မထင်။ တကယ်လို့ ရက်စက် ဦးတော့ကော ခတ္တာညိုလို မိန်းမတစ်ယောက်အတွက်တော့ ထိုက်တန်သော မေးခွန်းတို့ ပင် ဖြစ်လိမ့်မည်ဟု ကဗျာ ဆရာထင်သည်။ ဒါပေမဲ့ ခတ္တာညိုကတော့ သူထင် သလိုမဟုတ်။ သူ့မေးခွန်း အတွက်အဖြေတို့ကို အေး ဆေးတည်ငြိမ်စွာ ပြန်လည် ဖြေကြားနိုင်ခဲ့သည်။ ခတ္တာ ညိုသည်လည်း ခေသူတစ် ယောက်မဟုတ်မှန်းကိုတော့ ကဗျာဆရာ သိသည်။

'ဒီမှာကဗျာဆရာ။ ရှင့်ကိုယ်ရှင် သိပ်ကြီးလည်း အထင်ကြီးမနေပါနဲ့။ ရှင့်ကို ချစ်လို့၊ မြတ်နိုးလွန်းလို့လည်း မဟုတ်ဘူး။ ရှင့်ပိုင်ဆိုင်မှု တွေကို မက်မောလို့လို့ပြောရ အောင်လည်း ရှင်က စကား လုံးတွေကလွဲပြီး တခြားပိုင် ဆိုင်မှုဆိုလို့ ဘာမှရှိတာမှ မဟုတ်တာ။ ရှင့်ကို ရွေး ချယ်လိုက်တာက ညို့ဘာ ခြုံမှုအတွက်။ ပြီးတော့ ညို လိုချင်တဲ့ မိသားစုဘဝ တစ် အတွက်။

'ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်ပါဦး။ ခါးမှာ ဝတ်ထားတဲ့ ပုဆိုးတောင် အရောင်ထွက်ရဲ့လားလို့။ ရှင် ညို့ကို ယူလိုက်လို့ ဆုံးရှုံး ဘာမှရှိတာမှ မဟုတ်တာ ရှင်ပြောတဲ့ ဂုဏ်သိက္ခာ တာတွေက တကယ်တမ်း ရှင့်ဘာသာ ယုံကြည်ထား တာပါ။ ရှင် ထင်သလောက် လည်း ရှင်ပိုင်ဆိုင်နေတာ မဟုတ်တာ'

ဒီတစ်ခါ ခံလိုက်ရ က ကဗျာဆရာကိုယ်တိုင် ပင်။ အခါတိုင်း ကဗျာဆရာ စကားတို့ကို ပြန်မဖြေတ သော ခတ္တာညိုက အခုတော့ ပြန်လည် ပြောလေပြီ။ ခတ္တာ ညိုစကားတို့ကို စိတ်နာ သော်လည်းအမှန်တရားတ ပေမို့ သည်းညည်းခံရသည် ဒါပေမဲ့ ကဗျာဆရာသိချင် စိတ်ပြင်းပြနေတာ တစ် တော့ ရှိသည်။ အထင်မကြီး ဘူးဆိုသော ခတ္တာညိုက ဘာ ကြောင့်များ သူ့ကိုအိမ်ထောင် ဖက်အဖြစ် ရွေးချယ်သည် တာကိုတော့ ကဗျာဆရာ သိ ချင်သည်။ ပြီးတော့ ညို လို ချင်သော မိသားစုဘဝတစ် အတွက်တဲ့။

'ဆိုပါဦး မင်းသမီး နင်ပြောသလို ငါ့မှာခြုံ ပြားမှ ချမ်းသာတာလည်း မဟုတ်။ ဂုဏ်သိက္ခာလည်း ပြောပလောက်အောင် တော မရှိဘူးဆိုတော့ နင်က တ ဘာများတွေးမိလို့လဲ

ခတ္တာညို မျက်



www.burmeseclassic.com

www.burmeseclassic.com

တို့သည် မေးမှိန်သွားသည်။ အဖြေသည် ချက်ချင်းပြန်မလာ။ အဝေးသို့သာ ငေးကြည့်နေသည်။ ကြည့်သာကြည့်နေသည်။ ဘာကိုမှမမြင်သည့် ပုံစံမျိုးနှင့်။

'ယောက်ျားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာကို ခဏဘေးဖယ်ထားပြီး ညီ့စကားတွေကို နားထောင်ပေးပါ။ ညီ့မှာ ဘယ်သူ့ကိုမှ ပြောမပြဖြစ်ဘူးတာတွေ ရှိတယ်။ ညီ့ အဖေဆိုတာ မမြင်ခဲ့ဖူးဘူး။ အမေဆိုတာလည်း နောက်အိမ်ထောင်နဲ့။ ညီ့ကို အချိန်တိုင်း ဂရုစိုက်နိုင်ခဲ့တာ မဟုတ်ဘူး။ မိသားစုတစ်ခုရဲ့ တန်ဖိုး၊ နွေးထွေးမှု၊ သာယာချမ်းမြေ့မှုဆိုတာတွေ ညီ မရင်းနှီးခဲ့ဖူးဘူး။ ညီ မိသားစု ဘဝဆိုတာကို တမ်းတတယ်။ မက်မောတယ်။ ရယူချင်တယ်။ ပိုင်ဆိုင်ချင်တယ်။ မတတ်သာလို့ ဒီလောကထဲ ရောက်လာခဲ့ရတာ။ ညီလိုချင်တဲ့ဘဝတစ်ခုတော့ မဟုတ်ခဲ့ဘူး ကဗျာဆရာ။ ညီလိုချင်တဲ့ မိသားစုဘဝကို ညီကိုယ်တိုင် ဖန်တီးချင်ခဲ့တယ်။ ညီရအောင် တည်ဆောက်မယ်လို့လည်း သန္နိဋ္ဌာန်ချထားတယ်။ ဒီအချိန်မှာ ရှင်က ညီ့အတွက်တော့ ထွက်ပေါက်တစ်ခုဖြစ်လာခဲ့တယ်'

အစပိုင်းက ခတ္တာညို မျက်နှာမှာ ခံပြင်းရိပ်တို့တည်သည်။ နောက် နာကျင်မှုတို့တည်သည်။ နောက် စကားပြောရင်းနှင့် တည်ငြိမ်မှုတို့ကို မြင်လာရသည်။ မာနမျက်နှာကို တွေ့ရသည်။ တွေဝေငေးမောမှုတို့ကို မမြင်ရ။ ထိုအစား လိုချင်တာကို မဖြစ်မနေလုပ်မည့် ပြတ်သားသောအသွင်သဏ္ဌာန်တို့ကို တွေ့မြင်ရသည်။ နောက်ဆုံးတော့ ခတ္တာညို ငိုလေသည်။

အခါတိုင်း သူဘယ်လောက်ဒေါသကြီးကြီး၊ ရန်လုပ်လုပ် ဘာတစ်ခုမှပြန်မပြောခဲ့။ ဖက်ရန်လည်း မပြုခဲ့။ အခုတော့ ကဗျာဆရာ၏ ဒေါသသံတွေ အောက်မှာ ခတ္တာညိုရင်ထဲမှာ ဘယ်သောအခါတုန်းက မျှိုသိပ်ထားသည် မသိရသော ခံစားချက်တို့ ပေါက်ကွဲထွက်လာသည်။ ခတ္တာညို ငိုတာကိုသူမြင်ခဲ့ဖူးပေါင်းများပြီ။ ဘယ်သောအခါကမှ အသံထွက်မငို။ အံကြိတ်ငိုတာသာ မြင်ဖူးသည်။ ဒါပေမဲ့ ဒီတစ်ခါတော့ အရင်လိုမဟုတ်။ အနှစ်နှစ်အလလ ထမ်းပိုးထားရသော အထုပ်တစ်ခုကို ဖြေပြသလို သူမ ပြောချင်တာတွေကို တစ်ခုပြီးတစ်ခု ရေရွတ်ရင်း အားပါးတရ ငိုနေသည်။ မမြင်ဖူးသော မြင်ကွင်းမို့ ကဗျာဆရာ မှင်တက်နေမိတာတော့ အမှန်။

'ယောက်ျားတစ်ယောက်ဟာ အသုံးချခံပစ္စည်းမဟုတ်သလိုဘဲ မိန်းမတစ်ယောက်ဟာ အသုံးချခံပစ္စည်း မဟုတ်ပါဘူး။ လူတိုင်းမှာ ဘဝတစ်ခုစီတော့ ရှိကြတာပါပဲ။ အဲဒီဘဝကို တိုးတက်အောင် ဖန်တီးပိုင်ခွင့်လည်း ရှိကြတာပါပဲ။ ညီ တက္ကသိုလ်ကို ဒုတိယနှစ်ထိ တက်ခဲ့ဖူးတယ်။ နောက်ပိုင်း အဆင်မပြေလို့ ထွက်လိုက်တာ။ ဒီလောကထဲကို ရောက်လာပေမဲ့ ညီ့ စိတ်တွေကတော့ ဘယ်တုန်းအခါကမှ အိပ်မောကျမနေခဲ့ဘူး။ ညီ လိုချင်တဲ့ မိသားစုအိပ်မက်ကိုတော့ မက်မက်မောမော တွယ်မက်နေတုန်းပဲ။ ညီ အချစ်ဆိုတာကို မသိဘူး။ ယုံလည်း မယုံကြည်တတ်ဘူး။ ရှင့်ကို ရွေးချယ်တယ်ဆိုတာကလည်း အချစ်ဆိုတာထက် ယုံကြည်အားကိုးမှုကပိုလို့ ရွေးချယ်ခဲ့တာ။ ရှင်က ကဗျာသမား။ စိတ်ကူးတွေထဲမှာပဲ ကျင်လည်နေတဲ့သူ။ သူများစိတ်ကို နာကျင်အောင် ဘယ်တော့မှ လုပ်တတ်မှာတော့မဟုတ်ဘူးလို့ ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ ညီထင်တာတွေ မှားခဲ့တယ်။

'ညီက အကြောင်းမလှလို့ ဒီလောကထဲ ရောက်နေပေမဲ့ ကိုယ့်ကိုယ်ကို ဘယ်တုန်းကမှ သစ္စာမဖောက်ဖူးဘူး။ ဘယ်ယောက်ျားကိုမှ ညီ့ဘဝကို ထိုးမအပ်ခဲ့ဖူးဘူး။ ရှင်ကတော့အတ္တသမားတစ်ယောက်ပဲ။ ကိုယ့်ကိုယ်ကိုထက် ဘယ်အရာကိုမှ ပိုမချစ်တတ်ဘူး။ နောက်ဆုံး ရှင်ရေးတဲ့ ကဗျာတွေကိုတောင် ရှင့်လောက်မချစ်ဘူး။ ညီ့ကို ယူလိုက်ရရုံ သက်သက်နဲ့ ကဗျာတွေကိုတောင် မေ့ထားခဲ့တယ်။ ကိုယ့်ကဗျာတွေကို သစ္စာဖောက်ခဲ့တယ်'

ကဗျာဆရာ တွေဝေရသည်။ ခတ္တာညိုသည် သူထင်သလို မိန်းကလေးတော့ မဟုတ်ပြန်။ သူမမှာ အကြံရှိသည်။ မက်ချင်နေသော အိပ်မက်တွေရှိသည်။ ဒါပေမဲ့ သူ ဘာလုပ်ရမည်နည်း။ ခတ္တာညို မျှော်လင့်သလို ယောက်ျား တစ်ယောက်အဖြစ်နှင့် သူနေနိုင်မည်လား။ လက်ခံနိုင်မည်လား။ တစ်ခါမှတောင် မစဉ်းစားဖူးသော အကြောင်းတွေ။ ခတ္တာညို မျှော်လင့်သော မိသားစုဘဝ တစ်ခုတော့ ဟုတ်ပါရဲ့။ အိမ်ထောင်ဦးစီးတစ်ယောက်၏ တာဝန်တွေကိုကော သူက ကျေပွန်နိုင်ပါ့မလား။ ကဗျာဆရာ စိတ်ရှုပ်ရှုပ်နှင့် သောက်နေကျဆိုင်ဆီသို့ ထွက်လာခဲ့သည်။

❑

၅။

ဆိုင်ကိုရောက်တော့ စောသေး၍ လူရှင်းနေသည်။ သူ့ကိုမြင်တော့ ဆိုင်ရှင်က စောလှပါလားဟု ဆိုသည်။ ဆိုင်ရှင့်လက်ထဲမှာ အခါတိုင်း ကဗျာဆရာ သတိမထားမိခဲ့သော ကလေးတစ်ယောက်ကို ပွေ့ချီထားသည်။

'မြလေးရေ၊ ဒီမှာ ဧည့်သည်ရောက်နေလို့ ကလေးလာခေါ်ပါဦး'

'လာပြီ တော်ရေ့။ ခဏလေး ဒီမှာ ထမင်းအိုးလေး တူးသွားမှာစိုးလို့'

'သိပ်နေမကောင်းနေလို့ လက်ပေါ်ကကို ချလို့မရဘူး။ မွေးကတည်းက ချူချာလိုက်တဲ့ ကလေးဗျာ။ ကောင်းတယ်လို့ကို မရှိဘူး။ ကိုယ့်သွေးသားဆိုတော့လည်း ဂရုမစိုက်လို့ကလည်း မဖြစ်။ ခက်တယ်ဗျာ'

ရယ်ရယ်မောမောနှင့် ပြောနေသော ဆိုင်ရှင့်စကားတို့သည် ကဗျာဆရာ့နားသို့ ဝင်လိုက် မဝင်လိုက်နှင့်။

ကဗျာဆရာမှာ အဖေရှိသည်။ အမေရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ အဖေရော အမေရော က နောက်အိမ်ထောင် အသီးသီးနှင့်။ သဘောထားချင်း မတိုက်ဆိုင်ကြတာလား၊ အကြောင်း မညီညွတ်တာလားတော့ ကဗျာဆရာ ကိုယ်တိုင်တောင်မသိ။ သူသိသည်ကတော့ သူလည်းမြေစာမြက်တစ်ပင်။ အဘိုး၊ အဘွားတွေ၏ရင်ခွင်ရိပ်အောက်မှာ ဘယ်တော့မှ မရခဲ့ဖူးသော မိဘမေတ္တာဆိုတာကို မေ့ထားခဲ့ရသည်။ ယခု ခတ္တာညီပြောပြတော့မှ မိသားစုဆိုတာကို သူတွေးမိသည်။ ခတ္တာညီထက်စာလျှင်တော သူ နည်းနည်းတော့ ညံ့ခဲ့သည်။

ဒီတစ်ခါသောက်ရတာ အခါတိုင်းလောက် အရသာ မရှိသလို ခံစားရသည်။ ဒေါသတွေအစား အတွေးတွေက နေရာယူနေသလို။ သူ ဘာကို ရွေးချယ်ရမည်နည်း။ သူ မစဉ်းစားတတ်။ တွေးရင်း တွေးရင်းဖြင့် ခေါင်းတွေ ပူလာသည်။ အာခေါင်တွေ ခြောက်လာသည်။ မထူးပါဘူးဆိုသော အတွေးဖြင့်ဆက်ကာဆက်ကာ သောက်မိသည်။ လူကသာ မူးလာသော်လည်း အတွေးတွေက ပျောက်မသွား။

ထိုနေ့ညက လူမသိသူမသိလောက်အောင် မူးလာသည့် ကဗျာဆရာသည် အခါတိုင်းလို ခတ္တာညီကို ဆဲဆူနေတာမျိုး၊ ဆူပူအော်ဟစ်သောင်းကျန်းနေတာမျိုးလည်း မရှိ။ ထိုအစား ကဗျာဆရာ့နှုတ်မှ မိသားစု၊ မိသားစုဆိုသော စကား တစ်လုံးကိုသာ မဆုံးနိုင်သော တေးတစ်ပုဒ်လို ထပ်ပြန်တလဲလဲ ရေရွတ်နေခဲ့သည်။

❑

၆။

နောက်နေ့မနက် ခတ္တာညီကို မြို့ထဲလိုက်ခဲ့ဖို့ ခေါ်တော့ အံ့ဩသွားတာကို မြင်ရသည်။ အခါတိုင်း ခေါ်ဖို့ဝေးစွ၊ သူကိုယ်တိုင်ပင် မသွားသလောက်ပင်။ မယုံနိုင်သလို ငေးကြည့်နေသော ခတ္တာညီက ဘာဘာညာညာ မေးမနေတော့ဘဲ သူခေါ်ရာနောက်သို့ လိုက်လာခဲ့သည်။ ဘတ်စ်ကားပေါ်မှ အဆင်းတွင် ရေးဖော်ရေးဖက် စာရေးဆရာ တစ်ယောက်နှင့်တွေ့သည်။ သူ့ကိုနှုတ်ဆက်ရင်းမှ ခတ္တာညီကို အကဲခတ်သလိုကြည့်နေသည်။

'ဒါက ကျွန်တော့် မိန်းမလေ' ဆိုတော့ အံ့အားသင့်သလို ကြည့်နေပြီး ဟိုတစ်ယောက်လား မေးသည်။ ခတ္တာညီကတော့ အနေရခက်သလို မျက်နှာကို အောက်သို့ငုံ့ထားသည်။

'ဟုတ်တယ်လေ။ အရင်တုန်းကတော့ ကေတီဗွီမှာ အလုပ်လုပ်တယ်။ အခု ကျွန်တော်နဲ့ယူပြီးမှ မလုပ်တော့ဘူး။ ကျွန်တော် ကယ်တင်လာတာလေ သူ့ကို။ အခုမြို့ထဲက ကျွန်တော့်အသိ ဆရာဝန်တစ်ယောက်ဆီ သွားပြီး ဗိုက်သွားအပ်မလို့'

ရယ်ရယ်မောမောနှင့် ပြောနေသောသူ့စကားသံဆုံးတော့ ခတ္တာညီမျက်နှာက အပေါ်မော့လာသည်။ မယုံကြည်နိုင်သော အကြည့်တွေ၊ အံ့အားသင့်နေသော မျက်ဝန်းတွေနဲ့။ မိတ်ဆွေ စာရေးဆရာက ခဏတော့ ယောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးတော့မှ ဂုဏ်ယူပါတယ်ဗျာဟု တစ်ခွန်းသာ ဆိုသည်။ သူကတော့ ခတ္တာညီ လက်ကိုဆွဲ၍ ထွက်လာခဲ့သည်။

ဒီနေ့ မဂ္ဂဇင်းတိုက်တွေကို သွားမည်။ စာမူခတွေကို ထုတ်မည်။ ပြီးတော့ ဆရာဝန်နှင့် ခတ္တာညီကို ဗိုက်အပ်ပေးမည်။ ညက တစ်ညလုံး စဉ်းစားခဲ့သမျှ အတွေးကို ဒီနေ့ ခတ္တာညီကို ပြောပြရဦးမည်။ သူလည်း မိသားစုဆိုတာကို မမြင်ဖူးခဲ့ကြောင်း၊ မိသားစုတစ်ခု၏ နွေးထွေးမှုကို ကိုယ်တိုင်တမ်းတဖူးကြောင်း၊ အခု ခတ္တာညီနှင့်အတူ ကိုယ်ပိုင် မိသားစုဘဝတစ်ခုကို ထူထောင်ချင်ကြောင်း ပြောပြရဦးမည်။

ပြီးတော့ အချစ်ကို မယုံကြည်သော ခတ္တာညီအတွက်လည်း အချစ်၏လျှို့ဝှက်ဆန်းကြယ်မှုများအကြောင်း၊ နက်နဲသိမ်မွေ့မှု သဘောတရားများအကြောင်းကို ကိုယ်တိုင်ကိုယ်ကျ နားလည်လာအောင် သင်ပေးရဦးမည်။ နောက်ထပ် မည်သည့်အကြောင်းကြောင့်နှင့်မျှ ခတ္တာညီကိုရော၊ ကဗျာတွေကိုပါ သစ္စာမဖောက်တော့ပါဆိုသော ကတိကိုလည်း ခတ္တာညီ့အတွက် ပေးရဦးမည်။ ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်စွာမော့ကြည့်လိုက်တော့ ခေါင်းထက်မှာ နေမင်းကို တွေ့သည်။ ကဗျာဆရာ ကတော့ နေမင်းက ပေးသော အပူဒဏ်ကို မမြင်၊ ထိုအစား အလင်းရောင်ကိုသာ မြင်မိသည်။ ■

**ဇေဦးယျာ**

**အယ်ဒီတာအဖွဲ့**
အခန်း (၃-၀၂)
တိုက်အမှတ် ၂၀/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၇
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

၁။

အသွင်မတူ အိမ်သူ မဖြစ်
ဆိုသောစကားက သူတို့
လင်မယားအတွက် သီးသန့်
ထွက်ပေါ်လာခဲ့သောစကား
ဖြစ်နေလေသလား မသိ။
အဲဒီလိုထင်ရလောက်အောင်ပင်
သူတို့နှစ်ယောက်က လိုက်ဖက်
ညီလွန်းလှသည်။ ဒါက ထင်သာမြင်သာ
ရှိသော ပြင်ပအသွင်သဏ္ဌာန်
တစ်ခုတည်းကိုသာ
ကြည့်၍ သတ်မှတ်ခြင်း
မဟုတ်။ နေရာတော်တော်
များများမှာ
စိတ်သဘောထားချင်း
တူညီနေတတ်တာ
ကြောင့်လည်းပါသည်။
တစ်ယောက်ကတစ်ခုခု
ပြုလုပ်ချင်ကြောင်း
ပြောဆိုလာလျှင်
ကျန်တစ်ယောက်က
ဆန့်ကျင်ကန့်ကွက်တာ
မရှိ။ နှစ်ဦးသား
စိတ်တူကိုယ်တူနှင့်
တက်ညီလက်ညီ
လုပ်ကိုင်တတ်ကြ၏။
လုပ်ကြကိုင်ကြသည့်

# ဧမ်မော့ဧကင်
# ကူးစက်ရောဂါ





www.burmeseclassic.com

www.burmeseclassic.com

နေရာမှာလည်း တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်ပစ်လိုက်တာမျိုး မရှိဘဲ ဆုံးခန်းတိုင်အောင် လုပ်သည်။ ဘယ်လို အတားအဆီး အခက်အခဲမျိုးကိုပဲဖြစ်ဖြစ် နှစ်ယောက်ပေါင်းကာ ရင်ဆိုင်ဖြေရှင်း၏။ အနှောင့်အယှက် အဟန့်အတား မှန်သမျှ ပူးပေါင်းကျော်လွှားခဲ့ကြသည်ချည်းပင်။ သူတို့ဆိုတာက နေလင်းနှင့် ဖြူဖြူတို့ စုံတွဲကို

ပြောခြင်းဖြစ်သည်။ နှစ်ယောက်စလုံး၏ အသက်တွေက သုံးဆယ်ကျော်မျှသာ ရှိသဖြင့် လူလတ်ပိုင်းတွေဟု ဆိုရမည်။ သူတို့၏ အိမ်ထောင်သက်ကတော့ တစ်နှစ်ခွဲ၊ နှစ်နှစ်နီးပါးရှိပြီ။ အဲဒီအတောအတွင်းမှာ လျှာနှင့်သွား ကိုက်မိကြဖို့ မဆိုထားနှင့် ခလုတ်တိုက်မိတာမျိုးပင် မရှိခဲ့။ အိမ်ထောင်သက် နုသေး၍ ဒီလိုအဖြစ်မျိုး မကြုံသေး



www.burmeseclassic.com

www.burmeseclassic.com

တာဟု ပြောမည်ဆိုလျှင် ပြော၍ ရနိုင်သည်မှာ မှန်၏။ သို့ပေမဲ့ ဒါက လုံးဝဥဿုံ မှန်ကန်သည့် ယူဆချက်တစ်ခုတော့ မဟုတ်။ လက်ထပ်ပြီး သုံး၊ လေးလမှ မကြာခင် ရန်ဖြစ် ကွဲကွာသွားတတ်ကြသော အိမ်ထောင်ရေးမျိုးလည်း ရှိတတ်သည် မဟုတ်လား။ အဲဒီလို အိမ်ထောင်ရေးမျိုးနှင့် နှိုင်းယှဉ်လျှင် နေလင်းတို့၏ အိမ်ထောင်ရေးက အပုံကြီး သာယာသည်။ အိမ်ထောင်တစ်ခု တည်တံ့ခိုင်မြဲရေးအတွက် အဓိကကျသော စိတ်ချင်းသဘောထားချင်း တိုက်ဆိုင်မှုရှိခြင်းကြောင့် ဖြစ်၏။

သူတို့က အိမ်ထောင်ကျပြီးတာနှင့် တန်းပြီး အိမ်ခွဲနေကြတာ မဟုတ်။ နေလင်း၏ မိဘတွေနှင့်အတူ ပုလင်းဝင်းမှာ နေခဲ့ကြသေးသည်။ အဲဒီလို မိဘတွေအိမ်မှာ ကပ်နေရင်း စီးပွားရေး အခြေခိုင်အောင် ကြိုးစားကြသည်။ တစ်နှစ်ကျော်လောက် ကြိုးစားရှာဖွေစုဆောင်းလိုက်တော့ အိမ်ထောင်တစ်ခုကို လူတမ်းစေ့ တည်ဆောက်နိုင်သည့် အခြေအနေကို ရောက်လာသည်။ ဒီတော့မှ မြို့သစ်ဘက်မှာ ဝိုင်းတစ်ခြမ်း ဝယ်ပြီး အိမ်ခွဲကြ၏။ နေလင်းတို့ ဝယ်လိုက်သောဝိုင်းက ရေ၊ မီး အပြည့်အစုံပါသည်။ အိမ်ရှေ့မှာ အုတ်ရေကန် ငါးကန်တွဲ တစ်ခုလည်း ရှိ၏။ အရင်ပိုင်ရှင်တွေက ရေရောင်းစားကြသူများမို့ဖြစ်သည်။ တစ်ကန် တစ်ရာနှုန်းနှင့် တစ်ရက်လျှင် နှစ်ထောင့်ငါးရာ၊ သုံးထောင်ဖိုးခန့် ရောင်းရသည်

ဒီမှာ
ဟဲ့ကောင်မရဲ့
အများတကာ
သုံးဖို့
ကုသိုလ်ပြုထားတဲ့
ရေတွေကို
မိုးမလင်းခင်
ထခပ်ပြီး
အိမ်သယ်တာဟာ
ခိုးတာပဲပေါ့

ဟု သိရ၏။ သို့ပေမဲ့ နေလင်းတို့က ရေရောင်းသည့်အလုပ်ကို ဆက်လုပ်ဖို့ စိတ်အားထက်သန်မှု မရှိ။ လုပ်ငန်းကြီးသမားတွေမို့ ပိုက်ဆံကိုကောက်သင်းကောက်သလို မုန့်ဖိုးစုပဲစုလုပ်ရမှာကို စိတ်မရှည်။ သူတို့ ရေမရောင်းတော့သောကြောင့် အရင်ကသုံးနေကျသူတွေ ရေ အခက်အခဲဖြစ်သွားမှာကိုလည်း စိုးရိမ်၏။ အဲဒါနှင့် နှစ်ယောက်သား တိုင်ပင်ပြီး အိမ်ရှေ့မှာ ပိုက်ဘုတ်တစ်ခု ချိတ်ဖြစ်သည်။ ရေနှင့် ပတ်သက်သော သူတို့၏ ကြေညာချက်ဟု ဆိုလျှင်လည်း မမှား။

'ယနေ့မှစ၍ မနက်ပိုင်းအတွက် ရေငါးကန်၊ ညနေပိုင်းအတွက် ရေငါးကန် ကုသိုလ်ပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို လာရောက် သုံးစွဲနိုင်ပါသည်'

နေလင်းတို့ ချိတ်ဆွဲထားသော ပိုက်ဘုတ်ကို အရပ်ထဲကလူတွေ လာဖတ်ကြသည်။ ယောကျ်ားသားတွေက ပြီး ပြီးရောဖတ်ကာ လှည့်ထွက်သွားကြ၏။ သူတို့အတွက် ထူးခြားစိတ်ဝင်စားဖွယ်အကြောင်းအရာ မဟုတ်သောကြောင့် ဖြစ်သည်။ အမျိုးသမီးတွေကတော့ ယောကျ်ားသားတွေလို သဘောမထားကြ။ မီးဖိုချောင်ဝင်ကာ အိမ်ထောင်တစ်ခုလုံး၏ ဘဏ္ဍာရေးကဏ္ဍကို ထိန်းချုပ်နေရသော အိမ်ထောင်ရှင်မများက အထူးစိတ်ဝင်စားကြ၏။ သူတို့ စိတ်ဝင်စားရခြင်း အကြောင်းခံက ရေဖိုး သုံး၊ လေးရာ သက်သာမည့် အရေးသက်သက်ကြောင့်မျှသာ မဟုတ်။ အဲဒါထက် ပိုသောအကြောင်းကိစ္စတစ်ခု ခြေခြေမြစ်မြစ် ရှိ၏။ ရေဖိုးချွေတာလိုက်၍ ရရှိလာသော ပိုလျှံငွေကို အခြားဘက်မှာလှည့်ပြီး အသုံးပြုနိုင်မည်ဟု တွေးလိုက်မိကြ၍ပင်။

ပိုလျှံငွေကို ရင်းနှီးမြှုပ်နှံကာ လုပ်ကိုင်ရမည့် လုပ်ငန်းက နှစ်လုံး၊ သုံးလုံး ထိုးခြင်းပဲဖြစ်သည်။ ခါတိုင်းလည်း ထိုးနေကျဆိုပေမဲ့ အခုလို ရေဖိုးကုန်စရာ မလိုတော့လျှင် ခါတိုင်းထက် ပိုထိုးလို့ရပြီ။ ကံကောင်းထောက်မပြီး တင်ကွက်က ထပေါက်လျှင် ...

စရိတ်ကို တစ်ဖက်တစ်လ... က ဖာရာရောက်မည်။ မပေါက်ဘဲ ပါသွားလျှ... လည်း နေ့စဉ် ရေဖိုးထဲက... ထုပြီး အသုံးကျပ်သွား... လမ်းမရှိ။ ပေါက်လျှင်သ... သပိတ်ဝင်အိတ်ဝင်ဖြစ်နို... ကိန်းရှိသည်ဟု တွက်ဆ... သည်။ ဒါက တစ်ဦးတည်း... တစ်ယောက်တည်းက တွေ... မိသော ထူးခြားဆန်းသ... သည့်အတွေး မဟုတ်ဘဲ အိ... ထောင်ရှင်မတိုင်းနီးပါး... ခေါင်းထဲကို လျှပ်ပြက်သ... ဝင်ရောက်လာသော ... အတွေးတစ်ခုသာ ဖြစ်... အောက်ခြေလူတန်းစားတွေ... အဖို့ ဂဏန်းများနှင့် က... ခြင်းက အနီးစပ်ဆုံး ... ထွက်ပေါက်ဖြစ်နေသည်... မဟုတ်လား။

❑

၂။

မျက်နှာသစ်ရင်းမှ အိ... ရှေ့က အုတ်ရေကန်တွေ... အကြည့်ရောက်သွားမိသည်။ အုတ်ရေကန် ငါးကန်စလုံး... ဟောက်ပက်။ ကန်ထဲမှာ ... ကုန်နေပြီ။ ဒါကိုမြင်တော့ နေလင်း ခေါင်းတညိတ်ညိတ်... ဖြစ်သွားသည်။ ကျေနပ်မှု... ဖော်ပြသော အပြုံးတစ်ခု... လည်း သူ့နှုတ်ခမ်းပေါ်... ရောက်ရှိလာ၏။ သူတို့... အလှူဒါနတစ်ခု အထမြော... အောင်မြင်၍ဆိုတာထ... မနက်စောစောစီးစီးမှာ... ရေတွေကုန်သွား၍ ဖြစ်သ... ဟုဆိုလျှင် ပိုမှန်ပါလိမ့်မည်။ ဒီလို အချိန်မျိုးမှာ ရေ... ကုန်နှင့်နေတာကို ကြည့်ခြ... အားဖြင့် ရပ်ကွက်တွင်းရှိ...



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှင်မတွေ၏ ဝီရိယကို သိနိုင်သည်။ ဝေလီ ဝေလင်းကတည်းက ချက်ပြုတ်လျှော်ဖွပ်ပြီးစီးဖို့အတွက် တော်ရုံဝီရိယမျိုးနှင့်တော့ ဖြစ်နိုင်မှာမဟုတ်။ အိမ်မှုကိစ္စကို ကျွမ်းကျင်နိုင်နင်းသော အိမ်ရှင်မတွေမို့သာ ဒါမျိုးလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်။ ပေယျာလကန်နေတတ်သော အိမ်ရှင်မတွေချည်းဆိုလျှင် ကျီးမနိုးခင် ရေတွေ ကုန်နေစရာ အကြောင်း မရှိ။

ဒီလို အိမ်ရှင်မကောင်းတွေရှိသော ရပ်ကွက်ထဲကို ပြောင်းလာမိတာ မှန်နေပြီဟု တွေးကာ နေလင်းက ကျေနပ်စွာ ပြုံးလိုက်ခြင်းဖြစ်၏။ သူ့အပြုံးမှ နှုတ်ခမ်းပေါ်က မပျောက်တတ်သေး။ ခြံအပြင်မှ ခေါ်သံကို ကြားရသဖြင့် သွားတိုက်ရင်းတန်းလန်းနှင့် လှမ်းကြည့်လိုက်သည်။ အဝတ်ဇလုံတစ်ခုကို ခေါင်းစောင်းတင်ထားသော မကြည်ခိုင်ကို တွေ့ရ၏။ ဇလုံထဲမှာလည်း အဝတ်တွေ အပြည့်အလျှံနှင့် ဖြစ်သည်။ နေလင်း လှမ်း၍ ကြည့်တာ မြင်တော့မှ မကြည်ခိုင်က မေး၏။

'မနက်ပိုင်းအတွက် ရေ ငါးကန်က ဘယ်အချိန်ကျမှ ပြည့်ပေးမှာလဲ'

'မပြည့် ရသေးတာ မဟုတ်ဘူး အစ်မရဲ့၊ ကုန်သွားတာ'

'ကုန်သွားတာ'

မကြည်ခိုင်က နေလင်း၏ အဖြေကို သံယောင်လိုက်ရွတ်ရင်း မျက်မှောင်ကြုတ်သည်။ နေလင်းက ရေငါးကန်ကို ညကတည်းက ဖြည့်ထားကြောင်း၊ ဒီမနက်အစောကြီးမှာပဲ လာသုံးသွားကြောင်း၊ သူတောင် အိပ်ရာမနိုးသေး၍ ဘယ်သူ သုံးသွားမှန်း မသိလိုက်ရကြောင်း ပြော၏။ နေလင်းပြောသမျှကို မကြည်ခိုင်က စူးစူးစိုက်စိုက် နားထောင်သည်။ သူ့စကားဆုံးတော့ နှုတ်ခမ်းတွန့်သည်ဆိုရုံတွန့်ကာ လျှော့ရိလျှော့ရဲပြုံး၏။ မကြည်ခိုင်၏ အပြုံးကို နေလင်း ဘာသာမပြန်တတ်သလို ဘာဖြစ်လို့ပြုံးမှန်းလည်း မသိ။ အရေးမကြီးသောကိစ္စမို့ ခေါင်းရှုပ်ခံစဉ်းစားမနေတော့ဘဲ သွားကိုသာ ဆက်တိုက်နေလိုက်သည်။ မကြည်ခိုင်ကလည်း သူ့ကို နှုတ်ဆက်ကာ ပြန်လှည့်သွား၏။

အမှန်တော့ မကြည်ခိုင့်အပြုံးမှာ အဓိပ္ပာယ်တွေရှိသည်။ ဒါကို နောက်သုံးရက်အကြာမှာ နေလင်း သိလိုက်ရ၏။ ဒီလိုသိရဖို့အတွက် သူ့အိပ်ရေးတော့ ပျက်ရသည်။ ထနေကျ မဟုတ်သော အချိန်ကြီး စောစီးစွာ ထလိုက်ရခြင်းကြောင့်ဖြစ်၏။ မထဘဲ ပေကတ်၍ အိပ်နေလို့ မရသည့်အဖြစ်အပျက်တစ်ခုက သူ့အိမ်ရှေ့မှာဖြစ်ပေါ်နေသည်လေ။ အဲဒါကတော့ မကြည်ခိုင်နှင့် မစန်းညွန့်တို့ အော်ကြီးဟစ်ကျယ် စကားများနေကြတာပဲ ဖြစ်သည်။

'ဟောဒီမှာ လာကြည့်ကြစမ်းပါဦး အရပ်ကတို့ရေ။ ကောင်းကြသေးရဲ့လားလို့'

'ဟဲ့ ကြည်ခိုင်။ နင့်အပေါက်ကို ပိတ်ထားစမ်း။ ဘယ့်နှယ်တော် စောစောစီးစီး သူများအိမ်ရှေ့မှာ လာပြီးခုနစ်သံချီ နေရတယ်လို့။ ကျက်သရေကို မရှိဘူး'

'အောင်မာ...လာ၊ လာချည့်သေး။ သူခိုး လူမိသွားတာနဲ့ အသံကောင်းဟစ် မနေစမ်းပါနဲ့ စန်းညွန့်ရယ်'

'ဘာရယ်... သူခိုးဟုတ်လား။ နင်က ငါ့ကို အသားလွှတ်ကြီး သူခိုးလို့ ပြောလိုက်တာပေါ့လေ။ ကဲ... ပြောစမ်း။ ငါ ဘာတွေခိုးသလဲဆိုတာ။ မပြောနိုင်လို့ကတော့ ပါးရှစ်စိတ်ကွဲပြီသာမှတ်'

'အမလေး ကြောက်လိုက်တာနော်။ ပုန်းဖို့ ကြွက်တွင်းရှာထားရဦးမယ်။ ဒီမှာ ဟဲ့ကောင်မရဲ့ အများတကာ သုံးဖို့ ကုသိုလ်ပြုထားတဲ့ရေတွေကို မိုးမလင်းခင် ထခပ်ပြီး အိမ်သယ်တာဟာ ခိုးတာပဲပေါ့'

'အလိုတော် စွပ်စွပ်စွဲစွဲ။ ကုသိုလ်ရှင်ကတောင် ဘာမှ မပြောတဲ့ဥစ္စာကို နင်က ဘာကိစ္စနဲ့ ကြားထဲက ဝင်တွန့်တို နေရတာလဲ။ နင်နဲ့ ဘာမှ မဆိုင်ဘူး။ အနေသာကြီး'

'မနေသာဘူးဟေ့၊ မနေသာဘူး။ အဲဒီလို မနေသာလို့လည်း အများသုံးဖို့ ကုသိုလ်ပြုထားတဲ့ရေကို လောဘဇောတိုက်ပြီး တစ်ယောက်တည်း မောင်ပိုင်စီးနေတဲ့ သူခိုးကို စောင့်ဖမ်းတာပဲ။ ရှင်းပြီလား'

'ရှင်းပါ့တော် ရှင်းပါ့။ အခုတွေ့တော့ နင်က ဘာလုပ်ချင်တုံး။ တစ်ပွဲတစ်လမ်း အကဲစမ်းချင်ရင်လည်း လာလေ'

မစန်းညွန့်က အင်္ကျီလက်မောင်းကို လိပ်တင်၍ ထဘီကို ခပ်တိုတို ပြင်ဝတ်ကာ ထိမထင်ပာန်နှင့် စိန်ခေါ်သည်။ ကုသိုလ်ဖြစ်ရေကို သုံးခွင့် မကြုံရသေးသည့် အောင့်လုံးတွေ များလှပြီမို့လား။ မစန်းညွန့်၏ စိန်ခေါ်မှုကို ရှောင်လွှဲလိုက်လျှင် သူ့သိက္ခာတွေကျသွားမည်ဟု ထင်၍လား မသိ။ မကြည်ခိုင်ကလည်း အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးအုပ်ရန် အားကျမခံလိုက်လုပ်သည်။ စနက်တံကို မီးရှို့လိုက်တာနှင့် နစ်ဖက်စလုံး ပေါက်ကွဲရန် အသင့်ဖြစ်နေကြပြီ။

ရန်ပွဲ အစမှာတော့ နေလင်းတို့ ဘာမှ ဝင်မပြောဘဲ ငေးမောကြည့်ရှုနေမိကြသည်။ မစ်ရှမ်နေနှင့် အိုဘားမားတို့၏ စကားစစ်ထိုးပွဲကို နားသောတဆင်နေရသည်ဟု အထင်ရောက်နေမိကြ၍ မဟုတ်။ ငွေကြေးတန်ဖိုးအရ ဘာမှ မပြောပလောက်သော ရေအတွက်နှင့် နင်ပဲငဆ ပြောဆိုကာ အော်ဟစ်ရန်စောင်ကြသည်ကို အရင်က မမြင်ဖူးခဲ့၍သာ ဖြစ်သည်။ စကားစစ်ထိုးပွဲကနေ တဖြည်းဖြည်း ခြေတွေ၊ လက်တွေပါ လာကြတော့မည့် အရိပ်အခြည်ကို မြင်တော့မှ သတိပြန်ဝင်လာကြ၏။ ဒီပြဿနာကို သူတို့ကြားဝင် ဖျန်ဖြေပေးမှဖြစ်မည်။ မဟုတ်လျှင် သူတို့အိမ်ရှေ့မှာ နယန်းပွဲတစ်ခုဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိသည်ဟု နေလင်းတို့ သုံးသပ်မိသည်။ ဒါနဲ့ပဲ ရေကုသိုလ်ရှင်ဆိုသော ဂုဏ်ပုဒ်ကို ရှေ့တန်းတင်၍ မကြည်ခိုင်နှင့် မစန်းညွန့်တို့၏ ကာစု

www.burmeseclassic.com

နေသော ရန်ပွဲကို ရပ်တန့်စေလိုက်၏။ နေလင်းတို့ကို အားနာ၍ပဲလား၊ ဒါမှမဟုတ် တကယ်ကြီး လုံးသတ်ဖို့ စိတ်ကူးမရှိဘဲ ဟန်လုပ်နေကြတာမို့လား မပြောတတ်။ မကြည်ခိုင်နှင့် မစန်းညွန့်တို့က တစ်ယောက်ကိုတစ်ယောက် မျက်စောင်းချင်းချိတ်ကာ ကိုယ့်အိမ်ကိုယ် ပြန်သွားကြသည်။

သူတို့ အေးဆေးသက်သာ ပြန်သွားကြတော့မှ နေလင်းတို့လည်း သက်ပြင်းချနိုင်တော့သည်။ လုံးလုံးလျားလျားကြီး စိုးရိမ်စိတ်တွေ ကင်းရှင်းသွားတာတော့ မဟုတ်။ ပြဿနာက ဒီနေ့အတွက် ဒီလောက်နှင့် ပြီးဆုံးသွားသည်ဆိုသော်လည်း နောက်နေ့တွေ ရှိသေးသည်။ အဲဒီနေ့တွေကျ ဘယ်လိုလာဦးမည် မသိ။ ညနေပိုင်း ရေငါးကန်နှင့်ပတ်သက်၍လည်း ဘယ်လို အကျိုတ်အခဲတွေ ရှိနေသလဲဆိုတာ သူတို့ မသိနိုင်ကြ။ မနက်ပိုင်းလောက် မဟုတ်တောင်မှ သူ့အတိုင်းအတာနှင့်သူ ရှိနေနိုင်တာ သေချာသည်။ ဒါကို တွေးမိတော့ ရေလှူခြင်းနည်းစနစ် ပြောင်းရန် နှစ်ယောက်သားခေါင်းချင်းဆိုင်ဖြစ်ကြ၏။ ကန်ထဲကရေကို အိမ်မသယ်ဘဲ နေရာမှာတင် သုံးရမည်ဆိုသော စည်းကမ်းချက်အသစ်တစ်ခုထုတ်ရန်၊ ရေကို ညကတည်းက ဖြည့်မထားဘဲ ဖြူဖြူ ချက်ပြုတ်ပြီးစီးမှဖြည့်ရန်၊ (...) သော ဖြည့်စွက်ချက်ကို နှစ်ဦးသဘောတူ ထပ်ပေါင်းထည့်၏။ ဒီလိုနှင့် နေလင်းတို့ အိမ်ရှေ့ ဝိုက်ဘုတ်

## အရေးတော်
## စွပ်စွပ်စွဲစွဲ
## ကဲ့ရဲ့ဆိုရင်
## ကတောင်
## ဘာမှ
## မပြောတဲ့ဥစ္စာကို
## နင်က
## ဘာကိစ္စနဲ့
## ကြားထဲက
## ဝင်တွန့်တို့
## နေရတာလဲ

ပေါ်တွင် စာတစ်ကြောင်း ထပ်တိုးလာ သည်။

ပေါ့စေလို၍ ကြောင်ရုပ်ထိုးပေးကာမှ ဆေးအတွက် ပိုလေးသည့်ကိန်းမျိုး ဆိုက်နေပြီဟုဆိုရမည်ထင့်။ စကားနည်း ရန်စဲစေလိုသော ရည်ရွယ်ချက်နှင့် စည်းကမ်းချက်သစ် ထပ်ထုတ်လိုက်မှပဲ ရန်ပွဲတစ်ခုက မထင်မှတ်ဘဲ ပေါ်ထွက်လာသည်။ ရန်ပွဲကို ဖန်တီးကြသူနှစ်ယောက်က မကျော့ကျော့ခိုင်နှင့် မမေချို တို့ဖြစ်၏။

နေလင်းတို့ ချမှတ်ထားသော စည်းကမ်းချက်အတိုင်း မကျော့ကျော့ခိုင်က ရေကို အိမ် မသယ်။ ကန်ထဲ ရေ မဖြည့်ရသေးခင် ကန်ဘေးမှာ အဝတ်တွေလာပုံကာ နေရာဦးထားခြင်းကိုသာ လုပ်၏။ တစ်ရက်က နှစ်ရက် ကူးလာချိန်မှာတော့ မခံနိုင်သော မမေချိုက မကျော့ကျော့ခိုင်၏ အဝတ်ပုံကို ဘေးရွှေ့ပြီး သူ့အဝတ်တွေကို အကျအန ထိုင်လျှော်နေလိုက်သည်။ မကျော့ကျော့ခိုင် ရောက်လာတော့ သူ့နေရာ ဝင်လုရပါ့မလားဟု ဒေါကြီးမောကြီး ရန်တွေ့၏။ မမေချိုကလည်း တစ်ခွန်းမခံဘဲ ကက်ကက်လန်အောင် ပြန်၍ ရန်တွေ့သည်။ များမကြာမီမှာပင် ရေအတွက် အသေနက်ကြရသည့်အဖြစ်ကို ရောက်ကြရကုန်၏။

ဒီတစ်ခါ ရန်ပွဲက တော်တော်လေးဟစ်ဖြစ်သွားသည်။ မကျော့ကျော့ခိုင်နှင့် မမေချိုတို့ကို အုပ်ချုပ်ရေးမှူးက ခေါ်ယူတွေ့ဆုံကာ ဆုံးမစကား ပြောဆိုရသည့် အဆင့်ထိတိုင် အောင်ပင်ဖြစ်၏။ တကယ်က ပြောဆိုဆုံးမရုံတင် မဟုတ်။ သူတို့နှစ်ယောက်အား 'နောက်ရန်မဖြစ်တော့ပါ' ဟူသော ဝန်ခံကတိ တောင်းကာ လက်မှတ်ပါထိုးခိုင်းသည်ဟု သိရသည်။ အုပ်ချုပ်ရေးမှူးနှင့် နီးစပ်သော အသိုင်းအဝိုင်းမှ ထွက်ပေါ်လာသည့် သတင်းမို့ ခိုင်လုံမှုရှိနိုင်ကြောင်း နေလင်းတို့က ယူဆကြသည်။ ပထမ တစ်ခါတုန်းကလို နှစ်ယောက်သား ခေါင်းချင်းဆိုင်ကြပြန်၏။ စည်းကမ်းချက်များ ပြင်ဆင်ဖြည့်စွက်ရေးသားနိုင်ရေး အတွက်ပင် ဖြစ်သည်။

သို့ပေမဲ့ လူဆိုတာ လည်း သိကြသည့်အတိုင်း ပင် ဖြစ်၏။ စည်းကမ်း တွေ ဘယ်လောက်ပဲ ထုတ် အရေးမစိုက်။ သည့်သူသာ စဉ်းစား ၍ ခေါင်းပေါ်မှာ ဆံပင်တွေ ဖြူချင်ဖြူ မည်။ နည်းလမ်းရှာ ဖျက်ဖို့အတွက် အမြဲအသ နေတတ်၏။ စည်းကမ်း ဘယ်လောက်ပဲ တင်း ထား၊ တင်းကျပ်ထား လွှတ်ဖောက်ဖျက်ကာ တစ်လုံးခြား ကျူးလွန် လျှင် ဥဏ်က ရှောင်စုံ သည်။ နေလင်းတို့ ရေ လုပ်ခြင်းနှင့် ပတ်သ လည်း အဲဒီအတိုင်းပဲဟု လိမ့်မည်။

နေလင်းတို့က ကမ်းချက်အသစ်တစ်ခု တိုးချဲ့ကြေညာသည်။ မလိမ့်တပတ်လုပ်ပြီး ချိုးသူ ပေါ်လာတော့ သည့် သူနှင့်တွေ့ကာ များ ရန်ဖြစ်ပြီး အုပ်ချုပ် မှူးရုံးကို ရောက်ကြ၏။ ကတိမှာ လက်မှတ်ထိုး ပြန်လာခဲ့ရသဖြင့် ငြိမ်သ က ငြိမ်သွားတော့ ကျွန် တွေက နေလင်းတို့ ထုတ်သော စည်းကမ်း အသစ်ကို ဘောင်အတွင်း ချိုးဖောက်ပြီး တစ်စခန်း ပြန်သည်။ ဒီလိုနှင့် လုံး ချာလည်ရိုက်ကာ မုန့်လုံး စက္ကူကပ်နေကြသည်။ ❑

၃။

'ဟော... ငါ့တူ



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာကြပြီကိုး။ လာ ဗျာ… ထိုင်'

ဦးဝင်းကြိုင် ညွှန်ပြသောနေရာတွင် နေလင်းနှင့် ဖြူဖြူတို့ ဝင်ထိုင်လိုက်ကြသည်။ သူတို့ ဝင်ထိုင်အပြီးမှာပင် ဒေါ်ခင်လှက ကော်ဖီနှင့်မုန့် လာချပေး၏။ ဦးဝင်းကြိုင်က သောက်ကြစားကြဦးဟု ဧည့်ခံပေမဲ့ နေလင်းတို့က ကော်ဖီနှင့် မုန့်ဆီကို စိတ်ရောက်။ သူတို့ စိတ်ရောက်နေသည်က ဦးဝင်းကြိုင်ဆီကိုသာဖြစ်သည်။ သူတို့အနေဖြင့် အုပ်ချုပ်ရေးမှူး ဦးဝင်းကြိုင်က တွေ့ချင်နေပါသဖြင့် သူ့အိမ်ကို လာခဲ့ရန် ခေါ်၍သာ ထွက်လာခဲ့ရ၏။ ဘာအကြောင်းရှိ၍ ခေါ်သည်၊ ဘာကိစ္စနှင့် တွေ့ချင်သည်ဆိုတာ မသိ။ အိမ်ခေါ်တွေ့တာမို့ ရုံးပြင်ကနားနှင့် ဆက်စပ်မိသောကိစ္စတစ်ခု မဟုတ်နိုင်မှန်းတော့ ရိပ်စားမိကြသည်။ ဒါကလွဲပြီး ကျန်တာကို စဉ်းစားမရဖြစ်နေကြ၍ စိတ်ထဲတွင် မတင်မကျဖြစ်လျက်ရှိ၏။

'ဦး… ကျွန်တော်တို့ကို တွေ့ချင်တယ်ဆိုတာ ဘာကိစ္စများရှိလို့ပါလိမ့်'

'ဒီလိုကွာ… ငါတူတို့လည်း သိတဲ့အတိုင်းပဲ။ အခုဆိုရင် (က-)ထဲမှာ မိန်းမချင်းရန်ဖြစ်ပြီး ရုံးရောက်တဲ့ အမှုတွေ ခဏခဏ ဖြစ်နေတယ်။ အဲဒါကလည်း ရေလုရင်းဖြစ်ကြတာဆိုတော့ ငါတူတို့နဲ့ တိုက်ရိုက် မဟုတ်တောင် သွယ်ဝိုက်ပြီး သက်ဆိုင်နေတာမို့ အခုလို ခေါ်တွေ့တာ။ ငါတူတို့ ရပ်ကွက်ထဲမှာ ရေလျှုတာနဲ့ ပတ်သက်ပြီး နည်းနည်းပါးပါး ဆွေးနွေးချင်လို့ ဆိုပါတော့'

'ကျွန်တော်တို့ ရေအလှူလုပ်တာကို ရပ်ဖို့ဆိုရင်တော့ မဖြစ်နိုင်ဘူးလို့ ပြောရမှာပဲ'

ဦးဝင်းကြိုင်၏ စကားရေစီးက ဘယ်လိုပုံစံနှင့် ရှေ့ဆက်စီးဆင်းလာမည် မသိသေး၊ နေလင်းက ကြိုကြိုတင်တင်ပင် တမံပိတ်ကာ တုတ်ထားပစ်လိုက်သည်။ ပြဿနာ မီးတောက် မကြာခဏ ထတောက်နေမှန်း သိသော်လည်း ရေလှူတာကို ရပ်လိုက်ဖို့ နေလင်းတို့ စိတ်ကူးထဲမှာ မရှိ။ မဖြစ်ဖြစ်သည့်နည်းနှင့် ရှေ့ဆက်တိုးဖို့သာ ဆုံးဖြတ်ထားကြသည်။ ကြီးကျယ်ခမ်းနားပြီး ပကာသနကို ပွဲထုတ်သော အလှူအတန်းမျိုးလည်း မလုပ်နိုင်သဖြင့် တတ်အားသရွေ့လေး လှူဒါန်းနေကြခြင်းဖြစ်၏။ အလှူတစ်ခုမှာ စေတနာသည်သာ အဓိကကျသည်။ စေတနာသာမှန်လျှင် ရေအိုင်လေးလောက် လှူသော်ငြားလည်း သမုဒ္ဒရာကြီးလောက် အကျိုးပေးနိုင်သည် မဟုတ်လား။

'ဦးကလည်း ဗုဒ္ဓဘာသာတစ်ယောက်ပါ။ ငါတူတို့ရဲ့ အလှူဒါနကို ပိတ်ပင်တားဆီးတာမျိုး မလုပ်ပုံပါဘူး'

'ဒါဆို ဦးက ကျွန်မတို့ ရေလှူတာနဲ့ ပတ်သက်ပြီး ဘာပြောစရာရှိလို့ ခေါ်တွေ့တာလဲရှင့်'

'တကယ်တော့ ရေလုရင်း ရန်ဖြစ်လို့ ရုံးရောက်တယ်ဆိုတာ ဘေးလူတွေကြားရင် ရှက်စရာကြီးပါ။ ရပ်ကွက်ကိုလည်း လူအထင်သေးစေတာ အမှန်ပဲ။ ဆိုတော့ အဲဒါမျိုးတွေ နောက်ထပ် မဖြစ်ရအောင်၊ ငါတူတို့ရဲ့ အလှူဒါနလည်း ရေရှည်တည်တံ့အောင် ရေလှူတဲ့ စနစ်သစ်လေးတစ်ခုကို ဖော်ဆောင်ဖို့ အကြံပြုချင်လို့ပါ။ အဲဒီစနစ်က ခေတ်နဲ့ ကိုက်ညီမှုရှိသလို ငါတူတို့ ကျင့်သုံးနေတဲ့ စနစ်ထက်လည်း ပိုကောင်းမယ်လို့ ဦးမျှော်လင့်ပါတယ်'

ဦးဝင်းကြိုင်၏ အပြောက နေလင်းတို့ကို ညှို့ယူဆွဲဆောင်လိုက်နိုင်သည်ဟု ဆိုရမည်။ ဒါကို နေလင်းတို့၏ အာရုံစူးစိုက်မှုတွေက ဦးဝင်းကြိုင်၏ လှုပ်ရှားနေသော နှုတ်ခမ်းနှစ်လွှာပေါ်မှာ နစ်ဝင်ကုန်ကြတာကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်၏။ ဦးဝင်းကြိုင်က သူစဉ်းစားထားသော ရေလှူဒါန်းရေးလမ်းစဉ်ကို ဖြည်းညင်းစွာ ရှင်းလင်းတင်ပြသည်။ လုပ်ဆောင်ရမည့် အခန်းကဏ္ဍက အများကြီး မပါရှိသလို ခက်ခက်ခဲခဲရှိတာလည်း မဟုတ်။ ဦးဝင်းကြိုင်ပြောခဲ့သလို ခေတ်နှင့်လည်း အံဝင်ခွင်ကျရှိသည်မို့နေလင်းတို့ သဘောကျသွားကြ၏။ သုံးပွင့်ဆိုင် ဆွေးနွေးပွဲသည် နေလင်းတို့ ခေါင်းညိတ်လိုက်ခြင်းဖြင့် အောင်မြင်စွာပြီးဆုံးသွားခဲ့ပြီ။

နောက်တစ်နေ့ မနက်ခင်းရောက်တော့ နေလင်းတို့ အိမ်ရှေ့ရှိ ဗိုက်ဘုတ်ပေါ်မှ စာသားများ ပြောင်းနေပြန်သည်ကို ရပ်ကွက်တွင်းရှိလူများ တွေ့ကြရ၏။ ဒီတစ်ခါ ပြောင်းလဲရေးသားထားသည်က ခါတိုင်းနှင့် မတူ။ ခါတိုင်းလို စည်းကမ်းချက် အသစ်ထပ်တိုးခြင်း မဟုတ်ဘဲ ထုတ်ထားသမျှ စည်းကမ်းချက်တွေကို ဖျက်ပစ်ကာ အသစ်ပြန်လည်ရေးသားထားခြင်းပင်။

'ယနေ့မှစတင်၍ ရေဆယ်ကန်အတွက် ကံထူးရှင်ငါးဦးကို နေ့စဉ် မဲနှိုက်ပြီး ရွေးချယ်ပါမည်။ မဲပေါက်သူများအနေဖြင့် မိမိရရှိသော ရေနှစ်ကန်ကို ကြိုက်နှစ်သက်သလို သုံးစွဲခွင့်ရရှိမည်ဖြစ်ပါသည်။ အငြင်းပွားဖွယ်ရာကိစ္စများ ဖြစ်ပေါ်လာပါက ကုသိုလ်ရှင်၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါသည်'

နေလင်း+ဖြူဖြူ

'ကံစမ်းမဲကို နှစ်ခါပြန် မနှိုက်ရ။ အသက် ဆယ့်ရှစ်နှစ် မပြည့်သေးလျှင် မဲနှိုက်ခွင့် မရှိ။ မဲပေါက်သောရေကို ပြန်ရောင်းမစားရ။ အိမ်ထောင်စုတစ်စုလျှင် တစ်ဦးသာ မဲနှိုက်ခွင့်ရှိသည်။ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ထိရောက်စွာ အရေးယူခြင်း ခံရမည်'

ပုံ/ဝင်းကြိုင်
အုပ်ချုပ်ရေးမှူး

ခေါင်းသုံးလုံး ပေါင်း၍ ထုတ်ပြန်လိုက်သော စနစ်တစ်ခုသည် ဉာဏ်ရောင်စုံပိုင်ရှင်များကြားတွင် ဘယ်လောက်ကြာအောင် သရဖူဆောင်းထားနိုင်မည်နည်း။ စိတ်ရှည်လက်ရှည်နှင့် စောင့်ကြည့်ရပေဦးမည်။

■

မော်မော့်မောင်

www.burmeseclassic.com

# စင်ကာပူသစ်ကိုင်းထက်မှာ


## နိုင်မြင့်




၁။
မိန္ဒယ်ရယ်၊ နင်နဲ့
ပင်နင်ဆူလာမှာ
မမျှော်လင့်ဘဲ
ပြန်တွေ့လိုက်ရတော့
ငါ့အရမ်း
ဝမ်းသာသွားတယ်။
တို့တွေ မတွေ့ရတာ
ဆယ်တန်းဖြေပြီး
ကတည်းက မဟုတ်လား။
တွေ့တွေ့ချင်း
ငါ ဖိုးဒီပေါက်သလိုကို
ပျော်သွားတာ။
'ငါ ဒီမှာ စာရင်းကိုင်
လုပ်နေတယ်။ နင်ရော
ဘာတွေလုပ်
နေသလဲ ဝေမာ'လို့
နင်ကမေးတော့
'ဒီလိုပါပဲဟာ'လို့
ငါ ပြန်ဖြေခဲ့တယ်။
နင်ကတော့ ငါ့ကို
သူငယ်ချင်းအချင်းချင်း
လျှိုတယ်ထင်မှာပေါ့။
ငါ နင့်ကို
ဘာထိမ်ချန်ထားစရာ
ရှိသလဲ မိန္ဒယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၂၉၁၊ ဖေဖော်ဝါရီ ၂၀၁၄
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည် ၈/ဆုံး

နင့်ဘေးမှာ အတူပါလာတဲ့
ကောင်မလေးနှစ်ယောက်
ရှေ့မှာမို့ အမှန်အတိုင်း
မပြောဖြစ်တာပါ။
နင် ငါ့ကို
နားလည်ပေးပါ
မိနွယ်ရယ်။ ငါကလည်း
နင့်လို
ငယ်သူငယ်ချင်း
တစ်ယောက်ဆီမှာ
ငါ့ဘဝ၊



www.burmeseclassic.com

www.burmeseclassic.com

ငါ့အကြောင်းတွေကို ရင်ဖွင့်ချင်နေတဲ့သူပါ။ ငါ သင်းကွဲငှက်တစ်ကောင်လို ခံစားနေရတာ ဒီကို ရောက်ကတည်းက ဆိုပါတော့။ အစပိုင်းမှာ အိမ်လွမ်းဝေဒနာတင် မဟုတ်ဘူး၊ အရာရာတိုင်းကို လွမ်းတာ။ စင်ကာပူမှာ ဥဩသံတွေကို အမြဲလိုလို ကြားရတာ နင်အသိပဲလေ။ ဥဩသံကြားရတိုင်း မြန်မာပြည်ရဲ့ နွေဦးကိုသတိရတယ်။ ကုက္ကိုပင်ကြီးတွေကို မြင်လိုက်ရင်လည်း 'အခုအချိန်လောက်ဆိုတို့မြောက်ဥက္ကလာ အထက (၁)ရှေ့က ကုက္ကိုပင်ကြီးရဲ့ အရွက်တွေကြွေလုပြီ' လို့ တွေးပြီး မျက်ရည်ဝဲချင်တယ်။ ကုက္ကိုရွက်ကြွေတာနဲ့ မျက်ရည်ဝဲတာ ဘာဆိုင်လို့လဲလို့ နင်က ပြောမှာပေါ့။ တို့လိုအလွမ်းဓာတ်ခံရှိတဲ့သူတွေကတော့ မရဘူး မိန္ဒယ်၊ အရာရာတိုင်းဟာ လွမ်းစရာတွေချည်းပဲ။ နင်နဲ့မတွေ့ဖြစ်တဲ့ ဆယ်နှစ်တာ ကာလအတွင်းမှာ ငါ့ဘဝရဲ့အပြောင်းအလဲတွေက မြန်လွန်းတယ်။ ဆံပင်ညှပ်ဆိုင်က ဆုံလည်ကုလားထိုင်ကို လှည့်လိုက်သလိုပါပဲ။

❑

၂။

ငါ မှတ်မိသေးတယ် မိန္ဒယ်။ ဆယ်တန်းနှစ်တန်းက တို့အိမ်ရဲ့ငါးယောက်ကျူရှင်ဝိုင်းမှာ နင်ရယ်၊ ငါရယ်၊ မင်းထိုက်ရယ်၊ ဝေယံဝင်းရယ်၊ သွယ်သွယ်ထွန်းရယ် မဟုတ်လား။ လူအများကြီးနဲ့သင်ရင် စာမတတ်မှာစိုးလို့ အဖေနဲ့အမေက လူနည်းနည်းပဲ လက်ခံခဲ့တာလေ။ ဆရာတွေ

> ဆယ့်ခြောက်နှစ်
> သမီးအရွယ်
> အပျိုလေး
> တစ်ယောက်က
> လမ်းမပေါ်မှာ
> ရေသန့်လှည့်း
> တွန်းနေရတာ
> မဟုတ်လား
> ငါ့သမီးလေးတွေ
> လမ်းမပေါ်မှာ
> ရေသန့်လှည်း
> တွန်းရတဲ့ဘဝက
> လွတ်အောင်
> ဝိုင်းပြီးတော့ရော
> စဉ်းစား
> ပေးကြရဲ့လား
> လမ်းမပေါ်မှာ
> ထားရင်
> လမ်းမပေါ်က
> ကောင်နဲ့ ညားတာ
> သဘာဝပဲလေ

ကို လခရှင်းရင်လည်း အိမ်ကပဲ အရင်ကြိုစိုက်ရှင်းပေးနေကျပဲလေ။ အဲဒီတုန်းက တို့အိမ်ရဲ့စီးပွားရေးကလည်း နာမည်ကြီး ထီဆိုင်ကြီးတစ်ခုရဲ့လက်ခွဲဆိုတာ နင် သိပါတယ်။ တို့အိမ်မှာ ထီရောင်းတဲ့ ကောင်မလေးတွေပဲ မရှိဘူးဆို ခုနစ်ယောက်၊ ရှစ်ယောက်ရှိတယ်။ ငါ့မွေးနေ့ပွဲဆိုရင်လည်း အိမ်က ခမ်းခမ်းနားနားကျင်းပပေးတယ်။ သူငယ်ချင်းတွေကို ဖိတ်၊ ဆရာတွေကိုဖိတ်နဲ့။ တို့တွေ ပျော်ပျော်ပါးပါးမွေးနေ့ကိတ်တွေလှီးကြတာ၊ ဖယောင်းတိုင်တွေကို ထွန်းကြတာကို နင် မှတ်မိဦးမှာပါ။

ပွင့်ပွင့်လင်းလင်း ပြောရရင် နင်တို့က အတွက်အချက်သန်သလောက် ငါက အားနည်းတယ်။ ငါက စာစီစာကုံးရေးရင် ပျော်ပေမဲ့ နင်တို့က စိတ်ရှုပ်တယ်။ နောက်ပြီး ငါက ကျောင်းစာအပြင်အပြင်စာတွေ ဖတ်ရတာ ဝါသနာပါတယ်လေ။ ဆရာအောင်သင်း၊ ဆရာ ဖေမြင့်နဲ့ ဆရာ နန္ဒာသိန်းဇံတို့ရဲ့ စာအုပ်တွေကို အရမ်းကြိုက်တယ်။ ဆယ်တန်း အောင်စာရင်းထွက်တော့ ငါတို့ငါးယောက်စလုံး နှစ်ချင်းပေါက်အောင်ခဲ့တယ်။ ငါ့အမှတ်တွေကတော့ မြန်မာစာ တစ်ဘာသာတည်း ခြောက်ဆယ်ကျော်ရပြီး ကျန်တဲ့ဘာသာတွေမှာတော့ လေးဆယ်၊ လေးဆယ့်တစ်တွေနဲ့ချည်းပဲ မဟုတ်လား။ နင်ကတော့ အီကိုဂုဏ်ထူးပါပြီး စီးပွားရေးတက္ကသိုလ်တက်ကတည်းက တို့တွေ လူချင်းကွဲသွားခဲ့ရတာပဲလေ။ နောက်ပြီး နင်တို့မိသားစုက မြောက်ဥက္ကလာကနေ သဃ်န်းကျွန်းကို ပြောင်းသွားတာလည်း ပါတာပေါ့။

❑

၃။

တို့သူငယ်ချင်းတွေလည်း မေဂျာတွေ အသီးသီးကွဲကုန်တယ်။ ငါလည်း ကိုယ်စိတ်ဝင်စားတဲ့ မြန်မာစာယူပြီး ကျောင်းပြီးခဲ့တယ်။ တက္ကသိုလ်ကျောင်းသူဘဝမှာလည်း ပြောပလောက်စရာ ဇာတ်လမ်းတွေ မရှိခဲ့ပါဘူး။ ယောကျ်ားလေးတွေနဲ့ ကင်တီး(နှ)အတူတူဆင်းပေမဲ့ သူငယ်ချင်းအဆင့်ထက် မပို... ဘူး။ ဌာနက ဆရာမတွေ... လည်း ငါ့ကို တော်... လေး ခင်ကြပါတယ်။ ... ဝိဇ္ဇာတန်းဆက်တက်ဖို့ ... မီပေမဲ့ မတက်ဖြစ်ရတဲ့ ... လုံတဲ့ အကြောင်းရင်း... ကပေါ်လာတယ် မိန္ဒယ်။ ... ကျောင်းပြီးခါစ၊ နိုင်မာ ... တန်းတက်ခါစ၊ သက်မာ ... တန်းတက်ခါစ နှစ်က... ပြဿနာကတော့ အိမ်... အဖေရောအမေပါ တစ်... နှစ်လုံး၊ သုံးလုံးဆို... လောင်းကစား ကြိုး... ချောင်းတွေရဲ့ ချည်နှော... ဒဏ်ကို ခံလိုက်ရတာ... အမေက နှစ်လုံးထီထိုးတ... အဖေက နှစ်လုံးထီရော ... ထီရော ထိုးရုံသာမက... ဘောလုံးပွဲတွေပါလောင်း... တယ်။ နှစ်လုံးထီ ထိုးတ... အပျော်သက်သက် ထိုး... မဟုတ်ဘူး။ ဂဏန်းတွေ... နှစ်လုံး၊ သုံးလုံး တစ်... နက်ပတ်တာ။ အတိတ်... စာရွက်တွေဖတ်တယ်။ ... တော်ယောင် ဘာယော... ယောင်လူတွေ ပြောသ... အကုန်ထိုးတယ်။ အိမ်က... ဆိုင်ကိုလည်း အလုပ်သမ... တွေနဲ့ လွှဲထားတယ်။

အဖေက ညဉ့်နက်သ... ခေါင် ပွဲတွေကို အိပ်ရေးပျ... ခံပြီး ကြည့်တယ်။ ဟန်း... တစ်လုံးနဲ့ လောင်းတယ်... အဖေက ဘောလုံးပွဲရှုံး၊ အ... က နှစ်လုံးထီမပေါက်... အခါမျိုးဆို သမီးတွေ... ပညာရေးကို လုံးဝ စိတ်... စားဘူး။ လေ့မျော... လိုက်၊ ငွေမျော... ငွေနဲ့လို...



www.burmeseclassic.com

www.burmeseclassic.com

နှံပဲ ကြိုးစားနေကြတယ်။ ဒါပေမဲ့ ဆုတ်လေ၊ မြုပ်လေပါပဲ မိန္နယ်ရယ်။ တစ်နေ့ကျတော့ သူရှင်းတုန်း အမေက ငါ့ကို ခေါ်တယ်။ သူ့မျက်နှာကို အကဲခတ်ရတာ တစ်ခုခုကို ပြောချင်နေတဲ့ပုံပဲ။

'သမီး၊ အခုတလော ညည်းအဖေ မှိုင်နေတာ သတိထားမိရဲ့လား' ဆိုတဲ့ အမေ့လေသံက တော်တော်လေး နားစိုက်ထောင်ရတယ်။

'သတိထားမိတယ် အမေ။ အခုတလော အဖေ မှိုင်မှိုင်နေတယ်။ ညတိုင်းလိုလိုလည်း အရက်သောက်တာ တွေ့တယ်။ သမီးအထင်တော့ ဘောလုံးပွဲတွေ၊ နှစ်လုံးထီတွေ ရှုံးလို့နဲ့တူတယ်'

'အဲဒါတွေလည်း ပါတာပေါ့။ ပွင့်ပွင့်လင်းလင်း ပြောရရင် အမေတို့စီးပွားရေး အခြေအနေ မကောင်းတော့ဘူး။ အမေနဲ့ ညည်းအဖေ နှစ်ယောက်ပေါင်းပြီး နှစ်လုံးထီထိုးတာတွေရော၊ သူ ဘောလုံးပွဲလောင်းတာတွေရော ပေါင်းလိုက်ရင် တော်တော်ရှုံးတယ်။ အမေတို့လည်း ဖြစ်ခါစမှာ ဟိုလူ့ဆီက အတိုးနဲ့ချေး၊ ဒီလူ့ဆီက အတိုးနဲ့ချေးပြီး ဆက်လိုက်သေးတယ်။ အခုတော့ အတိုးတွေလည်း နစ်နေပြီ။ ဆက်လိုက်စရာလည်း မရှိတော့ဘူး။ ဒီတော့ အိမ်ရောင်းပြီး အကြွေးဆပ်ရမှပဲ ရှိတော့တယ်'လို့ ပြောတယ်။ အမေ့စကား ကြားရတော့ ငါလည်း ငယ်ထိပ်ကို မြွေပေါက်ခံလိုက်ရသလိုပါပဲ။

'ထီဆိုင်က ပုံမှန်ရောင်းနေရတာပဲ မဟုတ်လား'လို့ ငါက မေးလိုက်တော့...

'အဲဒါလည်း အမေတို့မှာ ထီကြွေးတွေ အများကြီး ပေးစရာရှိတယ်။ နောင်ကျမှ ရှင်းပါ့မယ်ဆိုပြီး တောင်းပန်ထားရတာ'

'ဘယ်လောက်တောင် ရှုံးလို့လဲ'

အမေက လက်သုံးချောင်း ထောင်ပြတယ်။

'သုံးဆယ်လား အမေ' ဆိုတော့ အမေက ခေါင်းခါတယ်။

'သုံးဆယ်လောက်နဲ့တော့ ဘယ်ပြောပါ့မလဲ သမီးရယ်။ သုံးရာ'

'ဟင်'

ငါ့အနေနဲ့ မယုံကြည်နိုင်လောက်တဲ့ ပမာဏဆိုတော့ မခံစားနိုင်ဘူးဟာ။ ငါ အမေ့ကိုဖက်ပြီး ငိုတော့ အမေကလည်း ငါ့ကိုပြန်ဖက်ပြီး ငိုတယ်။

အဲဒီညက ငါတစ်ညလုံး အိပ်လို့မပျော်ခဲ့ဘူး။ ငါ့အဖို့ တစ်ညတာဟာ သံသရာခရီးတစ်ခုလိုပါပဲ။ ချွေးစေးတွေကပြန်၊ အိပ်ရာပေါ်မှာ ဟိုဘက်လူးလိုက်၊ ဒီဘက်လူးလိုက်နဲ့ အတွေးဝင်္ကပါထဲမှာ ပတ်ချာလည်နေတယ်။ လောလောဆယ်နေတဲ့ နှစ်ထပ်တိုက်ကလေးကို ရောင်းရရင် သိန်းလေးရာလောက် ရနိုင်တယ်။ အကြွေးက သိန်းသုံးရာလောက် ဆပ်ရမှာဆိုတော့ သိန်းတစ်ရာလောက် ပိုထွက်လာနိုင်သေးတယ်။ အဲဒီ သိန်းတစ်ရာလောက်နဲ့ မြောက်ဥက္ကလာ တချို့ရပ်ကွက်တွေမှာ ဆယ်ပေအိမ်လေးတစ်လုံးဝယ်ပြီး နေမယ်ဆိုရင် ဖြစ်နိုင်တယ်။ ဒါပေမဲ့ အိမ်ဝယ်လိုက်ရင် လက်ထဲမှာ ရင်းနှီးစရာမှ မကျန်တော့တာ။ ဘာနဲ့လုပ်ကိုင်စားသောက်ကြမတုံး။ ငါက သမီးအကြီးဆုံး မဟုတ်လား။ ဒီတော့ အိမ်ရဲ့ကောင်းကျိုးဆိုးကျိုးကို တာဝန်ယူဖို့ ငါ့ပခုံးပေါ် အလိုလိုရောက်လာတာပဲလေ။

နောက်ဆုံးမှာ ထီဆိုင်ကို ဖြုတ်လိုက်ရတယ်။ ဆိုင်မှာ ငှားထားတဲ့ ကောင်မလေးတွေကလည်း အကုန်လုံးလိုလို နယ်ကချည်းပဲဆိုတော့ ခရီးစရိတ်ပေးပြီး နယ်ပြန်လွှတ်လိုက်ရတယ်။ ငါတို့တိုက်ကို သိန်းလေးရာနဲ့ရောင်းပြီး သိန်းသုံးရာ အကြွေးဆပ်လိုက်ရတယ်။ ယောကျ်ားက ဘောလုံးပွဲလောင်း၊ မိန်းမက နှစ်လုံးထီရှုံးလို့ တိုက်ရောင်းပြီးအကြွေးဆပ်ရတာလို့ ပတ်ဝန်းကျင်က ကဲ့ရဲ့သံဂြိုဟ်စကားတင်းဆိုကြမှာပေါ့ဟာ။ ဒါပေမဲ့ အဲဒီအသံတွေကို ပြန်ကြားရတဲ့အခါ ငါခံနိုင်ရည်ရှိပါတယ်။ ဖတ်ထားတဲ့ စာအုပ်ကောင်းတွေရဲ့ကျေးဇူးကြောင့်ပဲ ဆိုပါတော့။

❑

၄။

အိမ်ရောင်းပြီး အကြွေးဆပ်လိုက်ရပြီးတဲ့နောက်မှာ တို့နေတဲ့ရပ်ကွက်နဲ့ နည်းနည်းလှမ်းတဲ့ ရပ်ကွက်လေးတစ်ခုမှာ လုံးချင်းအိမ်ကလေး ငှားပြီးနေကြတယ်။ အဖေ့ကို ကြည့်ရတာလည်း စိတ်ဓာတ်ကျနေတဲ့ပုံပဲဟာ။ ဘာအလုပ်ကိုမှ စိတ်မဝင်စားတော့ဘူး။ ဘောလုံးပွဲကိုစသာ မလောင်းတော့တာ၊ ဘောလုံးပွဲ ကြည့်ချင်တဲ့စိတ်က မပျောက်ဘူး။ သူကြိုက်တဲ့ မန်ယူပွဲဆို ညဦးနက်သန်းခေါင် ဘယ်အချိန်ပဲလာလာ၊ အိပ်ရေးပျက်ခံပြီး မလွှတ်တမ်း ထကြည့်တာ။ နှစ်လုံးထီကိုသာ မထိုးတော့တာ၊ ဘာဂဏန်း ထွက်သလဲဆိုတာကို နားစွင့်နေတုန်းပဲ။ အဖေကလည်း ဘာမှမလုပ်။ အမေကလည်း အဖေ့ရဲ့ဦးဆောင်မှုအောက်မှာ တစ်သက်လုံးနေခဲ့ရတဲ့သူဆိုတော့ ကြံရည်ဖန်ရည် မရှိဘူး။ ဘာအလုပ်မှ မလုပ်ဘဲ ရှိတာထိုင်စားလိုက်ကတော့ ပိုက်ဆံကုန်တဲ့နေ့မှာ ခွက်ဆွဲရလိမ့်မယ်။ ငါတို့မိသားစုဟာ စက်ခေါင်းမဲ့နေတဲ့ မီးရထားတွဲလိုဖြစ်နေတယ် မိန္နယ်ရယ်။ ငါ့အမေနဲ့တိုင်ပင် ကြည့်လိုက်တယ်။

'အမေ၊ သမီးတို့ ဒီအတိုင်းဆက်သွားရင် ရှိတာကုန်ပြီး ဒုက္ခရောက်လိမ့်မယ်။ စီးပွားရေးတစ်ခုခုလုပ်မှ ဖြစ်မယ်'

'ညည်းအဖေက သူကြီးလုပ်လာတဲ့သူဆိုတော့ ဆယ်အိမ်ခေါင်းရာထူးလောက်ကို မလုပ်ချင်တော့ဘူး။ အခုအချိန်မှာ သမီးလည်း ဘွဲ့ရတစ်ယောက် ဖြစ်နေပြီပဲ။ အမေ သမီးကို အားကိုးချင်တယ်'

'ဘာစီးပွားရေးလုပ်ရင် ကောင်းမလဲ အမေ'

'အမေလည်း တစ်နေ့တစ်နေ့ စဉ်းစားရလွန်းလို့ ဆံပင်တွေ တစ်နေ့တခြား ဖြူလာပါပြီအေ။ လောလောဆယ် တွေးထားတာတွေ အများကြီးပဲ။ ဒါပေမဲ့ အမေ ဝေခွဲလို့ မရသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးမှာတော့ ငါ ကပဲ အစိက ဆုံးဖြတ်ချက် ချရတော့မယ် ဆိုတာကို သိလိုက်ရတယ် မိန္နယ်။

အဲဒီမှာတင် စိတ်ညစ် စရာ ကိစ္စတစ်ခု ကြုံလိုက် ရသေးတယ်။ အဲဒါကတော့ ငါ့ညီမလတ် ခိုင်မာ ဆယ်တန်း ကျတာပဲ။ သူ ဆယ်တန်း ရောက်တဲ့အချိန်မှာ တို့အိမ် စီးပွားရေး ဂရပ်မျဉ်းကျတဲ့ အချိန်နဲ့ပဲ ကြုံလို့လား မပြော တတ်ပါဘူးဟာ၊ ပညာရေး ကို စိတ်မပါဘူး။ ငါလည်း သူ့ကို တစ်နေ့တခြား သွန် သင်ဆုံးမလိုက်ရတာ ပါးစပ် အမြှုပ်ထွက်မတတ်ဘဲ။ ဘဝ အတွက် အကျိုးရှိမယ့် စာ အုပ်တွေ ပေးဖတ်ပြန်တော့ လည်း မအောင်မြင်ပါဘူး။ သူက စာကြီးပေကြီး အသာ ထား၊ ကာတွန်းစာအုပ် တောင် ဖတ်တဲ့သူ မဟုတ် တော့ အခက်သား။

'မမ၊ ခိုင်မာ ဆယ်တန်း ပြန်မဖြေချင်တော့ဘူး။ ဈေး ထွက်ရောင်းချင်တယ်' လို့ ပြောတယ်။ သူကလည်း ဆယ့်ခြောက်နှစ် ရှိပြီဆိုတော့ လောလောဆယ် ရှိတာထိုင် စားနေတဲ့ အိမ်ရဲ့စီးပွားရေး ကို ကောင်းကောင်း သဘော ပေါက်နေပြီပေါ့။

ဘာလုပ်ရရင် ကောင်း မလဲဆိုပြီး ခေါင်းစားနေတုန်း ဒဂုံတက္ကသိုလ်မှာ ငါနဲ့ တစ် မေဂျာတည်း အတူတူတက် လာတဲ့ ဖြိုးသူနဲ့ တွေ့တယ်။ ဖြိုးသူကို နင်သိမယ်မထင်ပါ ဘူး။ သူက အရင်တွေ့ပြီး လှမ်းခေါ်တာ။ နှင်းတွေဝေ နေတဲ့ ဆောင်းတွင်းမနက်ခင်း တစ်ခုမှာပေါ့။

**စင်ကာပူမှာ အိမ်ဖော်လုပ်ရတာ တချို့လူတွေ ကတော့ ဂုဏ်ယူကြမလား မသိဘူး အိမ်ရှင်တွေ အတွက် လုပ်ပေးစရာ ဆယ်ခုရှိရင် ကိုးခုကို ကောင်းအောင် လုပ်ပေးပေမဲ့ တစ်ခုလောက် ချို့ယွင်း သွားလို့ရှိရင် ပြောလို့ မဆုံး နိုင်အောင်ပါဘဲ**

'ဟော့ ဝေမာ၊ နင် ဈေး သွားမလို့လား'

'ဟာ ဖြိုးသူပါလား။ ဟုတ်တယ်။ ငါဈေးသွား မလို့။ ဒါနဲ့ နင်အခု ဘာတွေ လုပ်နေသလဲ'

'ငါ ရေသန့်ကုမ္ပဏီတစ် ခုမှာ ကားမောင်းနေတယ်။ ဒရိုင်ဘာပေါ့ဟာ။ တို့ကုမ္ပဏီ က ရေသန့်ဘူးတွေကို လက် ကားလိုက်ဖြန့်တာဟ။ လက် လီပြန်ရောင်းချင်တဲ့သူတွေဆီ ကိုလိုက်ပို့ပေးတာ' ဆိုတဲ့ ဖြိုး သူရဲ့စကားကို ငါကြားလိုက် ရတော့ စိတ်ဝင်စားသွား တယ်။ အဲဒါနဲ့ပဲ သူ့ကို

အသေးစိတ်မေးလိုက်တော့ ဖြိုးသူက ရှင်းပြတယ်။

'တို့က ရေသန့်ဘူးကြီး တစ်ဘူးကို တစ်ရာ့ငါးဆယ် နဲ့ပို့တာဟ။ လက်လီရောင်း တဲ့ သူတွေကတစ်ဘူးကို သုံး ရာနဲ့ပြန်ရောင်းတာလေ။သူတို့ က ထက်ဝက်မြတ်တာပေါ့။ ဒါပေမဲ့ သူတို့က နေပူမရှောင်၊ မိုးရွာမရှောင် အိမ်တိုင်ရာ ရောက် လိုက်ပို့ရတယ်'

'အဲဒါဆိုရင် ငါ ရေ သန့်ဘူး လက်လီရောင်းချင် တယ်။ နင် လာပို့ပေးလို့ရမ လား'

'ရတာပေါ့။ တို့က ကားနဲ့ လိုက်ပို့နေကျပဲ။ ဒါနဲ့ ဘယ်သူပို့မှာလဲ'

'ငါတို့ ညီအစ်မနှစ် ယောက် လိုက်ပို့မှာပေါ့'

'ဖြစ်ပါ့မလား။ ပင်ပန်း တယ်နော်။ လူငှားပါလား'

'လူငှားရင် အမြတ် နည်းမှာပေါ့ဟာ။ အချင်းချင်း ပွင့်ပွင့်လင်းလင်းပြောရရင် တို့အိမ် စီးပွားရေး အခြေအနေ မကောင်းဘူး ဖြိုးသူ။ ငါ စီး ပွားရေးတစ်ခုခု လုပ်ရတော့ မယ်'

အဲသလိုနဲ့ အတိုချုပ် ပြောရရင် ငါရေသန့်ဘူး လိုက်ပို့တဲ့အလုပ်ကို လုပ်ဖြစ် တယ်ဆိုပါတော့ဟာ။ မနက် စောစောဆိုရင် ဖြိုးသူက ကားနဲ့လာပြီး ရေသန့်ဘူးတွေ ကို အိမ်ရှေ့မှာ လာချပေးသွား တယ်။ တို့ညီမနှစ်ယောက်က ရေသန့်ဘူးကြီး ဆယ်ဘူး လောက်ပါတဲ့ တွန်းလှည်းကို မြောက်ဥက္ကလာ လမ်းကြို၊ လမ်းကြားပတ်ပြီး တွန်းရ တာ။ နေပူမရှောင်၊ မိုးရွာ မရှောင် တွန်းရတာဆိုတော့

အသားတွေ နေလောင်မှာ[illegible] လို့ အင်္ကျီလက်ရှည်ဝတ်[illegible] တယ်။ သနပ်ခါး အထူ[illegible] လိမ်းပြီး နီးဦးထုပ်ဆောင်[illegible] တယ်။ ထဘီနဲ့ ရေသန့်ဘူ[illegible] လှည်း တွန်းရတာ အဆ[illegible] မပြေတော့ သရီးကွာတာ[illegible] ဘောင်းဘီနဲ့ပေါ့ဟာ။ ရေသ[illegible] ရောင်းရင်း ပြဿနာတစ်[illegible] ကြုံရသေးတယ်။ တစ်ခါ[illegible] လေ မနက်ကိုးနာရီလော[illegible] ဖြိုးသူရဲ့ ရေသန့်ကား လာ[illegible] အခါမျိုးမှာ လက်ထဲ ချ[illegible] ချင်းလက်ငင်း ရှင်းစရာ ငွေ[illegible] မပြည့်ဘူး။

'ဖြိုးသူ၊ ငါ့လက်ထဲမှာ[illegible] ရေသန့်ဘူးဖိုး ရှင်းစရာ ငွေ[illegible] မပြည့်သေးဘူး။ အဲဒါ' ဆို[illegible] စကားတုံ့ဆိုင်းဆိုင်း ဖြစ်[illegible] လို့ ဖြိုးသူက လက်ကာ[illegible] တယ်။

'ငါ သဘောပေါက်[illegible] တယ် ဝေမာ။ နင် ငါ့ကို အ[illegible] ရှင်းစရာ မလိုသေးဘူး။ န[illegible] ဖောက်သည်အိမ်တွေ လို[illegible] ပို့လိုက်ဦး။ ညနေ မိုးချုပ်ခါ[illegible] မှပဲ ငါတစ်ခေါက်ပြန်[illegible] မယ်။ ဖြစ်တယ်မဟုတ်လား'

'ကျေးဇူးတင်လိုက်တာ[illegible] ဟာ။ ညနေဆိုရင် အဆ[illegible] ပြေလောက်ပြီ'

ဒါနဲ့ပဲ ညနေဘ[illegible] ဖြိုးသူ ပိုက်ဆံလာတောင်း[illegible] အခါ အဖေနဲ့တွေ့တယ်[illegible] အဖေက ဖြိုးသူကို လူ[illegible] အရတောင် ပြုံးမပြဘူး[illegible] ဖြိုးသူက…

'ဦးလေး၊ နေကောင်[illegible] လား' လို့ မေးတော့ ခေါ[illegible] ညိတ်၊ ခေါင်းခါကလွဲပြီး [illegible] ခွန်းမှ ပြန်မပြောဘူး။ ဖြိ[illegible] ကလည်း အဖေရဲ့ သဘော[illegible] ထား ဘာလဲဆိုတာ ရိပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တာပေါ့ မိန္ဓယ်ရယ်။ ကြားထဲကနေပြီး ငါ ဖြိုးသူကို အားနာလိုက်ရတာ။ ဖြိုးသူ ပြန်သွားတော့ အဖေက မေးတယ်။

'သမီး၊ အဲဒီ ရေသန့်ကားမောင်းတဲ့ကောင်လေးက အရင်တုန်းက မနက်တစ်ခေါက်ပဲလာတာပါ။ အခုဘာဖြစ်လို့ ညနေတစ်ခေါက်ထပ်လာတာလဲ'

အဖေ့ရဲ့လေသံကလည်း ဖြိုးသူနဲ့ငါ့ကို သင်္ကာမကင်းတဲ့အသံ။ ငါဘာပြန်ပြောရမှန်း မသိဘူး။ ဖြေရှင်းချက်လည်း မထုတ်ချင်ဘူး။ ဖြိုးသူက ရိုးရိုးသားသား စေတနာနဲ့ကူညီတာ။ သူ့ယယ်ချင်း အချင်းချင်းဆိုပေမဲ့ ငွေကြေးနဲ့ပတ်သက်ပြီးပြောရတာ ဘယ်လောက် မျက်နှာငယ်ရသလဲ။ အရင်တုန်းက ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေလာရတဲ့ သူတစ်ယောက်က လမ်းမပေါ်မှာ မိန်းကလေးတန်မဲ့ ရေသန့်ဘူးလှည်း တွန်းရတာ ဘယ်လောက်ရင်နာဖို့ကောင်းသလဲ။ သူများတွေလို အဝတ်အစား ကြော့ကြော့မော့မော့လေးဝတ်ပြီး ထမင်းချိုင့်ဆွဲ၊ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ရင်ရော ဒီလောက်ဝင်ငွေရပါ့မလား။ သြော် ဒါနဲ့ စောစောကအကြောင်း ပြန်ဆက်ကြရအောင်။ ငါလည်း အဖေ့မေးခွန်းကို 'လိုအပ်လို့ ပြန်လာတာပေါ့'လို့ တုံးတိတိပြောပြီး အနားက ထွက်သွားလိုက်တယ်။ အဲဒီမှာတင် အဖေက ပွစိပွစိ လုပ်တော့တာပါပဲ။

'နင်တို့က ငါ့ရှာကျွေးနိုင်တဲ့ အချိန်တုန်းကတော့ ဟုတ်နေတာပဲ။ အခုလို နင်တို့တစ်လှည့် ပြန်ပြီးရှာကျွေးရတဲ့ အချိန်လည်းရောက်ရော မေးတာကိုတောင် ကောင်းကောင်းမွန်မွန် မဖြေချင်ဘူး။ ဘုန်းကြီးလို့ အသက်မရှည်၊ အသက်ရှည်လို့ ဘုန်းမကြီးတဲ့ ဟာတွေ'

အဲဒီမှာတင် ခိုင်မာက ဝင်ပြီးရှင်းပြတယ်။

'မဟုတ်ဘူးအဖေ။ ကိုဖြိုးသူက ပိုက်ဆံသိမ်းဖို့ ရောက်လာတာ။ မနက်တုန်းက တစ်ခါတည်းရှင်းဖို့ သမီးတို့လက်ထဲမှာ ပိုက်ဆံမပြည့်သေးလို့'

'အေး အဲဒါဆိုလည်း ပြီးတာပဲ။ နင်တို့က မေးလိုက်ရင် ကောင်းကောင်းမွန်မွန် မဖြေချင်ကြဘူး'

သားသမီးက မိဘကို ကောင်းကောင်းမွန်မွန် ပြန်မပြောတာ ရိုင်းမှန်း ငါ သိတာပေါ့။ ဒါပေမဲ့ ဘဝအမောက ဖိစီးလာတဲ့အခါ ဘာမှ ပြန်မရှင်းပြချင်အောင် ဖြစ်သွားတယ်။ အဖေနဲ့ တို့ညီမနှစ်ယောက်ကြားက ပဋိပက္ခလေးတွေကတော့ အနည်းနဲ့အများပဲ။ သက်မာကတော့ ငယ်သေးတော့ ပြဿနာထဲမှာ သူ မပါဘူး။ အဖေကလည်း နန်းကျဘုရင်တစ်ပါးရဲ့ခံစားချက်မျိုးက သူ့မှာ ရှိနေတာကိုး။ အမေ့ကို ငါရှင်းပြလိုက်တယ်။ အဖေ့နားကို ပြန်ရောက်စေချင်တာလည်း ပါတာပေါ့။

'တကယ်တော့ ဖြိုးသူက သူငယ်ချင်းအချင်းချင်း သဘောရိုးနဲ့ကူညီတာ။ သမီးအပေါ်မှာလည်း ဘာမရိုးမသားစိတ်မှ ရှိတာမဟုတ်ဘူး။ နောက်ပြီး အချိန်တန်ရင် ယူရမယ့် ကောင်မလေးသူ့မှာရှိတယ်။ တစ်နေ့တည်းကားနှစ်ခေါက်မောင်းပြီးလာတာ သူ့ကုမ္ပဏီကသိရင် ခွာတ်ဆီပိုကုန်တယ်ဆိုပြီး ပြဿနာတောင် တက်နိုင်သေးတယ်'

အဲဒီလို ရေသန့်လုပ်ငန်းနဲ့ အခြေကျမယ်ကြံကာရှိသေး ဘယ်လိုမှ ထင်မထားတဲ့ ကိစ္စတစ်ခု ကြုံလိုက်ရတယ် မိန္ဓယ်ရေ။ အဲဒါကတော့ ခိုင်မာတစ်ယောက် လင်နောက်လိုက်ပြေးတာပဲ။ ရိုးရိုးတန်းတန်းပြေးတာမဟုတ်ဘူး။ ရေသန့်ဖိုး ငွေတွေကိုပါ ယူပြီး ထွက်ပြေးတာ။ ယူတဲ့ကောင်လေးက ခရမ်းသုံးခွဘက်ကနေ မြောက်ဥက္ကလာမှာ ဆိုက်ကားလာနင်းတဲ့ကောင်လေး။ ပညာအရည်အချင်းကလည်းမရှိ၊ ဥစ္စာဓနကလည်း ဗလာနတ္ထိ။ သူ့ကို ဘာသွားအားကိုးလို့ရမှာလဲ။ ခိုင်မာ့ကိစ္စနဲ့ပတ်သက်ပြီး အဖေနဲ့ငါ့ကြားက ပဋိပက္ခ ပြန်နိုးလာတာပေါ့ဟာ။ ဒီလောက် ညီအစ်မနှစ်ယောက် ရေသန့်လှည်း အတူတူတွန်းကြတာ၊ ညီမရည်းစားထားတာတောင် မသိဘူးဆိုတာ အစ်မလုပ်သူ အသုံးမကျလို့တဲ့။ အပြစ်တင်တဲ့ လေသံနဲ့ကိုပြောတာ။ ဒါပေမဲ့ ငါ ဘာမှပြန်မပြောဘူး။ အဓိကကတော့ အမေ့ကို သနားလို့ပေါ့ဟာ။ အမေ့ခမျာ ယောကျ်ားကိုလည်းမပြောရဲ၊ သမီးတွေကိုလည်း အပြစ်မတင်ရဲတဲ့ ဘဝမျိုးရောက်နေတာ မဟုတ်လား။ ဒီကိစ္စ နင်စဉ်းစားကြည့်စမ်းပါ။ တကယ်မှ ရိုးရိုးလေး။ ဆယ့်ခြောက်နှစ်သမီးအရွယ် အပျိုလေးတစ်ယောက်က လမ်းမပေါ်မှာ ရေသန့်လှည်း တွန်းနေရတာ မဟုတ်လား။ ငါ့သမီးလေးတွေ လမ်းမပေါ်မှာ ရေသန့်လှည်း တွန်းရတဲ့ဘဝက လွတ်အောင် ဝိုင်းပြီးတော့ရော စဉ်းစားပေးကြရဲ့လား။ လမ်းမပေါ်မှာထားရင် လမ်းမပေါ်ကကောင်နဲ့သွားတာ သဘာဝပဲလေ။

❑

၅။

ရေသန့်လုပ်ငန်းက တို့ညီမနှစ်ယောက်အားနဲ့မှ ရတာ၊ အခု ခိုင်မာမရှိတော့လို့ ငါတစ်ယောက်တည်းလုပ်ဖို့ ဘယ်လိုမှ အဆင်မပြေနိုင်တော့ဘူးလေ။ ငါ ပတ်ဝန်းကျင်ပြောင်းပြီး အလုပ်လုပ်ချင်လာတယ် မိန္ဓယ်။ အဲဒီမှာတင် ငါ့အခက်အခဲကို ရိပ်မိနေတဲ့ ဖြိုးသူက····

'ဝေမာ၊ နင် စင်ကာပူသွားပြီး အလုပ်လုပ်ပါလား'

'ငါစိတ်ညစ်နေရတဲ့ကြားထဲ နင်ကတစ်မျိုး။ ငါ့မှာ ဘာအဆက်အသွယ် ရှိလို့သွားရမှာလဲ'

'ငါ့အဒေါ်တစ်ယောက် အေးဂျင့်တစ်ခုနဲ့ အဆက်အသွယ်ရှိတယ်။ သူကပဲ စင်ကာပူသွားပြီး အလုပ်လုပ်ချင်နေတဲ့ ဒီကကောင်မလေးတွေကို ဒိုင်ခံပို့ပေးနေတာ'

ဖြိုးသူရဲ့စကားကို ငါ နည်းနည်း စိတ်ဝင်စားသွားတယ်။ ဒါနဲ့ပဲ···

'အဆင်ပြေရင်တော့ သွားတာပေါ့ဟာ။ ငါ့ကို အဲဒီကိစ္စ စုံစမ်းပေးပါလား'

အတိုချုပ်ပြီး ပြောရရင် ငါစင်ကာပူရောက်ဖို့ အကြောင်းတိုက်ဆိုင်လာတာပေါ့ဟာ။ အေးဂျင့်ခက စင်ကာပူ ဒေါ်လာ နှစ်ထောင့်လေးရာ ပေးရမယ်တဲ့။ ဒါပေမဲ့ ချက်ချင်းပေးစရာ မလိုသေးဘူး။ နောက်မှ လခထဲက ပြန်ဖြတ်မှာ။ အလုပ်ကလည်း ဘာအလုပ်ဆိုတာ တိတိကျကျ မသိရဘူး။ 'ကိုယ်လုပ်နိုင်တဲ့ အလုပ်ပဲ လုပ်ရမှာပေါ့ သမီးရယ်' လို့ အေးဂျင့် အန်တီက ပြောတယ်။ အေးဂျင့်ခ မပေးရဘူးဆိုပေမဲ့လည်း လေယာဉ်လက်မှတ်ခတွေ၊ အသုံးဆောင် ပစ္စည်းတွေအတွက် အထိုက်အလျောက် ငွေလိုလာပြန်ရော။ နောက်ပြီး စကားပြောသင်တန်းကိုလည်း အနီးကပ် တက်လိုက်ရသေးတယ်။ အဲဒီမှာတင် ရွှေနဲ့တူတာဆိုလို့ ရှားရှားပါးပါး ငါ့မှာ ကျန်နေသေးတဲ့ ငါးမူးသား ဆွဲကြိုးလေးတစ်ကုံးလည်း အနိစ္စသဘောနဲ့ ကိစ္စချောတော့တာပဲ။

စင်ကာပူသွားမယ့် မနက် မင်္ဂလာဒုံလေဆိပ်မှာ အမေနဲ့သက်မာက ငါ့ကို ဖက်ပြီး ငိုကြတယ်။ အဖေကလည်း မျက်နှာတော့မကောင်းဘူး။ အမေက တတွတ်တွတ်နဲ့မှာတယ်။ 'သမီးဟိုရောက်ရင် ကျန်းမာရေးကို ဂရုစိုက်နော်။ ရတနာသုံးပါးကို မမေ့နဲ့။ ဘုရားမှန်မှန် ရှိခိုးနော်။ ကိုယ့်ကိုယ်ကို အတတ်နိုင်ဆုံး ထိန်းနော်' ဆိုပြီး တဖွဖွ သတိပေးရှာတယ်။ ငါ့လို အဖြစ်မျိုး နင်လည်း ကြုံဖူးမှာပါ။ ဒါပေမဲ့ ငါစိတ်ခိုင်ခိုင်ထားပြီး အမေ့ရှေ့မှာ မျက်ရည်တစ်ပေါက်မကျအောင် ထိန်းထားနိုင်ခဲ့တယ်။ လေယာဉ်ပေါ်ရောက်တော့မှ ထိန်းထားတဲ့ မျက်ရည်တွေ ရေကာတာ ကျိုးသလိုပါပဲ။ လေယာဉ်ပေါ်က ကျွေးတဲ့ အစားအသောက်တွေကိုလည်းကောင်းကောင်း မစားနိုင်ပါဘူး။

ချန်ဂီလေဆိပ်လည်း ရောက်ရော မနီလာဆိုတဲ့ အမျိုးသမီးတစ်ယောက် လာကြိုတယ်။ သူ့ကို တော်တော်နဲ့ ရှာမတွေ့လို့တောင် လူဝင်မှုကြီးကြပ်ရေးဌာန ဖြတ်ပြီးတဲ့အခါမှာ ငါတစ်ယောက်တည်း ကြောင်တောင်ဖြစ်နေသေးတယ်။ မနီလာက ငါ့ကို သူနဲ့အတူပါလာတဲ့ တရုတ်ကြီးတစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။

'ညီမလေး၊ နင် အန်ကယ်ပေါင်နဲ့ လိုက်သွား။ သူက နင့်အတွက် လိုအပ်တာတွေ အကုန်စီစဉ်ပေးလိမ့်မယ်' တဲ့။ အန်ကယ်ပေါင်ဆိုတာက အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါး တရုတ်ကြီး။ အန်ကယ်ပေါင် ပြောတဲ့ အင်္ဂလိပ်စကားက တရုတ်သံဝဲပေမဲ့ ငါနားလည်သေးတယ်။

မနီလာကတော့ ငါ့ကို အန်ကယ်ပေါင့်လက်ထဲ စိတ်ချလက်ချထားပြီး ထွက်သွားတယ်။ အန်ကယ်ပေါင်က ငါ့ကို တက္ကစီတစ်စီးနဲ့ ခေါ်လာတယ်။ မှတ်မှတ်ရရ ပြောရရင် တက္ကစီပေါ်မှာ ဖွင့်တဲ့ သီချင်းက စလင်းဒီယွန်ရဲ့ **My heart will go on** သီချင်း။ ဟာ စင်ကာပူကတော့ ငါ့ကို စလင်းဒီယွန်နဲ့ ကြိုနေပါလားလို့တောင် အောက်မေ့လိုက်သေးတယ်။ အန်ကယ်ပေါင်က ငါ့ကို တိုက်ခန်းတစ်ခန်းကို ခေါ်လာတယ်။ အဲဒီတိုက်ခန်းက ကိုးလွှာမှာရှိတယ်။ အဲဒီအချိန်မှာ ညကိုးနာရီ လောက်ရှိပြီ။ ရောက်ရောက်ချင်း ငါ့ကို ထမင်းကျွေးတယ်။ ခရီးပန်းတာကတစ်ကြောင်း၊ မမြင်ရသေးတဲ့ အခက်အခဲတွေကို ကြိုတွေးပြီး ပူနေရတာကလည်း တစ်ကြောင်းဆိုတော့ တို့ကနန်းဆိတ်ကနန်းပါပဲဟာ။ ထမင်းစားပြီးတော့ အန်ကယ်ပေါင်က ငါ့ကို အခန်းတစ်ခန်း ဖွင့်ပြတယ်။ 'မင်း ဒီအခန်းမှာ သူတို့နဲ့အတူတူအိပ်မလား' လို့လည်း မေးသေးတယ်။

မိန္နယ်ရေ၊ အန်ကယ်ပေါင် ပြလိုက်တဲ့ အခန်းထဲ ကြည့်လိုက်တယ်ဆိုရင်ပဲ ငါ့ အသက် ရှူမှားလောက်အောင် လန့်သွားတယ်ဟာ။ အခန်းထဲမှာ ကောင်မလေးလေးယောက် အိပ်ပျော်နေကြ တယ်။ သူတို့ကိုကြည့်ရတာ မြန်မာမလေးတွေတော့ ဟုတ် မယ်မထင်ပါဘူး။ ကုလား သေ၊ ကုလားမော အိပ်ဆော ကျနေကြတာ။ သူတို့ဝတ် ထားတဲ့ ဘောင်းဘီတိုလေး တွေကလည်း ပါးပါးလေး တွေ၊ ပေါင်ရင်းကိုရောက်နေ ပြီ။ အင်္ကျီကလည်း ချိုး ပြတ်ကလေးတွေ။ အခန်းထဲ မှာ ခုတင်တော့မရှိဘူး၊ ရှေ့ ရာ ပါးပါးကလေးခင်းပြီး အိပ်နေကျတာ။ ခရီးဆောင် အိတ်တွေကလည်း အနားမှာ ပြန့်ကျဲလို့။ ငါလည်း သူတို့ နဲ့အတူတူ အိပ်ချင်စိတ်မရှိဘူး နဲ့ ဒီပြင်နေရာမှာပဲ အိပ်မယ် လို့ အန်ကယ်ပေါင်ကိုပြော လိုက်တယ်။ အန်ကယ်ပေါင် က ငါ့ကို နောက်ဖေးမှာရှိတဲ့ အခန်းကျဉ်းလေးကိုပြတယ်။ 'ဒီအခန်းထဲမှာ မင်းတစ် ယောက်တည်းအိပ်တော့' တဲ့။ ဒီတစ်ခါတော့ ရွေးစရာလမ်း မရှိတော့ဘူး။

ငါလည်း အခန်းကျဉ်း လေးထဲရောက်ရော စပြီး ကြောက်ပါလေရော။ သူစိမ်း တစ်ရံဆံတွေကြားထဲမှာ ငါ တစ်ယောက်တည်း ရောက်နေ ပါလားဆိုတဲ့ အသိလည်း ဝင်လာတယ်။ နောက်ပြီး

ပျော်ပျော်ရွှင်ရွှင်
တီးမှုတ်ကြတဲ့
ပွဲမှာ
ငုံနေရှာတဲ့
ပန်းပိတောက်
ဖူးတွေထဲ
ရာသီချိန်မီ
လန်းပွင့်ခဲ့တဲ့
ပိတောက်ကို
ပန်ဆင်ပါရင်
လှသထက်
တင့်မှာမို့
ဆိုတဲ့
သကြင်္န်မိုး
သီချင်းသံကို
နားထဲမှာ
ပြန်ကြားမိတိုင်း
စိတ်ထဲမှာ
ငိုချင်သလိုလို
ဖြစ်လာတယ်

www.burmeseclassic.com

စာစောတုန်းက အခန်းထဲမှာ ငိုးလိုးပက်လက် အိပ်ပျော်နေတဲ့ ကောင်မလေးတွေက မြင်ကွင်းထဲဝင်လာတော့ ငါ မြန်မာပေါ်လစီကားတွေ သွားသတိရတယ်။ အဲဒီမှာ 'ဟာ ငါ လူကုန်ကူး ခံနေရပြီလား။ ဟိုဟာလုပ်စားတဲ့ နေရာ ရောက်လာပြီလား' ဆိုပြီး တော်တော်လေး ချောက်ချားသွားတယ်။ ဟိုဘဝ တော့ အရောက်မခံနိုင်ဘူး။ ငါ့ကိုယ်ငါ လျှာကိုက်ဖြတ်ပြီးသတ်သေမယ်လို့ စိတ်ပိုင်းဖြတ်လိုက်တယ်။ တကယ်လို့များ အခန်းထဲကိုတစ်ယောက်ယောက်ဝင်လာပြီး ငါ့ကို စော်ကားခဲ့ရင် ပြန်ခုခံရာဆိုလို့ အပ်တိုတစ်ချောင်းတောင်မရှိ။ တစ်ကိုယ်လုံး ချွေးစေးတွေထွက်လာပြီး လူကလည်း နတ်ပူးထားသလို ကတုန်ကယင်ဖြစ်နေတယ်။ အဲဒီအချိန်မှာ ငါဖတ်ဖူးထားတဲ့ ဆရာ ဦးအောင်သင်း စာအုပ်ထဲက စကားတစ်ခွန်းကို သွားပြီး သတိရလိုက်တယ်။ **သေရဲတာမှ သတ္တိမဟုတ်ဘူး။ နေရဲတာလည်း သတ္တိတဲ့။** ဒီစကားတစ်ခွန်းကြောင့်ပဲ ဖြစ်လာသမျှတွေကို ရင်ဆိုင်ဖို့ စိတ်ခွန်အားသစ်တွေ ရလာတာမိန္နယ်။ ငါ ဘုရင့်နောင်ဖောင်ဖျက်သလို ထွက်လာခဲ့ပြီးမှ နောက်ကြောင်း ပြန်လှည့်စရာ မရှိတော့ဘူး။ ဆားနှစ်ဖက်မှာကန်ရံ၊ နောက်မှာက ချောက်ဆိုရင် ရှေ့တိုးဖို့ပဲ ရှိတော့တယ်မဟုတ်လား။ ရတနာသုံးပါးကို မမေ့တဲ့ အနေနဲ့ ရသမျှ ဘုရားစာတွေ ရွတ်လိုက်တာ မိုးစင်စင် လင်းသွားတဲ့အထိပါပဲ။

နောက်တစ်နေ့ မနက်ရောက်တော့မှ ငါ စင်ကာပူမှာ ဘာလုပ်ရမယ်ဆိုတာ သေသေချာချာ သိလိုက်ရတယ်။ ကိုယ်လုပ်ဖို့မပြောနဲ့ စိတ်ကူးထဲမှာတောင် မရှိတဲ့အလုပ်မျိုး။ ဒီအခြေအနေ ရောက်တော့မှ ငါ့အဖို့ ရွေးစရာလမ်း မရှိတော့ဘူး။ နာမည်လှအောင် ပြောရရင်တော့ ကလေးထိန်းပေါ့ဟာ၊ တကယ်တော့ အိမ်ဖော်ပါပဲ။

❑

၆။

စင်ကာပူမှာ အိမ်ဖော်လုပ်ရတာ တချို့လူတွေကတော့ ဝဋ်ကြွေးမလား မသိဘူး။ အိမ်ရှင်တွေအတွက် လုပ်ပေးစရာ ဆယ်ခုရှိရင် ကိုးခုကို ကောင်းအောင်လုပ်ပေးပေမဲ့ တစ်ခုလောက် ချို့ယွင်းသွားလို့ရှိရင် ပြောလို့မဆုံးနိုင်အောင်ပါဘဲ။ အရမ်းကိုပစီပစပ်များတဲ့ တိုင်းပြည်၊ ပထမဆုံး ကြုံတွေ့ရတဲ့ အိမ်နဲ့ပတ်သက်ပြီး ပြောပြရဦးမယ်။ ငါ့ရဲ့ ပုံစံလည်းမြင်ရော အိမ်ရှင် တရုတ်မက ဒီကောင်မလေးလို ပုံစံမျိုးနဲ့ အိမ်အလုပ်တွေကို လုပ်နိုင်ပါ့မလား' တဲ့။ သူ့ယောက်ျားက ဘာပြန်ပြောလဲဆိုတော့ 'သူတို့ မြန်မာမတွေ စားစရာမရှိရင် သစ်ရွက်ကိုတောင် ကောက်စားပြီး အလုပ်လုပ်တာ။ ဒီလောက် အိမ်အလုပ်ကိုတော့ လုပ်နိုင်မှာပါ' လို့ ပြန်ပြောတယ်ဟာ။ သူတို့ လင်မယားက ငါ့ကို အင်္ဂလိပ်စကား နကန်းတစ်လုံး မသိဘူးထင်ပြီး ပြောနေကြတဲ့ သဘောမျိုး။ ငါလည်း မခံချင်စိတ် ဖြစ်သွားပြီး 'ဒီအလုပ်လောက်က ငါ့အတွက် ပြဿနာမရှိဘူး။ ငါလုပ်နိုင်တယ်' လို့ ပြန်ပြောပစ်လိုက်တယ်။ အဲဒီတော့မှ ငါ့ကို အားနာသွားတဲ့ အကြည့်မျိုးနဲ့ ကြည့်ကြတယ်။

ဒီမှာက နင်သိတဲ့ အတိုင်းပဲလေ။ အဘိုးကြီး၊ အဘွားကြီး အသက်ကြီးပြီဆိုရင် သားသမီးက ပြုစုတာမျိုး မဟုတ်ဘူး၊ အိမ်ဖော်နဲ့ ပဲထားတာ။ ငါအိမ်တစ်အိမ်မှာ ကြုံရတာ နင့်ပြောပြရဦးမယ်။ အဘွားကြီးတစ်ယောက်က နာတာရှည်ဖြစ်ပြီး အိပ်ရာထဲ လဲနေတယ်။ အဘိုးကြီးကလည်း သူ့နား မကပ်တော့ဘူး။ သားသမီးတွေကလည်း မကပ်ဘူး။ မြေးတွေကိုတောင် ရောဂါပိုးကူးမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အဘွားကြီးနား မကပ်ရဘူး။ အိမ်ဖော်နဲ့ပဲထားတယ်။ အဘွားကြီးတစ်ယောက်တည်း မဟုတ်ပြန်ဘူး။ အသက်လေးဆယ်လောက်ရှိတဲ့ သူ့သမီးတစ်ယောက်ပါပါတယ်။ သူ့နာမည်က ကူးကူးတဲ့။ ကူးကူးက စိတ်မနှံ့ဘူး။ အဲဒီအဘွားကြီးနဲ့ ကူးကူးကိုစောင့်ရှောက်ဖို့ဆိုပြီး ငါနဲ့ ဖိလစ်ပိုင်မလေးတစ်ယောက်ကို ထားတယ်။ ကူးကူးက စိတ်မထင်ရင် မထင်သလို လူတွေရဲ့ကျောကုန်းကို အလစ်မှာ ထုတတ်တယ်။ ဒါပေမဲ့ သူကလည်း အရွေးပါး။ သူ့ကိစ္စတွေ လုပ်ပေးရတဲ့ ငါတို့နှစ်ယောက်ကို မထုဘူး။ သူ့အမျိုးတွေကိုသာ ထုတတ်တာ။ ကြာတော့ ငါလည်း သူတို့ဒဏ် မခံနိုင်တော့တာနဲ့ အေးဂျင့်ကိုဖုန်းဆက်ပြီး နောက်အိမ်ပြောင်းပေးဖို့ ပြောရတယ်။ အဲဒီမှာတင် အိန္ဒိယနွယ်ဖွား အိမ်တစ်အိမ်ကို ရောက်တာပဲ။ တစ်ခါတလေ ကိုယ့်ဘဝကို ပြန်တွေးကြည့်လိုက်ရင် ဟိုကနေ ဒီပြောင်း၊ ဒီကနေ ဟိုပြောင်းနဲ့ ဆယ့်နှစ်ပွဲ ဈေးသည်တစ်ယောက်လိုပါပဲ။

❑

၇။

မိန္နယ်ရေ၊ အဲဒီ အိန္ဒိယအိမ်ရောက်တော့မှ အထူးအဆန်းတစ်ခု ကြုံရတာပါပဲ။ သူတို့အိမ်မှာက လင်မယားနှစ်ယောက်နဲ့ ကလေးနှစ်ယောက်ပဲ ရှိတယ်။ လင်မယား နှစ်ယောက်စလုံးက သုံးဆယ့်ငါး၊ လေးဆယ် ဝန်းကျင်တွေ။ ကလေးနှစ်ယောက်စလုံးက ယောက်ျားလေးတွေချည်းပဲ။ အကြီးလေးက ခြောက်နှစ်၊ အငယ်လေးက သုံးနှစ်။ ဖြစ်ပုံက ဒီလို။ အငယ်လေးက ထမင်းတစ်လုတ်စားပြီးတိုင်း ရေအမြဲသောက်တယ်။ ထူးဆန်းပါလားဆိုပြီး ငါအကဲခတ်လိုက်တော့ ကောင်လေးက ထမင်းကို ဝါးတာမှမဟုတ်ဘဲ မျိုချနေတာ။ အရင်အိမ်ဖော်တွေက ထမင်းဝါးနည်းကို သင်မပေးသွားတာဘဲဖြစ်ရမယ်။ ဒါကြောင့်မို့လို့ ငါအိမ်ရှင်မိန်းမကို ပြောလိုက်တယ်။

'အစ်မ၊ နင့်ကလေးက ထမင်း မဝါးတတ်ဘူး။ မျိုချနေတာ'

ငါလည်းပြောလိုက်ရော သူတို့လင်မယားနှစ်ယောက်စလုံး ကလေးကို သေသေချာချာကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

တော့မှ ကလေးက ထမင်း မဝါးဘဲ မျိုချနေတာကို ကျေကျေနပ်နပ် လက်ခံသွားကြတယ်။ ကလေးအဖေက တော့ 'ကျေးဇူးပဲ'လို့ ပြောတယ်။ ကလေးအမေက တော့ ကလေးတစ်ယောက်လုံး ဒီလိုဖြစ်တာကိုတောင် မသိတဲ့အတွက် နည်းနည်း ရှက်သွားပုံရတယ်။ သူ့ယောကျ်ားရှေ့မှာ ဖြစ်တာကလည်း တစ်ကြောင်းပေါ့။

ကလေးတွေက ငါ့ကို ခင်ကြပါတယ်။ ကလေးတွေက ငါ့အနားမှာကပ်နေရင် 'ငါက နင်တို့အမေလား၊ ဝေမာက နင်တို့အမေလား'ဆိုပြီးလည်း မေးတတ်သေးတယ်။ ကလေးဆိုတာက တော့ မိန္ဒယ်ရယ် လက်သာတဲ့နေရာမျိုးမှာ နေတာပဲ မဟုတ်လား။ ဒီလိုစကားမျိုး ငါလုံးဝ မကြိုက်ဘူး။ သူ့ယောကျ်ားနဲ့ ပေးစားတဲ့ သဘောမျိုးပဲ မဟုတ်လား။ 'ဒီလိုစကားမျိုး ငါ့ကိုမပြောနဲ့။ ငါမကြိုက်ဘူး'လို့ ပြောလိုက်ချင်ပေမဲ့ ပြဿနာမဖြစ်ချင်တာနဲ့ မသိသလိုဘဲ နေလိုက်ရတယ်။ တစ်ခါတုန်းကလည်း သူကပြောတယ်။

'တို့မိသားစု မလေးရှားကို လေးရက်လောက် ခရီးသွားစရာရှိတယ်။ မင်းတစ်ယောက်တည်း နေရဲသလား' တဲ့။

'နေရဲပါတယ်။ ငါ့အတွက်က ပြဿနာမဟုတ်ပါဘူး'

'တို့မရှိတုန်း မင်းတစ်ယောက်တည်း မအိပ်ရဲဘူးဆိုရင် ဘွိုင်းဖရင့်ကို ခေါ်အိပ်လို့ရတယ်။ တို့ ခွင့်ပြုတယ်' တဲ့။

သူကတော့ ပေါ့ပေါ့ပါးပါး ပြောလိုက်တာပဲ။ ဒါပေမဲ့ ဒီလိုစကားမျိုး ငါ လက်မခံနိုင်ဘူးဟာ။ ဒီလိုစကားမျိုးက မြန်မာမိန်းကလေးတစ်ယောက်ကို စော်ကားလိုက်တဲ့ သဘောပဲ။ ငါ့နေရာမှာ နင်ဆိုလည်း ငါ့လိုပဲ နေမှာပါ။ ငါလည်း....

'အစ်မ၊ ငါ့မှာ ခေါ်အိပ်စရာ ဘွိုင်းဖရင့်လည်းမရှိဘူး။ ရှိလည်း ခေါ်အိပ်မှာ မဟုတ်ဘူး'လို့ ခပ်ဆတ်ဆတ်လေသံနဲ့ ပြောလိုက်တော့မှ 'ဆောရီး၊ ဆောရီး' လို့ ပြန်ပြောတယ်။

နင်ကတော့ ငါ့ကိုထင်မှာပဲ။ အိမ်ဖော်လုပ်ပြီး အိမ်ရှင်မကောင်းကြောင်းတွေ လျှောက်ပြောနေတယ်လို့။ ဒီအိမ်ရဲ့ ကောင်းတာတွေလည်း ရှိပါတယ်။ ငါ့ရဲ့ ကောင်းခြင်း၊ ဆိုးခြင်းတွေကိုလည်း စိတ်ဝင်တစားနဲ့ မေးတတ်သေးတယ်။ စပ်စုတဲ့သဘောမျိုးထက်စာရင် စာနာတဲ့ သဘောမျိုးပါ။ သူက မေးသေးတယ်။

'ဝေမာ၊ နင့်ရဲ့နေပုံထိုင်ပုံက အဆင့်အတန်း ရှိတယ်နော်'

'ရှိမှာပေါ့အစ်မ၊ ငါက တို့တိုင်းပြည်မှာ တက္ကသိုလ်လေးနှစ်တက်လာပြီး ဘွဲ့တစ်ခုရပြီးသား။ အခြေအနေအရပ်ရပ်ကြောင့်သာ ဒီမှာလာပြီး အလုပ်လုပ်နေတာ' လို့ ပြန်ပြောလိုက်တော့ သူ

အံ့သြသွားတယ်။ သူမေးတဲ့ နောက်ထပ်မေးခွန်းတွေလည်း ရှိသေးတယ်။ ထားလိုက်ပါတော့။

ငါ သူတို့အိမ်မှာအလုပ်လုပ်လို့ တစ်နှစ်ပြည့်တဲ့နေ့မှာ ဘောနပ်အနေနဲ့ ရွှေဆွဲကြိုးလေးတစ်ကုံးပေးတယ်။ ပျော်တာပေါ့ဟာ။ ဒါပေမဲ့ အဲဒီဆွဲကြိုးလေးကိုင်ထားရင်းနဲ့ မိသားစုကိစ္စတစ်ခု ခေါင်းထဲဝင်လာလို့...။

'အစ်မ၊ ဒီဆွဲကြိုးလေး ငါမလိုချင်ဘူး။ ညီမျှတဲ့ငွေပဲ ငါ့ပေးပါလား'

'ဘာဖြစ်လို့လဲ'လို့ သူကမေးတော့ ငါလည်း အိမ်စပေါ်တင်ဖို့ ငွေလိုနေတဲ့ အကြောင်းကို သူနားလည်အောင် စကားလုံးနည်းနည်းနဲ့ ရှင်းပြလိုက်တယ်။ သူက ငါ့ကို ကရုဏာသက်တဲ့အကြည့်နဲ့ကြည့်ပြီး ဆွဲကြိုးလေးပြန်သိမ်းထားလိုက်တယ်။ ပြီးတော့ ငွေထုတ်ပေးတယ်။ အဲဒီငွေနဲ့ပဲ တို့မိသားစု အိမ်စပေါ် နောက်ထပ် ထပ်တင်ဖို့ အဆင်ပြေသွားတယ် ဆိုပါတော့ဟာ။

❑

၈။

ငါတို့လို အိမ်ဖော်တွေဟာ တစ်လလုံးနေမှ တစ်ရက်ပဲ အပြင်ထွက်ခွင့်ရတာ။ သူတို့ ခွင့်ပေးတဲ့ တနင်္ဂနွေတစ်ရက်ပဲ အပြင်ထွက်ခွင့်ရတာ။ အဲဒီနေ့မှာပဲ ပင်နင်ဆူလာသွားပြီး ကိုယ့်အိမ်ကို ငွေအသီးသီးလွှဲကြတယ်။ နင်နဲ့စတွေ့တဲ့နေ့က ငါငွေလာလွှဲတာလေ။ ငါစရောက်ခါစက အေးဂျင့်ခ မကျေသေးလို့ ခုနစ်လလုံးလုံး တစ်ပြားမှ

တောင်မရဘူး။ အဲဒီအတွင်း အပြင်လည်း မထွက်ရဘူး ခုနစ်လပြည့်တော့မှ လခ ... တာ။ ပထမဆုံးရတဲ့လခ ... အိမ်ကိုစပြီးလွှဲတော့ ပျော် ... လိုက်တာဟာ။ အများကြီး ... လည်းမလွှဲနိုင်ပါဘူး။ တစ်လ ... တစ်လ တစ်သိန်းခွဲဆိုတာ ... ဖျစ်ဖျစ်မြည်ပါပဲ။ ငါ့အိမ် ... ဒီမှာ ငါအိမ်ဖော်လုပ်နေတယ် ... ဆိုတာ မသိကြဘူး။ စတိုး ... ဆိုင်တစ်ဆိုင်မှာ လုပ်နေတယ် ... လို့ပဲ သိထားတာ။ အမေ့ ... ဖုန်းပြောဖြစ်ရင် သူက ငွေ ... ပို့ပေးဖို့ ပြောတတ်တယ်။ ... ကုန်ဈေးနှုန်းတွေ တက်တဲ့ ... အကြောင်းလည်း ပြောပြ ... တယ်။ ငါလည်း အဆင်ပြေ ... ရင် ပိုပို့ပေးမယ်လို့ ပြောလိုက် ... တယ်။ ဒါပေမဲ့ လက်တွေ့မှာ ... မလွယ်ပါဘူးဟာ။

ငါ ဒီရောက်တာ ကြာ ... ပေမဲ့ ဆင်တိုဆာကျွန်းတွေ ... မယ်ရီနာဘေးတွေ၊ တိရစ္ဆာန် ... ရုံတွေ ဘယ်ကိုမှ မရောက် ... ဖူးသေးဘူး။ နင်ကတော့ ... ရောက်မှာပေါ့။ ကိုယ်က ... လည်း ဘာမှ မဝယ်နိုင်လို့ ... ရှော့ပင်းစင်တာ သွားချင်စိတ် ... တွေဘာတွေလည်း မရှိပါ ... ဘူး။ ပင်နင်ဆူလာရောက်လို့ ... ငွေလွှဲပြီးရင် ဖုန်းကတ်တစ် ... ကတ်ဝယ်၊ ဖတ်စရာ စာအုပ် ... တစ်အုပ်ဝယ်ပြီး အိမ်တန်းပြန် ... တာပဲ များပါတယ်။ ဘဝတူ ... မိန်းကလေးတွေကတော့ သူ ... တို့ရဲ့ ဘွိုင်းဖရင့်တွေနဲ့ တစ် ... နေကုန် လျှောက်လည်နေကြ ... တယ်။ တစ်လလုံး စိတ်ညစ် ... သမျှကို တစ်ရက်တည်းမှာ ... မေ့ပျောက်ပစ်ပြီး ပျော်ပျော် ... ပါးပါး နေကြတယ်။ ပင်နင် ... ဆူလာပလာဇာရှေ့ ... ခရစ်



www.burmeseclassic.com

www.burmeseclassic.com

ယာန် ဘုရားရှိခိုးကျောင်းဟာ သူတို့အဖို့ ချစ်သူနယ်မြေပါပဲ။ နင်လည်း သိမှာပါ။

တစ်လောတုန်းက စင်ကာပူစရိတ်တိုင်းလ် သတင်းစာထဲမှာပါတဲ့ သတင်းတစ်ပုဒ် နင်ကြားမိလား မသိဘူး။ ငါကိုယ်တိုင် ဖတ်လိုက်ရတာတော့ မဟုတ်ပါဘူး။ သူများပြောသံကြားရတာ။ တို့မြန်မာအိမ်ဖော်မလေးတွေဟာ တစ်ခြားလူမျိုး အိမ်ဖော်တွေထက်စာရင် အလုပ်လုပ်တာ ပိုပြီးတော်တယ်တဲ့။ အိမ်ရှင်တွေရဲ့စကားကိုလည်း ရိုကျိုးနာခံတယ်တဲ့။ အဲဒီသတင်းက ဥဏ်ယူစရာမှ မဟုတ်တာ။ နင်ရော ဘယ်လိုမြင်သလဲ။ တို့ဆီက အိမ်ဖော်တွေ တော်တယ်ဆိုတာက အိမ်ဖော်တွေထဲမှာ ဘွဲ့ရတွေလည်းပါတာကိုး။

ငါကတော့ ဘွဲ့ဖြင်းဖရင့်သည်းမရှိ၊ ပျော်ချင်ပါးချင်တဲ့စိတ်ကလည်း နည်းနေပြီဆိုတော့ အိမ်တန်းပြန်ပြီး စာတအနားယူဖို့ပဲ စိတ်ဝင်စားတယ်။ တက္ကသိုလ် လေးနှစ်တက်ခဲ့တာတောင် မစွံခဲ့တာဆိုတော့ အခုလို တစ်လတစ်ခါ အပြင်ထွက်ရက်တစ်ရက်နဲ့တော့ စွံဖို့ဝေးပါသေးတယ်။ နင်ကတော့ ဒီအရွယ်မှ အမြီးမပေါက် ဘာမျောက်ထဲလို့ ထင်မှာပေါ့။ တစ်လလုံး အိမ်အလုပ်တွေ သိမ်းကျုံးလုပ်ရတာဆိုတော့ တစ်လမှာ တစ်ခါရတဲ့ ပိတ်ရက်လေး မြန်မြန်ကုန်မှာကို စိုးမိတာကတော့ အမှန်ပဲ။

❑

၉။

ငါ ဒီကို ရောက်နေတဲ့ လေးနှစ်အတွင်း မြန်မာပြည်ကို တစ်ခါမှ မပြန်ဖြစ်ဘူး။ သင်္ကြန်ကျခါနီးဆို ပြန်ချင်စိတ် အရမ်းဖြစ်တယ်။ မြန်မာပြည် သင်္ကြန်ကို သတိရတဲ့အနေနဲ့ တိုပိုင်းယိုးဘုန်းကြီးကျောင်းတို့၊ ဆင်ဘာဝမ်းဘုန်းကြီးကျောင်းတို့မှာ ကျင်းပတဲ့ စင်ကာပူသင်္ကြန်ကိုတော့ နှစ်တိုင်းရောက်ဖြစ်တယ် မိန္ဒယ်။

*ပျော်ပျော်ရွှင်ရွှင် တီးမှုတ်ကြတဲ့ပွဲမှာ ငုံနေရှာတဲ့ ပန်းပိတောက်ဖူးတွေထဲ၊ ရာသီချိန်မှီ လန်းပွင့်ခဲ့တဲ့ ပိတောက်ကို ပန်ဆင်ပါရင် လှသထက် တင့်မှာမို့* ဆိုတဲ့ သင်္ကြန်မိုး သီချင်းသံကို နားထဲမှာ ပြန်ကြားမိတိုင်း စိတ်ထဲမှာ ငိုချင်သလိုလို ဖြစ်လာတယ်။ လွမ်းသလိုလို ဆွေးသလိုလို ခံစားရတယ်။

ငါဒီမှာ ကြာကြာအလုပ်လုပ်ဖို့လည်း မရည်ရွယ်ပါဘူး။ ကိုယ့်တိုင်းပြည်မှာပဲ ကိုယ်ပျော်တယ်။ စင်ကာပူဆိုတာ ငါ့အဖို့ ယာယီခိုနားနေတဲ့ သစ်ကိုင်းလေးတစ်ခုပါပဲ။ ဒီအိမ်ဖော်အလုပ် ဆက်လုပ်နေလို့လည်း ငွေစုဖြစ်မှာမဟုတ်ပါဘူး။ သမင်မွေးရင်း ကျားစားရင်းပဲဖြစ်မှာ။ ဒီအလုပ်က သစ်မရခင် ဝါးပေါင်းကွတ်တဲ့သဘောပဲ။ ဒီအလုပ်ထက်ပိုကောင်းတဲ့ အလုပ်မျိုးရရင်တော့ ကောင်းမှာပဲဟာ။ နင့်မှာ အဆက်အသွယ်တွေရှိရင် ငါ့ကို ကူညီပါဦး။

ငါဖြစ်ချင်တဲ့ ဆန္ဒတွေကို နင့်ကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ရဦးမယ်။ ရှေ့နှစ်ဆိုရင် အငယ်ဆုံးညီမလေး သက်မာ ဆယ်တန်းရောက်လာပြီ။ အဲဒါ သူ့ကျူရှင်ခအတွက်ဆိုပြီး သတ်သတ်ဖယ်ထားတာ ရှိတယ်။ သူက အတန်းထဲမှာ အဆင့်ကောင်းကောင်း ရတယ်လို့ ကြားတယ်။ သူ့ကို ကျူရှင်ကောင်းကောင်းထားပြီး ဆရာဝန်မကြီး၊ ဒါမှမဟုတ် အင်ဂျင်နီယာမကြီး တစ်ခုခုဖြစ်အောင်လည်း ငါ ပြုစုပျိုးထောင်ပေးချင်သေးတယ်။ နောက်ပြီး ခိုင်မာလည်း ကလေးတစ်ယောက်မွေးပြီးနယ်မှာ ဖြစ်သလိုလုပ်ကိုင်စားသောက်နေရတယ်လို့ ကြားရတယ်။ ငါ့စိတ်ထဲမှာ မကောင်းဘူးဟာ။ သူတို့မိသားစုကို ရန်ကုန်ပြန်ခေါ်ပြီး ဥမကွဲ သိုက်မပျက် စည်းစည်းလုံးလုံး နေထိုင်သွားစေချင်တယ်။ သူတို့အတွက်လည်း ငါ တတ်နိုင်မယ့် စီးပွားရေးလုပ်ငန်း အသေးစားလေး အိမ်ဆိုင်ပဲဖြစ်ဖြစ်ပေါ့ ထောင်ပေးချင်တယ်။ အဖေနဲ့ အမေတို့ကိုလည်း ဒီအသက်အရွယ်မှာ စိတ်ချမ်းသာစေချင်တယ်။

ငါကတော့ တစ်ယောက်တည်းပဲ လွတ်လွတ်လပ်လပ် နေသွားချင်တယ်။ မိုးကုတ်ဝိပဿနာ စခန်းတစ်ခုခုမှာ စိတ်တွေတည်ငြိမ်မှုရသွားအောင် တစ်လလောက် တရားစခန်းဝင်ချင်တယ်။ ဒီတစ်သက် အိမ်ထောင်သားမွေး မပြုတော့ဘူးလို့လည်း ငါစိတ်ပိုင်းဖြတ်ထားတယ်။ မပြည့်စုံတဲ့ ဘဝတွေကို မြင်ရတာ ရင်ထဲမှာ မွန်းကျပ်လွန်းလို့ပါ။ ငါတစ်ယောက်တည်း ဘဝကို ရင်ဆိုင်ရဲပြီလေ။ ငါ့ဆန္ဒက သန်လျင်ဘက်မှာ ခြံကလေးတစ်ခြံလောက်ဝယ်ပြီး ပန်းပင်လေးတွေစိုက်၊ သီးနှံပင်ကလေးတွေစိုက်ပြီး ငှက်ကလေးတွေကိုကြည့်မယ်။ အဲသလိုနဲ့ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းချင်တယ်။ ဒါပေမဲ့ အဲဒီဆန္ဒတွေဟာ အခုရေတွင်းတူး၊ အခုရေကြည်သောက်ချင်ဆိုသလိုချက်ချင်းတော့ ဘယ်အဆင်ပြေပါ့မလဲ။ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာတော့ ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျပြီး အဆင်ပြေသွားမှာပါ။ ခွဲရှိဖို့ပဲလိုတာပါ။ ငါပြောတာမဟုတ်ဘူးလား မိန္ဒယ်။

❑

၁၀။

လောလောဆယ် ငါ့ရဲ့စိတ်ကူးထဲမှာ ကိုယ့်ကိုယ်ကို ငှက်ကလေးတစ်ကောင်လို မြင်ယောင်ကြည့်မိတယ်။ စင်ကာပူဆိုတဲ့ သစ်ကိုင်းထက်မှာ ခဏယာယီ ခိုနားနေရတဲ့အချိန်မှာ လောကဓံမိုးရေတွေကြောင့် ငါ့တောင်ပံနှစ်ဖက်လုံး စိုစွတ်နေတယ်။ တောင်ပံတွေ ခြောက်သွေ့ပြီး ရာသီဥတု ကောင်းမွန်သာယာတဲ့ တစ်နေ့မှာ ကိုယ့်တိုင်းပြည်ကိုပဲ တန်းတန်းမတ်မတ် ဦးတည်ပျံသန်းမှာပါ။ ဒါပေမဲ့ လောလောဆယ် အနေအထားမှာတော့ စင်ကာပူသစ်ကိုင်းထက်မှာ ယာယီ ခိုနားနေရင်းက တောင်ပံတွေ မခြောက်သေးခင်မှာ ခြေချော်ပြီး ပြုတ်ကျသွားမှာစိုးလို့ ဟန်ချက်ညီညီဖြစ်အောင် မနည်းထိန်းနေရတယ် မိန္ဒယ်ရယ်။

■

**နိုင်မြင့်**



www.burmeseclassic.com

www.burmeseclassic.com

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း**
အမှတ် ၂၉၁၊ ဖေဖော်ဝါရီ၊ ၂၀၁၄

ဒီတစ်လမှာတော့ ၂၀၁၃ အောက်တိုဘာလအထိ ရောက်လာတဲ့စာမူတွေကို ဖတ်ဖြစ်ခဲ့ပါတယ်။ ပေးပို့နေကျ မဟုတ်တဲ့ ကလောင်သစ်များစွာရဲ့ စာမူတွေပါလာပြီး အများအားဖြင့် အရေးအသားပိုင်း တိုးတက်လာတာကို သတိထားမိပါတယ်။ ဒါပေမဲ့ လက်ရှိမြန်မာစာပေလောကမှာလည်း ဇာတ်ကြောင်းပြောတဲ့ ပထမနာမ်စားအားပြုဝတ္ထုတွေ များနေတာမို့ အဲဒီလိုအရေးအဖွဲ့မျိုးတွေပဲ အပို့များတာကို တွေ့ရပါတယ်။ စာပေစိစစ်ရေးဆိုတဲ့ အကန့်အသတ်ကို လွန်မြောက်ခဲ့ပေမဲ့ ဒီကနေ့ ဝတ္ထုတိုတွေမှာ အကြောင်းအရာရော၊ အရေးအသားပါသိပ်ပြီး လွတ်လပ်ကျယ်ပြောသွားတာ မရှိသေးပါဘူး။ လက်ဝယ်ရှိထားတဲ့ လွတ်လပ်မှုကိုအကောင်းဆုံးအသုံးချပြီး အစစ်အမှန်လွတ်လပ်တဲ့ ရသဝတ္ထုကောင်းတွေ ပေါ်ထွက်လာဖို့ မျှော်လင့်မိပါတယ်။

❑

၂။ **မီးရောင်ဆိုးပြီး ပွင့်တဲ့တိမ်**
**ပြာရည်မှိုင်း**

အရေးအသားသင့်ပါတယ်။ ဆွဲဆောင်မှုအတန်အသင့်ရှိပေမဲ့ပြောချင်တာကို စာဖတ်သူခံစားသဘောပေါက်နိုင်အောင် ပုံဖော်တဲ့နေရာမှာ အားနည်းနေပါတယ်။ အထူးသဖြင့်အဆုံးပိုင်းမှာ အားပျော့သွားတဲ့အတွက် စာမူကောင်းဖြစ်မလာခဲ့ပါဘူး။

၃။ **စာမေးပွဲအောင်တဲ့ည**

၄။ **ကောက်ပင်ကြားသို့ တိုးသောလေ**

၅။ **မေးခွန်းနံပါတ်ငါး**
**ယောနေခြည်**

ရိုးစင်းတဲ့အရေးအသားတွေနဲ့ ရေးဖွဲ့ထားတဲ့ စာမူတွေဖြစ်ပါတယ်။ များသောအားဖြင့် ဇာတ်ကြောင်းကိုသာ ပေါ်အောင်ရေးကြပြီး ဇာတ်ကောင်စရိုက်နဲ့ ပတ်ဝန်းကျင်အနေအထားအခင်းအကျင်းကို မဖွဲ့နိုင်ပါဘူး။ ခေါင်းစဉ်ပေးတာတွေကအစ ရိုးစင်းလှပါတယ်။ **မေးခွန်းနံပါတ်ငါး** က ပြောချင်တာရှိပေမဲ့ နမူနာအဖြစ် ရွေးချယ်တဲ့ ဇာတ်ကွက်ဟာသိပ်ကြီးမထိရောက်တာကို တွေ့ရပါတယ်။

၆။ **အနွမ်းပန်း**
**သီရိ(ဝတီမြေ)**

တိုလွန်းတဲ့ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ အရေးအသ
အားနည်းပြီး ရုပ်ရှင်ဆန်ဆန်၊ ပြဇာတ်ဆန်ဆန် ဇာတ်ကွက်
လည်း အသုံးပြုထားပါတယ်။

၇။ **သံသရာ ဤဘုံမှာ**

၈။ **လွမ်းရက်ရှည်ရှည်**
**မင်းရက္ခ**

စကားပြေ၊ စကားပြော ရောထွေးလွန်းပြီး ခေါင်းစဉ်
အရေးအသားဟန်ပါ ရိုးစင်းလွန်းလှပါတယ်။ လှည့်ကွက်
ပြီး ဝတ္ထုကို ရေးဖွဲ့ထားပေမဲ့ စာဖတ်သူလိုက်ပါရင်ခုန်
အောင် မဆွဲဆောင်ခဲ့နိုင်ပါဘူး။ **လွမ်းရက်ရှည်ရှည်**က
သာမန်အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါတယ်။

၉။ **ငွေလရောင်ကို ဖုံးတဲ့တိမ်ညို**
**ရှိန်းခန့်ဇော်(ပင်းတယ)**

ထုံးစံအတိုင်း ဇာတ်ကြောင်းဖွဲ့ဝတ္ထုတစ်ပုဒ်သာ ဖြစ်
ရသအားနည်းပါတယ်။

၁၀။ **အညတရအောင်ပွဲ**
**မင်းဆက်လှမ်း(ညီလမ်းညွှန်)**

အရေးအသားသင့်ပါတယ်။ ဒါပေမဲ့ ရုပ်ရှင်ဆန်တဲ့
ကွက်မျိုးကို သုံးထားပြီး ဆောင်းပါးဆန်တဲ့အတွေးကို ပုံ
ထားခြင်းသာ ဖြစ်ပါတယ်။

၁၁။ **ဝက်သားခွက်နဲ့ မျက်ရည်စက်လက်**
**မြေလတ်မေစံပယ်**

စကားပြေ၊ စကားပြော ရောနေပြီးရိုးစင်းလှ
အကြောင်းအရာကို ဆွဲဆောင်မှုအားနည်းစွာ ရေးဖွဲ့ထား
ဖြစ်ပါတယ်။

၁၄။ **အပြစ်မမြည်**
**ဂျူပီတာ**

စာရေးကောင်းပါတယ်။ ရေးထားတဲ့အကြောင်းအ



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားချက်မရှိတဲ့အတွက် စာရေးတာ ဆွဲဆောင်မှုရှိပေမဲ့ ဝတ္ထုကောင်းဖြစ်မလာတာပါ။ ကြိုးစားပါဦး။

**၁၅။ ရှေးအကျဆုံး ကြော်ငြာနည်း**

**မောင်နိုင်စု**

ပထမနာမ်စားအားပြုပြီး ရေးထားတဲ့ဝတ္ထုဖြစ်ပေမဲ့ စာဖတ်သူကို ဇာတ်ကောင်နေရာမှာ ခံစားနားလည်သွားအောင် မရေးခဲ့နိုင်ပါဘူး။ ကြိုးစားပါဦး။

**၁၇။ အလှည့်**

**လှိုင်းထက်ရနိုင်**

စကားပြေ စကားပြော ရောထွေးနေပြီး ကြက်ပွဲနောက်ခံ ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။

**၁၈။ ယုံကြည် ချစ်ကြောင်း**

**ချယ်ဇာသွန်း**

အပြန်အလှည်စကားပြောတွေကို မျက်တောင်အဖွင့်အပိတ်မသုံးဘဲ လက်သည်းကွင်းသုံးထားသလို စာပိုဒ်မခွဲဘဲ၊ စာကြောင်း မခြားဘဲ ဆက်တိုက်ရေးထားတာဖြစ်ပါတယ်။ စကားပြေ၊ စကားပြောလည်း ရောထွေးနေပါတယ်။ စာများများဖတ်ပါဦး။

**၂၃။ ကျောပြင်ပေါ်တက်စီးနေသည့် ဆင်ကြီးတစ်ကောင်**

**ထော်ဦး(ဘားအံကွန်ပျူတာ)**

အရေးအသားကောင်းပါတယ်။ ဆွဲဆောင်မှုလည်း ရှိပါတယ်။ ဇာတ်သိမ်းပိုင်းမှာသာ ဒီ့ထက်ပိုပြီးထိထိရှရှ ပေါ်လွင်အောင် ရေးနိုင်မယ်ဆိုရင် ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်လာမှာပါ။ ဆန်းသစ်အောင် ကြိုးစားထားတာလည်း ထိရောက်မှုရှိပါတယ်။ ဒီစာမူကိုပဲ ပြန်လည်ပြုပြင်တည်းဖြတ်ပြီး ရေးကြည့်ဖို့ တိုက်တွန်းပါရစေ။

**၂၄။ ကာမေသုမိစ္ဆာစာရက်နဲ့ကျွန်တော်**

**နိုင်လေး(ရွှေတောင်)**

ဆောင်းပါးအဖြစ် ရေးသင့်တဲ့အကြောင်းအရာတွေကို ဝတ္ထုဖြစ်အောင် ဖွတ်ဖန်တီးနေသလို ဖြစ်နေပါတယ်။

**၂၅။ တိမ်ဖုံးနေတဲ့ ကြယ်ကလေးတွေ**

**နတ်ရဲ(ရှုပဗေဒ)**

အရေးအသားကောင်းပေမဲ့ ဇာတ်ဘယ်လိုသိမ်းမယ်ဆိုတာ စာဖတ်သူရိပ်မိနေပြီး အဆုံးသတ်မှာဝင်ပြောလိုက်တဲ့ စကားလုံးကလည်း ဗြောင်ကျလွန်းတဲ့အတွက် အရသာပေါ့ပြက်သွားရတဲ့ဝတ္ထုဖြစ်ပါတယ်။

**၂၆။ ငိုပွဲတွေစုတဲ့ သမုဒ္ဒယာနယ်**

**ရွှေမြင့်မိုရ်ဦး**

အရေးအသားသင့်ပေမဲ့ မလိုအပ်တဲ့ အဖွဲ့အနွဲ့တွေနဲ့ လေးပင်အိုင်ထွန်းနေပါတယ်။ အကြောင်းအရာရိုးပြီး အရေးအသားလေးတဲ့အတွက် ဆွဲဆောင်မှုအားနည်းရပါတယ်။

**၂၇။ ကောင်းကင်၌ တည်သော**

**လင်းရိပ်ဖြူ**

အရေးအသားသင့်ပြီး သွက်သွက်လက်လက်ရှိတဲ့စာမူတစ်ပုဒ်ဖြစ်ပါတယ်။ ဒါပေမဲ့ အကြောင်းအရာက ရိုးစင်းပြီး ထူးခြားမှု မရှိပါဘူး။ ကြိုးစားပါဦး။

**၂၈။ ဟိုအရင်အချိန်နှင့် အခုလက်ရှိ**

**မြေပြင်ထက်လူ**

ပြောချင်တာ ရှိပေမဲ့ ပုံဖော်ရာမှာ အရေးအသားနဲ့ဇာတ်ကွက်ဆင်ပုံ ရိုးစင်းပြီးအားမရှိတဲ့အတွက် မထိမရောက်ဖြစ်ရတဲ့ စာမူပါ။

**၂၉။ မျက်ရည်စက်များ၏ အတ္ထုပ္ပတ္တိ**

**၃၀။ အညတရများမှသည်**

**၀၀။ အမှောင်ကမ္ဘာထဲက ပိတ်ထားသော တံခါးများ**

**မောင်ပိုင်**

တိုလွန်းတဲ့ဝတ္ထုတွေဖြစ်ပါတယ်။ ဆောင်းပါးဆန်တဲ့ အတွေးနဲ့အရေးမျိုးဖြစ်ပြီး **မျက်ရည်စက်များ၏ အတ္ထုပ္ပတ္တိ** ကတော့ ဇာတ်ဆင်ထားပုံ ကောင်းသလောက် အရေးအသားအားနည်းသွားလို့ ဝတ္ထုကောင်းဖြစ်မလာတာပါ။

**၃၂။ ကြားချင်၍ နားဆင်နေရသည်**

**၃၃။ ဘဝများသည် ရောင်းရန်မဟုတ်ဟုဆိုသော်လည်း**

**၃၄။ အလှည့်ရောက်တော့ နွံကြည့်ချင်သေးတယ်**

**မြတ်ကိုကို(ရက္ခ)**

**ကြားချင်၍**··· က အပြန်အလှန်စကားပြောသက်သက်နဲ့ ရေးဖွဲ့ထားတဲ့စာမူဖြစ်ပြီး ဆောင်းပါးအဖြစ် ရေးဖွဲ့သင့်တဲ့ အကြောင်းအရာဖြစ်နေတာကြောင့် အားနည်းသွားပါတယ်။ **ဘဝများသည်**···ကတော့ ရေးဖွဲ့နေကျအကြောင်းအရာကိုပဲ တစ်မျိုးတစ်ဖုံ ဆန်းသစ်ထားပေမဲ့ ထိထိရောက်ရောက် အနုပညာမမြောက်ခဲ့ပါဘူး။ **အလှည့်ရောက်တော့**···ကလည်း လှည့်ကွက်ကို အားပြုပြီး ရေးဖွဲ့ထားတာ ဆွဲဆောင်မှုရှိပေမဲ့ အဆုံးသတ်ပိုင်းမှာ အားနည်းသွားတဲ့အတွက် ဝတ္ထုကောင်းဖြစ်မလာတာပါ။ ဒီတစ်ပုဒ်ကိုတော့ ပြန်လည်တည်းဖြတ်ပြုပြင်မယ်ဆိုရင် သင့်မယ်လို့ အကြံပြုပါရစေ။

**၃၅။ ဖြောင့်မျဉ်းပေါ်မှ ထောင့်စွန်းမညီသော**···

**မင်းညို့သွေး**

ဇာတ်ကောင်စရိုက်ဖွဲ့ စာမူတစ်ပုဒ်ဖြစ်ပေမဲ့ စကားပြေ၊ စကားပြောရောနေတဲ့ အရေးအသားအားနည်းချက်တွေကြောင့် ကြွတက်မလာခဲ့ပါဘူး။

**၃၇။ အသေးအဖွဲလေးမှ စတတ်ပါသည်**

**၃၈။ ယူတတ်ရမယ့် သင်ခန်းစာ**

**၃၉။ မဖိတ်ကြားဘဲ လူတော်လုပ်ခဲ့မိပါသည်**

**၄၀။ ချစ်ခြင်းကို မခွဲပါနဲ့**

**ပွေးဒွေးထူးကျော်(မင်းတုန်း)**

အပြန်အလှန်စကားပြောကို အားပြုဖွဲ့ထားတဲ့ စာမူတွေဖြစ်နေပါတယ်။ စကားပြေအရေးအသားကို ပြေပြစ်အောင်ရေးနိုင်ပေမဲ့ ရွေးချယ်ထားသမျှ အကြောင်းအရာတွေက ရိုးစင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်မှုအားနည်းနေပါတယ်။

**၄၁။ ကုတင်နံပါတ် ၄၉**

**နွေချစ်တိုင်း**

အပြန်အလှန်စကားပြောကို အားပြုတဲ့ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး ဇာတ်သဘင်လောကနောက်ခံစာမူတစ်ပုဒ်ဖြစ်ပါတယ်။ အရေးအသားမှာ အဖွဲ့အနွဲ့အားနည်းတဲ့အတွက် ရုပ်လုံးကြွမလာခဲ့ပါဘူး။

**၄၂။ ကျွန်တော်ရဲ့ သက်တံ**

**၄၃။ ပင်လယ်နှင့်တူ၍ သမုဒ္ဒရာကဲ့သို့ နက်ရှိုင်းသော**

**ခေမံ**

စကားပြေ စကားပြောရောနေတဲ့စာမူတွေဖြစ်ပါတယ်။ အရေးအသားအားနည်းချက်ကြောင့် ဆွဲဆောင်မှု အားနည်းရတဲ့စာမူတွေဖြစ်ပြီး အပြန်အလှန်စကားပြောတွေကို အားပြုလွန်းပါတယ်။

**၄၄။ ကျွန်မယောက်ကျား ကားသမား**

**လွှမ်းနီနီ(ဘော်မြေ)**

အရေးအသား အားနည်းလှပါတယ်။ အကြောင်းအရာ ရိုးစင်းသလို ဆွဲဆောင်မှုမရှိသလောက်ဖြစ်နေတဲ့အတွက်စာများများဖတ်ပါဦး။

**၄၅။ ပြဒါးတလမ်း သံတလမ်း**

**၄၆။ နှောင်ကြိုး**

**လွင်မင်း(မဝန်း)**

ပြဇာတ်ဆန်တဲ့ဇာတ်ကွက်ဆင်ပုံမျိုးနဲ့ စခဲ့ပေမဲ့ နောက်ပိုင်းမှာ မလိုက်နိုင်ဘဲဖြစ်ရတဲ့စာမူတွေပါ။ အရေးအသားဆွဲဆောင်မှုလည်း အားနည်းပါတယ်။

**၄၇။ မြစ်နဖူးပေါ်မှာ နေတစ်စင်း**

**ပန်းသွန်းခြယ်(ကော့မှူး)**

ရုပ်ရှင်ဆန်ဆန်ဇာတ်ကွက်ဆင်ထားပြီး အရေးအသားပြေပြစ်တဲ့စာမူဖြစ်ပေမဲ့ ရေးဖွဲ့နေကျ ဇာတ်မျိုးဖြစ်သလို ဆွဲဆောင်မှုလည်း အားနည်းနေပါတယ်။

**၄၈။ နှလုံးသားတစ်စုရဲ့ အိပ်မက်**

**နွေလ**

စာရေးဆရာဖြစ်ချင်တဲ့ စိတ်အခြေခံနဲ့ဇာတ်ဆင်ထား... ဖြစ်ပြီး ရိုးစင်းကာ အဆုံးသတ်ပိုင်းအားနည်းလွန်းပါတယ်။

**၅၂။ အစိမ်းရောင်ည**

**ရဲစွမ်းနေ**

အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး ဆွဲဆောင်မှုအားနည်းနေပါတယ်။

**၅၃။ အချိန်နှင့်တစ်ပြေးညီ**

**တော်တော်တည်**

စကားပြေအရေးအသားသင့်ပေမဲ့ ရေးဖွဲ့ပုံဆွဲဆောင်မှု အားနည်းသလို ဆန်းသစ်အောင် ကြိုးစားချင်ပေမဲ့ အရေး အသားမလိုက်နိုင်တဲ့အတွက် အားနည်းသွားရတဲ့စာမူဖြစ်ပါတယ်။

**၅၄။ အကြို**

**ဖွဲ့နေရောင်**

အပြန်အလှန်စကားပြောကို အားပြုထားတဲ့စာမူဖြစ်ပြီး အကြောင်းအရာရိုးစင်းပါတယ်။

**၅၅။ ဆင်းရဲတွင်းနက်**

**ငြိမ်းမောင်(ပုဏ္ဏားကျွန်း)**

စကားပြေအရေးအသားသင့်ပေမဲ့ ဖန်တစ်ရာတေ ဇာတ်မျိုးဖြစ်နေပါတယ်။

**၅၆။ နံ့**

**၅၇။ ဤကမ္ဘာလောကကြီးကို အချစ်တို့ဖြင့်သာ ဖန်တီးထား၍မရပါ**

**၅၈။ အနီးအဝေး**

**၁၂။ သောင်းတင်**

**ဥညြ(ချယ်ရီမြေ)**

စာမူအများစုက အရေးအသားပြေပြစ်ပေမဲ့ စာရေး... အနေနဲ့ ဝင်ပြီးကောက်ချက်ချလိုဇောတွေ များနေ့အတွက်



www.burmeseclassic.com

www.burmeseclassic.com

သင်ခန်းစာပေး စာမူမျိုးဖြစ်နေပါတယ်။ ရသဝတ္ထုကောင်းတစ်ပုဒ်မှာ သင်ခန်းစာပေးစရာမလိုသလို စာဖတ်သူရဲ့ လွတ်လပ်စွာ တွေးတောခံစားနားလည်ခွင့်ကို အပြည့်အဝပေးပြီး ရသအားကောင်းဖို့ပဲ လိုပါတယ်။ **သောင်းတင်** က ဇာတ်ကောင်ဖွဲ့ဝတ္ထုတစ်ပုဒ်ဖြစ်သင့်ပေမဲ့ ဇာတ်ကြောင်းပြော အားသန်တဲ့အတွက် လုံလောက်တဲ့ရသ မပေးနိုင်ဘူးဖြစ်သွားရပါတယ်။ ဒါ့အပြင် ကောက်ချက်ချပေးလိုတဲ့ဇောကြောင့် ဝတ္ထုထက်ဆောင်းပါးဆန်နေပါတယ်။

**၆၀။ အကြင်နာမိုး**

**မင်းညို့သျှင်**

ရှည်လျားလွန်းတဲ့ သာမန်အချစ်ဝတ္ထုတစ်ပုဒ်သာဖြစ်ပါတယ်။

**၁၉။ စိတ်**

**၂၀။ ပန်းပွင့်လေးမွေ့နေမယ့် ဥယျာဉ်မှူး**

**ရှည်ဝေ(လင်းရောင်ခြည်)**

အရေးအသားကောင်းပါတယ်။ **ပန်းပွင့်လေး…**က နူးညံ့တဲ့အချစ်ဝတ္ထုလေးတစ်ပုဒ်ဖြစ်ပြီး ရိုးစင်းနေပါတယ်။ **စိတ်**ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ ထပ်မံတင်ပြဖြစ်တဲ့ စာမူများကတော့-

**ကျွန်မအဖေ တစ်ကောင်ကြွက်**

**နန်းဟာသီ(မိုးကုတ်)**

**ကောက်သွားတဲ့ သံတစ်ချောင်း**

**ငြိမ်းချမ်းဇော်**

**ပုပ်တိုင်း ပုတ်သင့် မပုတ်သင့်**

**မောင်အင်း(ဥက္ကံ)**

**သံယောဇဉ်ကြိုးပေါ်မှာ မျက်ရည်ငှက်တွေနဲ့**

**မြတ်သျှိုင်းသွင်**

**တူနှစ်ကိုယ်တိုင်းပြည်**

**ပေါ်ဦးလင်း**

**ရေသဖန်းလျော်ကြေး**

**ပျူမခ(ကျော့သောင်း)**

**မိုးသည်းထဲမှာ**

**မိုးခကျော်သွင်**

**ဘဝက မိုးစက်တွေလား မိုးစက်တွေက ဘဝလား**

**ဆွေစင်ဦး** တို့ဖြစ်ပါတယ်။

❑

ဆန်ခါတင်အဖြစ် ကျွန်တော့်ထံကို ရောက်ရှိလာတဲ့ ဝတ္ထုတို ၈ ပုဒ်နဲ့ ပြန်ပြင်ရေးခိုင်းတဲ့ဝတ္ထုတို ၁ ပုဒ် ဒီလမှာ ဖတ်ရှုရပါတယ်။ ပထမဦးဆုံး ပြောချင်တာကတော့ ဆရာ ငြိမ်းချမ်းဇော်ရဲ့ 'ကောက်သွားတဲ့ သံတစ်ချောင်း' ဝတ္ထုဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ကန့်သတ်ချက်တွေ ရှိပါတယ်။ ဘေားမာဂျင်ရှိရမယ်။ လက်ရေးနဲ့ ရေးမယ်ဆိုရင် A-4 ၆ မျက်နှာအထိ ရေးနိုင်ပြီး ကွန်ပျူတာ စာစီမယ်ဆိုရင်တော့ ၁၃ ပွိုင့်နဲ့ A-4 ၄ မျက်နှာသာ ရေးရမှာ ဖြစ်ပါတယ်။ ဆရာ ငြိမ်းချမ်းဇော်က ဘေးမာဂျင် လက်မဝက်လောက်သာ ချန်ပြီး Legal စာမျက်နှာ ၆ မျက်နှာ ရေးဖွဲ့ထားပါတယ်။ လက်ရေးခပ်စိပ်စိပ်နဲ့ ဖြစ်တာကြောင့် လိုတာထက်က ပိုပြီးရှည်နေပါတယ်။ ဇာတ်လမ်းကိုလည်း ကျွန်တော် စိတ်တိုင်းမကျပါဘူး။ ဒါကြောင့် မသုံးဖြစ်ကြောင်း ပြန်ကြားလိုက်ပါတယ်။

ဆရာ နန်းဟာသီ(မိုးကုတ်)ရဲ့ 'ကျွန်မအဖေ တစ်ကောင်ကြွက်'က ကွန်ပျူတာစာစီထားပြီး ၇ မျက်နှာရှိပါတယ်။ ဆရာမလည်း ကန့်သတ်စာမျက်နှာထက် ပိုရှည်နေပြီး ဇာတ်လမ်းအားဖြင့်လည်း မက်လောက်စရာ မရှိပါ။ အဆိုးဆုံးကတော့ စာလုံးပေါင်းသတ်ပုံများ သောက်သောက်လဲ မှားယွင်းနေခြင်းပါ။ တကယ်လို့ တခြားတစ်ယောက်က စာစီပေးတာဆိုရင်လည်း စာလုံးပေါင်းသတ်ပုံများကို အတတ်နိုင်ဆုံး ဂရုစိုက်စေချင်ပါတယ်။ ကျွန်တော်တို့က ပြင်ပေးမှာ မှန်ပေမဲ့ စဖတ်လိုက်ကတည်းက အမှားတွေ ဖတ်နေရတာဆိုတော့ ဖတ်ချင်စိတ်ကို လျော့ပါးစေပါတယ်။

ဆရာ မိုးခကျော်သွင်ရဲ့ 'မိုးသည်းထဲမှာ'ကလည်း လက်ရေးခပ်စိပ်စိပ်နဲ့ ဘေးမာဂျင် လက်မဝက်လောက်သာထားပြီး ရေးဖွဲ့ထားပါတယ်။ ဇာတ်လမ်းအားဖြင့် ဆွဲဆောင်မှု မရှိပါ။

E-mail မှတစ်ဆင့် ပေးပို့ထားတဲ့ ဆရာ ရှည်ဝေ(လင်းရောင်ခြည်)ရဲ့ 'စိတ်'ဝတ္ထုက စိတ်အစွဲအကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပေမဲ့ ဆွဲဆောင်မှုမရှိတဲ့အတွက် ကျွန်တော် ချန်လှပ်ထားခဲ့ပါတယ်။

ဒီလမှာ ရွှေအသစ် ၅ ပုဒ် ရွေးချယ်ဖော်ပြပေးထားပါတယ်။

ဆရာမ ခင်မြတ်နှယ်(ပခုက္ကူ)ရေးသားတဲ့ 'ကျေးရွာကမ္ဘာ…မင်္ဂလာနံနက်ခင်း'ဝတ္ထုက ဆရာမ မသီတာ(စမ်းချောင်း)တင်ပေးလိုက်တဲ့အထဲမှာ မပါဘဲ အရင်လက ကျွန်တော် ပြန်ပြင်ခိုင်းလို့ ပြန်ရေးတဲ့ဝတ္ထုဖြစ်ပါတယ်။ မသီတာ ဆန်ခါတင် ရွေးပေးတဲ့အထဲက-

-ဆရာ ပေါ်ဦးလင်းရဲ့ 'တူနှစ်ကိုယ်တိုင်းပြည်'

-ဆရာမ ဆွေစင်ဦးရဲ့

'ဘဝက မိုးစက်တွေလား… မိုးစက်တွေက ဘဝလား'

-ဆရာ ပျူမခ(ကျော့သောင်း)ရဲ့ 'ရေသဖန်းလျော်ကြေး'

-ဆရာ မောင်အင်း(ဥက္ကံ)ရဲ့

'ပုပ်တိုင်း ပုတ်သင့်မပုတ်သင့်' နဲ့

-ဆရာ မြတ်သျှိုင်းသွင်ရဲ့

'သံယောဇဉ်ကြိုးပေါ်မှာ မျက်ရည်ငှက်တွေနဲ့' ရွေးနှုတ်လုံးသားဝတ္ထုတို့ ဖြစ်ပါတယ်။ ■

**ဝင်းငြိမ်း**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ပုပ်တိုင်း ပုတ်သင့် မပုတ်သင့်

ဝေအောင်း၊ ညွှန့်၊

'ဖေါင်း'

'ဟာ၊ ကားဘီးပေါက်ပြီ'

ကားဘီးပေါက်သံ၊ ယာဉ်နောက်လိုက်၏ သတိပေးသံတို့အဆုံးတွင် အောင်လံ-ဒဂုံ ခရီးသည်တင်ကားကြီး တုံ့ခနဲရပ်သွားသည်။ ယာဉ်မောင်း၏ ကျွမ်းကျင်မှုကြောင့် ကားမှာ ယိမ်းခါခြင်း မရှိပါ။ သို့သော် ခရီးသည် အချို့အထိတ်တလန့်ဖြစ်သွားသည်။

'ကားဘီးပေါက်သွားလို့ပါ။ ဘီးလဲဖို့ ခရီးသည်တွေ ဆင်းပေးပါဦး'

ယာဉ်နောက်လိုက်၏စကားအဆုံးတွင် အခြားခရီးသည် များနည်းတူ ကျွန်တော် လည်း ထိုင်ခုံမှ ထလိုက်သည်။ ဆင်း ပေးရန် ပြင်ဆင်ရင်း ကားပြတင်းမှတစ်ဆင့် အပြင်ဘက်သို့ လည်း ကြည့်မိသည်။ ထောက်ကြန့်အထိသာ ခရီးပေါက်သေး ကြောင်း သိရသည်။ လက်မှနာရီကို ကြည့်တော့ ညနေလေး နာရီခွဲသာသာမျှ ရှိနေပေပြီ။ ထို့ကြောင့် အောင်မင်္ဂလာအဝေး



www.burmeseclassic.com

www.burmeseclassic.com

> ထိုမျှ ရင်းနှီး၊
> ထိုမျှ တာကြွ၊
> ထိုမျှ အားကြိုး
> မာန်တက်
> ရှိလာသော
> ကျွန်တော်တို့
> သူငယ်ချင်း
> တစ်စုအဖို့
> လုံးဝ
> မမျှော်လင့်မိသော
> အဖြစ်ဆိုး
> တစ်ခုနှင့်
> ရင်ဆိုင်ရသော
> နေ့ကိုတော့
> ဘယ်သောအခါမှ
> ကျွန်တော်
> မေ့မည်
> မဟုတ်ပါ

ပြေးဝင်းနှင့် ထောက်ကြန့်ကို နာရီဝက်သာသာမျှနှင့် အရောက်မောင်းသော ယာဉ်မောင်းကိုလည်း စိတ်ထဲမှ ချီးကျူးလိုက်မိသည်။

'ဟာ . . . ရဲကျော် မဟုတ်လား'

ကျွန်တော် ကားပေါ်မှ ဆင်းပြီးစတွင် နောက်ကျောကို ပုတ်ရင်း တစ်စုံတစ်ယောက်က နှုတ်ဆက်သည်။ ထို့ကြောင့် ဆတ်ခနဲလှည့်ကြည့်မိတယ်။ နှုတ်ဆက်သူက သူ့နှုတ်ခမ်းမွေးများကို ပွတ်သပ်ရင်း ရယ်မောနေပြန်သည်။ ခက်သည်က သူ့ကို ကျွန်တော် မမှတ်မိခြင်းပင်။

'ငါ...အောင်ဗလလေကွာ'

ထိုသူက အောင်ဗလဖြစ်ကြောင်း သူ့ကိုယ်သူ မိတ်ဆက်ခိုက်တွင် ဆက်စပ်၍ စဉ်းစားရင်း သူ့မျက်ဝန်းများကို အသေအချာ ကျွန်တော် စိုက်ကြည့်နေမိသည်။ ယင်းအခိုက်တွင်ပင် 'ပြင်ဦးလွင်တပ်မတော် နည်းပညာကောလိပ်'၌ အတူကျောင်းတက်ခဲ့သော သူငယ်ချင်းဖြစ်ကြောင်း ကျွန်တော် သိလိုက်သည်။

'မင်း...'

ကျွန်တော်သည် သူငယ်ချင်းမှန်း သိလိုက်သည်နှင့်'မင်း...'မှလွဲ၍ စကားမဆက်ဖြစ်တော့။ အောင်ဗလ၏လက်ဖဝါးကို ဆုပ်ညှစ်ရင်း အားပါးတရ ပြုံးနေလိုက်မိသည်။

'ဒီကားက ဇော်ဦးမောင်းတာကွ။ မှတ်မိလား အောင်လံသားလေ'

အောင်ဗလ၏ စကားကြောင့် ထပ်ဆင့်အံ့သြသွားသော ကျွန်တော်သည် စီးနင်းခဲ့သည့် အောင်လံ-ဒဂုံကားကြီးကို မော့ကြည့်လိုက်မိပြန်သည်။

'လာ၊ ဟိုဘက်မှာ ကားဘီးချွတ်နေတာဖြစ်မယ်။ သွားနှုတ်ဆက်ရအောင်'

အောင်ဗလ ဦးဆောင်ခေါ်ရာနောက်လိုက်ပါရင်း ငယ်သူငယ်ချင်း၏ ပခုံးကို တင်းကျပ်စွာ ကျွန်တော်ဖက်လိုက်သည်။ ယင်းအခိုက် ပိန်လှီသော အောင်ဗလ၏ ပခုံးရိုး၊ နူးညံ့ထွေးအိ၍ တန်ဖိုးကြီးမည့် ဂျာကင်အင်္ကျီအစရှိသော အတွေ့အထိတို့ကို တစ်ပြိုင်နက်တည်း တွေ့ထိခံစားလိုက်မိသည်။

'ဟေ့ ဇော်ဦး။ ဒီမှာ ကြည့်စမ်း ဘယ်သူလဲလို့'

ကား၏ တစ်ဖက်သို့အရောက်တွင် အောင်ဗလ၏ စကားသံကြောင့် ဘီးနတ်များ ဖြုတ်နေသူ နှစ်ဦးအနက်မှ တစ်ဦးက လှည့်ကြည့်သည်။ ထိုသူသည်ကျွန်တော့်ကို အတန်ကြာစိုက်ကြည့်ရင်း ကွမ်းဝါးဖတ်များကို ဖွီးခနဲ ထွေးထုတ်သည်။ ထို့နောက်-

'ဟာ ရဲကျော်ပဲ။ မင်း ဒီကားနဲ့ ပါလာတာလား'

ကျွန်တော်သည်ဇော်ဦး အမေးကို ခေါင်းညိတ်ပြရင်း ကျောင်းဆရာဖြစ်သွားသော ကျွန်တော့်ဘဝ၊ တာဝန်ကျရာ လက်ပံတန်းမြို့သို့ သွားမည့် ယခုခရီး စသည်တို့ကိုပါ ရှင်းပြလိုက်သည်။ ခဏကြာတော့ ဘီးလဲလှယ်ခြင်းပြုရန် ဇော်ဦး ပြင်ဆင်သည်။ ကျွန်တော်နှင့် အောင်ဗလလည်း ဇော်ဦးနှင့် မနီးမဝေးတွင် ထိုင်လိုက်ကြသည်။

'မင်းရော ဘာတွေလုပ်နေလဲ'

ထိုင်ပြီး ခဏတွင် အောင်ဗလကို ကြည့်၍ ကျွန်တော် မေးမိသည်။

'အရောင်းအဝယ်လေကွာ။ ခါတိုင်းတော့ ကိုယ်ပိုင်ကားနဲ့ ပြည်ကို ပြန်တာ။ ဇော်ဦးကားကိုတော့ ခုမှစီးဖြစ်တာ'

အောင်ဗလသည် ထိုသို့ ဖြေရင်း သူ့ဘယ်လက်ဖြင့် နှုတ်ခမ်းမွေးများကို သပ်နေသည်။ ထို့ကြောင့် တဖျပ်ဖျပ်လက်နေသော အောင်ဗလ၏ လက်စွပ်ကို ကျွန်တော် သတိထားလိုက်မိသည်။ ပြီးတော့ ကြီးပွားတိုးတက်နေမည့် အောင်ဗလ၏ ဘဝအခြေအနေကိုပါ ခန့်မှန်းကြည့်လိုက်သည်။

ရာသီဥတုက ကျနေ... တွင် အေးစပြုလာသည်။ ဆောင်းဝင်ပြီဖြစ်ကြောင်း အသိပေးသလိုပင်။ သို့သော် ကားဘီးလဲလှယ်နေသည့် ဇော်ဦး၏ ကျောပြင်၌ ချွေးများရွှဲရွှဲစိုနေသည်။ အောင်ဗလကမူ တစ်နေရာရာသို့ သူ့ ဟမ်းဆက်ဖြင့် ဖုန်းဆက်နေ... သည်။ သူနောက်ကျမည့် အကြောင်းလည်း ပါသည်။ ယင်းအခိုက် ကျွန်တော့်အတွေး... များက ပြီးခဲ့သော ဆယ်နှစ်... ကျော်ကာလများဆီသို့... ရောက်သွားသည်။ နှင်းမှုန်... များကြားမှ ပြင်ဦးလွင်မြို့... ပြီးတော့ ကျွန်တော်တို့ ပညာ... ဆည်းပူးခဲ့ရာ နည်းပညာ... ကောလိပ် စသည်တို့... လည်း အတွေးဖြင့် မှန်း... ကြည့်မိသည်။ ထိုစဉ်က... တော့ ဇော်ဦးလည်း ကွမ်း... မစားတတ်၊ အောင်ဗလလည်း... စာသင်ခန်းအတွင်း၌ တိုက်... အင်္ကျီအနွမ်းကလေးနှင့်သာ... ဖြစ်သည်။

❑

'ငါက ဇော်ဦး၊ အောင်... လံသား'

'ငါက ပြည်မြို့က... အောင်ဗလလို့ ခေါ်တယ်'

'ငါ့နာမည် ရဲကျော်... နောက်က ခင်ဇော်ဝင်း၊ ... ဘက် စိုးမိုးနိုင်။ အားလုံး... ကုန်သားတွေ'

အိပ်ဆောင်... တည်း ကျသူ...ချင်းချင်း

www.burmeseclassic.com

မိတ်ဆက်ကြရာ၌ ကျွန်တော် သတိထားမိသည်မှာ အောင်ဗလဖြစ်သည်။ လေသံပျော့ပျောင်းခြင်း၊ မျက်နှာထားညှိုးငယ်ခြင်းတို့ကြောင့် သူ့ကို အားမလို အားမရလည်း ဖြစ်မိသည်။ တစ်ဖန် အနားရသော တနင်္ဂနွေလိုရက်များ၌ ကျွန်တော်တို့မြို့ထဲထွက်လျှင် သူ မလိုက်။ ခေါ်၍မရ။ စာအုပ်တစ်အုပ်နှင့်သာ နေရစ်သည်။ နောက်ပိုင်း ရင်းနှီးလာသောအခါ အောင်ဗလ၏ မိဘမဲ့သောဘဝ၊ နွမ်းပါးသော ဦးလေးဖြစ်သူ၏ အထောက်အကူကြောင့် ဆယ်တန်းအောင်ခဲ့သော အဖြစ်။ လက်ရှိတွင် ဦးလေးအား တာဝန်မပိစေလိုသော အောင်ဗလ၏ စိတ်ဓာတ်စသည်တို့ကို ကျွန်တော်သိလာခဲ့သည်။

'ငါက တိုက်ခိုက်ရေးဝါသနာပါတာကွ။ ကြည်းတပ်မှာ စစ်ဗိုလ်ကြီးဖြစ်ချင်တာ။ ဒါပေမဲ့ ငါ့အသက်က တစ်နှစ်ကျော်နေလို့ ဒီကိုပဲ တက်ခွင့်ရလိုက်တယ်'

ရံဖန်ရံခါ။ ထိုစကားကို လေသံပျော့ကလေးဖြင့် အောင်ဗလပြောတတ်သည်။ တွက်ကြည့်လျှင် ၈၈ အရေးအခင်းကြောင့် ကျောင်းများပိတ်လိုက်စဉ် ကျွန်တော်တို့ အသက်ကမနေ၊ တစ်နှစ်ပိုကြီးလာသည်။ ပိုကြီးသော အသက်ကြောင့် ဆရာဝန်စစ်ဗိုလ်ကြီးဖြစ်လိုသော ဖော်ဦး။ ကြည်းရေလေမှ စစ်ဗိုလ်များဖြစ်လိုသည့် ကျွန်တော်၊ အောင်ဗလ၊ ခင်ဖော်ဝင်းတို့ တပ်မတော်နည်းပညာကောလိပ်သာတက်ခွင့်ရခဲ့သည်။ သို့သော်လည်းဖြစ်လိုသော

ငါးခုံးမပုပ်
တစ်ကောင်ကြောင့်
ပုတ်ခတ်ခံရသော
လှေအကြောင်းကို
လည်း
ထိုနေ့တွင်ပင်
နားလည်
လိုက်ပါသည်
ထိုနေ့က
ပြင်ဦးလွင်တွင်
နှင်းများပို၍
ထူထပ်ခဲ့သည်

ဘဝနှင့် အနီးစပ်ဆုံးအခွင့်အရေးမို့ ကျွန်တော်တို့ ပျော်ရွှင်ခဲ့ပါသည်။

ကျွန်တော်တို့ကျောင်းတွင် နည်းပညာဆိုင်ရာ အတတ်ပညာများသာမက စစ်မြေပြင်အတွေ့အကြုံများကိုလည်း လေ့ကျင့်သင်ကြားရသည်။ အထူးသဖြင့် ယူနီဖောင်းအပြည့်အစုံနှင့် စစ်ရေးလေ့ကျင့်ရလျှင် ကျွန်တော်တို့ အပျော်ဆုံးဖြစ်သည်။ ထိုအခါမျိုးတွင် ပင်ပန်းသောဒဏ်ကြောင့် ရံဖန်ရံခါ ကျွန်တော် ညည်းညူမိတတ်သည်။ အောင်ဗလကမူဘယ်တော့အခါမှ မညည်းညူခဲ့ပေ။

အောင်ဗလသည် အစားအသောက်လည်း ချေးမများ။ အဝတ်အစားလည်း မခံ့မင်။ ကျောင်းစာနှင့်လေ့ကျင့်ရေးများကိုသာ အာရုံစိုက်သူဖြစ်သည်။

'ကျောင်းမှာ ထူးချွန်ရမယ်။ အပင်ပန်းဒဏ်ခံနိုင်ရမယ်။ စည်းကမ်းလိုက်နာရမယ်။ ဒါမှ ထက်မြက်တဲ့ နိုင်ငံ့သားကောင်းဖြစ်မှာ'

အထက်ပါစကားမျိုး ပြောပြီဆိုလျှင် အောင်ဗလ မျက်နှာက တည်ကြည်လှသည်။ သတိပြုမိသော အချက်မှာ ကျွန်တော်တို့ထဲတွင် လေးလေးနက်နက် စကားမျိုးသာ ပြောလေ့ရှိသူမှာ အောင်ဗလ ဖြစ်သည်ဆိုသော အချက်ပင်။ ထိုအချက်ကြောင့်ပင် ကျွန်တော်၊ ဖော်ဦး၊ ခင်ဖော်ဝင်း အစရှိသော နီးစပ်ရာ သူငယ်ချင်းများသည် အောင်ဗလကို လေးစားကြသည်။ အထူးသဖြင့် မိဘရပ်ထံမှ ပေးပို့သော ဟင်းအစ သရေစာများ ရောက်လာသည်ရှိသော် အောင်ဗလကို ဦးစားပေး၍ ကျွေးမွေးတတ်ကြသည်။ သို့သော် ဘယ်သောအခါမှ အောင်ဗလက မစားပေ။

'ငါ့က အလေ့အကျင့်ရနေပြီ။ ခုမှမဟုတ်ဘူး။ ငယ်ငယ်ကတည်းက ကျင့်သားရခဲ့တာ။ ကျွေးတာကို ကျေးဇူးတင်တယ်။ ဒါပေမဲ့ ငါ့လျှာ အကျင့်ပျက်မှာ စိုးတယ်ကွ'

စသည်ဖြင့်ပြောရင်း ငြင်းပယ်လေ့ရှိသည်။ နောက်ထပ်ထူးခြားသော အောင်ဗလ၏ အကျင့်မှာ မျက်နှာကို အမြဲသန့်စင်အောင်ထားသည့်အကျင့်ဖြစ်သည်။ မကြာခဏ မျက်နှာသစ်လေ့ရှိသလို ရေးရေးမျှပေါက်သော နှုတ်ခမ်းမွေးကိုပင် မထား။ ရေစိုဝတ်ဖြင့် ပြောင်စင်အောင် ပွတ်လေ့ရှိသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုတွင် စကားအနည်းဆုံးက ဖော်ဦးဖြစ်သည်။ ဖော်ဦး၏ ထူးခြားချက်က 'ကားမူး'တတ်ခြင်းဖြစ်သည်။ ကားစီးတိုင်း မူးပြီး အမူးဒဏ်မခံနိုင်သော ဖော်ဦးသည် ကွမ်းနံ့၊ ဆေးလိပ်နံ့ကိုလည်း အဝေးမှရှောင်သည်။

အထက်ပါအတိုင်း နေရပ်ဒေသ၊ အမူအကျင့်စသည်ဖြင့် ကွဲပြားသော ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် တပ်မတော်နည်းပညာကောလိပ်၏ အရိပ်အာဝါသအောက်တွင် စည်းလုံးစွာဖြင့် ပထမနှစ်ပြီးဆုံးခဲ့ကြသည်။

ဒုတိယနှစ်သို့ ရောက်သောအခါတွင်မူ စစ်ရေးလေ့ကျင့်မှုများ၌ ကျွန်တော် ဒဏ်ခံနိုင်လာသည်။ မညည်းညူတော့ပေ။ အောင်ဗလ၏ စကားနှင့်ပြောရလျှင် ထုသားပေသားရလာသည်ဟု ဆိုရပေမည်။ နွမ်းနယ်မှုမရှိ၍ စာလည်း ပိုကျက်နိုင်ခဲ့သည်။ သို့သော် စာစစ်မေးတိုင်း ဒိုးဒိုးဒေါက်ဒေါက်ရှိလှသော အောင်ဗလကို လိုက်မမီပါ။

'စာမေးပွဲဆိုတာကတော့ မှန်မှန်ကျက်မှတ်ရင် အောင်မှာပါ။ ထူးထူးချွန်ချွန်ဖြစ်ချင်ရင်တော့ ခွန်အားစိုက်ရမယ်။ ဒါမှကိုယ်စွမ်းကိုယ်စ ပြနိုင်မှာ။ နောက် ဘဝမှာ ဘယ်နေရာရောက်ရောက်

www.burmeseclassic.com

ကိုယ်စွမ်းကိုယ်စ ပြနိုင်အောင်ပြင်ဆင်ထား သိလား'

ကျွန်တော် စာဖတ်ရန်ပြင်သည်နှင့် အထက်ပါစကားမျိုးကို အောင်ဗလကပြောလေ့ရှိသည်။ ထို့မျှမကနီးစပ်ရာသူငယ်ချင်းတို့၏အိပ်ချိန်၊ စားချိန်၊ အိပ်ရာထချိန်တို့ကိုပါ အောင်ဗလကြီးကြပ်ပေးတတ်သည်။ထူးခြားသောအချက်မှာ ပထမနှစ်ထက်ပို၍ တက်ကြွလာသောအောင်ဗလ၏ဟန်ပင်ဖြစ်သည်။

'ပန်းတိုင်လည်း မြင်ရပြီကွာ။ ပထမခြေလှမ်းလည်းအောင်အောင်မြင်မြင်လှမ်းပြီးပြီကွာ။ ကဲ…ဘာငေးငိုင်စရာ လိုသေးလို့လဲ' စသည်ဖြင့်ပြောရင်း တက်ကြွနေသည့် အောင်ဗလကြောင့်ကျွန်တော်သည်လည်းကောင်း၊ နီးစပ်သောသူငယ်ချင်းများသည်လည်းကောင်း ယခင်ထက် တက်ကြွလာသည်။ ယခင်ထက်ပို၍ စည်းလုံးခဲ့သည်။ ဤကား စံပြဖြစ်သော အောင်ဗလကြောင့်ဟုဆိုရပေမည်။

ထို့မျှ ရင်းနှီး၊ ထို့မျှ တက်ကြွ၊ ထို့မျှ အားကြိုးမာန်တက်ရှိလာသောကျွန်တော်တို့ သူငယ်ချင်းတစ်စုအဖို့ လုံးဝမမျှော်လင့်မိသော အဖြစ်ဆိုးတစ်ခုနှင့် ရင်ဆိုင်ရသောနေ့ကိုတော့ ဘယ်သောအခါမှ ကျွန်တော်မမေ့မည်မဟုတ်ပါ။ ငါးခုံးမပုပ်တစ်ကောင်ကြောင့် ပုတ်ခတ်ခံရသော လှေအကြောင်းကိုလည်း ထို့နေ့တွင်ပင် နားလည်လိုက်ပါသည်။

ထို့နေ့က ပြင်ဦးလွင်

> တပ်မတော်နည်းပညာကောလိပ်၏စုရပ်တွင်ကျွန်တော်အပါအဝင်ကျောင်းသားငါးထောင်ခန့်တို့စုဝေး နေရာယူထားကြသည်ထူးခြားအမိန့်နာခံရန်ဖြစ်သည် 'ကျောင်းပိတ်လိုက်ပြီ။ အပြီးပိတ်သည်မိဘရပ်ထံ ပြန်ပါ' ပြတ်သားသောအမိန့်သည်ကျွန်တော့်ဖို့ကြားလိုက်မကြားလိုက်နှင့်အဆုံးသတ်သွားသည်ပြီးသွားပြီတဲ့

တွင် နှင်းများပို၍ ထူထပ်ခဲ့သည်။ တပ်မတော်နည်းပညာကောလိပ်၏ စုရပ်တွင်ကျွန်တော်အပါအဝင် ကျောင်းသားငါးထောင်ခန့်တို့ စုဝေးနေရာယူထားကြသည်။ ထူးခြားအမိန့်နာခံရန်ဖြစ်သည်။

'ကျောင်းပိတ်လိုက်ပြီ။ အပြီးပိတ်သည်။ မိဘရပ်ထံ ပြန်ပါ'

ပြတ်သားသော အမိန့်သည် ကျွန်တော့်ဖို့ကြားလိုက်၊ မကြားလိုက်နှင့် အဆုံးသတ်သွားသည်။ ပြီးသွားပြီတဲ့။ ထိုခဏတွင် ကျွန်တော့်ဒူးများတဆတ်ဆတ်တုန်လာပြီးခွေကျလုလုဖြစ်သွားသည်။ အနီးရှိ အောင်ဗလ၏ တွဲကူမှုကြောင့် ကျွန်တော်လဲမကျခြင်းဖြစ်သည်။

အဆောင်သို့ ပြန်ရာလမ်းတွင်လည်း အောင်ဗလတွဲကူလာခဲ့သည်။ ထို့ကြောင့် အောင်ဗလကိုမိုရင်း ပင့်သက်များသာ ကျွန်တော်အကြိမ်ကြိမ်ချနေမိလိုက်သည်။ ပျောက်သွားပြီဖြစ်သော ပန်းတိုင်ကိုမှန်းဆကြည့်သည်။ ရင်ထဲမှာ ကျဉ်ခနဲဖြစ်သွားပြန်သည်။

'ဘာမှဝမ်းမနည်းပါနဲ့ကွာ။ ငါတို့က ငါးပုပ်မဟုတ်ပါဘူး။ အပုတ်ခံရတဲ့ငါးပါ'

အောင်ဗလကမူ အထက်ပါစကားကိုပြောပြီးနောက် အံကြိတ်သည်။ သူ့အံကြိတ်ပုံက သွားအချင်းချင်းထိခတ်မှု ပြင်းလွန်းသဖြင့်တကျွိကျွိမြည်သံများကျယ်လောင်စွာ ထွက်ပေါ်နေပါတော့သည်။

❑

'ကဲ၊ ပြီးပြီ။ သွားကြမယ်ဟေ့။ လက်ပံတန်းရောက်မှ နားရင်း လက်ဖက်ရည်သောက်ကြတာပေါ့'

ဂျိုက်နှင့်ကွင်းခွများသိမ်းဆည်းရင်း ဖော်ဦး ဆော်ဩသဖြင့် ကျွန်တော့်အတွက်အတွေးများ ရပ်တန့်သွားသည်။

'အဆက်အသွယ် ရပြီပဲကွာ။ နောက်တွေ့ကြတာပေါ့။ ဖော်ဦး ကားနံပါတ်လည်း မှတ်ထားကွ'

ခရီးသည်များ ကားပေါ်တက်သည်ကို စောင့်ရင်း အောင်ဗလက ကျွန်တော့်ကိုမှာသည်။ ဖော်ဦးကမူ ကျွန်တော့်ပခုံးကို လှမ်းဖ[…]ရာမှ–

'ကျောင်းက ပြန်ရော[…]ကတည်းက စပယ်ယာလိုက်[…]တာကွ။ ခုတော့ ယာဉ်မောင်း[…]ဖြစ်သွားပြီ။ ကားလည်း [...] တော့ဘူး။ ကွမ်းယာလည်း[…]ကြိုက်သွားပြီ။ ဟား…ဟား…ဟား'

တဟားဟားရယ်ရင်း[…]သူ့ဘဝတစ်စိတ်တစ်ပိုင်းကို[…]ဖော်ဦးပြောတော့ ကျွန်တော်[…]လည်း လိုက်ရယ်မိသည်။

'ငါနဲ့ခင်ဖော်ဝင်းတ[…]အဝေးသင်နဲ့ဘွဲ့ယူဖြစ်တယ်[…]ခုတော့ ခင်ဖော်ဝင်းတ[…]မလေးမှာ။ ရိုးမိုးနိုင်တ[…]သဘောကလိုက်သွားပြီ'

ရသည့်အချိန်ကလေး[…]အတွင်း လက်လှမ်းမီရာသူ[…]ငယ်ချင်းအချို့အကြောင်း[…]ကျွန်တော်တို့ ပြောဖြစ်ခဲ့[…]ကြသည်။ ခဏအကြာတွင်[…]ခရီးသည်စုံပြီမို့ ဖော်ဦးလည်း[…]ကားထွက်ဖို့ပြင်သည်။ [...]နိုးသည်။

ကားစတင်ထွက်ချိန်[…]တွင် ရှေ့ဘက်နားသို့ နေရာ[…]သောအောင်ဗလကို ကျွန်တော်[…]မျှော်ကြည့်မိသည်။ မမြင်ရ[…]ပါ။ ဖော်ဦးကမူ မောင်းရီသ[…]စတွင် ကားရှေ့မီးများဖွင်[…]လျက် အာရုံစိုက်မောင်းနှ[…]နေသည်။ ကျွန်တော်လည်း[…]ထိုင်ခုံတွင်မှီလျှော့ခွေ၍ အိပ်[…]ပျော်ဖို့ ကြိုးစားလိုက်သည်။

ကျွန်တော် မည်မျှအိပ်[…]ပျော်သွားသည်။ မသိပါ[…]ရုတ်ရုတ်သဲသဲအခြေအနေ[…]တစ်ရပ်ကြောင့် လန့်နိုးလာ[…]ချိန်တွင် ကားက ရပ်ထား[…]သည်။ ထိတ်ထိတ်ပ[…]ဖြစ်နေသော ခရီးသည်များနှ[…]



www.burmeseclassic.com

www.burmeseclassic.com

ရှေ့တွင်ရဲအရာရှိတစ်ဦးရပ်နေသည်ကိုပါ မြင်ရသည်။

'သတင်းအရ ရှာဖွေမှာဖြစ်တဲ့အတွက် ခရီးသည်တွေကိုယ့်နေရာမှာ ကိုယ် ထိုင်ပေးပါ'

ရဲအရာရှိသည် ထိုသို့ အသိပေးပြီးနောက် စစ်ဆေးရှာဖွေရန်အတွက် နောက်ပါအဖွဲ့ကို အချက်ပြလိုက်သည်။ ယင်းနောက် ရဲတပ်ဖွဲ့ဝင်များကားပေါ်တက်လာသည်။ ရှာဖွေသောအဖွဲ့သည် ကားကြီး၏ အတွင်းမီးများ၊ အသင့်ပါလာသောဓာတ်မီးများအကူကို ယူ၍ ကားတစ်စီးလုံးကို ပိုက်စိပ်တိုက်ရှာဖွေသည်။ သူတို့သည် ခရီးသည်များ၏ လက်ကိုင်အိတ်၊ ကားအိတ်စင်ပေါ်ရှိ ခရီးဆောင်အိပ်စသည်ဖြင့် မလစ်လပ်အောင် စစ်ဆေးနေကြသည်။ ကား၏ ပြင်ပတွင်မူ လမ်းမီးရောင်များ၊ လမ်းဘေးဈေးဆိုင်တန်းတို့မှ အလင်းရောင်များ လင်းထိန်နေသည်။ ထို့ကြောင့်မြို့တစ်မြို့၏ အဝင်လမ်းဖြစ်မည်ဟု ကျွန်တော် မှန်းဆမိလိုက်သည်။

'ဟာ…တွေ့ပြီဆရာ'

စစ်ဆေးချိန် နာရီဝက်ခန့်အကြာတွင် ထိုကဲ့သို့ထွက်ပေါ်လာသော အသံကြောင့် ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်သွားသည်။

'ရွှေထည်နဲ့ ရှူးဆောက်တန်ဆာပလာတွေပါ ဆရာ'

ခဏအကြာတွင် ရဲဘော်ကလေး လှမ်းပေးသည့် အိတ်ကို ရဲအရာရှိက စစ်ဆေးသည်။ ထို့နောက် ယင်းခရီးဆောင်အိတ်ကို အများမြင်သာအောင် မြှောက်ပြရင်း-

'တစ်ကိုယ်တော် ဖောက်ထွင်းဝိဇ္ဇာ ဒီကားမှာပါတာရယ်၊ ဖောက်ထွင်းပစ္စည်းတွေ သယ်ဆောင်လာတာရယ်ကို သတင်းအတိအကျ ကျွန်တော်တို့ရထားပါတယ်။ ဒါကြောင့် ခရီးသည်တွေ မကြန့်ကြာရအောင် တရားခံက ဝန်ခံပေးပါ။ ဘယ်သူပါလဲ ခင်ဗျာ'

ရဲအရာရှိ၏ စကားသံသည် ကားအတွင်း၌ ကျယ်ကျယ်လောင်လောင် ရှိလှသည်။ အစောပိုင်းက လှုပ်လှုပ်ရွရွရှိခဲ့သော ခရီးသည်များမှာမူ ယခုတော့ ငြိမ်သက်သွားသည်။ ခက်သည်က မည်သူမျှ ဝန်မခံခြင်းပင်။ အရာရှိက ဝန်ခံရန်အတွက် ထပ်ကာထပ်ကာပြောသည်။ ခရီးသည်များကတော့ ငြိမ်နေမြဲသာဖြစ်သည်။

'ဒါဆိုရင်တော့ ကားရော ခရီးသည်များကိုပါ တာဝန်အရ ထိန်းသိမ်းရမှာဖြစ်ပါတယ်။ စစ်ဆေးပြီးရင်တော့ ပြန်လွှတ်သင့်သူကို လွှတ်ပေးမှာပါ။ ကဲ ကားဆရာက စခန်းကိုမောင်းပါ'

တာဝန်ကျ အရာရှိ၏ စကားအဆုံးတွင် 'ဟာ'ဟု ကျွန်တော် မြည်တမ်းမိသည်။ မနက်ဖြန် အလုပ်ဝင်ရေးက မသေချာတော့ဟု လည်း တွေးမိသည်။ ကျွန်တော့်နည်းတူ ကျန်ခရီးသည်များမှာလည်း ကိုယ်စီကိုယ်စီ ခရီးစဉ်ပျက်ရတော့မည်ဟု လည်း တစ်ဆက်တည်းတွေးလိုက်မိသည်။ ယင်းခဏတွင်ပင် အလိုမကျသော ငြူစူသံများ ခရီးသည်တို့ထံမှ ထွက်ပေါ်လာသည်။ နောက် ကားစက်နှိုးသံကြားရပြန်သည်။

'ဟော့၊ ခရီးသည်တွေ ခေါ်စရာမလိုဘူး။ အဲဒါ ကျုပ်ပစ္စည်း'

ကားစက်နှိုးသံအဆုံးတွင် ထွက်ပေါ်လာသော သံပြတ်တစ်ခုကြောင့် ဇော်ဦးက ကားစက်ကိုပြန်ရပ်သည်။ ကျွန်တော်လည်း အသံထွက်ပေါ်လာရာ ကားအရှေ့ပိုင်းသို့ မျှော်ကြည့်လိုက်သည်။ မာဆတ်သော လေသံနှင့်အတူ ထ၍ရပ်လိုက်သူက ကျွန်တော့်သူငယ်ချင်း အောင်ဗလ။

အောင်ဗလသည် ရဲဝံ့သောဟန်ဖြင့် အရာရှိကို စူးစိုက်ကြည့်ပြီး နေရာမှတိုးထွက်လာသည်။ ကျန်ခရီးသည်များမှာလည်း အောင်ဗလကိုကြည့်ရင်း တိတ်ဆိတ်သွားသည်။ ကျွန်တော်ကိုယ်တိုင်လည်း အောင်ဗလကို လှမ်းကြည့်ရင်း မှင်တက်မိသူကဲ့သို့ ဖြစ်သွားလေတော့သည်။

အောင်ဗလသည် အရာရှိ၏အနီးရောက်သည်နှင့် သူ့ကိုဖမ်းဆီးနိုင်ရန် လက်အစုံကို ထိုး၍ပေးသည်။ အရာရှိကလက်ထိတ်ခတ်သည်။ အံ့သြသွားသော ခရီးသည်များထံမှမူ အသက်ရှူသံမှတစ်ပါး ဘာမျှမကြားရပေ။ ယင်းအခိုက်တွင် အောင်ဗလက အရာရှိကို စကားတစ်ခွန်းပြောသည်။ တိတ်ဆိတ်လွန်းသောအနေအထားဖြစ်၍ အောင်ဗလ၏စကားသံသည် ကားအတွင်း၌ ပဲ့တင်ထပ်ဟိန်း၍သွားသည်။

အောင်ဗလ၏ စကားကြောင့် ခရီးသည်များမည်သို့ခံစားရမည်ကို ကျွန်တော်မသိပါ။ လေထဲမှတစ်ဆင့် ကျွန်တော့်နားစည်သို့ ရိုက်ခတ်လာသော အောင်ဗလ၏ စကားသံကမူ နားစည်မှတစ်ဆင့် ကျွန်တော့်ရင်ကိုပါ ရိုက်ခတ်သွားသည်။ ရိုက်ခတ်ချက်မှာ ပွဲတင်ထပ်မျှဖြစ်သဖြင့် ကျွန်တော့်ရင်ဘတ်အတွင်းပိုင်းတစ်နေရာ၌ ကျဉ်ခနဲဖြစ် သွားရသည်။ ပြီးတော့ ဘာကြောင့်မှန်းမသိပါဘဲ ကျွန်တော့်မျက်ဝန်းမှာ မျက်ရည်များ ရစ်ဝဲသွားသည်ကိုပါ သတိထားလိုက်မိသည်။

ကျွန်တော့်ကို ထိုမျှခံစားရအောင် ကျွန်တော့်သူငယ်ချင်းအောင်ဗလပြောလိုက်သောစကားကမူ-

'ကျုပ်လို ငါးပုပ်တစ်ကောင်အတွက် ကျန်သူတွေ လမ်းမပျောက်ပါစေနဲ့ဗျာ။ သူတို့ခမျာ ဘာမှမသိရှာပါဘူး'

ဟူ၍မျှသာဖြစ်သည်။

ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်း အောင်ဗလ၏ စကားကြောင့် ဝဲကျလာသောမျက်ရည်တို့ကို အမြန်သုတ်လိုက်သည်။ တစ်ဆက်တည်းပင် ငါးပုပ်ကြောင့် အပုတ်ခံရပြီး ပုပ်သွားမှုတွေ ရှိနိုင်မရှိနိုင် ဟူသည့်မေးခွန်းကိုပါ တစ်ကိုယ်တည်းမေးကြည့်မိလိုက်သည်။ ပြီးတော့ ဘယ်လောက်များများ၊ ဘယ်အထိ…စသည့်အတွေးတို့ကလည်း ကောင်းကင်သို့ တက်သွားသောမီးခိုးများကို မျှော်ကြည့်ရသလို ဖြစ်နေပါတော့သည်။ ■

မောင်အင်းဗွေး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



၁။

ရောဝတီတစ်ကြောမှာ
ယခုကဲ့သို့ မြစ်ကူးတံတားများ
အလျှိုအလျှိုပေါ်ထွက်လာချိန်တွင်
မကွေး-မင်းဘူး တံတားကြီး
မရှိသေးမီက
ဆောင်းတစ်ညချမ်းဖြစ်ရပ်လေးကို
အမှတ်ထင်ထင် သတိရမိသည်။
ကျေးဇူးတရား၏ အဓိပ္ပာယ်ကို
ကိုယ့် ရှုထောင့်နှင့်ကိုယ်
ဖွင့်ဆိုခဲ့ကြသည်။
နှောင်းတစ်ခေတ်က
ကြည်နူးဖွယ်မှတ်တမ်းကလေးပင်။

❑

၂။

'ခရီးသည်များခင်ဗျား
မင်းဘူးနဲ့ မကွေးကြားက
ရေကြောင်းအလွန်ကျပ်ပါတယ်။
အချိန်လည်း လင့်နေပြီမို့
ဒီည မင်းဘူးမှာပဲ
သဘောရပ်နားပါတော့မယ်'
အောက်ထပ်မှ
ရေယာဉ်ဝန်ထမ်းတစ်ဦး၏
ကြေညာသံကို ကြားလိုက်ရစဉ်
ကျွန်မ အလျင်အဦး
စိုးထိတ်မိရပြန်သည်က
ဦးဆန်းအတွက်သာ။
ကျွန်မအတွက်မှာဖြင့်

အမှတ် ၂၃၁ ဖေဖော်ဝါရီ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com

> လေအေးတွေ တဖြူးဖြူး တိုက်နေတာ ဦးဆန်းတစ်ခုခု ဖြစ်သွားနိုင်တယ် ကဲပါ ကိုယ့်မောင်နှမ တွေပဲဟာ မန္တယ့်ခြင်ထောင် ထဲမှာ ဝင်အိပ်လှည့်ပါ

သည် ညအဖို့၊ သည်သဘော်ဘယ် မြို့မှာ အိပ်အိပ် ကိစ္စလည်း မရှိ။ အကြောင်းလည်းမဟုတ်ပါ။ မင်းဘူးတွင်အိပ်သည်ဖြစ်စေ၊ မကွေးတွင်အိပ်သည်ဖြစ်စေ နောက်တစ်နေ့ ညနေစောင်းလျှင် ခရီးစဉ်၏နောက်ဆုံးစခန်းဖြစ်သည့် ပြည်မြို့သို့ ဆိုက်ရောက်မည်ပင်။

ပုံမှန်ခရီးစဉ်အရ ယနေ့ည အိပ်ရမည့်ညအိပ်စခန်းမှာ မကွေးဖြစ်သော်ငြားလည်း တန့်ကြည့်ဆိပ်ကမ်းမှ ကျွန်မလိုက်လာကတည်းက တစ်လျှောက်လုံး ရေကြောင်းကျပ်ခဲ့၏။ ဆောင်းနှောင်းရာသီဖြစ်သော ယခုလို ပြာလိုလမျိုးတွင် ဧရာဝတီမြစ်ကြောင်းသည် ကျဉ်းမြောင်းကွေ့ကောက်စမြဲ။ ရေကြောင်းကောင်းလျှင် ဖြောင့်ဖြောင့်ဆင်းသွားပါက ချောက်မြို့သို့ ခဏလေးဖြင့် ရောက်နိုင်ပါလျက် ယခုမူ ထန်းခြောက်ပင်အဆင်းမှာ တစ်ကွေ့ကြီးပတ်ဆင်းနေရသဖြင့် အချိန်တွေညောင်းကာ ပျင်းစရာကောင်းလှသည်။

မြစ်လယ်ကျွန်းကို ကျော်ဖြတ်၍ မြင်နေရသော လောကနန္ဒာဘုရားဆီ အာရုံပြုမည်ရည်ရွယ်လျက် သဘော်လက်ရန်းဘက် လျှောက်လာခဲ့သည်။ သည်တွင် ဦးပိုင်းမှ လျှောက်လာသော ဦးဆန်းနှင့် မမျှော်လင့်ဘဲ ဆုံတွေ့လိုက်ရ၏။

'အယ် ဦးဆန်းကြီး၊ ဒါက ဘယ်လဲ။ ပျောက်သွားလိုက်တာ မန္တယ်တို့ဆီ အလည်တောင် လာဖော်မရဘူး။ ကြည့်ပါဦး ဆံပင်တွေကလည်း ဖွေးလို့။ ဘာလဲ ဒေါ်ဖြူဖြူခင်က ဆေးဆိုးမပေးတော့ဘူးလား'

ဦးဆန်း၏ နာမည်အပြည့်အစုံမှာ ဦးဆန်းမြင့်ဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်ခန့်က ကျွန်းချောင်း-ပုဂံပြေးဆွဲသည့် မြစ်ကူးဇက်ရေယာဉ်မှာ ကြီးကြပ်ရေးမှူးတာဝန် ထမ်းဆောင်ခဲ့၏။ ကလေးချစ်တတ်သော သူ့စရိုက်ကောင်းလေးကြောင့် ဦးဆန်းနှင့် ကျွန်မတို့ မိသားစု အလှပဆုံးခင်မင်ခဲ့ရသည်။

ကျွန်မခင်ပွန်း ကိုဝဏ္ဏက ကျွန်းချောင်းမာတ်မြေသြဇာ စက်ရုံဝန်ထမ်း ဖြစ်သည်။ ကျွန်မက လိုင်းခန်းမျက်နှာစာမှာ စာအုပ်အငှားဆိုင်လေး ဖွင့်လျက် တစ်ဖက်တစ်လမ်း အိမ်ထောင့်တာဝန်ကို မျှဝေထမ်းခဲ့သည်။ အိမ်အတွက် ဈေးဝယ်ရင်း၊ ဆိုင်အတွက် စာအုပ်ဝယ်ရင်းဖြင့် ညောင်ဦးဈေးသို့ တစ်ပတ်လျှင် တစ်ခေါက်တော့ ကျွန်မ မသွားမဖြစ် သွားရ၏။

ရေကြောက်တတ်သော ကျွန်မသည် သွားတိုင်းမှာပင် စက်လှေစီးလေ့မရှိဘဲ ဦးဆန်းတို့ 'မြေလတ်ရော' ဇက်ဖြင့်သာ လိုက်ပါလေ့ရှိသည်။ အတူနေ ညီမလေးကျောင်းပိတ်ရက်နှင့် မကြုံလျှင် ဈေးဝယ်ရာသို့ သားကြီးကို ခေါ်ရ၏။ ဆုတောင်းကောင်းရှာသော အခါလည် ကျော်အရွယ် သားကြီးကို တွေ့သူတိုင်းက ခင်၍ မြင်သူတိုင်းက ချစ်ကြပါသည်။ သည်အထဲမှာ နံပါတ်ဝမ်းတစ်ဂဏန်းတစ် အချစ်ကြီးချစ်လေသူကတော့ ဦးဆန်းပင်။ ဈေးခြင်းကို တစ်ဖက်ကဆွဲရင်း သားကြီးကို တစ်ဖက်က ပွေ့ပြီးခါးထစ်ခွင်လို့ ကျွန်မမို့ ဇက်ပေါ်သို့ တက်လာပြီဆိုလျှင် ဘယ်နေရာက မြင်လိုက်သည်မသိ၊ ကျွန်မအနားသို့ ဦးဆန်း အပြေးရောက်လာတတ်မြဲ။

'သားကြီးက ဦးဦးနဲ့ နေခဲ့မှာကွ။ မေမေနဲ့ အလိုက်ဘူးကွ၊ ဟုတ်လား'

ပြောပြောဆိုဆို သားကြီးကို ပွေ့ယူသွားလိုက်သည်မှာ ဇက်ပေါ်က ဆင်းတော့မည် ပြင်ဆင်မှ ကျွန်မ ထံသို့ ပြန်ရောက်တော့သည်။

'မကွေးကို သွားမ မန္တယ်ရဲ့။ ဇက်ကပြောင်းသွား ပြီးတဲ့နောက် ရန်ကုန် ရုံးခွဲ သွားနေရတာ ၄ နှစ်လော ကြာတယ်။ သမီးကလည်း ရန်ကုန်မှာ ကျောင်းတက် တာဆိုတော့ သူ ကျောင်းပြီး ပဲ ပြောင်းရွှေ့ခွင့်တင်ပြီး ပခုက္ကူရုံးကို ပြန်လာတာ။ နဲ့ မန္တယ်ကရော အခုဘယ် လဲ'

ဆံပင်ဖြူများကို မဆိုးထားတော့သည်ကလွဲ ဦးဆန်း၏ ဟန်ပန်တို့မှာ ယခင်တုန်းကအတိုင်းပင်။

'မန္တယ်က ကျော်စွာ သွားမှာ။ ကိုဝဏ္ဏက စွာစက်ရုံကို ရာထူးတိုး ပြောင်းရတာ တစ်နှစ်ကျော် လေ။ အဖေ မရှိတော့ နောက် အမေက မန္တယ်တို့ လာနေတော့ မန္တယ်က ဝဏ္ဏဆီ ဘယ်လိုက်နေ တော့မလဲ။ တစ်လတ ခေါက် နှစ်လတစ်ခေါက် သလို အထက်ကုန်၊ အော ကုန်အရောင်းအဝယ်လေး ဖက်နဲ့ သွားချည်လာလှ ပေါ့'

ဦးဆန်းက သူ့ အတိုင်း စူးစူးစိုက်စိုက်ကြ ကာ ခေါင်းတဆတ်ဆ ညိတ်ရင်း…

'သားကြီးက ဒီနှစ် ရင် ၆ တန်းဖြစ်မယ် တယ်နော်'

ဟု ဆဆတွေးလျ ပြောသည်။ သားကြီး အတန်းကို အတိအကျ ၍ သတိတရဆို ဝမ်းသာရပါသည်။ တစ်

www.burmeseclassic.com

ဆက်တည်းမှာပင် သားကြီးနှင့် ပတ်သက်သော ဦးဆန်း၏ လူမှုရေးကျေပွန်မှုတစ်ခုကို မှတ်မှတ်ထင်ထင် ပြန်လည်မြင်ယောင်၍ လာခဲ့သည်။

သားကြီး ၄ နှစ်သားခန့်က ဖြစ်၏။ ညနေ နေဝင်ရီတရောတွင် ဦးဆန်းအိမ်သို့ အလည်လာသည်။ သားကြီးက အသံကြားသည်နှင့် အခန်းထဲမှ ထွက်ပြီး ဦးဆန်းထံသို့ အပြေးသွားစဉ် အိမ်ရှေ့ကြမ်းပြင်ပေါ်မှာရှိသည့် ထည့်ပြီးစ ရေနွေးကရားပေါ်သို့ မှောက်လျက် လဲကျ၏။ စွပ်ကျယ်ချိုင်းပြတ်လေးသာ ဝတ်ထားသဖြင့် ရင်ဘတ်တစ်ပြင်လုံး မကြည့်ရက်စရာ အပူလောင်သွားသည်။ ကိုဝဏ္ဏကလည်း စက်ရုံထဲ ရောက်နေသည်မို့ ဆေးရုံသို့ ဦးဆန်းနှင့်ပဲ သွားခဲ့ရ၏။ ညဦးမနက်မိ ဦးဆန်းကို ကျွန်မ ဖွတ်အပြန်နိုင်းပါသည်။ ပြန်မလွှတ်သည်က သားကြီး။ ဦးဆန်းပေါ်မှာ အိပ်မယ် တစာစာပူဆာရင်း ငိုနေသဖြင့် ဦးဆန်းခမျာ သားကြီး မအိပ်မချင်း ရင်ခွင်ထဲမှာ ပွေ့ချီထားခဲ့ရလေသည်။

'ဟုတ်ကဲ့ ဦးဆန်း၊ သားကြီးက ဒီနှစ် ၆ တန်းပါ။ ဒါနဲ့ ဦးဆန်းက မကွေးကိုကားနဲ့ မသွားဘဲ ဘာဖြစ်လို့ သင်္ဘောနဲ့ လိုက်လာရတာလဲ'

လက်ရန်းအထက်မှ အောက်သို့ ပြေကျလာသော မိုးကာတာလပတ်စကို လိပ်တင်ရင်း ကျွန်မ မေးကြည့်ရာ...

'အစကတော့ ကားနဲ့ သွားဖို့ပဲ။ ဒါပေမဲ့ ညက အအေးပတ်ပြီး ဖျားချင်ချင်ဖြစ်နေတာနဲ့ နားနားနေနေ ဆိုပြီး သင်္ဘောနဲ့ လိုက်လာတာ'

ဟု ဆိုသည်။ ဦးဆန်းပြောလေမှ သေချာသတိထား ကြည့်မိ၏။ ဦးဆန်း မျက်နှာသည် အနည်းငယ်နီမြန်းနေပြီး အသံမှာလည်း ကြည်ကြည်လင်လင် မရှိလှ။

'ဦးဆန်း နေ့လယ်စာကို မနွယ်နဲ့ အတူစားလေ။ ညမနက်စာထည့်လာတာမို့ နှစ်ယောက်စားလို့ ရပါတယ်'

ဦးဆန်းရဲ့ ခြေဦးတွေက ပွဲပိုင်းစားသောက်ဆိုင်ဆီ တာစူ၍ နေလေသည်မို့ ကျွန်မ ကြိုကြိုတင်တင်ပင် ဖိတ်မန္တကပြုလိုက်ရသည်။

'အင်းပါ စားတာပေါ့။ ခုတော့ ကော်ဖီနဲ့ မုန့်တစ်ခုခုစားပြီး ဆေးသွားသောက်ဦးမယ်'

ဦးဆန်း ထွက်ခွာသွားသည်နှင့် မြစ်ကြောင်း ဝဲ-ယာကို ကျွန်မ ပြန်၍ အကဲခတ်သည်။ စဉ့်ကူချောင်းကို ကျော်လွန်ခဲ့ပြီး လမ်းရှာ-ချောက်တစ်ကြောမှာ ရေကြောင်းက ပြောစရာမရှိ။ ပကတိဖြောင့် ဖြူးနေ၏။ ချောက်ဆိပ်ကမ်းမှ ခွာခဲ့၍ စလေဘက်သို့ နီးကပ်လာသည်နှင့်အမျှ ရေကြောင်းသည် တစ်ကျော့ပြန်ကာ ကျပ်လာခဲ့သည်။ စလေအနီးမှာဆိုလျှင် သဲမှုန်ပွင့်ပင်လယ်ဘော်ငွေရောင် သောင်ပြင်ကျယ်ကြီးက တမေ့တမော။ ဟိုး...တောင်ဆီပျပျဝေးဝေးမှာ ပုခန်းငယ်ဘုရားကို ထုံးဖြူဖွေးဖွေးဖြင့် လွမ်းမောစဖွယ်ဖူးမြင်ရသည်။ ဆောင်းနှောင်းကာလရေကြောင်းသည် မိုးလယ်ကာလရေကြောင်းနှယ် ပုခန်းငယ်ဆီသို့ မဖောက်မရောက်တော့ပြီ။ လက်ယာဘက်ကမ်း 'မြင်ကဝ' ဘက်မှ ပတ်ကာ ရေကြောင်းပြဗော်ယာများကို ကွေ့ပတ်ရှောင်တိမ်းရင်း သင်္ဘောသည် ဖြည်းဖြည်းချင်း စုန်ဆင်းလာခဲ့၏။

❑

၃။

တစ်မနက်ခင်းလုံး အားရပါးရစကားလက်ဆုံကျပြီးနောက် ဦးဆန်းနှင့် ကျွန်မတို့ နေ့လယ်စာစားကြသည်။ ဦးဆန်းခမျာ စားသလောက်ကို မှုကား မြိန်ရေရှက်ရေ စားရှာပါ၏။ သို့ပေမည့် ချမ်းစိမ့်စိမ့်ဖြစ်လာသည်ဆိုကာ လျှော့လျှော့ပေါ့ပေါ့သာ စားခဲ့သည်။ ပင်းဘုရားနှင့် ရေနံချောင်းကိုလည်း အဝေးမှသာ မျှော်ငေးရပြီး ရွာတန်းရှည်နှင့် သံကိုင်းတို့ကို ကျော်လွန်ခဲ့သည်။ ညောင်လှသို့မူ ဝင်၍ မရတော့။ ရေနံချောင်းခရီးသည်များအတွက် ညောင်လှအောက်ဘက် မလှမ်းမကမ်းရှိ ပေါက်ချောင်းမှာ ဆိုက်ကပ်ရ၏။

ပေါက်ချောင်းမှ ထွက်ခွာခဲ့ပြီး ၁၅ မိနစ်၊ မိနစ် ၂၀ ခန့်အကြာတွင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုဖြစ်လာခဲ့သည်။ သင်္ဘောသည် တဖြည်းဖြည်းတုံ့နှေးလာကာ စက်သံမှာလည်း ရုတ်ခြည်းမြင့်တက်လျက် တစ်စုံတစ်ခုက ဖမ်းဆုပ်လိုက်သလို ထိုးရပ်သွားတော့၏။

'ဒုက္ခပဲဟော့၊ သောင်တင်ပြီနဲ့ တူတယ်'

မလှမ်းမကမ်းက ခရီးသည်တစ်ယောက်ထံမှ အသံထွက်လာသည်။

'ဟုတ်တယ် မနွယ်ရေ သင်္ဘောသောင်တင်သွားပြီ၊ ကျွန်တော့်အထင်တော့ တော်တော်များသွားတဲ့ပုံပဲ'

ရေပေါ်မှာ အနေကြာခဲ့သည့် ဦးဆန်းက ကျွန်မကို တိုးတိုးလေး ကျိတ်၍ ပြော၏။ နာရီကြည့်လိုက်တော့ မွန်းလွဲ ၂ နာရီခွဲကျော်ကျော်။ ဦးဆန်းပြောသည့်အတိုင်းပင် သင်္ဘောသည် သောင်ပေါ်သို့ အတော်ထိုးတင်သွားပုံရ၏။ စက်ရှိန်ပြင်းပြင်းတင်လျက် ဝဲ-ယာ ယမ်းခါကြည့်ပါသော်လည်း တုတ်တုတ်မျှ မလှုပ်။ နောက်သို့ ဆုတ်နိုင်ဖို့ ဆိုသည်ကား ဝေလာဝေးတော့သည်။ တယ်လီဂရပ်(ဖ်)ရိုက်သံ၊ စက်ရှိန်မြင့်သံချသံ၊ ပန်ကာရေပွက်သံအစရှိသည်တို့ကို အဆက်မပြတ်ကြားနေရ၏။ ရပ်ချည်မောင်းချည် ရေစမ်းချည်ဖြင့် တာဝန်ရှိ ရေယာဉ်ဝန်ထမ်းများ အစွမ်းကုန်ကြိုးပမ်းနေကြတာကိုလည်း မြင်တွေ့နေရသည်။

၁ နာရီခွဲခန့် ကြိုးစားပြီးနောက် မည်သို့မျှ မတတ်နိုင်သည့်အဆုံး၊ ညနေ ၄ နာရီတွင် စိတ်တုံးတုံးချလျက် စက်ကို ရပ်နားထားလိုက်တော့သည်။ ရွှေအဆင်း၌

www.burmeseclassic.com

လုသောဆောင်းနေခြည်သည် တစစ ဆုတ်ခွာခဲ့ပြီ။ အပူရှိန်နှင့် အလင်းရောင်တို့ အားနည်းယုတ်လျော့လာသည်နှင့် အမျှ နှင်းငွေ့တို့ ယှက်သန်းအုံဖွဲ့က ဝန်းကျင်တစ်ခုလုံး မှုန်မှိုင်းလာသည်။ 'ဆောင်းရာသီမှာ စောင်မပါလျှင် အမေ့ရွာကိုပင် မသွားလေနှဲ့' ဟူသော ဆိုရိုးစကားက အညာဆောင်းအတွက် ပို၍ မှန်ကန်၏။ သည်လိုသာ ရေလယ်မှာ ညအိပ်ရမည်ဆိုပါလျှင် ဦးဆန်းအတွက်ဖြင့် ခက်သေးတော့သည်။

ကိုယ်ပေါ်မှ ဝတ်လာသည့် Field Jacket မှလွဲ၍ ညရေးညတာအတွက် သူ့မှာ ဘာမှမပါ။ ပခုက္ကူ-မကွေး ဆိုသည်ကလည်း နွေချင်းရောက် ခရီးဖြစ်လေသောကြောင့် ရုံးလက်ဆွဲအိတ်ကလေးတစ်လုံးဖြင့်သာ ပေါ့ပေါ့ပါးပါး ထွက်လာခဲ့ပုံရသည်။ သူ့ကိုယ်သူ ဘယ်ရွေ့ဘယ်မျှ ပူသည် မပူသည် ကျွန်မ မသိပေမည့် ကျွန်မတွင်မူ သူ့အတွက် ပူနေရသည်။ ဦးကြီးတစ်ယောက်သဖွယ် သားကြီးချစ်ရသော ဦးဆန်းအတွက်၊ ညီရင်းအစ်ကိုသဖွယ် ကိုဝဏ္ဏ ခင်မင်ရသော ဦးဆန်းအတွက် ကျွန်မမှာ ပူနေရသည်။

သို့နှင့်တိုင် ကျွန်မ၏ ပူပန်မှုသည် တာရှည်မခံပေ။ ည ၈ နာရီကျော်ခန့်တွင် အောက်ဘက်မှ ဆန်တက်လာသော တွဲတွန်းသင်္ဘောကြီးတစ်စီးသည် အနီးသို့ ရောက်သော် အရှိန်လျော့ကာ ကျွန်မတို့ သင်္ဘောနှင့် အဆက်အသွယ်ပြုလုပ်ကြ၏။

ဦးဆန်း ဘယ်လိုနေသေးလဲ ဟူသော သိလိုစိတ်က အစောဆုံး ဝင်ရောက်လာကာ နဖူးပြင်ကို စမ်းသပ်ရန် လက်ပြင်မိသည် ရုတ်တရက် အတွေးတစ်ခု ဝင်လာပြန်သဖြင့် လှမ်းမည်ပြင်သော လက်ကို နောက်သို့ ဆုတ်လျက် ရပ်သိမ်းလိုက်ရ၏

'ဒါဆိုရင် အခြေအနေကောင်းပြီ။ ဆွဲချပေးမှာမလို့ အကျိုးအကြောင်း ပြောနေကြတာပေါ့။ သူ့အားနဲ့သာ ဆွဲလိုက်ရင် အဆင်ပြေမှာပါ မနွယ်'

ခဏအကြာတွင် အဆိုပါ သင်္ဘောကြီးမှာ သူ တွန်းလာသည့် တွဲကို ကမ်းစပ်တစ်နေရာတွင် သွားရောက်ဖြုတ်ထားရစ်ခဲ့ပြီး ကျွန်မတို့ သင်္ဘောအား ဆွဲချပေးပါသည်။ ညမှောင်မှောင် ကြယ်ရောင်ပြိုးပြက်အောက် နှင်းမှုန်တွေကြားမှ ကြိုးသွယ်ကြိုးချည် ကြိုးဖြုတ် တလှုပ်လှုပ်နှင့် လုပ်အားပြနေကြသော နှစ်ဖက်ရေယာဉ်ဝန်ထမ်းများကို ဆလိုက်မီးတွေ တဝင်းဝင်းကြားမှာ လေးစားဖွယ် မြင်တွေ့ရသည်။ သူတို့တစ်တွေ၏ အားကြိုးမာန်တက်နှင့် ညီညာဖြဖြ လုံ့လစိုက်ထုတ်မှုကြောင့်ပင် ည ၁၀ နာရီခန့်တွင် ကျွန်မတို့သင်္ဘော သောင်ထက်မှ ကျွဲခဲ့ပါသည်။ မင်းဘူးသို့ ခရီးကလည်း ရေကြောင်းကျပ်သည်ပင်။ ညခရီးလည်း ဖြစ်နေပြီမို့ စက်ရှိန်လျှော့သင့်သည့်နေရာ လျှော့၊ ရေစမ်းသင့်သည့်နေရာ စမ်းရင်း ဖြည်းဖြည်းချင်း စုန်ဆင်းခဲ့ရာ မင်းဘူးရောက်တော့ ည ၁၁ နာရီ ကျော်ပေပြီ။ သည်အတိုင်းဆိုလျှင် မကွေးသို့ ညသန်းခေါင်မတိုင်မီတော့ ရောက်နိုင်သည်ဟု ကျွန်မ မျှော်တွေးဝမ်းသာနေဆဲ။ ရေယာဉ်ဝန်ထမ်း၏ ခပ်စောစောက ကြေညာသံ ထွက်ပေါ်လာခြင်းဖြစ်သည်။

သည်တစ်ကြိမ်တွင်မူ ရေလယ်မှာတုန်းကကဲ့သို့ ထိုင်ပြီး စိတ်ဆင်းရဲနေဖို့ အချိန်မရှိတော့။ ဝက်မစွပ်အနီးမှာကတည်းက အောက်ထပ်သို့ ဆင်းသွားခဲ့သော ဦးဆန်းသည် ယခုအချိန်ထိ အပေါ်သို့ ပြန်တက်မလာသေး။ ညနေကလည်း ညစာမစား။ ဆေးသောက်ဖြစ်ရုံဟုဆိုကာ ပူတင်းပေါင်မုန့်လေးတစ်လုံးစားပြီး ကော်ဖီတစ်ခွက်သာ သောက်သည်။ ကျွန်မနှင့် တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေစဉ် ဦးဆန်းတစ်ခုခုဖြစ်ခဲ့လျှင် ကျွန်မ မှာ တာဝန်မကင်းဟု ကျွန် အလေးအနက် ခံယူပါသည်

ရုတ်တရက် သိမှ စိတ်မဲ့စွာဖြင့် အောက်ထပ်သို့ ကျွန်မ အမြန်ဆင်းခဲ့၏။ ယာဉ်ဦးပိုင်းရှိ ကုန်သေတ္တာ တစ်လုံးထက်တွင် ထော ထားသောဒူးအစုံကို လက်ဖြ ပိုက်ပွေ့ရင်း ထိုင်နေသည့် ဦး ဆန်းကို စိတ်မကောင်းဖွယ် တွေ့ရသည်။ နေရာပျောက်ေ စိုးသဖြင့် အပေါ်တက်မလာ တော့တာ ဖြစ်မည်ဟု တွေး ထင်မိသည်။ ဟိုးအရှေ့ မြောက် ဝက်မစွပ်ဘက်ဆီ တသုန်သုန်တိုက်ခတ်လာ သော ပြာသိုလေသရမ်း အောက်တွင် ကျွန်မ စိမ့် အေးသွားသည်။ ဦးဆန်းအ သို့ ကျွန်မ ရုတ်ခြည်းရော ခဲ့မိသည်။ ထို့နောက် ရာ တွင်မည့်စကားတစ်ခွန်း ရဲရင့်ပြတ်သားစွာ ဆိုဖြ ၏။

'ဦးဆန်း ဒီလိုသာ မယ်ဆိုရင် မနွယ် တစ်ည အိပ်လို့ပျော်မှာ မဟုတ် စောင်ယူလာပေးလို့လည် ဘာထူးမှာလဲ။ လေအေး တဖြူးဖြူးတိုက်နေတာ။ ဦး ဆန်းတစ်ခုခု ဖြစ်သွား တယ်။ ကဲပါ ကိုယ့်မောင် တွေပဲဟာ မနွယ့်ခြင်ထော ထဲမှာ ဝင်အိပ်လှည့်ပါ'

ဟိုး အရှေ့ရော ဖက်ကမ်းမှာ မြသလွန်ေ တော်မြတ်ကြီးကို ရွှေတ ဝင်းနှင့် ဖူးမြော်ရသည် တပည့်တော်မ၏သစ္စာ ကို ဗုဒ္ဓမြတ်ရှင်တော့ ကောင်းပေမည်။ သည့် ဦးဆန်းအား မိမိ



www.burmeseclassic.com

www.burmeseclassic.com

ကိုအရင်းအချာသဖွယ် သံယောဇဉ်တွယ်လျက် ကျွန်မ အိပ်ရာထဲသို့ ဖိတ်ခေါ်ခဲ့ပေပြီ။ ဦးဆန်းက စကားမဆို။ တုံ့ပြန်ရန်ခက်ခဲနေသည့် အလားတုဏှိဘောဆိတ်ဆိတ်သာ နေ၏။

'ကျွန်းမာရေးက အရေးကြီးတယ်နော် ဦးဆန်း၊ မနှယ် စောင်လာမပို့တော့ဘူး။ လိပ်ပြာသန့်သန့် စိတ်ရှင်းရှင်းနဲ့ မနှယ်ဆီမှာ လာအိပ်လှည့်ပါ'

❑

၄။

မီးစက်နှိုးသံနှင့်အတူ ကျွန်မ အိပ်ရာမှ နိုးသည်။ ခဏလေးအတွင်းမှာပင် မျက်နှာကြက်ရှိ မီးလုံးလင်းလာသည်။ ကျွန်မ တစ်ညလုံးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်ပင်။ ဟောက်သံသဲ့သဲ့ကြားသလိုရှိ၍ တစ်ဖက်သို့ ကျွန်မ လှည့်လိုက်ရာ ကျွန်မကို ကျောပေးလျက် နှစ်ခြိုက်စွာ အိပ်မောကျနေသော ဦးဆန်းကို တွေ့လိုက်ရ၏။ ညက ဦးဆန်းရှိရာမှ ပြန်တက်လာပြီးနောက် ကျွန်မ အိပ်ရာဝင်သည်။ ပြီးသည်နှင့် အညောင်းပြေခါးဆန့်ရင်း ခဏတစ်ဖြုတ် လှဲလိုက်ရာ တစ်ကြိုးတည်း အိပ်ပျော်သွားခဲ့ခြင်းပါပေ။ ကျွန်မဘေးသို့ ဦးဆန်းရောက်လာသည်ကို ယခုမှ သိတော့သည်။

ကျွန်မ အိပ်ရာမှ လူးလဲထလိုက်၏။ ဦးဆန်း ဘယ်လိုနေသေးလဲဟူသော သိလိုစိတ်က အစောဆုံး ဝင်ရောက်လာကာ နဖူးပြင်ကို စမ်းသပ်ရန် လက်ပြင်မိသည်။ ရုတ်တရက် အတွေးတစ်ခု ဝင်လာပြန်သဖြင့် လှမ်းမည်ပြင်သော လက်ကို နောက်သို့ ဆုတ်လျက် ရပ်သိမ်းလိုက်ရ၏။ ပြီးလျှင် ကျွန်မဘေးမှာ အလျားလိုက်ခေါက်လျက် ချခင်းထားသော ပဝါလေးကို ကျေနပ်စိတ်အပြည့်ဖြင့် ငေးကြည့်နေမိသည်။ ကိုဝဏ္ဏ၏ အစ်ကို ဂျာမနီမှ ပြန်လာစဉ်က ကျွန်မကို ပေးခဲ့သည့် ချည်သားအစစ် ပဝါစိမ်းစိမ်းလေး။ ပဝါထက်မှ ဂျာမနီရိုးရာ ဖောင်းကြွဒီဇိုင်းက လက်ရာမြောက်လှ၏။ တစ်ခါက အမှတ်တရလက်ဆောင် ပဝါလေးမှာ ယခုတော့ ကျွန်မနှင့် ဦးဆန်းတို့အတွက် အမှတ်တမဲ့စည်းရိုးဖြစ်ခဲ့လေပြီ။

ကျော်စွာသို့ ရောက်လျှင် သည်ဖြစ်ရပ်ကို ကိုဝဏ္ဏအား မထိမ်မချန်ဇာတ်ကြောင်းပြန်ရပေမည်။ ထိုအခါတွင် ညတုန်းက ဦးဆန်းရော ကျွန်မပါ သည်ပဝါလေးကို မည်သူမှ မဖြတ်သန်းခဲ့ကြကြောင်း အခိုင်အမာ သစ္စာတိုင်ချင်သည်။ ချစ်လင် ကိုဝဏ္ဏကိုသာလျှင်မဟုတ်၊ ကျွန်မတို့က မသိဘဲ ကျွန်မတို့ကို သိနေနိုင်သော၊ သဘောပေါက်ပါလာခဲ့သူတစ်စုံတစ်ယောက် လူသတင်း လူချင်းဆောင်ခဲ့မည်ဆိုပါလျှင်လည်း ကျွန်မဘက်က စိတ်ရှင်းရှင်းနှင့် မတွန့်မဆုတ် ရင်ဆိုင်ချင်သည်။ ထိုသတင်းသည်လည်း သစ္စာရနံ့ တပျံ့ပျံ့သင်းနေမည့် ပန်းတစ်ခင်းသာ ဖြစ်စေလိုသည်။

အတွေးတွေ တစ်ပွေ့တစ်ပိုက်ဖြင့် ကျွန်မ ထိုင်နေစဉ် ဦးဆန်း နိုးလာ၏။ ပြီးတော့ ကျွန်မဘက်သို့ လှည့်စောင်းကာ ညီမလေး တစ်ယောက်လို ကြင်နာမှုအပြည့်ဖြင့် ကြည့်ရင်း…

'Morning မနှယ်'

ဟု ဆိုသည်။

'Morning ပါ ဦးဆန်း၊ ဦးဆန်း နေကောင်းတယ်နော်'

ပြုံးလျက် ခေါင်းညိတ်ရင်း အိပ်ရာမှ ထသည်။ တစ်ဆက်တည်း သူ့လက်ဆွဲအိတ်ကို ဆွဲယူပြီး-

'ကျွန်တော် အောက်ထပ်ကိုဆင်းတော့မယ် မနှယ်၊ မင်းဘူး-မကွေးက ခဏနဲ့ရောက်သွားမှာဆိုတော့ ပြန်တက်မလာတော့ဘူး။ မြသလွန်ဘုရားကို အာရုံပြုရင်း စက္ကူစ်ဂျိုင်ခြေတော်ရင်းမှာ နွေးနွေးထွေးထွေး အိပ်ခဲ့ရတဲ့အတွက် မနှယ်ကို ကျေးဇူးတင်ပါတယ်'

ပြောပြောဆိုဆိုဖြင့် ခြင်ထောင်အပြင်သို့ ထွက်ရန်ပြင်၏။ ဦးဆန်း၏ ကျောဘက်ကို ကြည့်ရင်းမှ ကျွန်မ တစ်စုံတစ်ခုကို သတိရသဖြင့် 'ဦးဆန်း၊ ခဏ'ဟု တားလိုက်သည်။ သမင်လည်ပြန် ကြည့်လာသော ဦးဆန်းအား အစ်ကိုကြီးတစ်ယောက်လို လေးလေးစားစား ကြည်ညိုစွာကြည့်ရင်း ချန်မထားသင့်သော စကားတစ်ခွန်းကို ကျွန်မ အလေးအနက် ဆိုခဲ့သည်။

'မနှယ်ကလည်း ဦးဆန်းကို ကျေးဇူးအများကြီး တင်ပါတယ်'

■

ခင်မြတ်နှယ်၊ပခုက္ကူ


အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com



မနက်က ရေဒီယိုနားထောင်တော့
မန္တလေးဘက်မှာ မိုးကြီး၊ ရေလျှံနေတဲ့
သတင်း ကြားလိုက်ရတယ်။
ပြီးခဲ့တဲ့ သီတင်းပတ်ကတည်းက
ရွာနေတဲ့မိုးက စဲမစဲနိုင်ပါဘူး။
ရွာတွေဘက်မှာလည်း
ချောင်းရေတွေ လျှံနေသတဲ့။
ကျွန်မလည်း မစဲတဲ့မိုးစက်တွေကို
ငေးကြည့်ရင်း ပျင်းရိစွာ ထိုင်နေမိတယ်။
ကျွန်မတို့မြို့မှာလည်း
မိုးကြီးနေသလို မြစ်ရေတွေကလည်း
အဆမတန် မြင့်တက်လို့နေရဲ့။
ငယ်ငယ်တုန်းကတော့
တစ်နှစ်တစ်ခါလောက်တော့
မြစ်ရေကြီးစေချင်မိတယ်။
ဧရာဝတီမြစ်ရေတွေ ကမ်းလုံးလာပြီဆိုတာနဲ့
ရင်တထိတ်ထိတ် ခုန်နေကြပြီ။
မြစ်ရေကြီးပါစေ၊ ကုန်းပေါ်ရောက်ပါစေ၊
ခြံထဲရောက်ပါစေ ဆုတောင်းခဲ့မိသေးတယ်။

# ဘဝက မိုးစက်တွေလား
# မိုးစက်တွေက ဘဝလား

**ဆွေဇင်ဦး**




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လမ်းကြိုလမ်းကြား၊ အိမ်ကြို အိမ်ကြားမှာ လှေစီးရတဲ့ အရသာကို ကလေးပီပီ မက်မောခဲ့မိတယ်။ ကိုယ့်အိမ်ဝင်းထဲမှာပဲ ဘောကွင်းစီးရတဲ့ အရသာကလည်း တော်တော်မိုက်တယ်။ မြစ်ကမ်းနားမှာ ရေဆင်းမချိုးရသူတွေမို့ မြစ်ရေလျှံမှ ဘောကွင်းစီးရတာကိုး။ 'ပြည်တော်သာ'တံတားရေမြုပ်ပြီဆိုတာနဲ့ ကျွန်မတို့တွေ ပျော်မြူးကြပြီ။ တံတားရေမြုပ်တော့ ကျောင်းမတက်ရတော့ဘူးလေ။ ရေက တစ်နေ့ကို တစ်တောင်လောက်တက်ပြီဆိုရင် တံတားမြုပ်ပြီး တစ်ရက်လောက်ဆို ကျွန်မတို့လမ်းပေါ် ရေတွေရောက်လာပြီ။

ညအိပ်ချိန်မှာ ရေက လမ်းပေါ်မှာ ခြေမျက်စိလောက်ပဲရှိပေမဲ့ ညသန်းခေါင်ကျော်လို့ တောင်ပေါ်က ချေးသည်တွေဆင်းချိန်ဆို ရေသံတွေ တဗွမ်းဗွမ်း ကြားနေရပြီ။ မနက်လင်းလို့ အိမ်ရှေ့ကို အပြေးအလွှား ကြည့်မိရင် ဝင်းခြံစည်းရိုးမှာ ကပ်ထားတဲ့ လှေတွေကို မြင်ရတော့တယ်။ အခုဆို ကျွန်မတို့မြို့မှာ မြစ်ရေမလျှံတာ ခုနစ်နှစ်လောက် ရှိရှာမယ်။ ဒီနှစ်မှ ကုန်းပေါ်ကို ရေရောက်တာ။ ဆက်ပြီးတက်ရင်တော့ ကျွန်မတို့ဘက်တွေလည်း ရေမလွတ်နိုင်။

ခြံထဲမှာ စိုက်ထားတဲ့ ဘူးပင်၊ ဖရုံပင်၊ ပဲသီးပင်၊ ရုံးပတီပင်တွေတော့ သေကုန်တော့မှာပဲ။ အခုမှ ပျိုးထားခါစ ငရုတ်ပင်တွေကိုတော့ ရေလွတ်ရာကို တင်ထားရမှာပဲ။ အလှပန်းပင်တွေကတော့

ပြောရင်လည်း
အဲဒီမိုးမတွေ့က
ဖက်ပြီး
နပန်းလုံးမှာ
သူတို့အပေါ်
တစ်ကျပ်
ဖိုးလောက်
ကောင်းရင်
တစ်ရာဖိုးလောက်
ကျေးဇူး
ဆပ်ချင်ပေမဲ့
တစ်မတ်
ဖိုးလောက်
သူတို့ကို
ညစ်ပြီဆိုရင်တော့
ရာထောင်မက
အာခံမယ့်
တကယ့်
အောက်ဆုံးလွှာ
လူတန်းစားတွေလေ

ရေမြုပ်ရင်ရှင်ဖို့ လမ်းမမြင်။ ရှောက်ပင်နဲ့ သံပရာပင်တွေကတော့ သက်တမ်းရင့်နေပြီမို့ မသေနိုင်လောက်ပါဘူး။ ဘာကြောင့်မှန်း မသိဘူး။ ဒီတစ်ခါ ရေကြီးမှာကို ကျွန်မ မပျော်သလိုဘဲ။

မိုးကလည်း တဖြုန်းဖြုန်း တဒိုင်းဒိုင်းနဲ့ ရွာကောင်းနေတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံလေ အားအလွန်ကောင်းပြီး ကမ်းရိုးတန်းဒေသတွေမှာ တစ်နာရီမိုင် ၄၀ လေတိုက်နှုန်း ကြေညာထားတယ်။ မိုးလေဝသက ကြေညာချက်မှာ နေရာအနှံ့ မိုးကြီးတဲ့ဒေသထဲမှာ ပဲခူးတိုင်းလည်း ပါတယ်လေ။ ဟော၊ တောင်လေတွေတိုက်တာ ပိုကြမ်းလာတယ်။ ရေကတော့ ဒီမိုး၊ ဒီလေနဲ့ ဆက်တက်ဦးတော့မှာပဲ။ မိုးကအေးတော့ စောင်ပုံထဲမှာသာ ဝင်ကွေးချင်တော့တာပဲ။ ရေချိုး၊ ခေါင်းလျှော်ထားမိတော့ ချမ်းစိမ့်စိမ့်နဲ့။ ညနေခင်းကြီးမှာ အိပ်ရာထဲဝင်ကွေးရင်တော့ ဖျားမှာသေချာတယ်။ လက်ဖက်ရည်ကျဆိမ့်လေးဖျော်ပြီး အမေ့ကိုလည်း တစ်ခွက်ပေးလိုက်တယ်။ ဟောတော့၊ အခုမှ သတိထားမိတယ်။ အမေက မိုးအေးနေတာကို အိမ်ရှေ့က သမံတလင်းအုတ်ခုံမှာ ထိုင်နေတယ်။

'အမေ အေးကအေးနဲ့ ဘာလုပ်နေတာလဲ၊ အဲဒီမှာ'

'ကျောက်သယ်တဲ့ ကောင်မလေးကို စောင့်နေတာ'

လက်ဖက်ရည်ခွက်ပူပူကို ကိုင်ထားတဲ့လက်တွေ နွေးထွေးသွားတော့ နေသာထိုင်သာရှိသွားတယ်။ အမေ့ကို နွေးနွေးထွေးထွေးနေဖို့ ပြောပေမဲ့ အမေက ထိုင်နေရာမှမရွှေ့။အမေတို့ကိုမပြောချင်တော့ဘူး။ မိုးတွေ ဒီလောက်ရွာနေတာကို ကျောက်သယ်ခိုင်းနေတယ်။မစာမနာကွယ်။

'အမေ ကလေးမလေးလာရင် တော်ခိုင်းလိုက်တော့လေ၊ သနားပါတယ်'

'ကလေးမလေး မဟုတ်ဘူး၊ သူ့အမေ သမီးရဲ့'

ပြောနေတုန်းမှာပဲ သူရောက်လာခဲ့တယ်။ ပါးလုပ်လုပ်ကိုယ်ခန္ဓာပေါ်က မွဲညစ်ညစ် အဝတ်တွေဟာ ရေစိုပြီး ကပ်နေတယ်။ ကျောက်အကျိုးအပဲ့တွေကို ပိန်အိတ်ပိုင်းထဲမှာ ထည့်ရွက်လာတဲ့ သူ့မျက်နှာမှ စီးကျနေတဲ့ရေ တွေက ဝါညစ်ညစ်နဲ့။ ကျောက်တွေနဲ့ ကပ်ပါလာတဲ့ ရွှံ့ရည်တွေ စီးကျနေပုံပဲ။

သူက ကျောက်တွေကို သွန်ချရင်း နှာတစ်ချက်ချေ လိုက်တယ်။ ရေတွေစိုရွှဲနေတဲ့ သူ့ကိုကြည့်ပြီး ကျွန်မ ပိုချမ်း နေမိတယ်။ ကျွန်မ အမေက သူ့ကို အရိပ်ထဲဝင်ဖို့ခေါ်တာ သူကမကြားဘူး။ မိုးသံ လေ သံထဲမှာ မနည်း အော်ခေါ်ရ တယ်။ ရေတံလျှောက်က ကျတဲ့ရေတွေထဲမှာ သူ့အိတ် က ရွှံ့ရည်တွေဆေးပြီး ကျွန်မ တို့ရှိရာကို ပြေးဝင်လာခဲ့တယ်။

ကျွန်မ အိမ်ပေါ်ဆင့်ခုံ ပေါ်မှာထိုင်ရင်း သူ့ကို လှမ်း ပြောလိုက်တယ်။

'အဒေါ် မနက်ဖြန်ကျ သယ်ပါလား၊ မိုးတွေမိပြီး အအေးပတ်တော့မှာပဲ'

သူက ကျွန်မစကားကို သဘောကျသလို ပြုံးနေပြီး ဘာမှတော့ ပြန်မပြော။ အမေ က သူ့ကို လက်ဖက်ရည်ခွက် လေးပေးတော့ သူ လှမ်းယူ တယ်။ ကြည့်စမ်း သူ့လက် တွေ ပဲကြီးရေစွဲလိုက်ပြီး ဖြူ ပွနေပြီ။ လက်ဖက်ရည်ပူပူကို တစ်ရှိန်ထိုးမော့သောက်ပြီး သူ မိုးရွာထဲကို ပြန်ထွက်သွား တယ်။

'အမေကလည်း ပြော နေတာကို ဘာဖြစ်လို့ ဆက် သယ်ခိုင်းရတာလဲ'

ပြောပြီးတော့ ကျွန်မ လက်ထဲက နောက်ဆုံးလက် ကျန် လက်ဖက်ရည်ကို မော့ လိုက်မိတယ်။ အား…ရင် ကို နွေးသွားတာပဲ။

❑



www.burmeseclassic.com

www.burmeseclassic.com

အမိုးအကာ
မရှိဘဲ
တောင်ပေါ်မှာ
သူတို့
ဘယ်လို
နေမှာပါလိမ့်
သိချင်ပေမဲ့
မမေးရဲ
မကြား
ချင်တော့ဘူးလေ
စိတ်မချမ်းသာ
စရာတွေ
ကျွန်မတို့အိမ်မှာ
လူဦးရေ
လေးငါးယောက်
ရှိတဲ့
မိသားစုတစ်စု
နေလို့တော့
ဆံ့နိုင်ကောင်းပါရဲ့

နောက်ထပ်တစ်ခေါက်ကို သူ တော်တော်နဲ့ မလာဘူး။ ကျွန်မ အမေ့ကို မေးကြည့်မိတယ်။ သူက မနက်က ကျောက်သယ်တဲ့ကောင်မလေးရဲ့ အမေတဲ့။ မနက်က ကောင်မလေးက ဆယ်နှစ်လောက်တော့ ရှိမှာပေါ့။ သူ့ကို သနားလို့ဆိုပြီး အမေက အမြဲတမ်း အားပေးနေသူပေါ့။ တကယ်တော့ ကျွန်မ အမေကလည်း အိမ်ထောင်ဦးစီးပေးတဲ့ငွေကို တိုင်းထွာစိစစ်သုံးနေရတဲ့သူ။ မလိုအပ်ရင် ဘာတစ်ခုမှ အပိုမသုံးချင်သူ။ ဒါပေမဲ့ ကျောက်လာရောင်းတဲ့ ကလေးတွေကိုတော့ သနားပြီး ဝယ်ဝယ်နေရတာ။

ကန်ထရိုက်တွေ ချထားတဲ့ ကျောက်ပုံကြီးတွေကနေ လွှင့်ထွက်ပဲ့စဉ်နေတဲ့ ကျောက်ခဲကျိုး၊ ကျောက်ခဲပိုင်းတွေကို အိတ်လေးတွေထဲ ထည့်ပြီး သူတို့က ရောင်းကြတယ်။ တစ်အိတ်ကို တစ်ရာပေါ့။ အမေကလည်း သူတို့ကို အားပေးချင်ပေမဲ့ များများတော့ မဝယ်နိုင်။ မနက်က ကောင်မလေး အမေ့ကို ပြောနေသံကြားမိတယ်။ ဆယ်ခေါက်ပြည့်အောင် ဝယ်ပါတဲ့။ ရေတက်လာရင် သမီးတို့မှာ အလုပ်မရှိလို့ပါတဲ့။

တကယ်တော့ ကျွန်မတို့အိမ်က သစ်ပင်တွေစိုက်တော့ အဲဒီကျောက်တွေ သိပ်တော့မလိုပါ။ နည်းနည်းနဲ့ အမေဝယ်ထားခဲ့တာလည်း တော်တော်များနေပြီ။ အမေနဲ့ကောင်မလေး ဈေးတည့်သွားလား မသိပေမဲ့ နှစ်ခေါက်လောက်သယ်ပြီး ကောင်မလေးလာတာ မတွေ့ရတော့တာ။ အခု အမေပြောမှ သိရတယ်။ ကောင်မလေးလိုပဲ ကျောက်ပုံတွေကြားထဲမှာ တူးဆွရှာဖွေပြီး ဝမ်းရေးအတွက် အလုပ်လုပ်နေရတဲ့ ကလေးတွေ များတော့များတယ်။ သူတို့အဖွဲ့ကို ကမ်းနားက လူကြီးတစ်ယောက်က မသယ်ရဘူးလို့ တားမြစ်သတဲ့လေ။ လူကြီးဆိုတာ အသက်ကြီးတဲ့သူမို့ လူကြီးလို့ပြောတာပါ။ အမှန်က သူက ဘာမှ မဟုတ်ပါဘူး။ ကျေးရွာအာဏာပိုင်အဖွဲ့အစည်းကလည်း မဟုတ်ဘူး။ ကျောက်ပုံပိုင်ရှင်လည်း မဟုတ်ဘူး။ လူချစ်လူခင်ရှိတဲ့ ရပ်မိရပ်ဖလည်းမဟုတ်ဘူး။ ဘာဆို ဘာမှမဟုတ်တဲ့သူ။ ကလေးတွေကတော့ မသယ်နဲ့ဆိုတော့ မသယ်ရဲတော့ဘူး။

တကယ်တော့ ကောင်မလေးတွေ ကျောက်ကျိုးကျောက်ပဲ့တွေ တစ်အိတ်ရဖို့ဆိုတာလည်း မလွယ်ပါဘူး။ ဓားမတိုလေးတစ်ချောင်းနဲ့ မြေကြီးထဲ နစ်ဝင်နေတဲ့ ကျောက်တုံးအပဲ့တွေကို တူးဆွပြီးမှ၊ ထိုးကော်ပြီးမှရတာ။ ပင်ပင်ပန်းပန်း သယ်ရပေမဲ့ ရတော့ တစ်အိတ်ကို တစ်ရာတဲ့။ ဒီ့ထက် ဈေးများရင်လည်း ကျွန်မအမေအပါအဝင် ဘယ်သူမှ ဝယ်နိုင်မှာမဟုတ်တော့ဘူး။ ကိုယ်တွေလည်း သူတို့ထက် သာတယ်ဆိုရတာလည်း ပိန်မသာလိမ်မသာပါ။

အဲဒီလို မြေကြီးထဲမြုပ်နေတဲ့၊ ဘယ်သူမှ အသုံးမလိုတော့တဲ့၊ ဘာမှလည်း လုပ်စရာမရှိတော့တဲ့ ကျောက်တွေကိုသယ်ပြီး ရောင်းတာကို ဟိုလူက မသယ်နဲ့ဆိုတော့။ အဲဒါ သူတို့လေးတွေရဲ့ ထမင်းအိုးကို ရိုက်ခွဲတာပဲ။ စွန့်ပစ်ကျောက်တွေကို တူးဆွနေတာ သူ့ခေါင်းထဲက ဦးနှောက်ကို နှိုက်ကော်နေတာမှ မဟုတ်ဘဲ၊ ကျောက်တောင်ပေါ်မှာ မိုင်းခွဲပြီး ကျောက်တွေ သယ်ချနေတဲ့ ကန်ထရိုက်တွေကိုတော့ သူ ဘာပြောရဲလို့လဲ။ ကလေးတွေကို သက်သက် အနိုင်ကျင့်တာ။

အဲဒါနဲ့ပဲ ကလေးတွေ အစား အမေတွေက လာသယ်တာတဲ့လေ။ လူကြီးတွေကိုတော့ သူ ဘာမှမပြောရဲတော့ဘူးထင်တယ်။ ပြောရင်လည်း အဲဒီမိန်းမတွေက ဖက်ပြီး နပန်းလုံးမှာ။ သူတို့အပေါ် တစ်ကျပ်ဖိုးလောက်ကောင်းရင် တစ်ရာဖိုးလောက် ကျေးဇူးဆပ်ချင်ပေမဲ့ တစ်မတ်ဖိုးလောက် သူတို့ကို ညစ်ပြီဆိုရင်တော့ ရာထောင်မက အာခံမယ့် တကယ့်အောက်ဆုံးလွှာ လူတန်းစားတွေလေ။

'အမေက ပြောပါတယ် မနက်ကျမှ သယ်လို့၊ သူက သူ့သမီးကျန်တဲ့ ရှစ်ခေါက် အပြီးသယ်ချင်တယ်တဲ့။ အဲဒါမှ တစ်ထောင်ရမှာ'

'အမေကလည်း တစ်ထောင်ပေးလိုက်ပေါ့၊ ကျန်တဲ့ အခေါက် မနက်လာပို့ပစေ'

'ဟဲ့'ဟု အမေအော်လိုက်တော့ ကျွန်မ ပြုံးမိသွားတယ်။ ဟုတ်တော့ ဟုတ်ပါတယ်။ အမေလည်း အလှူပေးရတာတွေ များနေပြီ။ အဲဒီလို တစ်စုံတစ်ခုသော အကြောင်းကြောင့် ပိုက်ဆံပေးပြီး နောက်နေ့မှ လာပို့ဆိုရင် ဘယ်တော့မှ ကတိမတည်ကြ။ မေ့လောက်၊ လျော့လောက်မှ နောက်တစ်ခါလာလျှင် ဒီကလူတွေကလည်း အပြစ်မတင်ချင်တော့။ ရှိစေတော့ ရှိစေတော့။ အခုလည်း အမေ ဟို အဒေါ်ကြီးကို သနားပေမဲ့ ပိုက်ဆံတစ်ထောင်တော့ အလကား အဆုံးခံချင်ပုံမရ။ မိုးရွာထဲမှာ သူ တစ်ခေါက်လာပြန်ပြီ။ ဘယ်နှခေါက်တောင် ကျန်သေးလဲ။ သူ့အသားတွေလည်း ပြာနေပြီ။ သူ့မျက်နှာကတော့ ပြုံးပြုံးပါပဲ။ သူနဲ့အတူ သယ်နေတဲ့တစ်ယောက်ကို စောင့်ရင်း သူ့အမိုးအောက်ကို ဝင်လာတယ်။ သူ့ကို ကျွန်မ သနား

www.burmeseclassic.com

တဲ့အကြောင်း အမေက ပြော ပြနေတော့ သူက ရယ်လိုက်တာ။

'ကျွန်မက ကျန်းမာရေး ကောင်းပါတယ်၊ မသနားနဲ့။ ကျွန်မနဲ့အတူ သယ်နေတဲ့တစ်ယောက်က ဗိုက်ခွဲထားတာ၊ စားဖို့မရှိလို့ ထွက်ပြီးသာ အလုပ်လုပ်ရတာ၊ သူ တော်တော်မဟန်ဘူး။ ကလေးတွေလည်း သယ်လို့ မရတော့ သူ့ခမျာ…'

သူ ပြောနေတာကို ကျွန်မ အာရုံမရှိတော့။ လမ်းပေါ်ကနေ သူ့ကို လှမ်းခေါ်တဲ့ ခပ်ပိန်ပိန် မိန်းမကိုသာ ကျွန်မ ကြည့်နေမိတယ်။ ကြည့်စမ်းပါ၊ ပိန်လိုက်တာမှ အရိုးပေါ်အရေတင်။ ရှေ့ ဒီပိုက်ဆံ ယူသွားပြီး ချက်ပြုတ်စားကြ။ ဒါတွေ ဆက်မသယ်နဲ့တော့လို့ ပြောပြီး သူတို့လက်ထဲကို ငွေကြေးအနည်းငယ်လောက် ထည့်ပေးချင်ပေမဲ့ အမေနဲ့ကျွန်မ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိတယ်။

ဒီမိန်းမသာ တစ်စုံတစ်ခုဖြစ်သွားရင် သူ့ကလေးတွေ။ တောက်။

မဆီမဆိုင် ဟိုကမ်းနားမှာ ပါဝါပြလိုက်တဲ့ သူကောင်းသားကို ကျွန်မ ကျိန်ဆဲနေမိတော့တယ်။

❑

ကြည့်နေရင်း ခဏချင်းမှာပဲ လမ်းပေါ်မှာ ရေတွေလျှံသွားတယ်။ မိုးရေတွေ လမ်းပေါ်မှာ ခြံထဲမှာ စီးဆင်းနေပြီ။ ဒီပုံအတိုင်းဆို မြစ်ရေနဲ့ မိုးရေ ရောပြီး ရေလျှံတော့မယ်။

မနေ့ညကလည်း ချောင်းရေတွေ ကျလာလို့

> သူချမ်းလွန်းလို့လားမသိ။ အသံတွေအဖျားခတ်ပြီး တိမ်ဝင်သွားတယ်
> သူ့ကို သနားလှပါတယ်ဆိုတဲ့ ကျွန်မ ဘယ်လို အားပေးစကားမှ ပြောမထွက် ဘာမှလည်း မကူညီနိုင်တာကယ်တော့ သနားတယ်ဆိုတာက လွယ်ပါတယ်
> သနားကြင်နာခြင်းနောက်မှာ မျှဝေခံစားတတ်ဖို့အတွက်သာ…

အသစ်ဆောက်ထားတာ မကြာသေးတဲ့ ချောင်းကူးတံတားကြီး ကျိုးသွားခဲ့တယ်။ ဝုန်းခနဲ ဆောင့်ဝင်လာတဲ့ ရေလုံးဒဏ်ကို တံတားက မခံနိုင်လို့ လဲပြိုသွားပြီး မျောပါသွားတော့ ချောင်းနားက လူတွေလည်း လန့်သွားကြတာပေါ့။ သိမ်းကြ၊ ဆည်းကြ၊ ပြေးကြ၊ လွှားကြနဲ့ ပွက်ပွက်ကို ညံသွားတာပဲ။ ချောင်းနဲ့ဝေးတဲ့ ကိုယ်တွေတောင် တလှုပ်လှုပ်နဲ့ သိမ်းဆည်းမိသေးတာ။ တော်သေးတယ်။ ခဏချင်း ရေပြန်ကျသွားလို့။ မနေ့က မိုးကလည်း ညဘက်မှာ ပြတ်သွားတာဆိုတော့ ခံသာသွားတာ။

ဒီနေ့ကတော့ မနက်ကတည်းကရွာတာ လုံးဝကို မရပ်နားသေး။ မိုးရေတက် ရေ တဖွေးဖွေးဖြစ်နေပြီ။ အပေါ်ကလည်း မိုးကမပြတ်။ အောက်ကမြစ်ရေကလည်း မကျသေး။ အခုန အဒေါ်။ သူတို့တဲလေးတွေက ချောင်းဘက်မှာ။ ရေလည်း မလွတ်၊ လေလည်း မလွတ်။ လေကြမ်းကြမ်းတိုက်ရင် တစ်ချက်စာသာရှိတဲ့ တဲတွေကို နီးတွေ အပြေးအလွှားဝယ်ပြီး ချည်ကြတုပ်ကြ၊ သြော် စားဖို့ထက် နေဖို့က အရေးကြီးနေတာ။ သူ့တဲလေးရော ခိုင်လို့လား။ မခိုင်ရင်လည်း ကျွန်မက ဘာမှ မတတ်နိုင်ပါ။ ကျွန်မတို့ အိမ်တောင် သွပ်မိုးဖျဉ်ထောင်လို့သာဆိုတယ် ယိုလိုက်တာ၊ ပက်လိုက်တာမှ ဖြန်းဖြန်းရွှဲ။ အိမ်နံရံထောင့်တွေမှာ ဘာပစ္စည်းမှ မထားရဲ။ သွပ်ပေါက်တွေကနေ တစိမ့်စိမ့်ကနေ တရွှဲရွှဲယိုကျနေတဲ့ မိုးစက်တွေကို ပလတ်စတစ်ကော်ဇလုံတွေ ကော်ပုံးတွေနဲ့ ခံထားရသေးတယ်။

အမေက ကျွန်မလက်ထဲကို တစ်ထောင်တန်ထည့်ပြီး အိမ်တွင်းခန်းကို ဝင်သွားပြီ။ အေးလွန်းပြီး ခြေထောက်တွေ ကိုက်လာလို့တဲ့။ ဒီတစ်ခေါက် သူလာရင်တော့ ပိုက်ဆံပေးပြီး တော်နိုင်းလိုက်တော့မယ်။ နောက်တစ်ခေါက်ပဲ ကျန်တော့တာဆိုတော့ နောက်နေ့မှ သယ်ပေးရင်လည်းပေးပေါ့။ မပေးတော့လည်း တစ်ရာတည်းနဲ့တော့ ကတ်တီးကတ်ဖဲ့ မလုပ်ချင်။

သူ့ကို သနားတယ်ဆိုသော ကျွန်မလည်း တစ်ရာကျော်အိတ်တစ်အိတ်ကို လှမ်းနမြောနေမိသေး… ရယ်စရာပဲနော်။ သူလာ… မသယ်နဲ့တော့ဆိုပြီး ပိုက်… ပေးပေမဲ့ သူက မယူ။ … ခေါက်တည်းကို ပြီးအော… သယ်မယ်တဲ့။

'အဒေါ်ကို မိုးရွာထဲမှာ… သယ်နိုင်းသလို ဖြစ်နေ… ကျွန်မ စိတ်ထဲမကောင်းလို့… ပိုက်ဆံယူပြီးပြန်ပါတော့…'

'အလုပ်မရှိတဲ့သူကို … ညီပေးတယ်မှတ်ပြီး ဝမ်း… လိုက်ပါ သမီးရယ်၊ … အမေ ဝယ်လို့လည်း အ… တို့ ရောင်းရတာ၊ မိုးရွာ… မှာ ခိုင်းရမှာမို့ သနားလို့… ပြီး ဝယ်သူမရှိမှာကို … အဒေါ် စိုးရိမ်တယ်'

သူက ပြောပြီး မျက်… ပေါ်က ရေစက်တွေကို … ချနေတယ်။ သူ့တစ်ကိုယ်… လည်း တဆတ်ဆတ်တုန်… ပြီ။ သူ့ကို တစ်ခုခု လုပ်… မှ ကျွန်မစိတ်ထဲ သက်… ရာရမယ် ထင်ပါရဲ့။

'အဒေါ် ရေနွေးကြမ်း… ပူလေး သောက်လိုက်ပါ… နည်းနည်းနွေးသွားတာ…'

ရေနွေးကြမ်းသော… နေတဲ့ သူ့မျက်ဝန်းထဲမှ … ဖူးတင်ရိပ်တွေ တွေ့လိုက်… တယ်။

'ရေတွေ အရမ်းတ… တာပဲတဲ့၊ ကျွန်မတို့… လွတ်ပါ့မလားမသိဘူး'

'သမီးတို့တော… မလွတ်ရင်တော့ အဒေါ်တို့… တွေ စုံးစုံးမြုပ်ပြီ'

'ရှင်'

ကျွန်မတို့အိမ်ရေမြု… ရင် သူတို့တဲတွေ အဲသ… စုံးစုံးမြုပ်သတဲ့လား… လေ သူတို့က မြေပေါ်…



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ချောင်းနားကလူတွေပဲ။ ရေမြုပ်ရင် သူတို့ဘယ်မှာ သွားနေမှာလဲ။

'အဒေါ်တို့ ရေမြုပ်ရင် နေစရာ အမျိုးအိမ်ရှိလား'

သူက ရေနွေးကြမ်း နောက်တစ်ခွက် ထပ်တောင်းတယ်။ သူတော်တော် ချမ်းနေပုံပဲ။

'ကလေးတွေ ပုစုခရုနဲ့ ဘယ်အမျိုးအိမ်က လက်ခံမှာလဲ သမီးရယ်၊ တောင်ပေါ်ပဲ ပြေးရမှာပဲ။ အဲဒါကြောင့်ပိုက်ဆံကိုရသလောက်စုနေရတယ်'

တောင်ပေါ်တဲ့။ အမိုးအကာမရှိဘဲ တောင်ပေါ်မှာ သူတို့ ဘယ်လိုနေမှာပါလိမ့်။ သိချင်ပေမဲ့ မမေးရဲ။ မကြားချင်တော့ဘူးလေ။ စိတ်မချမ်းသာစရာတွေ။ ကျွန်မတို့အိမ်မှာ လူဦးရေ လေးငါးယောက်ရှိတဲ့ မိသားစုတစ်စု နေလို့တော့ ဆံ့နိုင်ကောင်းပါရဲ့။ မိုးသည်းညနေမှာ တွေ့ရတဲ့ အဒေါ်ကြီးနဲ့ သူ့မိသားစုကို သနားလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ အိမ်ပေါ်ခေါ်တင်ရဲတဲ့ သတ္တိမရှိ။ အို သတ္တိရှိစရာ လိုလို့လားကွယ်။ အရိပ်မဲ့သူကို အရိပ်ပေးရတာလေ။ အို ဟင့်အင်း။ သူ့ကလေးတွေက ညစ်ညစ်ပတ်ပတ် ပေပေရေရေလေးတွေ။ ကျွန်မ ကိုယ့်ထိပ်ပြာ ကိုယ်လန့်ပြီး သူ့မျက်နှာကိုတောင် ရဲရဲမကြည့်ရဲတော့ပါ။

'ရေတွေ ဆက်တက်လို့ တဲတွေမြုပ်တာက လွတ်ရာကို ပြေးလို့ရပါတယ်။ အရေးကြီးတာက အဒေါ်တို့ ပြောင်းရွှေ့ချိန်မှာ မိုးပြတ်မှ ဖြစ်မယ်ကွယ်၊ နို့မို့ရင်…'

သူချမ်းလွန်းလို့လား မသိ၊ အသံတွေ အဖျားခတ်ပြီး တိမ်ဝင်သွားတယ်။ သူ့ကို သနားလှပါတယ်ဆိုတဲ့ ကျွန်မ ဘယ်လို အားပေးစကားမှ ပြောမထွက်။ ဘာမှလည်း မကူညီနိုင်။ တကယ်တော့ သနားတယ်ဆိုတာက လွယ်ပါတယ်။ သနားကြင်နာခြင်းနောက်မှာ မျှဝေခံစားတတ်ဖို့အတွက်သာ…။

ကျွန်မ မျှဝေခံစားတတ်သူ မဖြစ်သေး။ သနားတတ်ပေမဲ့ သနားတယ်ဆိုတဲ့ နေရာမှာပဲ လမ်းဆုံးနေပြီ။

သူ မိုးထဲ လေထဲကို ပြေးထွက်သွားပြီ။

ကျွန်မလက်ထဲမှာ သူယူမသွားသေးသော တစ်ထောင်တန်စိမ်းစိမ်းလေး။ သြော် မိုးထန်လေထန် ရပ်ဝန်းထဲမှာ ကျွန်မနှလုံးသားတွေလည်း စိမ်းကားအေးစက်သွားသလိုပါပဲလေ။

❑

သည်းလွန်းတဲ့ မိုးကတော့ ရွာကောင်းတုန်းပါပဲ။ ဒီပုံအတိုင်းဆို ကျွန်မ ခြံထဲက အပင်တွေ သေတော့မှာပဲ။ ဟင့်အင်း တတ်နိုင်သမျှတော့ ရွှေ့လို့ရတဲ့အပင်တွေ ရွှေ့ရမှာပဲ။ အဒေါ်ကြီးကလည်း ကြာလိုက်တာ။

သူ့ကို စောင့်ရတာ ဘယ်လောက်တောင် ကြာသွားတယ်မသိ။ ကျွန်မ ချမ်းလွန်းလို့ အနွေးထည်တစ်ထည် ကောက်ဝတ်လိုက်မိတယ်။ သူကတော့ မလာသေးပါ။

အပြင်မှာတော့ မိုးကသည်းကောင်းတုန်းပါပဲ။

သြော် ဒီမိုးက စဲရောစဲဦးမှာလားကွယ်။ ■

**ဆွေဇင်ဦး**


Pae Tin Tharn Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်

## ဘယ်လိုမူနဲ့လဲ

မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

## ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊ဈေးသည်အသံ၊
အနုပညာသည်အသံ၊ မြန်မာတစ်လွှားက
နိုင်ငံသားအသံ၊ ကမ္ဘာတစ်လွှားက
မြန်မာများအသံ။

## ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

**'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊**
**'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊**
**'သမဂ္ဂသတင်း'၊ 'သတင်းလူသား'**
**'သတင်းဝတ္ထု'…**
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။

www.burmeseclassic.com



ခြေချစရာ မြေအပို တစ်လက်မမျှ မရှိသော ရပ်ကွက်လေးတစ်ခု၏ အလယ်တွင် သစ်ပင်ကြီးတစ်ပင် ထီးထီးကြီးရှိနေ၏။ ကိုယ်ထူကိုယ်ထ ခင်းကျင်းထားသော ကွန်ကရစ်လမ်းကလေးများ၏ ပြယုဂ်သည် ထိုရပ်ကွက်၏ ကြယ်ဝမှုကို လှစ်ဟပြနေသည်။ ထိုရပ်ကွက်၏အဆုံးတွင် သီးသန့်ခြံနှင့်ဝင်းနှင့် နေထိုင်သည့် အိမ်အနည်းစုရှိသည်။ ခေါင်မိုးများ ဆက်လုနီးပါး ဆောက်ထားသော အိမ်များက ရပ်ကွက်အပြည့်ဖြစ်၏။ ခြေခင်းလက်ခင်းသာသော နေ့များတွင်မူ ကလေးငယ်များ လမ်းပေါ်ထွက်ဆော့ကြသည်။ လူကြီးများလည်း အပျင်းပြေ လမ်းလျှောက်ကြသည်။

ရေသဖန်းပင်အိုကြီး သာရှိသည်။ ထိုရေသဖန်းအိုကြီးသည် ထိုရပ်ကွက် စတည်သည့် အမှတ်အသားဟု ပြောကြသည်။ ထိုရေသဖန်းပင်အိုအား အစွဲပြုကာ ထိုရပ်ကွက်၏ အမည်သညာကို ရေသဖန်းရပ်ကွက်ဟု လည်းကောင်း၊ ထိုရေသဖန်းပင်ကြီး ရှိနေသည့်လမ်းဆုံအား ရေသဖန်းလမ်းဆုံဟု လည်းကောင်း သမုတ်ခဲ့ကြသည်။ ရပ်ကွက်နေလူများလည်း ဈေးကြီးမှ ရပ်ကွက်သို့ တက္ကစီစီးလာလျှင်လည်း

# ရေသဖန်းလျော်ကြေး

**ပျူမြခ၊ ကျော့သောင်း၊**

လူငယ်များသည် ကောင်မလေးများကို ဂီတာသံ တပေးပေးနှင့် လှည့်ပတ်နေတတ်သည်။ ညနေပိုင်း မြန်မာနေ ရှင်နယ်လီဂ်လာသည့် အချိန်ဆိုလျှင် ဘောလုံးဝါသနာအိုးများနှင့် ဦးရှည်ကြီး လက်ဖက်ရည်ဆိုင်သည် စည်ကားနေတတ်သည်။

နေကျဲကျဲတောက်ပူသည့်အချိန်ဆိုလျှင် လမ်းပေါ်၌ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ ရှိမနေတတ်သည့် ရပ်ကွက်မျိုးဖြစ်သည်။ ရပ်ကွက်တစ်ကွက်လုံးတွင် သစ်ပင်ဆို၍ လမ်းဆုံတွင်ရှိနေသော

ရေသဖန်းလမ်းဆုံဟု တိုတိုတုတ်တုတ်ပြောကာ စီးတတ်ကြသည်။ ထို့ကြောင့် ရေသဖန်းပင်အိုကြီးသည် မြို့ကလေးတွင် နာမည်တစ်လုံးနှင့် ကျော်ကြား၏။

❑

၁။

ထိုရပ်ကွက်ထက်တွင် သာနေသော နေထက် အပူချိန် ပိုများနေကြသူများမှာ ရပ်ကွက်နေလူများပင် ဖြစ်သည်။

အမှတ် ၂၃၁ ဖေဖော်ဝါရီ ၂

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အပူလုံးကြွနေရသည်မှာ ရပ်ကွက်တွင်း ငွေတိုးချေးစားသော ဒေါ်စိန်တုတ်၏ သတင်းကြောင့်ပင်။ သတင်းကောင်းဟုဆို၍ရသော်လည်း သတင်းဆိုးဟု ပြောက ပိုမှန်မည်။ ထိုရပ်ကွက်အား ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်မည်ဟု ဆိုကြ၏။ သာရေးဖြစ်ဖြစ် ၊ နာရေးဖြစ်ဖြစ် စည်းရုံးတတ်ကြသော ရပ်ကွက်သူ ရပ်ကွက်သား အချို့သည် ဒေါ်စိန်တုတ်၏ အိမ်တွင် တိုးတိုးနှင့် ခေါင်းချင်းဆိုင်နေကြသလို၊ ရေသဖန်းလမ်းဆုံရှိ ဦးရှည်ကြီးဆိုင်တွင်လည်း လူစည်ကားနေသည်။ သူတို့ ခေါင်းထဲ၊ ပါးစပ်ထဲတွင် ဒေါ်စိန်တုတ် သယ်ဆောင်လာသောသတင်းသာ သက်ရောက်နေသည်။

တဖြည်းဖြည်းနှင့် နေဝင်တော့မည်ဖြစ်၏။ တစ်မနက်ခင်းလုံး ခေါင်းချင်းဆိုင်ဆွေးနွေးနေသော အကြောင်းအရာမှာ တိကျသော အဖြေထွက်ပေါ်မလာသေး။ လူတွေကသာ ခေါင်းတခါခါ၊ လည်တခါခါနှင့် အိမ်သို့ အသီးသီးပြန်သွားလေသည်။ လူအုပ်ကြီး ရှဲသွားသည်မို့ ထိုလူအုပ်၏ ပယောဂကြောင့်ဖြစ်လာသော အမှိုက်များက ထိုးထိုးထောင်ထောင် ထွက်လာသည်။ ဒေါ်စိန်တုတ်ဟင်းခနဲ သက်ပြင်းချလိုက်၏။ အမှိုက်များကို စိတ်မကပ်စွာနှင့်လှည်းကျင်းသိမ်းဆည်းနေသလို နှုတ်မှလည်း တဖွဖွ ရွတ်နေသည်။

'မဖြစ်ဘူး။ ဒီလိုမျိုး ဘယ်နည်းမှ လက်မခံနိုင်ဘူး။ ဒီကိစ္စကို ဆိုင်ရာကို

> 'ရေသဖန်းမှာ ရှိတဲ့
> ကျုပ်တို့အိမ်တွေ
> အကုန်
> ထိုးဖြိုသွားပါစေ
> ရေသဖန်းပင်ကို
> မထိခိုက်ဘူး
> ဆိုရင်
> ကျေနပ်တယ်'
> 'ရပ်ကွက်
> စတည်ကတည်းက
> ရေသဖန်းကို
> အမှီပြုခဲ့တာ
> ရပ်ကွက်လည်း
> ရေသဖန်း
> လမ်းလည်း
> ရေသဖန်း
> တစ်ရပ်ကွက်လုံး
> ရေသဖန်းပဲ'

တိုင်ပစ်ရမှာပဲ။ ဘိုးဘွားစဉ်ဆက် နေလာတဲ့ ရပ်ကွက်ကို ဘယ်နည်းမှ အဆုံးရှုံးမခံနိုင်ပါဘူးတော်'

အလားတူ ဦးရှည်ကြီးကလည်း လက်ထဲမှ အနီးစုတ်ကို စားပွဲထက်တွင် သာသာဖိတွန်းရင်း တိုက်ချွတ်နေသည်။ သူဆိုင်ရောင်းသည့် သက်တမ်းတစ်လျှောက်တွင် ကြွက်လျှောက်ရန်ပင် နေရာမလောက်အောင် ဒီလို လူကျပ်မျိုးမတွေ့ဖူးပါ။ သို့သော် သူဆိုင်ရောင်းကောင်းသည်၊ ဘယ်ရွှေ ဘယ်မျှ မြတ်သည်ကို ခေါင်းထဲမရောက်။ သူတွေးနေသည်မှာ အမြတ်အကြောင်းမဟုတ်။ ရပ်ကွက်တွင် ရေပန်းစားနေသည့် ဒေါ်စိန်တုတ် သတင်းပင်။

'အို သူတို့ခေါ်တဲ့ဈေးက ဘယ်လောက်ပေးပေး ဒီရပ်ကွက်ကိုတော့ လုံးဝပုံမအပ်လိုက်နိုင်ပါဘူး။ သေချာတယ်ဆိုရင် ခွင့်တောင်းစာတင်ပြီး ဆန္ဒပြရမှာပဲ။ တကယ်လို့ ဒါက အမှန်ဆိုရင် ငါ လူတွေကို စည်းရုံးရတော့မယ်'

❑

၂။

ရေသဖန်းရပ်ကွက်တွင် လူသုံးလေးယောက်က အိမ်တိုင်းကို စာရွက်တစ်စောင်ကျ လိုက်လံဝေငှနေသည်။ ထိုစာရွက်ကို ဖတ်ပြီးသူများက အထပ်ထပ် ပြန်ဖတ်နေသလို၊ အကြောင်းစုံကို ဂဃနဏသိပြီးသူက တောက်တခေါက်ခေါက်နှင့် ရှိကြသည်။ နွေပူပူ နေ့လယ်ခင်းဆိုသော်လည်း လူအချို့ ဒေါ်စိန်တုတ်အိမ်ကို ချီတက်နေကြသည်။ ထိုအထဲတွင် ဦးရှည်ကြီးက ဖိုသီဖတ်သီနှင့် ပြေးလွှားနေသည်။ သူတို့၏ ရင်ထဲတွင် တောက်လောင်နေသော ပရိဒေဝသောကမီးသည် အပြင်ဘက်ကနေထက် ပို၍ ပူနေ၏။ ဒေါ်စိန်တုတ်၏အိမ်သည် ရပ်ကွက်စွန်နားခပ်ကျကျ ခြံနှင့်ဝင်းနှင့်မို့ လူစုဖို့ လုံလောက်သည်။ တဖွဲဖွဲဝင်လာသော လူများကို ခေါင်းတညိတ်ညိတ်နှင့် ကြိုဆိုနေသော ဒေါ်စိန်တုတ်သည် ဦးရှည်ကြီးကို မြင်သည်နှင့် လှမ်းခေါ်

ရင်း အနားတိုးသွားလေ...

'ကိုရှည်ကြီး။ အ... အချာပဲတော့။ တစ်မြန်နေ့... ကျုပ် ဈေးကိုသွားတုန်း ... သတင်းကြားခဲ့တာ။ ... တော့ နားဝေတိမ်တောင်ဖြ... နေသေး။ ကောလာဟလ... တော့ ကျုပ်ဖြင့် အကျ... အကျယ် မပြောရဲပေါင်။ ... တော့ အိမ်ပေါက်စေ့ စာ... ပြီ။ သူတို့စာကျပြီးသ... တကယ်လုပ်ရင် ကျုပ်... ဘာမှ အတွန့်တက်လို့ ... ဘူး။ ရှင့်သဘောက ဘ... နယ်လဲ'

'စိန်တုတ်။ ငါ... အရှည်ကြီး မပြောချင်ဘ... ငါတို့အိမ် ဖြိုချင်ဖြို ၊ ဖျက်ချ... ဖျက်။ ဈေးက ငါးဆမတ... လျှော့ပေးပေး ဂရုမစိုက်ဘ... ငါတို့ရပ်ကွက် စတည်... တည်းက ဖွားဖက်တော်... ဖြစ်နေတဲ့ ရေသဖန်းပင်... တော့ အထိမခံနိုင်ဘူး။ ... ကိစ္စကို အားလုံးစုပြီး တိုင်... မယ်။ အဖြေရရင် လုပ်... တာ ဆက်လုပ်မယ်'

'ကောင်းပါ့ တော်... ကောင်းပ'

'ဦးရှည်ကြီး၊ ကျွန်တော်... တို့ ရေသဖန်းပင်အောက်... ဂီတာ ထိုင်တီးချင်သေး... ဗျာ'

လိုတာထက် ပိုအိုက... သော လူငယ်တစ်သိ... အသံက ဦးရှည်ကြီးရင်... လှုပ်ခတ်သွားသည်။ ဦး... ကြီးက ကရုဏာဒေါသ...

'မင်းတို့ကလည်... လခွီးတဲ့မှ'ဟု စိတ်ဆိုး... ဆိုးသော ပုံစံနှင့် ငေါက်... သည်။ ဒေါ်စိန်တုတ်... ပေးသော လေးချောင်း

www.burmeseclassic.com

www.burmeseclassic.com

ထောက် ကျွန်းစားပွဲထက်တွင် ဦးရှည်ကြီး မတ်တတ်တက်ရပ်လိုက်သည်။ လူအုပ်ကြီးထိပ်မှ သူ ဆတ်ခနဲ ရပ်လိုက်တော့ အားလုံး၏ အာရုံသည် သူ့ထံ ရောက်သွား၏။ ဦးရှည်ကြီးသည် ရွှေးမီနောက်မီ လူကြီးတစ်ဦးဖြစ်သည်မို့ အားလုံးက ချစ်ကြောက် ရိုသေကြသည်။ အားလုံးအသံ တိတ်သွားအောင် သူစောင့်နေလိုက်ပြီးမှ တစ်လုံးချင်း စ၍ ပြောသည်။

'ကျွန်တော်တို့ ရပ်ကွက်နဲ့ပတ်သက်ပြီး ဒီမှာရှိနေတဲ့ လူအားလုံးလည်း သိသင့်သလောက် သိပြီးပြီထင်ပါတယ်။ ဒီကိစ္စကို လူစုံတုန်း ဆွေးနွေးချင်ပါတယ်။ ရပ်ကွက်ဖျက်ပြီး ရှော့ပင်းစင်တာ တစ်ခုနဲ့ အထပ်မြင့်အိမ်ရာ ဆောက်တဲ့ စီမံကိန်းကို အားပေးထောက်ခံသူ ရှိကောင်းရှိနေနိုင်ရဲ့။ သူတို့ ကုမ္ပဏီက ကမ်းလှမ်းလာတဲ့ အိမ်ခြံမြေ ပေါက်ဈေး ငါးဆထက် ပိုပေးတာကို စိတ်ဝင်စားသူရှိရင် ဒီခြံဝင်းအပြင်ကိုထွက်ပြီး အိမ်ကိုပြန်နိုင်ပါတယ်'

ဦးရှည်ကြီးသည် ပါးစပ်မှ စကား တစ်လုံးချင်း ထွက်နေသလို မျက်စိမှလည်း လူအုပ်ကြီးကို တောက်လျှောက် ကြည့်နေသည်။ လက်ညှိုးထောင်သူမရှိ၊ ထွက်သွားတာ မရှိသည့်အပြင် အော်သံများ ထွက်ပေါ်လာသည်။

'သူတို့ပေးတဲ့ ငါးဆကို စိတ်မဝင်စားဘူးကွ'

'ရေသဖန်းမှာရှိတဲ့ ကျုပ်တို့ အိမ်တွေ အကုန် ထိုးဖြိုသွားပါစေ၊ ရေသဖန်းပင်

> အုံ့ညြ
> ထူးဆန်းစွာပင်
> သူတို့
> တောင်းဆိုသည့်
> အရာများထဲတွင်
> သူတို့အိမ်များ
> မပြောင်းရွှေ့လိုရေး
> နစ်နာကြေး
> တိုးပေးရေး
> စီမံကိန်း
> ပြီးစီးပါက
> တစ်အိမ်ထောင်လျှင်
> ကွန်ဒိုတစ်ခန်း
> ပြန်ပေးရေး
> စသည့်
> အရေးများ
> လုံးဝ မပါဝင်

ကို မထိခိုက်ဘူးဆိုရင် ကျေနပ်တယ်'

'ရပ်ကွက်စတည်ကတည်းက ရေသဖန်းကို အမှီပြုခဲ့တာ။ ရပ်ကွက်လည်း ရေသဖန်း၊ လမ်းလည်း ရေသဖန်း။ တစ်ရပ်ကွက်လုံး ရေသဖန်းပဲ'

'သူတို့ပေးတဲ့ ပမာဏက အိမ်က ကျုပ်တို့ကလေးတွေ နို့မှုန့်ဖိုးတောင်မရှိဘူး'

ဦးရှည်ကြီး အားတက်လာချေပြီ။ ဒေါ်စိန်တုတ်၏ မျက်ဝန်းများမှ အရည်ကြည်များ လှဲ့လာနေသည်။ အားလုံး၏စိတ်တွင် လူရယ်ဟုဖြစ်လာလျှင် နေစရာ၊ စားစရာ ပူပင်ရမည်ဟူသော အတွေးမရှိ။ သက်မဲ့သစ်ပင်တစ်ပင်၏ တန်ဖိုးကို အားလုံးက နားလည်ထားသူများဖြစ်ကြသဖြင့် ရေသဖန်းပင်ကိုသာ ပူပင်နေကြသည်။ နေရာအကွက်အကွင်းတွင် ရှိနေသော ရေသဖန်းပင်ကို အားလုံး ကာကွယ်ချင်နေကြသည်။ ထိုအထဲတွင် ရပ်ရွာကောင်းကျိုးဆိုလျှင် ထိပ်ဆုံးမှ ဦးဆောင်တတ်သော ဦးရှည်ကြီးတို့လို၊ လုပ်နေသည့် အလုပ်အကိုင်အရသာ ပါးစပ်ကြမ်းသော်လည်း စိတ်မကြမ်းသော ဒေါ်စိန်တုတ်တို့လို လူတွေက ထိပ်ဆုံးမှ ပါဝင်နေသည်။

❑

၃။

ခွင့်ပြုမိန့်လည်းကျပြီ။ တစ်ရပ်ကွက်လုံးရှိ လူတွေမှာလည်း စီမံကိန်းရ ကုမ္ပဏီရှေ့တွင် ဆန္ဒပြ တောင်းဆိုနေကြသည်။ အံ့ဩထူးဆန်းစွာပင် သူတို့ တောင်းဆိုသည့် အရာများထဲတွင် သူတို့အိမ်များ မပြောင်းရွှေ့လိုရေး၊ နစ်နာကြေး တိုးပေးရေး၊ စီမံကိန်း ပြီးစီးပါက တစ်အိမ်ထောင်လျှင် ကွန်ဒိုတစ်ခန်း ပြန်ပေးရေး စသည့်အရေးများ လုံးဝ မပါဝင်။ သူတို့ ကိုင်ဆောင်သည့် ဘုတ်ပြားများ၊ ပိုတ်သားများထက်တွင် တူညီစွာ ရေးထိုးထားသည်မှာ ရေသဖန်းနာမည် တည်တံ့ရေး၊ ရပ်ရွာဂုဏ်ဆောင် အပင်ကြီး မခုတ်လဲရေးတို့သာ ဖြစ်သည်။ ကုမ္ပဏီ တာဝန်ရှိသူများလည်း ကြုံဖူးနေကျ ဆန္ဒပြသည့် ကိစ္စများထက် ထူးဆန်းနေသောကြောင့် မည်သို့တုံ့ပြန်ရမည်ကို အကျပ်ရိုက်နေ၏။

စီမံကိန်း ဒါရိုက်တာဖြစ်သူ၏ နဖူးပေါ်မှ ချွေးစက်များသည် အတွင်းရေးမှူး မလေး၏ တစ်သျှူးမကမ်းပေးမှုကြောင့် ကြမ်းပြင်ပေါ်သို့ တတောက်တောက် ကျနေသည်။ သူ့ရှေ့ရှိ ဆက်တီပေါ်တွင် ညှိနှိုင်းရန် ရောက်ရှိနေသည့် လူနှစ်ဦး၏ မျက်နှာထားသည် တင်းမာလျက် ရှိသည်။ ပွင့်လင်းမြင်သာသည့်ခေတ်မို့ အရင်လို ဟောဟောဒိုင်းဒိုင်း ကိုင်တွယ်လို့ မရနိုင်မှန်း သူ သိသည်။ သို့ပေမဲ့ သူ ကစားဖူးသည့်နည်းများစွာကို စတင်အသုံးချရပေမည်။

'စီမံကိန်းကျလာပြီဆိုတာနဲ့ ကျခြင်း ဒီက လူကြီးမင်းတို့ ရပ်ကွက်ကို ပြောင်းရွှေ့ချိန် ပိုပိုလိုလိုဖြစ်အောင် အစောကြီး ကြေညာပေးခဲ့ပါတယ်။ ဒီကိစ္စမှာ လူကြီးမင်းတို့ဘက်က ဘာမှ စောဒကမတက်ဘူးဆိုတာ ကျွန်တော်တို့ ပြန်သိရပါတယ်။ဒါပေမဲ့ ဘယ်တစ်ခုကများ လူကြီးမင်းတို့အတွက် ဆန္ဒပြရလောက်အောင် တွန်းအားပေးနေတာလဲခင်ဗျ'

ဦးရှည်ကြီးက နာမည်ကသာ အရှည်ကြီးဆိုပေမဲ့ စိတ်နေကိုယ်ထားက ဆန့်ကျင်ဘက်ဖြစ်၏။ လူပုစိတ်တိုမျိုးမို့ ဒါရိုက်တာကို တိုတိုတုတ်တုတ်နှင့် ပြောသည်။ လူ့ခွစာကြီး ပြောသမျှကို ဒေါ်စိန်တုတ်က အကျယ်ရှင်းရသည်။ ဒေါ်စိန်တုတ်သည်

www.burmeseclassic.com

စကားကို သေသပ်စွာ ဒိုးဒိုးဒေါက်ဒေါက်နှင့် ပြောတတ်သည်။ သို့သော် သူမထက် ဒါရိုက်တာက အပြောအဆိုပို၍ ကျွမ်းကျင်လိမ္မာ၏။

'ခင်ဗျားတို့ ထုတ်ပြန်တဲ့ ပုံစံအကြမ်းမှာ ရေသဖန်းပင် လုံးဝဖျက်ရမယ့် အနေအထား ကျုပ် လက်သင့်မခံဘူး။ ရေသဖန်းပင်မရှိရင် ခင်ဗျားတို့ စီမံကိန်းလည်း မရှိရဘူး'

'ဗျာ။ ဘာကို ပြောချင်တာလဲဗျ'

'ဒီလိုပါ။ ကိုရှည်ကြီးက တိုတိုတုတ်တုတ် ပြောနေကျမို့ပါ။ ရှင်တို့ စီမံကိန်းပုံကြမ်းမှာ ရပ်ကွက်အလယ်ကောင်မှာ ရှော့ပင်းစင်တာ တည်မယ်ဆိုတာ ဟုတ်တယ်မလား'

'ဟုတ်ပါတယ်။ ရပ်ကွက် အလယ်ကောင်မှာပါ'

'ရေသဖန်းပင် ခုတ်ကို ခုတ်ရမှာပေါ့။ ရေသဖန်းရပ်ကွက်ရဲ့ အသက်ဟာ ဒီအပင်ပါပဲ။ ခုတ်မယ် ဖြုမယ် မလုပ်ဘဲ ရှောင်ကွင်းလုပ်ဖို့ အတတ်နိုင်ဆုံး တောင်းဆိုချင်တယ်'

'ဩော်။ ရေသဖန်းပင်ကြောင့်လား။ ဒီရပ်ကွက်က လူတွေ အကုန်လုံးက ကိုယ့်အိမ်ထက် ရေသဖန်းပင်ကို ချစ်ကြတယ်ဗျာ။ လေးစားအားကျဖို့ကောင်းတဲ့ စိတ်ဓာတ်တွေပါပဲ။ ဒါဆို ဦးလေးနဲ့အန်တီ ဒီလိုလုပ်ပါလား။ ကျွန်တော် ဆန္ဒပြတဲ့ လူတွေရဲ့ အသံကို နားထောင်ချင်သေးတယ်။ တစ်ယောက်ချင်းပါ'

သူက ဒီလိုပြောတော့ ဦးရှည်ကြီးနှင့် ဒေါ်စိန်တုတ်

**သူတို့ကိုင်ဆောင်သည့် ဘုတ်ပြားများ ဗိုင်းသားများထက်တွင် တူညီစွာ ရေးထိုးထားသည်မှာ ရေသဖန်းနာမည်တည်တဲ့ရေး ရပ်ရွာဂုဏ်ဆောင် အပင်ကြီး မခုတ်လဲရေးတို့သာ ဖြစ်သည်**

လည်း ဖြစ်သင့်သည့် ကိစ္စမို့ ဘာမှမပြော။ တစ်ယောက်ချင်း တွေ့ဆုံမေးမြန်းသည်ကို ပြေပြေလည်လည်ပင် လက်သင့်ခံကြသည်။ ရပ်ကွက်နေ လူအုပ်ကြီးထဲမှ တစ်ယောက်ပြီးတစ်ယောက် အခန်းထဲသို့ ဝင်သွားကြသည်။

❑

၄။

အဝင်တွင် ခေါင်းတင်မောင်းတင် တင်ထားသော မျက်နှာများသည် အထွက်တွင် အားလျော့သလိုလို၊ ဝမ်းသာသလိုလို ပြန်ထွက်လာကြသည်။ ပြန်ထွက်လာသောအခါ ဆက်လက်ဆန္ဒမပြကြတော့ဘဲ အိမ်ပြန်ကုန်သည်။ လူတစ်ရာကျော်စုရုံးလာသော ဆန္ဒပြအဖွဲ့သည် သုံးလေးနာရီကြာသောအခါ ဖရိုဖရဲဖြစ်ကုန်သည်။ ဒီလိုဖြစ်ရသည့် အကြောင်းကို ဦးရှည်ကြီး သိသလိုလို ရှိနေသည်။ ဒါပေမဲ့ သူခန့်မှန်းသည်မှာ မှားကောင်း မှားနိုင်သည်။ ဒေါ်စိန်တုတ်မှာ ပြန်ထွက်လာသော လူများအား သွားဆွဲခေါ်လိုက်၊ မေးမြန်းလိုက်၊ ဝင်မည့်သူများအား အတန်တန်မှာကြားလိုက်ဖြင့် ဗျာများနေသည်။ ဦးရှည်ကြီး သည်းမခံနိုင်တော့။ မန်နေဂျာရုံးခန်းထဲသို့ ဝင်ချပစ်လိုက်သည်။

'ကဲ၊ ခင်ဗျား၊ ဒါ ဘာသဘောလဲ'

'ဦးလေးရယ်။ လူဆိုတာ အစုအဖွဲ့နဲ့ဆိုရင် အင်မတန် ရဲရင့်တတ်ကြတာ။ တစ်ယောက်ချင်းက ပြဿနာကို ပုံစံမျိုးစုံနဲ့ တွေ့လိုက်ရင် ရဲရင့်တယ်ဆိုတဲ့ အသံတွေ တိမ်သွားရော။ ဒါ စိတ်ပညာရဲ့ သဘောပဲဗျ။ တကယ်တော့ ဦးလေးတို့ရပ်ကွက်ကို လျော်ကြေးပေးပြီး ပြောင်းခိုင်းပေမဲ့ ဦးလေးတို့ လက်မခံကြဘူး။ ပိုင်ရှင်မရှိတဲ့ ဦးလေးတို့ ရေသဖန်းပင်ကြီးကိုကျတော့ လျော်ကြေးပေးတာ လက်ခံကြတယ်။ အဟုတ်နားလည်ရခက်တယ်ဗျ'

ဒါရိုက်တာသည် သူပြောလိုက်သည့် စကားကို သဘောကျသည်ထင့်။ အားရပါးရ ရယ်နေလေသည်။

ရပ်ကွက်တွင်းရှိ လူတွေ ဝင်
နေ ထွက်နေတုန်းပင်။ ဦး
ရှည်ကြီး အရှေ့မှာပင် ရေ
သဖန်း(၃)လမ်းမှ တိုးအောင်
ကို မေးမြန်းနေကြသည်။ တိုး
အောင်သည် ဝင်လာတုန်းက
ဒေါ်စိန်တုတ် စည်းရုံးကောင်း
မှုကြောင့် မျက်နှာကို တင်း
ထား၏။ သို့သော် မိနစ်ပိုင်း
လောက်ကြာပြီးလျှင် သူ
လည်း တဖြည်းဖြည်း ပြော
ပျောင်းလာသည်။ လူ
အောင်၊ တစ်ဖက်လူ လက်
ခံချင်အောင် ပြောသွားသော
ဒါရိုက်တာကို ကြည့်ပြီး ဦး
ရှည်ကြီး မှင်တက်နေ
သည်။ တိုးအောင်လည်း ရေ
သဖန်းလျော်ကြေးကို ကျေ
ကျေနပ်နပ် လက်ခံပြီး ထွက်
သွား၏။ ဝင်လာသည့် လူ
လည်း တော်တော်ပါးသွားပြီ
ဖြစ်သည်။ ဒေါ်စိန်တု
သည် ပြေးပြီးပြောမည့် လူ
ကုန်သွားပြီးဖြစ်ရာ ဦးရှည်
ကြီးအနား ကပ်လာသည်။
ဘယ်လိုဖြစ်သွားလဲဟု မေး
သလို မေးဆတ်ပြသဖြင့် ဦး
ရှည်ကြီးက ဝမ်းခေါင်းသံ
တစ်လုံးချင်း ပြောလို
သည်။

'ငါးကြင်းဆီနဲ့ ငါး
ကြင်းကြော်တာ ခံလိုက်
တယ် စိန်တုတ်'

ဒေါ်စိန်တုတ် နား
မလည်ပါ။ ဦးရှည်ကြီးလည်း
မရှင်းပြတော့။ တရွေ့ရွေ့
ထွက်ခွာသွားသည်။ ဒေါ်
တုတ်သည် ဒါရိုက်တာ
မေးရကောင်းနိုးနိုး၊ ဦးရှည်
ကြီးနောက် ပြေးလိုက်ရမ
ဖြင့် တွေဝေလျက် ကျန်ခဲ့

■

ပျူမခ၊ …ဘာ့သော…



www.burmeseclassic.com

www.burmeseclassic.com

# ရွေးချယ်

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နေ့မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်နေ့အထိ

(၁) ညီစု *အမှောင်ကို အရောင်ခြယ်ထားတဲ့အလင်း* ၊Email
(၂) ညီစု *ရာသီမှားပွင့်တဲ့ပန်း* ၊Email
(၃) ညတာရာလင်း(ထားဝယ်) *အချစ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်* ၊ထားဝယ်၊
(၄) ညတာရာလင်း(ထားဝယ်) *ဖြောင့်ချက်* ၊ထားဝယ်၊
(၅) အောင်သွေးလက်(မြစ်ခြေ) *ကိုရင်သီဟ* ၊ပခုက္ကူ၊
(၆) လှမြိုင်အေး(စဥ့်ကူး) *မြွေဆိုးသတ်ပွဲ* ၊မန္တလေး၊
(၇) ညီစောရန်နောင် *ကျူပ်ဆရာ ဖွတ်ကြားဖြစ်ရတဲ့အကြောင်း* ၊ရန်ကုန်၊
(၈) လူသစ် *အဲဒီနေ့က မိုးရွာခဲ့တယ်* ၊-
(၉) ဥညြ(ချယ်ရီမြေ) *နီးလျက်ဝေးသူများ* ၊ပြင်ဦးလွင်၊
(၁၀) ဥညြ(ချယ်ရီမြေ) *မှန်ကန်မှု မျက်နှာစာ* ၊ပြင်ဦးလွင်၊
(၁၁) ဥညြ(ချယ်ရီမြေ) *ဖုန်းဆိုင်* ၊ပြင်ဦးလွင်၊
(၁၂) မိုးခကျော်သွင် *ခြေလှမ်းများ* ၊ပျော်ဘွယ်၊
(၁၃) မောင်သာနိုင်(မကွေး) *ဂီဂီ* ၊မကွေး၊
(၁၄) ညြညြ(ဝန်းသို) *သမီး အေးမွန်ကို* ၊စစ်ကိုင်း၊
(၁၅) မိုးထက်ကျော်(ကွင်းကောက်) *အိပ်မက်လှလှ မက်ပါစေ* ၊ဟင်္သာတ၊
(၁၆) A.Sပိုင် *သူ့ဘဝ အရုဏ်* ၊မိုးကုတ်၊
(၁၇) မိုးအိမ်လူ *မြို့အရိပ် မြို့အယောင်* ၊မကွေး၊
(၁၈) မိုးအိမ်လူ *ဇာတ်လမ်း ကိုယ်တိုင်ရေးတဲ့ဇာတ်လမ်း* ၊မကွေး၊
(၁၉) လူငြိမ်းအေး(ဆီမီးခုံ) *ဥမ္မတ္တက မှာတမ်း* ၊မန္တလေး၊
(၂၀) လူငြိမ်းအေး(ဆီမီးခုံ) *ချိုးကလေး ကူသံသာ* ၊မန္တလေး၊
(၂၁) လူငြိမ်းအေး(ဆီမီးခုံ) *မြစ်တို့၏ အစဉ်အလာ* ၊မန္တလေး၊
(၂၂) ဖွဲ့နေရောင် *မျှော်လင့်မထားစွာ* ၊ရန်ကုန်၊
(၂၃) မောင်ပြည်အေး(ချောက်ခွဲ) *လီမွှော်နီရောင်တွေ တောက်တဲ့နေ့* ၊-
(၂၄) ငယ်လေး(တော်ဝင်) *ချစ်တတ်တဲ့နှလုံးသား* ၊စစ်ကိုင်း၊
(၂၅) မလေးငယ် *ခိုရာမဲ့* ၊ရန်ကုန်၊
(၂၆) လင်းသစ္စာဦး *ပန်းဆိပ်သင့်တဲ့ လိပ်ပြာ* ၊သရက်၊
(၂၇) ငြိမ်းချမ်းဇော် *စဉ်းတီတုံးပေါ်က လက်* ၊ရန်ကုန်၊
(၂၈) ရွှေရေးထင်ထင် *သဝေထိုး ခကွေ့ဝဆွဲခွေ…ဝစ္စနှစ်လုံးပေါက်ချေး* ၊-
(၂၉) ခေးဟေသာ *ငါ မသိတဲ့ နင်* ၊မန္တလေး၊
(၃၀) ဆွေဇင်ဦး *ဈေးသည်မ* ၊သထုံ၊
(၃၁) နေမင်းညို *အရေခြုံနှလုံးသား* ၊ဟုမ္မလင်း၊
(၃၂) မြတ်သျှိုင်းသွင် *ဗေဒင်ဆရာ ဗေဒင်မဟောရ* ၊မကွေး၊
(၃၃) သံလွင်သစ္စာ(သထုံ) *တွဲလက်များ၏ အခြားတစ်ဖက်တွင်* ၊သထုံ၊
(၃၄) မင်းတုန်းမောင်စိမ်းလွင် *ရှီးရာ* ၊ပြည်၊
(၃၅) ကောင်းမြတ် *မျှော်လင့်ချက် မနက်ဖြန်* ၊နေပြည်တော်၊
(၃၆) ဆွတ်ပျံ့သင်း *ရဲခေါင်ဖက်မရှိ ထွက်ပြေးဖမ်းမမိ* ၊မုံရွာ၊

■ *အေးမြတ်မြတ်ချို ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပေါ်ဦးလင်း

ခရမ်းချဉ်သီးသေတ္တာပေါ့၊ သရက်သီးကို စသဖြင့်ပေါ့လေ။ အဲဒါတွေကို ဆိုက်ကားနဲ့လည်း တင်လို့ရတော့ အဲဒီ အွန်းလှည်းဆိုတဲ့ ဘီးနှစ်ဖက်ပါ သစ်သားအခင်းပေါ်တင်ပြီး ရှေ့က နှစ်ဖက်တန်းတစ်ခုထဲ ကျုံးဝင်ပြီး ဆွဲတာပဲ။ သိပ်ပင်ပန်းတယ်။ နွားရုန်းသလို ရုန်းရတာပေါ့။ မမြင်ဖူးတဲ့သူတွေကျတော့ ဘယ်လိုပြရမယ် မသိဘူး။ ဥပမာ [illegible] ပေါ့။ အဲဒါမှ မမြင်ဖူးရင်တော့ မပြောတတ်တော့ဘူး။

အဲဒီကို တစ်နေကုန် ရုန်း [illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ငွေလာရင် အမ်းသင့်တာ အမ်း၊ အံဆွဲထဲ ထည့်တာ ထည့်။ မနက်ခင်း လင်း အရုဏ်အထိ အဲဒီအတိုင်းပဲ။

'လာအားပေးတာဆို တော့လည်းကွာ ပြောရခက် သားလား' တဲ့ ကိုမျိုးဝင်းက တစ်ခါတလေပြောတတ် တယ်။ အမှန်တော့ ဆင်ခြေပါ။ သန်းဝင်းဆိုတဲ့ကောင် လက်ဖက်ရည်သောက်တယ်၊ မုန့်စားတယ်ဆိုတာ ဆယ်ခါ တစ်ခါပဲ။ ကိုမျိုးဝင်းက အကျယ်အကျယ်တွေ သိပ် မဖြစ်ချင်ဘူး။ သူ့ဆိုင်ထဲက ပစ္စည်းဘာမှ မထိခိုက်သရွေ့ ပြောချင်ပုံလည်း မရဘူး။ တကယ်လည်း သူ့ဆိုင် လာဘ်တိတ်တာပဲ။ အလင်း ဆိုင်က မြို့မှာ နှစ်ဆိုင်ရှိတော့ ဒီပြင်ဆိုင်နဲ့ ယှဉ်လိုက်ရင် ပရိသတ်က တခြားစီပဲ။

အဲဒီအခြေအနေတွေကို သဘောမပေါက်ဘဲ သူကိုယ်တိုင်ကလည်း ပရိသတ်များတာကို မကြိုက်လို့ ဒီဆိုင် ဝင်ထိုင်မိရင်း အခုဆို ဒီဆိုင်ရဲ့ ပင်တိုင်ကြီးကို ဖြစ်နေပြီ။

သန်းဝင်းနဲ့ သူ စကားများတာက ရှီးရှီးလေး။ မက်ဒရစ်နဲ့ ဘာစီ အယ်လ်က လက်စီကိုပွဲ။ ဘောလုံးပွဲဆို ကျန်တဲ့ပွဲတွေ သိပ်မကြည့်ပါဘူး။ ဒီလိုပွဲမျိုးမို့ ကြည့်ဖြစ်တာ။ သူက ငဒိုသမား၊ သန်းဝင်းက ဘာသမားမှ မဟုတ်ဘူး။ လောင်းကစားသမား။ သန်းဝင်းက အဲဒီညက ဘာစီလောင်းတယ်။ သူက ငဒိုနဲ့ မက်ဒရစ်အားပေးတယ်။ အဲဒီတော့ မြင်လောက်ရောပေါ့။ ဒီပြင်ညတွေ ဘောလုံးပွဲတွေမှာလည်း သန်းဝင်း နားမွှန်

> နောက်ဆက်တွဲ
> ဇာတ်လမ်းက
> စိတ်ဝင်စားစရာပဲ
> သူ့မိန်းမက
> သန်းဝင်းနဲ့
> မြို့ပေါ်မှာ
> အတူနေတာ
> မဟုတ်ဘူး
> ရွာက
> သူ့မိဘအိမ်မှာပဲ
> နေတာ
> များတယ်တဲ့
> သန်းဝင်း
> သေတဲ့ရက်က
> မြို့ပေါ်ကို
> သန်းဝင်းရဲ့
> မိန်းမနဲ့ကလေး
> ရောက်လာတဲ့
> နေ့ပဲ

အောင် ဆဲဆိုနေတာတွေကို သူ ကြားနေကျပဲ။ ဒါပေမဲ့ သူ့နဲ့ မဆိုင်။ ခုတော့ ဆိုင်လာပြီ။

အချေအတင် စကားများတယ်။ အကြီးအကျယ် ဝုန်းဒိုင်းကြဲတယ်။ လက်တွေပါတော့မယ့်အထိ ရောက်လာတော့မှ ဆိုင်ရှင် ဝေမိမျိုးဝင်းက ဝင်တားတယ်။ အဲဒီတော့မှ သန်းဝင်းလိုကောင်မျိုးနဲ့ သူ ဖက်ကိုက်မိတာကို နောင်တရဖြီး ရှက်သွားမိတယ်။ ကျောင်းဆရာတစ်ယောက်အနေနဲ့ ဒီလိုဆိုင်မျိုးကို ညညလာထိုင်တာကိုက လွန်လွန်းနေပြီ။ အခုတော့ အဖက်မတန်တဲ့ အဆင့်ကိုရောက်လာတော့ ရှက်တဲ့စိတ်က အတော်လေးဝင်လာတယ်။ သန်းဝင်း ဘယ်လိုစရိုက်လဲ၊ ဒီဆိုင်ထဲထိုင်တဲ့လူမှန်သမျှ သိတာကိုး။ ဘေးမဲ့လည်း ပေးထားခဲ့တာကိုး။ အဖက်မလုပ်နေခဲ့ကြတာကိုး။ ဒီကောင်က သုံးနှစ်ထောင်ကျဖူးတယ်။ လူသေမှုနဲ့။ သူကတော့ လူသတ်မှုလို့ ပြောတာပဲ။ အမှန်က မတော်တဆ လူသေမှုပါ။ ဒါကိုလည်း အကုန်လုံး သိကြတယ်။ ဒါပေမဲ့ သန်းဝင်း ထောင်ကလွတ်လာတော့ ပိုရဲလာတယ်။

'လူသတ်တာလောက်တော့ကွာ… ဟင်း' ဆိုတဲ့ အသံတွေ ကြားလာရတတ်တယ်။ မှောင်ရင်း မှောင်ရင်း မိုက်တွင်းထဲ မတော်တဆ လိမ့်ကျမိရာက အမိုက်ဇာတ်ဝင်သွားတော့တာပေါ့။ ဒါပေမဲ့ သန်းဝင်းအနေနဲ့ လူထပ်သတ်စရာလည်း မလိုပါဘူး။ သူ့နဲ့ ရန်ဖြစ်ဖက်လည်း ရှိမှ မရှိတာဘဲကိုး။ ဒီလို စရိုက်ဆန်တဲ့ အလင်းဆိုင်မျိုးမှာတောင်မှ သူ့ကို အဖက်မလုပ်ကြဘူးဆိုတော့ စဉ်းစားသာ ကြည့်ပေတော့။

❑

ဘယ်လို ရန်ငြိုးရန်စ ကြောင့်မှန်း မသိဘူး။ ဝတ်ထားတဲ့ အဝတ်နဲ့ အလောင်းဘေးက ဆိုင်ကယ်သာ မရှိရင် သန်းဝင်းလို့ မသိနိုင်တော့အောင် မျက်နှာများခုတ်ရာဇရုပ္ပနဲ့ ရထားလမ်းဘေးမှာ သေနေတော့ ရဲက သူ့ဆီတောင် လာလိုက်သေးတယ်။ သန်းဝင်းသေတော့မှ သိတာက သန်းဝင်းမှာ မိန်းမနဲ့ ကလေးရှိတယ်ဆိုတာကိုပဲ။ ရဲလာတော့ သူ့မိန်းမလည်း ပါတယ်လေ။ ဆိုးတာက သန်းဝင်းမိန်းမကပါ သူ့ကို သံသယမျက်လုံးနဲ့ လာကြည့်နေတာကိုပဲ။ ဒေါသလည်း ထွက်မိတယ်။ သူ့မှာ စိတ် ညစ်လို့မဆုံးဘူး။ သြော် ဒီလိုကောင်မျိုးသေတာတောင် သူ့မှာ စက်ကွင်းမလွတ်ပါလားပေါ့။ ကျောင်းဆရာတစ် ယောက်အနေနဲ့ သိက္ခာကျ တာတော့ အမှန်ပဲ။

ဒီကောင့်ကို သတ်တဲ့ ကောင်ဟာလည်း ဒီကောင် လို အမိုက်ဖက်တဲ့ ငမိုက်သား ပဲနေမှာပေါ့။ သူ့ဆီ ရဲက လာ ပြီးမေးမြန်းတော့ သူ ခံပြင်း လို့မဆုံးဘူး။ ဒီကောင်နဲ့ စကားများခဲ့တာလည်း ကြာလှပါပြီ။ ရဲကလည်း သဘောလောက်ပါ။ ထွေထွေ ထူးထူး မဟုတ်ပါဘူး။ ပြီး ပြီးရော သဘောမျိုးပါပဲ။ ဒီပြင်လူ လေးငါးယောက် လည်း ဒီလိုပဲ ဟိုလျှောက် မေး၊ ဒီလျှောက်မေး လိုက်ကြသေးတယ်။ သတ် တဲ့လူက လာအဖမ်းမခံ ပေါ်မယ့်အမှုလည်း မဟုတ် ပါဘူး။ ကိုးလောင်း တောင် မပေါ်သေးတာ။ လောင်းလောက်ကတော့ ဆင်မနေနဲ့တော့ပေါ့။

ဒါပေမဲ့ နောက်ဆက် ဇာတ်လမ်းက စိတ် စရာပဲ။ သူ့မိန်းမက သန်း နဲ့ မြို့ပေါ်မှာ အတူနေတ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး။ ရွာက သူ့မိဘ အိမ်မှာပဲ နေတာများတယ် တဲ့။

သန်းဝင်း သေတဲ့ရက်က မြို့ပေါ်ကို သန်းဝင်းရဲ့ မိန်းမနဲ့ကလေး ရောက်လာတဲ့ နေ့ပဲ။ သူတို့အမျိုးဘက်က အလှူတစ်ခုဆီလာရင်းနဲ့တဲ့။ အဲဒီနေ့ပဲ သန်းဝင်းနဲ့ သူ့မိန်းမ အကြီးအကျယ်တွေ စကားများကြပြီး သန်းဝင်းက ရိုက်နှက်တယ်တဲ့။ ပြီးတော့ မိန်းမဆီကနေ ဆွဲကြိုးတွေ၊ လက်စွပ်တွေ၊ လက်ကောက်တွေနဲ့ မြို့ပေါ်တက်လာတော့ ယူလာတဲ့ ပိုက်ဆံလေး သုံးသောင်းကိုပါ အတင်းအဓမ္မ ယူသွားပြီး ညနေကတည်းက ထွက်သွားတာတဲ့။ ရွှေတွေက ကာလတန်ကြေး နှစ်ဆယ့်ငါးသိန်းဖိုးလောက် ရှိဆိုပဲ။ သူ့မိန်းမက အဲဒီညနေပိုင်းပဲ အမှုတောင်ဖွင့်ထားသေးတယ်။ ည သန်းဝင်း သေတာပဲ။

ဆိုတော့ သန်းဝင်းသေတာ ဒီရွှေတွေကြောင့်လို့ပဲ ရဲတွေရော အများကပါ သိလိုက်ပြီ။ ဘာလို့လဲဆိုတော့ သန်းဝင်းသေတော့ သူ့ကိုယ်ပေါ်က အဝတ်အစားနဲ့ ဘေးမှာထောက်ထားတဲ့ ဆိုင်ကယ်ကလွဲပြီး ဘာမှမရှိတော့ဘူးလေ။ ဆိုင်ကယ် ဘာကြောင့်ထားခဲ့မှန်းတော့ တွေးလို့မရဘူး။ သန်းဝင်းမိန်းမ ဘယ်လိုခံစားရမယ်တော့ သူလည်း မတွေးတတ်ဘူး။ တကယ်သေတော့မှ ချစ်တဲ့စိတ်တွေ ရှိသေးတယ်ဆိုပြီး ဝမ်းနည်းမှာလား။ သေခါနီး ဒုက္ခ အကြီးအကျယ်ပေးသွားတယ်ဆိုပြီး စိတ်နာနေမှာလား မပြောတတ်ပါဘူး။ လူအမျိုးမျိုး၊ စိတ်အထွေထွေပဲလေ။

> အချိန်အခါ မဟုတ် ပြန်ရတာဆိုတော့ အိမ်ရောက် တော့လည်း တော်တော်နဲ့ အိပ်မပျော်ပါဘူး သန်းဝင်း ဆိုတဲ့ကောင်က သူ့ကို အတော်လေး စိုးမိုးနေပြီ စိတ်ပျက်စရာပဲ ကမ္ဘာကျော်လည်း မဟုတ်၊ လေးစားရသူလည်း မဟုတ်ဘဲ တွေးနေရတာတော့ နာတယ် ဒီအတိုင်းဆို အိပ်မက် ထဲမှာတောင် သန်းဝင်း သူ့ကို ဓားနဲ့ လိုက်နေမှာလား စဉ်းစားမိတယ်

❑

နေ့တွေ၊ ရက်တွေသာ ပြောင်းလာတယ်။ သူ့ရဲ့ ညည အိပ်လို့မရတဲ့ ရောဂါက မပျောက်သေးဘူး။ ရာသီဥတုကလည်း တစ်နေ့ထက်တစ်နေ့ ပိုပူပြီး ပူလောင်လာတယ်။ ဒီမြို့ကလည်း သူ့ကို ဆွဲဆောင်ထားတာ ဘာမှမရှိလေတော့ သူ ဒီမြို့မှာ နေရတာ အဓိပ္ပာယ်မဲ့မဲ့လာတယ်။ နောက်ပြီး ရဲက မေးလား မြန်းလား လုပ်ခံရတဲ့နောက် ဒီမြို့ကို သူ မနှစ်မြို့တော့ဘူး။ ဒါနဲ့ နယ်ပြောင်းလျှောက်တယ်။ နည်းနည်း ဟိုပေး ဒီပေးရလေး ရှိပေမဲ့ အဆင်ပြေပါတယ်။ ဘယ်မြို့သွားချင်သလဲမေးတုန်း ဘယ်ဖြစ်ဖြစ် အဆင်ပြေပါတယ်လို့ ပြောခဲ့မိတာ မှားတာပဲ။ သူ ချောက်ကို ရောက်တယ်။ ဆိုးတာပဲ။ ရွှေ့ခဲ့တဲ့ ကျောက်ဆည်ထက် ဒီဂရီအများကြီး သာနေတယ်။ ပိုပူတာပေါ့။

အဲဒီတော့ အပူဒဏ် မခံနိုင်တဲ့ သူ့အဖို့ ညမအိပ်နိုင်တဲ့ ကိစ္စကလည်း ဆက်ရှိနေတော့တာပေါ့။ အဲဒီတော့ အလင်းဆိုင်ထိုင်တဲ့ အကျင့်ကလည်း ပျောက်လို့ မရပြန်တော့ဘူး။ ညမအိပ်နိုင်တဲ့ လူတွေအတွက် အလင်းဆိုင်တွေ မြို့တိုင်းမှာ ရှိနေတာတော့ အံ့သြစရာပဲ။ လူအများစုဟာ ညမှာ အိပ်ကြတယ်ဆိုပေမဲ့ တချို့လူအနည်းစုဟာ ညမှာ မအိပ်နိုင်ကြဘူး။ ဒီတော့ အများစု ဆန္ဒကို လိုက်နာသလို အနည်းစု အခွင့်အရေးကို အလေးထားတဲ့အနေနဲ့ အလင်းဆိုင်တွေ ဖွင့်ထားပေးရတာပဲ။ ဒီမိုကရေစီ သဘောတရားပဲ။

သူ့အတွက်တော့ ချောက်နဲ့ ကျောက်ဆည်ဆိုတဲ့ ခေါင်းစဉ်နှစ်ခုကွဲသွားတာက လွဲရင် တခြားသိပ်ထူးတယ် မထင်မိဘူး။ ဧရာဝတီမြစ်ထဲ ရေဆင်းချိုးလို့တော့ ရတယ်။ ညဘက် အိမ်ပြတင်းပေါက်က ဖွင့်လိုက်ရင် မြင်ရတဲ့ မြင်ကွင်း နည်းနည်းပြောင်းသွားတယ်။ ညဘက် အလင်းဆိုင်မှာ သိပ်စရိုက်ကျတာမျိုးတွေ မရှိဘူး။

သူ့ဘဝမှာ ဒီလိုမြို့တွေ မြို့တွေ လျှောက်သွားနေရတာကို သဘောကျနေမိတာ။ လူလွတ်တစ်ယောက်ဖြစ်တာရယ်၊ သံယောဇဉ်နည်းတတ်တာရယ်ကြောင့် ပြောင်းရွှေ့ရပြီဆိုရင် ကျန်ခဲ့တဲ့ မြို့တွေကို လွမ်းစရာ ဘာမှ မကျန်ခဲ့တော့ဘူး။ မေ့တာပဲ။ အကျင့်တစ်ခုတော့ ရသွားတာရှိတယ်။ အလင်းဆိုင်ထိုင်ရင် သူ ဘယ်တော့မှ ဘောလုံးပွဲ မကြည့်တော့ဘူး။

❑

သန်းဝင်းကို တွေ့တွေ့ချင်း အဖြစ်အပျက်တွေကို တန်းသတိရတာမျိုး မဟုတ်ဘူး။ ဒီရုပ်မျိုးကို သူ မြင်ဖူးပါတယ်လောက်ပဲ တွေးတာ။ နောက်မှ ဟာ ဒါ သန်းဝင်းပဲလို့ သတိရတော့ သန်းဝင်းက သူ့ကို မြင်သွားပြီး တစ်ကြိုးတည်း လစ်ပြေးတယ်။ အဲဒီလို လစ်မပြေးရင်တောင် သူက ရုပ်တူတာနေမှာလို့ တွေးချင်တွေးနေမှာ။ ဒီကောင်က လစ်ပြေးတော့ အတည်ပြုလိုက်သလို ဖြစ်သွားတယ်။ ပထမတော့ နောက်ကလိုက်မယ်လို့ စဉ်းစားသေးတယ်။ နောက်မှ ချောင်ပိတ်မိတဲ့ခွေးလို မည်းမည်းမြင်ရာ ဆွဲမှာစိုးတာနဲ့ မလိုက်တော့ဘူး။

တစ်ညလုံး သူ အလင်းဆိုင်မှာ အဲဒါကိုပဲ ထိုင်တွေးနေလိုက်တယ်။ သေနေတာ ဘယ်သူလဲ။ သန်းဝင်းမဟုတ်တာက သေချာသွားပြီ။ ဒါဟာ သန်းဝင်း သေသေချာချာကို အကွက်



www.burmeseclassic.com

www.burmeseclassic.com

ဆင်သွားတာ နေမှာ။ ပိုက်ဆံနှစ်ဆယ့်ငါးသိန်းလောက် အတွက်နဲ့ ဘယ်သူမှန်း မသိတဲ့ လူတစ်ယောက်ကို ပါသတ်သွားခဲ့တာပဲ။ နောက်ပြီး သူနဲ့ လုံးတူ ဒေါက်တူ လူတစ်ယောက်ကို အတော်ရှာခဲ့ရမယ်။ အဝတ်အစားတွေက ဘယ်လိုလဲပစ်လိုက်သလဲ။ သူလည်း သန်းဝင်းအလောင်းကို သွားမကြည့်ခဲ့တော့ အသေအချာတော့ မသိဘူး။ ဒီပြင် နိုင်ငံတွေဆို ရဲတွေက သိမှာပဲ။ လူတစ်ယောက်ကို ဒီအန်အေ စစ်တာတို့ ဘာတို့ လုပ်မှာပေါ့။ ဒီနိုင်ငံကတော့ မြင်တဲ့အတိုင်းပဲ လုပ်သွားလိုက်တာ။ သိပ်လွယ်တာပဲ။ သူ့မိန်းမတော့ သနားပါတယ်။ ကိုယ့်ယောကျ်ားက ကိုယ့်ကို ပြန်လိမ်သွားတာတောင် သိမှာ မဟုတ်ဘူး။ သူ့မှာ သွားလေသူယောကျ်ားကြီးရယ်ဆိုပြီး လွမ်းတောင်လွမ်းနေဦးမှာ။ အဲဒီလို မီးခိုးကြွက်လျှောက် လိုက်တွေးနေရင်းနဲ့ သူ့ကိုယ်သူ ပြန်စိတ်မချ ဖြစ်သွားမိတယ်။ ဒီကောင် သူ့ပါ လာသတ်ချင်သတ်နေမှာလို့ တွေးမိတော့ ဖြန်းခနဲ ကြက်သီးထသွားမိတယ်။

သန်းဝင်းဆိုတဲ့ကောင် လူသတ်တာ အရှိန်ရသွားပြီ။ မလုပ်ဘူး ထင်လို့မရဘူး။ မနက်တော့ လင်းလင်းချင်း ရဲစခန်းသွား အကြောင်းကြားရမယ်လို့ သူ တွေးလိုက်တယ်။ နောက်ပြီး ကျောက်ဆည်က အလင်းဆိုင်ပိုင်ရှင် ကိုမျိုးဝင်းဆီ လှမ်းပြီး ဖုန်းဆက်ပြောမယ်။ သူက သန်းဝင်းမိန်းမ ရှိနေတဲ့နေရာတွေဘာတွေ သိချင်သိမှာ၊ သူ့ကို အကြောင်းကြားခိုင်းရမယ်။ ဒါနဲ့ မနက်စောစောထဖို့ သူလည်း အလင်းဆိုင်က ထခဲ့တော့တယ်။

အချိန်အခါ မဟုတ် ပြန်ရတာဆိုတော့ အိမ်ရောက်တော့လည်း တော်တော်နဲ့ အိပ်မပျော်ပါဘူး။ သန်းဝင်းဆိုတဲ့ကောင်က သူ့ကို အတော်လေး စိုးမိုးနေပြီ။ စိတ်ပျက်စရာပဲ။ ကမ္ဘာကျော်လည်း မဟုတ်၊ လေးစားရသူလည်း မဟုတ်ဘဲ တွေးနေရတာတော့ နာတယ်။ ဒီအတိုင်းဆို အိပ်မက်ထဲမှာတောင် သန်းဝင်း သူ့ကို ဓားနဲ့ လိုက်နေမှာလား စဉ်းစားမိတယ်။

❑

'ဗျာ… မရှိတော့ဘူး ဟုတ်လား'

'အေးလေ ငါလည်း အဲဒီလို ကြားတာပဲ။ ကောင်မလေးက အဲဒီပစ္စည်းတွေကို ရှာက သူ့အဖေအမျိုးတွေဆီက ငှားထားတာ၊ သူ့မှာ ပြန်မပေးနိုင်တော့ ကလေးတောင် ခေါ်မသွားဘူးတဲ့။ ဘယ်ပြေးမှန်းလည်း မသိဘူးတဲ့…။ ဘာများဖြစ်လို့လဲကွာ ခုမှ…'

ကိုမျိုးဝင်းက သန်းဝင်း မွေးခဲ့တဲ့မီးရဲ့ နောက်ဆက်တွဲလောင်တာတွေ ဆက်ပြောနေသေးတယ်။ ကိုမျိုးဝင်းပြောလို့ပြီးမှ သူလည်း ဘေးဘယ်ညာ ဟိုကြည့် ဒီကြည့်လုပ်ရင်း-

'ဒီလိုဗျ ကိုမျိုးဝင်းရဲ၊ ဒီမှာ အဲဒီသန်းဝင်းဆိုတဲ့ကောင်က ဒီလို…'

ပြောနေရင်းနဲ့ မျက်စိက တစ်နေရာမှာ ရောက်သွားတော့ မှင်တက်မိသွားတယ်။ သိပ်မယုံကြည်နိုင်တာတွေ၊ သိပ်မျှော်လင့်မထားတာတွေ သူ များများမကြုံဖူးဘူး။ အဲဒီတော့ တုံ့ပြန်နိုင်စွမ်းလည်း သိပ်နည်းတယ်။ သူ အကြာကြီးဆိုမှ တကယ့်ကို အကြာကြီး ကြက်သေသေသွားတယ်။ ဟိုဘက်မှာ ကိုမျိုးဝင်းက 'ဟယ်လို… ဟယ်လို'နဲ့ ဘာမှ ဆက်မကြားရတော့ လိုင်းမကောင်းလို့ ထင်ပြီး ဖုန်းချသွားမှ သတိပြန်ဝင်လာမိတယ်။

ကိုမျိုးဝင်းကို ကျန်တဲ့အကြောင်းတွေ ဖုန်းထပ်ဆက်ပြီး ပြောပြမနေတော့ပါဘူး။ အမှန်ကတော့ ဒီမှာ သန်းဝင်းကို သူ တွေ့တဲ့အကြောင်း၊ သန်းဝင်း ဘယ်လို လှည့်ကွက်လုပ်သွားကြောင်း၊ ရဲစခန်းကို ချောက်မှာ လာဖမ်းဖို့၊ ပြောဖို့ အကြောင်းတွေ ပြောမလို့ပါပဲ။ ဒါပေမဲ့ ဖုန်းပြောနေရင်းနဲ့ သူ့ရဲ့ ပြောချင်စိတ်ကုန်ခန်းသွားလောက်အောင်ကို လုံးဝမျှော်လင့်မထားတဲ့ မြင်ကွင်းတစ်ခုက သူ့ရှေ့က လမ်းပေါ်မှာ တွေ့လိုက်ရတယ်။

သန်းဝင်းရယ်၊ သူ့မိန်းမရယ် သူဖုန်းဆက်နေတဲ့ ပီစီအိုဆိုင်နဲ့ မျက်နှာချင်းဆိုင်က ကားလမ်းပလက်ဖောင်းကနေ အိတ်ကြီးအိတ်ငယ်အသွယ်သွယ်နဲ့ ကားဂိတ်ထဲကို ဝင်သွားတာ တွေ့လိုက်ရလို့ပါပဲ။

တူနှစ်ကိုယ်တိုင်းပြည်ကို မရှုံမရှာ ဆက်လက်တည်ထောင်ကြဦးမယ်ပေါ့။

■

**ပေါ်ဦးလင်း**

ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၀/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
**E-mail:**
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

# တောမင်းသမီး

**ခင်ခင်ထူး**

အမှတ် ၂၉၁၊ ဖေဖော်ဝါရီ ၂၀၁

ရုပ်စုံမဂ္ဂဇင်

အခန်းဆက်ဝတ္ထုရှည်

(ယခင်လမှအဆက်…)

၂၆။

'ကြော့မဟေသီ တော့်ဒေဝီရယ်×××မအီမသာ အထက်ကို လေရှုန်းလို့ ရွှေနှလုံးတော်နာမှဖြင့်××× ထိုအခါ၌ မေ့းစက်မပျော်လွန်မူးကဲလို့ ချဉ်တော်ပွဲကြိုက်ရသတဲ့×××ချဉ်တော်ပွဲကြိုက်မှဖြင့် ပိုက်သည့်ကိုယ်ဝန်ခင်နှမ တစ်လရှိပကွဲ××× ချိုပျားသကာ နှစ်လကြာ ရသာတင်လဲ×××အားပင်တိတ်လို့ စားချင်စိတ်ဖွဲ သတဲ့ ××× မြေပဲအဆိမ့် သုံးလနီးတော့ မြည်းချင်သတဲ့×××လေးလ အခါအစာပြုလို့ တမာနုကလေး စားချင်ကိုးမောင်ရဲ့××× ငါးလကျတော့အဖန်××× ခြောက်လကလွန်တော့ ငန်စပ်အမွှန် ငရုတ်ဟင်းနဲ့ ချင်းကြက်သွန်လွန်အောင် ဝတ်မွတ်×××ခုနစ်လနဲ့ အမိဝမ်းက ကျွတ်တာလည်းရှိသကွနော×××ခုတင်လျှော၍ ရင်ကြောစိမ်း×××မိန်းမတို့မှတ်ရိုးရှစ်လမှာ ရေတစ်ခုသေလုအောင် ချိုးချင်သာကော'

'အံမာ ကိုသာဆန်းနှယ်ဒါတင်ဘယ်ကမှာတုံး ခင်ဗျားပြောတာက အာသာချင်ခြင်း×××မိန်းမသားများ ဓမ္မတာလွန်မင်းစွာတပ်မက်တာကတော့ ဟုတ်ပါရဲ့×××သို့ပေသိ မမာသည့်အခိုက် စံရွှေလော်သန္ဓေတော်ပိုက်တုန်းမှာ×××ကြိုက်သည့်အစား အစပ်အငန်များ ဖန်ဖန်ခါးခါး မစားမှကောင်းတာကောဗျာ×××မီးနေသည်မိန်းမ တစ်နေ့သုံးတန် မြေသုသာန်ကိုရွှေရုပ်နှာမ်စတတ်သတဲ့××× အသွားအလာ အပြင်အလျှား များများကြီး ဆင်ခြင်ရသတဲ့'

'အောင်မာဗျာ ကိုတင်ဖေနှယ် ဒါတွင်ဘယ်ကပ်ါမတုံး ကျုပ်က မွေးဖွားလို့ သိတာ၊ ယုတ်နိမ့်သူက နိုင်လိုမင်းထက် နှုတ်ခွန်းဆက်၍ လက်ဖက်ကွမ်းဆေး ကြမ်းတစ်ပြေး လှမ်းပေးတိုင်း မယူရဘူးဗျ××× ရှင်လူအများ ကျော်ကာသွားတဲ့ တံတိုင်းကိုပင် အပေါ်ကလျှောက်ပါ နှမခင်ရဲ့××× အောက်ကိုမဝင် ဆင်တန်းမြင်းတန်း မလျှိုးနဲ့××× ကြိုးတန်းကြိမ်တန်း မကျော်နဲ့×××အကိုင်မပါ ထိုင်ရာကမထနဲ့××× အသက်ဆုံး မကုန်းနဲ့ မကော့နဲ့ ကျော့မေရယ် ×××သည်အထဲ ကာမဂုဏ်စိတ်များလည်း လျှော့ရမနော'

ဥညြသံအေးက မောင်းဆရာ ကိုတင်ဖေနှင့် မင်းသကြမ်း ကိုသာဆန်းတို့ အချီအချပြောနေကြသည့် စကားကြောင့် ပြုံးမိရပါ၏။ သူ့ကို ရည်ရွယ်ပြီး စ,နေကြတာကိုလည်း သိပါ၏။ ဟုတ်တော့လည်း ဟုတ်ပါရဲ့လေ။

'ရာဇိန္ဒမင်း တောင်ညာနှင်းဆောင်ကြာတွင်းတစ်ထီး ပေါ်၌ သမီးတော်ကလေးလား သားတော်ကလေးလား' ဆိုတာလို





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လွယ်ထား သည့် ကိုယ်ဝန်က ရင့်လှလေပြီ။ 'မြူပါတယ် သူသာလို့ မငြင်းနိုင်တော့ ယူပါ ယူပါရယ်လို့ လူပါနှင်းလိုက်တော့ အမယ်မင်း စုကာညှင်း နှစ်ပွင့်ဆိုင်' ရသည့်အဖြစ်။

'ဦးဖေနဲ့ ဦးဆန်းတို့က ကလေးများမွေးဖူးရှာလား တော်စောစောစီးစီး သူများပြောရမယ်ဆိုရင် မျက်နှာတောင် မသစ်ကြဘူးမှတ်လား၊ ဟာဟ ကျုပ်က မွေးဖူးလို့သိသာတဲ့၊ ဆိုင်းသမားတွေက သည်လိုစာမျိုးကျတော့ ရပ့ါတော် ဆိုင်းသာ အဖြစ်မရှိသာ'

ဉသြသံအေးက ပြန်တွယ်တော့ မောင်းဆရာကိုတင်ဖေက ရယ်သည်။ ပြောသာပြောရတာပါလေ။ ဇာတ်ခုံကိုအိမ်လုပ်နေကြရသည့်ဘဝတွေ မဟုတ်လား။ သူ့မယား ကိုယ့်မယား၊ သူ့လင်ကိုယ့်လင် ဇာတ်ခုံပေါ်အိမ်တစ်လုံး တင်ရသတဲ့။ တစ်မိုးအောက်မှာဆိုတော့ မောင်တွေနှမတွေလို ချစ်ချစ်ခင်ခင်ရှိကြရသည်။ ပြောမနာ ဆိုမနာ ထုမနာ ထောင်းမနာရှိကြရသည်။ ဇာတ်ခုံဆိုတာကလည်း မတစ်ရာသား လောကနယ်ပယ်ဆိုတော့ အကောင်းချည်းတော့လည်း မရှိနိုင်ဘူးပေါ့။ သူ့အိမ်ရာကိုယ့်အိမ်ရာ မေတ္တာစည်းကျော်မိတာတွေလည်း ရှိတာပါပဲ။ ဉသြသံအေးအဖို့ရာ အိမ်ထောင်ကျပြီး တစ်နှစ်ကျော်မှ ကိုယ်ဝန်ရခဲ့သည်။ တစ်ညသား ကလို့ကောင်းသခိုက် မူးခနဲမိုက်ကာမှ သတိထားမိခြင်းဖြစ်၏။ ရှေးက မင်းသားကြီးတွေ ဆိုခဲ့ကြသလိုပေါ့လေ။ '*ဆို့တာအန်အန်×××ကိုယ့်သဏ္ဍာန် ကြို့လှန်လေတက်×××ချောင်းတဟက်ဟက်နှင့် စိတ်နှလုံး မသာမကြည်နာရဏဳဒါလီကုံးရယ် ထုံးစံအခွင့် လစဥ်အမှန် ပြန်လှချိန်သင့်သန္တာန်မြန်းခေါင်ရမ်းပန်းကလေးများကော ပွင့်ချိန်မှန်ရဲ့လား နှမတော်ရဲ့*' ဆိုတာမျိုးဖြစ်ရပြီဆိုတော့ အနေအစား ဆင်ခြင်နေရပြီ။

ပြီးခဲ့သည့်တစ်နှစ်ခြား မိုးတစ်ညမှာ မိုးကြီးလေကြီးကျသခိုက် ဆရာကိုသဏ္ဍ ကြာခြည်တော်လှပ်ခဲ့ကတည်းက ဉသြသံအေး မိုးမကောင်းချောင်းမစီး ခြောက်ခြောက်သွေ့သွေ့ကြီး အိမ်ထောင်ကျခဲ့ရသည်။ ဇာတ်ခုံပေါ်မှာပဲ မင်္ဂလာဆောင်ခဲ့သည်။ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားတော့ မဟုတ်။ သူတစ်ပါးရပ်ရွာမှာဆိုတော့ ချဲ့ချင်သော်မှမချဲ့နိုင်။ ဆရာကိုသဏ္ဍရော ဉသြသံအေးမှာပါ ခင်မင်ရာမိတ်ဆွေဆိုလို့လည်း ဇာတ်ထဲက ဘဝတူဇာတ်သူဇာတ်သားတွေပဲရှိတာ မဟုတ်လား။ သည်တော့မင်္ဂလာဆောင်ရမည့် နေရာကလည်း ဇာတ်ခုံပေါ်ကလွဲလို့ ဘယ်ကိုများ တမင်ကလာလှမ်းကြွ မင်္ဂလာခန်းမကြီးဖွင့်ပြီး တခမ်းတနား သွားဆောင်နေကြမှာတဲ့တုံး။ ပြီးတော့ ဆရာကိုသဏ္ဍရော ဉသြသံအေးပါ နှစ်ဖက်ဆွေမျိုးမျိုးတစ်ရာဆွေတစ်ကျိပ် အကြောင်းကြားပြီး ခေါ်ရအောင်ကလည်း ဉသြသံအေးကမှ ပြေးကြည့်လျှင် အမေမဗိုင်းတောင့်ရှိသေးသည်။ ဆရာကတကယ့်ကို တစ်မျက်နှာတည်း။ သည်တော့ ဉသြသံအေးဘက်က အမေယုဇနမစိမ်းခင်ကို မိဘအရာမှာ ထားသလို၊ ဆရာကိုသဏ္ဍာဘက်က ဇာတ်ထောင်ဦးသြဘာ

က လူကြီးအရာမှာနေပေးသည်။ ဆရာက လက်ထပ်စာချု[ပ်] ကလေးလုပ်ပြီး ပွဲကရာမြို့က တရားရုံးမှာ လက်ထပ်ယူ[…] သည်။ မင်္ဂလာဧည့်ခံပွဲအနေနဲ့ကတော့ မနက်ပိုင်းမှာ ရပ်ရွာက[…] ဆရာတော်သုံးပါးပင့်ပြီး ဇာတ်ထဲမှာပဲ မင်္ဂလာဆွမ်းကပ်သည်။ ဇာတ်သူဇာတ်သားတွေအတွက် အိုးကြီးဖျော်လက်ဖက်ရည်နှ[င့်] ဆိတ်နို့မုန့်တစ်ပုံးသာ တတ်နိုင်ခဲ့သည်။ လက်ဖက်ရည်ကရေ[…] ကြီး အငွေ့တထောင်းထောင်းနှင့် လိုက်ဖြည့်ပေးနေသော ကား[…] ဆွဲ မောင်တောက်နှင့် ဖိုးလုံးတို့နှစ်ယောက်ခမျာလည်း လက်[…] လည်။ ဆိတ်နို့မုန့်တွေ သံပန်းကန်ပြားတွေထဲထည့် ပေးနေ[…] သော ယိမ်းသမကလေးတွေကို မုန့်ဖြည့်ပေးဖို့ သံပန်းကန်ပြား တွေ တဂွမ်ဂွမ်တီးပြီး ခေါ်ကြတာကလည်း ပျော်စရာ[…] ကောင်းသေးတော့။ အဖေကြီး ဦးရွှေဖိတ်က မင်္ဂလာစကား ပြောပေးရှာပါ၏။ ထူးခြားတာက ဆိုင်းဆရာတို့ကလည်း ဆိုင်းဆင့်ပြီး ဘိသိက်ခန်းဖြင့် ဉသြသံအေးတို့ မင်္ဂလာပွဲကို ဂုဏ်ပြုခဲ့ကြခြင်းဖြစ်သည်။

ထိုနေ့က အဘဦးရွှေဖိတ်က လက်ထပ်ထိမ်းမြားခြင်း ဆယ်ပါးကို ရှင်းသည်။ ဉသြသံအေးတို့ မင်္ဂလာပွဲကိုတော့ ငွေမကုန်သည့်နည်းဖြစ်သည့် ရေခွက်၌လက်စုံနှစ်၍ ထိမ်းမြား သည့်နည်းကိုသုံးသည်။

'ရေခွက်ထဲ လင့်လက်၊ မယားလက် နှစ်ပြီးလက်ထပ်[…] ရမှတော့ တခြားနည်းက ပိုက်ဆံကုန်သယ်။ အရေးကြီးသာ လက်ထပ်ခြင်းအထမြောက်ဖို့ပဲ၊ ကြားလား မယ်သြ။ သ[…] က ရတဲ့လင် ကိုယ့်လင် ဖြစ်ဖို့လိုသာပဲ။ ဘာရှိလိမ့်မတုံး'

အဘဦးရွှေဖိတ်က သည်လိုပြောနေလို့ ဇာတ်သမားတွေ က ရယ်ကြသည်။ လူပြက်ဂေါ်ပြားက အတွန့်တက်သည်။

'သည့်ထက် ငွေမကုန်ချင်တော့ ဘယ့်နှယ်လုပ်ရသတုံး အဘ'

'မင့်ကြီးတော်နဲ့ငါနဲ့ ပေးစားကြည့်ပါလား၊ ခွေးသား'

'ဘိသက်ဆရာကလည်း ဒေါသကြီးလှချည့်လား၊ [...] လို့ မေးသာပါ အဘရ'

'ရေတစ်ခွက်တောင် အကုန်မခံချင်မှတော့ သတို့သမီး သတို့သား ဖနောင့်နဲ့ ပေါက်ပြီးယူတဲ့နည်းပဲ ရှိသကွာ'

'ဒါဆို အဘရယ်၊ ကျုပ်နဲ့ အမေစိန်ဒေါင်းနဲ့ လက်[…] ပေးဗျာ။ မင်းသမီးကလေးက အသက်တော့ မပြည့်သေးဘူ[း]'

ဇာတ်ထဲက မင်းသမီးကြီး အမေစိန်ဒေါင်းကို စခြင်း[…] သည်။ အမေစိန်ဒေါင်းက ကြီးရှာပြီ။ ဒါကိုကြားတော့ အမေ[…] စိန်ဒေါင်းက ထတုတ်တော့သည်။

'အသက်တော့ မပြည့်သေးဘူးဟေ့…××က နင့်မျက်[…] လောက်တော့ ရှိသယ်'

သည်တော့ လူပြက်ဂေါ်ပြားက ပြောပြန်ပါ၏။

'ပေါက်တူးရေ၊ ငါ့မျက်နှာကို မှန်းစမ်း၊ ဘယ်လော[…] လောက်ရှိတုံး'

'ရာဝင်စဉ့်အိုးအဖုံးလောက် ရှိသကွာ'

www.burmeseclassic.com

www.burmeseclassic.com

'ကိုင်းဟေ့၊ မင်္ဂလာယူတဲ့အချိန်မှာကွာ၊ မင်းတို့ကလည်း တစ်မှောင့်'

ဇာတ်ထောင်ဦးသြဘာက ငေါက်တော့မှ ရပ်ကြလေ၏။ မင်္ဂလာပွဲကို အဘဦးရွှေဖိတ်က 'သြဒါပတ္တိဝါသိနီ' ခေါ်သည့် ငွေဖလားတွင် လက်စုံချလက်ထပ်ပေးခဲ့သည်။

'*တစ်ခုတည်းသောရေစင်ခွက်၌ မင်္ဂလာသတို့သား သတို့သမီးတို့၏ လက်ယာလက်တစ်ဖက်စီကိုနှစ်၍ ထိုရေကဲ့သို့ အေးချမ်းကြပါစီ။ ထိုရေကဲ့သို့ အခြားမထင်ရှိကြပါစီ။ ထို အတိတ်ကောင်းယူ၍ ယနေ့အချိန့်မှစ၍ မြနှစ်ဖော်တူတကွ××× ငှအမတ သောင်ခေမာသို့×××ဖောင်ရွှေနာဝါကူးတို့ကြီးရယ်နှင့် ×××သတို့သမီးမောင်နှံစုံတို့ ဖောင်အကြံတက်ကာစီးရအောင် ×××ထက်အခါ အချက်သာယာသည့်နည်းရယ်နှင့်××× စည်းအမှန် ဗုံတောင်ဖွင့်ပြီး ဂုဏ်ရောင်နှင့် တသီရံဆောင်ကာ××× စံအိမ် ဘမယာအတွင်းဆီက ယုန်တန်ဆောင်တင့်၍ အရှိန်ပြောင်စွာ×××ဖန်ရစီ တစ်ခါချဉ်းပါပေ့×××ကိုင်း ရွာစားကျော် ဆရာ့ ဆရာများက×××ဘုရားဘဂဝါ ရောင်ခြည်တော်ဖွင့်*'

ဆိုင်းက ထူးမခြားနားကိုချက်ချင်းမဝင်ကြလို့ တစ်ဇာတ်လုံး ရယ်ကြရသည်။ အဖေကြီးဦးရွှေဖိတ်က ဆိုင်းဆရာတွေကို ဒေါသတကြီးကြည့်သည်။ ဆိုင်းဆရာတွေက တုတ်တုတ်မျှမလှုပ်။

'ခွေးမသားတွေ၊ ငါဆိုင်းဆင့်ပြီးပြီလကွာ တီးကြပါတော့လား။ ဘုရားဘဂဝါ ရောင်ခြည်တော်ဖွင့် ဆိုသာတောင် မသိကြရှေလား။ မင်းတို့က မတီးတော့ ငါက ဘာဆက်လုပ်ရမှာတုံး'

'သိပါသယ် အဘရ။ တီးစေချင်ရင် သတို့သားသတို့သမီးဆီက ဆိုင်းဖိုးတောင်းပေးလေ'

'အံမာ အရေးထဲ ခဲဖိုးတောင်းနေကြပြန်ပြီ။ ဟဲ့ မယ်သြ၊ သည်ကောင်တွေကို မသဒ္ဒါရေစာ ခေါစာပစ်လိုက်'

ဆိုင်းဆရာတွေက ငွေရတော့မှ ဘုရားရောင်ခြည်တော်အွဲ့ 'ထူးမခြားနား' ကို ဝေနေအောင်တီးကြလေ၏။ သည်လိုကြည်နူးဖွယ်ကြည်ညိုဖွယ် အသံကြားရတော့ ဥသြသံအေးမျက်ရည်သွင်သွင်ကျရတော့သည်။ မိဘဆွေမျိုးများ မပါသည့်မင်္ဂလာပွဲ။ ဆရာကိုသက္ကဘက်ကလည်းမပါ။ သူ့ဘက်ကလည်း အမေ မဗိုင်းတောင့်ခမျာ ရောက်လာဖို့နေနေသာသာ သမီးလင်ရတာကိုပင် သိရှာတာမဟုတ်။ သိရင်ကော။ သမီးအရင်း မဟုတ်တော့လည်း ညည်းကိစ္စပဲအေလို့များ ဆိုရှာလေမလား။ ဘာပဲဖြစ်ဖြစ် ငယ်စဉ်တောင်ကျေးကတည်းက ကျွေးမွေးသုတ်သင်လာခဲ့သည့် အမေ။ အကြော်မီးပူပူ၊ အကြော်ဆီပူပူ အပူကို ရင်နှင့်ခံကာ လုပ်ကျွေးခဲ့သည့်အမေဆိုတော့လည်း ကျေးဇူးကြီးရှာပါ၏။ လင်ရသာတောင် အမေမသိရပါလား အေလို့များ မျက်ရည်စမ်းစမ်းနှင့် ဆိုလေမလား။ တကယ်သည်း အိမ်ထောင်ကျလို့ တစ်နှစ်တစ်ဝါတိုင်သည့်နောက် အမေ့ခမျာ တစ်စွန်းတစ်စ ကြားလေသလား၊ မကြားလေသလား မပြောတတ်နိုင်ပါ။ အဖေ သီလထံမှာ နေစဉ်ကတော့ နှစ်လခြား သုံးလခြားဆိုသလို လှူကြံ့တစ်ဦးဦးနှင့် ငွေပို့ရင်း အမေ့သတင်းကြားရသေးသည်။ နေထိုင်ကောင်းကြောင်း၊ ရွာကို တစ်ခေါက်တစ်ကျင်း ပြန်လာစေချင်ကြောင်း၊ ဥသြသံအေးအဖို့ရာ ရွာထွက်ရက်ကန်းထည်ကလေးတွေ ထည့်ပေးလိုက်ကြောင်းတွေ မှာတတ်ပေးတတ်လို့ လူမရောက်ရပေသိ ဝေးသည်မဆိုသာပါ။ ဦးသြဘာဇာတ်ကို ပြောင်းလာတော့ ရွာနှင့်အဆက်ဝေးခဲ့ရသည်။

အမေနှင့် အတွေ့ဝေးခဲ့ရသည်။ ဇာတ်ကလည်း မြို့ဇာတ်ဆိုတော့ ရွာနီးတောနီး မရောက်တာလည်းပါပါ၏။ ရွာကိုသွားလို့ဖြစ်သည့် အနီးတစ်နေရာရောက်ရတိုင်း ဆိုင်းသမားတစ်ယောက်ကို လူခလှည်းခပေးပြီးလွှတ်ရပြန်တော့ အိမ်ထောင်ကျတာ မပြောခဲ့ပါနဲ့။ အမေ အားငယ်မှာစိုးလို့ပါလို့ မှာရပါ၏။ မှာသာမှာရတာပါလေ။ လူကြုံလွှတ်ရသူက ဘယ်လောက်နှုတ်လုံခဲ့လေမလဲ မပြောတတ်နိုင်ပါ။ အမေက လက်ခံရသမျှ စာရင်းကလေးတို့ပြီး လူကြုံနှင့်ပင် ပြန်ထည့်ပေးလေ့ရှိသည်။ စာတိုကလေး ရေးပေးတတ်ခြင်းဖြစ်၏။

'အစ် မ က လ ည် း ယောကျ်ားရလို့ ရသယ်ပြောသာပဲ၊ ဘာဖြစ်လို့တုံး။ သူများလင်မှ မဟုတ်ဘဲနဲ့ဟာ၊ ဆရာ ကိုသက္ကပဲဟာဗျာ'

'ဆရာနဲ့ မဆိုင်ပါဘူးဟယ်။ အမေ စိတ်ဆင်းရဲမှာစိုးလို့ပါ ငါ့မောင်ရယ်၊

ပြောသာ
ပြောရတာပါလေ
ဇာတ်ခုံကို
အိမ်လုပ်
နေကြရသည့်
ဘဝတွေ
မဟုတ်လား
သူ့မယား
ကိုယ့်မယား
သူ့လင်ကိုယ့်လင်
ဇာတ်ခုံပေါ်
အိမ်တစ်လုံး
တင်ရသတဲ့
တစ်မိုးအောက်မှာ
ဆိုတော့
မောင်တွေ
နှမတွေလို
ချစ်ချစ်ခင်ခင်
ရှိကြရသည်
ပြောမနာ ဆိုမနာ
ထုမနာ
ထောင်းမနာ
ရှိကြရသည်
ဇာတ်ခုံ
ဆိုတာကလည်း
မတစ်ရာသား
လောကနယ်ပယ်
ဆိုတော့
အကောင်းချည်း
တော့လည်း
မရှိနိုင်ဘူးပေါ့

www.burmeseclassic.com

ငါပေးသာကျွေးသာ မယူရက်တော့မှာစိုးလို့ပါ။ လင်ရနေပြီဆိုတော့ လင်က ကြည်ဖြူပါ့မလားလို့ တွေးမှာစိုးသာ'

'ဟုတ်တော့ဟုတ်ပါရဲ့။ ကျုပ် ပွဲနားတဲ့နေ့ သွားပေးပါ့မယ်။ လှည်းခတွေက ပိုတောင်းကြသနော အစ်မ'

'အေးပါ ငါ့မောင်ရယ်။ အစ်မ လောက်ငအောင်ပေးပါ့မယ်'

လူကြုံနှင့် ငွေပို့ရပေသိ သည်နှစ်ပိုင်းတွေမှာ ခါတိုင်းလို စိတ်ရှိတိုင်း မပို့နိုင်တာတော့ ရှိသည်။ တစ်ခါတော့ ကိုယ်တိုင်သွားပြီးအမေ့ကို ဇာတ်စုံခင်းဖို့တော့ စိတ်ကူးပြီးသား။ ဂျီးတိုးများသိလျှင်တော့ ညည်းအေ လင်ယူမြန်လိုက်သာလို့ ဆိုလိမ့်မည်ထင်ပါ၏။ အခုတော့ ကိုယ်ဝန်ကလည်း ရင့်ပြီဆိုတော့ ဇာတ်ကလို့မဖြစ်တော့။ အမေ့အိမ် ပြန်ဖို့သာရှိတော့သည်။ အမေ့ရွာမှာပဲ စိတ်ချလက်ချ မီးဖွားချင်သည်။ ဘာပဲဖြစ်ဖြစ်ပါလေ။ သမီးရောက်လာတာဆိုတော့ အမေဝမ်းသာရှာလိမ့်မည်။ မြေးကလေး ဖွားဖို့လာတာဆိုတော့ ပိုလို့တောင်ဝမ်းသာလိမ့်ဦးမည်။ သမီးလေးလား၊ သားလေးလား မသိရပေသိ ရင်သွေးကလေးအဖို့ရာ အမေ့ရွာ ထနောင်းပင်လှချက်မြှုပ်သူကလေးဖြစ်ရတော့မည်။ မွေးပြီးပြီးချင်း ဇာတ်ခုံပေါ်တက် မဖြစ်တော့ အမေနှင့် အတူနေရမှာကိုလည်း တွေးမိတိုင်းပျော်ပါ၏။ ဇာတ်ထဲက မင်းသမီးကြီးတွေကတော့ ဉဩသံအေး၏မျက်နှာ အရင့်အကြမ်း၊ ကိုယ်ဝန်၏အလုံးအနေ၊ ချင်ခြင်းတပ်ခြင်းတွေကို ကြည့်ပြီး ယောကျ်ားလေးမွေးမှာလို့ ဆိုကြတာလည်း ရှိသည်။ တချို့ကတော့ ပြောင်းပြန်။

'ဉဩမရယ်။ ညည်းဗိုက်က စုံ့စုံ့ပုံ့ပုံ့နဲ့ အောက်ဘက်ကို ချွန်းနေမှတော့ မိန်းကလေးအေ့။ ညည်းက သည်လထဲ မွေးမှာဆိုတော့ အချင်းမြှုပ်သာ အရေးကြီးသယ်။ တပေါင်း တန်ခူး တာကူးကဆုန် သုံးလဘုံ၌ ဖွားတုံ့သူငယ် အချင်းငယ်ကို တောင်ဝယ်မြှုပ်မည်။ သက်မရှည်တည့် သာကြည်မြောက်မှာ မြှုပ်ကုန်ရာတည့်တဲ့။ မြောက်အရပ်မှာ မြှုပ်ဟဲ့'

'မယ်ဩ၊ ညည်းက မိန်းကလေးမွေးမှာပါအေ။ ချောလိုက်မယ့်ဖြစ်ခြင်း။ ဖအေချော၊ မအေချော။ သည်မယ် နာမည်မှည့်သာမှာ စကားရှိသယ်။ ဖွားသည့်ရက်က စဉ်ရေလျှင် ဆယ်တွင်တစ်ဆစ် တစ်ဆယ့်နှစ်နှင့် ဆယ့်ရှစ်တစ်ချက် ရာပြည့်ရက်ဟု ဆိုသမှတ်လားအေ့။ ဆယ့်တစ်ရက် ဆယ့်နှစ် ရက် ဆယ့်ရှစ်ရက် ရက်တစ်ရာတွေမှာ နာမည်မှည့်'

သည်လိုဆိုကြတော့မှ သူကိုယ်တိုင်ကကော ယောကျ်ားကလေးလိုချင်သလား၊ မိန်းကလေးလိုချင်သလား ကိုယ့်ကိုယ်ကိုမေးရတော့သည်။ ကိုယ်တိုင်က မိန်းမသားဆိုတော့ အဖော်ရအောင် သမီးကလေးတော့လိုချင်သား။ သားဦးက ယောကျ်ားကလေးဆိုတော့လည်း ကောင်းတာပါပဲ။ ဆရာ ကိုသက္ကကတော့ ဘာပဲမွေးမွေး ချစ်ကြရုံပေါ့တဲ့။ သည်လိုဖြေတာကျပြန်တော့ ပေါ့လွန်းသည်ထင်လို့ မေးမိတာလည်းအခါခါပင်။ မေးတိုင်းလည်း သည်လိုပဲပြောသည်ချည်း။

'ကျုပ်ကတော့ မိန်းကလေးလိုချင်သာ၊ အဖော်ရအောင်လို့။ အစ်ကိုတို့ယောကျ်ားတွေက စိတ်ချရသာမှတ်ဘူးရယ်။ ဖွဲဖောက်ချင်ဖောက်မှာလေ။ ကျုပ်သမီးကမှ ကျုပ်နဲ့နေမှာ'

'ကောင်းပါတယ်။ မိန်းကလေးကော ဘာဖြစ်တုံး'

'တစ်ခါတစ်ခါတော့ ယောကျ်ားကလေး လိုချင်ပြန်ရော'

'ကောင်းသားပဲ။ ယောကျ်ားကလေးကော ဘာဖြစ်တုံး'

'အစ်ကိုဟာက ကောင်းပါသယ်နဲ့ ကောင်းသားပဲချည်းပဲ'

'အဲသလိုတော့ မပြောတတ်ပါဘူး ဉဩရယ်။ ညည်းက မွေးတော့ ငါ့ကလေးပဲဟာ။ ဘာများကြွေးများစရာ ရှိမှာတုံး'

သည်လိုဆိုပြန်တော့ လင်သားကို ရွှန်းရွှန်းစားစားကြည့်မိရုံပင်။ ရွာအရောက် လှည်းနှင့် ဒုတ်ဒုတ်ထိမသွားနိုင်လေတော့ ပခုက္ကူပွဲရက်ရောက်ကာမှ ပခုက္ကူ-မြိုင်ကားစီးပြီး မြိုင်... မြိုင်ကမှတစ်ဆင့် လှည်းထပ်ငှားပြီး ရွာကိုသွားရမည်။ ကိုယ်ဝန်အရင့်အမာနှင့်ဆိုတော့ လှည်းကို ဖြည်းဖြည်းမောင်းခိုင်းရမည်။ ကိုယ်ဝန်ရင့်လာကတည်းက ဉဩသံအေး အလှုပ်ခန်းတွေ မကတော့ပြီ။ အငြိမ်ခန်းတွေသာ လူလုံးထွက်ပြရုံသာ သက်ဝင်သရုပ်ဆောင်ရပါ၏။ လူလုံးထွက်မပြလို့လည်းမဖြစ်။ လှမင်းအောင်ဇာတ် ငှားကတည်းက မင်းသမီးဉဩသံအေး နာမည်တပ်ပြီး ငှားကြသူတွေကလည်း ရှိသည်။ သည်တော့ ဒေ့ခံသီချင်းထွက်ဆိုပေးရတာမျိုး။ အော်ပရာထွက်ပေးရတာမျိုး။ ပြဇာတ်နှင့်နောက်ပိုင်း တက်ကစီး မကနိုင်ပေသိ နှစ်ပါးခွင်မှာ တစ်ပိုဒ်နှစ်ပိုဒ် ကပေးရတာမျိုးတော့ ရှိရပါ၏။ ဇာတ်ထောင် ဦးသြဘာကလည်း ညကြေးမှန်မှန်ပင်ပေးရှာပါ၏။ ကိုးလထဲရောက်လာတော့ ဆရာကိုသက္ကက ဇာတ်ခုံပေါ် တက်ခွင့်မပေးတော့။ စိတ်ကတော့ ငြိမ်မနေချင်။ ကိုယ်တိုင်သာ တက်ကလိုက်ချင်တော့သည်။ ဆိုင်းသံကြားတော့ လက်လှုပ်ချင်သည်။ ဝမ်းကလေးစူလာတော့ မိခင်စိတ် ဝင်မိရသည်သာ။ ရင်သွေးကလေးကို မြင်ချင်လှပြီ။

ဆရာနှင့်တူစေချင်သည်။ ကလေးကိုပုခက်ထဲ ထည့်သိပ်ပြီး သားချော့တေးသီချင်းတွေ ဆိုချင် သိပ်ချင်လှပြီ။ တစ်ခါတော့ အဘဦးရွှေဖိတ်ကိုပင် စမိပါ၏။

'အဘရယ်။ ကျုပ်မွေးမယ့်ကလေးအဖို့ရာ ကလေး ချော့သီချင်းကလေး တစ်ပုဒ်လောက်ရေးပေးစမ်းပါတော်'

'အံမာဗျာ။ ငါ့များ ဘာမှတ်လို့ပါလိမ့်။ နားရင်းထ... မိကရော့မယ်'

'လုပ်ပါ အဘရဲ့။ ကျုပ်ဆိုချင်လို့ပါ'

'နင်တို့ ငါရေးတဲ့ဇာတ်ထုပ်ထဲ ကူးဖူးကြမဟုတ်လား ရှင်ဘုရင့်သားနှစ်ပါးဇာတ်ထုပ်လေ။ ရွှေနန်းတော်ဖွား သားတော်နဲ့ တောကျေးလက်မှာ ဆင်းရဲသူမနဲ့ရတဲ့သား။ သားနှစ်ပါးချော့သာလေ'

'ဟုတ်ပါရဲ့ မေ့လို့'



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပေသား။ ကလေးချော့သီချင်းနှစ်ပုဒ်ပါသည့် နောက်ပိုင်းဓာတ်ထုပ်တစ်ထုပ် ဥသြသံအေး ကခဲ့ဖူးသည်။ သည်ဓာတ်ထုပ်မှာရှင်ဘုရင်က တောကစားလည်ရင်း တောသူမနှင့် မှောက်မှားမိသည်။ အချိန်တန်တော့ ပတ္တမြားလက်စွပ်တစ်ကွင်းပေးခဲ့ကာ ရွှေနန်းတော်သို့ပြန်လေ၏။ တောနယ်မှာ ကျေးတောသူက ယောကျ်ားကလေးမွေးသည်။ နန်းတော်မှာလည်း ဘုရင့်မိဖုရားခေါင်ကြီးက သားတော်တစ်ပါးဖွားသည်။ ရွှေနန်းတော်က သားတော်ကို စိန်ပုခက်နှင့်ထည့်ကာ အထိန်းတော် အငြိမ့်တော်တွေက သားချော့နေကြသခိုက် တောရွာက ဘုရင့်သားတော်ခမျာမှာတော့ သစ်ကိုင်းခွတွင် နွယ်တန်းဆင်ပြီး မအေက တတ်သမျှမှတ်သမျှနှင့် သားချော့ရရှာသည်။ သားချော့သီချင်းနှစ်မျိုးမှာ တစ်မျိုးက ထီးသံနန်းသံပါ၍ တစ်မျိုးက တောသံတောင်သံပါသည်။ သည်သား ချော့သီချင်းနှစ်ပုဒ်စလုံးကို ဥသြသံအေး အလွတ်ရပါ၏။

'*နေဝံသာဖွားပေမို့×××သေလိုသေ×××ဝနေမှာ ထားရော ထင့်×××အားငယ်မိတော့သူပျို×××ချွေးဝန်ပိုမို×××မယ့် တစ်ကိုယ်တမ်းငယ်လေ×××လွမ်းစိတ်နှင့်ငို*'

ဥသြသံအေးအဖို့ရာ ရင်သွေးကလေးလွယ်ရကတည်းက ပွဲဈေးတန်း ကျူလယာသည်တွေဆီက ဆင်ရုပ်မြင်းရုပ်ကလေးတွေ၊ သူငယ်တော်ရုပ်၊ လက်စွဲတော်ရုပ်ကလေးတွေ ဝယ်ထားလေ့ရှိသည်။ စည်းစုပ်ကလေးတွေ ချူကလေးတွေက အစ ကော်ပတ်ရုပ်ကလေးတွေကလည်း မနည်းလှပြီ။ ဓာတ်ထဲက မင်းသမီးကြီးတွေရထားကြသမျှ ရှေးဆိုသားချော့သီချင်းတွေကို ဆိုခိုင်းသည်။ ရေးကူးသည်။ တစ်ခါတော့ အမေမစိမ်းခင်က မျက်စိနောက်လာပုံရပါ၏။ ခပ်ငေါက်ငေါက်ဆိုလေ၏။

'ညည်းနှယ်အေ မရှုးစမ်းပါနဲ့။ မင်းသမီးများ ကလေးမွေးတော့ ဗွမ်းဆိုမွေးပြီး ဗွမ်းဆိုဓာတ်ခုံပေါ် ပြေးရသာချည်းပဲ။ ကလေးကို ပုခက်ထဲ ထည့်သိပ်ပြီး သီချင်းတအေးအေးနေလို့ ရမယ်ထင်လို့လား။ ဘယ်ဓာတ်ထောင်ကမှ ညည်းကို မီးနေခုနစ်ရက်ထက် ပိုမစောင့်ဘူးမှတ်။ ညည်းမရှိလို့မှ မဖြစ်သာ။ ကလေးမွေးပြီး ဘယ်မှာထားခဲ့ရမလဲသာ တွေးထား။ ငါဖြင့် ညည်းအမေ မဗိုင်းတောင့် ကလေးထိန်းရမှာ မြင်သေး'

အမေမစိမ်းခင် ပြောစကားဒက်ထိမှန်လေသည်။ သူတို့ဓာတ်ပခုက္ကူမှာ ကဖို့ရှိလာတော့ မြိုင်မြို့အထိ ကားနှင့်လိုက်ခဲ့ရသည်။ မြိုင်ရောက်တော့ လှည်းတစ်စီးငှားပြီး ထနောင်းပင်လှကို ကူးခဲ့ရပြီ။ ယောကျ်ားဖြစ်သူ ဆရာကိုသက္ကကိုတော့ ကလေးမီးဖွားချိန် မှန်းပြီးရွာကို လိုက်ခဲ့ဖို့မှာရပါ၏။ လှည်းပေါ်မှာ သေတ္တာကြီးတစ်လုံး၊ အိပ်ရာခင်းတစ်လိပ်၊ တောင်းတစ်တောင်းနှင့်ထည့်ထားသည့် ဝန်စည်စလယ်တွေ၊ ချိုင့်တွေ ခာတ်ဘူးတွေကိုလည်း ပါအောင်ယူခဲ့ရပါ၏။ ပိုက်ဆံပါသော ဗယားအိတ်ကြီးကို ပခုံးမှာချိတ်ရင်း လှည်းပေါ်က ကောက်ရိုးထုထူမှာ ပယ်ပယ်နယ်နယ်ကြီး ထိုင်ကာလိုက်ခဲ့ရသည်။

ညည်းဗိုက်က
စုံ့စုံ့ပုံ့ပုံ့နဲ့
အောက်ဘက်ကို
ချွန်းနေမှတော့
မိန်းကလေးအေ့
ညည်းက
သည်လထဲ
မွေးမှာဆိုတော့
အချင်းမြှုပ်သာ
အရေးကြီးသယ်
တပေါင်းတန်ခူး
တာကူးကဆုန်
သုံးလဘုံ၌
ဖွားတုံ့သူငယ်
အချင်းငယ်ကို
တောင်ဝယ်မြှုပ်မည့်
သက်မရှည်တည့်
သာကြည်မြောက်မှာ
မြှုပ်ကုန်ရာတည့်
တဲ့
မြောက်အရပ်မှာ
မြှုပ်ပဲ့

လှည်းတစ်ချက်ဆောင့်တိုင်း လှည်းသမားကို ကျောထုရတာလည်းအခါခါ။ သည်လိုနှင့် ထနောင်းပင်လှ ရွာရိပ်ကိုဝင်ပြီ။ ဥသြသံအေးငယ်ငယ်က ကစားခဲ့သည့် အမေ့အကြော် တဲနေရာဟောင်းကို ကျော်ခဲ့ပြီ။ အိမ်ကလေးရှေ့ရောက်တော့ လူသူ မမြင်ရပေသိ လှမ်းအော်လိုက်သည်။

'အမေ၊ ကျုပ်ရယ်။ ဝါခေါင်မိုးရယ်'

❑

အပျို မဖြစ်တဖြစ်က ထွက်ခွာခဲ့ရသည့် ထနောင်းပင်လှကို ဗိုက်တစ်လုံး လှည်းတစ်စီးနှင့် ဧည့်သည်လိုရောက်ခဲ့ရပြန်ပြီ။ ထနောင်းပင်လှကတော့ နဂိုမူမပျက်ဆင်းရဲပေသိ အေးချမ်းသောအသွင်နှင့်ရှိနေဆဲပင်။ အိမ်ရှေ့က သစ်ပင်ကြီးတချို့ကို ခုတ်ချိုင်ထားလို့ အမေ့အိမ်တလင်းက တပေါင်းနေအလင်းနှင့် လင်းကျင်းနေပါ၏။ အိမ်ကလေးက ပြုပြင်ထားတော့ အရင်ထက်စာလျှင် တောင့်တောင့်မာမာရှိ၏။ ဥသြသံအေးက အသံပြုလိုက်တော့ ထွက်လာသူက ဂျီးတိုး။ လှည်းတစ်စီးပေါ်က အိအိပုံ့ပုံ့ကြီးဆင်းနေသည့် ဧည့်သည်ကို ချက်ချင်းမှတ်မိဟန်မတူ။ မျက်လုံးကို လက်နှင့်နေကွယ်ရင်း စူးစမ်းစွာကြည့်နေသည်။ ဂျီးတိုးတောင် အိုကျင်းထဲကျပါပကော။ ဟုတ်ပါရဲ့။ ကိုယ်တောင် ရွာဦးပတ်ဝိုင်းနဲ့ကခဲ့တဲ့ ဝါခေါင်မိုးမှ မဟုတ်တော့တာ။

'ဂျီးတိုး၊ ကျုပ်ရယ်။ ဝါခေါင်မိုး'

'အလို ဝါခေါင်မိုး

www.burmeseclassic.com

အယ်တော် ငါ့တူမ ကိုယ်ဝန်ကြီးနဲ့လား။ ဖြစ်ရလေအေး၊ ညည်း ဗိုက်ကြီးသာ ငါ မသိလိုက်ရပါလား။ ဘယ်သူနဲ့ရတဲ့ ဗိုက်ပါလိမ့်။ ဟင် ငါ့တူမ'

'ဘယ်နှယ့် ဘယ်သူနဲ့ရတဲ့ ဗိုက်ရမှာတုံး။ ကျုပ်လင်နဲ့ ကျုပ် ရသာပေါ့'

'အေးလေ၊ ညည်းလင်က ဘယ်သူတုံး။ ဓာတ်မင်းသားလား'

'ပြဇာတ်ဆရာပါ'

'ဖြစ်ရလေအေး။ ဓာတ်မင်းသား ယူရောပေါ့ ကိုယ်က မင်းသမီးပဲဟာ၊ လာ လာ အိမ်ထဲဝင်။ ညည်းအမေ ရွာထဲသွားသာ ပြန်လုပါပြီ'

တိုးစိန်က ပစ္စည်းတွေကဲ့ချသည်။ လှည်းသမားကလည်း ကူပါ၏။ လှည်းခပေးလိုက်တော့ လှည်းသမားလည်း ပြန်လေ၏။ ဥသြသံအေးက ကိုယ်ဝန်နှင့်ဆိုတော့ ထိုင်စရာတောင့်တောင့်ရှာသည်။ မရှိ။ ထန်းကုလားထိုင်ဟောင်းတွေမှာ ထိုင်ရမှာမသေချာ။ ကျိုးကျနိုင်သည်။ တိုးစိန်က အိမ်ရှေ့ထွက်ပြီး တိတိရိရိ ဖြတ်ထားသော ကုက္ကိုတုံးတစ်တုံး တွန်းလာခဲ့သည်။ ဥသြသံအေးက သစ်တုံးပေါ်ထိုင်သည်။ မကြာပါ။ အမေမဗိုင်းတောင့်ရောက်လာသည်။ သမီးကိုယ်ဝန်ကိုမြင်ရတော့ ဝမ်းသာဝမ်းနည်းဖြစ်ပုံဖြင့် ငိုရှာသည်။ ဥသြသံအေးက ဓာတ်ထဲမှာပဲ ဆိုင်းဘိုသိက်နှင့် မင်္ဂလာဆောင်လိုက်ကြောင်း၊ အမေ့ကိုအကြောင်းမကြားနိုင်တာကို ခွင့်လွှတ်ပါရန်တောင်းပန်ကြောင်း မျက်ရည်ခံထိုးတော့ သဘောနူးညံ့သူ မဗိုင်းတောင့်က အပြစ်မယူသည့်အပြင် သမီးကို အသနားတွေပိုမိတော့သည်။ လင်သားဖြစ်သူကိုသက္ကအကြောင်းကိုလည်း ဝေဝေဆာဆာပြောပြလိုက်သည်။ ဂျိုးတိုးခများ ဥသြသံအေးနားက မခွာတော့။

'အို ဘာဖြစ်တုံး။ လင်များတော့အေ ရချင်လို့လည်းဖြစ်သာမှုတ်ဘူး။ မရချင်လို့လည်း ဖြစ်သာမှုတ်ဘူး။ ရတုန်းရ သခိုက်ယူသာထား။ ဒါပေသိ မယူခင် ဆွေပြမျိုးပြတော့ ရှိရမှာပေါ့ ငါ့တူမရဲ့။ လူပြနတ်ပြရှိရသယ်။ ဒါ ကျုပ်ယူမယ့် လင်ဆိုသာ ပြနှင့်ရသယ်။ အခုကော ညည်းအကောင်က ဘယ်မှာတုံးအေ့'

'ဆရာက ပခုက္ကူမှာဇာတ်နဲ့ကျန်ခဲ့သယ်။ အလုပ်ကလေးမပြတ်သေးလို့လေ။ ဓာတ်ဆရာက ကျုပ်တို့နှစ်ယောက်စလုံးကိုပြိုင်မလွှတ်ဘူး။ အခုတောင် မွေးပြီးပြီးချင်းပြန်ခဲ့လို့ ဓာတ်ထောင်က မှာလိုက်သေးသာ။ ဆရာက ကျုပ်မီးဖွားချိန်နဲ့ တိုက်ပြီးရောက်လာမှာပါ'

'အိုအေ ကိုယ့်မယား ဗိုက်ကြီးတကားကားနဲ့ လှည်းပေါ်တင်ပေးလိုက်သာနဲ့ ပြီးရောလား။ မတော် ရွာကဝါခေါင်မိုးတော့ လင်ကောင်မပေါ်ဘဲ ကလေး လာမွေးသယ်ပြောကြရင် သောက်ရှက် မကွဲပေဘူးလား အေ'

သည်လောက်ကြီးပြောလာတော့ မဗိုင်းတောင့်က ဝင်ငေါက်ရတော့သည်။ ဟုတ်တော့လည်း ဟုတ်သား။ သမီးခများအိမ်ထောင်ကျတာ နှစ်နှစ်ရှိပြီဆိုပေသိ သတင်းစကားရယ်လို့ သန့်သန့်ပင် မကြားလိုက်ရတာကလည်း မအေရယ်လို့ အသိအမှတ်မပြုတာများလားလို့ အတွေးရောက်မိပါ၏။ တိုးစိန်ပြောသလို လင်မပါ သားမပါ ကိုယ်ဝန်ကြီးနှင့်ရောက်လာသတဲ့ဆိုတာကလည်း အများပြောစရာ ဖြစ်လာနိုင်သည်။ အို ဘာပဲဖြစ်ဖြစ်ပါလေ။ သမီးကလေး အခုလို ကိုယ်ဝန်ဆောင်ကြီးနှင့် အမေ့အိမ်ရောက်လာတော့လည်း ပိုပြီးကရုဏာသက်ရမှာပဲ မှုတ်လား။ တိုးစိန်ထမင်းအိုးချောင်ဝင်တော့မှ သမီးကို တစ်ဆစ်ချင်းကြည့်ရတော့သည်။ အသားအရေက ကျောက်ကျောတုံးကလေးတွေလို ကြည်ကြည်တုန်တုန်။ မျက်လုံးတွေက အငွေ့ကလေးတွေသန်းလို့။ လက်ဆစ်ကလေးတွေ ခြေဖမိုးကလေးတွေက ရောင်ရမ်းနေကြလို့။ သမီးလက်ကလေးတွေကို ကိုင်ကြည့်တော့ ခပ်နွေးနွေး။

'အမေတောင် မြေးချီရတော့မှာပါကော သမီးရယ်။ အမေလည်း သည်နှစ်ချူချာချင်သယ်။ တိုးစိန် မရှုးမကောင်း... အနားရှိလို့ တော်ပါသေးအေ။ ငါ့သမီးအိမ်ထောင်ကျသာ နှမြော်ပေသိ ညည်းလည်း ငယ်မှမငယ်တော့သာ။ ဝါးလုံးနှင့် ဝါးခြမ်းနင်း မဖြစ်ရင်ပြီးသာပါပဲလေ။ သမီးအိမ်သားက ဓာတ်ထဲမှာ ဘာလုပ်သာတုံး'

'ပြဇာတ်တွေ အော်ပရာတွေရေးသာပါ။ ဓာတ်စာရေးဆရာပေါ့အမေရယ်။ လူက လူရိုးလူအေးပါအမေ။ အသောက်အစားမရှိဘူးရယ်။ သမီးအပေါ်လည်း ကောင်းရှာပါသယ်။ မိဘမျိုးရိုးကလည်း ဆိုင်းဆရာမျိုးရိုးပါ'

'ငါ့သမီးကိုတောင် ရအောင်ပိုးနိုင်သာဆိုတော့ မညံ့လောက်ပါဘူး'

'သမီးကစပြီး မေတ္တာရှိသာ အမေရဲ့။ ရိုးလို့အေးလို့ ကြိုက်မိသာ'

'ညည်းအဘ ကိုသံမှိုလည်း မထူးပါဘူးအေ။ ရိုးလွန်းတော့လည်း သုံးမဖြစ်ဘူးအေ့' သားအမိနှစ်ယောက် ရယ်မိကြသည်။

တပေါင်းလဆိုတော့ ရာသီကပူပြင်းပါ၏။ ဥသြသံအေး ကိုယ်ဝန်က ရင့်မှည့်ပြီ။ နေ့မွေးနိုး ညမွေးနိုးမို့ ရွာလက်သည် ကိုလက်တို့နှင့်ရပြီ။ အမေ မဗိုင်းတောင့်က ကလေးအ... အတွက် ရက်ကန်းစင်က ပိတ်ဖြူစဆယ်တောင်ဝယ်ကာ န... တောင်စကလေးတွေဖြတ်ရသည်။ ရေလျှော်ပြီးလှမ်းသည်။ နနွင်းမှုန့်စစ်စစ်ရအောင် ရေစကြိုဈေးက နနွင်းတက်ကိုမှာပြီး မောင်းဆုံမှာ မှုန့်နေအောင်ထောင်းသည်။ ပျားရည်စစ်စစ်ရှာ... နနွင်းလုံးကလေးတွေလုံး၊ နေပြရသည်။ စမုန်နက်ကိုလှော်ပြီး သန့်သည်။ မီးနေခန်းကို သန့်သန့်ဆေးကြောကာ အမွှေးနံ့သာ... ပက်နှင့်ပြီ။ ဘုရားစင်မှာ သပြေတွေဝေအောင် ရက်ဆက်... ထိုးပြီး ကပ်လှူသည်။ မိဆိုင်ဖဆိုင်နတ်ကို အဆက်အသ... သမီးနှင့်မြေးကို စောင့်ရှောက်ဖို့အပ်သည်။ ဥသြသံအေး... မဖွားခင် နှစ်ပတ်လောက်အလိုမှာ ဆရာကိုသက္ကဇာတ်ထု...



www.burmeseclassic.com

www.burmeseclassic.com

ကလေးပွေ့ရင်းရောက်လာရှာပါ၏။ ရောက်ရောက်ချင်းအထုပ်ကလေးချပြီး ဝယ်လာသည့် မုန့်၊ လက်ဖက်ခြောက်၊ လက်ဖက်စို၊ သွေးဆေး၊ ထဘီကွင်းနှင့်ပိတ်စတွေ လင်ပန်းထဲထည့်ပြီး ရှေ့ပုံကန်တော့တော့ အမေမဗိုင်းတောင့်က မျက်ရည်ပင်ကျမိသည်။ ကိုသက္ကအမည်ကို ခဏခဏရေရွတ်ထားလို့ ဖြောင့်ဖြောင့်ထွက်နိုင်ပါ၏။

'မောင်သက္ကလာလိမ့်မယ်ဆိုတော့ အမေတို့က မျှော်သာပေါ့ ငါ့သားရယ်။ အမေတို့က သားငတ်သယ်။ အမေ့ အမေကလည်း အမေ့ပဲမွေးခဲ့သာ။ အမေကလည်း သည်သမီးကိုပဲ သည်းသည်းလှုပ်ရသာ။ အခုတော့ သားပါရပြီပေါ့လေ။ သမီးကပြောပါသယ်။ သားက ရိုးသယ်အေးသယ်တဲ့။ တို့ကလည်း သည်နှစ်ချက်လိုချင်သာပါ'

'ကျုပ်ကလည်း ဆိုင်းဆရာသားပါ အမေရယ်။ ပညာလည်း အထက်တန်းရောက်အောင် သင်ခဲ့ပါတယ်။ အစိုးရအလုပ်မလုပ်ချင်တာနဲ့ သဘင်အမွေ ဝင်ထမ်းခဲ့သူပါ။ အခုလည်း ဥသြနဲ့ချက်ချင်းလိုက်ခဲ့ဖို့ပါပဲ။ တစ်ဇာတ်လုံးက အော်ပရာတွေ၊ ပြဇာတ်တွေ တာဝန်ယူရတော့ ချက်ချင်းထမလိုက်နိုင်ဘူး။ ပြဇာတ်က အသစ်ဆိုတော့ နည်းနည်းကြည့်ပေးနေရလို့ပါ။ ဥသြကို လွှတ်လိုက်ရတာလည်း စိတ်မချပါဘူး။ ဇာတ်ထောင်က နည်းနည်းစေးကပ်ချင်လေတော့ မလွှဲသာဘဲ လွှတ်လိုက်ရတာပါ။ ဥသြကလည်း အမေ့ဆီ ပြန်ချင်လှ ပြီဆိုလို့ပါ'

'အေးပါကွယ် အမေနားလည်ပါသယ်။ တို့ရွာတွေမှာတော့ လမ်းခရီးသာပါသယ်။ ငါ့သားကကော အချိန်ရရဲ့လား ရောက်ရုံလား'

'ဥသြမွေးပြီးမှ ပြန်မှာပါအမေ။ ကျုပ်ကလေး ကျုပ် မြင်ချင်သေးတာပေါ့'

'သာဓုပါတော်။ ကျုပ်ကတော့ မအေဆိုတော့ သားနဲ့သမီးကို မျက်စိအောက်ထားချင်သာပါ ဝါခေါင်မိုး မွေးဖွားပြီးကလေးကို ဘယ်လိုစီစဉ်မယ်တော့ မပြောတတ်ဘူး'

ကလေးအတွက် ဘယ်လိုစီစဉ်မယ် မပြောတတ်ဘူးဆိုတော့ ဥသြသံအေးက ဝင်ပြောသည်။

'အမေနဲ့ထားခဲ့ရမှာပေါ့ အမေရယ်။ ကျုပ်တို့အလုပ်ကလေး တောက်တောက်၊ တောက်တောက်နဲ့ ဆိုတော့ စိတ်မဖြောင့်ပါဘူး။ အမေ ကလေးထိန်းနိုင်ပါ့မလား'

သည်စကားကြားတော့ မဗိုင်းတောင့်ရော ကိုသက္ကပါ အံ့သြသွားခဲ့ကြသည်။ တိုးစိန်ကတော့ ဥသြသံအေး၏ဆုံးဖြတ်ချက်ကိုထောက်ခံသည်။ မျက်နှာက ပြုံးထားရုံမက 'ညည်းတေားသာသေချာပါစီအေ။ ထိန်းလိုက်စမ်းပေါ့' ဆိုသည့်မျက်နှာခံက ထင်းထင်းကြီးပေါ်နေခဲ့သည်။ အတော်ကြီးကြာမှ ကိုသက္ကက ခပ်ဝါးဝါးပြောလိုက်သည်။

'အေးပေါ့လေ'

အမေမဗိုင်းတောင့်ကလည်း မွေးကင်းစ ပဆုပ်ပနီကလေးကို ထိန်းရမှာဆိုတော့ လက်ခံထားချင်သလိုလို၊ မအေ့နောက်ထည့်လိုက်ချင်သလိုလို။

'အမေက ငါ့မြေးကလေး နို့မျက်မှာစိုးသာပါအေ။ အေးလေ မွေးပါစေဦး'

'အရီးကလည်း နို့မျက်စရာမရှိပါဘူး။ ဝါခေါင်မိုးတုန်းကလည်း ဆိတ်နို့နဲ့ကြီးရသာ။ ရွာထဲက ကလေးမအေ နို့ပေါင်းစုံနဲ့ကြီးရသာ။ နို့လည်တိုက်တဲ့အလုပ်တော့ ကျုပ်တာဝန်ထား'

'အရှူးမရယ်။ ပြောအပ်တဲ့စကား၊ မပြောအပ်တဲ့စကား ဆိုသာရှိသယ်။ တိတ်စမ်းပါအေ'

အမေမဗိုင်းတောင့်က စကားတွေ ကျံမှာစိုးလို့ ငေါက်ရပါ၏။ ခေတ်ပညာတတ်သမက် ရောက်သခိုက် အမဲသားတွဲ၊ ဝက်သားတွဲ မှာကာဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးရှာပါ၏။ ထမင်းစားကြပြီးတော့ ညဘက်တွေမှာ ရေနွေးကြမ်း လက်ဖက်ရည်ဝိုင်းကလေး ဖွဲ့ဖြစ်တာများသည်။ ရွာထဲက လူကြီးသူမတွေပင် ရောက်လာတတ်ကြသည်။ ဒိုးဆရာကိုထီနှင့် ရွာဆိုင်းဆရာတွေကလည်း ဆရာကိုသက္ကကို ခင်မင်နေကြပြီ။ လှည်းသမားကြီး ဦးသာညိုကတော့ ကိုသက္ကကို မင်းသားလောက်အောက်မေ့သူ ဖြစ်သည်။ တကယ်တော့ ဝါခေါင်မိုး အိမ်ထောင်ကျပြီ၊ မအေ့အိမ်မီးဖွားဖို့ ရောက်နေပြီဆိုသည့်သတင်းကြောင့် မိန်းမသားတွေ လာကြတာလည်းရှိသည်။ အပျိုကြီးမဒွန်းလှပင် ပါလိုက်သေးသည်။ ဆရာကိုသက္ကကိုယ်တိုင်ကလည်း ရွာကလေးကိုခင်တွယ်နေပြီ။ ညတိုင် အမေမဗိုင်းတောင့် ဧည့်ခံသော ရွာမုန့်ကလေးတွေစားရင်း စကားဖောင်ဖွဲ့နေတတ်သည့်လင်သားကိုကြည့်ရင်း ဥသြသံအေး ပီတိဖြစ်ရတာလည်းအမှန်ပင်။ တချို့ညတွေမှာတော့ ဧည့်သည်တွေပြန်သွားကြသည့်တိုင် ကိုယ့်အိမ်သားတွေချည်းထိုင်ကာ စကားကောင်းနေတတ်ကြတာလည်း ရှိပါ၏။

'ကျုပ်အဖေက ဆိုင်းဆရာပါ။ အဖေ့ဆရာက မလှိုင်နယ်ထဲကဆိုတော့ ဆိုင်းဗိုဇကြီးတဲ့ အရပ်ပေါ့လေ။ အဖေ့ရဲ့ဆရာက ဆိုင်းမင်းသားကိုဘအုပ်တဲ့။ ကျုပ်တော့ မမီပါဘူး အဖေပြောဖူးတာ။ အဖေက နဂိုက မောင်းဆရာ နောက်တော့ ကြေးနောင်တီးတယ်။ အဲသည်ကမှ ဆရာကိုဘအုပ်က အဖေ့ကိုပတ်တီးသင်ပေးတယ်။ အဖေ ပတ်တီးသင်တော့ အသက်သုံးဆယ်လောက်ရှိပါပြီ။ အဖေ့နာမည်က ကိုစိန်မောင်ဆိုတော့ ဆရာကိုဘအုပ်က စိန်မောင်းလို့ နာမည်ပေးတယ်။ မဟာဂီတထဲက လက်ရွေးစင်သုံးပုဒ်လောက် ကျကျနနသင်ပေးပြီးတော့ လူတစ်ယောက်နဲ့လွှဲသတဲ့။

အဲသည်လူက စကားမပြောတတ်ဘူး။ လျှာခင်က မွေးကတည်းက ပြတ်နေလို့ စကားမပြောတတ်ပေသိ ဆိုင်းတီးတော့ အင်မတန်ဖြစ်တယ်ပြောပါတော့။ တစ်ခါတော့ ဆရာကိုဘအုပ်က အဖေ့ကိုပြောသတဲ့။ မင်းကို ငါတချို့တစ်ဝက်သင်ပေးပြီးပြီ။ ငါ့လူ ကိုရွှေအနဲ့သင်ပေတော့။ မင်း အားတဲ့အချိန် အိမ်ရှေ့က သစ်ပင်မှာချိတ်ထားတဲ့ မောင်းသာ တီးလိုက်။ ကိုရွှေ


www.burmeseclassic.com

www.burmeseclassic.com

ပေါက်လာလိမ့်မယ်။ သီချင်းကြီးထဲက ဒေသ့ခံတီး၊ အလျှုတီး၊ မင်္ဂလာဆောင်တီး၊ မင်္ဂလာတီး ဆယ်ပုဒ်စာလောက် ငါရွေးပေးခဲ့မယ်။ သူ့ကိုစာရွက်ပေါ်မှာလက်ညှိုးထောက်ပြရင်သူ တစ်ပုဒ်ပြီးတစ်ပုဒ်တီးပြရင်း သင်ပေးလိမ့်မယ်။ ကိုရွှေအကစကား မတတ်လို့နှုတ်နဲ့တော့ သင်မှာမဟုတ်ဘူး။ တီးပြတာကို လိုက်ကြည့်၊ မရသေးရင်ပြန်တီးခိုင်း။ မင်းကျေနပ်ပြီဆိုမှ နောက်တစ်ပုဒ်ကူးချေ။ ညောင်ပြာနဲ့ ထမင်းနုကိုမွတ်နေအောင် ကြိတ်ထားတဲ့ပတ်စာကိုမင်းကလုပ်ပြီးလုံးသာထား။ ကိုရွှေအကသူရောက်လာရင်ပတ်စာကိုကိုယ်တိုင်ထိုးလိမ့်မယ်။ မင်းက ဆရာအလို့ခေါ်ရမယ်။ ကိုရွှေအလို့မခေါ်နဲ့။ မင်းတက်ချင်တဲ့သီချင်းကို စာရွက်သာ ထိုးထိုးပြ။ အဲသလိုအထပ်ထပ်မှာသတဲ့။

အဖေကလည်း စိတ်ချပါပေါ့။ အဲသလိုမှာပြီး ဆရာကိုဘအုပ် လင်မယားက တူတစ်ယောက်အိမ်စောင့်ထားပြီး ခရီးထွက်ကြတယ်။ အဖေက နောက်နေ့ကစပြီး ပတ်စာနယ်ပြီးတာနဲ့ သစ်ပင်က မောင်းကိုသွားထုတယ်။ မောင်းသံနဲ့မရှေးမနှောင်းမှာ ကိုရွှေအရောက်လာတာပဲ။ အရပ်ကပုပုလေးတဲ့၊ လက်ဖျံကြီးတွေက အတုတ်ကြီးတွေနဲ့ အဆစ်ပိတ်ပိတ်ဂင်တိုတိုကြီးပြောတာပဲ။ မျက်နှာက မရယ်မပြုံးနဲ့အဖေ့လက်ထဲက စာရွက်ကို ယူပြီးမေးထိုးတယ်။ ဘယ်အပုဒ်လဲဆိုတော့ အဖေက 'နံ့သာနီတောင်' ကိုပြတယ်။ ပြတော့မှ ပတ်စာလုံးကိုကိုင်ပြီး ဆိုင်းမင်းပေါက်ကဝင်ပြီး ပတ်စာထိုး ဟိုဟိုသည်သည် လက်ကလေးစမ်းပြီး 'နံ့သာနီတောင်' ကိုတီးတော့တာ။ အဖေပြောပြတာတော့ ကောင်းလိုက်တဲ့လက်တဲ့။ ထွက်လာတဲ့ပတ်လုံးသံဆိုတာ ချိုပြီးလွင်နေတော့တာတဲ့။ ပထမ တစ်ပိုဒ်နှစ်ခေါက်သုံးခေါက် တီးပြပြီးရင် အဖေကတစ်ခါဝင်တီး။ တစ်ပိုဒ်ကောင်းကောင်းရပြီဆိုတော့ ပြန်တာပဲတဲ့။ ဘယ်မှာနေလို့ ဘယ်ကိုပြန်သွားမှန်းလဲ မသိရဘူးတဲ့'

ဥဩသံအေးကတော့ စကားဝိုင်းမှာ ပါခဲ့သည်။ အထိုင်အထ အဆင်မပြေတော့ မအေ့အိပ်ရာပေါ်လှဲရင်းက အိပ်ပျော်နေတာများသည်။ ဒိုင်ခံနားထောင်သူက အမေမဗိုင်းတောင့်နှင့် တိုးစိန်။ သည်လိုနှင့်ညဥ့်နက်ရတော့သည်။ မနက်ဘက်အိပ်ရာကနိုးကြတော့ တိုးစိန်က ဩဥသံအေးကို ညကစကားတွေပြန်ပြောတတ်သည်။ သည်လိုဆိုပြန်တော့ ဥဩသံအေးကပင် အံ့ဩမိသည်။ လင်နှင့်မယားပင် မပြောဖူး၊ မကြားဖူးတာတွေ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် လင်သားဖြစ်သူက အမေတို့နှင့် စကားချေင်ရှိတာကိုပဲ ဝမ်းသာမိသည်။

'ပြောပါဦး မောင်သက္ကရဲ့။ မင်းအဖေက ထူးဆန်းတဲ့ဆိုင်းဆရာတွေနဲ့ တွေ့ရသာပါကော'

'ဟုတ်တယ်အမေရဲ့။ ဘယ်အချိန်ဖြစ်ဖြစ် မောင်းတီးလိုက်ရင်လာတာပဲတဲ့။ ဘယ်လောက်မှောင်မှောင် ပြန်ချိန်ဆိုပြန်တာပဲတဲ့။ တစ်လလောက်ကြာတော့ အဖေက ကိုရွှေအနဲ့သင်လို့သီချင်းကြီး လေးငါးပုဒ်ရသေးတာကိုး။ ဆရာကိုဘအုပ်တို့လင်မယား ခရီးကပြန်ရောက်ကြပြီ။ ဆရာကိုဘအုပ်ကကိုရွှေအကို ခင်ဗျားနားဦး။ ကျုပ်ဆက်သင်ပေးလိုက်မယ် ပြ[...] တော့ဆိုတာနဲ့ ငေါက်ခနဲထပြန်တာများ မောင်းတီးတာတောင်[...] ပေါ် မလာတော့ဘူးပြောတာကိုး အမေရဲ့'

'လူတစ်မျိုးပါကောကွယ့်'

'တစ်မျိုးဆို အမေ့နှယ် သူက လူမဟုတ်ဘူးတဲ့။ အဖေ[...] လည်းနောက်မှသိရတာ၊ နာနာဘာဝဆိုတာကိုး။ ဆရာ ကိုဘ[...] အုပ်ပြောတာတော့ သူဆိုင်းတီးရင် ရောက်ရောက်လာရာက[...] ခင်တာတဲ့။ တစ်ရက်တော့ မင်းက ဆိုင်းတီးချင်လို့လားဆို[...] တော့ ခေါင်းညိတ်ပြသတဲ့။ တချို့သီချင်းများ ဆရာကိုဘအုပ်[...] ကတောင် သူ့ဆီကသင်ရတယ် ကြားဖူးတယ်။ ဒါလည်းကြား[...] ရော အဖေလည်းလန့်ပြီး ရွာကထွက်လာခဲ့တယ်။ သည်[...] ကတည်းက ဆရာကိုဘအုပ်နဲ့အဖေနဲ့ ဝေးသွားကြတယ်။ ကျုပ်[...] အဖေက ပထမအိမ်ထောင်တစ်ဆက် ရှိဖူးတယ်။ သားသမီး[...] မရဘူး။ လင်မယားချင်းကွဲကြတော့မှ ကျုပ်အမေကိုယူတာပါ။ ကျုပ်အမေက အောက်ပြေအောက်ရွာက တောသူ အင်မတန်[...] အေးရှာသူပါ။အဖေကလည်း မေတ္တာနဲ့တစ်သက်လုံး ပေါင်းရှာ[...] ပါရဲ့။ ကျုပ်ကိုမွေးတော့ အဖေ့အသက်က လေးဆယ်လောက်[...] ရှိပြီ။ အမေကတော့ အရွယ်ငယ်ပါသေးရဲ့။ အဖေကဇာတ်တွေ[...] ထဲမှာ တစ်ဇာတ်က တစ်ဇာတ်ကူးပြီး တစ်သက်လုံးဆိုင်းတီး[...] ခဲ့တာ ဆိုင်းဝိုင်းထဲ အသက်ပျောက်ရတာ ကြည့်တော့'

တစ်ခါမှာတော့ ဆရာကိုသက္ကက သူ့ဘာဝအကြောင်းပြော[...] ပြသည်။ အဖေက တောဆိုင်းဆရာ၊ ဇာတ်ဆိုင်းဆရာ၊ ဆိုင်း[...] ထောင်။ ဆိုင်းပြုတ်ပြန်တော့ အငှားလိုက်တီးဘဝဖြင့် အဆင်း[...] အရဲခံခဲ့ပေသိ သားဖြစ်သူကိုဆိုင်းမတီးစေရဆိုသည့်မူဖြင့် ပညာ[...] သင်စေခဲ့သည်ဟုဆို၏။ မိခင်က တောသူမိန်းမသားပီပီ ဖခင်[...] ၏အလိုသဘောကို အာခံဝံ့ခဲ့သူ မဟုတ်လေတော့ မြို့ဘုန်းကြီး[...] ကျောင်းကတစ်ဆင့် လောကဓာတ်ကျောင်းမှာ ပညာသင်နေရ[...] သားကလေးကို ညနေတိုင်း တမျှော်မျှော်ရှိတတ်သူဖြစ်သည်။ အဖေက ဆိုင်းသွားရာပါ၊ မအေက ရွာမှာ၊ သားကမြို့မှာ[...] ကျောင်းနေတာဆိုတော့ မိသားစုတွေ့ဆုံခဲ့ရသည်ပင် မရှိ[...]

ကိုသက္ကအဖို့ရာ မိအုပ်ဖအုပ်ပြီး မကြီးခဲ့ရသလိုဖြစ်ရသည်။ တစ်ချက်ကံကောင်းတာက ဘုန်းကြီးကျောင်းမှာ သံဃာတော်[...] များအရိပ်နှင့် နေခဲ့ရသူဆိုတော့ မိမိကိုယ်မိမိ ထိန်းနိုင်ခဲ့ပါ[...] မြို့ကျောင်းမှာ အထက်တန်းပညာဆည်းပူးခွင့်ရလို့ မျက်စိ[...] နားရေး ကျယ်ခဲ့ရသည်။ ဘုန်းကြီးကျောင်းနှင့် လောကဓာတ်[...] ကျောင်းဆီက ရသမျှပညာကို ဆည်းပူးရင် ဝမ်းစာဖြည့်ခဲ့ရသည်[...]

ဥဩသံအေးက ထမလိုက်နိုင်ပေသိ ဆရာကိုသက္ကအဖို့[...] တော့ ထနောင်းပင်လှရွာထဲက ဖိတ်သမျှအိမ်တွေကို ရောက်[...] တတ်လေပြီ။ တချို့က ထမင်းစားဖိတ်လို့၊ တချို့ကရေနွေး[...] သောက်ဖိတ်လို့ ရောက်ခြင်းဖြစ်၏။ လှည်းသမားကြီး ဦးသာ[...] ညိုအိမ်ကိုတော့ ဝင်ခလုတ်ထွက်ခလုတ်။ တစ်ခါမှာ[...] ကိုသက္ကရွာထဲရောက်နေတုန်း ဦးသာညိုတစ်ယောက်အိမ်[...] ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဆရာလေးကော'

'တော်တို့ဘက် သွားချေဦးမယ်ဆိုပြီးသွားသာပဲ။ မလာဘူးလား'

'ငါ့အိမ်တော့ မရောက်လာပေါင်ဟာ။ သန်ဘက်ခါ ညောင်ခါးသွားမှာ ဘာမှာဦးမတုံး။ ဩော်ညောင်ခါးဆိုလို့နေဦး ငါပြောမယ်ပြောမယ်နဲ့ မပြောဖြစ်သာကြာပြီ။ ပြီးခဲ့တဲ့လက ကြားခဲ့သာ၊ အရေးတော့မကြီးပါဘူး။ ညောင်ခါးကို မိန်းမတစ်ယောက်ရောက်လာပြီး ညောင်ခါးဘုရားက ဘုရားလူကြီးဦးတိမ်ညိုနဲ့တွေ့သယ် ပြောသာပဲ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်တုန်းက သည်ရွာကိုပွဲလာကြည့်ရင်း ကလေးတစ်ယောက်ပျောက်ခဲ့ဖူးသာ။ ခုထိပြန်မတွေ့ဘူးပေါ့လေ။ ပြောပုံတော့ ကလေးက မိန်းကလေးတဲ့။ ပျောက်ခဲ့တုန်းက အခါလည်လောက်ရှိမှာပေါ့။ ဘယ်ရွာမှာများ ကလေးကောက်ရသယ်ကြားတုံးလို့လာမေးသာတဲ့။ ဘယ့်နှယ့်မိန်းမပါလိမ့်ဗျာ'

မဗိုင်းတောင့်က လှည်းသမား ကိုသာညို့စကားကို ထူးဆန်းလို့သေချာအောင်ပြန်မေးသည်။ ကိုသာညိုကလည်း သူသိတာသည့်ထက်မပိုလေတော့ သည်စကားလောက်သာ ပြောနိုင်သည်။ ပွဲခင်းထဲကလေးပျောက်ဖူးတဲ့ မိန်းမ။ အနှစ်နှစ်ဆယ်ကျော်ကာမှရွာကိုတစ်ခေါက်လာပြီး မေးလို့ရရိုးတဲ့လား။ ဘယ်ရွာက ဘယ်လိုမိန်းမပါလိမ့်။ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်ကဆိုတော့လက်ပံပင်ပါးပျဉ်းတွေကြားထားခဲ့တဲ့ ကလေးကိုပြောတာများလား။ ဒါဆိုရင် ဝါခေါင်မိုးအမေများဖြစ်နေရှော့လား။

လှည်းသမားကိုသာညိုကတော့ ကြားလာတာကို ပြောပြရုံလောက်သာဖြစ်၍ အလေးအနက်ရှိပုံ မရ။

'ကြံကြီးစည်ရာ ကိုသာညိုရယ်။ အနှစ်နှစ်ဆယ်ကျော်က ပျောက်ခဲ့တဲ့ကလေးကို အခုမှလှည်းတစ်စီးနဲ့ ရွာရိုးလိုက်မေးလို့ ရပါတော့မလားတော့်။ ကျုပ်တို့ရွာဘက်တွေမှာ အဲသလိုလည်း မကြားဖူးပါဘူး။ နေပါဦး မိန်းမက ဘယ်ကတဲ့တုံး'

'ဘယ်သိပါ့မတုံး ဗိုင်းတောင့်ရယ်။ ညောင်ခါးရောက်တုန်း ဘုရားလူကြီး ဦးတိမ်ညို ပြောလို့သိရသာ ဥစ္စာ'

'ဦးတိမ်ညိုက ဘာပြောလိုက်သတဲ့တုံး'

'ကျုပ်တို့ရွာတွေဘက်တော့ မကြားမိဘူးပြောလိုက်သာပေါ့။ ဒါမျိုးက ဖုံးဖိထားလို့ရသာမျိုးမှ မဟုတ်သာ။ တစ်ခုလည်းမေးသတဲ့ ဗိုင်းတောင့်ရဲ့ မေ့လို့၊ လက်မှာ မင်းသမီးရင်စည်းပဝါစကလေးနဲ့ ပတ်ပေးလိုက်တဲ့ နှစ်ခြမ်းစပ် အသည်းပုံရွှေလည်သီးလည်းပါသတဲ့။ ယုတ္တိမရှိပါဘူးဟာ။ ပွဲခင်းထဲပျောက်တဲ့ကလေးမှာ ဆွဲကြိုးကလေးတစ်ကုံး ပါသတဲ့ဆိုရင် ငါမပြောလိုပါဘူး။ အခုဟာက လက်မှာချည်ပေးလိုက်သယ်ဆိုသာကျတော့ မဟုတ်ချင်တော့ဘူး'

'ဟုတ်ပါ့တော်။ သည်မိန်းမနှယ်'

အသည်းပုံနှစ်ခြမ်းစပ် ရွှေလည်သီးဆိုသည့်စကား ပါလာပြီဆိုတော့ ဝါခေါင်မိုးဖြစ်ဖို့သေချာခဲ့ပြီ။ ဝါခေါင်မိုးကလေးကို မိုးထဲလေထဲ ကောက်ပွေ့ခဲ့တုန်းကတည်းက မဗိုင်းတောင့်ကိုယ်တိုင် ချွတ်ယူထားလိုက်သည့်ပစ္စည်း။ ဝါခေါင်မိုးဘဝကဥဩသံအေးဖြစ်တော့မှ သူ့ကိုယ်တိုင်ပေးခဲ့လို့ အခုအထိလည်ပင်းမှာ ရွှေဆွဲကြိုးနှင့်တွဲပြီးဆွဲထားတုန်းမဟုတ်လား။ သည်ပစ္စည်းကလေးကို ဘယ်သူမှ သတိမထားမိခင် ပြန်ဖြုတ်ထားနိုင်းဦးမှပါ။ အမေမဗိုင်းတောင့်မှာ အတွေးတွေ ဆူပွက်နေလေပြီ။

'ဝါခေါင်မိုးက ဘယ်တော့ မွေးမှာတဲ့တုံး'

'ကနေ့ ဗုဒ္ဓဟူးဆိုတော့ ကျုပ်စိတ်ထင် မနက်ဖျင်ကြာသပတေး၊ မဟုတ်ရင်သောကြာနေ့ မွေးမယ်ပြောသာပဲ။ လက်သည်ဒေါ်လှိုက ပြောသာဆိုတော့ ဟုတ်လောက်ပါရဲ့'

'လက်သည်ကတော့ ဗိုက်စုံကိုင်နေသာသိမှာပေါ့ဟာ။ မောင်သက္ကမျှားပျင်းရင် ဟိုဘက်ရွာ ထလက်တိုက်ခေါ် သွားမလို့ လာခေါ်သာပါဟာ၊ ကိုင်းငါသွားမယ်'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

မဗိုင်းတောင့်က သမီးလဲလျောင်းနေသည့်နေရာကို ထလာခဲ့သည်။ အိပ်များပျော်နေရှော့လား။ သမီးကမျက်လုံး ဖွင့်ကြည့်တော့မှ သမီးလည်ပင်းဆီက တွဲကျနေသောရွှေလည်သီးတပ်ဆွဲကြိုးကို ကိုင်ကြည့်သည်။ မွေးကာနီးဖွားကာနီးဆိုတော့ ရွှေဆွဲကြိုးနှင့် ရွှေလက်ကောက်ကလေးတွေ ဖြုတ်သိမ်းထားစေချင်ကြောင်းပြောပြီး ဖြုတ်ယူလိုက်သည်။ မတော် မအေအရင်းဆိုသည့် မိန်းမရောက်လာမှဖြင့်။ သမီးကိုတော့ စကားလှအောင်ပြောရပါ၏။

'သမီးပြန်တော့မှ ပြန်ဆွဲ။ ငါ့သမီးနေလို့ကော ကောင်းရဲ့လားအေ'

'ကောင်းပါသယ် အမေရဲ့။ အပြင်မှာ ဘကြီးသာညို ပြောနေသာတွေ ကျုပ်ကြားပါသယ်။ မိန်းမတစ်ယောက်က ညောင်ခါးကိုသွားတဲ့ပြီး နှစ်ခြမ်းစပ်ရွှေလည်သီးကလေးနဲ့ထားခဲ့တဲ့ သူ့သမီးကလေးကို လိုက်ရှာနေသယ်ဆိုသာလေ။ ကျုပ်တွေ့ချင်လိုက်သာတော်။ ကျုပ်လေ မနက်ဖျင်သဘက် ကျုပ်လွယ်ထားတဲ့ ကလေးလေးမွေးတော့မယ်ဆိုမှကိုယ်ချင်းစာမိသယ်။ မအေဆိုတော့ သူထားခဲ့တဲ့ သူ့သမီးကိုတွေ့ချင် ရှာမှာပေါ့။ အမေ ကျုပ်ဆွဲထားတဲ့ဆွဲကြိုးကို ဘာဖြစ်လို့လာ ဖြုတ်သာလဲဆိုသာလည်း ကျုပ်သိပါသယ်။ အမေ့ကို အမေအရင်းနေရာမှာ ကျုပ်ကထားပြီးသားပါအမေရယ်။ ကျုပ်စိတ်က မိုးနဲ့ချိတ်လိုပဲဝေးနေရင်တော့မာတတ်ပါရဲ့။ စိတ်ကအမေ့ဆီမှာချည်းပါ။ ဒါကိုတော့ယုံပါ။ သို့ပေသိ ကျုပ်ကိုမွေးခဲ့သယ်ဆိုတဲ့ အမေရင်းကိုတော့ ကျုပ်တွေ့ချင်သယ်။ လောကထဲမှာရှိလောက်သေးရင် ရှာမယ်လို့လည်းစိတ်ကူးထားသယ်။ ကျုပ်ကိုမွေးတဲ့ အမေရင်းကိုတွေ့ရင် အဖေရင်းကကော ဘယ်သူလဲဆိုသာ ကျုပ်မေးဖို့ရှိသေးသယ်။ ကုန်ကုန်ပြောရရင် ကျုပ်အဖြစ်က ကျုပ်ဘာနေ့သမီးလဲဆိုသာတောင် ခုထိ မသိရတဲ့ဘဝဆိုတော့ ရင်နာစရာကောင်းလိုက်သာ အမေရယ်။ အမေရင်းနဲ့တွေ့ရင် ကျုပ်ကို ဘာဖြစ်လို့စွန့်ပစ်ခဲ့သာလဲ၊ ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ။ စွန့်ထားခဲ့ရလောက်အောင် အမေရင်းမှာ ဘာတွေများ ကြုံခဲ့ရလို့လဲ



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က အဲသာတွေ သိရရင်တော်ပြီ။ အမေ့ကိုသာ မပြောဖြစ်သာပါ။ သည်အစ ဘယ်ကဆွဲထုတ်ရပါ့မလဲလို့ အမြဲတွေးနေမိသယ်။ အခုတော့ အစတစ်စထွက်လာသာပေါ့လေ။ ကျုပ်မအေဆိုသူဟာ လောကမှာရှိသေးသယ်ပြောရမှာပေါ့'

မဗိုင်းတောင့်က ဥညြသံအေးပြောလိုက်သည့် စကားကြောင့် မျက်နှာမထားတတ်အောင်ပင် ဖြစ်သွားရသည်။

ဟုတ်ပါရဲ့။ လှည်းသမားကိုသာညီက နှစ်ခြမ်းစပ်ရွှေလည်သီးကလေးအကြောင်း ပြောလိုက်တာနှင့်ပင်ချက်ချင်းလိုလို ဥညြသံအေး လည်ပင်းက ဆွဲကြိုးထဖြုတ်မိသလိုဖြစ်ရတာမဟုတ်လား။ တကယ်တော့ မအေရင်းနှင့်သမီးရင်း သူတို့ချင်းတွေ့ကြတော့လည်း ကိစ္စကောင်းပင်။ ပစ်ထားခဲ့သူမိခင်ရင်းက ရွှေလည်သီးထားခဲ့တာ ကိုယ်က ကောက်ရသူအဖို့ရာသည် ရွှေစကိုရောင်းချစားပါ၊ များများကြီးမတတ်နိုင်လို့ တတ်နိုင်တဲ့ ပစ္စည်းကလေးထားခဲ့ပါတယ်၊ မလွှဲသာလို့ပစ်ထားခဲ့ ရပြီဆိုကတည်းက ကလေးဆီကို ကျုပ်လာစရာ အကြောင်းမရှိပါဘူး ဆိုသည့်သဘောတွေပါမှန်း မဗိုင်းတောင့်နားလည်ခဲ့သည်သာ။ သို့သော် သည်ကလေးအတွက် ကျွေးစရိတ်ရယ်လို့ ရွှေလည်သီးကလေးကို မရောင်းဖြစ်ခဲ့။ သမီး ကြီးလာတော့ပြန်ပေးရမယ့်ပစ္စည်းလို့ သဘောထားခဲ့သလို ပေးလည်းပေးခဲ့ပြီ။ ဆင်းရဲတဲ့ကြားက သမီးကို လူလုံးလှအောင် ကျွေးခဲ့မွေးခဲ့တာပဲရှိသည်။ သမီးဆီက ဘာမှရခဲ့တာ ယူခဲ့တာလည်းမရှိ။ သမီးကသိတတ်လို့လုပ်ကျွေးတာကို စားရသားပဲဆိုဦးတော့ မွေးစားအမေနှင့် မွေးစားသမီး မေတ္တာနှင့်ပေးခြင်းကမ်းခြင်းကိုသန့်သန့်ရှင်းရှင်း လက်ခံတာပဲရှိသည်။ သည်အချိန်အထိ သမီးဆီက ဘာကိုမှမမျှော်လင့်ခဲ့ရိုး အမှန်ပင်။

အခုတော့ ဥညြသံအေးကိုယ်တိုင်က သူ့အပေါ်အထင်လွဲစကားဆိုရှော့လား။ အမေကချည်း အမေ မလုပ်ချင်နဲ့လေ။ ကျုပ်မှာလည်း ဝမ်းနဲ့လွယ်ပြီး မွေးခဲ့တဲ့မအေဆိုတာ ရှိသေးတဲ့ဥစ္စာ၊ ရက်ရက်စက်စက်စွန့်ပစ်ထားခဲ့တာက သူ့ကိစ္စ၊ သူ့မကောင်းမှုပဲထားပါဦးတော့၊ ကျုပ်ဘက်ကတော့ မိခင်ဟာမိခင်ပဲ မဟုတ်ဘူးလားလို့ လေအေးအေးနဲ့ လေနီကြမ်းတိုက်နေတာများလား။ ဥညြသံအေးက သည်လိုပြောလာတော့ သူ့ဘက်ကလည်း ရင်ထဲမှာရှိတဲ့အတိုင်း ပြောရတော့မည်။

'ငါ့သမီးရယ်။ အမေက မတရားသဖြင့်ပြောမိလုပ်မိသာဆိုရင်လည်း သည်းခံပါအေ။ မိန်းမတစ်ယောက်က ညည်းကိုရှာနေရှော့လားလို့ ပူပန်တဲ့စိတ်က အမေ့မှာ အခုမှရှိသာမဟုတ်ပါဘူး။ ညည်းကို ကောက်ရကတည်းက ရှိခဲ့တဲ့စိတ်ပါ။ အဲသည်စိတ်နဲ့ အနှစ်နှစ်ဆယ်ကျော် အမေနေခဲ့သာပါ။ အဲသာသမီးရင်းနဲ့မခြား ငါ့သမီးကိုချစ်တဲ့စိတ်ပဲဆိုရင် မတရားရာမကျဘူးထင်သာပါပဲ။ တစ်သက်လုံးပါပဲအေ။ ငါ့မှာ ဆူးစူးဝမ်းကျနှစ်ဌာန ဆိုသာလို ဆူးစူးရတဲ့ကြား ဝမ်းပျက်ရတာမျိုးနဲ့ပူခဲ့ရသယ်။ ဘယ်အချိန်ဘယ်အခါများ မအေအရင်းပါဆိုတဲ့မိန်းမတစ်ယောက် အိမ်ပေါက်ဝရောက်လာလေမလဲဆိုသာ ကျိုးကန်းများ အစာနဲ့ရန်သူ မျက်လုံးတစ်လုံးစီနဲ့ကြည့်နေရသလို ကြည့်နေရသာပင်ပန်းလှပါပြီ။ ဆီးဖြူပင်က သဖန်းသီးသီးပြထားရသလို အပင်နဲ့အသီးမမှန်လေတော့ အတူနေတဲ့ တိုးစိန်ကိုတောင် အမေ့တူမဖီးမက လက်ဖက်ခူးတက်ရင်းတောင်ပေါ်မှာ သေသလိုလုပ်ထားခဲ့ရသယ်။ ညည်းက အမေ လို့ ခေါ်လိုက်တိုင်း အမေ့မှာ ရွေးစေ့လိုအနီကတစ်ခြမ်း အနက်က တစ်ခြမ်းဖြစ်ရသယ်။

အမေတို့ပြောဖူးတဲ့စကားရှိသယ်။ မျက်ခမ်းစပ် စာတော် ဖတ်ခန့်သလိုတဲ့၊ မျက်လုံးနှိုက်နေရသာနဲ့ စာဖတ်လိုက်ရသယ် မရှိဘူးလို့ပြောသာ။ ငါ့မလဲ သည်ကိန်း ဆိုက်နေရသယ်။ ညည်းစဉ်းစားကြည့်လေ။ အနှစ်နှစ်ဆယ် သီသီကျော်ကာမှ ပျောက်နေတဲ့သမီးကိုလိုက်ရှာသယ်ဆိုတော့ အဲသည်မိန်းမ ဘယ်သူမှန်းမသိရပေသိ အမေ့စိတ်ထဲ ဖျင်းခနဲ ဖြစ်မိသယ်။ မိုက်ကြေးခွဲသာ တစ်ဝက်ပေးဝံ့ပါသအေ။ ချစ်ကြေးခွဲသာတော့ အမေမခံချင်ဘူး။ ဒါအမှန်ပြောသာ။ ကျန်သာတော့ ရွှေချိန်ခွင် ရှာပြီး ညည်းဟာညည်းသာ နှစ်ဖက် အလေးတိုက်တော့'

ဥညြသံအေးက တကျွတ်ကျွတ်စုတ်သပ်ရင်း လှဲနေရာက မအေ့ဘက်လှည့်သည်။ အမေမဗိုင်းတောင့်ကို မျက်ရည်တွေနှင့်ကြည့်သည်။ သူ့ဘက်ကလည်း ပြောစရာရှိတာတော့ ပြောမှ ဖြစ်မည်။

'အမေရယ်။ ကျုပ်ကလည်း သိတင်းကျွတ်တော့မှ ပလ္လင်ဆေးမိုးထရှာချင်သာ မှုတ်ပါဘူးတော်။ ကျုပ်ကိုမွေးခဲ့တဲ့ မအေဆိုသာတော့ ကျုပ် အသက်ရှင်တုန်းသိချင်သာပေါ့။ မြင်ချင်သာပေါ့။ ကျုပ်က နတ်နေကိုင်းချန်ရင် နှစ်ကိုင်းချန်မှာပါ အမေရဲ့။ ကျုပ်မွေးဖွားပြီးရင် ညောင်ခါးကိုသွားမယ်။ဘုရားလူကြီးကိုတွေ့မယ်။ ပရွက်ကြောင်းနဲ့လိုက်ရင် ပရွက်တွင်း တွေ့ရနိုင်ပါရဲ့'

'အေးပါ ငါ့သမီးရယ်။ အမေအဖို့ရာတော့ နတ်နေကိုင်း တစ်ကိုင်းဖြစ်ရရင်ပဲကျေနပ်ပါပြီ။ ညည်းမွေးတဲ့ ငါ့မြေး လေးလည်း အမေနဲ့ပဲထားခဲ့ပါ။ ကနဦးတုန်းကတော့ အခေါ် လည်လောက်ရှိမှ ခေါ်ချင်သာပေါ့အေ။ ကလေးဆိုသာ မအေ့ ရည်၊ မအေ့သီချင်းနဲ့တော့ ရှိရဦးမှာပေါ့။ သို့ပေသိ ငါ့သမီး အလုပ် မဖြောင့်ရင်ထားခဲ့ပါ။ ညည်းတုန်းကလိုပဲ အမေ မွေး ပါ့မယ်'

ဥညြသံအေးက သည်စကားကြားရတော့ မျက်ရည်ကျ သည်။ ကျသည့်မျက်ရည်ကို သုတ်ပြီးမှ မအေ့ကိုပြုံးပြသည်။ အမေမဗိုင်းတောင့်ကလည်း ဖျင်တဘက်ကလေး ပခုံးပေါ်က ယူကာ သမီးမျက်နှာကို ဖွဖွကလေးသုတ်ပေးရှာပါ၏။

သောကြာနေ့မနက် နေဦးတက်ချိန်မှာတော့ ဥညြသံအေး ဝမ်းနာခဲ့ပြီ။

သမီးလေလား၊ သားလေလား…။

*(ဆက်လက်ဖော်ပြပါမည်။)*

■ ခင်ခင်ထူး



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၁၃၂) မှ…

ထားလိုက်တာ မွစိတက်။ အိမ်ပေါက်က မျောတိုင်တတိုင်မှာဆိုရင်လဲ ထင်းခွဲခါးမလောက်ရှိတဲ့ ဖုံးဆံကြီးတဆံက စိုက်ရက်။ ဖုံးခိုကျင်းပေါ်မှာရော ကွပ်ပျစ်ပေါ်မှာရော ပြတ်သတ်ကျထားတဲ့ ကုက္ကိုကိုင်း ကုက္ကိုခက်တွေဆိုတာ ထင်းလှည်း ၂ စီးတိုက်လောက်ရှိတယ်။ ကျုပ်တို့လူတွေအားလုံးလဲ တညနေလုံး ဘယ်ခေါင်းဖေါ်ရဲကြပါ့မလဲ။ သမ္မုဒ္ဒေတွေ ဥ့်သိရသ္မီတွေလဲ အမြီးအမောက်မတည့် ရွှတ်ကြလို့ တုတ်တုတ်မှ မလှုပ်ရဲကြဘူး။ ကျုပ်တို့ဆိုတာ နားတွေလဲ အူ၊ ခေါချေးတွေလဲ ပြန်၊ လက်ဖျားခြေဖျားတွေလဲ အေးကြလို့ပေါ့။ ခေါင်းထဲနဲ့ ကိုယ်တွေပေါ်မှာလဲ ဖုံတွေသဲတွေ အလိမ်းလိမ်းနဲ့ပေါ့။ ရေငတ်ပေမယ့် ရေကို ဘယ်သူက ထွက်ယူရဲပါ့မလဲ။ အဲ…ည မိုးနည်းနည်းမှောင်လာတဲ့အခါမှာတော့ အမြောက်သံတွေလဲ စဲသွားပါပြီ။ ဒါပေမယ့် စက်သေနတ်သံတွေတော့ ကြိုးကြားကြားနေရပါသေးတယ်။ သည်အချိန်မှာ လူမဲမဲကြီး ၂ ယောက် ကျင်းဝရောက်လာကြပြီး၊ သေနတ်နဲ့ချိန် အကုန်အပြင် ထွက်ခိုင်းတယ်။ ကျုပ်တို့တတွေဆိုတာ မေးခိုက်ခိုက်ရိုက်ရက်၊ လက်အုပ်ကလေးတွေ ချီပြီး မျောက်တွေလို ကုန်းထွက်ကြရတာပေါ့။ ကျုပ်တို့ မိသားစုက အင်္ဂလိပ်လိုမေးတာကို ကောင်းကောင်းဖြေနိုင်တော့ သူတို့ ကျေနပ်သွားကြတယ်။ ဘာမှ မပြုတ်ဘူး။ ဂျပန်တွေ ရှိ မရှိသာ မေးတာ။ မရှိဘူးပြောလိုက်တော့ ပြန်လှည့်သွားကြရော။ အဲသည်တော့မှပဲ ကျုပ်တို့အားလုံးလဲ သက်ပြင်းချနိုင်ကြတော့တယ်။ အဲသည်တော့မှပဲ ရေငတ်မှန်း အာခြောက်မှန်း ဆာမှန်း ပြန်သတိရကြတော့တယ်။ ဒါပေမယ့် ထမင်းတွေ ဟင်းတွေလဲ မရှိတော့ဘူး။ ထမင်းအိုးကြီးကလဲ စလောင်းဖုံး ဘယ်လွင့်သွားမှန်း မသိ။ အိုးထဲမှာ အမှိုက်တွေဖုံးလို့။ ထမင်း မမြင်ရဘူး။ ကုက္ကို ၂ ပင်က ပင်စည်တွေမှာ ဒေါက်ညှပ်စင်လုပ်ပြီး တင်ထားတဲ့ စစ်ကိုင်းသောက်ရေအိုး ၂ လုံးကလဲကျကွဲလို့။ မြေစလောင်းဖုံးတွေ ယွန်းသောက်ရေခွက်တွေလဲ ဆုံးစ မမြင်ပေါ့။ တော်သေးရဲ့။ စဥ့်အင်ဒုံကြီးတွေ မှောက်ဖုံးထားတဲ့ မြေတပိုင်းမြှုပ်ထားတဲ့ ရာဝင်အိုးကြီးတွေက မကွဲကြ အဖုံးမပွင့်ကြပေလို့။ ရေတော့ သောက်ကြရပါရဲ့။ ထမင်းဟင်းတော့ အဲသည်ည ငတ်ကြပေါ့။ တပေါ်က ဆန်အိတ်တော့ အရှိသား။ ဒါပေမယ့် သည်အချိန်မှာ ချက်စားရအောင် ဘယ့်နှယ်လုပ် မီးမွေးရဲပါ့မလဲ။ အမယ်…ကြက်တွေလဲ မသေဘူးဟဲ့။ အခုမှ သူတို့အိပ်တန်း သစ်ပင်တွေပေါ် တက်ခွင့်ရလို့ အသံထွက်သဟဲ့။ ကတွတ်ကတွတ်သံ ပြန်ကြားလာရတယ်။ လူတွေလဲ ဖုံတွေ သဲတွေနဲ့။ ရေချိုးပြီးမှ အိပ်ရာဝင်ရရင် အကောင်းသား။ ဒါပေမယ့် ထုံးစံအတိုင်း ရွာပြင်ထွက် ရေနီမြောင်းထဲဆင်း ရေချိုးကြရအောင် ဘယ်သူက ထွက်ရဲမှာလဲ။ လူသံသူသံတွေတော့ တအိမ့်တအိမ့် အော်မေးကြ ခေါ်ကြနဲ့ ဆူဆူညံညံ ကြားရပါရဲ့။ ကျုပ်တို့ လူကြီးတွေကိုလဲ မေးကြပါတယ်။ ဒါပေမယ့် အိမ်မကူးရဲပါဘူး။ ကျုပ်ဆိုတာလဲ နားအူမပျောက်၊ အကြောက်လဲ မပြေတော့ အမေတွေ အလယ်ကောင်မှာ စန်းမေတို့ စိန်မေတို့နဲ့အတူ ဖက်အိပ်ကြလို့။ အေးလေ လူကြီးတွေ ပြောနေကြသလို ရွာတွေအိမ်တွေ ဖွတ်ဖွတ်ညက်ညက်ကြေပေမယ့် ဘယ်သူ့အိမ် ဘယ်သူ့ကောက်လှိုင်းစင်မှလဲ မီးမလောင်၊ လူလဲ တယောက်မှ အထိအခိုက် မရှိဘူးဆိုတော့ အသက်ရှူသာပါသေးရဲ့ပြောရမှာပေါ့။ သို့သော်လဲ နွားတော့ ၄ ကောင်တောင် အမြောက်ဆံမှန်ပြီး သေတယ်။ နောက်တနေ့ တရွာလုံး အမဲသားပေါ်တော့တာပေါ့။ ကျုပ်တို့ကတော့ ငတ်တယ်။ တမိသားစုလုံး အမဲသားလှူထားကြသကို။ ဆိုတော့ကာ အခုမှ မေမေကြီးကြီးရဲ့ ဆရာကြင့် တန်ဖိုးကို သိကြရတော့တယ်။ ဆရာကြင်က ကျုပ်တို့နဲ့အတူ မရှိတော့ပါဘူး။ လမ်းခွဲသွားခဲ့ပြီပဲ။ ဒါပေမယ့် သတိရကြတယ်။ သည်အရှေ့တောဘက် ရွှေ့ပြောင်းခိုလှုံကြမယ်ဆိုတုန်းက ဆရာကြင်က တွက်ချက်ပြီး၊ မေမေကြီးကြီးကတဆင့် အဖွါး သတိပေးတယ်။ မြို့ရဲ့တ နွေထောင့် အရှေ့မြောက်အ က နဂါးလှည့်မသင့်ဘူး မပြောင်းကောင်းဘူးတဲ့ ဒုက္ခကြုံနိုင်တယ်၊ အန္တရာ ရှိတယ်တဲ့။ ပြောသား ဒါပေမယ့် အရှေ့တောဆို အရှေ့မြောက်အရပ်။ အဲသ အရှေ့တောမှာမှ ဆွေမျိုး ရှိတာ။ အဆွေအမျိုး ရှိတဲ့နေရာမှ မသွားရ ဘယ်သွားရမှာလဲ။ ပြီးတော့လဲ အဲသည်တုန်းက ဆ ကြင့်ဗေဒင်ကို မယုံကြဘူး သူ့မိန်းမ မေမေကြီးကြီး သူ့အနားက ခွဲမသွားစေ လို့ 'ငို့ဘဗေဒင်' ထွင်တ လို့ ထင်ကြတာ။ အဖွါး တော့ 'ငို့ဘဗေဒင်' ထင် မယ့် နားလည်ခွင့်လွှ လိုက်ခဲ့တယ်။ စစ်အတွင်း မှာက ဆရာကြင်လဲ အ နည်းတူ အလုပ်မရှိ၊ ဝင် မရှိဘူး မဟုတ်လား။ အဲ သည်တော့ အားနာတာ ပါ၊ ရှက်တာလဲ ပါကောင်း ပါမယ်ပေါ့။ ပြီးတော့ တခြား သားမက်တွေနဲ့မတူ နှုတ်ခ မွေးကြီးတကားကား ကြီး တောင့်ကြီးမားနဲ့ ယောက္ခမ ထမီနားလဲ ခိုမစားလိုဘူးထင် ပါရဲ့ပေါ့။ ဝင်မပါဘူး။ လက် ပိုက်ကြည့်နေလိုက်တယ်။ မခွဲဘူး။ မဆွဲဘူး။ နော သားမက်နဲ့ယောက္ခမ အသက် ချင်းကလဲ မတိမ်းမယိမ်းကို ကျုပ်တို့မေမေကြီးကြီးကလဲ လင့်ရဲ့မယားကြီးနဲ့ သားတွေ ရှိရာအရပ်ကို မျက်နှာငယ်နဲ့ ဘယ်လိုက်နေချင်ပါ့မလဲ အမေနဲ့ကလဲ ဘယ်တုန်းက ခွဲနေခဲ့ဖူးတာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ကာ ကွဲကြလေသတည်းပေါ့။ နိမိတ်ကောက်ရရင် ဗဟိုတိုက်ကြီးရဲ့ဘယ်တောင်ပံ မြောက်ဖက်ခြမ်းက အိမ်ထောင်ရေးကံဇာတာ ညံ့တယ်လို့ပဲ ဆိုရတော့မယ်။ ကျုပ်ရဲ့မွေးတဲ့အမေလေးမေမေရော၊ အခု မေမေကြီးကြီးရော အိမ်ထောင်တွေပျက်ခဲ့ကြရတယ်။ ညာတောင်ပံ တောင်ညာစံဒေဝီမဟေသီတွေရဲ့ သားမက်တွေကတော့ မဆိုးကြဘူး။ တာဝန်မပျက် ထင်းခွဲရေခတ်နေ့စဉ်လုပ်ကြတဲ့အပြင် ဦးလေးကြည်ဝင်းက ခြံရဲ့အရှေ့တောင်ထောင့် ဆပ်သွားဖူးရုံတွေနားမှာ အားတဲ့အချိန် တောင်ယာစိုက်ခင်းလုပ်တယ်။ ပေါက်ပြားတလက်နဲ့ ခရမ်းချဉ် ကြက်သွန်မိတ် နံနံပင် စသည်စိုက်တယ်။ ရေနီမြောင်းကရေကို ထမ်းလောင်းတယ်။ ပြီးတော့လဲ ဘိုမေမေ့ကို ချစ်တာကြောက်တာလားမသိ။ သူတို့အဝတ် သူအကုန်လျှော်တယ်။ ဦးဦးစံရကတော့ ရွှေဒင်္ဂါးကြက် ၁၀ ကောင်ကို မွေးထားပြီး ကြက်ဥ ၄-၅-၆ လုံးလောက် နေ့စဉ် ထောက်တယ်လေ။ ကျုပ်တို့ကလေးတွေနဲ့အတူလဲ 'စွန်'ခြောက်တာပေါ့။ ကျုပ်တို့ကလေးတွေနဲ့ကတော့ တကယ့်သူငယ်ချင်းပဲ။ ရှာရိုးကိုးပေါက် လျှောက်လည်တယ်။ ခြုံတွေ့ရင် ယုန်ဖမ်းတယ်။ ရေနီမြောင်း ကမ်းတလျှောက်က ခေါင်းဖုက်ထားရင် ကိုယ်လုံတယ်ထင်ပြီး ကမ်းစပ်ရွှံ့ထဲ ခေါင်းထိုးပြီး ငြိမ်နေတတ်တဲ့ ငါးရံ့ခေါင်းတိုကလေးတွေကို လက်နဲ့အသာလိုက်ဖမ်းတယ်။ ဦးဦးစံရက ငါး ၅ ကောင်ရရင် ပြန်တယ်။ ပြီးကြီးဒေါ်မို့အိမ်ဆိုင်မှာ ထမင်းခြောက်မရွေးနဲ့ လဲစားကြတယ်။ ရတောင့်ရခဲ ယုန်မိရင်တော့ ကျုပ်တို့တယောက်ကို ထညက်ချောင်း ၁၀ ချောင်းစီပေးမယ်ပြောတာပဲ။ ဒါပေမယ့် တခါမှတော့ ယုန်မမိဖူးလို့ ထညက်ချောင်းလဲ မစားရဖူးပါဘူး။ သည်ကောင်ယုန်တွေက လွတ်လျှင်တယ်။ ငါးရံ့ခေါင်းတို လျှင်တယ်ဆိုတာ သည်ငယုန်တွေ အိပ်နေသလောက်ရှိတယ်။ ဦးဦးစံရနဲ့ ပေါင်းရတာက ကျုပ်တို့တတွေ ပျော်လဲပျော်ရတယ်။ စားလဲစားရတယ်။ ပညာလဲ တတ်တယ်။ ဒါပေမယ့် အဖွါးကတော့ အားလုံးကို ထိုင်ခိုင်းထားပြီး ပြောတယ်။ သည်အရှေ့တောမှာနေရတာ စားဖို့မပူရပေမယ့် အန္တရာယ်များတယ်တဲ့။ တခါတည်းနဲ့ သေလုမျောပါး ခံလိုက်ရတဲ့ စစ်ကြောင်းဒဏ်ကို သင်ခန်းစာယူပြီး၊ နောက်တခါ/ဒါမျိုးမဟုတ်/သည့်ထက်ဆိုးတာမျိုးနဲ့ ကြုံလာရင် ဘယ့်နှယ်လုပ်မလဲတဲ့။ ခုနေရတာက ရင်တမမနဲ့ ကိုယ့်ခေါင်းကိုယ် ဘီးစမ်းသလို စမ်းကြည့်နေရတဲ့ဘဝတဲ့။ ခေါင်းနဲ့ကိုယ် တဆက်တည်းရှိနေတုန်းပါလားပေါ့။ အမှန်တော့ 'သူခိုးပြေးမှ ထိုးကွင်းထ' 'မိုးလွန်မှထွန်ချ' အခုမှ ဆရာကြင့် နဂါးလှည့်ဟောကိန်းက ခြောက်လှန့်တော့တာလေ။ သည်တော့

အပေါ်ထပ်
ဘုရားစင်နားက
ခေါင်းရင်းနံရံမှာ
အခန့်သား
ချိတ်ထားတဲ့
အဖိုးရဲ့ဓာတ်ပုံက
ရယ်ရတယ်
ကာကီ
ရှပ်အင်းကျီ
လက်တိုနဲ့
ပခုံးဒေါက်
၂ ဖက်
အိတ်ကပ်
၂ လုံးနဲ့
ခရာကြိုးနဲ့
အောက်ကလဲ
ကာကီ
ဘောင်းဘီတိုနဲ့

နဂိုကမှ နယ်တကာလှည့် ကုန်သွယ်ချင်နေတဲ့ ကုန်သည် ဦးဦးစံရက အကြံပေးတယ်။ မန္တလေးတမြို့လုံးက လူတွေ အနောက်ဖက်ကမ်း စစ်ကိုင်းတောင်ရိုး ပြေးပြီး၊ ဘုရားရိပ်ကျောင်းရိပ် ခိုလှုံကြတာများတယ်။ အခုဆိုရင် တောင်ရိုးက ချောင်တွေမှာ 'စျေးချို' လို စည်ကားနေပြီတဲ့။ ပုသိမ်ကြီးမှာ တွေ့ခဲ့ရတဲ့ ဦးပဥ္စင်းတပါးဆီက ကြားလာတာတဲ့။ စစ်ကိုင်းတောင်ရိုးအောက်ဖက်က 'သရက်ပင်ဆိပ်'တို့၊ အထက်ဖက်က'ဝါးချက်' တို့ဆိုရင် စျေးတန်းကြီးတွေ ဖြစ်နေပြီတဲ့။ အောက်ပြေအောက်ရွာက ရွက်လွှင့်ဆန်တက်လာကြတဲ့ ပိန်းကောမကြီးတွေနဲ့ ကုန်ခြောက် ငခြောက် ငခြမ်းတွေဆိုတာ ဂုံနီအလိပ်ပေါင်း ထောင်သောင်းမက ရှိလိမ့်မယ်တဲ့။ သူ့အနေနဲ့လဲ အများကြီး အလုပ်ဖြစ်နိုင်တယ်တဲ့။ သည်မိသားစုကြီးကို တလှည့်သူလုပ်ကျွေးချင်တယ် တဲ့။

ဆိုတော့ကာ ဦးဦးစံရက စစ်ကိုင်းတောင်ရိုး ပြောင်းကြဖို့ စည်းရုံးမဲဆွယ်တယ်။ ရာနဲ့ချီရှိတဲ့ ချောင်တွေမှာ ထောင်နဲ့ချီရှိတဲ့ ကျောင်းကန်ဇရပ်တွေ ဓမ္မာရုံတွေလဲ ပေါပါတယ်ပေါ့။ ပထမဆုံး သူကိုယ်တိုင် ကူးသွားပြီး စုံစမ်းလေ့လာလိုက်မယ်ပေါ့။ အဆင်ပြေရင် ပြောင်းနေကြဖို့ပါ တခါတည်းစီစဉ်ဆောင်ရွက်ခဲ့မယ်ပေါ့။ သည်အချိန်မှာ ဦးလေး ကြည်ဝင်းကလဲ ဆင့်ပွါးစိတ်ကူးရပြီး အဆိုတရပ် ထပ်တင်တယ်။ အခု အင်္ဂလိပ်လဲ ပြန်ဝင်လာပြီ။ မကြာခင် တနိုင်ငံလုံး ပြန်သိမ်းနိုင်ပြီး အုပ်ချုပ်ရေးယန္တရား ပြန်စခဲ့ရင် ကျောင်းတွေလဲ မလွဲမသွေ ပြန်ဖွင့်ရမှာပဲပေါ့။ သည်တော့ အဆင်ပြေမယ့် ချောင်တချောင်မှာ သံဃာတော်တွေရဲ့အကူအညီနဲ့ ကျုပ်တို့အပါအဝင် ကျောင်းတကျောင်း စတင်ထူထောင်ဖွင့်လှစ် သင်ကြားနေရရင် မကောင်းဘူးလားပေါ့။ ဘုန်းတော်ကြီးတွေ

www.burmeseclassic.com

ဆရာလေးတွေမှာရှိတဲ့ကျောင်းသုံးပစ္စည်း ပရိဘောဂတွေကို အလှူခံမယ်ပေါ့။ နောင်အခါ တရားဝင်အစိုးရကျောင်းလဲ ဖြစ်သွားနိုင်တယ်ပေါ့။ ဦးလေး ကြည်ဝင်းက အကြောင်းပြတယ်။ ကလေးတွေ ကျောင်းနဲ့ဝေးစာနဲ့ဝေးနေရတာ ၄ နှစ်ရှိပြီတဲ့။ လူကောင်တွေကသာကြီးထွားလာကြပြီး အတန်းကလေးတွေက ငယ်နေလိမ့်မယ်တဲ့။ အတော် ကြိုးစားသင်ပြပြီး ပြန်ညှိယူရမှာတဲ့။ မှန်တယ်။ သားမက်တယောက်က စားဝတ်နေရေးအတွက် အကြံပြုတယ်။ နောက် သားမက်တယောက်က ကျုပ်တို့ရဲ့ပညာရေးအတွက် အကြံပြုတယ်။ အဖွါးကလဲ ပြုံးပြီး ပုတ်သင်ညိုလုပ်လိုက်တယ်။

ဆိုတော့ကာ သွားကြသွားကြ ပြီးတော့လဲ အောင်မြင်အောင် လုပ်ခဲ့ကြ မြန်မြန်လဲ ပြန်လာကြ မှာပြီး၊ လမ်းစရိတ်အဖြစ်'ထောင်မလဲသဲကော်ရ' ဂျပန်အစိမ်းရောင်ငွေစက္ကူတွေကို ထုတ်ပေးလိုက်တယ်။ အဖွါးပဥ္စင်းခံပေးခဲ့တဲ့ ဦးပဥ္စင်း ဦးကောသလ္လရဲ့ဇေါ်ခီချောင်မှာတည်းခိုပြီး အကူအညီတောင်းဖို့ပါစာတစောင်ရေးပေးလိုက်တယ်။ ဘာအခက်အခဲ ရှိစရာလိုမလဲ။ တပတ်တိတိသာ ကြာတယ်။ ချောချောမောမော ရွာပြန်ရောက်လာကြတယ်။ မမြင်ရ မစားရတာကြာလို့ မေ့တော့တော့ဖြစ်နေတဲ့ အဖွါးရဲ့အကြိုက်ဆုံးငသိုင်းခြမ်း ခြောက်ကြီးတွေနဲ့ဒုံးခြောက်တွေလဲ ဂျိုထည့်တဲ့

ပိတ်ဖြူအိတ်နဲ့ တလုံးအပြည့်ပါလာတယ်။ ပြီး 'သရက်ပင်ဆိပ်'အတက်နားက'မောက္ခသိဝံ' ချောင်မှာနေမယ်ဆိုရင်နေဖို့ ချောင်အုပ်ဆရာလေး ဒေါ်ခမွေသီနဲ့လဲပါးစပ်စရံသပ်ခဲ့တယ်လို့ဆိုတယ်။ ဇရပ်တဆောင်လုံးအောက်ထပ်ကိုပါ ရှင်းခဲ့တယ်တဲ့။

ဆိုတော့ကာ ဇာတ်လမ်းကို တကြိမ် လေကြောမြေကြော ရှုလိုက်ကြအုံးစို့ရဲ့။ ဆိုင်းမဆင့်ဗုံမဆင့် ဆိုသလိုဆွေအကုန် မျိုးအကုန် လိုက်နှုတ်ဆက်မနေတော့ပဲ အစုတ်ပလုတ် စုပေါင်းထုပ် ခပ်ကုပ်ကုပ် ပြောင်းလာခဲ့ကြတယ်။ သိတယ်နော်။ လှည်း ၁၆ စီးတိုက်ပစ္စည်းနဲ့ လူတကျိပ်တယောက်ဆိုတဲ့ဝန် နည်းနည်းနောနောမှ မဟုတ်ပဲ။ ပြီးတော့ စစ်ကိုင်းတံတားကြီး မရှိတော့တဲ့အခါ ဇရာဝတီမြစ်ကို ဖြတ်ကူးရတာက'ငှက်'ကလေးတွေနဲ့။ ငှားလို့ရသမျှ'ငှက်'တွေနဲ့ပဲ ကူးရတာ တနေကုန်နဲ့ မပြီးချင်ဘူး။ ရေမကျသေးတဲ့ ဇရာဝတီကလဲ ကျယ်မှကျယ်ကို။ ဦးပဥ္စင်းတွေလဲ မနေရ၊ ဆရာလေးတွေလဲ ကူပါယူပါပေါ့။ အေး နောက်ဆုံးတော့ ဆရာလေး ဒေါ်ခမွေသီရဲ့ကျေးဇူးနဲ့'မောက္ခသိဝံ'ချောင်မှာ အခြေကျကြရော ဆိုပါတော့။ အဆင်ပြေချင်တော့ သရက်ပင်ဆိပ်က အတက်မှာပါပဲ။ ကျုပ်တို့ 'မောက္ခသိဝံ'ရဲ့

တောင်ဘက်မှာ သံဃာတော်တွေသာ သီတင်းသုံးတဲ့'ခေမာသက'ချောင်ဆိုတဲ့ဇရာမတောင်ပေါ်တောင်အောက် ၂ ထပ်ချောင်ကြီးတချောင်ရှိတယ်။ တောင်ကမ်းပါးယံမှာဆောက်ထားတာဆိုတော့ မြေညီထပ်မှာကသံဃာတော်တွေရဲ့အိပ်ဆောင်နဲ့ ဆွမ်းစားဆောင် စသည်ပေါ့။ တောင်ပေါ်ထပ်မှာကတော့သိမ်တို့ ပိဋကတ်တိုက်တို့ ကမ္မဋ္ဌာန်းဆောင်တို့နဲ့တရားနာပရိသတ် ၂ ထောင်ကျော်(သို့မဟုတ်)စာဖြေသံဃာတော် အပါး ၅ ရာကျော်စာဖြေနိုင်တဲ့ မှန်စီရွှေချဇရာမ ဓမ္မာရုံကြီးရှိတယ်။ မလျှောက်ထားရပါဘူး။ ကလေးသူငယ်တွေရဲ့ ပညာသင်ကြားရေးမှာ အခက်အခဲနေရာပြဿနာ ရှိတယ်သတင်းကြားရုံနဲ့ ရှေ့ဆောင်လှုပ်ရှားနေတဲ့ ဦးလေးဦးကြည်ဝင်းနဲ့ ဆရာဦးမင်းဟန်တို့ကိုခေါ်တွေ့ပြီး၊ ဓမ္မာရုံကြီးကို ယာယီကျောင်းဖွင့်ခွင့်ပေးလိုက်တယ်။

ဆိုတော့ကာ ဝါတွင်းသီတင်းကျွတ် ကျောင်းပိတ်ရက်တွေ ကုန်တာနဲ့ တပြိုင်နက် ကျုပ်တို့တတွေ ကျောင်းသားကျောင်းသူတွေ ဖြစ်ကြပေါ့။ ဓမ္မာရုံကျောင်းကြီးကခန့်မှန်းပြောရရင် ကြက်တောင်ရိုက်ကွင်း ၆ ကွင်းစာလောက်ကို ကျယ်တယ်။ ဒါပေမယ့် အခန်းဖွဲ့ထားတာ၊ ကန့်ပြီးကာထားတာ မရှိ။ ဘာပရိဘောဂမှလဲမရှိ။ မှန်ကြည့်လို့ ရလောက်အောင်ပြောင်လက်တောက်ပနေတဲ့ လျှာထိုးကြမ်းခင်းနဲ့ ခန်းမ

ကျယ်ကြီးပေါ့။ ကျုပ်တို့စာသင်သားတွေရော၊ သင်ကြားတဲ့ဆရာ ဆရာမတွေပါကြမ်းပေါ်မှာပဲ ထိုင်ကြရတာပေါ့။ စာအုပ်လဲ ကြမ်းပေါ်မှာပဲချပြီး ဝပ်ရေးပေါ့။ နောက်မှတဖြေးဖြေးနဲ့ ဘောင်တပ်ထားတဲ့ ၃ ထပ်သားကျောင်းသင်ပုန်း ၄ ချပ် ဆေးနက်သုတ်လှူတဲ့လူပေါ်လာတယ်။ ကျောင်းသူကျောင်းသားတွေရဲ့အရည်အချင်းကိုစစ်ပြီးတော့လဲ အတန်း ၄ တန်း၊ ၄ နေရာခွဲသင်တယ်။ လုံးဝ ကျောင်းမနေဖူးတဲ့ကလေးတွေက မူကြိုဆိုပါတော့ သီးသန့်တတန်းပေါ့။ ၁+၂+၃တန်းပေါင်းက တတန်း။ ၄+၅+၆...၃တန်းပေါင်းက တတန်း။ ၇+၈...၂ တန်းပေါင်းက တတန်း။ ၉ + ၁၀...၂ တန်းပေါင်းက တတန်း။ ဆရာဦးမင်းဟန်၊ ဦးလေးဦးကြည်ဝင်း၊ ဘိုမေမေ၊ လေးမေမေနဲ့ ထွေးမေမေ ဆရာဆရာမ၅ယောက်က ၅ အုပ်စု ၅ တန်းကို ခွဲကိုင်ကြတာပဲ။ ကျုပ်ကတော့ စ မဖြစ်ခင်ကလဲ ၅ တန်း၊ အခု ပြန်နေတော့လဲ ၅ တန်းပါပဲ။ ကျောင်းဆရာမရဲ့သား အတန်းထဲမှာ စာမလိုက်နိုင်ရင် သိက္ခာကျမယ်ဆိုပြီး၊ ကျုပ်အမေ လေးမေမေက ၅ တန်းမှာပဲ စ,ထားပါတယ်။ ကျုပ်တို့ ၄+၅+၆အုပ်စုကိုလဲ လေးမေမေကပဲ ကိုင်တယ်။ အတန်းသားအချင်းချင်း အရည်အချင်းကို ယှဉ်ပြရရင် တနေ့မှာ အောင်သိန်းဆိုတဲ့ ၆ တန်းသားတယောက်က အင်္ဂလိပ်စာလုံးတလုံးကို စာလုံးပေါင်းပြီး လေးမေမေ



www.burmeseclassic.com

www.burmeseclassic.com

ကို ထမေးတယ်။ m.o.t.h.e.r 'မိုးသား' ဆိုတာ ဘာလဲ ဆရာမတဲ့ ။ တတန်းလုံး မဟုတ်ပါဘူး။ တကျောင်းလုံး ပွဲကျသွားပါတယ်။ အဲသည်ကောင် အောင်သိန်း နောင်အခါ ကြီးလာတော့ ရန်ကုန်မှာ ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီး ဦးအောင်သိန်း B.A., B.L., B.J.S. ဖြစ်တယ်။ အဲသည်တုန်းက ကျုပ်နဲ့အတူ ၅ တန်းကျောင်းသား ကြည်ညွှန့်။ နောင်အခါ ဗိုလ်မှူးကြည်ညွှန့် ဖြစ်ပြီး သာသနာရေးဝန်ကြီးဌာနဝန်ကြီးဖြစ်တယ်။ အဲသည်တုန်းက ရှုနာရှိုက်ကုန်း ထန်းပလပ်ခြောက်ကလေး ၅ တန်းကျောင်းသူ ခင်ခင်အေး။ နောင်အခါ M.B., B.S., M.D. (ob.gyn) အမေရိကားမှာ သားဖွားနဲ့မီးယပ် ဆရာဝန်မကြီး ဖြစ်တယ်။ ကျုပ်ကတော့ သိကြတဲ့အတိုင်းပါပဲ။ နောက်တစ်နှစ်မှာ နေရပ်ဇာတိ မန္တလေးကို ပြန်ရောက်လာပါတယ်။

ဆိုတော့ကာ ပြောပြစရာ ကျုပ်တို့ရဲ့ မေမေကြီးကြီးအကြောင်းပဲ ကျန်ပါတော့တယ်။ နော့ ကျုပ်တို့ မိသားစုထဲမှာ ထူးခြားပြောင်းလဲနေတာဆိုလို့ သူတယောက်သာရှိတာကို။ စစ်ရဲ့ဆိုးကျိုးဒဏ်ကိုလဲ သူတယောက် သာခံလိုက်ရတာကို။ စစ်မဖြစ်ခင်တုန်းက သူ့မှာ လင်နဲ့ သမီးတယောက်နဲ့။ အိမ်ထောင်စုံ။ လူကလဲ အကောင်းပကတိ။ ဟော... စစ်ကြီးလဲ ပြီးရော။ နေရာဟောင်း မန္တလေးအိမ်ကို ပြန်ပြောင်းကြမယ်လဲစီစဉ်ရော။ သူ့အနားမှာ သူ့ယောက်ျား မရှိတော့ဘူး။ စစ်က ခွဲပစ်လိုက်ပြီ။ အိမ်ထောင်ပျက်သွားပြီ။ သူ့အဖို့ သူ့ဆရာကြင် ဆုံးရှုံးလိုက်ရတာက ဖြေသာသေးတယ်ထား။ အဆိုးဝါးဆုံး ဆုံးရှုံးလိုက်ရတာက သူ့စက္ခုအာရုံပဲ။ သူ မျက်စိကွယ်ခဲ့ရပြီ။ သူ လုံးဝ မမြင်ရတော့ဘူး။ ဘယ်လိုဖြစ်ရတာလဲ ဆိုတော့ စစ်ကိုင်းတောင်ရိုးက လျှောင်ကြော ကျောက်တောင်တဲ့။ အောက်က ပူတာပေါ့။ သည်အထဲ သူက တအား ရှိသေကိုင်းရှိုင်းပြီး လုံးဝဖိနပ်မစီးတော့တဲ့အခါ ကျောက်ပူမိ ကျောက်ခိုးရိုက်တာ နေမှာပေါ့။ အများအားဖြင့်ကတော့ ဘုန်းကြီးကျောင်း မဟုတ် ဘုရား ပရိဝုဏ် မဟုတ်တဲ့ သီလရှင်ကျောင်းနေရာတွေမှာ စီးခွင့်ရလို့ ဖိနပ်စီးကြပါတယ်။ ကျုပ်တို့လဲ ကျောင်းသွားရင်သာ ကျောင်းဝင်းထဲမှာ မစီးကြတာပါ။ ဒါပေမယ့် မေမေကြီးကြီးက လပြည့်လကွယ်လဲ အမြဲဥပုသ်စောင့်တယ်။ မွေးနေ့ တနင်္လာသီတင်းပတ်တိုင်းလဲ ဆွမ်းပို့တယ်။ သီလဆောက်တည်တယ်။ တရားနာတယ်။ တရားထိုင်တယ်။ အဖွါးက သူ့လောက် ဘာသာတရား မကိုင်းရှိုင်းနိုင်ဘူး။ သူ့လောက်လဲ တရားစာတွေ အလွတ် မရွတ်ဖတ်နိုင်ဘူး။ ပြဿနာက အဲသည်လို အယူသန်ပြီး ဖိနပ်မစီးလို့ ဒုက္ခရောက်ရတယ်လို့လဲ ကျောက်ခိုးကျောက်ပူကို အပြစ်ပုံချလို့ မရပါဘူး။ မေမေကြီးကြီးလို လုံးဝ ဖိနပ်မစီးတဲ့ သီလရှင်

မကြာခင်ကမှ
ကျုပ်တို့ရဲ့
သမီးအငယ်ဆုံးမှာ
သူ့သားကမွေးလို့
သူ့ရဲ့မြေး
ကျုပ်တို့ရဲ့
မြစ်တယောက်
ထပ်ရတယ်
ကျုပ်သမီး
အငယ်ဆုံးက
သူ့မြေးကို
'မေခ'လို့
နာမည်ပေးသတဲ့
သူဘာမှ
မသိဘူးရယ်

တွေ လူတွေလဲ တွေ့နေရတာပဲ။ ဝဋ်နာကံနာလို့သာ လွယ်လွယ်ပြောလိုက်ကြပါစို့ရဲ့။ ပထမ ခြေဖနောင့်တွေ ခြေဖဝါးတွေ ကွဲတယ်။ အဲဒါကို ဝမ်းနတ်ဆေးသောက်ကုတယ်။ ညီမတွေက အလှူဆီ လိမ်းပေးကြတယ်။ မပျောက်ဘူး။ မသက်သာဘူး။ နောက် လမ်းမလျှောက်နိုင်တဲ့အထိ ဖြစ်လာတယ်။ နောက်တော့ ဘယ်သမားတော် ဇီဝကက ကုထုံးပြလိုက်တယ် မသိဘူး။ ကျုပ်တို့ အရှေ့တောက လယ်သူမ ကောက်စိုက်သမတွေ ခြေထောက်ရေဝဲစားလို့ ပပ်ကြားအက်ပြီး ကွဲကုန်တဲ့အခါကုကြတာမျိုး ဆေးမြီးတိုနဲ့ ဓာတ်ကြမ်းတိုက်သတဲ့။ သူ့ကုထုံးက သနပ်ခါးသွေးတဲ့ကျောက်ပြင်ကို မှောက်ပြီး၊ အိမ်သုတ်တဲ့ ရေနံချေးနဲ့ ဆားကို ဆတူရော ကြိတ်ရတယ် ဆိုပဲ။ ပြီး အဲဒါကိုမှ ပပ်ကြားအက်တွေထဲ စိမ့်ဝင်အောင် ထည့်။ ထမီစုတ်နဲ့ ပတ်တီးစည်းထားရသတဲ့။ အိုး... မေမေကြီးကြီးဆိုတာ ရေထဲက ဆယ်လိုက်တဲ့ ငါးအရှင် လတ်လတ်လို ကြမ်းပေါ်မှာ ဖျတ်ဖျတ်လူးပေါ့။ ငါးထက်ဆိုးတာက နားမခံသာအောင် အော်ဟစ်နေရတယ်။ အတန်ကြာမှ ချွေးတွေ ပြန်၊ မောပြီး ငြိမ်ကျသွားတယ်။ ဒါပေမယ့် သူ့ဓာတ်ကြမ်းတိုက်တဲ့ ဆေးမြီးတိုက မဆိုးဘူး။ ၃ ရက်လောက် ဆက်တိုက်ထည့်လိုက်တာ နည်းနည်းသက်သာလာတယ် ပြောတယ်။ ထော့ကျိုးထော့ကျိုးနဲ့ ခြေဖျားထောက်ပြီးတော့လဲ လမ်းပြန်လျှောက်လာနိုင်တယ်။ ဒါပေမယ့် ပျောက်သလား ဆိုတော့ ဟုတ်နိုးနိုးနဲ့ ငုပ်လျှိုးသွားတာနေမှာပေါ့။ အထက်ကို တက်ကနသလားလဲ မပြောတတ်ဘူး။ မျက်စိတွေ အနိုးရိုက်တယ်ထင်ရဲ့။ ကြည့်ရတာ စေးကပ်စေးကပ်နဲ့ ဝါးလာတယ်လို့လဲ ပြောတယ်။ မကြာဘူး။ တရက် အိပ်ရာက အထမှာ လုံးဝ မမြင်ရတော့ဘူးပြောပြီး အော်ငိုတာပဲ။ အင်း...ကံကွက်ကျားပြီး သူ့မှာ ရွှေဖြစ်ရှာ

www.burmeseclassic.com

တော့၊ မေမေကြီးကြီးလဲ စိတ်ပါကောင်းကောင်း မမှန်ချင်သလို ဖြစ်လာတယ်။ ခက်တာက စစ်အတွင်း ဘယ်ကဆရာဝန်နဲ့ ဘာဆေးတွေ မှီဝဲရမှာလဲ။ ငုပ်တုတ်ထိုင်ခံပေါ့။ အဲ··· အရင်က ဓမ္မစကြာတို့ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့သာ ပါဠိရော အနက်ပါ အထပ်ထပ်အခါခါ ရွတ်ဆိုနေတတ်တဲ့ မေမေကြီးကြီး အခုတော့ သူကြည့်ခဲ့ဖူးတဲ့ ဇာတ်ပွဲတွေထဲက သီချင်းတွေကိုချည့် သံနေသံထားနဲ့ ပြန်ဆိုနေတော့တာပါပဲ။ ရူးတော့ မရူးပါဘူး။ ကျန်တာ အားလုံး ပုံမှန်ပါပဲ။ ကျုပ်အဖို့ကတော့ ရန်ကုန်တက္ကသိုလ်ရောက်ရလို့ ခွဲလာခဲ့ရတဲ့အချိန်အထိ ဒုတ်ဆွဲ တွဲပို့တွဲခေါ်နဲ့ သူ့ဆေး ပြင်းလိပ်မီး ခဏခဏ ညှိပေးခဲ့ရကျိုးနပ်ပါတယ်။ ဘယ်မှာမှ ဝယ်လို့မရနိုင်တဲ့ ရှေးဇာတ်သီချင်း ပေါင်းချုပ်စာအုပ်ကြီး အပိုင်ရထားလိုက်သလိုပါပဲ။ အရှုံးထဲက အမြတ်ပြောပါတော့။

ဆိုတော့ကာ ဇာတ်လမ်းကို ချုပ်ရရင် မေမေကြီးကြီးလဲ အခုတော့ ဘယ်ရှိတော့မှာလဲ။ မေမေကြီးကြီး မပြောပါနဲ့။ ကျုပ်အဖွါးရဲ့ မျိုးဆက် သမီး ၅ ယောက် အိမ်ရှေ့မေမေ၊ လေးမေမေ၊ ဘိုမေမေ၊ ထွေးမေမေတယောက်မှ မရှိကြတော့ပါဘူး။ ကျုပ်တို့နို့စို့ဖက် မောင်နှမ ၃ ယောက်ထဲကတောင် အငယ်ဆုံး 'စိန်မေ'ဆုံးနှင့်ပြီ။ သည်ကနေ့ထက်တိုင် အသက်နဲ့ကိုယ် မြဲနေကြသေးတဲ့ ကျန်မောင်နှမ ၂ ယောက်ကတော့ မောင်တရွာမယ်တမြို့ ကျန်းခန့်သာလို့ ချမ်းသာစွာရှိကြပေါ့။ ကျုပ်က america တောင်ပိုင်း၊ nevada သဲကန္တာရထဲက Las vegas မြို့မှာ။ ကျုပ်နဲ့ နို့စို့ဖက်လဲဖြစ်၊ ကျုပ်ကို ရှင်ပြု သင်္ကန်းဝတ်ပေးတော့ အလှူမင်္ဂလာ တပွဲတည်းမှာ နားထွင်းခဲ့တဲ့ မောင်နှမရင်းလဲဖြစ်ခဲ့တဲ့ 'စန်းမေ'ကတော့ အခု america မြောက်ပိုင်းနှင်းလွှင်ပြင်ထဲက new york မြို့မှာ ရှိလေရဲ့။ လက်ဖျားလဲ မခါနဲ့။ အံ့လဲ မအံ့ဩနဲ့နော်။ ကျုပ်က လေးမေမေက မွေးတာ။ 'စန်းမေ'က မေမေကြီးကြီးက မွေးတာ။ ညီအမအရင်းက မွေးတဲ့ မောင်နှမ တဝမ်းကွဲတော်ကြပေမယ့် ကျုပ်တို့သူကောင်းမျိုးရိုးအရ အရွယ်ရောက်လာကြတော့ နှစ်ဦးသဘောတူ လက်ထပ်ပေါင်းသင်းခဲ့ကြတယ်။ ချစ်ခင်ကြင်နာစွာပဲ သားသမီး '၈'ယောက် ထွန်းကားခဲ့တယ်။ အခုဆိုရင် ကျုပ်တို့မှာ မြေး '၁၇'ယောက်နဲ့ မြစ် '၃' ယောက်ရနေကြပြီ။ ဒါတောင် ကျုပ်တို့ရဲ့ သားသမီး '၈' ယောက်ထဲမှာ ဘိုမေမေနဲ့တူတဲ့ သမီးတယောက်နဲ့ ထွေးမေမေနဲ့တူတဲ့ သားတယောက်ပါနေလို့။ တူတာတွေတော့ မပြောနဲ့လေ။ မကြာခင်ကမှ ကျုပ်တို့ရဲ့ သမီးအငယ်ဆုံးမှာ သူ့သားကမွေးလို့ သူ့ရဲ့မြေး၊ ကျုပ်တို့ရဲ့မြစ်တယောက် ထပ်ရတယ်။ ကျုပ်သမီးအငယ်ဆုံးက သူ့မြေးကို 'မေခ'လို့ နာမည်ပေးသတဲ့။ သူဘာမှ မသိဘူးရယ်။ ကျုပ်ကိုလဲ မမေးမြန်း မတိုင်ပင်ဘူး။ အဲသည် 'မေခ'ဆိုတဲ့ နာမည်က သူ မမှီလိုက်တဲ့၊ မြင်လဲမမြင်ဖူးလိုက်တဲ့၊ သူ့ရဲ့ အဖွါးအေ အကြီးဆုံး မေမေကြီးကြီးရဲ့ ငယ်နာမည်။ ■

**မောင်သာရ**


BURMESE CLASSIC .com

# ဒီအသက်ပိုင်းကာလထဲ သင်ပါနေပါသလား?

| | |
|---|---|
| တနင်္ဂနွေဖွား | ( အသက် ၃၀ မှ ၄၆ )နှစ် အတွင်း |
| တနင်္လာဖွား | ( အသက် ၄၁ မှ ၅၀ )နှစ် အတွင်း |
| အင်္ဂါနေ့ဖွား | ( အသက် ၃၆ မှ ၅၄ )နှစ် အတွင်း |
| ဗုဒ္ဓဟူးဖွား | ( အသက် ၄၇ မှ ၅၈ )နှစ် အတွင်း |
| ကြာသပတေးဖွား | ( အသက် ၅၃ မှ ၅၈ )နှစ် အတွင်း |
| သောကြာဖွား | ( အသက် ၄၃ မှ ၅၀ )နှစ် အတွင်း |
| စနေဖွား | ( အသက် ၄၂ မှ ၆၂ )နှစ် အတွင်း |
| ရာဟုဖွား | ( အသက် ၄၀ မှ ၅၄ )နှစ် အတွင်း |

ဤကာလအသက်ပိုင်းတွင် ဖြတ်သန်းနေသူများအတွက်

- အိမ်ထောင်ရေးရန်ပွားစကားများ၊အပြိုင်အရှုပ်ကိစ္စပေါ်ခြင်း၊ ခွဲခွာ၊ကွဲကွာရခြင်း။
- လက်ရှိနေထိုင်ရာအိုးအိမ်ရွှေ့ပြောင်း၊အလုပ်ကိုင်ပျက်ပြားဆုံးရှုံးရပ်နားမှုကြုံခြင်း စီးပွားကျခြင်း၊ငွေလိမ်လုလိမ်ခံရခြင်း။
- မိမိကိုယ်တိုင်ဖြစ်စေ၊ချစ်ခင်သံယောဇဉ်ရှိသူတစ်ဦးဦးဖြစ်စေ ဆေးရုံရောက်၊ အရေးပေါ်ခွဲစိတ်ကုသခံရခြင်း၊အသက်အန္တရာယ်ကြုံခြင်း။
- မိမိကိုယ်တိုင်ဖြစ်စေ၊ချစ်ခင်သံယောဇဉ်ရှိသူတစ်ဦးဦးဖြစ်စေ အမှုအခင်းရုံးရောက် ဂါတ်ရောက်ကြုံရခြင်း၊သဘာဝဘေး၊မတော်တဆထိခိုက်မှုဘေးကြုံရခြင်း။

ဤအချက်(၄)ချက်ထဲမှ အနည်းဆုံး(၂)ချက်ခန့်ကြုံတတ်၍ဂရုစိုက်ပြီး ကြိုတင်ကာကွယ်နိုင်စေရန်

**ဆရာမထက်နွေးစန္ဒီ** LL.B, LL.M, DBL, DML

အချိုးညီမီးသီးသင့် ဗေဒင်ယတြာဆောင်ယောင်း

တိုက်(၄၀)၊ (G-2)၊ ဦးဝိစာရလမ်း၊၄၁ - တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံ။

ဖုန်း – ၀၉၅၁၆၄၃၂၆၊ ၀၉ ၇၃၁၀၆၁၈၀၊ ၀၉ ၄၃၀၉၄၈၀၆




www.burmeseclassic.com